http://www.cherrythitsar.org



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

---

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်။

## ပြည်သူ့သဘောထား

- ☐ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

- ☐ ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

http://www.cherrythitsar.org


♦ စာမူကြိုတင်ခွင့်ပြုချက်အမှတ် – ၅၆၇/၉၈(၁၀)

♦ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – က

♦ မျက်နှာဖုံးပုံနှိပ်သူ – ဒေါ်တင်တင်ဌေး (၀၄၆၈၁)
ပန်းကြာခိုင်ပုံနှိပ်တိုက်
အမှတ်–၅၃၇၊ စက်မှုဇုံ–၂
ဒဂုံမြို့သစ်တောင်ပိုင်း၊
ရန်ကုန်မြို့။

♦ အတွင်းပုံနှိပ်သူ – ဒေါ်အေးမြင့်
စိန်ပွင့်ပုံနှိပ်တိုက်
အမှတ် – ၂၇၁၊ လမ်း–၄၀၊
ရန်ကုန်မြို့။

♦ ထုတ်ဝေသူ – ဦးသန်းဆွေ (၀၁၄၇၃)
စစ်သည်တော်စာပေ၊
၁၁၃၁–က၊ ဥယျာဉ်လမ်း၊
၁၉–ရပ်ကွက်၊ ဒဂုံမြို့သစ်
တောင်ပိုင်း၊ ရန်ကုန်မြို့။

♦ ပုံနှိပ်ခြင်း – (၁၄) ကြိမ်
အုပ်ရေ (၁၀၀၀)

♦ ထုတ်ဝေခြင်း – ၂၀၀၀၊ နိုဝင်ဘာလ

♦ တန်ဖိုး – ကျပ်

♦ ဖြန့်ချိရေး – **ထိုမျိုး (ပန်းကြာခိုင်)**
**ရွှေပဒုမ္မာစာပေ**
၁၅၈–က၊ မြေညီထပ်၊
၃၇–လမ်း၊ ရန်ကုန်မြို့။

♦ အထက်မြန်မာပြည်ဖြန့်ချိရေး – **နဂါးစာပေ** (မန္တလေး)

♦ စီစဉ်သူ – ကိုကိုအောင်

၁၉၆၀ ပြည့်နှစ်၊ စာပေဗိမာန်ဆုရ

# အရိုင်းစံပယ်

အောင်လင်း

# အရိုင်းစံပယ်

## (၁)

မ,ကို မေ့၍ မုန်းရမည်လား။

မ,ကို မွန်မြတ်သော မေတ္တာဖြင့် မျှော်လင့်တသနေရမည်လား။ ဤနှစ်လမ်းကို ယခုတိုင် မှန်းဆဝေခွဲ၍ မရသေးချေ။

ပြန်တွေးလျှင် မ,နှင့်တွေ့ရပုံကား ဆန်းကြယ်လှသည်။ မ,ဟူသောနာမည်ကို ကြားရရုံမျှဖြင့် စိတ်ထဲတွင် ဆန်းနေသည်။ ပညတ်သွားရာ ဓာတ်သက်ပါသည်ဆိုသော စကားအရ မ,ဟူ၍ ပညတ်ထားသော အမည်နာမနောက်ဆွယ်တွင် အဘယ်ဓာတ်သက်များ ပါလေမည်နည်းဟူ၍ကား ကိုဘခက်အဖို့ စဉ်းစားရခက်ချေသည်။

မ,သည် မိုးပေါက်ကဲ့သို့ အေးမြစေသလော။

သို့တည်းမဟုတ် မီးကဲ့သို့ ပူလောင်စေသလော။ မ,ကို အကဲခတ်ရသည်မှာ မိုးကဲလေကဲထက်ပင် ခက်လှပေသည်။

မ,ကို တွေ့စကမူ မွန်မြတ်သောစိတ်ထားရှိသူတစ်ယောက်၊ မေတ္တာတရားကြီးမားသူတစ်ယောက်ဟု ယုံကြည်ခဲ့ရသည်။

မ,၏မျက်နှာကို ကြည့်လိုက်ရလျှင် မာယင့်မှု အငုံအဖူးကလေးများကို ကြည့်လိုက်ရသလို စိတ်ကို ကြည်လင်နူးညံ့စေ၏။

မ,၏မျက်နှာသည် ကြည့်လိုက်တိုင်း မပွင့်တပွင့်သဏ္ဍာန်ကိုသာ တွေ့ရသည်။ မျက်နှာကိုမြင်ရုံမျှဖြင့် အတွင်းစိတ်ကို အကဲမခတ်နိုင်ချေ။ သို့ပေမယ့် မ,သည် ရိုးသားသူတစ်ယောက်၊ သိမ်မွေ့သူတစ်ယောက်၊ အပြစ်ကင်းစင်သူတစ်ယောက်ဟူ၍ကား ခဏမြင်ရုံမျှဖြင့် အကဲခတ်နိုင်ပေသည်။

ထိုမှတစ်ဆင့်တက်၍ မ,၏အတွင်းစိတ်ကို အကဲခတ်၍ မရနိုင်ချေ။ အပေါ်ယံအားဖြင့် သိမ်မွေ့နူးညံ့သော်လည်း မ,၏ အတွင်းစိတ်

သည် ကျောက်စာတိုင်ကဲ့သို့ ပကတိ မယိမ်းမယိုင် မာကျောခိုင်မာသူ တစ်ယောက်ပေလော၊ သို့တည်းမဟုတ် လေသိမ်းတိုင်း က,တတ်သည့် ပန်းအလှလေးကဲ့သို့ လှုပ်ရှားတတ်သူလောဟူ၍ကား ဆုံးဖြတ်၍ မရ နိုင်ချေ။

ထို့ကြောင့်လည်း ကိုဘခက်အဖို့ မ,ကိုတွေ့ခဲ့ရသည့်နောက်ပိုင်း တွင် ပဟေဠိတစ်ခုကို အဖြေရှာရသလို ချာချာလည်ခဲ့ရလေသည်။

သို့ ချာချာလည်ခဲ့သည့်တိုင်အောင် မ,၏အပေါ်မှ တစ်ဖဝါး မခွာနိုင်ခဲ့ချေ။

မ,သည် သူမျှော်လင့်သလို မာန်မာနကင်းမဲ့သူတစ်ယောက် ဖြစ် ပါစေဟူ၍သာ အကြိမ်ကြိမ် ဆုတောင်းခဲ့ရလေသည်။

အမှန်တော့လည်း မ,၏မေတ္တာကို မျှော်လင့်စောင့်စားခဲ့သည် မှာ နွေလတွင် ပူလောင်သော ကန္တာရထဲမှ မိုးရေကို မျှော်လင့်တောင့်တ ရသလို ရှိလေတော့သည်တကား။

●

(၂)

ကိုဘခက်သည် တစ်ခုတည်းသော အနုပညာယုံကြည်ချက်ဖြင့် တယောကိုပိုက်ကာ ရန်ကုန်သို့ဆင်းခဲ့သူ ဖြစ်သည်။

ဂီတသုခုမအဖွဲ့ချုပ်ကြီးမှ ကြီးမှူးကျင်းပသော ဂီတပြိုင်ပွဲကြီး ကိုလည်း ဝင်ရောက်ဆင်နွှဲရန် အားခဲလာသူဖြစ်သည်။ ကိုဘခက်သည် ပြိုင်ပွဲမကျင်းပမီ တစ်ပတ်လောက်စော၍ ရန်ကုန်သို့ ရောက်ခဲ့သည်။ ရန်ကုန်၌ သူ့အတွက် ခြေချစရာမရှိချေ။

ပြိုင်ပွဲတာဝန်ခံ လူကြီးတစ်ယောက်၏အိမ်တွင် ကပ်၍ နေခဲ့ရ သည်။ ပြိုင်ပွဲ မကျင်းပမီ ရက်များတွင် ကိုဘခက်သည် တယောနှင့် လက်ကို မပြတ်မခံဘဲ လေ့ကျင့်ခဲ့သည်။ သူ၏ ဖွဲ့နှင့်စွမ်းရည်ကို သည်ပွဲ တွင် မှတ်ကျောက်တင်ရတော့မည်ဟု အားခဲခဲ့သည်။ အားခဲထားသည့်

http://www.cherrythitsar.org



အတိုင်းလည်း ပြိုင်ပွဲတွင် ရဲဝံ့သောသတ္တိဖြင့် ယှဉ်ပြိုင်ခဲ့လေသည်။ သို့သော် မှန်းချက်နှင့် နှမ်းထွက်ကား အကွာကြီးကွာလှပေသည်။ ဝင်ရောက်ယှဉ်ပြိုင်သော ဘာသာသုံးရပ်တွင် ကိုဘခက်သည် တစ်ခုမျှပင် နံပါတ်မချိတ်နိုင်ခဲ့ပေ။

အနုပညာကို ဘယ်အရာဖြင့်တိုင်းတာဆုံးဖြတ်ကြသည်ကို စဉ်းစား၍ မရနိုင်အောင် ရှိလေသည်။ အနုပညာကို ဆုံးဖြတ်ရာ၌ လူပုဂ္ဂိုလ်သံယောဇဉ်ကို မူတည်၍ ဆုံးဖြတ်ကြသလော၊ ဂုဏ်နေကို လိုက်၍ ဆုံးဖြတ်ကြသလော၊ ဂုဏ်အရှိန်အဝါမြင့်ရာကို လိုက်၍ ဆုံးဖြတ်ကြသလော သူ့စိတ်ထဲတွင်ကား ဝေခွဲ၍မရနိုင်အောင် ရှိတော့သည်။

စန္ဒရားတွင် ပထမရသူသည် သူ၏နာမည်ကို ကြေညာစဉ်ကပင် နောက်ဆွယ်မှ ဘွဲ့ထူးစာလုံးများ မဆီမဆိုင် ထည့်သွင်း ကြေညာခဲ့လေသည်။

'စန္ဒရားပြိုင်ပွဲမှာ ပထမရရှိသူကတော့ ပရိသတ်များ သိပြီးဖြစ်ကြတဲ့ တက္ကသိုလ်မြမြကြည်(ဘီအေ) ပါပဲ ခင်ဗျာ. . . '

ပြိုင်ပွဲခန်းမတစ်ခုလုံးတွင် ဩဘာသံများသည်နားကွဲလုမတတ် ဆူညံ၍လာသည်။ ကိုဘခက်သည် အံကို တင်းတင်းကြီး ကြိတ်ထားလိုက်သည်။

'အများသိပြီးဖြစ်တဲ့ တက္ကသိုလ်မြမြကြည် (ဘီအေ)'

ကိုဘခက်စိတ်ထဲတွင် ဤနာမဝိသေသနများ ဘာကြောင့်ထည့်သွင်းကြေညာရသည်ကို စဉ်းစား၍ မရအောင် ရှိတော့သည်။

အခမ်းအနားမှူးက အနိုင်ရရှိသူများ၏နာမည်ကို ဆက်၍ ကြေညာပြန်သည်။

'စောင်းပြိုင်ပွဲမှာ ပထမရသူကတော့ ဂီတတံခွန် ကိုအောင်ဌေးပါပဲ'

ကိုဘခက်သည် ဆုယူသူကို ငေး၍ကြည့်နေမိသည်။ အမှန်၌ ဂီတတံခွန် ကိုအောင်ဌေးသည် စောင်းကို ကြိုးလွတ်အောင်ပင် တီးနိုင်သူ မဟုတ်ချေ။

ဤသို့ စောင်းပညာအရာတွင် နုနယ်လှသေးသူတစ်ယောက်က ပထမရသည်မှာ . . . ကိုဘခက်သည် လက်ထဲမှတယောကို ခပ်တင်းတင်း ဆုပ်ထားလိုက်မိသည်။

'တယော ပထမရသူကတော့ ကိုဖေသန်းမောင်ပါပဲ ခင်ဗျာ'

ကိုဘခက်သည် ပို၍ အံ့ဩမိပြန်သည်။ ခုတစ်ကြိမ်တွင် သူ့စိတ်ထဲ၌ ခံပြင်းလာသည်။ မကျေချမ်းနိုင်အောင် ရှိတော့သည်။ ဤအကဲဖြတ်လူကြီးမင်းတို့သည် ဂီတအနုပညာကို အဘယ်အရာဖြင့် တိုင်းတာဆုံးဖြတ်ကြသည်ကို နားမလည်နိုင်အောင် ရှိတော့သည်။ ဘေးမှတီးတိုးပြောသော စကားသံများသည် သူ၏ဒေါသစိတ်ကို ပို၍ ပြင်းထန်စေတော့သည်။

'ရှင်းနေပါတယ်ကွာ၊ စောင်းပထမရတဲ့လူက ဦးချမ်းမြရဲ့တပည့်ကွာ၊ စန္ဒရားပထမရတဲ့ တက္ကသိုလ်မြမြကြည်က ဒေါ်မြသန်းကြည်ရဲ့တပည့်၊ တယောရတဲ့ကောင်က ဒေါ်မြသန်းကြည်ရဲ့ယောက်ျား ကိုမှင်ရဲ့တပည့်၊ သူတို့လူ သူတို့ပေးတာပဲ'

ကိုဘခက်သည် နေရာမှထလိုက်သည်။ သူ့တစ်ကိုယ်လုံးသည် ဒေါသစိတ်ဖြင့် တဆတ်ဆတ် တုန်၍နေသည်။ ဘေးမှလူများက သူ့ကို ဝိုင်း၍ကြည့်ကြသည်။ ကိုဘခက်သည် လက်တစ်ဖက်မှ တယောဘိုးတံကိုကိုင်၍ တစ်ဖက်မှ တယောကို ကိုင်ထားရင်းက ဒေါသဖြင့် အော်၍ပြောလိုက်သည်။

'ဒီမှာခင်ဗျာ. . . ကျွန်တော် စကားနည်းနည်းပြောချင်ပါတယ်၊ ကျွန်တော်ဟာ ဒီ ဂီတပညာကို ချစ်လို့မြတ်နိုးလို့ ရန်ကုန်နဲ့ မိုင်ပေါင်းနှစ်ရာနီးပါးဝေးတဲ့ခရီးက လာရောက်ယှဉ်ပြိုင်ခဲ့တဲ့ အညတြတစ်ယောက်ပါ။ ကျွန်တော် ယှဉ်ပြိုင်ခဲ့တဲ့ စောင်း၊ တယော၊ စန္ဒရား သုံးမျိုးစလုံးမှာ ကျွန်တော့်ရဲ့ပညာကို အကဲဖြတ်လို့ ရနိုင်ပါတယ်၊ ကျွန်တော်နားလည်ခဲ့တဲ့ ဂီတအနုပညာဆိုတာ ပုဂ္ဂိုလ်သံယောဇဉ်လည်း မပါပါဘူး။ မဆိုင်တဲ့ဂုဏ်ဒြပ် ဘွဲ့ထူးတွေလည်းမပါပါဘူး၊ ဂီတပညာဆိုတာ ကလေးများ စာကျက်သလို ကျက်လို့ရတာမျိုးလည်း မဟုတ်ပါဘူး၊ သင်ရိုးဦးနှောက်နဲ့ မှတ်ရပါတယ်၊ လက်နဲ့ လေ့ကျင့်ရပါတယ်၊ ဒါပေမယ့် နှလုံးသားကရိုက်ခတ်လာတဲ့ အသိအရ နားထောင်သူတွေကို ခံစားချက်တစ်ခုခုရအောင် တီးနိုင်တာဟာ ဂီတပညာပါပဲ၊ စည်းဝါးမှင်မောင်းကို လှအောင် မတီးတတ်ဘဲ၊ အတွဲအဖက် ဒရန်ဒွန့်ကို မှန်အောင်မတီးနိုင်ဘဲ အကဲဖြတ်လူကြီးများက အနိုင်ပေးပြီး ဆုံးဖြတ်တာဟာ ဂီတကို ဆုံးဖြတ်တယ်လို့ ကျွန်တော် လုံးဝ မယုံကြည်ပါဘူး၊ ပုဂ္ဂိုလ် သံယော

http://www.cherrythitsar.org



ဇဉ် လိုက်ပြီး ဆုံးဖြတ်တာ ဖြစ်ချင်ဖြစ်မယ်၊ ဂိုဏ်းဂဏအရ လိုက်ပြီး ဆုံးဖြတ်တာ ဖြစ်ချင်ဖြစ်မယ်၊ ဂုဏ်အရှိန်အဝါကို လိုက်ပြီး ဆုံးဖြတ်တာ ဖြစ်ချင်ဖြစ်မယ်၊ ဒီလို ဂီတပညာကို အလွဲသုံးစားလုပ်တဲ့ ပြိုင်ပွဲကို ဝင်ခဲ့မိတာဟာ ကျွန်တော်ရဲ့ အမှားပဲ၊ ဒီလို ပြိုင်ပွဲမျိုးတွေ ကြီးစိုးနေသမျှ ကျွန်တော်ဟာ တစ်သက်နဲ့တစ်ကိုယ် ပြိုင်ပွဲ မဝင်တော့ပါဘူးလို့ ပရိသတ်ရှေ့မှာ ကြေညာပါတယ်'

ပြိုင်ပွဲခန်းမတစ်ခုလုံးသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။ အကဲဖြတ် လူကြီးများသည် ပြူးကြောင်ကြောင်ဖြင့် ကိုဘခက်အား ဝိုင်း၍ ကြည့်ကြသည်။ ကိုဘခက်ကမူ စကားဆုံးသည်နှင့် တစ်ပြိုင်နက် တယောကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်၍ စင်မြင့်အစွန်းတွင်တင်၍ ရိုက်ခွဲလိုက်သည်။ ပြီးမှ ပြိုင်ပွဲခန်းမအတွင်းမှ တစ်လှမ်းချင်း ထွက်ခဲ့လေသည်။

ကိုဘခက်သည် ဒေါသစိတ်ဖြင့် ဦးတည်ရာမရှိထွက်လာခဲ့သည်။ သူ့အဖို့ သွားစရာနေရာမရှိ၊ တည်းအိမ်သို့ပြန်ရန်လည်း မျက်နှာမပြရဲတော့ချေ။

ကိုဘခက်သည် ခေါင်းငိုက်စိုက်ဖြင့် လျှောက်၍ လာမိသည်။ ထိုအတွင်း ကားတစ်စီးသည် သူ့နောက်မှ ကပ်၍ရပ်လိုက်သည်။ ကိုဘခက်သည် ရုတ်တရက်လှည့်၍ကြည့်လိုက်မိသည်။ ကားပေါ်မှလူကြီး၏ မျက်နှာကို မြင်လိုက်ရသောအခါ သူ့မျက်နှာသည် အလိုလိုတင်းမာ၍ လာသည်။

စောစောကတွေ့ခဲ့သော အကဲဖြတ်လူကြီးများထဲမှ မြင်ခဲ့ရသော မျက်နှာကို ကောင်းကောင်းမှတ်မိလိုက်သည်။

ကားတွင်းမှ အသက်လေးဆယ်ကျော် ငါးဆယ်ခန့် လူကြီးတစ်ယောက်သည် ပြုံးချိုသောမျက်နှာဖြင့် သူ့အနားသို့ ရောက်၍လာသည်။

ကိုဘခက်သည် ထိုလူကြီးမျက်နှာကိုပင် ကြာကြာ မကြည့်နိုင်တော့ချေ။ မကျေချမ်းသော စိတ်ဖြင့် မျက်နှာကိုလွှဲ၍ ဆက်၍ လျှောက်ခဲ့လေသည်။

'ဟော့. . . သူငယ်၊ နေပါဦး ခဏ၊ ဦး စကားနည်းနည်း ပြောပါရစေ'

http://www.cherrythitsar.org


ကိုဘခက်သည် မျက်မှောင်ကိုကုတ်၍ကြည့်လိုက်သည်။ ယခုတစ်ကြိမ်တွင် ထိုလူကြီး၏မျက်နှာကိုမြင်လိုက်ရုံဖြင့် သူ၏ ဒေါသစိတ်များသည် တဖြည်းဖြည်း ပြေ၍လာလေသည်။

'မောင်ရင် အခု ဘယ်သွားမလို့လဲ'

'ဘယ်ရယ်လို့ မဟုတ်ပါဘူး၊ ခြေထောက်က မညောင်းမချင်း လျှောက်သွားနေရမှာပဲ'

လူကြီးသည် သူ့အား အံ့သြဟန်ဖြင့် ငေးမော ကြည့်နေလိုက်သည်။

'ဟင်. . . ဒါဖြင့် နေတော့ကော ဘယ်မှာနေသလဲ'

'ကျွန်တော့်မှာ နေစရာအိမ် မရှိပါဘူး'

'ဟင်. . . နေစရာမရှိဘဲ ရန်ကုန်မှာ ဘယ်လိုလုပ်နေသလဲ၊ နို့. . နေပါဦး၊ မောင်က ဘယ်မြို့ကလဲ'

'မန္တလေးနဲ့ အနီးတစ်ဝိုက်မြို့ကပဲ၊ ပြိုင်ပွဲဝင်ချင်လွန်းလို့ စွန့်ပြီး လာတာ၊ ရန်ကုန်မှာ အသိလည်းမရှိဘူး၊ တည်းအိမ်လည်း မရှိဘူး၊ အရင်တော့ ပြိုင်ပွဲအတွင်းရေးမှူး ဦးဘရီအိမ်မှာ အိပ်တယ်၊ ခုတော့ သူ့ဆီပြန်သွားလို့လည်း မကောင်းတော့ဘူး'

လူကြီးသည် ကိုဘခက်အား အကဲခတ်သလို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။ သို့ ကြည့်နေရင်း သူသည် ကိုဘခက်အား သနားလာဟန် ရှိလေသည်။

'ကျုပ် မောင်ရင်ရဲ့ တီးကွက်တီးဟန်တွေ အားလုံး ကြိုက်တယ်၊ မောင်ရင့်ကိုပဲ ကျုပ် အမှတ်အများဆုံးပေးတာပဲ၊ ဒါပေမယ့် ရှစ်ယောက်နဲ့ တစ်ယောက်ဆိုတော့ မောင်ရင် ဘယ်ရတော့မလဲ၊ မောင်ရင်ရဲ့ ပညာမာနကိုလည်း ကျုပ် သဘောကျတယ်'

ကိုဘခက်သည် သူ့နားကိုသူ မယုံနိုင်သလိုရှိတော့သည်။ မတရားရှုံးခဲ့ရသော ပွဲအတွက် ခံပြင်းခဲ့သော စိတ်တို့သည် ထိုလူကြီး၏ စကားကြောင့် ပြေပျောက်သွားလေတော့သည်။ ကိုဘခက်သည် ဘာမျှ ပြန်မပြောနိုင်ဘဲ ငိုင်၍ နေမိသည်။ လူကြီးကား ကိုဘခက်ကို အကဲခတ်နေသလိုကြည့်ရင်း တစ်စုံတစ်ခုကို စဉ်းစားနေဟန် ရှိသည်။ အတန်ကြာမှ တစ်ခုခုကို ဆုံးဖြတ်လိုက်ဟန် ရှိသည်။

http://www.cherrythitsar.org



'ကဲ. . မောင်ရင်၊ မြို့ကိုမပြန်ခင် ကျုပ်ဆီမှာ အလုပ်လုပ်မလား၊ ကျုပ် မောင်ရင့်ကို နေစရာအခန်းလည်း ပေးမယ်၊ လခလည်း ပေးမယ်'

'ခင်ဗျာ. . . ကျွန်တော့်ကို အလုပ်ပေးမယ်. . . ဟုတ်လား၊ ကျွန်တော်က အတီးအမှုတ်ကလွဲလို့ တခြား ဘာမှမလုပ်တတ်ဘူး'

ကိုဘခက်၏စကားကိုပင် လူကြီးကသဘောကျသွားဟန်ရှိသည်။ လူကြီးသည် ကိုဘခက်အား ပြုံး၍ကြည့်လိုက်ရင်း ပခုံးကိုအသာ ပုတ်လိုက်သည်။

'ကျုပ် လူကဲခတ်မညံ့ပါဘူး၊ မောင်ရင်ကလည်း ဒီအလုပ်ကလွဲလို့ တခြားအလုပ်ကို လုပ်မယ့်လူ မဟုတ်ဘူးဆိုတာ ကျုပ် အကဲခတ်မိပါတယ်၊ အခု မောင်ရင် လုပ်ရမှာလည်း ဒီအလုပ်ပါပဲ၊ ကျုပ်အိမ်က ကလေးတွေကို စန္ဒရားနဲ့ စောင်း သင်ပေးပါ၊ ကျုပ် မောင်ရင် ကျေနပ်အောင်လည်း လခကြည့်ပေးပါ့မယ်'

ကိုဘခက်သည် သူ့အဖြစ်ကိုပင် သူ မယုံနိုင်အောင်ရှိတော့သည်။ အမှန်၌ ရန်ကုန်ဆင်းလာခြင်းကပင် သည်ပညာဖြင့် ထူးချွန်အောင် ကြိုးစားမည်ဟူသောဇွဲဖြင့် ဆင်းလာခြင်းဖြစ်သည်။ ရန်ကုန်သို့ ဆင်းလာစဉ်ကမူ မျှော်လင့်ချက်ကလေးတစ်ခုဖြင့် စိတ်ကူးယဉ်ခဲ့မိသည်။ ရန်ကုန်ရောက်လျှင် ပြိုင်ပွဲတွင် ဝင်၍နွှဲမည်၊ ပြိုင်ပွဲကနေ နာမည်တစ်လုံး ရအောင် လုပ်မည်။ သည်နာမည်တစ်လုံးဖြင့် ရန်ကုန်ဂီတလောကတွင် ဝင်၍တိုးမည်။ နောက် ကျော်စောခြင်းကို ရအောင်ယူမည်။

ဤကား ကိုဘခက်၏စိတ်ကူးယဉ်ချက် ဖြစ်သည်။ သို့သော် ကနေ့ တွေ့ရသော အဖြစ်အပျက်များက သူ စိတ်ကူးယဉ်သမျှကို ပျက်ပြားစေခဲ့သည်။

ထို့ကြောင့်လည်း ရည်ရွယ်ချက်ကင်းမဲ့စွာ လျှောက်၍ လာခဲ့မိသည်။ ယခုမူ မမျှော်လင့်သောအဖြစ်နှင့် ရင်ဆိုင်တိုးရပြန်သည်။ အစ၌ ထိုလူကြီး ပြောနေသော စကားများကိုပင် မယုံနိုင်အောင် ရှိတော့သည်။ မယုံနိုင်သောစိတ်ဖြင့် သူ့မျက်နှာကို အကဲခတ်လိုက်ပြန်တော့လည်း လူကြီး၏တည်ကြည်ခံ့ညားသော ဣန္ဒြေက သူ၏သံသယစိတ်ကို ပြေပျောက်သွားစေတော့သည်။

'ကျွန်တော့်စိတ်ကြိုက် သင်ရမယ်ဆိုရင် ဦးအလုပ်ကို လက်ခံမယ်၊ မသင်ရဘူးဆိုရင်တော့ ကိစ္စမရှိပါဘူး၊ ဘုရားပေါ်မှာပဲ စိတ်

http://www.cherrythitsar.org



ချမ်းသာ ကိုယ်ချမ်းသာ အိပ်ပြီး ပြန်စရိတ်ရအောင် တယောထိုးပြီး တောင်းမယ်’

လူကြီးသည် ကိုဘခက် စကားကို နားထောင်ရင်း အသံထွက်အောင် ရယ်လိုက်သည်။

‘ကြိုက်တယ်ဟေ့. . . အနုပညာသမားဆိုတာ ဒီလိုသတ္တိရှိမှ ကျုပ်က ကြိုက်တာ၊ ဒီမှာ မောင်ရင့် စိတ်ကြိုက်ပဲ သင်ပါ၊ ဦးတို့ မတတ်လို့သာ ဆရာခေါ်ပြီး အသင်ခိုင်းတာပဲဟာ၊ ဘာမှ ဝင်စွက်စရာမလိုပါဘူး၊ မောင်ရင့် အဝတ်အစားတွေ သွားယူကြရအောင်’

လူကြီးသည် ကားတံခါးကိုဖွင့်၍ ကိုဘခက်အား ရှေ့မှဝင်စေပြီးလျှင် သူက နောက်မှဝင်၍ ထိုင်လိုက်သည်။

‘ရန်ကင်းက မောင်ဘရီတို့အိမ်ကို မောင်းကွယ်’

လမ်းတစ်လျှောက်လုံးတွင် လူကြီးသည် စကားကို မနားတမ်းပြောလိုက်လာသည်။ ကိုဘခက်သည် လူကြီးပြောသမျှ စကားကို လုံးဝမကြားတော့ချေ။ သူ့အတွေးနှင့်သူ နစ်နေတော့သည်။ ရန်ကင်းရောက်လျှင် သူ့အဝတ်အစားများကို ဝင်၍ယူရသည်။ တော်သေးသည်။ ကိုဘရီက အိမ်သို့ ပြန်မရောက်သေးချေ။

ကိုဘခက်သည် သူ၏ မမျှော်မှန်းနိုင်သော ရှေ့ရေးကို တွေး၍ရင်လေးရမလို အားတက်ရမလို ရှိတော့သည်။ အမှန်ကား သူ့ဘဝအတွက် မ,နှင့် ဆုံးစည်းရန် အစပျိုးခဲ့ခြင်းကိုမူ လုံးဝပင် မတွေးခဲ့ချေ။

ကိုဘခက်တို့စီးလာသော ကားကလေးသည် အင်းလျားကန်ဘေးမှ ခြံတစ်ခြံအတွင်းသို့ ဝင်၍လာခဲ့သည်။ ကိုဘခက်သည် အပေါက်ဝမှ ဆိုင်းဘုတ်ကို သတိထား၍ ကြည့်လိုက်သည်။

‘ဦးကျော်ဒင်’

ကိုဘခက်သည် ဆိုင်းဘုတ်ကို ဖတ်လိုက်ရင်း ဦးကျော်ဒင်အား အကဲခတ်၍ ကြည့်လိုက်သည်။ ဦးကျော်ဒင်၏ ခံ့ညားသော မျက်နှာ၊ ထူထဲသော မျက်ခုံး စသည်တို့ကို အကဲခတ်ခြင်းအားဖြင့် တက်ကြွသူတစ်ယောက် ဖြစ်မည်ကို ခန့်မှန်းရလေသည်။ ဆင်ဝင်ရှေ့သို့ ကားထိုးရပ်လိုက်သည်နှင့် တစ်ပြိုင်နက် အတွင်းမှ လူငယ်တစ်ယောက်သည် သံတံခါးကို လာ၍ဖွင့်ပေးလေသည်။ ကိုဘခက်သည် လွယ်အိတ်ကိုယူ၍ ကားပေါ်မှ ဆင်းလိုက်သည်။

http://www.cherrythitsar.org



'ဟေ့. . . မောင်အေးရေ၊ ဒီအိပ်ရာလိပ် ယူသွားပါကွ၊ ပြီးတော့ တို့ စတိုခန်းကို ရှင်းလိုက်၊ ခုတင်တစ်လုံးချပြီး ပြင်ပေးလိုက်'

ကိုဘခက်သည် ဧည့်ခန်းပေါက်ဝတွင် ရပ်၍နေမိသည်။ ဧည့်ခန်း အဆောင်အယောင်ကို ကြည့်ပြီး ဝင်ရမည်ကိုပင် ရွံ့နေသလို ရှိတော့သည်။

ဧည့်ခန်းတွင်း၌ကား ဦးကျော်ဒင် ဝင်သွားသဖြင့် ဆူဆူညံညံ ရှိနေတော့သည်။

'ဟော. . . ဒက်ဒီ ပြန်လာပြီ၊ ဟေ့. . . မွန်ရေ၊ ဒက်ဒီ ပြန်လာပြီ ဟေ့. . . '

'ဒက်ဒီက သိပ်နောက်ကျနေတာပဲ၊ သမီးတို့ ရုပ်ရှင်သွားမလို့၊ တာနာဒင်း ပြနေတယ် ဒက်ဒီ၊ လက်မှတ်တောင် ဝယ်လို့ရပ့ါမလား မသိဘူး'

'ဟေ့. . . ဗစ်တာက လက်မှတ်ဝယ်ခဲ့မယ် ပြောတယ်ကွ'

ကိုဘခက်သည် ဧည့်ခန်းပေါက်ဝတွင် ကျောပေးရပ်နေရာမှ အသာလှည့်၍ ကြည့်လိုက်သည်။

ဦးကျော်ဒင်သည် ဆိုဖာပေါ်တွင် ထိုင်နေရာမှ ကိုဘခက်ကို လှမ်း၍ကြည့်လိုက်သည်။

'ဟေ့. . . မောင်ဘခက်၊ လာလေကွာ. . . လာပါကွ'

မိန်းမပျို နှစ်ယောက်သည် ကိုဘခက်ကို လှမ်း၍ ကြည့်လိုက်သည်။

ကိုဘခက်သည် အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်သွားလိုက်သည်။

ဦးကျော်ဒင်နှင့် မလှမ်းမကမ်းတွင် ရပ်လိုက်သည်။

မိန်းမပျိုလေးနှစ်ဦးက ဦးကျော်ဒင်နှင့် ကိုဘခက်ကို တစ်လှည့်စီ ကြည့်လိုက်သည်။

'ထိုင်ကွာ. . . မောင်ဘခက်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ မ,ရော ဘယ်သွားလဲ၊ ခေါ်စမ်း မော်'

မော်သည် ကိုဘခက်အား ပြောင်စပ်စပ် ကြည့်လိုက်ပြီးလျှင် အပေါ်ထပ်ဆီသို့ လှမ်း၍အော်လိုက်သည်။

'မ. . . ရေ. . .၊ မ. . . ဒက်ဒီ ခေါ်နေတယ်ဟေ့'

ကိုဘခက်သည် ဦးကျော်ဒင်အနီးမှ ဆိုဖာတွင် ဝင်၍ ထိုင်လိုက်သည်။

ဦးကျော်ဒင်က သူ့သမီးများကို ပြုံး၍ ကြည့်လိုက်သည်။

'ဟောဒါက သမီးအကြီးဆုံး မွန်၊ ဆေးကောလိပ်မှာ နောက်ဆုံးနှစ် ရောက်နေပြီ၊ သူက အငယ်ဆုံး မော်တဲ့၊ ဥပစာ ပထမနှစ်မှာ တက်နေတယ်'

ကိုဘခက်သည် မွန်နှင့် မော်ကို အကဲခတ်၍ ကြည့်လိုက်မိသည်။ မွန်သည် သေးသွယ်သောကိုယ်လုံး ရှိသည်။

ဆရာဝန်မလောင်းဟု ဆိုရသော်လည်း သူ့အသားအရေမှာ ဖျော့တော့နွမ်းနယ်လှသည်။

သို့သော် မွန်၏ မျက်နှာကလေးကား ချစ်စရာ ကောင်းသည်။ မျက်လုံးကလေးများက ဝိုင်းစက်ကြည်လင်သည်။ ဝတ်စားပုံမှာလည်း ခပ်ရိုးရိုးပင်။

မော်ကား မွန်နှင့် ညီအစ်မဟု ဆိုရသော်လည်း ရုပ်ချင်း မဆင်လှပေ။

မွန်က မျက်နှာသွယ်၍ မော်က မျက်နှာဝိုင်း ဖြစ်သည်။ ပွနေသော ဆံပင်များက သူ့ပခုံးထက်တွင် ဝဲပျံ၍နေသည်။ နီနေအောင် ဆေးဆိုးထားသော နှုတ်ခမ်းပါးကလေးကို ကြည့်ခြင်းအားဖြင့် နှုတ်သွက်လျှာသွက် ရှိမည်ကို အကဲခတ်မိသည်။

မော်သည် ကိုဘခက်အား မချို့မချဉ်မျက်နှာဖြင့် ခိုး၍ ကြည့်လိုက်သည်။

ထိုအတွင်းမှာပင် ဖြူဖြူဝဝ မိန်းမကြီးတစ်ယောက်နှင့် မ,သည် အပေါ်ထပ်မှ ဆင်းလာကြသည်။

မိန်းမကြီးသည် အနားသို့မရောက်ခင်ကပင် ဦးကျော်ဒင်အား လှမ်း၍ ရန်တွေ့လိုက်သည်။

'ရှင့်မလည်း သွားရင်နေရော၊ ကြာမယ်ဆိုရင်လည်း ကားပြန်လွှတ်လိုက်ရောပေါ့၊ ဒေါ်သန်းနွဲ့က တစ်ချက်ခွဲကတည်းက ဖုန်းဆက်ခေါ်နေတာ၊ ဒီနေ့ စနေနေ့ဆိုတော့ ဝိုင်းကောင်းတယ်ရှင့်'

ဦးကျော်ဒင်သည် ခေါင်းကို ကုတ်လိုက်ရင်း နေရာမှ ထလိုက်သည်။

http://www.cherrythitsar.org



မော်က သူ့အမေနားသို့ ခုန်ပေါက်၍ သွားလေသည်။

'သမီးတို့ကို မုန့်ဖိုးပေးနော်'

ဦးကျော်ဒင်သည် လက်နှစ်ဖက်ကို နောက်သို့ပစ်လိုက်ရင်း စားပွဲဘောင်တွင် ပတ်၍ လျှောက်နေတော့သည်။

'ကဲ. . . နေစမ်းပါဦးကွာ၊ အခုသွားမယ့် မင်းဝိုင်းက မပြီးသေးပါဘူး၊ မိုးလင်းမှာပါ။ ကဲ. . . သမီး ထိုင်စမ်း၊ မောင်ဘခက်ရေ. . . အဲဒါ ဦးသမီး အလတ်ကွယ့်၊ မ,လို့ ခေါ်တယ်၊ သူက ဘီအေအောက်တန်းမှာ. . .'

ကိုဘခက်သည် မ,ဟူသော နာမည်ကို ကြားလိုက်ကတည်းကပင် စိတ်ထဲတွင် ဆန်းနေသည်။

မ,သည် မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ကိုဘခက်အား မရဲတရဲ ကြည့်လိုက်သည်။

မ,သည် မွန်နှင့်လည်း မတူ၊ မော်နှင့်လည်း မဆင်၊ မ,သည် အသားညိုသည်။ တုတ်တုတ်ခဲခဲ ရှိသည်။ သို့သော် ခါးနှင့် ရင်က ချီ၍ ကြည့်လှသည်။

မျက်ခုံးထူသည်။ နှုတ်ခမ်းထူသည်။ မျက်လုံးကလေးများသည် အရည်လဲ့၍ နေသည်။

ပြုံးလိုက်သည့်အခါ သွားတက်ကလေးများ ပေါ်လာတတ်သည်။

ဒါကိုကပင် တစ်မျိုး ချစ်စရာကောင်းသည်။

ကိုဘခက်သည် မ,ကို အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေလိုက်သည်။

မ,သည် ကိုဘခက်၏ အကြည့်ကိုပင် ရှက်ဟန်ဖြင့် မျက်နှာလွှဲသွားလေသည်။

ဦးကျော်ဒင်က သူ့ဇနီးဘက်သို့ ပြုံး၍ကြည့်လိုက်ရင်း ကိုဘခက်နှင့် မိတ်ဆက်၍ပေးလိုက်သည်။

'ဒါက ဦးမိန်းမ ဒေါ်ခင်မျိုးသန့်တဲ့၊ ဦးကတော့ မယုံပါဘူး၊ သူတို့အမျိုးကို သန့်သတဲ့ကွာ၊ အမှန်တော့ ရန်ကုန်သူတွေဆိုတာ အမျိုးသန့်တာ ခပ်ရှားရှားပဲကွ'

## ၁၂ အောင်လင်း

ဒေါ်ခင်မျိုးသန့်သည် ဦးကျော်ဒင်အား မျက်စောင်းခဲ၍ ကြည့်လိုက်သည်။

'စကားကောင်းပြောနေရင် မဖောက်စမ်းနဲ့'

ဦးကျော်ဒင်သည် တစ်ချက်မျှပြုံးလိုက်ရင်း ကိုဘခက်နှင့် ဒေါ်ခင်မျိုးသန့်ကို မိတ်ဆက်ပေးလိုက်သည်။

'သူက မောင်ဘခက်ကွ၊ ကနေ့ ပြိုင်ပွဲမှာ ရှုံးတာနဲ့ တယောကိုရိုက်ခွဲပြီး ထွက်လာတဲ့ သူငယ်ပေါ့၊ အညာက လာတာ…၊ ဒီမှာ အသိမိတ်ဆွေလည်း မရှိဘူး၊ ဒါပေမယ့် သူ့ပညာကို ငါ သဘောကျတယ်၊ ဒါကြောင့် သမီးတွေကို သင်ပေးဖို့ ခေါ်လာခဲ့တာ၊ ကဲ… မောင်ဘခက်၊ အဲဒါ မင်းတပည့်တွေပဲ၊ မ,ရေ… အဲဒါ မင်းတို့ ဆရာပဲ၊ မင်း သင်ချင်တဲ့စောင်းလည်း သူ ကောင်းကောင်းနိုင်တယ်၊ ဒါထက် မောင်ဘခက် စောင်းပညာကို ဘယ်မှာ သင်ခဲ့တာလဲ'

'ဆရာ ဦးဖေဒါရဲ့ တပည့်တစ်ယောက်ဆီမှာ သင်ခဲ့ပါတယ်၊ ဒေဝဣန္ဒာရဲ့ စောင်းပညာကို ဦးဖေဒါက ရလိုက်ပါတယ်၊ ဦးဖေဒါရဲ့စောင်းပညာကို မန္တလေးမှာ အတော်အသင့် ကျန်ခဲ့ပါတယ်'

ဦးကျော်ဒင်သည် ကိုဘခက်စကားများကို အထူးအဆန်းသဖွယ်နားထောင်၍နေသည်။

အမှန်၌ သူလည်း ဂီတပညာတွင် နှံ့စပ်သူ တစ်ယောက် ဖြစ်သည်။

ကိုယ်တိုင် ပေါက်ရောက်အောင်မတီးတတ်သော်လည်း အဆိုဘက်တွင် ဆရာစုံအောင် သင်ခဲ့ဖူးသူဖြစ်သည်။

သို့သော် ကိုဘခက်ပြောသော စကားများသည် သူ့အဖို့ အထူးအဆန်း ဖြစ်နေတော့သည်။

'ဦးဖေဒါက စောင်းရောတတ်သလား၊ ကျုပ်က ဆိုင်းပညာပဲတော်တယ် မှတ်နေတာ'

'ဦးဖေဒါဟာ သူမတူတဲ့ ဆိုင်းဆရာကောင်း ဖြစ်ခဲ့သလို စောင်းဆရာကောင်းလည်း ဖြစ်ခဲ့ပါတယ်၊ စောင်းရဲ့စနစ်ကို သူ တကယ်သိခဲ့တဲ့ဆရာကြီးတစ်ယောက် ဖြစ်ပါတယ် ခင်ဗျ၊ သူ့ရဲ့ စောင်းပညာဟာအများတီးနေကြတဲ့ နည်းတွေနဲ့ မတူပါဘူး'

http://www.cherrythitsar.org



'ဟော… ဘယ်လိုခြားနားသလဲကွ'

'ဒီမှာ တီးနေတာ ကျွန်တော် သိရသလောက်ကတော့ စောင်းကို စန္ဒရားတီးသလို အပြေးတီး တီးနေတာ များတယ်၊ အနုစိတ် သိပ်မပါဘူး ခင်ဗျ၊ အမှန်တော့ စောင်းပညာဟာ အနုစိတ်လိုက်လေ နက်နဲလေပါပဲ၊ စောင်းပညာဆိုတာ ဘင်ဂျိုများတီးသလို လုံးပြွတ်တွေ တီးတိုင်း စောင်းပညာလို့ မခေါ်နိုင်ပါဘူး၊ ဒွန့်ထန့်ဒရန့် စတဲ့ အနုစိတ်ကလေးတွေမှာ ပီအောင် လှအောင် တီးနိုင်မှ ပိုပြီး ညက်ညော ပါတယ်'

မ,သည် ကိုဘခက်ပြောသော စကားများကို စိတ်ဝင်စားနေပုံရသည်။

ဦးကျော်ဒင်ကား ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

ဒေါ်ခင်မျိုးသန့်သည် လက်မှနာရီကို ကြည့်လိုက်သည်။

'ကဲဟေ့… သွားမယ်၊ အချိန်မရှိဘူး၊ မောင်အေးကို ခေါ်ပြီး ဒီသူငယ်အတွက် အခန်းတစ်ခု ရှင်းခိုင်းပေ့ါ၊ မောင်အေးရေ…'

'ခင်ဗျာ… လာပြီ မမ'

မောင်အေးသည် နောက်ဖေးခန်းမှ အပြေးထွက်ပြီးလျှင် ဒေါ်ခင်မျိုးသန့်ဘေးတွင် ကိုယ်ကိုညွှတ်၍ ရပ်လိုက်သည်။

'သူ့အတွက် အခန်းရှင်းပေးလိုက်၊ သံခုတင် တစ်လုံးရှိတယ် မဟုတ်လား၊ အဲဒါ ခင်းပေး…. ကြားလား'

'ဟုတ်ကဲ့ မမ၊ စတိုခန်းကို ဆရာ အရှင်းခိုင်းလို့ ရှင်းထားပါတယ်၊ သံခုတင်တော့ မခင်းရသေးပါဘူး'

'အေး… သွားခင်းချေ၊ ကဲ…မောင်ဘခက် လိုတာကို မောင်အေးကိုပြော၊ ဒီမှာတော့ မင်း လွတ်လွတ်လပ်လပ် နေနိုင်တယ်၊ သင်ရမှာတော့ သူတို့တင် မဟုတ်ဘူးဟေ့၊ မင်းဦးလေးပါ သင်ပေးရမယ်၊ သူက ကလေးတွေထက် ပိုပြီး တီးတတ်ချင်သေးတယ်၊ ဒါပေမယ့် သူ ခေါ်ထားတဲ့ ဆရာတွေကတော့ စောင်းယူပြီး ရောင်းစားတာနဲ့၊ ငွေချေးပြီး ပြန်မပေးတာနဲ့၊ တကယ့်လူတွေချည်းပဲ၊ မင်းကတော့ ရိုးပုံပါပဲ'

'ကဲ… ခင်တော့ သွားတော့မယ်၊ ရုပ်ရှင်လိုက်မယ့် ကောင်မတွေ ပြင်တော့လေ'

မော်သည် ဒေါ်ခင်မျိုးသန့်အား ဖက်လိုက်သည်။

'မော် လိုက်မယ်၊ မာမီ မုန့်ဖိုးပေးလေ၊ သမီးတို့ မုန့်ဖိုးပေးရင် မာမီ အမြဲတမ်း ဖဲနိုင်တယ် မဟုတ်လား၊ ပေးပါ မာမီရာ'

'အေးပါကွယ်၊ သွား အဝတ်လဲချေ'

'ဟေး…ဒါမှ တို့မာမီကွ၊ လာဟေ့… မွန်၊ သွားမယ်လေ၊ မ,ရော ဘာလုပ်နေတာလဲ'

'ငါက ပြင်ဖို့မလိုပါဘူးကွယ့်၊ ဒီအတိုင်း လိုက်မှာ… မ,ရော လိုက်မယ် မဟုတ်လား'

မ,သည် ဦးကျော်ဒင်ကို လှမ်း၍ ကြည့်လိုက်သည်။ ကိုဘခက်ကမူ မ,ကိုပင် မသိမသာ အကဲခတ်နေမိသည်။

မ,သည် ဣန္ဒြေရသည်။

အတွင်းစိတ်ကို အပြင်၌ပေါ်၍မလာအောင် ချုပ်တည်းနိုင်စွမ်း ရှိသူ ဖြစ်သည်။

ခဏအတွင်း တွေ့ရသော်လည်း ကိုဘခက်အဖို့ မ,ကလွဲ၍ ကျန်လူအားလုံး၏ စိတ်ဓာတ်ကို အကဲခတ်လိုက်နိုင်သည်။ မ,၏ အတွင်းစိတ်ကား ရုတ်တရက် အကဲခတ်၍ မရနိုင်ချေ။

ဦးကျော်ဒင်သည် ပွင့်လင်းသူတစ်ယောက် ဖြစ်သည်။

လောကတွင် ပျော်ပျော်နေ၍ သူ ဝါသနာပါရာကိုသာ လုပ်လိုသူ ဖြစ်သည်။

ဒေါ်ခင်မျိုးသန့်က အထက်တန်းလွှာတွင် ဝိုင်းဖွဲ့၍ နေလိုသူ ဖြစ်သည်။

ယောက်ျားအပေါ်တွင် ဩဇာပေးတတ်သည်။ အိမ်တွင်း အုပ်ချုပ်မှုကို လေးလေးနက်နက် တွေးသူမဟုတ်။ ပေါ့ပေါ့တန်တန်သာ နေတတ်သူ ဖြစ်သည်။

မော်ကား ကလေးဆိုးလေး ဖြစ်သည်။ အပျော်အပါး ခုံမင်သည်။

အနောက်တိုင်း ဆန်သည်။

http://www.cherrythitsar.org



မိဘကို ကလေးဆိုးကလေးကဲ့သို့ နွဲ့ဆိုးဆိုးကာ သူလုပ်ချင်ရာလုပ်မည့်သူကလေး ဖြစ်သည်။

ခဏအတွင်းပင် တွေ့ရသော်လည်း လူအားလုံး၏ အတွင်းစိတ်ကို အကဲခတ်လိုက်နိုင်သည်။ သို့သော် မ,ကိုကား အကဲခတ်၍ မရချေ။ မ,သည် အနေအထိုင်ကျစ်လျစ်သည်။ သိပ်သည်းသည်။ သူ့စိတ်ကို သူထိန်းချုပ်ထားနိုင်သည်။ ထို့ကြောင့် မ,ကို အကဲခတ်ရသည်မှာ မလွယ်လှပေ။

ယခုလည်း မွန်နှင့်မော်က ရုပ်ရှင်သွားရန် ဟန်ပြင်နေချိန်ဝယ် မ,သည် ခပ်အေးအေးပင် ဦးကျော်ဒင်ကိုကြည့်၍ အကဲခတ်နေသည်။ သူ့စိတ်အလို တစ်ခုတည်းကို လိုက်မည့်သူ မဟုတ်ကြောင်း ပေါ်လွင်လှသည်။ ဦးကျော်ဒင်က အလိုက်သိစွာပင် ခွင့်ပေးလိုက်သည်။

'သမီးလည်း ကြည့်ချင် လိုက်သွားပေါ့၊ ဖေဖေ့မှာ အဖော်ရှိပါတယ်၊ မောင်ဘခက်ကို စောင်းအတီးခိုင်းမယ်'

'မ, မကြည့်ပါဘူး ဖေဖေ၊ ဇာတ်လမ်းကောင်းတဲ့ကား လာမှပဲ ကြည့်တော့မယ်'

မော်သည် မ,ကိုကြည့်၍ နှုတ်ခမ်းကို ရွဲ့လိုက်သည်။

'အမယ် ပက်ဘွန်း သီချင်းတစ်ပုဒ်ဆိုတာနဲ့ တစ်ဆယ်တန်တယ်ဟေ့၊ မကြည့်ချင်နေ၊ တို့တော့ ဘာနာဒင်းပဲ၊ အို့…ဘာနာဒင်း… အိုးအိုအိုးအို… ဘာနာဒင်း…'

မော်သည် ဖင်ကလေးကိုလှုပ်၍ ဘာနာဒင်းသီချင်းကို တုန်တုန်ယင်ယင် ဆွဲငင် ဆိုလိုက်သည်။ မွန်သည် မော်ကိုကြည့်ရင်း ပြုံးလိုက်သည်။

မ,က မတုန်မလှုပ်ဖြင့် မော်ကိုသာ ကလေးငယ်လေး တစ်ယောက်ကဲ့သို့ ကြည့်နေလိုက်သည်။

ဒေါ်ခင်မျိုးသန့်သည် ဧည့်ခန်းဘေးရှိ မှန်ရှေ့တွင်ရပ်၍ သူ့ကို အရိပ်ကြည့်လိုက်သည်။ ထိုအတွင်း အိမ်ရှေ့မှ ကားတစ်စီးရပ်သံ ကြားလိုက်ရသည်။

မော်သည် တံခါးသို့ ပြေးသွားလေသည်။

'ဟော့… ဗစ်တာလာပြီ ဗစ်တာ မွန်ရေ…'

မွန်သည် နောက်သို့ လိုက်သွားပြန်သည်။ ဧည့်ခန်းသို့ ဘောင်းဘီရှည် ကုတ်အင်္ကျီနှင့် အင်္ဂလိပ်ကပြားဆန်ဆန် လူတစ်ယောက် ဝင်၍လာသည်။ မွန်က အင်္ဂလိပ်လို အပြစ်တင်လိုက်သည်။

'သိပ်နောက်ကျတယ်ကွယ်၊ မွန်က ချိန်းထားရင် အချိန်မှန်မှ ကြိုက်တယ်၊ အချိန်မမှန်ရင် သိပ်စိတ်ဆိုးတယ်'

ဗစ်တာသည် မွန်၏ ခေါင်းကိုသာ ပွတ်လိုက်ပြီးလျှင် ချော့လိုက်သည်။

'အဘိုးကြီး ကားပြန်မလွှတ်လို့ နောက်ကျတာပါ မွန်ရာ၊ ကိုယ့်အပြစ် မဟုတ်ပါဘူး၊ ကားမရှိရင် ဘယ်လိုလုပ်လာမလဲ'

ဗစ်တာက ချော့လိုက်သည့်တိုင်အောင် မွန်က ကျေနပ်ပုံ မရသေးချေ။

'ဘာပဲဖြစ်ဖြစ် နောက်ကျတာက နောက်ကျတာပဲ၊ ကားမရှိရင် ဒီတိုင်းလာ၊ ဒါမှမဟုတ်ရင် တက္ကစီငှားလာလည်း ဖြစ်နိုင်တာပဲ၊ အပြစ်ကို ဆင်ခြေပေးတာတော့ မွန် မကြိုက်ဘူး'

'ကဲပါကွာ… ဝမ်းနည်းပါတယ်၊ ကိုယ့်အပြစ်ကို တောင်းပန်ပါတယ်ကွယ်'

'ကဲ… အချိန်မရှိဘူး၊ သွားမယ်'

မော်သည် အပေါ်ထပ်သို့ အပြေးတက်သွားလေသည်။ ဒေါ်ခင်မျိုးသန့်သည် ဗစ်တာကို လှမ်း၍ နှုတ်ဆက်လိုက်သည်။

'ကဲ… ဗစ်တာ၊ မင်း ရောက်လာတာ အတော်ပဲ၊ နို့မို့ အန်တီက အသွားအပြန် လိုက်ပို့နေရမှာ၊ ကဲ… မွန်ရေ၊ မာမီ သွားမယ်နော်၊ ရော့… မော်ကို တစ်ဆယ်၊ မင်း တစ်ဆယ်'

ဒေါ်ခင်မျိုးသန့်သည် လက်ပွေ့အိတ်ထဲမှ ဆယ်တန် နှစ်ချပ် ထုတ်၍ ပေးလိုက်သည်။ ဗစ်တာက မွန်ကို ပြုံး၍ကြည့်နေရင်းမှ နောက်လိုက်သည်။

'ဒေါက်တာမကြီး တစ်ယောက်လုံး လုပ်ပြီးကွာ အပြင်ထွက်တာတောင် ငွေတစ်ဆယ်တည်းနဲ့တော့ ရှက်ပါတယ်ဟော့၊ ကိုယ်တို့တော့ အတူ မသွားဘူးကွ'

'အံမယ်… ဇစ်တာက မြှောက်ပေးမနေစမ်းနဲ့၊ မွန့်မှာ ပိုက်ဆံအများကြီး ရှိတယ်၊ သူ့ဒက်ဒီဆီက ညှစ်ထားတာ တစ်ရာလောက် ရှိတယ်ကွ…'

'သြော်…ဒီလိုလား၊ ဒါဖြင့် မွန် ဒီနေ့ ဒကာခံမယ်ပေါ့'

မွန်သည် ဇစ်တာကို မျက်စောင်းခဲ၍ ကြည့်လိုက်သည်။ ဇစ်တာက အသံပြဲကြီးဖြင့် ရယ်လိုက်သည်။

'သူဌေးကိုတော့ ကြေးမပါနိုင်ဘူး ဆရာ၊ ဇစ်တာတို့က သူဌေးတွေ မဟုတ်လား'

ဇစ်တာ ပခုံးကိုတွန့်၍ အသံဝါကြီးဖြင့် ရယ်လိုက်သည်။

မော်သည် ကျော့နေအောင်ပြင်၍ အပေါ်ထပ်မှ ဆင်း၍လာပြီး လျှင် ဒေါ်ခင်မျိုးသန့်၏လက်ကို အတင်းဆွဲထားလိုက်သည်။

'အံမယ်… မာမီက လစ်မလို့၊ ဘယ်မလဲ ပိုက်ဆံ'

'မွန့်ဆီမှာ ပေးခဲ့ပြီးပြီ၊ တစ်ယောက်တစ်ဆယ်'

သည်တော့မှ မော်က ကလေးငယ်ကဲ့သို့ ဒေါ်ခင်မျိုးသန့်၏ ပါးကို ခုန်နမ်းလိုက်သည်။ ဒေါ်ခင်မျိုးသန့် ထွက်သွားသောအခါ ဇစ်တာက ဦးကျော်ဒင်အား လှမ်း၍ နှုတ်ဆက်လိုက်သည်။

'အန်ကယ်… ကျွန်တော့်ကို ခွင့်ပြုပါဦး'

'အေး…အေး… စောစောတော့ ပြန်ကြပေ့'

'ဟုတ်ကဲ့… အန်ကယ်၊ စိတ်ချပါ'

'အပြန် လေဟာပြင်စျေးဝင်ပြီး ခေါက်ဆွဲစားမယ် ဒက်ဒီ၊ ဇစ်တာက အားလုံး ဆပ်ပလိုင်း လုပ်မှာနော် ဇစ်တာ'

'မရဘူးကွ၊ မော့်ဆီက တစ်ဆယ်ကုန်အောင်တော့ ညှစ်ရမယ်၊ တစ်ဆယ်ကုန်မှ ကိုယ်က လိုတာစိုက်မယ်'

မော်သည် နှုတ်ခမ်းစူ၍ ခြေကိုဆောင့်လိုက်သည်။

'ဘာလဲ၊ ဇစ်တာက မတရားဘူး၊ သူများ မရှိမဲ့ရှိမဲ့ တစ်ဆယ်လေးကိုတော့ အညှဉ်းမခံနိုင်ဘူး၊ မွန့်ကို ညှဉ်းပါလား၊ မွန့်ကျတော့ မညှဉ်းဘဲနဲ့၊ ဒီက ဖော်ကောင်လုပ်လိုက်မယ်နော်၊ ဟင်း…'

'ရှူး…ကောင်မလေး၊ အရူးလား၊ ဒက်ဒီ ကြားသွားမယ်'

http://www.cherrythitsar.org



မွန်က မော့်ကို မျက်နှာတည်တည်ဖြင့် ဟန့်လိုက်သည်။ သည်တော့မှ မော်သည် လျှာကလေးကိုထုတ်၍ မျက်လုံးပြူးပြလိုက်သည်။

ကိုဘခက်သည် ဦးကျော်ဒင်နှင့် စကားပြောနေရာမှ မွန်တို့စကားဝိုင်းကို တစ်ချက် နားစွင့်လိုက်မိသည်။ မ,ကမူ မွန်တို့ကို လုံးဝဂရုမစိုက်။ ဦးကျော်ဒင်နှင့် ကိုဘခက်တို့ ပြောနေသော ဂီတအကြောင်းကိုသာ စိတ်ဝင်စားနေဟန် ရှိသည်။

ခဏကြာလျှင် ကားထွက်သံကို ကြားလိုက်ရသည်။ ဗစ်တာနှင့် မော်တို့၏ ရယ်သံသည် ဧည့်ခန်းထဲသို့ လွင့်၍ဝင်လာသည်။ ဦးကျော်ဒင်ကား သူ ပြောလိုသောစကားကိုသာ စိတ်ဝင်စားစွာ ပြော၍နေတော့သည်။

'အေးဟေ့… ငါ့သမီးတော့ စောင်းပညာကို ကောင်းကောင်းတတ်အောင် အသင်ခိုင်းရမယ်… နော် သမီး…၊ သင်မယ် မဟုတ်လား'

မ,သည် ခေါင်းကိုသာညိတ်၍ ပြလိုက်သည်။ မ,၏ အမူမရာမှာ အေးစက်စက်နိုင်လှသည်။

သို့သော် ဂီတအကြောင်းကို ဆွေးနွေးနေကြသည်ကိုပင် ခုလောက် ထိုင်၍ နားထောင်နေသည်က သူ၏ ဝါသနာကို အကဲခတ်နိုင်ပေသည်။

'ကဲ… မောင်ဘခက်လည်း ညောင်းရင် အခန်းမှာလှဲနေကွာ၊ စန္ဒရားတီးချင်လည်းတီး၊ စောင်းလည်း ရှိတယ်၊ တီးတာမှုတ်တာတော့ အားမနာနဲ့ဟေ့၊ ဒီအိမ်မှာ ဒါကြောင့် အနှောင့်အယှက်မဖြစ်ဘူး၊ ညလည်း ညဥ့်နက်သန်းခေါင်အထိ ဆိုနိုင်တယ်၊ တီးနိုင်တယ်၊ ဦးတို့က အားလုံး အပေါ်ထပ်မှာ အိပ်ကြတာပဲ၊ ဘာမှ အနှောင့်အယှက်မဖြစ်ဘူး၊ ကြားလားဟေ့ မောင်ဘခက်'

'ဟုတ်ကဲ့၊ ကျွန်တော်ကလည်း စိတ်ပါရင် မိုးလင်းထိုင်ပြီး တီးတတ်တယ်'

'ဟုတ်တာပေါ့၊ ခင်တို့တောင် တစ်ညနှစ်ည မိုးလင်းပေါက်ဖဲဝိုင်းမှာ ထိုင်သေးတာပဲ၊ ကိုယ့်ဝါသနာနဲ့ ကိုယ်ပေါ့၊ ဘယ်အလုပ်ပဲဖြစ်ဖြစ် စိတ်ပါတုန်းလုပ်ရင် ကောင်းတာပဲဟေ့၊ စိတ်လည်းချမ်းသာတယ်၊

http://www.cherrythitsar.org



ဒီမှာတော့ ဘာမှ အားနာစရာ မရှိဘူးဟော့၊ မောင်အေးရေ… ဟော့ မောင်အေး'

'လာပြီ… ဆရာ'

ဦးကျော်ဒင်သည် ယွန်းသေတ္တာထဲမှ ဆေးလိပ်တစ်လိပ်ကိုမီးညှိလိုက်သည်။ မ,သည် စီးကရက်ငွေဘူးကို ကိုဘခက်ရှေ့သို့ တိုးပေးလိုက်သည်။

'မင်း အခန်း ရှင်းပြီးပြီလား၊ ခုတင်ရော ခင်းပြီးပြီလား'

'ပြီးပါပြီ ဆရာ၊ အားလုံး ပြီးပါပြီ၊ အိပ်ရာခင်းပြီးပါပြီ'

မ,သည် မောင်အေးကို မော့်ကြည့်လိုက်ရင်း–

'စားပွဲနဲ့ ကုလားထိုင် တစ်လုံး ရွှေ့ပေးလိုက်ပါ၊ ပြီးတော့ ကိုအေး သွယ်တတ်ရင် မီးပလပ်ပေါက်ရှိတယ်၊ စလောင်းရယ်၊ မီးလုံးရယ်၊ ကြိုးရယ် သွားဝယ်ပြီး ဆင်ပေးလိုက်ပါ'

'ဟုတ်ကဲ့ မမ'

မ,သည် စားပွဲပေါ်တင်ထားသော ပလတ်စတစ်အိတ်ထဲမှ ဆယ်တန်နှစ်ရွက်ကို မောင်အေးအား လှမ်းပေးလိုက်သည်။

ကိုဘခက်သည် နေရာမှ ထလိုက်သည်။

နောက်ဖေးပေါက်နှင့် ကပ်လျက်ရှိသော သူ့အခန်းဆီသို့ ဝင်ခဲ့သည်။

သူ့အခန်းတွင်း၌ကား သံခုတင်တစ်လုံးနှင့် အိပ်ရာ အသင့်ခင်းထားသည်ကို တွေ့ရသည်။

ကိုဘခက်သည် ခုတင်ပေါ်သို့ လှဲချလိုက်သည်။ ကိုယ့်အဖြစ်ကို ပြန်တွေး၍ပင် မယုံနိုင်အောင် ရှိတော့သည်။

ထွက်လာစဉ်က ဖြစ်လိုရာဖြစ်စေ၊ ကိုယ် ယုံကြည်ရာ လုပ်ရလျှင် တော်ပြီဟူသော သတ္တိဖြင့် ထွက်ခဲ့သည်။

သို့သော် တကယ့်လက်တွေ့တွင် မလွယ်လှပေ။ တက်လမ်းကို ရှာရာ၌ အစွမ်းအစ တစ်ခုတည်းနှင့် မလုံလောက်သေးသည်ဟု တွေ့ရသည်။

ဂီတသုခမအဖွဲ့ အတွင်းရေးမှူး ဦးဘရီ၏ စကားများကို ပြန်၍ ကြားယောင်မိသည်။

http://www.cherrythitsar.org



ကိုဘခက်သည် စိတ်ထဲရှိသမျှကို ထိန်ချန်ထားတတ်သူမဟုတ်သည့်အတိုင်း သူ၏ရည်ရွယ်ချက်ကို ဦးဘရီအား ဖွင့်၍ပြောလိုက်မိသည်။

'ကျွန်တော်တော့ ဒီပြိုင်ပွဲမှာ ရရင်လည်းရပေါ့၊ မရလည်း မြို့ကိုတော့ မပြန်ချင်တော့ဘူးခင်ဗျာ၊ ရန်ကုန်မှာ နာမည်တစ်လုံးရမှ ပြန်ချင်ပြန်မယ်'

ဦးဘရီသည် ကိုဘခက်၏စကားကို နားထောင်ရင်း ပြုံးလိုက်သည်။ ကိုဘခက်၏သတ္တိကို ချီးကျူးသော်လည်း တကယ့်လက်တွေ့တွင် အနုပညာရှင် တစ်ယောက်အတွက် အောင်မြင်ခြင်းသည် စိတ်ထင်သလောက် မလွယ်လှသည်ကို ဦးဘရီက သိထားပြီး ဖြစ်သည်။

'မင်းပညာနဲ့ သတ္တိတော့ ချီးကျူးပါတယ်ကွာ၊ ဒါပေမယ့် ရန်ကုန်မှာ လွယ်လွယ်နဲ့ မတိုးနိုင်တာကတော့ အမှန်ပဲ၊ ငါတို့ကို ကြည့်ကွာ··· အရင် အင်္ဂလိပ်ခေတ်ကတည်းက ဂီတာဘရီဆိုပြီး နာမည်တစ်လုံးနဲ့ နေခဲ့တာ၊ မင်းတို့အထင်တော့ ငါတို့ဟာ ဒီအလုပ်နဲ့ သိပ်ကြီးပွားနေပြီလို့ ထင်မှာပေါ့၊ ဝေးသေးတယ်ဟေ့··· ရုံးမှာ အထက်တန်းစာရေးလေး ရပေလို့ မငတ်တာဟေ့၊ ဒါနဲ့သာ လုပ်စားရင် ငတ်လိုက်မယ့်ဖြစ်ခြင်း၊ နာမည်ကြီးသမျှ ငတ်တယ်ဆိုတာ တို့ပညာပဲကွ'

ဦးဘရီက အရိုးတိုင်း ဂီတသမားတစ်ယောက်၏ အကျပ်အတည်းနှင့် ရုန်းကန်ရပုံကို ဖွင့်ပြောလိုက်သော်လည်း ကိုဘခက်ကမူ တုန်လှုပ်ခြင်း မရှိချေ။

'ကျော်စောခြင်းနဲ့ ငွေဟာ တခြားစီပဲဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်ကတော့ ကျွန်တော်တတ်တဲ့ ပညာကို တိုင်းပြည်တင်ပြခွင့်ရရင် တော်ပြီ၊ ပြီးတော့ ကျွန်တော် သီချင်းရေးဆရာ တစ်ယောက် ဖြစ်ချင်တယ်၊ မြို့မငြိမ်းလို သီချင်းရေးဆရာတစ်ယောက် ဖြစ်ရင် တော်ပြီ၊ သူ့လိုပဲ ဒုက္ခထဲမှာနစ်ပြီး သေချင်သေပါစေ၊ ကျွန်တော့်ပြုစုချက်ကို လက်ခံတဲ့ ပရိသတ်ရှိလာရင် တော်ပြီ၊ ငတ်တာ မဆန်းပါဘူး၊ သူတောင်းစားတောင် ဘာယုံကြည်ချက်မှမရှိဘဲ နေ့စဉ် တောင်းစားနေကြသေးတာပဲ၊ ကျွန်တော်တို့လို ကိုယ့်ယုံကြည်ချက်အတွက်ဆိုရင် တောင်းစားပြီး လုပ်နေလည်း ရှက်စရာမလိုပါဘူး၊ နိုင်ငံရေးသမားတွေဟာ ပြည်သူ့အထောက်အပံ့ ရန်ပုံငွေတွေ ကောက်ပြီး နိုင်ငံရေးလုပ်

http://www.cherrythitsar.org



စားသေးတာပဲ၊ ဘာထူးလဲ··· ကျွန်တော်တို့လည်း တိုင်းပြည်ရဲ့ အနုပညာ အတွက် လုပ်တဲ့နေရာမှာ စားစရာမရှိရင် တယောထိုးပြီး တောင်းစားမှာပေါ့'

ဦးဘရီသည် ကိုဘခက်၏ စကားများကို သဘောကျဟန်ဖြင့် အားရပါးရ ရယ်လိုက်သည်။

'အေးပေါ့ကွာ၊ ဒီလိုသာ လုပ်နိုင်မယ်ဆိုရင် မင်းဟာ ဂီတသူရဲကောင်းပဲ၊ ဒါပေမယ့် ဘုရားတောင် အမိုရှိမှ ပွင့်တယ်ကွ၊ ပြီးတော့ ဂီတပညာရှင် တစ်ယောက်အနေနဲ့ အောင်မြင်ဖို့ဆိုတာဟာ အချိန်အခါ သင့်ဖို့ လိုတယ်။ အသိုက်အဝန်းလည်း လိုတယ်၊ မြှောက်စားပေးမယ့် အမိုသဟဲ လိုတယ်၊ အရည်အချင်းတစ်ခုတည်း အားကိုးလို့ မရဘူးဟေ့၊ မင်း ဝင်ကြည့်တော့ သိလာလိမ့်မယ်'

ဟုတ်ပေသည်။ ဦးဘရီ၏ စကားများသည် ကနေ့ မငြင်းနိုင်အောင် ရှိတော့သည်။ ဂီတပညာသည်တစ်ယောက်အတွက် နာမည်တစ်လုံးရရန် အမိုသဟဲလိုကြောင်းကိုလည်း တွေ့ခဲ့ပေပြီ။ အသိုက်အဝန်းလိုကြောင်းလည်း နားလည်ခဲ့ပေပြီ။ အမှန်တော့ ဂီတနယ်တွင် ရှုန်းကန်သည်မှာ မည်မျှ စိတ်ပျက်စရာကောင်းသည်ကို ဂီတသုခုမ အတွင်းရေးမှူး ဦးဘရီက သူ့ထက် ပိုနားလည်ပေလိမ့်မည်။ သို့ကြောင့်လည်း ဦးဘရီပြောသော စကားများသည် သွေးထွက်အောင်မှန်ကြောင်း ကနေ့ပင် တွေ့ခဲ့ရလေသည်။

ဂီတပညာနှင့် ပတ်သက်၍ ဂီတအဖွဲ့အစည်းတွင်းမှာ မသန့်ရှင်းမှုများ၊ ဂိုဏ်းဂဏစွဲမှုများ၊ ပုဂ္ဂိုလ်စွဲမှုများရှိလျှင် တခြား စီးပွားရေး လုပ်ငန်းနှင့် တွဲ၍လာလျှင် ပို၍ဆိုးတော့မည်ကို တွေးရင်း ရင်လေးမိသည်။

မည်သို့ဆိုစေ ကိုဘခက်အဖို့ တစ်ထောက်နားရန် နေရာတစ်ခုကား ရခဲ့ပြီ။ သည်နေရာမှာပင် တစ်ထောက်နား၍ မိမိရည်မှန်းချက် ပန်းတိုင်သို့အရောက် မည်သို့သွားရမည်ကို လမ်းစ ရှာရပေတော့မည်။ ဦးဘရီပြောသည့်အတိုင်းဆိုလျှင်လည်း မည်သို့ပင်ဖြစ်စေ နားရန်စခန်း တစ်ခုရသည်။ အမိုသဟဲအဖြစ် ဦးကျော်ဒင်လို ပုဂ္ဂိုလ်တစ်ဦးလည်း ရှိသည်။ သည်ဘဝရောက်မှတော့ ကြောက်စရာ မရှိတော့ချေ။

'ကျော်စောခြင်း မရခင် ပညာသည်ဆိုသည်မှာ ဒုက္ခခံရခြင်းပင်ဖြစ်သည်' ဆိုသည်ကိုလည်း ကိုဘခက်က နားလည်ထားလေသည်။ သူမတူအောင် ကျော်ကြားသူများပင် ဒုက္ခပင်လယ်ဝေ၍ ဘဝကို ကြေကွဲဖွယ်ရာဖြင့်သာ အဆုံးသတ်ကြရသည် မဟုတ်လား။ သည်လို ပညာရှင်ကြီးများ ဘဝကို ကြားသိ တွေမြင်ရပြန်တော့လည်း ကိုဘခက် အဖို့ရာတွင် သူတို့၏ ဒုက္ခထက် ဆယ်ပြန်တွေ့စေဦးတော့ အားလျှော့ရန်အကြောင်း မရှိတော့ချေ။

ကိုဘခက်သည် ဘဝရှေ့ရေးကို တွေးရင်း စိတ်ကို ပို၍ တင်းထားလိုက်သည်။ ညှော့ခန်းဆီမှ စန္ဒရားသံသည် အခန်းတွင်းသို့ လွင့်ပျံ၍လာသည်။ တီးဟန်က မရင့်သေးမှန်း အကဲခတ်၍ ရသော်လည်း လက်ကျသန်သည်။ နုသည်။ နွဲ့သည်။ စက်ခလုတ်ကို နှိပ်ခြင်းမျိုး မဟုတ်။ ခံစားချက်နှင့် ပေါ်လာသော ဂီတသံမှန်း သိလိုက်သည်။

လက်သံကိုကြားရုံမျှဖြင့် မ,၏လက်သံမှန်း အတပ်သိလိုက်သည်။ မ,၏လက်သံသည် သူ၏အတွင်းစိတ်ကဲ့သို့ နူးညံ့သိမ်မွေ့လှပါတကား။

●

(၃)

မ,သည် ကိုဘခက်ရှေ့တွင် ကျုံ့ကျုံ့ကလေး ထိုင်လိုက်သည်။ စောင်းကို တစ်ကြိုးချင်း စမ်းလိုက်သည်။ သူသည် ဆရာရှေ့မှောက်သို့ ရောက်နေသော တပည့်ငယ်ကဲ့သို့ ရှိလေသည်။ ကိုဘခက်သည် စည်းနှင့်ဂျပ်ကို ကိုင်လိုက်ပြီးလျှင် ဂီတဝိသောဓနီစာအုပ်ကို လှန်လိုက်သည်။

'စောင်းကို သင်ရင်တော့ ထံတျာတေရှင်ကစပြီး သင်ရလိမ့်မယ်'

မ,သည် စောင်းကို ငုံ့၍စမ်းနေရာမှ ကိုဘခက်ကို မော့၍ ကြည့်လိုက်သည်။ ပြီးမှ ဘာမျှ ပြန်မပြောဘဲ ကြိုးခံအကွက်ကျဲကိုတီးပြီးလျှင်ထံတျာတေရှင်သီချင်းကို ဆက်၍တီးလိုက်သည်။

http://www.cherrythitsar.org



ကိုဘခက်သည် မ,အပြုအမူကို နားလည်လိုက်မိသည်။

ထံတျာတေရှင်က စ၍ သင်ရမည်ဟု ပြောလိုက်ခြင်းကို မ,က ကျေနပ်ဟန် မတူပေ။

ထို့ကြောင့် ထံတျာတေရှင်သီချင်းကို သူ ရနှင့်ပြီးကြောင်း လက်တွေ့တီးပြလိုက်ခြင်း ဖြစ်သည်။

ကိုဘခက်က မ, တီးပြသော ထံတျာတေရှင်သီချင်းကို ဂရုစိုက်၍ နားထောင်လိုက်သည်။

'နေဦး… နေဦး၊ ဒီအပိုဒ်တွေမှာ လွဲနေတယ်၊ ထံတျာတေရှင် သီချင်းမှာ အပိုဒ်ရှစ်ပိုဒ် ရှိတယ်၊ ဝါးနဲ့တွက်ရင် ရှစ်ပါးစီ ရှိတယ်၊ အမှန် က ဘယ်သီချင်းပဲဖြစ်ဖြစ် ဝါးချက်စုံ ဖြစ်ရမယ်၊ မ မဖြစ်ရဘူး၊ မ ဖြစ်ပြီး မစုံရင် စည်းတော့ မကျိုးဘူး၊ ဒုံး ကျိုးတယ်၊ ဒါဟာ မမှန်ဘူး'

မ,သည် ကိုဘခက်အား ကြောင်၍ ကြည့်နေသည်။ ကိုဘခက် ပြောသော စကားများကိုလည်း အဓိပ္ပာယ် မရှင်းလှပေ။

'သီချင်းကြီးတွေမှာ မူတွေကွဲနေတာကိုမှ စိတ်ပျက်ဆုံးပဲ၊ နောက် က လိုက်ရတဲ့လူက ဘယ်မူလိုက်ရမှန်း မသိဘူး'

'မူဟာ တစ်မူတည်း ရှိတယ်၊ ခု ကျွန်တော်ပြောတဲ့မူက တစ်ကမ္ဘာ လုံးသုံးတဲ့မူနဲ့လည်း ကိုက်တယ်၊ မြန်မာနည်းနဲ့လည်း မှန်တယ်၊ ဥပမာ·· ဒုံးဆိုတာဟာ ကမ္ဘာသုံးတဲ့နည်းနဲ့ဆိုရင် ဘားလို့ ခေါ်မှာပေါ့၊ ဘိ ဆိုတာ က ဝါးချက်သဘောပဲ၊ ကမ္ဘာမှာ စနစ်ကျတဲ့ သီချင်းတွေ၊ တီးချက် တွေ မှန်သမျှ ဝါးချက်ကို တွက်ရင် ရှစ်ဝါး၊ ဆယ့်ခြောက်ဝါး၊ သုံး ဆယ့်နှစ်ဝါး၊ ခြောက်ဆယ့်လေးဝါး ဒီလိုပဲ ရှိတယ်၊ ခွဲလိုက်ရင် စုံကျန်ရ တယ်၊ မစုံရင် ဘိအောက်တယ်လို့ ခေါ်တယ်၊ ဥပမာ…ရေကင်းကို တီး တော့ ပလုတ်တုတ်တုတ်ဒူ ဆိုတဲ့ မောင်းချက်ကို သတိထားမိမှာပေါ့၊ အဲဒီ ဒူ… ဆိုတဲ့ မောင်းသံဟာ နှစ်ဝါးမှာ တစ်ခါတီးတယ်၊ ဒီတော့ ရှစ်ဝါးဆိုရင် လေးချက် တီးရမယ်၊ တကယ်လို့ ကိုးဝါးဆိုရင် ဒီမောင်း ချက် ဒုံးချက်တွေဟာ တီးလို့မရဘူး၊ တစ်ဝက်နဲ့ ကန့်လန့် တင်နေမယ်၊ ဒါကြောင့် တီးချက်တွေ၊ သီချင်းတွေမှာ ဝါးမစုံရင် ဒုံးကျိုးတယ်လို့

ခေါ်တယ်၊ စည်းမကျိုးဘူး၊ ဒုံးကျိုးတယ် ဆိုတဲ့စကားဟာ ဒီက လာတာ ပဲ…'

'ဒီတော့ ခင်ဗျား တီးတာဟာ ကိုးဝါးဖြစ်နေတယ်၊ ကဲ… ကျွန်တော် တီးပြမယ်၊ ခင်ဗျား စီးလိုက်ပြီး မှတ်ပေတော့'

မ,သည် ပါးစပ်အဟောင်းသားနှင့် ကိုဘခက်အား ငေး၍ကြည့်နေမိသည်။

ကိုဘခက်၏ စကားများကိုကား ဘာမှ ငြင်းချက်မထုတ်နိုင်တော့ချေ။

လက်ထဲမှ စောင်းကိုသာ ကိုဘခက်အား လှမ်းပေးလိုက်ရတော့သည်။

ကိုဘခက်က စောင်းကို ယူလိုက်ပြီးလျှင် ကျင်လည်စွာ စမ်းလိုက်သည်။

မ,က အလိုက်သိစွာပင် စည်းကို ကောက်၍ကိုင်လိုက်သည်။

'စည်းနဲ့ဝါး… စည်းနဲ့ဝါး'

'ထံတျာတေရှင်…ထံတျာတေရှင်… ဒရန့်…ဒရန့်…ထံတျာတေရှင်'

မ,သည် ကိုဘခက်တီးသော အကွက်များကို အာရုံစိုက်၍ မှတ်ထားလိုက်သည်။

ကိုဘခက် တစ်ခေါက်ဆုံးသွားလျှင် မ,သည် အားကျမခံ စောင်းကို လှမ်းယူလိုက်ပြီးလျှင် ထံတျာတေရှင်ကို ကိုဘခက် တီးသည့်အတိုင်း တီးပြလိုက်သည်။

ဦးကျော်ဒင်သည် ဆေးပြင်းလိပ်ခဲ၍ ဇိမ်နှင့် နားထောင်နေသည်။

ကိုဘခက်ပြောသော စကားများကိုလည်း ကျေနပ်ဟန်ရှိသည်။ သီချင်းဆုံးလျှင် နေရာမှထ၍ အနားသို့ ရောက်လာသည်။

'ဟုတ်တယ်ဟေ့… မောင်ဘခက်ပြောတဲ့အတိုင်းဆိုရင် တို့မြန်မာ ဂီတဟာ နိုင်ငံခြားဂီတနဲ့ ဘာခြားသေးလဲ၊ စည်းကျိုး ဒုံးကျိုးဆိုတာ သတိထားရမယ်၊ တချို့ ပညာသည်တွေဟာ စည်းဝါးလောက်ပဲ ဂရုစိုက်ကြတယ်၊ ဒုံးကို ဂရုမစိုက်ကြဘူး၊ သမီးရေ… ရပြီးသားဆိုပြီး မပေါ့

http://www.cherrythitsar.org



နဲ့ဟော့၊ မောင်ဘခက် သင်တဲ့အတိုင်း အကုန်ပြင်ပြီး မှတ်ထား၊ ကြားလား'

'ဟုတ်ကဲ့ ဖေဖေ၊ မ, အားလုံး ပြန်ပြင်နိုင်ပါတယ်'

မ,သည် ထံတျာတေရှင်ပင် နောက်တစ်ကျော့ပြန်၍ တီးလိုက်သည်။

ကိုဘခက်က စည်းလိုက်ပေးရင်း အနည်းငယ်မှားသော အဝင်အထွက် အတွဲအဖက်ကလေးများကို ပြင်ပေးလိုက်သည်။ မ,သည် ကိုဘခက်က နှုတ်ဖြင့် သတိပေးလိုက်လျှင် အလွယ်တကူလိုက်၍ ပြင်နိုင်လေသည်။

'ကဲဟော့… မောင်ဘခက်၊ ဦး အပြင်သွားလိုက်ဦးမယ်၊ မ,နဲ့မော်ကိုတော့ ဖိဖိစီးစီး သင်ပေးပါကွယ်၊ မွန်က ဒီနှစ် ကျောင်းစာက အရေးကြီးနေတယ်၊ ကောင်းကောင်းသင်နိုင်မှာ မဟုတ်ဘူး'

ဦးကျော်ဒင် ထွက်သွားသောအခါ မ,သည် နောက်တစ်ကျော့ပင် ဆုံး၍သွားပြန်သည်။

'မ, ဒီသီချင်း ရပါပြီ ဆရာ၊ နောက်တစ်ပုဒ် တက်ရမလား'

'သီချင်းတက်ရာမှာ လောဘမကြီးပါနဲ့၊ ဒီသီချင်းကို သုံးရက်ကြေအောင် တက်ပြီးမှ နောက်တစ်ပုဒ်ကို တက်ရမယ်'

မ,သည် ကိုဘခက်ကိုစိုက်၍ကြည့်နေလိုက်သည်။ သူ့စိတ်ထဲတွင်ကား ကျေနပ်ပုံ မရချေ။ ရပြီးသားသီချင်းကို ထပ်၍ တီးနေရသည်ကိုလည်း ငြီးငွေ့မိလေသည်။

'မ, သီချင်းတွေတက်ပြီးသားပါ ဆရာ၊ ထံတျာ၊ သီတာ၊ သာယာ၊ ဝေဘာ၊ ထွေတလာအထိ တက်ပြီးပြီ'

ကိုဘခက်သည် မ,ကို မကြည့်ဘဲ ခပ်ပြတ်ပြတ် ပြန်၍ ပြောလိုက်သည်။

'တက်ပြီးပေမယ့် ပြန်ဆေးရမှာပဲ၊ ကျုပ် သင်ရမယ် ဆိုရင်တော့ ကျုပ်ကြိုက်တဲ့ စနစ်အတိုင်း ပြုပြင်ရမှာပဲ'

ကိုဘခက်၏ ပြတ်တောင်းလှသော စကားကြောင့် မ,မှာ အခံရခက်သလို ရှိတော့သည်။

http://www.cherrythitsar.org



'ဒီလိုသာ ပြင်နေရင်တော့ ဆရာ၊ ဘယ်တော့မှ ဆုံးတော့မှာမဟုတ်ဘူး၊ တစ်ယောက်တစ်မျိုး လိုက်ပြီး ပြင်နေရမှာပေါ့'

'ထံတျာတေရှင်ဟာ ဂီတရဲ့ သဒ္ဒါပဲ၊ အခြေခံဆိုလည်း ဟုတ်တယ်၊ သူ့ကို ကျေရင်၊ သဘောပေါက်ရင် နောက် သီချင်းတွေအတွက် မခက်တော့ဘူး၊ ဒါထက် ခင်ဗျားက ကြည့်တော့သာ ပျော့ပျော့ညက်ညက်နဲ့ တော်တော် ခေါင်းမာပုံရတယ်'

'ရှင်··· မ,ကို ခေါင်းမာတယ် ဟုတ်လား၊ ခေါင်းမာတယ်ပဲ ထားပါဦး၊ မ, ခေါင်းမာတာနဲ့ ထံတျာတေရှင်နဲ့ ဘာဆိုင်လို့လဲ ဆရာ'

'ဆိုင်လို့ ကျုပ် ပြောနေတာပေါ့၊ မဆိုင်ဘဲ လေကုန်ခံပြီး စကားမပြောတတ်ဘူး၊ ခင်ဗျား စိတ်ဓာတ်ကိုသိမှ သင်ပြရတာ အဆင်ပြေမှာပေါ့၊ ဒါထက်··· နေပါဦး၊ ခင်ဗျားနာမည်က မ, တစ်လုံးတည်းပဲလား၊ မ,ဆိုတာ ရှေ့ကခံတဲ့ အလုံးပဲ၊ သူ့နောက်မှာ ပါရဦးမှာပေါ့၊ မနီ၊ မဖြူ ဆိုတာမျိုးလိုပေါ့၊ ခင်ဗျားနာမည်မှာရော မပါဘူးလား'

'မ,က တိုတိုပြတ်ပြတ်ပဲ ကြိုက်တယ်၊ ဖေဖေကလည်း ဒီလိုပဲ ကြိုက်တယ်၊ ပြီးတော့လည်း လူတကာသုံးလို့ ရိုးနေတာလည်းမကြိုက်ဘူး၊ ကလက်အောင် ဆန်းနေတာလည်း မကြိုက်ဘူး၊ ရိုးရိုးနဲ့ ထူးခြားတာကိုကြိုက်တယ်၊ မ,ရဲ့ နာမည်ရင်းဟာလည်း ခေါ်ရိုးခေါ်စဉ်အတိုင်းခေါ်ရင် မမပေါ့၊ ဒီ မ,တစ်လုံးဟာ အလကားပိုနေတယ်၊ ပြီးတော့လည်း မမဆိုတဲ့နာမည်ဟာ သူများအပေါ်မှာ စီးပိုးလွန်းတယ်၊ ဒါကြောင့် မ,တစ်လုံးတည်း မှည့်ထားတာ'

ကိုဘခက်သည် စောင်းကို စမ်းနေလိုက်သော်လည်း မ,၏စကားများကို စိတ်ဝင်စားနေမိသည်။

'ဒါပေမယ့် မ,ဆိုတဲ့ နာမည်ဟာ ခင်ဗျားထင်သလို အကောင်းဘက်ချည်း တွေးလို့မရဘူး၊ အဆိုးဘက်ကတွေးရင်လည်း ရတယ်၊ မ,ဆိုတဲ့ နာမည်ဟာ မွန်မြတ်တယ်၊ သိမ်မွေ့တယ်၊ မေတ္တာဓာတ်ပါတယ်၊ မိုးရေလိုအေးပြီး မာလာပန်းလို မွှေးတယ်၊ ဒါက အကောင်းဘက်ကတွေးလို့ ရတဲ့သဘော၊ အဆိုးဘက်ကတွေးရင် မ,ဆိုတဲ့ နာမည်အရ မာန်မာန ကြီးတယ်၊ မောဟလွှမ်းမယ်၊ မှိုင်းလိုမှုံးဝေပြီး မီးလို ပူနိုင်တယ်၊ ဒါ့ထက် ဆိုးတာတွေ ပြောရရင် လူတွေ မုန်းတတ်တယ်၊ မော်ကြွားတတ်တယ်၊

http://www.cherrythitsar.org



မောက်မာတတ်တယ်၊ မိုက်မဲယုတ်မာတတ်မယ်၊ အဆိုးဆုံး ပြောရရင် မိစ္ဆာ...'

'ဒီမှာ ဆရာ... ဆရာ့ကို ဗေဒင်မေးနေတာ မဟုတ်ပါဘူး၊ စောင်းသင်နေတာပါ'

'အင်းလေ... ကျုပ်ကလည်း ဗေဒင်ဟောနေတာ မဟုတ်ပါဘူး၊ နာမည်တစ်ခုရဲ့အနက်အဓိပ္ပာယ်ကို ပြောနေတာပါ၊ ဗေဒင်ကို ကျုပ်ကလည်း မယုံပါဘူး၊ ဗေဒင်ဆိုတာ ကိုယ့်ကိုယ်ကို မယုံတဲ့လူတွေကို မေးတာပဲ၊ ကိုယ့်ကိုယ်ကို ဘာဖြစ်မယ်ဆိုတာ မသိလို့ တခြားလူ မေးရတာဟာ အမှန်တော့ ရှက်စရာ အကောင်းဆုံးအလုပ်တစ်ခုပေါ့၊ ကျုပ်ဘဝရဲ့ ဗေဒင်ကို သူများမေးစရာ မလိုဘူး၊ ကျုပ်ဘာသာကျုပ် ဟောနိုင်တယ်၊ ကျုပ်ဘာဖြစ်မလဲဆိုတာ ကျုပ် အရည်အချင်းနဲ့ ကြိုးစားမှုက အဆုံးအဖြတ်ပေးမှာပဲ၊ မမာမကျန်း ဖြစ်ရင်လည်း ကျုပ် ဗေဒင်မမေးဘူး၊ ဆရာဝန်ဆီသွားမှာပဲ'

မ,သည် ကိုဘခက်အား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိသည်။

မ,စိတ်ထဲတွင်ကား လူထူးလူဆန်းတစ်ယောက် တွေ့နေသလို ထင်မိသည်။

'ဆရာ့စကားအတိုင်းပြောရရင် ဆရာလည်း ကိုဘခက်ဆိုတဲ့နာမည်နဲ့လိုက်အောင် အတော်ခက်မယ့် လူတစ်ယောက်ပဲ၊ ပြောရဆိုရလည်း ခက်တယ်၊ ဆက်ဆံရတာလည်း ခက်တယ်၊ နောက်ဆုံးကျရင် ဆရာကိုယ်တိုင် အခက်တွေ့ရမှာပဲ'

ကိုဘခက်သည် မ,၏စကားကို နားထောင်ရင်း တုန်လှုပ်ခြင်းမရှိ ပကတိတည်ငြိမ်စွာဖြင့် ပြုံးလိုက်သည်။

'ခက်တာနဲ့လွယ်တာ ဘယ်ဟာက တန်ဖိုးရှိလဲ၊ ဥစ္စာပစ္စည်းပဲဖြစ်ဖြစ်၊ အတတ်ပညာပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အဖက်ဖက် ခက်တယ်၊ လွယ်လွယ်နဲ့ရရင် ဘယ်တော့မှ တန်ဖိုးမရှိဘူး၊ အဲသလိုမှန်ကန်တဲ့ ကျော်စောမှုနဲ့ အောင်မြင်မှုကို လိုချင်ရင် အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ရမှာပဲ၊ ဒီတော့ ကျုပ်အနေနဲ့ ခက်တယ်ဆိုတာကို တန်ဖိုးထားတယ်၊ အခက်အခဲနဲ့လည်း ရင်ဆိုင်ချင်တယ်'

http://www.cherrythitsar.org



မ,သည် ဘာမျှ ဆက်မပြောနိုင်တော့ချေ။ ကိုဘခက်အား လုံးလုံး အလျှော့ပေးရမလို ရှိတော့သည်။ အမှန်၌လည်း ရုတ်တရက်အားဖြင့် ကိုဘခက်ပြောသော စကားများသည် ခံပြင်းစရာ ကောင်းလှသော်လည်း ပြန်တွေးလျှင်ကား ငြင်းစရာတစ်ကွက် မရှိချေ။

ကိုဘခက်သည် သူ့စကားများကြောင့် ငြိမ်သွားမည်ကို ရိပ်မိကာ စောင်းကို ကောက်၍ ကိုင်လိုက်သည်။ ကိုဘခက် စမ်းလိုက်သော စောင်းသံကို ကြားလိုက်ရသောအခါ မ,သည် စောစောက ပြောခဲ့သော စကားများကိုပင် မေ့ပျောက်၍ သွားလေသည်။ စောင်းသံ၌သာ နစ်မျောနေမိသည်။ ကိုဘခက်၏ စောင်းသံကား ခံ့ညားသလောက် သိမ်မွေ့နူးညံ့လှသည်ကိုလည်း ခံစားလိုက်မိသည်။

'ကဲ… စောင်းသံရဲ့ အရသာကို ခံစားချင်ရင် ကျုပ် သီချင်း တစ်ပုဒ် ဆိုပြမယ်၊ သင်ရိုးကြီး တတေတေ တီးနေရတော့လည်း ငြီးငွေ့မှာပဲ၊ နားမှာသာတဲ့ သီချင်းကို နားထောင်လိုက်ရတော့ အလိုလို စိတ်ပါလာတယ် မဟုတ်လား'

'ဟုတ်ကဲ့ ဆရာ'

ခုတစ်ကြိမ်တွင် မ,သည် ကိုဘခက်၏စကားကို အလိုလိုထောက်ခံမိလျက်သား ရှိတော့သည်။ အမှန်တော့လည်း မ,ကိုယ်တိုင်က ကိုဘခက် လက်သံကို တစ်ပုဒ်လောက် နားထောင်ချင်သည်။ ကိုဘခက်သည် စောင်းကိုစမ်းရင်းပင် သူ တီးပြမည့် သီချင်းအကြောင်းကို ရှင်းပြလေသည်။

'ခုတီးမယ့် ကြိုးက ရှေးကြိုးဟောင်းလို့ ခေါ်တယ်၊ ဘီလူးမစည်းသံလို့လည်း ခေါ်တယ်၊ ဒါပေမယ့် မယ်ဘွဲ့ထဲမှာ သူက ကရုဏာရသကိုပေါ်တယ်၊ ကဲ… ဝါးချပေး'

ကိုဘခက်သည် လွှဲ၍နေသောကြိုးဝိုင်းထဲသို့ အလျင်ဝင်လိုက်သလို မ,တီးနေသော စည်းချက်နှင့် အကိုက် ဝင်လိုက်သည်။ ကြိုးခံဆုံးလျှင် သီချင်းကို ခပ်တိုးတိုးဆို၍ တီးလိုက်သည်။

'ကြိုင်မွှေး လှိုင်ပြေးနယဉ်ကျေး
ယဉ်ကျေးဖြူဖြူ မင်းလိုအူငယ်ရာကိုပင်တည့်လေး။
ကြီးလို့မူယာ မတတ်ပါမျက်သာ လွှန်ကဲငင်ခဲ့လေး'

http://www.cherrythitsar.org



မ,သည် စည်းကိုလိုက်ရင်း သီချင်းအနက်အဓိပ္ပာယ်ကို တွေးနေမိသည်။ သို့ တွေးလိုက်သောအခါ ကလေးဆန်လှသော နန်းတွင်းသူ လှပျိုကလေးတစ်ယောက်ကို မျက်စိထဲ၌ မြင်လာသည်။ သီချင်းအနက်အဓိပ္ပာယ်ရင်းက ဘာကို ဆိုသည်ကို မသိသော်လည်း သူ့စိတ်ကူးနှင့် သူတွေးရင်း ကိုဘခက် ပြောသလို ကရုဏာရသကို ခံစားလာရသည်။

'နန်းရံငယ် စံခင်းမယ်ချည့်ကိုပင်ထွက်စိုးနှင်း
စက်ရင်းမှာ ညနေ့ ခြံရံလာ၊ သန်းရွှေကိုပင်နမွေး
ရွှန်းလူမင်းရွှေအူ ကြည်ဖြူကောင်းပါငဲ့လေး'

ကိုဘခက် တီးသောအကွက်များသည် မ,နားထဲတွင် ဆန်းနေသည်။ အဆိုအပိုဒ်တွင် သီချင်းစာသား၏ အနက်အဓိပ္ပာယ်ကို ခံစားရသလို အတီးပိုဒ်တွင် ကိုဘခက်၏တီးဟန်ကို ခံစားရလေသည်။

သီချင်းဆုံးသွားသောအခါ မ,သည် ကိုဘခက်အား ကြည်ညို လေးစားသော မျက်လုံးများဖြင့် ကြည့်နေရှာသည်။

'ဒီလို သီချင်းမျိုးတွေ မ, သိပ်တီးတတ်ချင်တာပဲ ဆရာ၊ မ, ကြိုးစားပါ့မယ်၊ မ,ကိုသာ မြန်မြန်တတ်အောင် သင်ပေးပါ'

ခုလိုကျပြန်တော့လည်း မ,သည် ကလေးငယ်ကဲ့သို့ သူ့စိတ်ထဲတွင် ရှိသည့်အတိုင်း ပြောချလိုက်သည်။ မ, ပြောလိုက်သော အမူအရာကို ကြည့်ခြင်းအားဖြင့် သီချင်းကို မည်မျှ စိတ်ဝင်စားကြောင်း ထင်ရှားလာပေသည်။

ကိုဘခက်ကမူ စောင်းကို ဘေးသို့ချလိုက်ပြီးလျှင် ဆေးပေါ့လိပ် တစ်လိပ်ကိုယူ၍ မီးညှိလိုက်သည်။

'နှစ်လသုံးလလောက် သည်းခံလိုက်ရင် သီချင်းတွေကို တီးနိုင်ပါတယ်၊ ကြိုးသင်ရိုး ဆယ့်သုံးပုဒ်ကိုသာ ပိုင်ရင်တော့ နောက်ပိုင်းကို ကြောက်စရာ မလိုတော့ပါဘူး၊ ကြိုးဆယ့်သုံးပုဒ်ကိုတော့ သည်းခံပြီး သင်ရလိမ့်မယ်'

'စိတ်ချပါ ဆရာ၊ မ, သင်ရိုးကျွတ်အောင် သင်မယ်၊ တစ်နေ့ကို နှစ်နာရီသုံးနာရီ အချိန်ပေးနိုင်ပါတယ်'

ကိုဘခက်သည် မ,၏ အနုပညာဝါသနာကြီးပုံကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးမိသည်။

http://www.cherrythitsar.org



ထိုအတွင်း မော်သည် ခုန်ပေါက်၍ ဝင်လာသည်။ ပါးစပ်မှလည်း အရှုးချေးပန်း သီချင်းတစ်ပုဒ်ကို ဆိုလိုက်သေးသည်။ သို့ဆိုရင်း တင်ကလေးကို ဘယ်ညာလှုပ်၍ ကပာန်ပြုလိုက်သည်။ ပြီးမှ မ,အနားသို့ ဝင်၍ ရပ်လိုက်သည်။

'ဟေး… မ,က စောင်းစ,သင်နေပြီလား၊ မော်တို့တော့ စောင်းကို မသင်ချင်ဘူး၊ ဆရာ… မော့်ကို စန္ဒရား သင်ပေးပါ ဆရာနော်၊ ပက်ဘွန်းဆိုတဲ့ သီချင်းတွေနဲ့ မာမာအေးဆိုတဲ့ ရွှေမန်းမေသီချင်း တီးတတ်ရင် တော်ပြီ ဆရာ၊ ဆရာ့ကို ဘန်ကောက်လုံချည်တစ်ထည် ကန်တော့မယ် ဆရာ၊ သင်ပေးပါနော် ဆရာ'

မ,သည် မော့်အတွက်ကြောင့် ကိုဘခက်ကိုပင် အားနာမိသည်။ မော်သည် ကလေးဆိုးလေးတစ်ယောက်လို သူထင်ရာကို ပြောတတ်လေသည်။

'ဟဲ့… မော်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ စ,သင်တယ်ဆိုတာ ထံတျာတေရှင်က သင်ရတယ်၊ နောက်… တီးတတ်တော့မှ ကိုယ်တီးချင်ရာ တီးရတယ်၊ နားလည်းမလည်ဘူး၊ လျှောက်ပြောနေတာပဲ'

'အံမယ်… မ,ကလည်း မော် မသိဘဲ နေပါ့မလား၊ ဒီသီချင်းတွေတော့ မော် မသင်ချင်ဘူး၊ ဒလုတို့၊ ဒလုပ်တို့၊ ဘာတွေမှန်း မသိဘူး၊ ရှုပ်ပါတယ်'

မ,သည် သူ့ညီမအတွက် ကိုဘခက်ကို တောင်းပန်လိုက်ရသည်။ ကိုဘခက်ကမူ မော့်ကို ကလေးငယ်ကဲ့သို့ ခွင့်လွှတ်သည်။

'ဆရာ… ဒီကောင်မလေး ဒီလိုပဲ ပြောချင်ရာ စွတ်ပြောနေတာပဲ၊ သူ့ကို ဖွေယူလို့တော့ မရဘူး ဆရာ'

ကိုဘခက်သည် မော့်ကိုသာ စိုက်၍ကြည့်နေသည်။ မော်သည် ကြောင်အမ်းအမ်းဖြင့် ကိုဘခက်နှင့် မ,ကိုသာ တစ်လှည့်စီ ကြည့်နေလိုက်သည်။

'မော်… ဒီသီချင်းတွေကို တီးချင်ရင် သုံးလသည်းခံရမယ် ကြားလား၊ ဘယ်ပညာမဆို အခြေခံတော့တတ်ရမယ်၊ နောက်မှ ကိုယ်လုပ်ချင်ရာကို လုပ်နိုင်တယ်၊ အင်္ဂလိပ်စာအခြေခံမှ မတတ်ဘဲ ရိုက်စပီးယား

ပြဇာတ်ကို ဖတ်ချင်လို့ ဖြစ်မလား၊ ဒီလိုပဲ ဘယ်ပညာပဲဖြစ်ဖြစ် အခြေခံ ကလေးကိုတော့ သည်းခံပြီး သင်ရတယ် မဟုတ်လား'

မော်သည် ကိုဘခက်၏စကားကို လက်မခံချင်သော်လည်း ဘာမှ ပြန်၍ မပြောနိုင်တော့ချေ။ အလိုမတူသော ကလေးငယ်ကဲ့သို့ ခေါင်းကို ငုံ့ထားလိုက်သည်။

'ဟုတ်တာပေါ့ မော်ရဲ့၊ မော် တီးချင်တဲ့ သီချင်းတွေလည်း ဆရာ သင်ပေးမှာပေါ့၊ ဒါပေမယ့် အခြေခံလေး ရအောင်တော့ သင်ရဦးမှာ ပေါ့၊ ဒါမှ ဟိုသီချင်းတွေကို လွယ်လွယ်နဲ့ တီးတတ်မယ်'

မ,က မော်ကို ချော့၍ ပြောလိုက်သည်။ မော်က စူဆောင့်နေ သော မျက်နှာကလေးကို ပြင်လိုက်ရင်း ခေါင်းကို အသာညိတ်လိုက် သည်။

'မော် နားလည်ပါတယ် မ,ရဲ့၊ ဒါပေမယ့် ဂရေစီတို့ကို ခံပြင်း လို့၊ ဂရေစီက ပါတီပွဲမှာဆိုရင် ဗိုလ်မလေး ကျနေတာပဲ၊ အမေရိကန် သီချင်းတွေကို ဆိုတီးပြနိုင်တယ်၊ မော်တို့ကို သူက သိပ်ကြွားတာပဲ၊ ပြီးခဲ့တဲ့ ဆန်းဒေးကတောင် မော် ဂရေစီကို ပြောခဲ့သေးတယ်၊ ဒီတစ်ခါ နွေကျောင်းပိတ်ရင် မင်းထက်သာအောင် တီးနိုင်ရမယ်လို့ ပြောခဲ့ တယ်'

မ,သည် မော်၏ စကားများကို နားထောင်ရင်း သက်ပြင်းကလေး မသိမသာ ချလိုက်မိသည်။

'ဖြစ်မှ ဖြစ်ရလေ မော်ရယ်၊ ဒါမျိုးဆိုတာ ခံပြင်းရင် ဖွင့်မပြော ရဘူး၊ ကျိတ်ပြီး သူများထက်သာအောင် ကြိုးစားရတယ်၊ ကိုယ်က သူ များထက် သာတော့လည်း နေရာတကာ ကြွားနေစရာမလိုဘူး၊ အခွင့်ကြုံမှ မသိမသာ ပြလိုက်ရုံရှိတယ်'

'မော် နားလည်ပါတယ် မ,ရဲ့၊ မော်တို့ကတော့ ရှင်းရှင်းပဲ၊ မကျေနပ်ရင် ဝမ်းထဲမှာ ကျိတ်မထားနိုင်ဘူး၊ ချက်ချင်း ပြန်နှက်လိုက် မှာပဲ၊ အချိန်ဆွဲမနေနိုင်ဘူး၊ ကဲ··· ကော်ဖီဆာပြီကွယ်၊ မ,တို့ သောက်ပြီး ကြပြီလား'

'မသောက်ရသေးဘူးလေ၊ မောင်အေးကို ပြောလိုက်ပေါ့'

http://www.cherrythitsar.org



'မောင်အေးရေ၊ ဟေ့… မောင်အေး၊ ကော်ဖီ ဖျော်ပြီးပြီလား၊ ဘယ်အချိန် ရှိပြီလဲ'

'အားလုံး ပြင်ပြီးပြီ မမလေး'

'နင့်ဘာနင် ပြင်ထားပြီး လာမပြောဘဲ သိပ်မလား၊ ဘယ်လို အူကြောင်ကြောင်တွေမှန်းလည်း မသိဘူး'

မော်သည် ထမင်းစားခန်းတွင် မောင်အေးနှင့် ဆူ၍နေတော့ သည်။ မ,က မသိမသာ ပြုံးလိုက်မိသည်။

'ကဲ… ဆရာ၊ ကော်ဖီ သောက်ရအောင်'

မ,တို့ ထမင်းစားခန်းသို့ ဝင်လာသောအခါ မော်သည် ပေါင် မုန့်ထောပတ်သုတ်များကို ပလုတ်ပလောင်း စားနေလိုက်သည်။ မ,က ကိုဘခက်အတွက် ကော်ဖီငှဲ့ပေးလိုက်ရင်း မုန့်ပန်းကန်ကို ရှေ့သို့ ထိုးပေး လိုက်သည်။

မော်သည် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ မုန့်ကိုသာ အားရပါးရ စားလိုက်သည်။

'မွန်တစ်ယောက်ရော မပြန်လာသေးဘူးလား'

'ဟင့်အင်း… ပြန်မလာသေးဘူး'

'လေးနာရီတောင် ထိုးနေပြီ၊ ဒီအချိန် ကလပ်စ် မရှိတော့ပါဘူး၊ ဘယ်များ လျှောက်လည်နေလဲ မသိဘူး'

'သူတို့က ပရက်တီကယ် ရှိတယ်မဟုတ်လား မော်ရဲ့၊ ဘယ်ပြော နိုင်မလဲ'

မော်သည် ပေါင်မုန့်ဘေးသားများကို နောက်သို့ လွှင့်ပစ်လိုက် သည်။

'ဘာလို့ မပြောနိုင်ရမှာလဲ မ,ရဲ့၊ ဗစ်တာနဲ့ လွတ်နေကြတာ၊ ဟိုနေ့ကလည်း ရုပ်ရှင်ကြည့်မယ် ဆိုပြီး မော်ရယ်၊ ဂရေစီရယ်၊ ဘလှ သန်းထွန်းရယ်ကို ဂလုပ်ရုံမှာ ချပေးပြီး သူတို့က ဘယ်မှာ လွတ်နေကြ တယ် မသိဘူး'

'ဒါလောက်တောင် မနေနိုင် မထိုင်နိုင်ဖြစ်နေကြရင် ယူလိုက်ကြ ပေါ့'

'ဟဲ့… မော်၊ မင်းပါးစပ် အပ်နဲ့ ချုပ်ထားစမ်း'

http://www.cherrythitsar.org



မော်သည် ဘာမျှ ပြန်မပြောတော့ချေ။ အသင့်ငှဲ့ပြီးသား ကော်ဖီကို တစ်ကျိုက်တည်း မော့၍သောက်လိုက်ပြီးလျှင် ထွက်သွားလေသည်။

မ,ကမူ မော်ကိုကြည့်ရင်း ရင်လေးမိသည်။ မော်သည် ကောလိပ်သို့ ရောက်နေသော်လည်း ကလေးစိတ်ကား မပျောက်သေးချေ။ ထင်ရာလုပ် ထင်ရာပြော ကလေးဆိုးလေးကဲ့သို့ အမြဲတမ်း သူက အနိုင်ယူတတ်သည်။

'မော်ဟာ ခုထိ ကလေးလိုပဲဆရာရယ်၊ သိပ်စိတ်ညစ်စရာကောင်းတာပဲ'

'ဒီအရွယ်တွေဟာ ဒီလိုပဲ၊ မြီးကောင်ပေါက် အပျိုသင်စဆိုတော့ ထိန်းလို့မရသေးဘူး၊ သူတို့စိတ် သန်ချင်ရာ သန်တတ်တယ်၊ ပြောချင်တာ လုပ်ချင်တာဆိုရင်လည်း ဘာမှ စဉ်းစားမနေဘူး၊ ချုပ်တည်း မနေဘူး၊ ကောင်းတာက ဝါသနာတစ်ခုခုထဲမှာ စွဲလမ်းနေရင် ကောင်းတယ်၊ စိတ်လည်း ငြိမ်သွားတယ်'

'မော်ကတော့ ဘာမှ စွဲစွဲလမ်းလမ်းရှိမှာ မဟုတ်ဘူး ဆရာ၊ ခပ်ပေါ့ပေါ့ပဲ နေသွားမှာပဲ၊ သူသိတာက ကောင်းကောင်းစားမယ်၊ ကောင်းကောင်း အိပ်မယ်၊ ဒါပဲသိတယ်၊ မ,တို့ ညီအစ်မသုံးယောက်ထဲမှာ မော်တစ်ယောက်ကတော့ တစ်ဘာသာပဲ ဆရာ၊ မ,နဲ့လည်း မတူဘူး၊ မွန်နဲ့လည်း မတူဘူး၊ မွန်ဆိုရင် သိပ်ရည်မှန်းချက်ကြီးတယ်၊ မက်ထရစ်မအောင်ခင်ကတည်းက ဆရာဝန်မဖြစ်ရမယ်ဆိုပြီး ကြိုးစားတာ၊ သူရည်မှန်းတဲ့အတိုင်း ဖြစ်တာပဲ၊ ဖေဖေက မွန် ဆရာဝန်ဖြစ်ရင် ဆေးတိုက်ဖွင့်ပေးမယ်တဲ့၊ မွန်ဟာ မ,ထက် မာနကြီးတယ်၊ ပြတ်သားတယ်၊ သူလိုချင်တာကို မရရအောင် ယူတယ်၊ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်တယ်၊ မ,အနေနဲ့ဆိုရင် လောကမှာ စိတ်အေးအေးချမ်းချမ်း နေရရင် တော်ပြီ၊ အပင်ပန်းလည်း သိပ်မခံချင်ဘူး၊ စိတ်ဆင်းရဲလည်း သိပ်မခံချင်ဘူး၊ ရည်မှန်းချက်လည်း သိပ်မကြီးချင်ဘူး၊ ရည်မှန်းတဲ့အတိုင်း ဖြစ်ရင်တော့ ကောင်းတယ်၊ မဖြစ်ရင် ပင်ပန်းရတယ်၊ ဒီတော့ ရောင့်ရဲနိုင်တဲ့စိတ်ကိုလည်း မွေးဖို့ ကြိုးစားပြန်တယ်၊ မော်ကတော့ ဒီလိုမဟုတ်ဘူး၊ မွန့်လိုလည်းရည်

http://www.cherrythitsar.org



မှန်းချက်မရှိဘူး၊ မ,လိုလည်း ရောင့်ရဲနိုင်တဲ့စိတ်ရှိမှာမဟုတ်ဘူး၊ ဒီကလေးမ အတွက်ဟာ တော်တော်ခက်တယ်'

မ,က မော့်အကြောင်းကို ပြောနေသော်လည်း ကိုဘခက်၏ စိတ်ထဲ၌ကား မ,အကြောင်းကိုသာ စိတ်ဝင်စားနေသည်။ မော့် အကြောင်းကို ပြောရင်းမှ သူတို့ညီအစ်မသုံးယောက်၏ စိတ်နေစိတ်ထား ရည်မှန်းချက်များကို နှိုင်းယှဉ်ပြလိုက်သောအခါ ကိုဘခက်သည် မ,ကို ပို၍ လေးစားလာမိသည်။

မ,သည် လူများ၏သဏ္ဌာန်ကိုသာ မြင်နိုင်စွမ်းရှိခြင်း မဟုတ်၊ သူ့ကိုယ်သူလည်း ပြန်၍ မြင်နိုင်စွမ်းရှိသူ ဖြစ်သည်။ သူ့ကိုယ်သူမြင်ရာ၌ လည်း အထင်ကြီးမှုမပါ၊ နှိမ့်ချသော အမြင်မျိုးဖြင့်သာ မြင်တတ်သည် မှာ လေးစားစရာ ကောင်းလှသည်။

အမှန်၌ မ,လို အသက်အရွယ်လောက်ဖြင့် ဤမျှ ရင့်ကျက်သော အတွေးအခေါ်မျိုးကို တွေးခေါ် ဝေဖန်နိုင်ခြင်းမှာ ချီးကျူးစရာ ဖြစ်လေ သည်။

ကိုဘခက်သည် မ,ကို ကြည့်နေရင်းမှာ သူ၏ ထင်မြင်ချက်ကို အဆက်အစပ် မရှိဘဲ ဖွင့်ထုတ်လိုက်သည်။

'ခင်ဗျား တွေးခေါ်ပုံတွေဟာ နက်နဲသားပဲ၊ အနုပညာသည် တစ်ယောက် ဖြစ်ချင်ရင် အတွေးအခေါ်လည်း နက်နဲမှ၊ စိတ်ဓာတ်လည်း လေးနက်မှ တကယ်တမ်း ထက်မြက်တဲ့ ပညာရှင်တစ်ယောက် ဖြစ်နိုင် တယ်၊ ကျော်ကြားမှုကို မလိုလားဘဲ ပညာကိုသာ တကယ်လိုက် စားရင်တော့ ခင်ဗျားဟာ ပညာရှင်ကောင်း တစ်ယောက် ဖြစ်နိုင် တယ်'

ကိုဘခက်သည် ပြောပြောဆိုဆိုပင် နေရာမှထ၍ သွားလေသည်။ မ,သည် ကိုဘခက်ကို ကြောင်ကြည့်နေမိသည်။ မော့်အကြောင်းကို ပြောနေရင်းမှ မဆီမဆိုင် သူ့အကြောင်းကိုသာ ဝေဖန်သွားသော ကိုဘခက်ကို နားမလည်နိုင်အောင် ရှိတော့သည်။

ကိုဘခက်သည် သူ စိတ်ဝင်စားသော အရာကိုသာ ပြုမူပြောဆို တတ်သော လူတစ်ယောက်ဖြစ်ကြောင်းကို မ,က ကောင်းကောင်း ရိပ်မိ လေသည်။

http://www.cherrythitsar.org



အမှန်ဆိုတော့လည်း မ,လို မိန်းကလေး တစ်ယောက်အတွက် ကိုဘခက်သည် လူထူးလူဆန်းကြီးတစ်ယောက် ဖြစ်နေရသည်မှာ ဘာမျှ မဆန်းတော့ချေ။

●

(၄)

ကနေ့ည ကိုဘခက်သည် ထမင်းစားပြီးကတည်းကပင် အခန်းတွင်း၌ စာဖတ်နေသည်။ အပေါ်ထပ်ဆီမှ မ, စောင်းသံကို ကြားရသည်။ မ,သည် ည ကိုးနာရီထိုးလျှင် စာကြည့်ချိန်ကို တစ်နာရီနား၍ စောင်းတီးတတ်သည်။ ပြီးမှ စာကို ဆက်ကြည့်တတ်သည်။ ယခုလည်း မ,သည် နေ့ခင်းက ကိုဘခက် အသစ်တက်ပေးထားသော သာယာသီချင်းကို အကြိမ်ကြိမ်ပြန်၍ တီးနေသည်။

ကိုဘခက်သည် စာဖတ်နေရင်းမှ မ,တီးသော အကွက်များ မှန်မမှန် လိုက်၍ နားထောင်ကြည့်လိုက်မိသည်။ မ,သည် ကိုဘခက် တက်ပေးသည့်အတိုင်း တစ်လုံးမလွဲအောင် တီးနိုင်သည်ကို ကြားရသောအခါ စိတ်ထဲတွင် အလိုလို ကျေနပ်မိသည်။

ထိုအတွင်းမှာပင် ကားရပ်သံ ကြားလိုက်သည်။ မွန်၏အသံကိုလည်း ကြားရသည်။

'မော်ရေ… မ,ရေ လာကြပါကွယ်၊ ဒက်ဒီကိုလည်းပြောလိုက်ပါ၊ မာမီရော… မာမီ… မာမီ… အောက်ကို ခဏဆင်းခဲ့ပါ'

'လာပြီ… မွန်ရေ… မ,ရေ၊ မွန် ခေါ်နေတယ်၊ ဒက်ဒီ…ဒက်ဒီ'

အပေါ်ထပ်မှ အပြေးအလွှား ဆင်းလာသော အသံများကို ကြားရသည်။

ဦးကျော်ဒင်၏အသံလည်း ကြားရသည်။

'ဘာများလဲ၊ အထိတ်တလန့်… နင်တို့ဟာ၊ မော်ကို တော်တော် ကဲတယ်၊ ဘာဖြစ်ဖြစ် အလန့်တကြားချည်းပဲ'

ဧည့်ခန်းတွင် လူစုံလောက်သည့် အချိန်တွင် မွန်၏အသံကို ကြားရသည်။

'မောင်ရေ… ဟော့…မောင်၊ လာပါဦးကွယ့်၊ အံမယ်…သူ ရှက်နေတယ် ထင်ပါရဲ့၊ မော်ရေ… ဆရာ့ကို သွားခေါ်'

ကိုဘခက်သည် စာကြည့်နေရာမှ အခန်းပေါက်ဆီသို့ လှမ်း၍ ကြည့်လိုက်သည်။

မော်သည် အခန်းပေါက်ဝတွင် လာ၍ရပ်လိုက်သည်။

'ဆရာ… မွန်က ခဏကြွပါတဲ့ ဆရာ'

ကိုဘခက်သည် ဘာအကြောင်းမှမသိဘဲ ခပ်ကြောင်ကြောင်ဖြင့် အခန်းထဲမှ ထွက်ခဲ့လေသည်။ ဧည့်ခန်းစားပွဲ၌ မိသားစုအစုံ ဝိုင်း၍ ထိုင်နေကြသည်။

အားလုံးက ဘုမသိ ဘမသိဖြင့် ခပ်ကြောင်ကြောင်ထိုင်၍ နေကြသည်။

ဦးကျော်ဒင်သည် သူ့ဆေးပြင်းလိပ်ကို မီးညှိ၍ ဖွာလိုက်သည်။ ဗစ်တာသည် မရဲတရဲဖြင့် အနားသို့ လျှောက်လာသည်။ နောက်ဆုံး မ, တစ်ယောက်တည်း အိမ်ပေါ်မှ ဆင်းလာသည်။

အားလုံး စုံသောအခါ မွန်သည် သူ၏ ဘယ်ဘက်လက်ကို စားပွဲရှေ့တွင် ဖြန့်လိုက်သည်။

'ဒီမှာ ကြည့်စမ်း၊ ဒက်ဒီ မာမီ'

အားလုံးပင် မွန်၏ လက်သူကြွယ်တွင် စိန်လက်စွပ်ကလေး တစ်ကွင်းကို အရောင်တလက်လက်ဖြင့် မြင်ရသည်။

'ဘယ်နှရတီ ရှိမှန်းတော့ မသိဘူး မာမီ၊ ရှစ်ရာကျော် ပေးရတယ်၊ ဗစ်တာ ဝယ်ပေးတာ၊ ဗစ်တာနဲ့မွန် လက်ထပ်ဖို့ သဘောတူလိုက်ပြီ၊ ရှေ့လထဲ စထရင်းဟိုတယ်မှာ လက်ထပ်မယ်'

ဒေါ်ခင်မျိုးသန့်ကမူ ပြုံး၍နေသည်။

ဦးကျော်ဒင်သည် ဆေးပြင်းလိပ်ကို ပြာခွက်ထဲတွင်ထည့်၍ ခြေလိုက်သည်။

'ဒါဖြင့်လည်းဟာ လက်ထပ်ပြီးမှပြောရောပေါ့၊ ဘာလို့ အစောကြီး ကြိုပြောထားရလဲ'

မွန်သည် ဇစ်တာကို လှမ်းကြည့်လိုက်ရင်း မျက်နှာပျက်နေလေသည်။

ဒေါ်ခင်မျိုးသန့်သည် ငွေဘူးထဲမှ စီးကရက်ကို ထုတ်၍ မီးညှိလိုက်ရင်း ဟန်ပါပါ ဖွာလိုက်သည်။

'ရှင်က ဒီလောက်တောင် ခေတ်နောက်ကျရသလား၊ အစကတည်းက ရှင် မသိဘူးလား၊ လူကြီးဆိုတာ သိသာသိစေ၊ မမြင်စေနဲ့တဲ့၊ ရှင့်ကို ယူခဲ့တုန်းကရော ဘယ်လူကြီးတွေများ အသိပေးလို့လဲ၊ ခင်တို့ဟာ ခင်တို့ ရုံးတက် လက်မှတ်ထိုးတယ် မဟုတ်လား၊ ပြီးမှ ဧည့်ခံပွဲတစ်ခု ပေးလိုက်တာပဲ၊ အဲဒီတုန်းက ရှင့်အမေနဲ့တောင် ရန်ကုန်သူကို ယူရမလားဆိုပြီး ရန်တွေ့ခံရသေးတယ်'

'တော်စမ်းပါကွာ၊ ချေးခြောက် ရေနှူးမနေစမ်းပါနဲ့'

'ဟုတ်တာပေါ့၊ အခုတော့ ချေးခြောက် ဖြစ်ရောပေါ့၊ အစတုန်းကတော့ စံပယ်ပန်းကလေးကိုးရှင့်'

ဦးကျော်ဒင်သည် ပါးစပ်ကိုဖြဲ၍ ရယ်လိုက်သည်။

မော်က လက်ခုပ် တီးလိုက်သည်။

'ဟုတ်တယ်ကွ၊ ဒါမှ တို့မာမီ၊ ဒက်ဒီက မတရားဘူး'

ဦးကျော်ဒင်သည် စောစောက ပြောထားပြီးသော ဆေးပြင်းလိပ်ကို ပြန်၍ မီးညှိလိုက်သည်။

'အခုလည်း နွမ်းမပျက်တဲ့ ပန်းစံပယ်လေးပါပဲကွာ၊ အနံ့လည်း မပျက်၊ အဆင်းလည်းမပျက်တဲ့ တကယ့်နတ်ပန်းကလေးလို့ ထင်နေတုန်းပါပဲတဲ့ကွာ၊ ဟဲ... ဟဲ...'

'တော်စမ်းပါရှင်'

အားလုံးကပြုံးနေကြသည်။ မွန်က ဣန္ဒြေဖြင့် စကားကိုဖြတ်လိုက်သည်။

'ကဲ... ဒက်ဒီတို့ ဇာတ်လမ်းဟောင်းကြီးကို ပြန်ပြီး ဖွင့်မနေပါနဲ့၊ မွန့်ကိစ္စကို ပြောပါရစေ၊ ဇစ်တာက ဒီနှစ် ဘီအက်စီ အင်ဂျင်နီယာ နောက်ဆုံးနှစ် အောင်ရင် အမေရိကားသွားပြီး အမ်ဘီအက်စီဘွဲ့ ယူ

http://www.cherrythitsar.org



မယ်၊ ဒီတော့ အောင်ပြီးမှယူရင် မွန်တို့မှာ နေချိန် မရှိလိုက်ဘူး၊ ခု မြန်မြန်ပဲ လက်ထပ်ချင်တယ် ဒက်ဒီ၊ ဒါမှ စာမေးပွဲ ဖြေပြီးရင် နွေ ကျောင်းပိတ်ရက်မှာ ရှမ်းပြည်ဘက် အတူတူသွားပြီး အနားယူကြမယ်၊ ဟုတ်လား… မာမီ'

'ဟုတ်တာပေါ့၊ ချစ်စခင်စ ခွဲရတယ်ဆိုတာ ဘယ်ကောင်းမလဲ၊ ကဲ… ဇစ်တာက ပြောကွယ်၊ အန်တီတို့က ဘာလုပ်ရမလဲ၊ မင်္ဂလာစရိတ် ခံရမယ်ဆိုရင်လည်း ပြော'

ဇစ်တာသည် ခေါင်းငုံ့နေရာမှ မျက်နှာကို မော့လိုက်သည်။

'ကျွန်တော်တော့ ဒီတာဝန်ကို ကျွန်တော်ပဲ ယူပါရစေလို့ တောင်းပန်ချင်တာပဲ၊ တခြား အန်တီတို့ စီစဉ်ချင်တာတွေ စီစဉ်ပေါ့၊ အိမ်ကလည်း ပြောပြီးပါပြီ၊ နေရေထိုင်ရေးက စပြီး စီစဉ်ပြီးပြီ၊ အင်းလျားဘေးမှာ ဒက်ဒီ ဝယ်ထားတဲ့ တိုက်တစ်လုံးကို ကျွန်တော်တို့ အပိုင်ရမယ်'

'ဒီလိုတော့ မွန် လက်မခံဘူး မောင်၊ နှစ်ဦးအတွက် စီစဉ်ရတဲ့ ကိစ္စမှာ တစ်ယောက်တည်း တာဝန်ယူတယ်ဆိုတာ နည်းလမ်းမကျဘူး၊ နောက်တော့ သူ့ဘက်ကိုယ့်ဘက် စကားအတင်စီး မခံနိုင်ဘူး'

'မွန်ကလည်းကွယ်၊ ကိုယ် စိတ်မကောင်းအောင် ဒီလိုတော့မပြောပါနဲ့၊ ကိုယ်က မွန့်အပေါ်မှာ စေတနာအရင်းအတိုင်း စီစဉ်တာပါကွယ်'

'စေတနာအရင်းအတိုင်း စီစဉ်ရင် မျှတအောင်စီစဉ်၊ လူတစ်ယောက်ဟာ သူ့စေတနာကို အဓိကထားပြီး သူများက တုံ့ပြန်တဲ့ စေတနာကို လက်မခံဘူးဆိုရင် မတရားဘူး၊ မောင် စေတနာရှိသလို မွန်ကလည်း စေတနာမရှိရဘူးလား'

ဇစ်တာသည် ဘာမှ ပြန်မပြောတော့ချေ။ မွန် ပြောသော စကားများမှာ ရှင်းလင်းပြတ်သားလှသည်။

မ,ကိုယ်တိုင်ပင် မွန်၏မာနကိုအံ့သြမိသည်။ ကိုဘခက်ကမူ မ, ဝေဖန်ခဲ့သလို မွန်သည် ပြတ်သားသည်။ မာနရှိသည်။ ရည်မှန်းချက်ကြီးသူတစ်ယောက် ဖြစ်သည်ကို အကဲခတ်လိုက်မိသည်။

'ကဲပါကွယ်‥မွန်ကလည်း ဇစ်တာ စိတ်မကောင်းဖြစ်နေပါဦးမယ်၊ မင်္ဂလာစရိတ်ကို တစ်ဝက်စီခံမယ်၊ ပြီးတော့ မွန်တို့အတွက် ဒက်ဒီနဲ့မာမီ

http://www.cherrythitsar.org



က မွန်တို့ကြိုက်တဲ့ ကားတစ်စီး ဝယ်ပေးမယ်၊ ပြီးတော့ ဗစ်တာ နိုင်ငံခြား သွားရင် အဲဒီစရိတ်အတွက် မာမီက ခံမယ်'

'မလိုဘူး မာမီ၊ ဒါက လူပြောခံရတယ်၊ မာမီ ကူညီချင်ရင် အတွင်းပစ္စည်း ဝယ်ပေး၊ ဗစ်တာ့စရိတ်က သူ့မိဘက ခံလိမ့်မယ်၊ သမီး တို့က ခံစရာ မလိုဘူး၊ နို့မို့ရင် ယောက်ျားတစ်ယောက်ကို ဝယ်ယူရသလို ပြောစရာ ဖြစ်နေမယ်'

'ဟုတ်ပါတယ် အန်တီ၊ မွန်ပြောတဲ့အတိုင်း ကောင်းပါတယ်'

မွန်သည် ယောက်ျားတစ်ယောက်ကို စိတ်ကြိုက် ခေါင်းခေါက်၍ ယူလိုက်ကြောင်း မ,က ကောင်းကောင်း သဘောပေါက်လိုက်မိသည်။ မွန်၏ စကားများသည် ပြတ်သားလွန်းလှသည်ဟုလည်း မ,က ထင်မိ သည်။

မော်ကမူ မွန်၏ပခုံးကို လှုပ်ခါရင်း ခုန်ပေါက်နေသည်။

'ဟေး…ဟုတ်တယ်၊ ဟုတ်တယ်၊ မာမီပြောတာ မှန်တယ်၊ ဒါပဲ နော်… မော်တို့အလှည့်ကျရင်လည်း ဒီလိုပဲပေးရမယ်၊ ဘဲလ်ယားတစ်စီး၊ တိုက်တစ်လုံး၊ စန္ဒရားတစ်လုံး၊ တိတ်ရီကော်ဒါတစ်လုံး၊ ရေခဲသေတ္တာ ပြီးတော့ ဘဏ်မှာ ငွေ တစ်သောင်း သွင်းပေးရမယ်၊ ဟုတ်လားနော်… မာမီ၊ မော်က အငယ်ဆုံးဆိုတော့ မော့်ကို ပိုပြီး ပေးရမယ်နော် မာမီ'

'အဲဒီ ကောင်မလေး အရူးလား… နင်က ဘယ်ယောက်ျား သွားပြီး ယူမလို့လဲ'

မွန်က မော်၏ ဆံပင်ကို ပွတ်ရင်း ငေါက်လိုက်သည်။ မော်က မျက်ခုံးကလေးကို ပင့်ပြီးလျှင် နှုတ်ခမ်းကို မဲ့လိုက်သည်။

'အမယ်… ယောက်ျားယူတာများ ဘာခက်လို့လဲ၊ အခုထွက်ပြီး ယူပြလိုက်မယ်၊ ရှိုးကျကျနေနိုင်ဖို့ပဲ အရေးကြီးတာ၊ မော်တို့က ရှင်း ရှင်းပဲ၊ ယောက်ျားယူပြီး ဘာအလုပ်မှ မလုပ်ဘူး၊ ဘဲလ်ယားစီးပြီး ပါတီပွဲတွေ လျှောက်သွားပြီး ဘဏ်မှာရှိတဲ့ငွေကို ဖြုန်းပစ်လိုက်မှာပဲ၊ ကုန်ရင် ယောက်ျားလုပ်တဲ့လူကို အရှာခိုင်းရမယ်၊ ယောက်ျားဆိုတာ မိန်းမဖြုန်းဖို့ ပိုက်ဆံရှာရတဲ့ သတ္တဝါတွေပဲ မဟုတ်ဘူးလား ဒက်ဒီ'

'ဟယ်… ဒီကောင်မလေး အရူးမဟုတ် အကောင်းမဟုတ် လျှောက်ပြောမနေစမ်းနဲ့'

http://www.cherrythitsar.org



ဦးကျော်ဒင်သည် ဆေးပြင်းလိပ်ကိုဖွာရင်း နေရာမှထလိုက်သည်။ မော်ကမူ မချိုမချဉ် မျက်နှာဖြင့် ဦးကျော်ဒင်၏ လက်တစ်ဖက်ကို ဆွဲလိုက်သည်။

'အမယ်... ဒက်ဒီက ရက်မနေပါနဲ့၊ ဒက်ဒီ ရှားထားတဲ့ ပိုက်ဆံတွေဟာ မာမီ ပိုကာဒေါင်းဖို့ချည်းပဲ မဟုတ်လား'

'ဟေ့... ငါ ပိုကာဒေါင်းတာ ဘယ်တုန်းကများ ရှုံးလို့လဲ၊ ညည်းတို့ ဖြုန်းသလောက်တောင် မရှိဘူး'

မော်သည် လျှာကလေး ထုတ်၍ မျက်လုံးပြူးလိုက်သည်။

မွန်က ဗစ်တာကို လှမ်းကြည့်လိုက်သည်။ ဗစ်တာသည် မွန့်မျက်နှာကို အကဲခတ်၍ ကြည့်နေရှာသည်။

'ကဲ... မွန် ကျေနပ်တယ်နော်၊ ရက်ရွေးပေးဖို့ကတော့ အန်တီတို့ ကြည့်ပြီး ရွေးမှာပေါ့'

'ငါ ရွေးမယ်ဟေ့... ငါ ရွေးပေးမယ်၊ ယူကြစမ်း၊ တစ်ယောက်ပြီးတစ်ယောက်၊ ငါ့သမီးတစ်ယောက်ကတော့ ငါနဲ့အတူ ကျန်မှာပဲ၊ မော်လည်း ယူချင်ရင် ယူသာယူ၊ တစ်နှစ် နှစ်မင်္ဂလာဆိုရင် ပိုပြီးကောင်းတယ်'

မော်သည် ဦးကျော်ဒင်အား ဖက်လိုက်သည်။

'ဒါမှ... တို့ဒက်ဒီကွ၊ သမီးကို ရက်ကောင်းလေး ရွေးပေးနော်'

'မော်ရယ် နားငြီးလွန်းလို့ နင့်ပါးစပ်ကို ဝါးစရာတစ်ခုခု ထည့်ထားစမ်း'

မ,က စိတ်ပျက်သံဖြင့် ညည်းလိုက်သည်။ မွန်ကလည်း မော့်ကို ခပ်တည်တည် လှမ်း၍ကြည့်လိုက်သည်။

'ရက်တော့ မာမီကြည့်ပြီး ရွေးပေးလိမ့်မယ်၊ စီစဉ်စရာ ရှိတာ စီစဉ်ဖို့တော့ မောင်လာခဲ့နော်၊ တီးဝိုင်းကတော့ ဆရာ့တီးဝိုင်းပဲ၊ အပြင်ငှားရင်လည်း ဆရာပါ ဝင်တီးရမှာပဲ...'

'ဟုတ်တာပေါ့၊ တီးဝိုင်းကိုတော့ ငါ့စိတ်ကြိုက်ဟေ့၊ နင်တို့ ဂေါ်ဂီတွေ မထည့်ရဘူး၊ မြန်မာတီးဝိုင်းစစ်စစ် တီးရမယ်၊ မောင်ဘခက် စောင်းနဲ့ နှဲဆရာတစ်ယောက်၊ ဗုံဆရာတစ်ယောက်၊ အဆိုတော် တစ်ယောက် ငှားရမယ်'

http://www.cherrythitsar.org



ဒေါ်ခင်မျိုးသန့်က ဦးကျော်ဒင်ကို ပြုံး၍ ကြည့်လိုက်ပြီးလျှင် ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ တီးဝိုင်းခေါင်းဆောင်ပဲ၊ အသံမကောင်းချင်နေ၊ အဆိုတော်ချောချောလေးတစ်ယောက် ၄ားပေါ့'

'မင်း ဒါတွေ နားမလည်ပါဘူးကွာ၊ မင်း နားလည်တာက ဂျူကာ နှစ်ကောင်တို့ ထုတ်စားတာတို့ပဲ နားလည်မှာပေါ့'

ဗစ်တာသည် နေရာမှ ထလိုက်ရင်း ဦးကျော်ဒင်နှင့် ဒေါ်ခင်မျိုးသန့်ကို ရိုးသေကိုင်းရှိုင်းသော အမူအရာဖြင့် နှုတ်ဆက်လိုက်သည်။

'ကဲ… ကျွန်တော့်ကို ခွင့်ပြုပါဦး အန်ကယ်၊ အန်တီ ကျွန်တော် ပြန်ပါရစေ'

'အေးအေး… ဟုတ်ပါရဲ့၊ ညဥ့်နက်နေမယ်၊ ရက်ကောင်း ရက်သာ ရွေးဖို့ကတော့ကွယ် အန်တီ ဆရာဘန္ဓုကဆီ သွားပြီး မေးလိုက်မယ်'

'ဟုတ်ကဲ့… အန်တီ၊ မွန်… ကိုယ် ပြန်မယ်နော်'

ဗစ်တာက အားလုံးကို နှုတ်ဆက်၍ ဧည့်ခန်းမှ ထသွားသောအခါ မွန်သည် ဗစ်တာနောက်သို့ လိုက်သွားလေသည်။ မော်သည် မွန်ကို ပြုံးစစဖြင့် ကြည့်နေသည်။

ဦးကျော်ဒင်သည် ကိုဘခက်ကို လှမ်း၍ကြည့်ရင်း–

'ဟေး… မောင်ဘခက်၊ ကော်ဖီသောက်ပါလားကွယ့်၊ ကော်ဖီတွေ အိုးထဲမှာ ရှိတယ်'

'တော်ပြီ ဦးလေး၊ ကျွန်တော် စောစောက သောက်ပြီးပြီ'

ကိုဘခက်သည် မ,ကို တစ်ချက်မျှ လှမ်းကြည့်ပြီးလျှင် အခန်းဆီသို့ ထွက်ခဲ့လေသည်။ ကိုဘခက် အခန်းတွင်းသို့ ဝင်သွားသောအခါ ဦးကျော်ဒင်နှင့် ဒေါ်ခင်မျိုးသန့်သည် အပေါ်ထပ်သို့ တက်သွားကြသည်။

မ,ကမူ မောင်အေးကို လှမ်း၍ခေါ်လိုက်သည်။

'မောင်အေးရေ… ဆရာ့ အခန်းထဲကို ကော်ဖီ ပို့လိုက်ပါ၊ ဆေးလိပ် မီးခြစ် လိုတာ ယူပေးလိုက်နော်၊ တံခါးပေါက်တွေလည်း ကြည့်ပြီး ပိတ်'

မ, အပေါ်ထပ်သို့ တက်သွားသောအခါ မော်သည် အခန်းတွင်းသို့ အပြေးဝင်လာသည်။ မွန်က နောက်မှ လိုက်၍လာသည်။ မော်သည် မ, ခုတင်ဘေးတွင် ဝင်ပုန်းလိုက်သည်။

'မ,ရေ… မော်လေ ရုပ်ရှင်ကားကောင်းတစ်ခု ကြည့်ခဲ့ရတယ်ကွ၊ မင်းသားက မင်းသမီးနှုတ်ခမ်းကလေးကို တအားဖက်ပြီး နမ်းလိုက်တာကွာ… အသည်းတောင်ယားတယ်'

မွန်သည် မော့်ကို မျက်နှာထားဖြင့် ကြည့်လိုက်သည်။

'မော်… ဒါမျိုးကို မနောက်ရဘူး၊ ဒါက အောက်တန်းစားဆင်းရဲသားတွေရဲ့ အပြုအမူမျိုး၊ ပညာတတ်တွေ လုပ်ရတာမျိုး မဟုတ်ဘူး၊ လူယဉ်ကျေးတွေဆိုတာ သူများ လွတ်လပ်ခွင့်ကို မနှောင့်ယှက်ရဘူး၊ နားလည်လား'

'မယဉ်ကျေးချင် နေပါ၊ မော်တို့တော့ စားချင်တာရှိ စားလိုက်မယ်၊ ကြည့်ချင်တာရှိရင် ကြည့်လိုက်မယ်၊ ပြောချင်တာ ရှိရင်လည်း ပြောမှာပဲ'

မ,သည် အိပ်ရာပေါ်သို့ အသာလှဲလိုက်ရင်း မော်၏ နဖူးဆံစကလေးများကို ပွတ်လိုက်သည်။

'မော်… အိပ်တော့ကွယ်၊ ဆယ်နာရီတောင် ခွဲပြီးပြီ'

'ဟုတ်တယ်၊ ဒီကောင်မလေးဟာ အိပ်ချိန်မမှန်၊ စားချိန်မမှန်နဲ့ စည်းကမ်းကို ပျက်နေတယ်'

မော်သည် စူအောင့်အောင့်ဖြင့် သူ့ခုတင်တွင် ပစ်လှဲလိုက်သည်။

မ,က အပေါ်မီးကို ပိတ်လိုက်ပြီးလျှင် မီးပြာကလေးကို ထွန်းလိုက်သည်။

မော်သည် ခြေရင်းမှ စောင်ကို ဆွဲ၍ခြုံလိုက်ပြီးလျှင် ခြင်ထောင်ကို ချလိုက်သည်။

ပြီးမှ မွန်ကို ခပ်တိုးတိုး လှမ်းခေါ်လိုက်သည်။

'မွန်…'

'ဘာလဲ'

http://www.cherrythitsar.org



'ယောက်ျားယူတယ်ဆိုတာ ဘာလို့ ယူကြတာလဲ၊ မယူဘဲနေလို့ မရဘူးလား'

'မော် အိပ်စမ်းကွယ်၊ မနက်မှ ပြော'

'မော် သိချင်လို့ မေးတာပါ မွန်ရာ၊ တကယ် ပြောစမ်းပါ၊ မိန်းမ တွေဟာ လင်မယူဘဲ နေလို့ မရဘူးလားဟင်'

'ရတော့ ရတာပေါ့ကွယ်၊ ဒါပေမယ့် သတ္တဗေဒအရ လင်ယူ တယ်၊ ဒါ သွေးသားတောင်းဆိုမှုလည်း ပါတယ်၊ လူမှုဝိဇ္ဇာအရ အသွင်တူ တဲ့လူချင်း ဆက်ဆံတဲ့သဘောလည်း ပါတယ်၊ ဒါဟာ ကမ္ဘာ့နိယာမပဲ ကွယ့်၊ မိန်းမတွေ လင်မယူဘဲ နေရင် လူသားတွေအတွက် မျိုးဆက်မပြန့် ပွားတော့ဘူးပေါ့'

'သြော်… ဒါကြောင့်ကိုး၊ ဒါဖြင့် ယောက်ျားနဲ့မိန်းမ ဖက်နမ်း ကြတာရော၊ ဘာအရသာရှိလဲဟင်၊ ခု ဗစ်တာနဲ့ မွန်'

'တော်တော့… တော်တော့၊ ဒီကောင်မလေး စကားကောင်းကို ပြောလို့မရဘူး'

'မော်ရယ်… မ,တောင်းပန်ပါတယ်ကွယ်၊ ဒီလိုညမျိုးဆိုရင် မွန် ဟာ သူ့စိတ်ကူးနဲ့သူ လွတ်လွတ်လပ်လပ် အိပ်ပါစေကွယ်'

မ,က ဝင်ပြီး တောင်းပန်လိုက်မှပင် မော်သည် ငြိမ်၍သွားလေ သည်။

'ဘွာ… ဘွာ… နောက် မော် မပြောတော့ဘူး'

သည်တော့မှလည်း မ,တို့ အခန်းတစ်ခုလုံး တိတ်ဆိတ်၍ သွား လေသည်။ မ,သည် မွန်၏ကိစ္စကို တွေးရင်းနှင့် စိတ်ထဲ၌ ဝမ်းနည်း သလို ဖြစ်မိသည်။

အတူတူ နေလာကြသော ညီအစ်မသုံးယောက်အနက် တစ် ယောက်က ခုလို ခွဲထွက်သွားမည် ဆိုသောအခါ စိတ်ထဲတွင် လွမ်း သလို ဆွေးသလို ဖြစ်မိသည်။ မ,မျက်စိထဲတွင်ကား ဗစ်တာနှင့် မွန် တို့၏ ပြုံးရွှင်သော မျက်နှာကလေးကို မြင်ယောင်မိသည်။ မွန်သည် ခုနေအခါ၌ တစ်သက်နှင့် တစ်ကိုယ် အပျော်ဆုံးအချိန် ဖြစ်ပေလိမ့် မည်။

http://www.cherrythitsar.org



မွန့်အတွက် တစ်သက်တာလုံး ပေါင်းဖော်သွားရမည့် အဖော်သစ်ကို တွေ့ရှိ၍ ပျော်မည်ဖြစ်သော်လည်း မ,အတွက်ကား အချစ်ဆုံး ညီအစ်မ သုံးယောက်ထဲမှ တစ်ယောက်က ခွဲထွက်သွားမည့် အဖြစ်ကို တွေးရင်း ရင်ထဲ၌ တဆတ်ဆတ် နာ၍လာသည်။ ဤကိစ္စမျိုးသည် လူ့ဘဝတွင် ရှောင်၍ မရမှန်း မ,ကိုယ်တိုင် နားလည်ခဲ့သော်လည်း ကိုယ်တိုင် ကြုံတွေ့ခဲ့ရသောအခါ စိတ်ကိုဖြေ၍ မရတော့ချေ။ မ,သည် စိတ်ကို အတတ်နိုင်ဆုံး တင်း၍ထားသော်လည်း မျက်ရည်များက တလိမ့်လိမ့် စီးကျလာသည်။ တစ်ချက် တစ်ချက် ရှိုက်သံကလေးများပင် ပေါ်၍လာသည်။

မွန်သည် ခြင်ထောင်ကိုမ,၍ မ,ဘက်သို့ စိုးရိမ်တကြီး လှမ်းကြည့်သည်။

'မ,ရေ··· မ၊ ဘာဖြစ်လို့လဲဟင်'

မ,သည် ငိုသံပါမည်စိုး၍ ရုတ်တရက် ပြန်၍မဖြေနိုင်ရှာပေ။ စိတ်ကိုတင်း၍ ဆက်၍မငိုမိအောင် ချုပ်တည်းလိုက်သည်။ ဤသို့ ချုပ်တည်းလိုက်မှ ပို၍ ဝမ်းနည်းလာသည်။ ရှိုက်သံကလေးများက ဆောင့်၍ ဆောင့်၍ ထွက်လာသည်။

'မ,ရေ···မ၊ မင်း ဘာဖြစ်လဲ၊ မွန်ကြောင့် မင်း ငိုနေရပြီ ထင်တယ်၊ ဟုတ်လား'

'မဟုတ်ပါဘူးကွာ၊ မ,ဘာဖြစ်မှန်း မသိဘူး၊ မ, ငိုချင်တယ်၊ မ,အားရပါးရ ငိုချင်တယ်'

မွန်သည် မ,ခုတင်ဘေးတွင် ဒူးထောက်၍ထိုင်လိုက်သည်။ ခြင်ထောင်ကိုမ,၍ မ,၏ပါးကလေးများကို စမ်းလိုက်သည်။

မ,၏ ပါးမို့မို့ဝယ် မျက်ရည်များက တလိမ့်လိမ့် စီးဆင်း၍လာသည်။

'မွန့်အတွက် ငါ့ညီမ စိတ်ထိခိုက်ရတာကို မွန် တောင်းပန်ပါတယ်၊ မွန်လေ အများကြီး စဉ်းစားပါတယ်၊ ဒါပေမယ့် ဒီကိစ္စမျိုးဟာ အချိန်ဆွဲလေ မိန်းကလေးဘက်က နာလေပဲ၊ ဒါကြောင့် မွန် ခုလို မြန်မြန်ဆန်ဆန် လုပ်လိုက်တာပါကွယ်၊ တကယ်တော့ မွန်လည်း ဒီညီမတွေနဲ့

http://www.cherrythitsar.org



ဘယ်ခွဲချင်မလဲ၊ မွန်လေ စိတ်ခိုင်တယ် ဆိုပေမယ့် မင်းတို့နဲ့ခွဲရမှာကိုတော့ တွေးတိုင်း ဝမ်းနည်းပါတယ်ကွယ်'

မွန့်အသံသည် တုန်ယင်လာသည်။ မျက်ရည်များလည်း ဝဲ၍ လာလေသည်။

မ,သည် မွန့်ကိုကြည့်ရင်း ဖက်လိုက်သည်။

'မွန် မငိုပါနဲ့ကွယ်၊ မ,တို့အတွက်သာ အစ်မတစ်ယောက်နဲ့ခွဲရမှာမို့ ငိုစရာ ဖြစ်ပေမယ့် မွန့်အတွက် မင်္ဂလာတစ်ခုပါကွယ်၊ ချစ်ရမယ့် လူတစ်ယောက် တိုးတာဟာ ပျော်စရာကြီးပါ၊ မ,ငိုမိတာကို တောင်းပန်ပါတယ်'

'မွန်လည်း တစ်ပိုင်းကပျော်ပေမယ့် မင်းတို့နဲ့ခွဲရမှာတော့ ဝမ်းနည်းတာပဲ... သိလား၊ မွန် ငိုချင်တယ်'

မ,သည် မွန်၏ မျက်ရည်စကလေးများကို သုတ်ပေးလိုက်ပြီးလျှင် မွန့်ပါးကို နမ်းလိုက်သည်။

'မ, မငိုတော့ဘူး မွန်၊ မ, နားလည်ပါတယ်၊ ဖြေလို့ ရပါတယ်၊ မွန်သာ အိပ်ပါတော့ကွယ်၊ မ,လည်း အိပ်တော့မယ်'

မွန်သည် မ,နှင့် ပါးချင်းကပ်လိုက်ပြီးလျှင် သူ့ခုတင်ဆီသို့ ထသွားလေသည်။

မ,သည် စောင်ကို ဆွဲခြုံလိုက်ရင်း အိပ်ရန် ကြိုးစားလိုက်သည်။ အိပ်၍ကား မရ။

သူ့စိတ်များသည် မီးခိုးလို လွင့်ပါး၍ သွားလေသည်။

●

(၅)

ကနေ့ မော့်မွေးနေ့ ဖြစ်သည်။ အိမ်ရှိ လူကုန် အလုပ်များနေကြသည်။

အစားအသောက်အတွက် စီစဉ်သူက စီစဉ်ကြရသည်။ ဧည့်ခန်းကို ပြင်ဆင်သူကပြင်ဆင်ကြရသည်။ တစ်အိမ်လုံး မော့်အသံနှင့်ပင် ဆူညံလျက်ရှိသည်။

ကိုဘခက်သည် တစ်နေကုန် အခန်းထဲမှ မထွက်တော့ပေ။ ဧည့်ခန်းကို ထွက်လာလျှင် အနေရအထိုင်ရ ခက်လှသည်။ အိမ်ရှိလူကုန်အလုပ်များနေသည့်ကြားက တစ်ယောက်တည်း အကြောင်သား ငုတ်တုတ်ထိုင်နေ၍လည်း မဖြစ်။

လုပ်စရာရှိသည်ကို ဝင်လုပ်မည် ဆိုပြန်တော့လည်း ဘာလုပ်ရမှန်းမသိ။

သူတို့ လုပ်နေကြသော အလုပ်ကိုလည်း နားမလည်။

စန္ဒရားကို ဘယ်နေရာထားမည်၊ စားသောက်ဖို့နေရာ မည်သို့ပြင်မည်။

ဓာတ်ပုံကို မည်သို့ပြင်၍ချိတ်မည်… စသည်ဖြင့် မအားနိုင်အောင်ရှိတော့သည်။

တစ်ခါတစ်ရံ အမေနှင့်သမီး သဘောတစ်မျိုးစီ ဖြစ်နေကြပြန်သည်။

မော်က သူ့ဓာတ်ပုံကို စန္ဒရားဘေးရှိ နံရံတွင် ချိတ်လိုက်သည်။ ဒေါ်ခင်မျိုးသန့်က မိသားစုတွေဓာတ်ပုံကို အဝင်ပေါက်မှ မြင်ရသော နံရံတွင် ချိတ်လိုသည်။

သို့နှင့် တဆူဆူ ဖြစ်နေကြသည်။ မွန်က ဝင်ဖျန်ဖြေပေးရသည်။ ဒေါ်ခင်မျိုးသန့် အကြိုက်လည်းဖြစ်အောင် မော့်၏ သဘောကျလည်းဖြစ်အောင် တစ်မျိုး စီစဉ်ပေးရသည်။

သည်အထဲတွင် ဇစ်တာတို့လူသိုက်က ရောက်လာပြန်သည်။ ပန်းစက္ကူများနှင့် ပူဖောင်းကို သယ်လာကြသည်။ အပေါ် မျက်နှာစာကို လှအောင် သွယ်တန်းချိတ်ဆွဲကြပြန်သည်။ ဇစ်တာနှင့်မွန်သည် တဆူဆူ ငြင်းတတ်ကြသည်။

ဦးကျော်ဒင်သည် မျက်စိနောက်၍လား မသိ၊ အောက်ထပ်သို့ တစ်နေကုန် ဆင်းမလာတော့ချေ။ ဆင်းလျှင်လည်း ထမင်းစား၊ ရေ

http://www.cherrythitsar.org



သောက်ရုံသာ ဆင်းလာသည်။ ပြီးလျှင် စာအုပ်တစ်အုပ်နှင့်သာ အပေါ်ထပ်သို့ တက်သွားလေသည်။

မ,တစ်ယောက်ကမူ ခပ်အေးအေးပင်။ လုပ်စရာ ရှိသည့်ကိုသာ လုပ်နေတတ်သည်။

ဘာကိုမျှ ဝင်၍မပြောရှာပေ။ သူ့အလုပ်နှင့် သူ တကုပ်ကုပ်လုပ်နေတတ်သည်။

ညနေပိုင်းသို့ရောက်လျှင် ဧည့်သည်များ တဖြည်းဖြည်း ရောက်၍လာသည်။

မော်သည် ကိုဘခက်၏ အခန်းပေါက်ဝမှ ရပ်၍ အပြင်ထွက်ရန်အတင်းခေါ်နေတော့သည်။

'ဆရာ··· လာပါ ဆရာရဲ့၊ ဆရာက မိန်းကလေးကျနေတာပဲ၊ အခန်းထဲမှာ တစ်နေကုန်အောင်းနေလိုက်တာ၊ အပြင်က ဧည့်သည်တွေကို ထွက်ပြီး ဧည့်ခံပါဦး'

ကိုဘခက်သည် မနေသာတော့ပေ။ အခန်းတွင်းမှ ထွက်ခဲ့ရတော့သည်။ မော်က ကိုဘခက်ကို ဧည့်ဝိုင်းတစ်ဝိုင်းအနားသို့ ခေါ်သွားလေသည်။

ထိုဝိုင်းတွင် လူစုံ ရှိကြသည်။ မွန်၊ မနှင့် ဗစ်တာတို့ တစ်သိုက်လုံး ရှိကြသည်။

'ဟောဒီမှာ မော်တို့ဆရာနဲ့ မိတ်ဆက်ပေးရဦးမယ် ကိုခင်မောင်ဖြူ၊ ဟောဒါ မော်တို့ဆရာ ကိုဘခက်တဲ့၊ အားလုံး တီးတတ်တယ်၊ စန္ဒရား၊ တယော၊ စောင်း အားလုံး တီးနိုင်တယ်'

'ဆရာ··· အဲဒါက မော့် သူငယ်ချင်း ကိုခင်မောင်ဖြူတဲ့၊ ဘီအေ အထက်တန်းမှာ အဆိုကျော်ပေါ့'

ကိုဘခက်သည် ကိုခင်မောင်ဖြူအား ပြုံး၍ နှုတ်ဆက်လိုက်သည်။ ကိုခင်မောင်ဖြူက နေရာမှထ၍ လက်ကမ်းလိုက်သည်။ ကိုဘခက်သည် သူ့လက်နှစ်ဖက်ကို နောက်သို့ ပစ်လိုက်ပြီးလျှင် ပြုံး၍ နှုတ်ဆက်လိုက်ပြန်သည်။

'ခုလို သိရတာ ဝမ်းသာပါတယ် ခင်ဗျာ'

http://www.cherrythitsar.org



ကိုခင်မောင်ဖြူသည် သူ့လက်ကို ရှက်ရှက်ဖြင့် ပြန်၍ရုပ်လိုက်ရသည်။ မော်က ကိုခင်မောင်ဖြူကို အားနာမိလေသည်။

'ဆရာက အင်ထရီလုပ်ပေးလို့ တစ်ယောက်ကလက်ကမ်းရင် လက်ဆွဲပြီး နှုတ်ဆက်ရတယ်'

ကိုဘခက်သည် မော်ကို တစ်ချက်စိုက်၍ကြည့်လိုက်သည်။ ပြီးမှ မျက်နှာတည်တည်ဖြင့် ပြောလိုက်သည်။

'အေးကွယ်… တို့က ဒါမျိုးတွေတော့ နားမလည်ဘူး၊ တို့မြန်မာမျိုးရိုး အစဉ်အဆက်မှာတော့ ခုလို ထုံးစံမှ မရှိခဲ့ဘဲကိုး'

မော်သည် နှုတ်ခမ်းကလေးစူစူဖြင့် ကျန်လူများကို မိတ်ဆက်ပေးလိုက်သည်။

'ဟောဒါက မိုက်ကယ်ဘအေး'

'ဒါက မစ္စတာ ရှားမား'

'ဒါက ကိုညွန့်တင်'

'ဒါက စန္ဒရား ကိုအောင်နိုင်'

'သူတော့ သိမှာပေါ့၊ ရုပ်ရှင်မင်းသား ကိုမြင့်ဦး'

မော်သည် တစ်ယောက်ပြီး တစ်ယောက်၊ တစ်ယောက်ပြီး တစ်ယောက် ဆက်တိုက် မိတ်ဆက်ပေးလိုက်သည်။ တချို့ကိုမူ ကိုဘခက်နှင့် သာမက မွန်နှင့် မ,တို့နှင့်ပါ မိတ်ဆက်၍ ပေးလိုက်သည်။ မွန်နှင့် မ,တို့သည် မော့်ကို တအံ့တသြ ကြည့်နေကြသည်။

မော်၏ မိတ်ဆွေများကား များလှသည်။ လူလည်း စုံလှသည်။ အမှန်၌လည်း ကနေ့ မော်၏မွေးနေ့ဖြစ်၍ မော်ကိုယ်တိုင်က သူ့မိတ်ဆွေများကို ရွေး၍ ဖိတ်ထားခြင်း ဖြစ်သည်။ ထိုအထဲတွင် မွန်နှင့် မ,တို့မသိသူ အတော်များများ ပါလာသည်။

မော်သည် နောက်ဆုံးတစ်ယောက်ကို မိတ်ဆက်ပေးလိုက်သည်။

'သူကတော့ မော့်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းပဲ၊ ဘလှသန်းထွန်းလို့လည်း ခေါ်တယ်၊ ဂျော်နီလို့လည်းခေါ်တယ်၊ ပြီးတော့ ပတ်ဘွန်းလို့လည်း ခေါ်တယ်'

http://www.cherrythitsar.org



ကိုဘခက်သည် မော် မိတ်ဆက်ပေးလိုက်သူကို အကဲခတ်၍ကြည့်လိုက်သည်။ သူ ဝတ်ထားသော အဝတ်အစားများမှာ ကိုဘခက်၏ မျက်စိထဲတွင် တစ်မျိုး ဖြစ်နေသည်။

အင်္ကျီမှာ ကြောင်ကြောင်ကျားကျား အကွက်ကြီးများဖြင့် မိန်းမ ထဘီဆင်ကို ချုပ်ထားသည်နှင့် တူ၏။ ဘောင်းဘီမှာလည်း အသားနှင့် ကပ်နေသဖြင့် ရာမဇာတ်ထဲမှ မျောက်များဝတ်သော စွပ်ကျယ်ဘောင်းဘီနှင့် တူလှသည်။ ရာမဇာတ်ထဲ၌မူ မျောက်ဘဝဖြင့် အသားကပ်ဘောင်းဘီကို ဝတ်ခြင်းမှာ ကြည့်ကောင်းသော်လည်း အနီ ဘလှသန်းထွန်းဆိုသော သတ္တဝါကလေးကား လူစင်စစ်ဖြစ်ပါလျက်နှင့် မျောက်ဘောင်းဘီကို ဝတ်ထားခြင်းမှာ ကိုဘခက်၏မျက်စိထဲတွင် ကန့်လန့်ဖြစ်တော့၏။

ဘလှသန်းထွန်းကား ကိုဘခက်ကို အလျင်းဂရုစိုက်ပုံ မပေါ်။ ပြုံးဖြီးဖြီးဖြင့်သာ ကြည့်ရင်း နေရာမှထလိုက်သည်။

'ဟဲ… ဟဲ… ကျွန်တော်ကတော့ အဆိုတော် မင်းသားပက်ဘွန်း၊ အဲလေ… ဟုတ်ပေါင်၊ ဟိုက ပက်ဘွန်း၊ ကျွန်တော်က ပွဲပွန်း၊ ပွတ်ပါများတော့ ပွဲပြီး ပွန်းနေတဲ့ ဘလှသန်းထွန်းပေါ့ခင်ဗျာ၊ မြန်မာထုံးစံမရှိပေမယ့် နောင်ကြီးရဲ့ လက်ကလေးကိုဆွဲပြီး နှုတ်ဆက်ပါရစေ၊ အနုပညာသည်လေ… အဲလေ…ယောင်လို့၊ အနုပညာသည်တွေရဲ့လက် ဆိုတော့ ဘယ်လောက်များ နုသလဲလို့ စမ်းကြည့်ချင်လို့ပါ'

ဘလှသန်းထွန်းသည် ပြုံးဖြီးဖြီးဖြင့် ကိုဘခက်အား သူ့လက်ကို ကမ်းပေးလိုက်သည်။ ထိုဘခက်သည် သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ဘလှသန်းထွန်းသည် ကိုဘခက်၏လက်ကို လှမ်းဆွဲမည်ပြုလိုက်သည်။ ကိုဘခက်သည် သူ့လက်ကို ဆီး၍ ပုတ်ချလိုက်သည်။

'မလိုပါဘူး၊ ခင်ဗျား သိချင်ရင် မှတ်ထားပေါ့၊ အနုပညာသည်ရဲ့လက်ဟာ တီးမှုတ်နေတဲ့အခါမှာ မိန်းမလက်ကလေးလို နုနေတတ်ပေမယ့် ရန်သူနဲ့ တွေ့တဲ့အခါမှာ သံလက်သီးလိုပဲ မာတတ်တယ်'

မော်သည် ကိုဘခက်အား မျက်စောင်းထိုး၍ ကြည့်နေသည်။ ဘလှသန်းထွန်းကား သူ့ကိုပင် မပြောသလို စပ်ဖြီးဖြီးဖြင့် မော့်ကို ကြည့်နေလိုက်သည်။

http://www.cherrythitsar.org



မွန်သည် နေရာမှ ထလိုက်သည်။

'ကဲ… မော်… ဟောဒီမှာ ဗစ်တာက မင်းမွေးနေ့အတွက် လက်ဆောင်ပေးမလို့ ကြည့်စမ်း'

မွန်သည် ဗစ်တာ့လက်မှ ကတ္တီပါဘူးကလေးကို ဝမ်းသာအားရ ဖွင့်ကြည့်လိုက်သည်။ မိန်းမဝတ် ရွှေရောင် နာရီကလေးတစ်ခု ဖြစ်နေသည်။

မော်သည် ရွှေနာရီကလေးကို သူ့လက်တွင်ကပ်၍ ကြည့်လိုက်ပြီး မျက်နှာကို ရှုံ့လိုက်သည်။

'ပုံကြီးကလည်း မကောင်းဘူး၊ ရှည်လျားလျားကြီး၊ ဗစ်တာက မော့်ကျတော့ မကောင်းတာ ဝယ်ပေးတယ်၊ မွန့်ကျတော့'

'ဟဲ့… မော် ဘာတွေ လျှောက်ပြောနေတာလဲ၊ နင် မကြိုက်ရင် မဝတ်နဲ့၊ ပေးတဲ့လူက စေတနာနဲ့ ပေးတာကို ဒီလို ပြောရသလား'

မော်သည် မွန့်ကို ဘာမျှပြန်မပြောဘဲ နာရီဘူးလေးကို လက်ဆောင်များထားသည့် စားပွဲတစ်လုံးပေါ်သို့ တင်ထားလိုက်သည်။

'ကဲဟော့… အားလုံးထဲမှာ မော် ကြိုက်မယ့် လက်ဆောင်တစ်ခုကို ပေးမယ် လာကြည့်လှည့်'

ဘလှသန်းထွန်းသည် နံကာ သေတ္တာတစ်လုံးကို စားပွဲပေါ်တင်၍ ဖွင့်လိုက်သည်။ အထဲမှ ဓာတ်စက် အငယ်တစ်လုံး ဆွဲထုတ်လိုက်သည်။

မော်သည် ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာနေဟန် ရှိသည်။ ဘလှသန်းထွန်းသည် ဓာတ်စက်အတွင်းမှ မီးကြိုးတစ်ခုကို အနီးရှိ ပလပ်ပေါက်နှင့် ဆက်လိုက်သည်။ ပြီးမှ လက်ဖက်ရည် ပန်းကန်ပြားသာသာရှိသော ဓာတ်ပြားများကို ဆွဲထုတ်ပြီးလျှင် သီချင်းကို ရွေးလိုက်သည်။

'ဓာတ်စက်ကလေးက ချစ်စရာကလေးနော်၊ ကလေး ကစားစရာလေး ကျနေတာပဲ'

'အံမယ်… ဒါ မော့်အတွက် အမေရိကားက ယူလာတဲ့ လက်ဆောင်၊ ဓာတ်စက်က ငယ်ပေမယ့် အစွယ်နဲ့ဗျ၊ အတိုးအကျယ် လုပ်လို့ရတယ်၊ အနှေးအမြန်လည်း လုပ်လို့ ရတယ်၊ ကဲ… နားထောင်

http://www.cherrythitsar.org



ရော့အင်ရိုး သီချင်းသံသည် ဧည့်ခန်းအတွင်း ဆူဆူညံညံ ထွက်လာသည်။ ဘလှသန်းထွန်းသည် တစ်ကိုယ်လုံး တွန့်လိမ်၍ ကုန်းကော့ကန်ကားဟန်ဖြင့် ကလိုက်သည်။

စောစောက လူသိုက်သည် လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ မော်သည် နေရာတွင် ရပ်၍ ကြည့်နေရာမှ ခြေထောက်ကလေးများ လှုပ်၍လာသည်။ နောက် တစ်ကိုယ်လုံး လှုပ်လာသည်။

ဘလှသန်းထွန်းက မော့်လက်ကို ဆွဲ၍ ကလိုက်သည်။ မော်သည် ဘလှသန်းထွန်းနှင့်တွဲ၍ ကနေရာမှ ပရိသတ်ဘက်သို့ လှည့်၍ အော်လိုက်လေသည်။

'မော့် မွေးနေ့အတွက် အားလုံး ကကြပါ'

ဧည့်ခန်းအလယ်တွင် အတွဲလိုက် အတွဲလိုက် ထွက်လာကြပြီးလျှင် ကကြသည်။ တစ်ယောက်နှင့် တစ်ယောက် ပွေ့တော့မလို ဖက်တော့ မလို ကကြသည်။

တစ်ခါတစ်ရံ ရင်ချင်း ကပ်သွား၏။ တစ်ခါတစ်ရံ ခြေထောက်ချင်း လိမ်သွား၏။ တစ်ခါတစ်ရံ ကိုယ်ချင်းပင် လိမ်သွားသည်ဟု ထင်လိုက်ရသည်။

ဘေးအတွဲများက ရိုးရိုးပင် ကနေကြသော်လည်း အလယ်မှ ကနေသော မော်နှင့် ဘလှသန်းထွန်းတို့မှာ အကဲဆုံးဖြစ်သည်။ ဒေါ်ခင်မျိုးသန့်သည် မော့်ကို ကြည့်၍ ပြုံးနေလိုက်သည်။

ကိုဘခက် ထိုင်သော စားပွဲတွင် ကိုဘခက်၊ မ၊ မွန်နှင့် ဗစ်တာတို့သာ ကျန်ရစ်လေသည်။ ဗစ်တာက မွန့်ကို ကရန် ခေါ်လိုက်သည်။ မွန်က ခေါင်းခါ၍ ငြင်းလိုက်သည်။

'ဒါတော့ မကချင်ဘူး၊ ရိုးရိုးသီချင်းကျမှပဲ ကမယ်'

ဗစ်တာသည် ဘာမျှ ဆက်မပြောတော့ချေ။ တီးလုံးက တဖြည်းဖြည်း ပို၍ ကြွလာသည်။ က,သူများကား တီးလုံးနှင့်အတူ တဖြည်းဖြည်း ပို၍ ရူလာသည်။

ဦးကျော်ဒင်သည် လှေကားထိပ်မှရပ်၍ က,နေသူများကို ပြူးကြောင်ကြောင် ကြည့်လိုက်ပြီး ချက်ချင်းပင် အပေါ်ထပ်သို့ ပြန်တက်သွားလေသည်။

မ,က ကိုဘခက်ကို အားနာဟန်ဖြင့် ကြည့်လိုက်သည်။

'ဆရာ… တော်တော် မျက်စိနောက်နေပြီလား'

'ကိစ္စ မရှိပါဘူး၊ အထူးအဆန်းတစ်ခု တွေ့ရတာပေါ့၊ ကျုပ်စိတ်ထဲမှာတော့ လူရိုင်းတွေနေတဲ့ ကျွန်းတစ်ကျွန်းကို ရောက်နေသလိုပဲ'

ကိုဘခက်သည် ပြောပြောဆိုဆိုပင် စားပွဲမှထ၍ သူ့အခန်းသို့ ဝင်ခဲ့လေသည်။

အပြင်ဘက်တွင်ကား ဆူညံလျက် ရှိလေသည်။ သီချင်းတစ်ပုဒ်ဆုံးလျှင် လက်ခုပ်သံများကို ကြားရသည်။ နောက် ခဏနားကြပြန်သည်။

စကားပြောသံများ တစ်ယောက်တစ်ပေါက် ကြားရသည်။ နောက် သီချင်းသံ ကြားရသည်။ တစ်ချက်တစ်ချက် သံသေးသံကြောင်ဖြင့် အော်သံများကို ကြားရသည်။

ကိုဘခက်သည် စာကြည့်စားပွဲတွင်ထိုင်၍ စာအုပ်ကို လှန်လိုက်သော်လည်း စာထဲ၌ စိတ်ဝင်စား၍ မရပေ။ ဘေးပေါက်ကိုဖွင့်၍ အိမ်ရှေ့ပန်းခြံဘက်ဆီသို့ ထွက်ခဲ့သည်။

ပန်းခြံထဲသို့ရောက်လာသောအခါ သူ့စိတ်မှာ အလိုလိုလန်းဆန်း၍ လာသည်။

စောစောကမူ နားလည်း နောက်သည်။ အသက်ရှူရလည်း ကျပ်သည်။ ယခုမူ နားလည်းအေးရသည်။ မျက်စိလည်း မနောက်တော့ပေ။ အသက်ရှူလည်း မကျပ်တော့ပေ။

ညမွှေးပန်း ရနံ့သည် သင်းသင်းကြိုင်လျက် ရှိသည်။ လေပြည်ကလေးသည် ခပ်ညင်းညင်းတိုက်ခတ်လျက်ရှိသည်။ ကောင်းကင်၌ကား မိုးသားများ ကင်းစင်လျက် ရှိသည်။ ကြယ်ကလေးများသည် ကမ္ဗလာအနက်ပေါ်တွင် ဖြန့်ကြဲထားသော စိန်ပွင့်ကလေးများလို တလက်လက်တောက်ပလျက် ရှိသည်။

ကြယ်ရောင်ကလေးများအောက်တွင် ပန်းခြံသို့သွားသော လမ်းကလေးကို ခပ်ရေးရေး မြင်ရသည်။

http://www.cherrythitsar.org



ကိုဘခက်သည် ပန်းခြံအတွင်းသို့ တစ်လှမ်းချင်း လျှောက်ခဲ့လေသည်။

စံပယ်ရုံဘေးမှ ထိုင်ခုံကလေးအနားသို့ ရောက်သောအခါ သူသည် ထိုင်ခုံပေါ်သို့ အမောပြော လှဲချလိုက်သည်။ တစ်နေ့လုံး ကျပ်တည်းလာခဲ့သော စိတ်ကို ယခုမှပင် ဖြေလျှော့လိုက်ရသည်။ တစ်နေကုန် နောက်ကျိလာသော စိတ်ကို ခုမှ ပြန်၍ လန်းဆန်းစေရသည်။

ကိုဘခက်သည် တန်းလျားပေါ်တွင် လှဲချလိုက်ပြီးလျှင် ကောင်းကင်မှ ကြယ်ကလေးများကို ကြည့်နေမိသည်။

မိုးသားကင်းစင်သော ကောင်းကင်ကိုကြည့်ရင်း သူ့စိတ်မှာ အလိုလို ပေါ့ပါးလာသည်။ ပန်းရနံ့ကလေးများကို ထွေးပိုက်ယူငင်လာသည့် လေအေးကလေးကို ရှူရှိုက်လိုက်ရသဖြင့် ရင်ထဲတွင် အေးမြ၍ သွားလေသည်။

ကိုဘခက်သည် မြိုင်ဂန္ဓမာသီချင်းကြီးကို ခပ်တိုးတိုးညည်းလိုက်လေသည်။

ထိုအတွင်းမှာပင် သူ့အနားဆီသို့ ရောက်လာသော ခြေသံကို ကြားလိုက်ရသည်။ ကိုဘခက် ခေါင်းကိုငဲ့၍ကြည့်လိုက်သည်။ မှောင်ရိပ်ကျနေသော နေရာဖြစ်၍ ဘာကိုမျှ မမြင်ရချေ။

'ဆရာလည်း မျက်စိနောက်တာနဲ့ ဒီမှာလာနေတယ် ထင်တယ်'

မ,သည် ကိုဘခက်ခြေရင်းမှ စံပယ်ရုံရိပ်အောက်တွင် အသာဝင်၍ ထိုင်လိုက်လေသည်။ ကိုဘခက်သည် မသဲမကွဲဖြစ်နေသော မ,၏ သဏ္ဌာန်ကိုကြည့်၍ သနားသလို ဖြစ်မိတော့သည်။ အမှန်တော့ မ,သည် မရောင်သာသော ပတ်ဝန်းကျင်အတွင်း၌ ရပ်တည်နေရသော်လည်း သူ့ပတ်ဝန်းကျင်ကို သူပျော်ပိုက်ဟန် မတူချေ။ သူ့ပတ်ဝန်းကျင်ကို အနည်းနှင့် အများတော့ ငြီးငွေ့ရှာပေမည်။

တိတ်ဆိတ်သော ညဥ့်ဦးယံတွင် မှန်ရွှေပြတင်းမှ တစ်ကိုယ်လုံး ရပ်ကာ မောင်တော်ကို မျှော်နေရရှာသော လှိုင်မင်းသမီးလေးကို အလိုလို မြင်လာမိသည်။

မ,သည် လှိုင်မင်းသမီးလေးကဲ့သို့ နူးညံ့သိမ်မွေ့သူ ဖြစ်ပေလိမ့်မည်။

http://www.cherrythitsar.org



မ,၏ ဓာတ်ခံစိတ်မျိုးဖြင့် သည်လိုပတ်ဝန်းကျင်မျိုးတွင် ပျော်မွေ့နိုင်လိမ့်မည်ဟု မထင်ချေ။

မ,က ကိုဘခက်ကိုမေးလိုက်ခြင်းဖြစ်သော်လည်း ကိုဘခက်က မူ မ,အကြောင်းကိုသာ စဉ်းစားနေမိသည်။

'ကျုပ် အခုစဉ်းစားနေတာ ယဉ်ကျေးတယ်ဆိုတာနဲ့ ရိုင်းစိုင်းတယ်ဆိုတာ ဘာလဲ၊ ရှေးကျတယ်ဆိုတာနဲ့ ခေတ်ဆန်တယ်ဆိုတာ ဘာလဲ၊ ဒါတွေဟာ ခဏပန်း လူတွေအသိမှာ ပေါ်လာတတ်တဲ့ အရာလေးတွေပဲ၊ သိပ်တော့ မခိုင်မြဲဘူးထင်တယ်'

မ,သည် ကိုဘခက်ကို လှမ်း၍ကြည့်လိုက်သည်။

ကိုဘခက် ဆိုလိုသော အဓိပ္ပာယ်ကိုလည်း နားလည်ဟန် မတူချေ။

'ဘာကို ပြောတာလဲ ဆရာ'

'ခေတ်အနေနဲ့ ပြောရင် မ,တို့ဆီမှာ လာနေကြတဲ့ လူတွေဟာ လူယဉ်ကျေးတွေဆိုလို့ သူတို့ကိုယ်သူတို့ထင်ကြတယ်၊ ဒါပေမယ့် တကယ်လိုက်ကြည့်ရင် ဒီလူတွေမှာ လူရိုင်းစိတ်တွေအများကြီးရှိတယ်၊ ဥပမာ ကုလားတစ်ယောက်ကို ထမင်းဝိုင်းမှာ ဝက်သားအတင်းစားခိုင်းရင် ဘယ်လို သဘောထားရမလဲ၊ မစားတဲ့လူက ရိုင်းသလား၊ ကျွေးတဲ့သူက ရိုင်းသလား၊ သူတို့ရဲ့ယဉ်ကျေးမှုအရဆိုရင် တစ်စုံတစ်ယောက်က ဒါလေးလုပ်ရအောင်ပါခင်ဗျာလို့ ပြောရင် လက်ခံမှယဉ်ကျေးမယ်၊ ဒါကို လက်မခံရင် လက်မခံတဲ့လူက ရိုင်းတာပဲ၊ အမှန်တော့ ဒါဟာ ယဉ်ကျေးမှု မဟုတ်ပါဘူး၊ အဓမ္မပြုတဲ့ အမှုပဲ၊ တစ်ယောက်က အနိုင်ကျင့်ရင် တစ်ယောက်က မကျေနပ်ဘဲ ဟန်ဆောင်ပြီး လိုက်လျောတာကို ယဉ်ကျေးတယ်လို့ ခေါ်ကြတာပဲ'

ကိုဘခက်သည် ကောင်းကင်မှ ကြယ်ကလေးများကို မော်၍ကြည့်လိုက်ရင်း သူ့ထင်မြင်ချက်ကို သူ တစ်လုံးချင်း ပြောလိုက်လေသည်။

မ,ကမူ ကိုဘခက်ပြောလိုက်သော စကားကိုသာ လေးလေးနက်နက် စဉ်းစားနေမိသည်။

'မ, အနောက်တိုင်းယဉ်ကျေးမှုကို မနှစ်သက်ပါဘူး ဆရာ'

http://www.cherrythitsar.org



'ကျုပ်ကတော့ အနောက်တိုင်းရယ်၊ အရှေ့တိုင်းရယ် မဆိုလို ပါဘူး၊ ကောင်းမယ် အကျိုးရှိမယ်ဆိုရင် လက်ခံပါတယ်၊ ဒါပေမယ့် တုပတာကိုတော့ မကြိုက်ဘူး၊ ပြီးတော့လည်း ကိုယ့်ပင်ကိုယ်ဘဝနဲ့ မကိုက်ညီ တာကို ဇွတ်မှိတ်ပြီးလုပ်တာမျိုးလည်း မကြိုက်ဘူး၊ ဥပမာ သစ်ကျား ငှက်နဲ့ မြေခွေးလိုပေါ့၊ မြေခွေးက နှုတ်သီးရှည်တဲ့ သစ်ကျားငှက်ကို လင်ပန်းထဲမှာထည့်ပြီး အစာကျွေးတော့ သစ်ကျားငှက်ကလည်း မြေခွေး ကို ဖိတ်ပြီး ဝါးကျည်တောက်လိုဖောက်နက်တဲ့ခွက်နဲ့ ကျွေးသလိုပေါ့၊ ဒီနေရာမှာ သစ်ကျားငှက်ရဲ့ တုံ့ပြန်လိုက်ပုံဟာ ဘယ်လောက်သဘာဝ ကျသလဲ၊ ကိုယ့်သဘာဝနဲ့မကိုက်ညီရင် လက်မခံရဘူး၊ မတုပရဘူးဆိုတဲ့ သဘောကို ပြလိုက်တာပဲ၊ ဒီလိုမှမဟုတ်ရင် လူတွေဟာ အရူးချည်းဖြစ် ကုန်မှာပဲ'

မ,သည် ကိုဘခက်စကားကို နားထောင်ရင်း အံ့သြချီးကျူးရ မလို ရှိတော့သည်။

ကိုဘခက်လိုသာမန်ဂီတဆရာတစ်ဦးက ခုလိုနက်နဲသောစကား ကို ပြောလိုက်သောကြောင့်လည်း ပို၍ အံ့သြမိလေသည်။ အမှန်တော့ မ,လိုပညာတတ်တစ်ဦးက ကိုဘခက်လို ဂီတဆရာတစ်ယောက်ကို ခုလို အတွေးအခေါ် ရှိလိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။

'ဆရာက အဘိဓမ္မာတွေဘာတွေ တော်တော် လိုက်စားတယ် ထင်တယ်'

ကိုဘခက်သည် ရုတ်တရက် ဘာမျှ ပြန်၍မပြောသေးဘဲ တစ်စုံ တစ်ခုကို စဉ်းစားနေဟန် ရှိသည်။

'အဘိဓမ္မာတွေ ဘာတွေရယ်လို့တော့ သေသေချာချာ မဖတ်ဖူး ပါဘူး၊ ဒါပေမယ့် အဘိဓမ္မာဆိုတာ ဘဝကနေလည်းခံယူလို့ ရတာပါပဲ၊ ကျုပ်ဘဝရဲ့အဘိဓမ္မာဟာ ကျုပ်ရဲ့ဂီတပဲ၊ နေပါဦး··· ဂီတကို ခင်ဗျား ဘယ်လို ထင်သလဲ'

မ,သည် ရုတ်တရက်ပြန်၍မဖြေနိုင်ဘဲ ငေးနေမိသည်။ ကိုဘခက် လိုချင်သောအဖြေကိုလည်း စဉ်းစား၍မရနိုင်အောင် ရှိတော့သည်။

'ဂီတဆိုတာ စိတ်ရဲ့ခံစားမှုကို အေးမြကြည်နူးစေတဲ့ အရာပဲလို့ ထင်တာပဲ'

http://www.cherrythitsar.org



ကိုဘခက်သည် နေရာမှထ၍ မ,အနားသို့ လျှောက်လာသည်။ မ,က လွတ်ခနဲ စိတ်ထဲမှထင်ရာကို ဖြေလိုက်သော်လည်း ကိုဘခက်၏ အမူအယာမှာ လေးနက်သောပြဿနာကို ဆွေးနွေးနေသကဲ့သို့ ရှိတော့သည်။

'အပေါ်ယံတွေးရင်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် ဂီတဟာ ဒါ့ထက် လေးနယ်တယ်၊ ဘိုးဗားဆိုတဲ့ ပညာရှိတစ်ယောက် ရေးတာကို ဖတ်ဖူးတယ်၊ ကျုပ်တို့မှာ သဘာဝလိုလားချက် ပစ္စည်းလေးပါး ရှိတယ်၊ ပထမ…အစားအစာ၊ ဒုတိယ…အဝတ်အစား၊ တတိယ…နေစရာဖြစ်ပြီး စတုတ္ထ..ဂီတဖြစ်တယ်လို့ ပြောတယ်၊ ဒါကို ကျုပ် လက်ခံတယ်၊ ဂီတဆိုတာ လူ့သဘာဝစိတ်က လိုလားတောင့်တချက် တစ်ရပ်ပဲဆိုတာ ထင်ရှားတယ်'

'ဒီတော့ လောကမှာ လူတွေနဲ့ ကင်းကွာမရတဲ့အရာမှန်သမျှ၊ လူတွေရဲ့အကျိုးကိုပြုတဲ့အရာမှန်သမျှ ဝါဒတရားပဲဖြစ်စေ၊ ဝိဇ္ဇာ၊ သိပ္ပံ ပညာရပ်တွေပဲဖြစ်စေ မှန်ကန်တဲ့ အခြေခံ အဘိဓမ္မာဆိုတာ ရှိရတယ်၊ ဒါမှလည်း ခိုင်မာတယ်၊ နက်နဲတယ်၊ အမှန်တော့ အဘိဓမ္မာဆိုတာ အရာရာတိုင်းရဲ့အုတ်မြစ်ပဲ၊ အုတ်မြစ်ခိုင်မှ အပေါ်မှာ ကိုယ်တည်ဆောက်ချင်သလို ရမယ်။

'ဂီတဟာ ကျုပ်ရဲ့အဘိဓမ္မာပဲလို့ပြောတာဟာ ဒီသဘောကြောင့်ပဲ၊ ပြောင်မြောက်တဲ့ ဂီတတိုင်းဟာ နှလုံးသားက တိုက်ရိုက် ရိုက်ခတ်လာတာပဲ၊ လောကမှာ နှလုံးသားက ရိုက်ခတ်လာတဲ့ အရာတွေဟာ တန်ဖိုးရှိတယ်၊ နက်နဲတယ်၊ လွတ်လပ်တယ်၊ သန့်ရှင်းတယ်၊ ကျုပ်ဘဝမှာ နက်နဲတာတွေ၊ တန်ဖိုးရှိတာတွေ၊ ဖြူစင်တာတွေ၊ လွတ်လပ်တာတွေပဲ လုပ်ချင်တယ်၊ ဒါကြောင့် ဂီတသမား ဖြစ်ချင်တာပဲ'

ကိုဘခက်သည် စကားကိုဖြတ်လိုက်ရင်း ဆေးပေါ့လိပ်ကိုမီးညှိဖွာလိုက်သည်။

မ,သည် ကိုဘခက်အား လူထူးဆန်းတစ်ယောက်လို မော့၍ကြည့်နေမိသည်။

ကိုဘခက် ပြောသွားသော စကားများထဲမှ နားမလည်သော စကားလုံးများကို ပြန်၍တွေးနေမိသည်။

http://www.cherrythitsar.org



'နှလုံးသားဆိုတာ ဘာကိုတင်စားပြီးပြောတာလဲ ဆရာ၊ အချစ်ကို ပြောတာလား'

'ဟုတ်တယ်၊ ဒါပေမယ့် မိန်းကလေးတစ်ယောက်ကိုချစ်တဲ့ အချစ်ကို ပြောတာမဟုတ်ဘူး၊ ခံစားချက်ကိုပြောတာ၊ လူဟာ ခံစားချက် ယုံကြည်ချက်မရှိဘဲ လှုပ်ရှားနေရင် သေနေတာနဲ့အတူတူပဲ၊ ခဏအား ဖြင့် နစ်မျော ယစ်မူးနေမယ်ဆိုပေမယ့် အမှန်တော့ ဖုတ်သက်ဝင်နေ တာပဲ။

'ပဉ္စသီခနတ်သားဟာ သူရိယဝစ္စနတ်မယ်ရဲ့အလှကို ခံစားပြီး စောင်းချင်းဂါထာ ဆယ့်ငါးပုဒ်ကို သီကုံးခဲ့တယ်၊ ဒါကြောင့် သူ့ဂီတ ဟာ ပြောင်မြောက်ခဲ့တယ်၊ ဒီလိုပဲ လက်ျာမင်းထင်ဟာ အဏ္ဏဝါမြစ်ပြင် ကြီးအလယ်က တံငါသည်ကိုကြည့်ပြီး ခံစားရတဲ့အတိုင်း ယမုံနာပတ်ပျိုး ကို စပ်ဆိုခဲ့တယ်။

'မောင်ကျောက်ခဲဟာ နန်းတွင်းသူရဲ့အလှကိုခံစားပြီး သူ့ရဲ့ကြေ ကွဲခံစားရချက်အတိုင်း တိမ်ပုံသွေပတ်ပျိုးကိုစပ်တယ်၊ ဒီလိုပဲ မမြလေးတို့၊ လှိုင်တို့ သူတို့မောင်တော် ပေါ်မလာလို့ ရှစ်စုံရွှက်ကြာ ညဥ့်သုံးယံ စတဲ့ ပတ်ပျိုးတွေ၊ ဘောလယ်တွေ စပ်ခဲ့ကြတယ်၊ ဒီဂီတတွေဟာ ဘာလို့ ပြောင်မြောက်ခဲ့သလဲ၊ ခုတိုင် ဘာလို့တည်နေကြသလဲ၊ သူတို့ဟာ သူတို့ ခံစားချက်အတိုင်း မကွယ်ဝှက်ဘဲ, မလိမ်ညာဘဲ အနုပညာမြောက် အောင် ဖွဲ့ဆိုခဲ့ကြလို့ပဲ၊ လောကမှာ ကိုယ့်ကိုကိုယ်ဖြစ်စေ၊ သူများကို ဖြစ်စေ မလိမ်ရဘူးဆိုတာ ကျုပ်ဝါဒပဲ၊ အဲဒီလိုမလိမ်တဲ့လူတွေကို ကျုပ် ချစ်တယ်၊ လိမ်တဲ့လူတွေကို ကျုပ် မုန်းတယ်'

ကိုဘခက်သည် စကားမဆုံးခင်ပင် တန်းလျားပေါ်သို့ ပြန်၍ထိုင် ချလိုက်သည်။

ပြီးမှ ဆေးပေါ့လိပ်ကို အားရပါးရ ရှိုက်ဖွာ၍နေသည်။ အိမ် ဘက်ဆီမှ အသံများကား စဲစပြုလာပြီ။ ညသည် တိတ်ဆိတ်လျက်ရှိလေ သည်။

မ,သည် အိမ်ဘက်ဆီသို့ကြည့်လိုက်ရင်း နေရာမှအသာထလိုက် သည်။

ပြီးမှ ကိုဘခက်ထိုင်နေသော တန်းလျားနားသို့ ရပ်လိုက်ရင်း-

http://www.cherrythitsar.org



'ဆရာ့ကို မ,ကြောက်လာပြီ၊ ဆရာက နေရာတကာ သိပ်ပြီးနက်နက်နဲနဲ တွေးလွန်းတော့ စိတ်ပင်ပန်းတာပေါ့၊ တစ်ခါတလေလည်း ကိုယ့်စိတ်ကို သက်သာအောင် ခပ်ပေါ့ပေါ့လေးနေမှပေါ့၊ မ,တော့လေ လောကမှာ အေးအေးလူလူနေပြီး စိတ်ချမ်းသာရမယ်ဆိုရင် တော်ပြီ၊ တခြား ဘာမှမတွေးချင်ဘူး'

ကိုဘခက်သည် မ,ပြောသောစကားများကို ဘာမျှပြန်၍ မချေပတော့ချေ။

ဆေးလိပ်ကိုသာ တွင်တွင်ဖွာ၍နေသည်။ မ,သည် ကိုဘခက်အား တစ်ချက်မျှကြည့်လိုက်ရင်း နှုတ်ဆက်လိုက်သည်။

'မ, အိမ်ထဲဝင်တော့မယ် ဆရာ၊ လူတွေလည်းရှင်းသွားပြီ'

ပြောပြောဆိုဆို မ,အိမ်ဘက်ဆီသို့ပြန်မည်အပြုတွင် ကိုဘခက်၏စကားကြောင့် ခြေလှမ်းများပင် တုံ့သွားလေသည်။

'ဒါပေမယ့် မ,ကို ကျုပ် တစ်ခုပြောချင်တယ်'

ကိုဘခက်သည် စကားကိုဖြတ်ထားလိုက်သည်။ မ,က ကိုဘခက် ဆက်ပြောမည့်စကားကို ရပ်၍ စောင့်နေမိသည်။

'မ,တို့အိမ်ကို လာတဲ့လူတွေထဲမှာ များသောအားဖြင့် လူလိမ်တွေချည်းပဲ၊ ဒီအိမ်က တစ်ခုခုလိုချင်လို့ သူတို့ ခုလိုလာပြီးဟန်ဆောင်နေတာပဲ၊ ဒါ ကျုပ်ထင်တာလေ၊ တကယ်တော့ ဒီကိစ္စတွေဟာ ကျုပ်နဲ့ဘာမှမဆိုင်ပါဘူး၊ ဒါပေမယ့် ကျုပ် ကြိုတင်သတိပေးတာကို မ,သဘောပေါက်ရင်တော့ မ,ဟာ အလိမ်ခံရမှာ မဟုတ်ပါဘူး၊ ဒါပါပဲ'

မ,သည် ကိုဘခက်ကို ဘာမှ ပြန်၍မပြောတော့ချေ။ အိမ်ဆီသို့သာ တစ်ချိုးတည်း သုတ်ခဲ့လေသည်။

အမှန်တော့လည်း ကိုဘခက်၏စကားများသည် မ,စိတ်ကို မသိမသာ လွှမ်းမိုးသွားသည်ကို မ,ကိုယ်တိုင်ကလည်း သိချင်မှ သိပေလိမ့်မည်။

ကိုဘခက်က မ,ကိုသာ ငေး၍ကြည့်နေမိသည်။ အမှန်တော့ မ,သည် သူ့လိုပင် အပေါ်ယံလူ့အဖွဲ့အစည်းကြားမှ တစ်ညတာအားဖြင့် ထွက်ပြေးလာခဲ့သူ ဖြစ်သည်။

ထို့ကြောင့်လည်း ကိုဘခက်သည် မ,ကို ပိုမို လေးစားမိသည်။ မ,၏ စိတ်ထားကို မြတ်နိုးမိသည်။ ကိုဘခက်သည် မ,ပြေးဝင်သွားသော အိမ်ကြီးကို အတန်ကြာမျှ မော့ကြည့်နေမိသည်။

သို့ကြည့်နေရင်းမှ သည်အိမ်ကြီးအတွင်း အိပ်မက်လိုရောက်လာ ပုံများကို ပြန်၍တွေးမိသည်။

ဦးကျော်ဒင်သည် သူ၏ကျေးဇူးရှင် ဖြစ်သည်။ မ,သည် သူ၏ တပည့်မ ဖြစ်သည်။ အမှန်တော့ သည်အိမ်ကြီးအတွင်းတွင် ကိုဘခက် သည် ဦးကျော်ဒင်နှင့်မ,ကို အထူးသဖြင့် ခင်မင်လေးစားမိသည်။ ဦး ကျော်ဒင်သည် ရိုးသားသည်။ ပွင့်လင်းသည်။ သူ့ဘဝကိုသူ အပြစ် ကင်းကင်းဖြင့် ပျော်အောင်နေတတ်သူ ဖြစ်သည်။ မ,သည် သိမ်မွေ့ သော မိန်းကလေးတစ်ဦး ဖြစ်သည်။

သည်းခံနိုင်စွမ်းရှိသည့် အတွင်းစိတ်ဓာတ် မာကျောသူတစ်ဦး ဖြစ်သည်။ ဂီတပညာကို လေးစားသူ ဖြစ်သည်။ သို့ဖြစ်၍လည်း သည် အိမ်တွင်း၌ အိမ်သားငါးဦးရှိသည့်အနက် ကိုဘခက်သည် ဦးကျော်ဒင် နှင့် မ,ကိုသာ အထူးခင်မင်လေးစားမိခြင်း ဖြစ်ပေမည်။

ကျန်လူများက ကိုဘခက်နှင့် စိတ်သဘောချင်း အဟပ်ဝေး နေပေလိမ့်မည်။ ဒေါ်ခင်မျိုးသန့်သည် လင့်လုပ်စာကို ထိုင်၍ဖြုန်းနေ သူ ဖြစ်သည်။ အိမ်ထောင့်ဝတ္တရားကို ဘာမျှ ပြန်၍ ကြည့်ရှုထိန်းသိန်းသူ လည်း မဟုတ်ပေ။

မော်သည် ဒေါ်ခင်မျိုးသန့်၏ခြေရာကို နင်းမည့်သူကလေး ဖြစ် သည်။ အမေ့ထက် ကဲချင်သာကဲမည်၊ လျှော့မည်သူကား မဟုတ်ပေ။ သူတို့နှင့်စာလျှင် မွန်တစ်ယောက်ကမှ တော်ပေလိမ့်ဦးမည်။ သို့သော် မွန်သည် မာနကြီးသူ ဖြစ်သည်။ သူ့အလုပ်ကလွဲလျှင် တခြားအလုပ်ကို အထင်သေးတတ်သူ ဖြစ်သည်။ သူ့ယုံကြည်ချက်ကလွဲလျှင် တခြားသူ၏ ယုံကြည်ချက်ကို စိတ်ဝင်စားလိုသူ မဟုတ်ပေ။

ကိုဘခက်သည် အိမ်ကြီးကိုကြည့်ရင်း သည်အိမ်ကြီးအတွင်းမှ လူ များ၏ စိတ်သဏ္ဌာန်ကို စဉ်းစား၍ကြည့်လိုက်မိသည်။ ပြီးမှ သည်လူငါး ဦးအတွင်းတွင် မိမိက မည်သို့ ဆက်ဆံနေထိုင်သွားရမည်ကိုလည်း စဉ်း စားလိုက်မိသည်။

http://www.cherrythitsar.org



မ,တို့ အခန်းဆီမှ မီးမှိတ်၍ သွားသည်။ ပြီးမှ မီးရောင်ပြာလဲ့လဲ့ကလေး လင်း၍လာပြန်သည်။ အိမ်ရှေ့တွင် ကားတစ်စီးသာ ဆိုက်ထားသည်ကို တွေ့ရသည်။ လူသံကား မကြားရတော့ချေ။

ကိုဘခက်သည် အခန်းဆီသို့ ခပ်ဖြည်းဖြည်း လျှောက်ခဲ့သည်။ သူ့အခန်းမှာ နောက်ဖေးစတိုခန်းတစ်ခုနှင့် ကပ်လျက်ရှိသည်။ စတိုခန်းနောက်တွင် မီးဖိုဆောင်သာ ရှိတော့သည်။ ကိုဘခက်နေသော အခန်းမှာ အိမ်ရှေ့လှေကားပေါက်မှဝင်၍လည်းရသည်။ ဘေးတံခါးမှ ဝင်၍လည်းရသည်။

ထို့ကြောင့်လည်း ကိုဘခက်သည် ဘေးပေါက်မှထွက်၍ ဘေးပေါက်မှ ပြန်ဝင်ခဲ့ခြင်းဖြစ်သည်။ ကိုဘခက်သည် အပေါက်ဝသို့ ဝင်မည်အပြုတွင် စတိုခန်းဘေးဆီမှ တိုးတိုးအသံကလေးများကို ကြားလိုက်ရသည်။ ကိုဘခက်သည် ခြေလှမ်းကို အသာကြွ၍ နင်းလိုက်ပြီးလျှင် သူ့အခန်းတံခါးကို ကွယ်၍ ကြည့်လိုက်သည်။ စတိုခန်းဘေးတွင် မည်းမည်းသဏ္ဌာန်နှစ်ခုကို မြင်နေရသည်။

'ဂျော်နီ··· ကိုယ့်ကို ဒီလိုမလုပ်နဲ့ကွယ်'

ကိုဘခက်သည် လေသံမျှကြားရသော အသံရှင်ကို ရုတ်တရက် ဝေခွဲ၍မရနိုင်အောင် ရှိတော့သည်။

'ဂျော်နီ··· ကိုယ်ပြောနေတာ မရဘူးလား၊ လွှတ်ပါကွာ၊ ကိုယ့်လက်ကို ကိုင်မထားပါနဲ့၊ ကိုယ်ကြောက်တယ် သိလား'

'အိုကွာ··· မော်ကလည်း ဘာကြောက်တာလဲ၊ မော့်ကို ကိုယ်ချစ်တယ် သိလား'

'ဟင့်အင်း··· ဟင့်အင်း··· မော်ကြောက်တယ်၊ ချစ်ရင်နောက်နေ့မှပြော···'

'နောက်နေ့အထိ မစောင့်နိုင်ဘူး၊ ခုပြောမယ်၊ မော် ကိုယ့်ကိုချစ်လားဟင်၊ ပြောစမ်း၊ ကိုယ်ကဖြင့် မော့်ကိုချစ်ရတာ ရူးတော့မယ်၊ ကဲ···'

'အို···'

ကိုဘခက်သည် ဆက်၍ နားမထောင်ရဲတော့ပေ။ အခန်းတံခါးကို တအားဆောင့်၍ ပိတ်လိုက်သည်။

http://www.cherrythitsar.org



ထိုခဏပင် မော်၏ အလန့်တကြား အော်သံကလေးသဲ့သဲ့ကို ကြားလိုက်ရသည်။

'အို… လွှတ် ဂျော်နီ၊ မော် သွားတော့မယ်၊ ဂွတ်နိုက်…'

စတိုခန်းတံခါးကို ပိတ်လိုက်သောအသံကို ကြားလိုက်ရသည်။

ကိုဘခက်သည် ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲလိုက်သည်။

သူ့မျက်လုံးထဲတွင်ကား ဘောင်းဘီဖင်ကျပ်နှင့် ရာမဇာတ်ထဲမှ မျောက်ကလေးကိုသာ မြင်ယောင်နေမိတော့သည်။

●

မော်သည် အခန်းတွင်းသို့ ခပ်ဖြည်းဖြည်းဝင်လာခဲ့သည်။ သူ့ရင်ထဲတွင် တထိတ်ထိတ် ခုန်နေသည်။ အခန်းဝသို့ ရောက်သည့်တိုင်အောင် ရုတ်တရက် မဝင်ရဲပေ။

မွန်နှင့် မ,တို့၏ အရိပ်အခြည်ကိုကြည့်လိုက်သည်။ ပြီးမှ အခန်းတွင်းသို့ ခြေဖော့ဖော့နင်းကာ ဝင်ခဲ့သည်။

အိပ်ရာပေါ်သို့ ခြေချလိုက်သောအခါ သူ့ရင်အုံကလေးမှာ ကြွချည်နိမ့်ချီ ဖြစ်နေသည်။ မောသလိုလို ဟာသလိုလိုရှိနေသည်။ ငိုချင်သလိုလည်းဖြစ်မိသည်။ မော်သည် သူ့စိတ်ကိုသူငြိမ်အောင်ထိန်းလိုက်သည်။

မွန်သည် ခြင်ထောင်ကို ဆွဲ၍မလိုက်ပြီးလျှင် မော့်ကိုကြည့်လိုက်သည်။ မော်က ခေါင်းမြီးခြုံ၍ တစ်ဘက်သို့ စောင်းအိပ်လိုက်သည်။

'မ,ရေ မင်း မနေ့ညက ဘယ်ပျောက်နေလဲ'

မ,သည် သူ့အတွေးနှင့်သူ နစ်မျောနေရာမှ မွန့်ဘက်သို့ငဲ့၍ ကြည့်လိုက်သည်။

'မ, အထဲမှာနေရင်း မူးနောက်နောက်ရှိတာနဲ့ ပန်းခြံထဲဆင်းပြီးနေတာ…'

http://www.cherrythitsar.org



'အမယ်… မော်သိတယ်၊ ဆရာ ကိုဘခက်နဲ့ အပြင်မှာ စကား ပြောနေတာ မဟုတ်လား'

မော်သည် စောင်ကို လုပ်ရင်း ခေါင်းထောင်၍မေးလိုက်သည်။ မ,ကမူ ခပ်အေးအေးပင် ပြန်၍ ဖြေလိုက်သည်။

'အေးလေ…ဟုတ်သားပဲ၊ ဆရာကိုဘခက်နဲ့တို့ ဂီတအကြောင်း ဆွေးနွေးနေတာ'

'ဂီတအကြောင်း ဆွေးနွေးနေတယ်ဆိုတော့ တော်သေးတာ ပေါ့နော်'

မော်က ခပ်ငေါ့ငေါ့လေသံဖြင့် မ,ကိုနောက်လိုက်သည်တွင် မွန်က ဝင်၍ ဟန့်လိုက်သည်။

'မော်… မင်း အရှူးချေးပန်းစကားတွေ လျှောက်မပြောစမ်းနဲ့၊ မ,ဟာ မင်းထက်အသက်လည်းကြီးတယ်၊ စဉ်းစားဉာဏ်လည်းရှိတယ်၊ မင်း စကားပြောရင် သတိထားပြော'

မော်သည် စောင်ကို ခေါင်းမြီးခြုံ၍ ပြန်လှဲချလိုက်သည်။

မ,သည် မော့်ကို စိတ်ဆိုးရန်ပင် သတိမရနိုင်ပေ။ သူ့အတွေးနှင့် သူ ဝင်စားနေမိသည်။

'မွန်…'

'ဟင်…'

'မွန်တို့ လက်ထပ်ခါနီးပြီနော်'

'ရှေ့လဆန်းပဲ၊ ဘာလိုတော့လဲ'

မ,သည် မွန်၏ရှေ့ရေးကို အဆုံးအစမရှိ တွေးနေမိသည်။ မွန့် အတွက် သူပေးလိုသော အကြံဉာဏ်ကို ပေးသင့်မပေးသင့် စဉ်းစားနေ စဉ်မှာပင် မော်က မ,၏စကားကို ဖြတ်လိုက်သည်။

'ဟော့…မွန်၊ မွန့်ကို မော်တစ်ခုမေးမယ်၊ ဗစ်တာကို မင်းချစ် တယ်လို့ ထင်သလား'

'ဘာလဲ… မင်းသိချင်တဲ့ ချစ်တယ်ဆိုတာ'

'ချစ်တယ်ဆိုတာ ကြည့်ကောင်းတာကို ပြောတာပေါ့၊ ကိုယ့် မျက်စိထဲမှာလှပြီး ချစ်စရာကောင်းတာဟာ ချစ်တာပေါ့'

'ကဲ… မင်း ဘယ်လိုထင်လဲ၊ ဗစ်တာကို မင်း ချောတယ်ထင်သလား၊ အရုပ်ဆိုးတယ် ထင်သလား'

'မွန်…စိတ်မဆိုးကြေးနော်၊ မော်ကတော့ ဗစ်တာကိုချောတယ်လို့ မထင်ဘူး၊ နှာခေါင်းပွတယ်၊ နဖူးကျယ်လွန်းတယ်၊ မျက်ခုံးထူတယ်၊ ကြည့်ရတာ တစ်မျိုးကြီးပဲ၊ ကြည့်လို့မရဘူး'

'အေး… မွန်ကတော့ ဒါကိုက ယောကျ်ားပီသတယ်လို့ ထင်တယ်၊ ဒါပေမဲ့ မွန် သူ့ကိုချစ်တာ ရုပ်ချောလို့မဟုတ်ဘူး၊ ရုပ်ဟာ ကြည့်မရအောင် အရုပ်မဆိုးရင် ပြီးတာပဲ၊ ယောကျ်ားတစ်ယောက်ကို ရွေးတဲ့နေရာမှာ ဥပမာ အရည်အချင်းသုံးခုလောက်ကို မူတည်ပြီးရွေးရင် ရုပ်ဟာ တတိယပဲ၊ အရေးကြီးတာက ကိုယ်နဲ့ စိတ်သဘောထားချင်း တိုက်ဆိုင်ဖို့ရယ်၊ ဒီယောကျ်ားကို ယူလိုက်တဲ့အတွက် ကိုယ့်အဆင့်အတန်းဟာ ခုထက် မနိမ့်ကျရဘူး၊ ဒါထက်သာ မြင့်လာရမယ်ဆိုတဲ့ အာမခံချက်ရှိရမယ်၊ ပြီးတော့ ကိုယ့်လွတ်လပ်ခွင့်ကို လိုက်လျောမယ့်လူဖြစ်ရမယ်၊ ဒါဟာ အရေးအကြီးဆုံးပဲ၊ ဒီလိုလူမျိုးကိုယူမှ ကိုယ့်ဘဝဟာ စိတ်ချမ်းသာမယ်'

မော်သည် နေရာမှထ၍ ထိုင်လိုက်သည်။

မွန် ပြောသော စကားများမှာ သူ့အသိနှင့်သဘောပေါက်၍ မရရှာပေ။

မော်သည် မွန်၏ခုတင်ခြေရင်းတွင် ဝင်၍ ထိုင်လိုက်ပြီးလျှင် ခြင်ထောင် ဆွဲတင်လိုက်သည်။

'ဟုတ်တယ် မွန်၊ မွန်ပြောတာတွေကို မော် အားလုံးသဘောမပေါက်ပေမယ့် မော် နားလည်တာကို ပြောမယ်၊ ရုပ်ချောတယ် မချောဘူးဆိုတာ မိန်းကလေးတစ်ယောက်အတွက် ကျိန်းသေတွက်လို့မရဘူး၊ ရော်နီကို မော်လေ အစက လုံးလုံးကြည့်မရဘူး၊ ပါးစပ်ကပြဲသေး၊ မျက်ပေါက် မှေးသေး၊ ပြီးတော့လည်း ပြောင်စပ်စပ်နဲ့၊ သိပ်မုန်းစရာကောင်းတာပဲ၊ ခုတော့ ရော်နီဟာလေ‥'

'ဟဲ့… မော်၊ နင် ဘယ်လိုဖြစ်နေတာလဲ၊ ဒုက္ခတော့ဖြစ်ကုန်ပြီ မ,ရေ၊ မ,… မင်းညီမကို လာမေးစမ်း'

http://www.cherrythitsar.org



မွန်သည် မော်၏ ပခုံးကလေးကိုလှုပ်ခါရင်း မေးလိုက်လေသည်။

မော်ကမူ သူ့မျက်နှာကို လက်ဝါးကလေးဖြင့် အပ်၍ ရယ်နေတော့သည်။

မ,သည် သက်ပြင်းကို အသာချလိုက်မိသည်။

'ဘာမေးစရာလိုလဲ မွန်၊ ဂျော်နီ့ကို သူကြိုက်နေတာပဲ ဖြစ်မှာပေါ့'

မော်က ရုတ်တရက် ခေါင်းကိုမော့လိုက်ပြီး မ,ကို ဒေါသဖြင့် ကြည့်လိုက်သည်။

'မ,နော်… ဒါပဲ၊ မော်ပြောတဲ့အထဲမှာ ဂျော်နီကို ကြိုက်တယ်ဆိုတာ မပါသေးဘူး'

'ဘာထူးလဲ၊ မင်း ဂျော်နီ့ကို အရုပ်ဆိုးတယ်လို့ ထင်ရာကနေ ချောတယ်ထင်လာတာဟာ ချစ်လာလို့ပေါ့၊ ပဒုမဇာတ်ကို မင်းကြားဖူးမှာပေါ့၊ ပဒုမမင်းသားဟာ သစ်သီးရှာသွားတော့ ပေါင်တိုနဲ့အဝင်္ကဒေဝီမိဖုရားကြီး ကျန်ခဲ့တယ်၊ ဒီမိဖုရားကြီးဟာ အစကတော့ ပေါင်တိုကို ရွံလှချည်ရဲ့ဆိုပြီး အနားတောင်မကပ်ဘူး၊ နောက်တော့ ရေကိုတိုက်ပေးရင်းကနေ ပေါင်တိုကိုချစ်စရာကြီးပါလားလို့ ဖြစ်လာတာဟာ ဘာသဘောလဲ၊ ခြေတွေလက်တွေမရှိတဲ့ လူတစ်ယောက်အဖြစ်ကိုတောင် မေ့ပြီး ခုလို ကျေးဇူးရှင်ကို ဖောက်ပြန်တာဟာ ဘာသဘောလဲ၊ ကိုယ့်စိတ်ကို လှည့်စားတာပဲ'

'မ,နော်… တော်တော့၊ မ,ကို မော် မေးနေတာ မဟုတ်ဘူး၊ မွန့်ကိုမေးနေတာ'

မွန်က မော့် ဆံပင်ဖျားကလေးများကို သပ်၍ ချော့လိုက်သည်။

ပြီးမှ မ,ဘက်သို့လှည့်၍ ပြောလိုက်သည်။

'မဟုတ်ဘူး မ၊ အဝင်္ကဒေဝီနဲ့ ပေါင်တို ဖောက်ပြန်တာဟာ အချစ်ကြောင့် မဟုတ်ဘူး၊ သွေးသားကြောင့်ပဲ၊ ဗိုဇာတ် မဇာတ် ထိတွေ့တဲ့ သဘောအရ ဖောက်ပြန်တာ ဖြစ်ချစ်ဖြစ်မယ်၊ သွေးသား

http://www.cherrythitsar.org



ဆန္ဒသက်သက်ကြောင့် ဖြစ်ချင်ဖြစ်မယ်၊ ဒါဟာ အချစ်လို့ မခေါ်နိုင်ဘူး'

မော်သည် မွန်၏စကားများကို စိတ်ဝင်တစားနားထောင်နေမိသည်။

မွန်ပြောသော စကားများတွင် သူသိလိုသော အချက်များပါနေသည်ကိုလည်း သတိထားလိုက်မိသည်။

'ယောကျ်ားနဲ့မိန်းမ ထိတိုင်းသာ ဖောက်ပြန်ရမယ်ဆိုတာတော့ မော် မယုံဘူး၊ ဒီလိုသာဆိုရင် မော်တို့ ယောကျ်ားတွေနဲ့ တွဲကနေကြတာ၊ ကတဲ့ယောကျ်ားတိုင်း ဖောက်ပြန်ကုန်ရောပေါ့'

'ဒီလိုတော့ ဘယ်ဟုတ်မလဲ မော်ရဲ့၊ ကတာလည်း ကရင်းနဲ့ဖောက်ပြန်ချင်လည်းဖောက်ပြန်မယ်၊ ကတယ်ဆိုတဲ့ အာရုံထဲမှာဝင်စားပြီး တကယ်ကနေရင်တော့လည်း ဖောက်ပြန်ချင်မှဖောက်ပြန်မယ်၊ ဒါပေမယ့် အဲဒီယောကျ်ားတွေနဲ့ တစ်နေရာမှာ နှစ်ယောက်ချင်းတွေ့ပြီး လက်ကလေးကိုပဲ ကိုင်ကြည့်လိုက်စမ်း၊ မင်းစိတ်ဟာ အလိုလို လှုပ်ရှားလာမယ်၊ ဖိုဓာတ် မဓာတ် သဘာဝဟူသမျှဟာ ဆန့်ကျင်ဘက်ချည်းပဲ၊ ဒါနှစ်ခုသွားပြီး ထိတွေ့ရင် လှုပ်ရှားမှုတစ်ခုတော့ ဖြစ်လာတာပဲ'

မော်သည် မွန်၏စကားကို တအံ့တသြနားထောင်မိသည်။ မွန်ပြောသော စကားများသည် မော် ကြုံခဲ့ရသောအဖြစ်နှင့် လုံးလုံးတိုက်ဆိုင်၍ နေတော့သည်။

'မွန်က သိပ်တော်တာပဲ၊ မွန် ပြောတာတွေဟာ သိပ်မှန်တာပဲ၊ မော်လေ ကနေ့ စိတ်တွေလှုပ်ရှားနေတယ်၊ ငိုချင်သလို ရယ်ချင်သလိုပဲ'

မော်သည် ပြောရင်းဆိုရင်းပင် မွန့်ကိုဖက်၍ ရှိုက်နေတော့သည်။

မွန်က မော့် မျက်နှာကလေးကို အတင်းဆွဲမော့လိုက်သည်။

'မော်...မွန့်ကို မှန်မှန်ပြောစမ်း၊ မင်း ကနေ့ည ဘာဖြစ်လာသလဲ၊ မွန့်ကိုမရှက်ပါနဲ့ ညီမရယ်၊ အမှန်အတိုင်းသာ ပြောစမ်းပါ၊ မင်း ဂျော်နီနဲ့ ဘာဖြစ်လာလဲ'

http://www.cherrythitsar.org



မွန်ကမေးလိုက်မှ မော်သည် ပို၍ ဝမ်းနည်းလာဟန်ရှိသည်။ မွန့်ရင်ခွင်တွင် ခေါင်းကိုမြှုပ်ကာ အားပါးတရ ငိုချလိုက်သည်။ မ,သည် အိပ်နေရာမှထ၍ ထိုင်လိုက်သည်။ မော့်အဖြစ်ကို နားမလည်နိုင်သလို စိုးရိမ်တကြီး ကြည့်လိုက်မိသည်။

'ဒါ ငိုစရာမဟုတ်ဘူး၊ မင်းဖြစ်လာတာကို ပြောစမ်းပါ မော်'

မ,သည် မျက်နှာထားဖြင့်ဝေါက်လိုက်သည်။ မွန်က မော့်ခေါင်းကလေးကို မော့၍ ချော့လိုက်သည်။

'ပြောပါကွယ်၊ ညီမကို မွန်တို့ အပြစ်မတင်ပါဘူး၊ ဂျော်နီက မော့်ကို ဘာလုပ်လဲ'

'ဂျော်နီက မော့်ကို အပြင်မှာ စကားပြောရအောင်ဆိုပြီး ခေါ်သွားတယ်၊ အပြင်ရောက်တော့ မော့်ကိုချစ်တယ်ဆိုပြီး အတင်းဖက်တာပဲ'

မော့်စကားကြောင့် ညီအစ်မနှစ်ယောက်စလုံးပင် မျက်လုံးပြူးသွားလေသည်။

'ဟင်… ဒါဖြင့် မော်က ဘာလို့ မွန်တို့ကို အော်ပြီးမတိုင်တာလဲ၊ မော့်ကို စော်ကားရင် ပါးရိုက်ခဲ့ပါလား'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ မော် ဘာဖြစ်တာလဲမသိဘူး၊ မော် သူ့လက်ထဲက ရုန်းလို့လည်းမရဘူး၊ ရုန်းလည်း မရုန်းချင်ဘူး၊ မော်လေ ဂျော်နီရဲ့ရင်ခွင်မှာ အသာမှီနေချင်တယ်၊ ဒါပေမယ့် ကြောက်တယ်၊ ဘာလို့မှန်းမသိဘူး၊ မော် ကြောက်တယ်၊ အခုတော့ မော် ဂျော်နီ့ကို သနားနေတယ်'

မွန်သည် သူ၏နှုတ်ခမ်းကလေးကို အသာကိုက်ထားလိုက်သည်။ မ,ကမူ သူ့ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် အသာဖိထားလိုက်သည်။

'အင်း…ကောင်းကြပေါ့ မော်ရေ၊ မင်းတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခဖြစ်ချင်ပြီထင်တယ်၊ ကဲ‥ကဲ‥ အိပ်တော့… အိပ်တော့၊ ဒီည ဒီအကြောင်း မပြောနဲ့၊ နောက်မှ မ,တို့အေးအေးဆေးဆေး ပြောရအောင်၊ ဒီညတော့ မေ့ပစ်လိုက်တော့၊ ကဲ…လာ‥ လာ‥ အိပ်ရအောင်'

မ,သည် မော့်ကိုတွဲ၍ သူ့အိပ်ရာပေါ်သို့ ကလေးငယ်ကို သိပ်သလို သိပ်လိုက်သည်။

http://www.cherrythitsar.org



ပြီးမှ စောင်ပါးတစ်ထည်ကို ခြုံ၍ပေးလိုက်သည်။ ခြင်ထောင်စများကိုလည်း မွေ့ရာအောက်တွင် ညှပ်ပေးလိုက်သည်။

မွန်သည် ဘာမျှပြန်မပြောတော့ချေ။ မော့်အတွက် ရင်လေးနေဟန်ရှိသည်။

မ,ကိုယ်တိုင်လည်း မော့်အတွက် မကျေနပ်နိုင်အောင် ရှိတော့သည်။

မော့်အကြောင်းကို တွေးရင်းပင် ကိုဘခက်ပြောသော စကားများကို ပြေး၍ သတိရမိသည်။

'လူဆိုတာ ကိုယ့်ကိုကိုယ် အလှည့်စားမခံရရင် တော်တယ်လို့ ဆိုရမှာပဲ မွန်၊ ညနေက ဆရာကိုဘခက်ပြောတဲ့ စကားလေးကို မ,သိပ်ပြီးကြိုက်တယ်၊ လောကမှာ ကိုယ့်ကိုကိုယ်လိမ်နေတဲ့လူတွေဟာ အလကားပဲတဲ့ မွန်၊ ဟုတ်တာပဲ၊ မော်ဟာ အမှန်တော့ သူ့ကိုယ်သူ လှည့်စားခံနေရတာပဲ၊ အမှန်တော့ ဂျော်နီဟာ မော့်ကို လွှမ်းမိုးနေပြီ'

'မော့်ကိုတော့ ပြောတယ်၊ မ,ကကော ဘယ်သူ့အလွှမ်းမိုးခံနေရသလဲ'

မော်သည် ရှိုက်နေရာမှ မ,ကို လှမ်း၍ ရန်တွေ့လိုက်သည်။

'ဟဲ့… မ,ကို ဘယ်သူက လွှမ်းမိုးရမှာလဲ'

'အခု မော့်အကြောင်းပြောနေရင်းက ဘာလို့ ဆရာကိုဘခက်က ပါလာသလဲ'

မော်၏အမေးကြောင့် မ,သည် သူ့ကိုယ်သူမလုံသလို ဖြစ်မိလေသည်။

'ဆရာ ကိုဘခက်ပြောတဲ့စကားနဲ့ တိုက်ဆိုင်နေလို့ ပြောတာပေါ့ မော်၊ မင်း ငါ့ကို စကားအကျအန မကောက်နဲ့နော်'

မ,သည် အသံကလေးများပင် တုန်၍လာသည်။

'အကျအနကောက်တာ မဟုတ်ဘူး၊ ဟုတ်တာကို ပြောနေတာ၊ ဘာလဲ··ကိုယ့်ကိုကိုယ် လိမ်တဲ့လူတွေဆိုတာ မော်က ဘယ်တော့မှမလိမ်ဘူး၊ ခုလည်း လိမ်နေတာ မဟုတ်ဘူး၊ မော် ဖြစ်ချင်တဲ့အတိုင်း အမှန်ကို ပြောနေတာ၊ မ,သာ ကိုယ့်ကိုကိုယ် လိမ်နေတာ'

http://www.cherrythitsar.org



'ကိုယ်လိမ်တာတွေ့ရင် ပြောပေါ့ကွာ၊ မ,ဆိုလိုတာက မင်းကို လိမ်တယ်ပြောတာ မဟုတ်ပါဘူး၊ ဒါပေမယ့် မင်းဟာ ငယ်သေးတယ်၊ လောကကြီးအကြောင်းကို မသိသေးဘူး၊ မင်းကိုယ်မင်း ဘာဖြစ်တယ် ဆိုတာ မင်းကိုယ်တိုင် မသိဘူး၊ ဒီတော့ မင်းဟာ လူတွေရဲ့အလှည့်စား ခံရတတ်တယ်၊ ဒါကို မ,စိုးရိမ်လို့ပြောတာ၊ မင်းကို အပြစ်တင်နေတာ မဟုတ်ဘူး'

မ,သည် သူ့စိတ်ကိုသူ အတတ်နိုင်ဆုံးချုပ်တည်း၍ ပြောလိုက် သည်။

ညီအစ်မချင်းရန်ဖြစ်ရသည့်အဖြစ်ကို မရောက်အောင်အတတ်နိုင် ဆုံး ထိန်းသိမ်းလိုက်သည်။

မော်ကမူ ဆတ်ဆတ်ထိမခံဘဲ ပြန်၍ ရန်တွေ့လိုက်သည်။

'မော် အလှည့်စားခံရတယ်ပဲထားပါ၊ မော့်လိုသာ မ,မဖြစ်ပါ စေနဲ့'

ခုတစ်ကြိမ်တွင်မူ မ,သည် ဘာမျှပြန်မပြောတော့ချေ။ ပြန်ပြော နေလျှင်လည်း စကားရှည်နေမည်။ ပြေလည်သည့်အဖြစ်ကိုကား ရောက် တော့မည် မဟုတ်ချေ။

မွန်ကမူ သူတို့ပြောနေသော စကားများကို နားထောင်ရင်း သူ့ထင်မြင်ချက် ပေးလိုက်သည်။

'ဟုတ်တယ်မ,ဒီနေရာတော့ မွန်လည်း မော့်ဘက်ကထောက်ခံ ချင်တယ်၊ လူတစ်ယောက်ကို အကြည်ညိုလွန်ရင် အဲဒီလူရဲ့ အလွှမ်းမိုးခံရ တတ်တယ်၊ ဒါကိုတော့ မ,သတိထားရမယ်'

မ,သည် မွန့်စကားကြောင့် ရှက်လည်းရှက် ဝမ်းလည်းနည်းမိ သည်။

သူ့အဖြစ်ကိုပင် သူကြောက်သလိုရှိတော့သည်။

မ,ရင်ထဲတွင် တဆတ်ဆတ်ခုန်လာသည်။

မ,တို့ အခန်းတစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိသည်။ ထို အတွင်းဝယ် အောက်ထပ်ဆီမှ ကိုဘခက်၏ တယောသံသည် လွမ်းဆွတ် ကြေကွဲဖွယ်ရာ မ,တို့ အခန်းတွင်းသို့ ပျံ့လွင့်လာသည်။

ကိုဘခက်သည် ထိုနေ့ညမှ ထူးထူးခြားခြား ဤသို့သော လွမ်းတေးကို အဘယ်ကြောင့် ဖွဲ့ဆိုလိုက်သည်ကိုကား မ,ကိုယ်တိုင် မစဉ်းစားရဲတော့ပေ။

●

(၆)

မ,သည် ကိုဘခက်၏စန္ဒရားသံကို နားထောင်ရင်း စိတ်ထဲတွင် လှုပ်ရှားနေမိသည်။ ကိုဘခက် တီးသော စန္ဒရားသံမှာ သီချင်းလည်း မဟုတ်၊ အစမ်းလည်းမဟုတ်၊ နားထဲတွင် တစ်မျိုးဆန်းနေသည်။ ကိုဘခက်သည် သီချင်းတစ်ပုဒ်လောက် တီးလိုက်ပြီးလျှင် ရပ်သွားပြန်သည်။

နောက်တစ်ဖန် အသံစုံစမ်းလိုက်ပြန်သည်။ စမ်းပုံမှာလည်း ခပ်ရိုးရိုးမဟုတ်၊ အသံတစ်သံမှ တစ်သံသို့ ပြောင်း၍ပြောင်း၍ စမ်းသွားပုံမှာ နားထဲတွင် ဆန်း၍နေသည်။ အသံပြောင်းတိုင်း ပြောင်းတိုင်းတွင် မ,နားထဲတွင် အရသာခံရသည်မှာ တစ်နေရာမှ တစ်နေရာသို့ ရောက်၍သွားသလို ခံစားရလေသည်။ သို့ ခံစားနေရင်းမှ တစ်ဖန်သီချင်းသံလိုလို တီးသံလိုလို ကြားရပြန်သည်။

မ,သည် ကိုဘခက်၏ စန္ဒရားသံကို နားထောင်ရင်း ဂီတတွင် နစ်မျောနေမိသည်။ အမှန်၌ ကနေ့ မ,တို့အိမ်တွင် လူရှင်းသောနေ့ဖြစ်သည်။ တနင်္ဂနွေနေ့ ဖြစ်သည်ဟု ဆိုသော်လည်း မော်နှင့်မွန်တို့က ပျော်ပွဲစား လိုက်သွားပြန်သည်။ မ,မေမေက ပိုကာဒေါင်းသွားသည်။ ဦးကျော်ဒင်က အပေါ်ထပ်တွင် စာဖတ်နေသည်။

မနက်ထမင်းစားပြီးကတည်းကပင် အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်နေသည်။ စောစောပိုင်းကမူ မ,ကိုယ်တိုင် အပေါ်ထပ်တွင် စာ

ကြည့်နေသည်။ ကိုဘခက် စန္ဒရားသံကြားမှပင် အောက်ထပ်သို့ဆင်း ခဲ့မိသည်။

အောက်ထပ်သို့ ရောက်ပြန်တော့လည်း ကိုဘခက်သည် စန္ဒရား၌သာ စိတ်ဝင်စားနေပုံရသည်။ မ,ဆင်းလာသည်ကိုပင် သိလိုက်ဟန် မတူပေ။ မ,သည် မီးဖိုချောင်သို့ဝင်၍ မောင်အေးနှင့်အတူ နေ့လယ် စာကိုပြင်ရင်း ကိုဘခက်၏စန္ဒရားသံကို နားထောင်နေမိသည်။

ကိုဘခက်သည် စန္ဒရားခုံပေါ်သို့ မောင်အေးက ကော်ဖီနှင့်မုန့် ကို ချပေးသည်တွင် သိဟန်မတူပေ။ စန္ဒရားကိုသာ ငုံ့၍တီးနေလိုက် သည်။ ကိုဘခက် အနားသို့ပင် မသွားရဲတော့ပေ။ ဧည့်ခန်းထောင့် တွင် ထိုင်ရင်း စန္ဒရားကိုသာ နားထောင်နေမိသည်။

ကိုဘခက်သည် ဆေးပေါ့လိပ်ကိုဖွာရင်း စဉ်းစားနေရာမှ စိတ် ကူးရသည့်အချိန်တွင် စန္ဒရားကိုကောက်၍ စမ်းလိုက်သည်။ နောက် တစ်ခါ စန္ဒရားရှေ့တွင် တင်ထားသော စာရွက်ကိုယူ၍ ဖောင်တိန်ဖြင့် ရေးခြစ်နေပြန်သည်။

နောက်တစ်ဖန် စာရွက်ကိုကြည့်ရင်း စန္ဒရားကိုတီးလိုက်ပြန်၏။ သို့တီးနေရင်းမှ ပါးစပ်ကလည်း ခပ်တိုးတိုး ရွတ်ဆိုနေပြန်သည်။ ခဏ ကြာလျှင် ကိုဘခက်၏အသံသည် မကျယ့်တကျယ် ပေါ်၍လာသည်။ မ,သည် ကိုဘခက်ဆိုနေသော စာသားကို ဂရုစိုက်၍ နားထောင်လိုက် သော်လည်း သဲကွဲစွာ မကြားရချေ။ တီးသံနှင့် ညည်းသံလောက်သာ ကြားရသည်။

ဤသည်ကိုပင် မ,နားထဲ စွဲ၍နေတော့သည်။ ခဏကြာလျှင် ကိုဘခက်သည် စန္ဒရားအဖုံးကို တအားပိတ်၍ပစ်လိုက်သည်။ ပြီးတော့ လည်း စန္ဒရားခုံပေါ်တွင် ခေါင်းကို ငိုက်စိုက်ချ၍ ထားလိုက်သည်။

မ,သည် ကိုဘခက်၏ အပြုအမူကို နားမလည်နိုင်သလို ရှိတော့ သည်။ စောစောက ဂီတတွင် နစ်မျောနေခြင်းဖြင့် သူ့မျက်နှာကို ကြည့် ရသည်မှာ ပင်ပန်းနွမ်းနယ်နေမှန်း ထင်ရှားလှသည်။ စန္ဒရားတီးနေ သည်နှင့်မတူ၊ သီချင်းစပ်နေသည်နှင့်မတူ။ ပင်ပန်းသော အလုပ်ကြီး တစ်ခုကို လုပ်နေရသော သူကို ကြည့်နေရသည်နှင့် တူတော့သည်။

ယခုမူ ကိုဘခက်၏မျက်နှာသည် သိသိသာသာကြီးပြောင်းလဲ၍ သွားသည်။ သူသည် စန္ဒရားခလုတ်ကို နှိပ်နေရင်း သူ့မျက်နှာသည် အလိုလို တင်းမာခက်ထန်၍လာသည်။ စန္ဒရားအဖုံးကို ဒေါသတကြီး ဆွဲ၍ ပိတ်လိုက်သည်။ ပြီးမှ စန္ဒရားခုံပေါ်တွင် ခေါင်းငိုက်စိုက်ချ၍ ထားလိုက်သည်။

မ,သည် ကိုဘခက်ကိုကြည့်ရင်း ထိတ်လန့်မိသည်။ ကိုဘခက် သည် တစ်စုံတစ်ခုကို မကျေမချမ်းဟန်ဖြင့် စန္ဒရားခုံပေါ်မှ စာရွက် တွေကို လုံးထွေးခြေမွပစ်လိုက်သည်။

ပြီး စန္ဒရားခုံမှ ထလိုက်သည်။ မ,သည် နေရာမှ ထလိုက်ရင်း ကိုဘခက်ရှိရာသို့ လျှောက်လာမိသည်။

'ဘာဖြစ်လို့လဲ ဆရာ၊ စောစောက ဆရာ စမ်းနေတဲ့ သီချင်း ကလေးက တော်တော်ကောင်းတာပဲ၊ ဆရာ မကြိုက်ဘူးလား . . .'

မ,က မရဲတရဲနှင့် မေးလိုက်သော်လည်း ကိုဘခက်သည် မ,၏ အမေးကို ရုတ်တရက် ပြန်၍မဖြေဘဲ ဧည့်ခန်းစားပွဲတွင်သာ ခြေပစ် လက်ပစ် ထိုင်ချလိုက်သည်။

မ,သည် ကိုဘခက်ကို ဆက်၍မမေးဝံ့တော့ချေ။ စန္ဒရားခုံပေါ်မှ ကိုဘခက်အတွက် ချထားသော ကော်ဖီနှင့်မုန့်ကိုသာ ယူ၍ ကိုဘခက် အရှေ့သို့ ချပေးလိုက်သည်။ ကိုဘခက်သည် မ,ချပေးသော ကော်ဖီ ကိုလည်း မသောက်၊ လက်ထဲမှ ဆေးပေါ့လိပ်ကိုသာ မီးညှိ၍ဖွာလိုက် သည်။

'ကော်ဖီ သောက်ပါဦး ဆရာ . . .'

ကိုဘခက်သည် ဆေးပေါ့လိပ်အတိုကို နောက်ဆုံးတအားရှိုက်၍ ဖွာလိုက်ပြီး ပြာခံခွက်ထဲသို့ ထိုး၍ချေလိုက်သည်။ ပြီးမှ ကော်ဖီခွက်ကို ယူ၍ တစ်ကျိုက်တည်း မော့သောက်လိုက်သည်။ သူ့မျက်နှာသည် သူ့ ကိုယ်သူ မကျေနပ်နေဟန် ရှိတော့သည်။

ကိုဘခက် မ,ကိုမကြည့်ဘဲ တစ်လုံးချင်းပြန်၍ ဖြေလိုက်၏။

'မပင်ပန်းအောင် စပ်ရင်လည်းရတာပဲ၊ ဟိုအသံ ဒီအသံခိုးပြီး စပ် လိုက်ရင် ခဏနဲ့ ပြီးတာပေါ့၊ ဒါပေမယ့် သီချင်းတစ်ပုဒ် စပ်ဖို့ဆိုတာ အမှန်တော့မလွယ်ဘူး၊ တစ်နာရီနဲ့ပြီးရင်လည်း ပြီးမယ်၊ တစ်နှစ်နဲ့ပြီးချင်မှ

http://www.cherrythitsar.org



လည်းပြီးမယ်၊ ရေရဲ့ အတိမ်အနက်ကို မသိနိုင်သလိုပဲ တန်ဖိုးရှိတဲ့အနုပညာတစ်ရပ်ရဲ့ ခက်ခဲနက်နဲမှုကို တိုင်းတာလို့မရဘူး'

'ဆရာ ခုနကစပ်တဲ့သီချင်းကို စာသားတော့ မသိဘူး၊ အသံကျတော့သိပ်ဆန်းတယ်၊ မြန်မာသံလည်း ပီသတယ်၊ အသံကူးပြောင်းပုံတွေကလည်း သာတယ်၊ ဆရာ ဒီသီချင်းကိုဆက်ပြီး မစပ်တော့ဘူးလား'

မ,က ကိုဘခက်ကို ကြည်ညိုလေးစားသောအမူအရာဖြင့် မေးလိုက်သော်လည်း ကိုဘခက်သည် မ,ကိုမကြည့်ဘဲ ငေးကြောင်ကြောင်ဖြင့် ရှေ့သို့ ကြည့်နေလိုက်သည်။ ပြီးမှ မျက်မှောင်ကိုကြုတ်ရင်း တစ်လုံးချင်း ပြန်၍ဖြေလိုက်သည်။

'အမှန်တော့ ဒီသီချင်းဟာ ကျုပ်ဆက်စပ်လည်း အခုချိန်မှာ ဘာမှအကျိုးမထူးပါဘူး၊ ကျုပ် ဒီသီချင်းကို ပြီးအောင်စပ်ဖို့ တစ်ညကြာချင်ကြာမယ်၊ တစ်လကြာချင်ကြာမယ်၊ ဒါပေမယ့် ဒီသီချင်းကို အမြန်စပ်စရာမလိုသေးဘူး၊ ကျုပ်စပ်လည်း ဒီသီချင်းကို ပရိတ်သတ်က လက်ခံဖို့ ငါးနှစ်ထက်မနည်း စောင့်ရမှာပဲ၊ ဒီတော့ ကျုပ် သီချင်းကို ပြီးစလွယ်မစပ်ဘူး၊ အချိန်ယူပြီး စပ်မယ်'

မ,သည် ကိုဘခက်ကို ကြည့်ရင်း ဆက်ပြောမည့် စကားကိုပင် မဆက်နိုင်အောင် ရှိတော့သည်။ ကိုဘခက်သည် ဆေးပေါ့လိပ်ကို မီးညှိဖွာလိုက်သည်။

မ,က ကိုဘခက်ကို အကဲခတ်ရင်း မရဲတရဲဆက်၍ မေးလိုက်သည်။

'ဆရာ့ကို မ,တစ်ခုမေးချင်တယ် ဆရာ၊ သီချင်းတစ်ပုဒ်ကိုစပ်တဲ့နေရာမှာ ဘယ်လိုနည်းနဲ့ စပ်သလဲ ဆရာ၊ သီချင်းစာသား စကားလုံးတွေကိုရှာပြီး အသံထည့်ရင်းနဲ့ စပ်တာလား၊ ဒါမှမဟုတ်ရင် ခံစားချက်နဲ့ စပ်တာလား ဆရာ၊ အဲဒါ မ,မသိလို့ ဆရာ့ကိုမေးကြည့်တာ'

ကိုဘခက်သည် မ,၏အမေးကို ရုတ်တရက် မဖြေသေးဘဲ ဆေးပေါ့လိပ်ကို ဆက်၍ ဖွာလိုက်သည်။

အတန်ကြာအောင် စဉ်းစားပြီးမှ တစ်လုံးချင်းပြန်၍ ဖြေလိုက်သည်။

http://www.cherrythitsar.org



'လောကမှာ ခံစားချက်မပါဘဲ လုပ်တဲ့အလုပ်ဟာ ဘယ်တော့မှ မပြောင်မြောက်ဘူး၊ ဂီတဝိသာခနီကို လှန်ကြည့်ရင် ရှေးခေတ် ဂီတ ဆိုတာတွေကို တွေ့မယ်၊ ဥပမာ… မြဝတီမင်းကြီး ဦးစ၊ သူဟာ ဘုန်းတော်ဘွဲ့တွေ အများကြီး ရေးခဲ့တယ်'

'ဒါပေမယ့် သူ့ဘုန်းတော်ဘွဲ့တွေဟာ သီချင်းခန့်ကြီးတွေ ဖြစ်တဲ့အတိုင်း ခန့်ညားတယ်၊ ခိုင်မာတယ်၊ ဒါဟာ ဂီတအနုပညာ အနေနဲ့ ဝေဖန်မယ်ဆိုရင် စာသားအရ ထောင်ရောင်နေရွှေဘုန်း… ဆိုတဲ့အတိုင်း ရှင်ဘုရင်မင်းမြတ်ရဲ့ ရွှေဘုန်းတော်ဟာ ထောင်ရောင်နေလို လင်းတယ် ဆိုတာကို ဖွဲ့တာပဲ'

'ဒီနေရာမှာ ဘုရင်တွေရဲ့ ဘုန်းတန်ခိုးတေဇာကို ပြောင်မြောက်အောင် ဖွဲ့နိုင်တာဟာ ချီးကျူးစရာပဲ၊ စာသားတင် မဟုတ်ဘူး၊ အသံတီးကွက်၊ အထားအသိုကစပြီး ခံ့ညားအောင် ဖွဲ့ဆိုနိုင်တာဟာ ဂုဏ်မြောက်တယ်'

'ဒါပေမယ့် မြဝတီမင်းကြီးရဲ့ လွမ်းခလေ့ပတ်ပျိုးဟာ ဒီထောင်ရောင်နေ၊ ဇေယျာရွှေမြေတို့ထက် ခံစားချက်ပါတယ်၊ စာသားရော အသံပါ ခံစားချက်ပါမှန်း သိရတယ်၊ ဒါဟာ ဘာလဲဆိုတော့ အနုပညာကို ပြုစုတဲ့နေရာမှာ ခံစားမှုမရှိရင် မဖြစ်ဘူးမြောက်ဆိုတဲ့ သက်သေပဲ'

မ,သည် ကိုဘခက်၏ အဖြေကို နားထောင်ရင်း အတွေးနက်၍နေတော့သည်။

ကိုဘခက်ပြောသော စကားများကို စိတ်ထဲမှ သဘောပေါက်သလိုရှိသော်လည်း မရှင်းသည့်အချက်များ ပါနေသေးသည်။ မ,သည် ကိုဘခက် ဆက်၍ပြောမည့်စကားကို စောင့်နေသည်။ ကိုဘခက်ကမူ ဘာမျှဆက်၍မပြောဘဲ အေးအေးဆေးဆေးပင် ထိုင်ရင်း ဆေးလိပ်ကို ဖွာနေလိုက်သည်။

'ဒါဖြင့်ဆရာဆိုလိုတာက ဘုန်းတော်ဘွဲ့နဲ့ သဘာဝဘွဲ့မှာ သဘာဝဘွဲ့ကပိုပြီး ခံစားချက်တွေပါမယ်၊ ဒါကြောင့် ပိုပြီး အနုပညာမြောက်မယ်လို့ ဆိုလိုတာလား'

http://www.cherrythitsar.org



မ,က မရဲတရဲ မေးလိုက်သော်လည်း ကိုဘခက်၏မျက်နှာကို အကဲခတ်လိုက်ရသေးသည်။

သူမေးသော မေးခွန်းများ မှားသွားသလားဟု စိုးရိမ်မိရှာသည်။

ကိုဘခက်ကမူ မ,သိလိုသော အဖြေကို ခပ်အေးအေး ဖြေလိုက်သည်။

'ဒီလို တစ်ထစ်ချ တွက်လို့မရဘူး၊ တေးကဗျာလင်္ကာကို ဖွဲ့ဆိုတဲ့ နေရာမှာ ဘယ်အရာကိုဖွဲ့ဆိုတာက အကြောင်းမဟုတ်ဘူး၊ ဖွဲ့ဆိုတဲ့ အကြောင်းအရာပေါ်မှာ ကိုယ်က ဘယ်လောက်စိတ်ဝင်စားသလဲ၊ ဘယ်လောက်ခံစားရသလဲဆိုတာက အရေးကြီးတယ်'

'မြဝတီမင်းကြီးဟာ ဘုန်းတော်ဘွဲ့တွေ အများဆုံးရေးခဲ့တယ်၊ သူဟာ သူ့ရဲ့ အရှင်သခင်ကို တကယ် ယုံကြည်ကိုးစားပြီး ရေးခဲ့တာပဲ၊ ဒီလိုရေးခဲ့တဲ့ သီချင်းတွေဟာ ကဗျာလင်္ကာအရရော၊ ဂီတအရရော ပြောင်မြောက်ခဲ့ပါတယ်၊ ဒါပေမယ့် ကျူပ် တစ်ခုပဲ ရှင်းပြမယ်၊ ဥပမာ မြဝတီမင်းကြီးရေးခဲ့တဲ့ ဘုန်းတော်ဘွဲ့သီချင်းတွေကို ယှဉ်ကြည့်ပါ၊ မြဝတီမင်းကြီးဟာ ဂီတအနုပညာရှင်ကြီးတစ်ယောက် ဖြစ်သလို တကယ့်စစ်သူရဲကောင်းကြီးလည်း ဖြစ်တယ်။

'ပန်းဝါတိုက်ပွဲမှာ သူ့ရဲ့လက်ရုံးရည်ဟာ အထင်အရှား သက်သေပြခဲ့တယ်၊ အမှန်က စစ်သူရဲကောင်းတစ်ယောက်အနေနဲ့တွက်ရင် မြဝတီမင်းကြီးဟာ မဟာဗန္ဓုလထက် အဆင့်အတန်းမနိမ့်တဲ့ အာဇာနည်စစ်သူရဲကောင်း တစ်ယောက်ပဲ၊ အဲဒီအချိန်က ရေးခဲ့တဲ့ ကဗျာသီချင်းတွေဟာ ပြောင်မြောက်တယ်၊ စာပေကဗျာ လင်္ကာအရရော ဂီတအနုပညာအရရော ပြောင်မြောက်တယ်'

'သဘာဝဘွဲ့သာ မဟုတ်ဘူး၊ ဘုန်းတော်ဘွဲ့ သီချင်းတွေကိုက ပြောင်မြောက်တယ်၊ ဒါကို ဝေဖန်စဉ်းစားကြည့်မယ်ဆိုရင် မြဝတီမင်းကြီးဟာ တကယ့် မျိုးချစ်သူရဲကောင်းကြီး ဖြစ်လို့ပဲ၊ ဒါတင်မကဘူး၊ သူဟာ သူ့အရှင်သခင်ကို တကယ်ကြည်ညိုတယ်၊ လေးစားတယ်၊ သူကြည်ညိုလေးစားတဲ့အတိုင်း ဖွဲ့ဆိုတဲ့ ဘုန်းတော်ဘွဲ့တွေဟာလည်း ပြောင်မြောက်တာပဲ၊ ဒါပေမယ့် မြဝတီမင်းကြီးရေးတဲ့ ဘုန်းတော်ဘွဲ့ထဲက

http://www.cherrythitsar.org



ကျုပ်အားအရဆုံး သီချင်းကတော့ ဂီတအနုပညာလောကမှာ နာမည်ကြီးနေတဲ့ ကုန်းဘောင်နေမင်း ပတ်ပျိုးပဲ၊ အမှန်က မြဝတီမင်းကြီးဟာ ဒီသီချင်းကို ထောင်ထဲက စပ်တာပဲ၊ ဘုရင်အမျက်တော်ပြေအောင် ဆိုပြီး သူ့ဘဝ လွတ်မြောက်ရေးအတွက် စပ်ဆိုတဲ့ ဒီသီချင်းကို ကျုပ် နည်းနည်းမှ အရသာခံလို့မရဘူး၊ ကျုပ် မှားချင်လည်း မှားမယ်၊ ဒါပေမယ့် တကယ်စဉ်းစားကြည့်ရင် ဒီကုန်းဘောင်နေမင်းဟာ စာသားရော အသံရော ကျုပ် တစ်ခုမှ အရသာခံလို့မရဘူး၊ မြဝတီမင်းကြီး ရေးစပ်ခဲ့တဲ့ သီချင်းတွေမှာ ဒီသီချင်းဟာ အညံ့စားထဲကပါတယ်ဆိုတာ အလွယ်တကူ ဆုံးဖြတ်လို့ရတယ်၊ စာသားကလည်း ဘာမှ မပြောင်မြောက်ဘူး၊ ကုန်းဘောင်နေမင်း ဘုန်းရောင်ငွေရှင်း သောင်းဒီပါ ထိန်ထိန်လင်း ဆိုတဲ့ စာသားမျိုးဟာ မင်းကြီးရေးတဲ့ ဖေယျာရွှေမြေ… ထောင်ရောင် နေတို့နဲ့စာရင် တော်တော်လေး ကွာခြားနေတယ်၊ စာသားတင်မဟုတ်ဘူး၊ အသံအဖွဲ့အနွဲ့ကလည်း ရိုးတယ်၊ စင်းတယ်၊ ဥပမာ ကုန်းဘောင်ပရမေနဲ့ နှိုင်းယှဉ်ကြည့်ရင် သူက ကလေးကစားသလိုဖြစ်နေတယ်၊ အဲဒီတော့ ကျုပ် စဉ်းစားကြည့်တယ်၊ ကုန်းဘောင် ပရမေသီချင်းကပဲ ထောင်ထဲက ရေးတာ ဖြစ်မလားလို့ တွေးကြည့်တယ်၊ သီချင်းကြီးစာအုပ်တွေထဲမှာလည်း မူကွဲနေတယ်၊ ပြီးတော့ တချို့က ကုန်းဘောင်ပရမေ သီချင်းက ထောင်ထဲကနေပြီး ရေးစပ်တာလို့ ပြောကြတယ်၊ ဒါပေမယ့် ကျုပ် မယုံဘူး၊ နီးစပ်ပြီး ဖြစ်နိုင်တာက ကုန်းဘောင်နေမင်း ပတ်ပျိုးကို ထောင်ထဲက စပ်တာဖြစ်ရမယ်လို့ ထင်မိတယ်၊ ဒီတော့ ကျုပ်ဆိုလိုတဲ့ အဓိပ္ပာယ်ကို ပြန်ပြီး ချုပ်ရဦးမယ်၊ စာဆိုတစ်ယောက်ဟာ ကိုယ့်ဘဝရဲ့ လွတ်မြောက်ရေးအတွက် ရေးစပ်ရတဲ့ သီချင်းဖြစ်လျက်သားနဲ့ ဘာကြောင့် မပြောင်မြောက်တာလဲ၊ ဒါကို ပြန်စဉ်းစား ကြည့်လိုက်ရင် တော့ ခံစားချက်ပဲ၊ မင်းကြီးဟာ သူ့ခံစားချက်အရ ဘုန်းတော်ဘွဲ့တွေရေးခဲ့တယ်၊ အဲဒီ ဘုန်းတော်ဘွဲ့တွေဟာ သူ့ရဲ့ ပင်ကိုစေတနာအတိုင်း ရေးခဲ့တဲ့အတွက် ပြောင်မြောက်တယ်၊ ဒါပေမယ့် သူ့လွတ်မြောက်ရေးအတွက်ရေးတဲ့ ဘုန်းတော်ဘွဲ့ကျတော့ ပြောင်မြောက်သင့်သလောက် မပြောင်မြောက်တော့ဘူး၊ ဒါဟာ ခံစားချက်အရ မူမမှန်လို့ဘဲ၊ သူ့ကို အပြစ်မပေးသင့်ဘဲ ပေးတယ်လို့ထင်နေတဲ့ ဘုရင်ရဲ့ ဘုန်း

http://www.cherrythitsar.org



တော်ကိုဖွဲ့ရာမှာ စိတ်မပါလို့ ဖြစ်ချင်လည်းဖြစ်မယ်၊ ဒါမှမဟုတ်ရင်လည်း သူ ကိုယ်တိုင် သူလွတ်မြောက်ရေးအတွက် သူမယုံကြည်ဘဲ သူ့အနုပညာကို အသုံးပြုရတဲ့အတွက် ဖြစ်ချင်လည်းဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် အနုပညာဟာ လိမ်လို့မရဘူးဆိုတာတော့ ထင်ရှားနေတာပဲ'

ကိုဘခက်သည် ကရားမှရေလွှတ်သလို မနားတမ်း ဂီတရှင်းတမ်း ကို ဆက်တိုက်ပြောလိုက်သည်။ မ,ကမူ ပါးစပ်အဟောင်းသားနှင့် နား ထောင်၍ နေရှာသည်။ မ,သည် ကိုဘခက်၏စကားကို နားထောင်ရင်း ကြည်ညိုမဆုံး ရှိတော့သည်။

ကိုဘခက်ပြောလိုက်သောစကားထဲတွင် အနုပညာအကြောင်း သက်သက်ဟု ထင်ရသော်လည်း ထိုအကြောင်းသာမက လူ့စိတ်သဘော လည်းပါသည်။ အနုပညာနှင့် ဘဝ၏ ဆက်စပ်ပုံလည်းပါသည်။ အနု ပညာတစ်ရပ်သည် မှန်ကန်သော ခံစားချက်မှ ထွက်ပေါ်လာပုံလည်း ပါသည်။ အဘိဓမ္မာသဘောအရလည်း အနုပညာတစ်ရပ်သည် လိမ် လည်၍မရသော အကြောင်းလည်းပါသည်။ မ,သည် တစိမ့်စိမ့်တွေး ရင်း ကိုဘခက်၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ပို၍ သဘောပေါက်လာ သည်။

ကိုဘခက်ကမူ သူပြောလိုသော စကားများကို ပြောနေရသော ကြောင့်လားမသိ၊ စားပွဲပေါ်တွင် အသင့်ငှဲ့ထားသော ရေနွေးကြမ်း ကိုပင် သောက်ရန် သတိမရ၊ ဆေးပေါ့လိပ်ကိုသာ တွင်တွင်ဖွာ၍နေ တော့သည်။ မ,က လက်ဖက်ရည်ကြမ်းပန်းကန်ကိုယူ၍ ကိုဘခက်ကို ပေးလိုက်သည်။

'ရေနွေးကြမ်းသောက်ပါဦး ဆရာ၊ အေးတောင်ကုန်ပြီ'

ကိုဘခက်သည် မ,ပေးသော လက်ဖက်ရည်ကြမ်း ပန်းကန်ကို ယူ၍ တစ်ကျိုက်တည်းနှင့် မော့လိုက်သည်။ မ,သည် ကိုဘခက်၏ အပြု အမူကို အထူးအဆန်း ကြည့်နေမိသည်။ ဆရာတစ်ယောက်အနေဖြင့် ကိုဘခက်ကို လေးစားကြည်ညိုမိသော်လည်း ကိုဘခက်ကို မ,အနေနှင့် မည်သို့မျှ အကဲခတ်၍မရပေ။ ကိုဘခက်၏ပညာ၊ ကိုဘခက်၏ဘဝ စသည်တို့ကို တွေးကြည့်မိသော်လည်း ခန့်မှန်း၍မရပေ။ ဒါတင်သာမက ကိုဘခက်သည် ဘယ်လိုလူစားမျိုးဖြစ်သည်ကိုပင် မ,အနေနှင့် အကဲခတ် ၍မရသေးပေ။ စိတ်မထင်လျှင် ဘုပြောတတ်သောသူ ဖြစ်သည်။ တစ်ခါ

http://www.cherrythitsar.org



တစ်ရံ မမျှော်လင့်သည်ထက် သူက စိတ်ရှည်၍နေတတ်သည်။ မေး၍ ပြောချင်မှ ပြောတတ်သည်။ ပြောမည့် ပြောပြန်တော့လည်း နားထောင်ရသူကပင် အားနာရလောက်အောင် စိတ်ရှည်လက်ရှည် ပြော၍ပြတတ်သည်။

ယခုမူလည်း မ,က သူသိလိုသောအကြောင်းကို မရဲတရဲ မေးလိုက်မိသည်။ သို့မေးလိုက်မိသော်လည်း ကိုဘခက် ဘုပြောလိုက်မည်ကိုလည်း စိုးရိမ်မိသေးသည်။ ယခုမူ ကိုဘခက်က သူသိလိုသော အကြောင်းများကို စိတ်ရှည်လက်ရှည်ပြောပြနေသည့်အတွက် မ,မှာအံ့ဩနေမိသည်။ ကိုဘခက်သည် မ,ကို အကဲခတ်သလိုကြည့်ရင်း မေးလိုက်သည်။

'ခင်ဗျားက ဒီဘက်မှာ တော်တော်ဝါသနာကြီးသားပဲ၊ အစက ကျွန်တော် ခင်ဗျားကို ဒီလောက်ဝါသနာပါတယ်ကို မထင်ဘူး၊ အပျင်းပြေ အပျော်တီးဖို့လောက်ပဲ သင်တယ်မှတ်တာ၊ ခုတော့ ခင်ဗျားက တော်တော် စိတ်ဝင်စားသားပဲ'

'ဆရာက မ,ကိုအစကဘယ်လိုထင်လို့လဲ၊ ခပ်ပေါ့ပေါ့ လေ့လာတယ်လို့ ထင်သလား၊ မ,အလုပ်တစ်ခုခုကို ခပ်ပေါ့ပေါ့ သဘောမထားတတ်ဘူး၊ အပျော်လည်း မလုပ်တတ်ဘူး၊ တကယ်ဝါသနာပါမှ လုပ်ချင်တယ်၊ ဝါသနာမပါတဲ့ အလုပ်ကိုလည်း လုပ်ကို မလုပ်ချင်ဘူး'

ကိုဘခက်က သူ၏မခံချင်စိတ်ကလေးကို ကျိတ်၍ကျေနပ်မိသည်။

'ကျုပ် တွေ့ဖူးတာတော့ ခေတ်ပညာတတ် လူကုံထံသားသမီးတွေဟာ ဂီတပညာကို မိတ်ဆက်လို့ကောင်းအောင်သာ လိုက်စားတာများတယ်၊ တချို့ လူကုံထံမျက်နှာကြီး အိမ်တွေမှာဆိုရင် မှန်စီရွှေချစောင်းကြီးကို ဧည့်ခန်းမှာ တင်ထားတတ်တယ်၊ ဒါပေမယ့် ဟန်ပြပဲ၊ တကယ်တမ်းကျတော့ ဒီစောင်းကြီးကို သူတို့တီးတာမဟုတ်ဘူး၊ စောင်းပညာရဲ့ တန်ဖိုးလည်းမသိ၊ စောင်းသံရဲ့အရသာလည်း မသိဘူး၊ ဒါပေမယ့် ပိုက်ဆံရှိတော့ အိမ်မှာအလှပြအနေနဲ့ ဒီစောင်းကြီးကို တင်ထားတယ်၊ တကယ်ဆိုတော့ ဒီစောင်းကြီးဟာ သူတို့ဧည့်ခန်းမှာ ချိတ်ထားတဲ့သမင်ချိုလောက်တောင် တန်ဖိုးမရှိဘူး၊ သမင်ချိုကမှ အင်္ကျီတို့ ဦးထုပ်တို့ ချိတ်ရသေးတယ်၊ သူတို့ဧည့်ခန်းမှာ ရောက်နေတဲ့ ဒီစောင်းကြီးဟာ အမှန်တော့ နွားမြောစရာတောင် ကောင်းသေးတယ်၊ ပန်းတျာကျောင်း

ကိုဖြစ်စေ၊ အရပ်ထဲက ပညာသည်တွေ ဝါသနာအိုးတွေကိုပဲ ဖြစ်စေ အဲဒီလူကုံထံအိမ်က မတီးဘဲထားတဲ့ စောင်းကြီးကိုပေးပစ်ဖို့ ကောင်းတယ်။ ကျုပ် တစ်ခါက သူဌေးအိမ်ကို ရောက်ဖူးတယ်၊ အဲဒီအိမ်မှာ စောင်းကြီးတစ်လုံး သွားတွေ့တယ်၊ တော်တော်ကို ကောင်းတယ်၊ ဘယ်သူတီးလဲဆိုတော့ ဘယ်သူမှလည်း မတီးဘူး၊ လှလို့ ဝယ်ထားသတဲ့၊ ဒါနဲ့ အတီးခိုင်းလို့ ကိုင်ကြည့်လိုက်တော့ ကြိုးမရှိဘူး၊ သမင်ရေကလည်း ပေါက်လို့ ပျက်စီးနေတယ်၊ ကျုပ်စိတ်ထဲမှာ တော်တော် ခံပြင်းမိတယ်၊ ဒါနဲ့ ခင်ဗျားတို့ စောင်းကြီးအိမ်မှာ ဘာမှအသုံးမချရင်လည်း ရောင်းပါလို့ ပြောမိတာနဲ့ အဲဒီသူဌေးနဲ့ ကျုပ် အကြီးအကျယ် စကားများရတယ်၊ ကျုပ်တွေ့ဖူးတဲ့ လူကုံထံတွေဟာ အိမ်မှာ စန္ဒရားတို့၊ စောင်းတို့၊ စောင်းကောက်တို့ ထားပေမယ့် အမှန်တော့ ဂီတပညာကို တကယ်မြတ်နိုးကြတာ မဟုတ်ဘူး၊ တန်ဖိုးကို တကယ်သိကြတာ မဟုတ်ဘူး၊ အလှပြကြွားဖို့ သက်သက်ထားတာပဲ၊ ဒီအိမ်ကိုရောက်စက ကျုပ် ဒီလိုပဲထင်တယ်၊ ဂီတပညာကို သင်ပေးရမယ်ဆိုပေမယ့် တကယ် စိတ်ဝင်စားပြီး သင်မယ့်လူ ရှိမှာမဟုတ်ဘူးလို့ထင်တယ်၊ ခုတော့ တကယ်သင်ပေးရမယ့်လူတွေလို့ ကျုပ်တော်တော်ဝမ်းသာတယ်၊ နို့မို့ရင် ကျုပ်ဟာ ဒီအိမ်မှာ အလုပ်ရှိမှာကို မဟုတ်ဘူး'

မ,သည် ကိုဘခက်အား သွားကလေးများပေါ်အောင် ပြုံး၍ကြည့်နေလိုက်သည်။

ကိုဘခက်ပြောပုံသည် ရှင်းလင်းပြတ်သားလှပေသည်။

'ဒါဖြင့် ဆရာ ဒီအိမ်မှာ သင်မယ့်လူမရှိရင် ဘယ်လိုလုပ်မလဲ'

'သင်မယ့်လူမရှိရင် ကျုပ် ဒီမှာမနေရုံပဲ ရှိတယ်၊ ဘုရားစောင်းတန်းသွားပြီး ပြန်စရိတ်ရအောင် တယောထိုးပြီး တောင်းရမှာပေါ့'

မ,သည် ရုတ်တရက် အသံထွက်အောင် ရယ်လိုက်မိသည်။ သို့ရယ်လိုက်သော်လည်း ကိုဘခက်ပြောသော စကားကို လှောင်ပြောင်လို၍မဟုတ်ပေ။ ကိုဘခက်ပြောပုံကို သဘောကျမိသဖြင့် ရယ်လိုက်ခြင်းဖြစ်လေသည်။

ကိုဘခက်သည် သူပြောသော စကားအတိုင်း တကယ်လုပ်မည့်လူဖြစ်ကြောင်းကိုလည်း မ,က ယုံကြည်မိသည်။

http://www.cherrythitsar.org



'ဆရာ… အလုပ်တစ်ခုခု လုပ်ပါလား ဆရာ'

'အခုလုပ်နေတာ အလုပ်မဟုတ်ဘူးလား'

ကိုဘခက် ပြန်မေးလိုက်သောစကားကို မ,ကိုယ်တိုင် မည်သို့ ပြန်ဖြေရမှန်းမသိအောင် ကြောင်၍သွားသည်။

'မဟုတ်ဘူးလေ၊ မ,မေးတာက စီးပွားရေး အလုပ်တစ်ခုခုကို ပြောတာ၊ ဒီပညာက ခက်ခဲနက်နဲသလောက် စီးပွားရေးအနေနဲ့ကျတော့ မထွန်းကားဘူး ဆရာ'

'မလိုပါဘူး၊ ကိုယ့်ဘဝမှာ ကိုယ့်ရည်မှန်းချက်ကို ရောက်အောင် လုပ်တာဟာ စိတ်အချမ်းသာဆုံးပဲ၊ ကျုပ်ဘဝမှာ ကျုပ် သူဌေးမဖြစ်ချင်ဘူး၊ အနုပညာသမား ဖြစ်ချင်တယ်၊ ဒုက္ခပင်လယ်မှာနစ်ပြီး သေချင် သေပစေ၊ မြို့မငြိမ်းလို ပညာရှင်တစ်ယောက် ဖြစ်ချင်တယ်၊ ဒါဟာ ကျုပ်ရဲ့ အကြီးမားဆုံး ရည်မှန်းချက်ပဲ'

ကိုဘခက်၏မျက်လုံးများသည် ပို၍ တောက်ပလာသည်။ သူ့ရည်မှန်းချက်ပန်းတိုင်ကို မျှော်ကြည့်နေသလို ရှေ့သို့မျှော်ကြည့်နေလိုက်သည်။ ပြီးမှ မ,ဘက်သို့လှည့်၍ ကြည့်လိုက်ပြန်သည်။ သို့ကြည့်လိုက်သည့်အခါတွင် မ,၏အကြည့်နှင့် အကြည့်ချင်းဆုံ၍သွားလေသည်။ ကိုဘခက်က မ,ကို ခြေဆုံးခေါင်းဆုံးကြည့်နေဟန်ဖြင့် မ,မှာ အနေရခက်နေရှာတော့သည်။

'ဒါဖြင့် ဆရာ သီချင်းတွေ များများစပ်ပေါ့၊ ဆရာ့ပညာနဲ့ဆိုရင် ဆရာဟာ သီချင်းရေးဆရာ ကောင်းကောင်းဖြစ်နိုင်တာပဲ၊ တချို့ဘာမှ မတီးတတ်တဲ့ လူတွေတောင် ကဗျာတွေခိုးခိုးပြီး သီချင်းစပ်သေးတာပဲ၊ ဆရာစပ်ရင် တကယ့် မြန်မာသံစစ်စစ် သီချင်းတွေ ဖြစ်လာမှာပေါ့'

မ,က မျက်လွှာကိုချလိုက်ပြီး စကားလွှဲ၍ပြောလိုက်သော်လည်း ကိုဘခက်ကမူ မ,ကို စိုက်၍ကြည့်နေသည်။ ပြီးမှ သက်ပြင်းကိုချလိုက်ရင်း ခပ်ညည်းညည်း ပြောလိုက်သည်။

'ကျုပ် စောစောက ပြောတယ်မဟုတ်လား၊ သီချင်းစပ်တယ်ဆိုတာ ရင်ထဲနှလုံးသားထဲကလာတာပဲ၊ ဒါမှလည်း အသက်ပါတယ်၊ ပဥ္စသီခနတ်သားဟာ သူရိယဝစ္စနတ်သမီးရဲ့အလှကို စောင်းဂါထာဆယ့်ငါးပုဒ်

နဲ့ဖွဲ့ဆိုထားတာ ဘယ်လောက်ပြောင်မြောက်သလဲ၊ ကျုပ်က အဲဒီလို သီချင်းမျိုးကို စပ်ချင်တယ်၊ ဒါပေမယ့် ခက်နေတာက ကျုပ်မှာ ဘယ် မိန်းကလေးတစ်ယောက်ရဲ့ အလှကိုမှ မယစ်မူးခဲ့ဖူးဘူး၊ မိန်းကလေး တစ်ယောက်ကိုလည်း တစ်ခါမှ သေသေချာချာ မကြည့်ခဲ့ဖူးဘူး။

'ဒါပေမယ့် ကနေ့တော့ ကျုပ်ဟာ မိန်းကလေးတစ်ယောက်ရဲ့ အလှဘွဲ့ သီချင်းတစ်ပုဒ်ကို စောစောက စပ်ကြည့်တယ်၊ မအောင်မြင် ဘူး၊ ကျုပ်သီချင်းထဲက မိန်းကလေးဟာ အပြင်မှာ တကယ်ရှိနေတဲ့ မိန်းကလေးလောက် မလှဘူး ဖြစ်နေတယ်'

မ,သည် ကိုဘခက်ဆိုလိုသော အဓိပ္ပာယ်ကို နားမလည်ရှာပေ။ ထို့ကြောင့်လည်း ဆက်၍မေးလိုက်မိသည်။

'ဒါဖြင့် ဒီ ဆရာတင်စားတဲ့ မိန်းကလေးဟာ အပြင်မှာတကယ် ရှိတာပေါ့'

ကိုဘခက်သည် မကို သေသေချာချာ စိုက်၍ ကြည့်နေရင်းမှ မသွယ်ဝိုက်ဘဲ ပြောလိုက်လေသည်။

'ကျုပ်ပြောတာကို မ,နားမလည်ဘူးထင်တယ်၊ ကျုပ်သီချင်း ထဲမှာ ဖွဲ့ထားတဲ့ မိန်းကလေးဟာ လှသင့်သလောက်တော့ လှတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့အလှကိုမီအောင် ကျုပ် မစပ်နိုင်သေးဘူး'

မ,သည် မျက်လုံးကလေးများ ဝိုင်း၍သွားလေသည်။

ကိုဘခက်၏စကားကြောင့် မ,သည် မျက်နှာကလေးပင် နီ၍ လာသည်။ ကိုဘခက်ကမူ ဘာမျှ ထူးခြားဟန်မရှိ။ သူပြောသော စကားကိုပင် ဘယ်အဓိပ္ပာယ်သို့ ရောက်မည်ကိုလည်း သိဟန်မတူ။

မ,သည် ခေါင်းကိုမဖော်ရဲတော့ချေ။ ကိုဘခက်၏ မျက်နှာ ကိုလည်းမကြည့်ရဲတော့ချေ။ ကိုဘခက်သည် မ,ကို တစ်ချက်မျှ ကြည့် လိုက်ပြီးလျှင် မ,၏အလှကို ချီးကျူးလိုက်ပြန်သည်။

'ကျုပ် မိန်းကလေးတစ်ယောက်ကို သေသေချာချာ မကြည့် ဖူးဘူး၊ ကနေ့မှပဲ ခင်ဗျားကိုကြည့်ရင်း သဘောပေါက်မိတယ်၊ မိန်းမ တစ်ယောက်ရဲ့ အလှဟာ ပန်းရဲ့အလှနဲ့လည်းမတူဘူး၊ ရွှေလမင်းရဲ့အလှနဲ့လည်း မတူဘူး၊ ကြယ်ကလေးတွေရဲ့အလှနဲ့လည်း မတူဘူး၊ တိမ်နွယ်ပန်းတွေရဲ့ အလှနဲ့လည်းမတူဘူး၊ ဘယ်လိုအလှမျိုးနဲ့မှမတူဘူး၊ လျှို့ဝှက်တယ်၊

http://www.cherrythitsar.org



နက်နဲတယ်၊ ဆန်းကြယ်တယ်၊ နူနယ်တယ်၊ ဒီလိုအလှကိုဖွဲ့တဲ့နေရာမှာ တင်စားပြီး ဖွဲ့တိုင်းလည်း ဂုဏ်မမြောက်ဘူး၊ တင်စားချက်က အလှရဲ့ သရုပ်ကိုပေါ်လွင်အောင် တော်တော်ကို ရွေးချယ်ဖွဲ့နွဲ့ရတယ်၊ ဥပမာ ပွတ်မှာတင်ချွတ်၊ တမွတ်ရွှေခိုင်၊ ရောပြိုင်လှမော၊ ရွှေငှက်ပျောတုံး ဟန်ပန်၊ ရွှေပေါင်တံရှိသော ဆိုတဲ့ အဖွဲ့အနွဲ့မျိုးကျတော့ ပေါင်ရဲ့ ဝင်းဝါညက်သောတဲ့အလှကို ပေါ်လွင်တယ်၊ ရွှေမုရိုး စည်ပုံမယွင်း၊ ရွှေလည်ပင်းကို ချက်ချင်းသိမ်းယုက်၊ ဘက်လှည့်ပါလောဆိုတဲ့ အဖွဲ့ ကျတော့ ပဋ္ဌသိခ်အနေနဲ့ ဖွဲ့နွဲ့တဲ့နေရာမှာ ပြောင်မြောက်ပေမယ့် ကျုပ် တို့ကလိုက်ပြီး ဖွဲ့နွဲ့လို့မထိုက်တန်ဘူး၊ လူသားတွေအနေနဲ့လည်း သရုပ် ပေါ်ချင်မှပေါ်မယ်၊ ကျုပ် အခက်အခဲ တွေ့နေရတာလည်း ဒါပဲ၊ ကျုပ် ခင်ဗျားရဲ့အလှကို မီအောင် မဖွဲ့နိုင်တာဟာ စဉ်းစားလို့ကိုမရဘူး၊ ကျုပ် ကပဲ ညံ့ဖျင်းသလား၊ ခင်ဗျားကိုကပဲ သိပ်လှသလား ဒီဟာနှစ်ခု တစ် ခုခုတော့ ဖြစ်ရမယ်'

မ,သည်နေရာမှထ၍ ပြေးချင်တော့သည်။ ကိုဘခက်၏ မျက်နှာ ကို ရုတ်တရက် မရဲတရဲ အကဲခတ်ကြည့်လိုက်ပြန်တော့လည်း ဘာမျှ ဆန်းကြယ်ခြင်းမရှိ။ ပကတိ တည်ကြည်လှသည်။

'တခြား အကြောင်းပြောပါဆရာ‥မ,မနေတတ်တော့ဘူး၊ ပြီး တော့လည်း ဆရာပြောသလို မ,က ဒါလောက်လည်း မချောပါဘူး'

မ,က တုန်တုန်ယင်ယင်ဖြင့် တောင်းပန်လိုက်ရှာသည်။ မ,၏ ရင်ထဲ၌ကား တစ်သက်နှင့်တစ်ကိုယ် ခုအကြိမ် အလှူပ်ရှားဆုံးဟု ထင်မိ သည်။ ကိုဘခက်ကမူ ခုမှပင် သူပြောလိုက်သော စကားအတွက် မကို အားနာနေမိဟန်ရှိလေသည်။

'အေးဗျာ‥ ကျုပ်ပြောတဲ့စကားတွေဟာ မ,အတွက် အနှောင့် အယှက်ဖြစ်မယ်ဆိုရင်လည်း တောင်းပန်ပါတယ်၊ ဒါပေမယ့် ကျုပ် သန့် သန့်ရှင်းရှင်း ပြောတယ်ဆိုတာတော့ ခင်ဗျားယုံပါ၊ မ,ကို မြှောက်ပြီး ပြောတာ မဟုတ်ဘူး၊ ဖောက်ပြားစိတ်နဲ့ပြောတာလည်း မဟုတ်ဘူး၊ ကျုပ် မျက်စိထဲမှာ ကိုယ်ကလှတယ်ထင်လို့ ပြောတာပဲ၊ မြန်မာသီချင်း ကြီးတွေထဲမှာ မိန်းမရဲ့အလှကို ဖွဲ့တာနည်းတယ်၊ ရှိသလောက် အလှဘွဲ့ တွေဟာလည်း နောက်ဆရာတွေ ရေးတာများတယ်၊ ဥပမာ ပပဝင်းဝင်းပတ်

http://www.cherrythitsar.org



ပျိုးဆိုပါတော့၊ အဲဒီသီချင်းဟာ အလှဘွဲ့သီချင်းတစ်ပုဒ်ပဲ၊ ဒါပေမယ့် သူ့ရဲ့အသံနဲ့ တေးသွားက မြမြမောင်းမောင်းကို လိုက်တာပဲ၊ ဖြိုးဖြိုး ရွှေရင် သီချင်းခန့်ဆိုတာလည်း ဒီလိုပဲ၊ မိန်းမရဲ့အလှဘွဲ့ကို ဖွဲ့တဲ့နေရာမှာလည်း တော်တော်ရဲတင်းတဲ့ သီချင်းတစ်ပုဒ်ပဲ၊ ရင်ရဲ့အလှကိုပေါ်လွင်အောင် ဖွဲ့နိုင်တယ်၊ ပြီးတော့လည်း အဆုံးပိုဒ်ကျတော့ ဒီအလှကြောင့် တကယ့် မေတ္တာစစ် မေတ္တာမှန် သဘောမထားဘဲ ကျီစားရုံလောက် သဘော ထားတဲ့ အကြောင်းကလေးကို ဖွဲ့ထားပုံက ကရုဏာရသ ပေါ်လွင် တယ်၊ ဒါပေမယ့် တေးသွားကျတော့ ဆဒ္ဒန်အိုင်သာ တစ်ချက်လွှတ် သီချင်းခန့်ကို လိုက်တာပဲ၊ ဒီလိုပဲ သင်းသင်းကြိုင် သီချင်းဆိုရင် ရုပ်ရဲ့ အလှကိုဖွဲ့တာပဲ၊ ဒါပေမယ့် သူလည်း တေးသွားကျတော့ ဆဒ္ဒန်အိုင်သာ ကို လိုက်တာပဲ၊ နောက်တစ်ပုဒ်ရှိသေးတယ်၊ မြဆံကေသာဆိုတဲ့သီချင်း လည်း ဒီအတိုင်းပဲ၊ မိန်းမရဲ့ဆံပင်အလှကို ဖွဲ့တာပဲ၊ ဒါလည်းစာသားအရ ကွဲတယ်၊ တေးသွားနဲ့တီးကွက်က တစ်ချက်လွှတ်ခံကို လိုက်တာပဲ၊ မြန်မာသီချင်းကြီးတွေထဲမှာ အလှဘွဲ့နဲ့ပတ်သက်ပြီး စာသားရော တေး သွားပါ သန့်သန့်မရှိခဲ့သလောက်ပဲ၊ အလှဘွဲ့သီချင်းကို ရွေးဟန် ခန့် ခန့်နဲ့ ကျူပ် စပ်ကြည့်ချင်တယ်'

သည်တော့မှလည်း မ,သည် သက်ပြင်းကလေးကို ချလိုက်မိ သည်။

ကိုဘခက်သည် သူပြောချင်သော စကားကိုပြောပြီးလျှင် နေရာ မှထ၍ အခန်းတွင်းသို့ တစ်လှမ်းချင်းဝင်၍ သွားလေသည်။

မ,ကမူ ကိုဘခက်ကိုသာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့် ကာ ကျန်ခဲ့လေသည်။ ကိုဘခက်ပြောသော စကားများကိုလည်း မည်သို့မျှ အဓိပ္ပာယ်မကောက်တတ်အောင် ရှိတော့သည်။

သို့ပေမယ့် မ,ရင်ထဲ၌ကား ကိုဘခက်ပြောသွားသော စကား များကြောင့် တုန်လှုပ်ချောက်ချားလျက် ရှိနေသည်ကိုကား ငြင်းမရ နိုင်ဖြစ်တော့သည်။

●

http://www.cherrythitsar.org



(၇)

ကိုဘခက်၏စောင်းသံသည် အသံချဲ့စက်အတွင်းမှ မင်္ဂလာခန်းမ တစ်ခုလုံးကို ပြန့်လွင့်သွားသည်။ စောင်းသံနှင့်အတူ ကြည်လင်ပြတ်သားလှသော သီချင်းသံသည်လည်း မင်္ဂလာခန်းမတစ်ခုလုံးကို လွှမ်း၍ သွားလေသည်။

စောစောကမူ အဖွဲ့ပေါင်းစုံမှ သီချင်းမျိုးစုံကို တီးကြသည်။ ရေဒီယိုတွင် ခေတ်စားနေသော သီချင်းသံများလည်း ကြားရသည်။ ဘလှသန်းထွန်းတို့လူသိုက် တီးသွားသော နိုင်ငံခြားသီချင်းသံများလည်း ကြားရသည်။

ယခုမူ မင်္ဂလာအခမ်းအနားကို စပြီဖြစ်သဖြင့် ဘိသိက်ဆရာနှင့် ကိုဘခက်တို့တီးဝိုင်းသာ အချီအချ စခန်းသွားလျက်ရှိသည်။

ကိုဘခက်သည် စောင်းဖြင့် ချစ်သမျှကိုပတ်ပျိုးကို ဆိုတီး တီး လိုက်သည်။ မင်္ဂလာခန်းမတစ်ခုလုံးကား ကိုဘခက်၏ သီချင်းသံကြောင့် ငြိမ်သက်လျက်ရှိသည်။

မ,သည် မွန်၏နောက်နားမှ အပျိုရံအဖြစ် ထိုင်နေရှာသော်လည်း စိတ်အိုက်နေပုံရသည်။ မော်ကမူ မချိုမချဉ် မျက်နှာကလေးဖြင့် မွန့်ကို ခပ်တိုးတိုးနောက်လိုက်သည်။ မွန်သည် တည်ကြည်သော ဣန္ဒြေဖြင့် ခေါင်းကိုငုံ့ကာ မလှုပ်မယှက် ထိုင်၍နေသည်။

အမှန်၌ မွန်၏မင်္ဂလာပွဲတွင် မ,ရော မော်ပါ ဝမ်းသာကြည်နူးနေရမည်ဖြစ်သော်လည်း မ,၏မျက်နှာကလေးက မည်မျှပင် ဟန်ဆောင်နေရသော်လည်း ညှိုးရိပ်သန်းလျက်ရှိသည်။ ရင်ထဲ၌ အလိုလို ဝမ်းနည်းသလို ရှိတော့သည်။

ထိုအထဲတွင် ကိုဘခက်၏ သီချင်းကိုကြားလိုက်ရသောအခါ မနည်းပင် ဣန္ဒြေဆောင်၍ နေရတော့သည်။

ဘိသိက်ဆရာသည် မင်္ဂလာအခမ်းအနားကို တစ်ခုပြီးတစ်ခု ဆက်၍ သွားလေ၏။

http://www.cherrythitsar.org



ဘိသိက်ဆရာက အာဝဇ္ဇာန်းရွှင်သလောက် ကိုဘခက်၏တီးဝိုင်းက လည်း ငြိမ့်ငြောင်းလှလေသည်။

မ,စိတ်ထဲ၌ကား မြန်မြန်ပြီးပါစေဟုသာ ဆုတောင်းနေမိသည်။ နေထိုင်ရသည်မှာလည်း ကျဉ်းကျပ်လွန်းလှသည်။ အတွင်းစိတ်ကို ဟန် ဆောင်နေရသည်မှာလည်း ပင်ပန်းလှသည်။

နေ့ခင်းမှစသော မင်္ဂလာအခမ်းအနားသည် ညနေစောင်းမှ ပင် ပြီးတော့သည်။

အခမ်းအနား ရုတ်သိမ်းပြီးသောအခါ လက်ဖွဲ့ပစ္စည်းများနှင့် စာရင်းကို ဗစ်တာလက်ထဲသို့ အပ်လိုက်သည်။

ဒေါ်ခင်မျိုးသန့်ကမူ လက်ဖွဲ့ပစ္စည်းများကိုကြည့်ရင်း ကျေနပ်နေ ဟန်ရှိသည်။

ဦးကျော်ဒင်သည် ဆေးပြင်းလိပ်ကိုခဲ၍ တစ်စုံတစ်ခု စဉ်းစား နေဟန်ရှိသည်။

အားလုံးက သူ့အလုပ်နှင့်သူ အလုပ်များနေကြသလောက် ဦး ကျော်ဒင်ကမူ သူ့အတွေးနှင့်သူ ငြိမ်ချက်သား ကောင်းလှသည်။ ပစ္စည်း များ သိမ်းဆည်းပြီးသောအခါ ကားကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။ ရှေ့ ဆုံးမှ ဦးကျော်ဒင်နှင့် ဒေါ်ခင်မျိုးသန့်တို့က ကားတစ်စီး၊ ထို့နောက်မှ ဗစ်တာနှင့်မွန်တို့ သူငယ်ချင်းတစ်သိုက်က ကားတစ်စီး၊ ထို့နောက်မှ ဗစ်တာ၏ ဒယ်ဒီနှင့်မာမီ။

နောက်ဆုံးကားမှ ကိုဘခက်နှင့်တီးဝိုင်းသမားတို့က ကားတစ်စီး ဖြင့် လိုက်လာခဲ့ကြသည်။

ကားတန်းကြီးသည် မ,တို့အိမ်ဘက်သို့ တန်းတန်းမတ်မတ် မောင်းဝင်ခဲ့ကြလေသည်။

မ,တို့အိမ်ရှေ့တွင် ကားများ ထိုးရပ်လိုက်ပြီးသောအခါ ဒေါ် ခင်မျိုးသန့်သည် ကားပေါ်မှဆင်း၍ ဗစ်တာနှင့်မွန်တို့အား လှမ်းခေါ် လိုက်သည်။

ဗစ်တာနှင့်မွန်သည် ရှေ့ဆုံးမှ ဝင်သွားသော ဒေါ်ခင်မျိုးသန့် နောက်မှ ကပ်၍ လိုက်ပါလာကြသည်။ မ,သည် နောက်ဆုံးမှချန်၍လိုက် ပြီး သူ့အခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်သွားလေသည်။

http://www.cherrythitsar.org



ဒေါ်ခင်မျိုးသန့်သည် စိန်ဘယက်ကို ထုတ်ယူပြီးနောက် မွန်၏ လည်တိုင်ကြော့ကြော့တွင် ညင်သာစွာ ဆွဲပေးလိုက်သည်။

'ဒီဘယက်ဟာ မာမီတို့ မင်္ဂလာဆောင်တုန်းက သမီးဒက်ဒီက လက်ဆောင်ပေးတဲ့ ဘယက်ကလေးပဲ'

မွန်သည် ကျေနပ်စွာပြုံးလိုက်ပြီးနောက် ဇစ်တာကိုလှမ်း၍ကြည့် လိုက်သည်။

ပြီးမှ သူ့မာမီအား ကျေးဇူးတင်စကား ပြောလိုက်သည်။

'ကျေးဇူးတင်လိုက်တာ မာမီရယ်၊ သမီး ဒီဘယက်ကလေးကို သမီးတို့ သားစဉ်မြေးဆက်လက်ထဲကို ရောက်အောင်ထိ သမီးထိန်းသိမ်း ထားပါ့မယ်'

ထိုစဉ် မော်နှင့်ဘလှသန်းထွန်းတို့ အဖော်တစ်သိုက်သည် မွန်တို့ ဘေးနားသို့ ဝိုင်းလာကြလေသည်။

'ကဲ.. ကိုယ်တို့ကို ဘယ်လောက်ပေးမလဲပြော၊ မပေးရင်တော့ အိမ်အထိလိုက်ပြီး ရှေကြိုးတားမယ်'

မော့်စကားကို ဘလှသန်းထွန်းသည် ဝင်၍ ထောက်ခံလိုက်၏။

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဘယ်သူက ပေးမှာလဲ မွန်၊ မပေးရင် တော့ အိမ်အထိတောင် စောင့်မနေဘူး'

ဇစ်တာသည် မော့်ကိုပြုံး၍ကြည့်ရင်း အိတ်ထဲမှရာတန်တစ်ရွက် ကို ထုတ်ပေးလိုက်သည်။

မော်တို့လူသိုက်သည် ဇစ်တာပေးသော ရာတန်ကို ယူပြီးသည့် နောက် ဝမ်းသာအားရစွာ အော်ဟစ်ခုန်ပေါက်၍ ထွက်ခွာသွားကြ လေသည်။

မော်တို့အားလုံး ထွက်သွားကြသောအခါ ဇစ်တာသည် ဦးကျော် ဒင်နှင့် ဒေါ်ခင်မျိုးသန့်တို့အား နှုတ်ဆက်လိုက်သည်။

'ကဲ...ဦး ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါတော့၊ ဒေါ်ဒေါ် ကျွန် တော်တို့ ပြန်ပါရစေတော့'

ဦးကျော်ဒင်သည် ဇစ်တာနှင့်မွန်အား စေ့ငုံစွာ ကြည့်လိုက်၏။

'အေး.. အေး..မင်းတို့လင်မယား အသက်တစ်ရာ ပေါင်းကြရ ပါစေလို့ ဆုတောင်းပါတယ်'

http://www.cherrythitsar.org



မွန်သည် သူ့ဒက်ဒီနှင့်မာမီအား ဖက်၍ လှိုက်လှဲစွာ နှုတ်ဆက်လိုက်လေသည်။

ပြီးမှ တစ်စုံတစ်ယောက်ကို သတိရဟန်ဖြင့် အခန်းထဲသို့ အနှံ့ လျှောက်၍ ကြည့်လိုက်လေသည်။

'မ,တစ်ယောက်ရော မာမီ၊ မ,တစ်ယောက်ရော'

'ဟုတ်ပါရဲ့၊ ဒီကလေးမ ဘယ်ကိုများ လျှောက်သွားနေပါလိမ့်'

'မ,ရေ·· မ'

မွန်သည်ခေါ်ရင်းအပေါ်ထပ်သို့ ပြေးတက်သွားလေသည်။ မွန်သည် အခန်းထဲသို့ဝင်သောအခါ ခုတင်ထက်တွင် ကျောပေး၍ လှဲနေသော မ,ကို တွေ့ရသည်။

မွန်သည် မ,၏ပခုံးစွန်းကိုဆွဲ၍ လှည့်လိုက်ရင်း ခပ်သဲ့သဲ့လေသံဖြင့် နှုတ်ဆက်လိုက်သည်။

'မ,ရေ·· ကိုယ်တို့သွားတော့မယ်နော်'

မ,သည် မွန့်ကို ခပ်တွေတွေစိုက်ကြည့်ရင်းက ခေါင်းကို အသာညိတ်လိုက်သည်။

'ကိုယ့်ကို ခွင့်လွှတ်ပါကွာ၊ ခေါင်းထဲမှာ မူးနောက်နောက်ဖြစ်နေလို့ ဒီမှာလာပြီး လှဲနေရတာပါ'

မ,ကဟန်ဆောင်၍ပြောလိုက်သော်လည်း မွန်သည် မ,၏ အကဲကို နားလည်လိုက်ပြီး ဖြစ်သည်။ ထို့ကြောင့်လည်း မွန်သည် မ,၏ပါးနှစ်ဖက်ကို လက်ဖြင့်ဆွဲယူပြီးနောက် သူ့ပါးဖြင့် ပွတ်လိုက်ရင်းနှစ်သိမ့်လိုက်ရှာသည်။

'ကိုယ့်မှာ ချစ်ရမယ့်သူ အသစ်တစ်ယောက်တိုးပေမယ့် မင်းတို့တစ်တွေကို မေ့တ္တာမလျော့ပါဘူးကွာ'

မွန်၏နှစ်သိမ့်စကားကို ကြားရသောအခါ မ,သည် ပို၍ ဝမ်းနည်းမိတယ်။

သို့သော် သူ့စိတ်ကို အတတ်နိုင်ဆုံး အားတင်း၍ ပြုံးလိုက်လေသည်။

'ကိုယ်မင်းကို ယုံပါတယ်ကွာ၊ ချစ်လည်းချစ်တယ်၊ နေရာတကာမှာလည်း ယုံကြည်အားကိုးတယ်'

http://www.cherrythitsar.org



မွန်သည် မ,၏ ဆံပင်ကလေးများကိုသပ်ရင်း အစ်မကြီးသဖွယ် ဆုံးမလိုက်လေသည်။

'မင်းကို ကိုယ် တစ်ခုပဲပြောမယ်၊ မင်းဟာ တစ်ခါတစ်ခါစိတ်ကူးယဉ်ချင်တယ်၊ စိတ်ကူးယဉ်ချင်တဲ့လူတွေဟာ ကိုယ်သွားရမယ့် လမ်းကို ဖြောင့်ဖြောင့်တန်းတန်း မသွားရတတ်ဘူး၊ အကွေ့အကောက်တွေ များတတ်တယ်၊ မင်း ဒီစိတ်ကိုတော့ အတတ်နိုင်ဆုံး ချိုးနှိမ်ပါကွာ၊ကဲ ကိုယ်သွားမယ်၊ အောက်မှာ စောင့်နေကြတယ်'

မွန်သည် မ,၏ပါးနှစ်ဖက်စလုံးကို ခပ်ဖွဖွ နမ်းလိုက်ပြီးနောက် အခန်းထဲမှ ပြေးထွက်သွားသည်။

မ,သည် အခန်းထဲမှ ပြေးထွက်သွားသော မွန်၏ကျောပြင်ဆီကို လိုက်ကြည့်ရင်း အလိုလို ဝမ်းနည်းလာသည်။

မျက်ရည်များသည် မ,၏ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးဆင်းလာကြလေသည်။

အမှန်တော့ မွန်ဆုံးမသွားသော စကားများသည် မ,အတွက် သွေးထွက်အောင် မှန်ပေလိမ့်မည်။

သို့သော် ခုအချိန်မျိုး၌ မ,အတွက် လေးနက်သော အဓိပ္ပာယ်ကို မဆောင်နိုင်ကြပေ။

မ,သည် ဆုံးရှုံးသောအရာတစ်ခုအတွက် ဝမ်းနည်းကြေကွဲသော စိတ်ဖြင့် သည်းခံနေမိသည်။

အမှန်တော့လည်း မ,အတွက် ဤနေ့ဤအချိန်သည် တစ်သက်လုံးအတူ ဖက်တွယ်၍နေလာခဲ့ကြသော အစ်မရင်းတစ်ယောက် ဆုံးရှုံးခြင်းပင် မဟုတ်ပါလော။

ထို့ကြောင့်လည်း မ,သည် အခန်းတွင်းမှ မထွက်တော့ချေ။ ခေါင်းကိုက်သည်ဟု အကြောင်းပြကာ အိပ်ရာထဲတွင် လှဲနေလိုက်သည်။ အခန်းတွင်း၌ တစ်ယောက်တည်းနေရပြန်တော့လည်း ရင်ထဲတွင် ဟာသလိုလိုရှိနေသည်။ ခါတိုင်းဆိုလျှင် မ,တို့ ညီအစ်မသုံးယောက်သည် အိပ်ရာဝင်တိုင်း တစ်ယောက်ကိုတစ်ယောက် နှောင်ကြ၊ ပြောင်ကြသည်။ စိတ်ဆိုးလျှင် ပြန်ချော့ကြသည်။ တစ်ခါတစ်ရံ ဘဝရှေ့ရေးအကြောင်းကို ဆွေးနွေးကြသည်။ ထိုအခါများတွင် မွန်သည် မ,နှင့်

http://www.cherrythitsar.org



မော်ကို လူကြီးသဖွယ် သူ၏ရည်မှန်းချက်ကိုပြောပြတတ်သည်။ မွန်သည် သူ့ဘဝအတွက် သူဆုံးဖြတ်ရာ၌ အလွန်ပြတ်သားသူဖြစ်သည်။ သူဖြစ်ချင်သည်ကို မဖြစ်မနေ ကြိုးစားတတ်သူဖြစ်သည်။ မွန်သည် ဝိဇ္ဇာပညာကို လိုက်စားသူဖြစ်သည့်အတိုင်း ဘဝကိုတည်ဆောက်ရာ၌ ဝိဇ္ဇာနည်းကျကျ တည်ဆောက်ချင်သူဖြစ်သည်။ သူ့ဘဝတွင် ကုသိုလ်လည်းရ ဝမ်းလည်းဝသော အလုပ်ကိုလုပ်လိုသည်။ ထို့ကြောင့် ဆရာဝန်မ ဖြစ်အောင် ကြိုးစားသဖြင့် ကြိုးစားသည့်အတိုင်း ဆရာဝန်မတစ်ယောက်ဖြစ်ခဲ့သည်။ သည်နောက်တွင်မူ သူ၏အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ရာ၌ သူ့ဘဝလုံခြုံမှုအတွက်ဖြစ်စေ၊ သူ၏ကင်းလွတ်ချက်အတွက် ဖြစ်စေ မထိပါးနိုင်သူကို ရွေးချယ်မည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့ ဆုံးဖြတ်ခဲ့သည့်အတိုင်း ဗစ်တာကို ရွေးချယ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ မွန်သည် သူ့ရည်မှန်းချက်ကို အောင်မြင်အောင် စွမ်းဆောင်နိုင်သူ ဖြစ်သည်။ ဆန္ဒကို သူ၏ကြိုးပမ်းချက်ဖြင့် အများဆုံး ဖြည့်စွမ်းနိုင်သူ ဖြစ်သည်။ ဗစ်တာသည် လူချမ်းသာ မျက်နှာကြီး၏ တစ်ဦးတည်းသော သားဖြစ်သည်။ ဗစ်တာသည် မွန်ကို အထက်တန်းကျကျ ထားနိုင်သူဖြစ်သည်။ မွန် လိုချင်သော အဆောင်ယောင်ကိုလည်း ပေးစွမ်းနိုင်သူဖြစ်သည်။

သို့သော် မွန်က သူ့မာနနှင့်သူ နေလိုသူဖြစ်သည်။ ဗစ်တာကမွန့်အပေါ် ကြီးမားသောစေတနာဖြင့် ရွှေဘုံတွင် အစံခိုင်းသည့်တိုင်အောင် မွန်က လက်ခံမည်မဟုတ်။ ဗစ်တာ၏မိဘများက တိုက်တစ်လုံးဝယ်၍ပေးလျှင် မွန်က သူ့ဒက်ဒီနှင့်မာမီကို သောင်းကျော်ကားတစ်စီးအဝယ်ခိုင်းသူဖြစ်သည်။ ဤသည်ကိုပင် ဗစ်တာက မချင့်မရဲအလိုလိုက်ခဲ့ရလေသည်။ အမှန်တော့ ဗစ်တာသည် လူကုံထံ၏သားတစ်ယောက် ခေတ်ပညာတတ် တစ်ယောက်လည်း ဖြစ်သည်ကား မှန်၏။ သို့သော် မွန်၏ လင်သားတစ်ယောက်အဖြစ်နှင့်ကား ထားရာနေမည့်သူဖြစ်သည်။ ဤသည်ပင်လျှင် မွန်သည် ယောကျ်ားတစ်ယောက်ကို သူသဘောကျပုံစံအတိုင်း ရွေးချယ်နိုင်ခဲ့ခြင်းဖြစ်သည်။

မွန့်အကြောင်းကို တွေးလိုက်လျှင် အားငယ်စရာတစ်ကွက်မျှမတွေ့။ စိုးရိမ်ပူပန်စရာအကြောင်း တစ်ခုမှ ရှာမတွေ့၊ မွန့်ဘဝသည်

http://www.cherrythitsar.org



အားကျစရာကောင်းသည်။ ယုံကြည်စိတ်ချရသော ဘဝတွင်ပင် အမြဲတမ်း ရပ်တည်နိုင်ခဲ့သည်ဖြစ်သည်။ အမှန်ဆိုလျှင် မ,သည် မွန့်အတွက် တစ်ဖက်မှ ဝမ်းသာမိလေသည်။ တစ်အူတုံဆင်း ညီအစ်မ အရင်းပင်ဖြစ်သော်လည်း မ,နှင့်မွန်တို့၏ဘဝသည် ခြားနားလှသည်။ မွန်ကဘဝတွင် သူလိုချင်သလောက်အတိုင်းအတာကို ခင်းဖြန့်ထားသည်။ ပြီးမှသူ ခင်းဖြန့်ထားသလောက် ရအောင်ယူသည်။ ရောက်အောင် သွားသည်။ မ,ကမူ ဘဝတွင် ရသမျှနှင့် နှစ်သိမ့်ရောင့်ရဲမည်ဟု လောဘသတ်ထားသူဖြစ်သည်။ ဘဝကို မျှော်မှန်းရာ၌ အမြင့်ဆုံးနေရာကိုမည်မျှရောက်နိုင်မည်ဟု မမျှော်မှန်း၊ မိမိနေနိုင်မည့် အနိမ့်ဆုံး နေရာကိုသာမှန်းဆကြည့်သည်။ သို့ကြည့်ပြီးမှ ဤအနိမ့်ဆုံး နေရာ၌ပင် စိတ်အေးချမ်းစွာနေရလျှင် တော်ပြီဟု ရောင့်ရဲထားသူ ဖြစ်သည်။ မ,အဖို့၌ကား မွန်၏ဘဝသည် အားကျစရာ ကောင်းသော်လည်း အားမကျမိပေ။ မွန့်အနေနှင့် သူဖြစ်လိုသည့်အတိုင်း ဖြစ်ခဲ့ရသည်ကိုသာ ဝမ်းသာမိသည်။

တစ်ဖက်မှတွေးလျှင် အတူတူနေလာခဲ့ရသော အစ်မတစ်ယောက်နှင့်ခွဲခွာရသဖြင့် ဝမ်းနည်းအားငယ်မိရှာသည်။

မ,သည် အိပ်ရာထက်တွင်လှဲနေသော်လည်း အိပ်၍မပျော်။ စိတ်ကူးမီးခိုး လွင့်ပါးရာနောက်သို့သာ တဝေ့ဝေ့ ပါ၍နေမိသည်။

မေးခနဲ ပျော်မည်ပြုမှ အပြေးအလွှားဝင်၍လာသော မော့်အသံကြောင့် လန့်နိုးလေသည်။ မော် ပြန်လာသောအချိန်မှာ ဆယ်နာရီပင်ထိုးတော့မည်။ မော်သည် သီချင်း တအေးအေးဖြင့် ပျော်နေဟန်ရှိသည်။ မော့်ကိုကြည့်ရသည်မှာ လေထဲတွင် လွင့်ပါးနေသော ကြက်မွေးကလေးကဲ့သို့ ပေါ့ပါးလွန်းလှသည်။ မော်သည် မ,နှင့်စာလျှင် ငယ်ရွယ်သူဟု ဆိုရသော်လည်း မ,သည် မော် အရွယ်မရောက်မီကပင် နေရာတကာ အတွေးနက်တတ်သူဖြစ်သည်။ အသွားအလာ အနေအထိုင်ကအစဆင်ခြင်တတ်သူဖြစ်သည်။ ထို့ကြောင့်လည်း မ,ကို သူ့မာမီက ကလေးလူကြီးဟုပြောတတ်သည်။ မော်ကမူ ဘာမျှ ဆင်ခြင်စရာ စဉ်းစားနေသူမဟုတ်။ ပြောချင်ရာပြော၍ လုပ်ချင်ရာကို လုပ်တတ်သူကလေးဖြစ်သည်။

မော်သည် မ,၏ ခြင်ထောင်စကို အသာမ၍ ကြည့်လိုက်ရင်း ကလေးဆန်ဆန် ပြုံးလိုက်သည်။

'မ,တစ်ယောက်လည်း စိတ်ကူးယဉ်နေသလား၊ မွန်တို့ကို အားကျနေသလား'

မော်က နောက်လိုက်သည့်တိုင်အောင် မ,ကမူ မော့်ကိုအကဲခတ်သလို စိုက်ကြည့်နေလိုက်သည်။

'လည်လှချည်လား မော်၊ မင်း ပြန်လာတာ အချိန်လွန်နေပြီ၊ မိန်းကလေးဆိုတာ လူကြီးမိဘမပါဘဲ ဒီအချိန်ထိ လည်ဖို့မကောင်းဘူး'

မော်သည် နှုတ်ခမ်းကလေး စူလိုက်သည်။ မ,၏ရင်ခွင်တွင် ခေါင်းကလေးကို ဖွေ့လိုက်ရင်း ကလေးငယ်ကဲ့သို့ နွဲ့ဆိုး ဆိုးလိုက်သည်။

'မ,ကကွယ်၊ မော့်ကို ကလေးကျနေတာပဲ၊ မော် ခု ပြန်လာတာက အစောကြီး ပြန်လာတာ၊ ဂရေစီတို့ဆိုရင် ဆိုကြ၊ ကကြတုန်းပဲ၊ ဒီလိုနေ့မှ မပျော်ရရင် ဘယ်နေ့သွားပြီး ပျော်ရမလဲ၊ မော်တို့လေ ဗစ်တာပေးတဲ့ ငွေတစ်ရာနဲ့ ဘလှသန်းထွန်းတို့အိမ်မှာ စားကြသောက်ကြတယ်၊ သိပ်ပျော်တာပဲ မ,ရဲ့၊ မော်တောင် ဝိုင်နှစ်ခွက် သောက်သေးတယ်'

မ,သည် မော်၏စကားများကို နားထောင်ရင်း အလိုလိုစိုးရိမ်မိသည်။ မော်က ခပ်ပေါ့ပေါ့ပြောလိုက်သော်လည်း မ,ရင်ထဲတွင်ကား မော့်အတွက် အပူလုံးတစ်ခုကို မျိုလိုက်ရသလို ရှိတော့သည်။

'မော်··· မင်း ဘာတွေ ပြောနေတာလဲ၊ မင်းတော့ ဒုက္ခဖြစ်တော့မယ်၊ နောက်ကို မင်း ဒီအသိုက်အဝန်းထဲ မဝင်ပါနဲ့၊ ကလေးရယ်၊ မင်း ငယ်ပါသေးတယ်၊ မွန်တောင် ဒီအသိုက်အဝန်းထဲမှာ မကျင်လည်ခဲ့ပါဘူးကွယ်'

မော်သည် မ,အနားမှ ဆောင့်အောင့်၍ထွက်သွားပြီးလျှင် သူ့ခုတင်ပေါ်သို့ တအားပစ်၍ လှဲချလိုက်သည်။

'မ,က မော့်ကိုများ အမြဲဆူချင်တယ်၊ မော်တစ်ယောက်တည်းမှ မဟုတ်ဘဲ၊ သူများတွေလည်း မော်တို့လို သွားကြတာပဲ၊ ဂရေစီတို့များ

http://www.cherrythitsar.org



အပြင်ဟိုတယ်တွေတောင် လိုက်ပြီးကသေးတယ်၊ မော်က တခြားကို သွားတာ မဟုတ်ပါဘူး၊ သူငယ်ချင်းတွေအိမ် သွားတာပဲဟာ၊ မ,က အလကားဆူနေတာ၊ ပြီးတော့လည်း ကနေ့ညလိုအချိန်မျိုးမှာ မွန်အတွက် ပျော်မယ် မဟုတ်လား'

မော်သည် စူစူအောင့်အောင့်အသံကလေးဖြင့် မ,ကို မကျေမနပ် ပြောလိုက်ရှာသည်။

'မော့်ကို ဆူတာ မဟုတ်ပါဘူးကွယ်၊ မ,က မော် ကောင်းစေ ချင်လို့ စေတနာနဲ့ ပြောမိတာပါ၊ တို့မှာ ညီအစ်မသုံးယောက်ရှိတဲ့ အထဲက တစ်ယောက်က ခွဲထွက်သွားပြီ၊ ခါတိုင်းဆိုရင် တို့ကို နီးနီးကပ် ကပ် ဆုံးမတဲ့ မွန်ရှိတယ်၊ အဖေ အမေ ဆိုတာက ခုလို အသေးစိတ် သိတာမဟုတ်ဘူး၊ နေရာတကာလည်း လူကြီးတွေကို ပြောသင့်တာ မဟုတ် ဘူး၊ ဒီတော့ ဘာပဲဖြစ်ဖြစ် တို့ညီအစ်မတွေဟာ ကောင်းတိုင်ပင် ဆိုး တိုင်ပင် နေကြရမယ်မဟုတ်လား၊ ဒါတွေကို မင်း နားလည်သင့်ပါပြီ မော်ရာ၊ မင်း ကလေး မဟုတ်တော့ပါဘူး'

'မော်သိပါတယ် မ,ရာ၊ နောက်ကို မော် ဘာပဲဖြစ်ဖြစ် မ,ကို ပြောမယ်၊ မ,မကြိုက်တာကို မလုပ်ဘူး၊ ကဲ..ကျေနပ်တော့၊ ဝွတ်နိုက် မ,ရေ'

မော်သည် သူ့ခေါင်းရင်းမှ မီးကို မှိတ်လိုက်သည်။ ပြီးမှ မီး ပြာကလေးသည် မ,တို့အိပ်ခန်းအတွင်းဝယ် ခပ်မှိန်မှိန် လင်း၍လာသည်။

မ,သည် ခြေရင်းမှ စောင်ကိုဆွဲ၍ ခြုံလိုက်ရင်း တစ်ဖက်သို့ လူးလွန့်လိုက်သည်။

ခဏကြာလျှင် မော်သည် အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းလိုက်သည်။

မ,သည် မော့်အဖြစ်ကို နားမလည်နိုင်အောင် ရှိတော့သည်။ မော်သည် ကနေ့ည မူကွဲ၍နေသည်မှာ သိသာလှပေသည်။

'မ,ရေ...'

မော်က သီချင်းကို ညည်းနေရာမှ လှမ်း၍ ခေါ်လိုက်ပြန်သည်။

'ဘာလဲ မော်...'

မ,က ခပ်တိုးတိုး ပြန်၍ ထူးလိုက်သည်။ မော်သည် အခြောက်တိုက် တစ်ယောက်တည်း ရယ်နေပြန်သည်။

'မွန်တို့တော့ ခုအချိန်အထိ အိပ်ကြမှာ မဟုတ်သေးဘူးနော်'

မော်က တခစ်ခစ်ရယ်သံကလေးဖြင့်ပြောလိုက်သည်။ မ,မှာမော် ပြောလိုက်သော စကားကြောင့် နားရှက်မိသည်။

'အသာအိပ်စမ်း မော်၊ ဒါ မင်းတွေးစရာ မဟုတ်ဘူး'

'တွေးတာမဟုတ်ဘူး မ,ရ၊ မွန့်ကိုယ်စား စိတ်ကူးကြည့်တာ၊ မ,သာ မွန့်နေရာရောက်နေရင် ဘယ်လိုနေမလဲဟင်၊ မော်တော့ တွေးကြည့်တိုင်း အသည်းယားနေတယ်'

'မော်··· အိပ်တော့ကွယ်၊ မပြောကောင်းတာတွေ ဘာလို့ လျှောက်ပြောနေတာလဲ'

'ဘာလို့ မပြောကောင်းရမှာလဲ မရဲ့၊ မပြောကောင်းဘူးဆိုရင် သူတို့ ဘာလို့ ကနေ့ မင်္ဂလာဆောင်လဲ၊ မ,ရော မွန်တို့ကို အားမကျဘူးလားဟင်'

'မော်···အိပ်စမ်းကွယ်၊ မ တောင်းပန်ပါတယ် ညီမရယ်၊ အိပ်ပါတော့ ညဉ့်နက်လှပြီ'

'မော်တော့ အိပ်လို့ကို မရဘူး၊ မွန့်ကို မျက်စိထဲ မြင်နေတယ်၊ ဒါပေမယ့် မွန်ကတော့ မော်တို့ကို အမှတ်ရမှာ မဟုတ်ပါဘူးနော်၊ ဟိုသီချင်းထဲကလိုပဲ၊ ဒီလိုညမျိုးဟာ ကမ္ဘာကြီးတစ်ခုလုံးကို မေ့တဲ့ည ပဲတဲ့၊ ခြင်ကိုက်တာလည်းမသိဘူးတဲ့၊ ကြမ်းပိုးကိုက်တာလည်းမသိဘူး တဲ့၊ ဒါပေမယ့် ချစ်သူရဲ့ အသက်ရှူထုတ်လိုက်တဲ့ လေကလေးက သူ့ပါး ပြင်မှာ ဝေ့နေတာကို တစ်သက်လုံး မမေ့ပါဘူးတဲ့၊ မွန်လည်း အဲဒီ သီချင်းထဲကလို ဖြစ်နေမှာပဲနော် မ'

မသည် မော့်ကို စကားပြန်၍ မပြောတော့ချေ။ ပြန်ပြောနေလျှင်လည်း ယနေ့ည အိပ်ရတော့မည် မဟုတ်တော့ချေ။

မော်သည် ယနေ့ည ထူးထူးခြားခြား စိတ်လှုပ်ရှား နေသည်ကိုကား မ,က အကဲခတ်လိုက်မိသည်။ အဘယ်အရာတွေသည် မော့်စိတ်ကို ယခုလိုလှုပ်ရှားစေသည်ကိုကား မ,ကိုယ်တိုင် စဉ်းစား၍ မရသေးချေ။

http://www.cherrythitsar.org



အမှန်ဆိုတော့လည်း မော်သည် အပျိုသင်စ ငှက်ငယ်လို လေတွင် လွင့်ပါးချင်သူကလေးပင် မဟုတ်လော။

●

(၈)

ခုတလော ကိုဘခက်သည် တစ်ယောက်တည်း ပျင်းသလို ဟာသလိုရှိနေတော့သည်။ မ,နှင့်မော်တို့သည် စာမေးပွဲနီးလာသဖြင့် ဂီတသင်တန်းကို ခဏဖြတ်၍ထားရသည်။ ကိုဘခက်သည် မနှင့်မော်တို့ကို ထမင်းဝိုင်းကော်ဖီဝိုင်း၌သာ ခဏလောက်ဆုံကြရသည်။ မ,သည် စာကြည့်ခန်းတွင်းမှပင် ထွက်သည်ဟူ၍မရှိ။ ညနေပိုင်းလောက်သာ ပန်းခြံတွင်းသို့ လမ်းလျှောက်ထွက်သည်။ ကိုဘခက်သည် ဦးကျော်ဒင်နှင့်သာ စကားဝိုင်းဖွဲ့သည့်အခါဖွဲ့၊ စစ်တုရင်ထိုးသည့်အခါ ထိုးဖြင့် အချိန်ကိုကုန်လွန်စေခဲ့သည်။ ဦးကျော်ဒင်မရှိသည့်အခါ၌မူ စန္ဒရားတီးသည့်အခါတီးသို့မဟုတ်လျှင် အခန်းတွင်း၌ စာဖတ်နေတတ်သည်။

ယခုလည်း ကိုဘခက်သည် အခန်းတွင်း၌စာဖတ်၍နေရာမှ ဦးကျော်ဒင်၏ ခေါ်သံကြောင့် အပြင်သို့ ထွက်ခဲ့သည်။

ဦးကျော်ဒင်သည် ဧည့်ခန်းတွင် ဧည့်သည်နှစ်ယောက်နှင့်အတူ ထိုင်လျက်ရှိသည်။

ဧည့်ခန်းတွင်းသို့ ကိုဘခက်ဝင်သွားလျှင်ပင် ဦးကျော်ဒင်က ကိုဘခက်အား ထိုဧည့်သည်နှစ်ယောက်နှင့် မိတ်ဆက်၍ ပေးလိုက်သည်။

'ကဲ..သူပဲဗျာ ကိုဘခက်ဆိုတာ၊ မောင်ဘခက်ရေ.. ဟောဒါက ဦးသောင်းရွှေဆိုတာ ရန်ကြီးအောင်ရုပ်ရှင်ကုမ္ပဏီက သူဌေးပေါ့၊ ဆရာကတော့ ဒါရိုက်တာ ကိုမြင့်လွင်ဆိုတာပဲ၊ အဲဒါ ကျုပ်ကို ပွဲခပေးရမယ်၊ သူတို့ရိုက်နေတဲ့ ချစ်ကရုဏာ.. ဆိုတဲ့ ကားအတွက် မောင်ဘခက်ဆီမှာ သီချင်းအပ်မလို့၊ ကဲ..ပြောကြဗျာ'

http://www.cherrythitsar.org



ကိုဘခက်သည် မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် ရုတ်တရက် အံ့သြမိလေသည်။

ဦးသောင်းရွှေနှင့် ကိုမြင့်လွင်ကမူ ကိုဘခက်ကို အကဲခတ်သလို ကြည့်ရင်း ပြုံး၍ နှုတ်ဆက်လိုက်သည်။

'ဒီလိုပါခင်ဗျာ၊ ခု ကျွန်တော်ရိုက်နေတဲ့ ချစ်ကရုဏာဆိုတဲ့ကား က မြူးစီကယ်ပစ်ချားဖြစ်နေတော့ သီချင်းများများထည့်ချင်တယ်၊ သီချင်း ဆယ့်ခြောက်ပုဒ်လောက် အနည်းဆုံးပါမယ်၊ ကုလားကားတွေကို ကြည့်မယ်ဆိုရင် တော်တော်တန်တန် မကောင်းတဲ့ကားတောင် သီချင်း တွေနဲ့ ဖုံးသွားတာပဲ'

'အဲဒီတော့ ခုကျွန်တော်ရိုက်မယ့်ကားမှာလည်း ပရိတ်သတ်ပျင်း မယ့်အချိန်တိုင်း သီချင်းကလေး ဝင်ညှပ်နိုင်အောင် စီစဉ်ထားတယ်၊ အဲဒီ တော့ ဆရာ့ဆီကလည်း သီချင်းနှစ်ပုဒ်လောက်စပ်ဖို့ စိတ်ကူးပါတယ်၊ ဆရာ့ လက်ကို မကြားဖူးသေးပေမယ့် ဦးကျော်ဒင်လို ပုဂ္ဂိုလ်မျိုးက တော်တယ် ဆိုရင် ကျွန်တော်တို့က ယုံကြည်ပြီးသားပါ'

ဦးကျော်ဒင်ကမူ ဝမ်းသာအားရဖြင့် ပြုံး၍နေသည်။ ကိုဘခက် သည် ဦးကျော်ဒင်၏ စေတနာကို ကျေးဇူးမတင်ဘဲ မနေနိုင်အောင်ရှိ တော့သည်။

အမှန်တော့လည်း ဦးကျော်ဒင်သည် ကိုဘခက်အတွက် အဖက် ဖက်မှ ကူညီအားပေးခဲ့သူဖြစ်သည်။

'ကျွန်တော် ရေးရမယ့်အကြောင်းသာ အမိန့်ရှိပါခင်ဗျာ၊ ဦးနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ကျွန်တော့်အနေနဲ့ အထူးပြောစရာမလို ပါဘူး၊ အတတ်နိုင်ဆုံး ကြိုးစားပြီးကောင်းအောင် စပ်ပေးပါ့မယ် ခင်ဗျာ'

ကိုမြင့်လွင်သည် အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်၍ ကိုဘခက် အား လှမ်းပေးလိုက်သည်။

ကိုဘခက်က လက်ကာပြလိုက်ရင်း ပြာခွက်ထဲမှ ညှိလက်စ ဆေးလိပ်ကိုယူ၍ မီးညှိလိုက်သည်။

'တော်ပါပြီ ခင်ဗျာ၊ ကျွန်တော် ဆေးပေါ့လိပ်ပဲ သောက်ပါ တယ်'

http://www.cherrythitsar.org



'ကျွန်တော့်ကားထဲမှာ စပ်ရမယ့်သီချင်းနှစ်ပုဒ်ကတော့ ကျွန်တော် စာသားအကြမ်း ရေးထားပါတယ်၊ ဒါပေမယ့် ဆရာ သဘောကျ ပြင်နိုင်ပါတယ်၊ ပထမ တစ်ပုဒ်ကတော့ ရိုးရိုးမိန်းကလေးရဲ့အမျှော်စိုက် သီချင်းပဲ၊ သဘာဝဘွဲ့ကလေးနဲ့ ရောပြီးတော့ပေါ့ဗျာ၊ နောက်တစ်ပုဒ်ကတော့ အလှဘွဲ့ပဲ၊ မိန်းမလှဘွဲ့ကို ဆရာကြိုက်သလို စပ်နိုင်ပါတယ်'

ကိုဘခက်သည် ကိုမြင့်လွင်ထံမှ သီချင်းစာရွက်များကို တစ်ရွက်စီလှန်၍ ဖတ်ကြည့်လိုက်မိသည်။

ဦးသောင်းရွှေကမူ စားပွဲပေါ်မှ သူ၏လက်ဆွဲသားရေအိတ်ကို ယူ၍ ဖွင့်လိုက်သည်။

'ကဲ‥ ဆရာ၊ နှစ်ပုဒ်အတွက် ဘယ်လိုပေးရမယ်ဆိုတာ ပြောပါဦး၊ စရံလည်း တစ်ခါတည်း ယူထားလိုက်ပါ'

ကိုဘခက်သည် ရုတ်တရက် ဘာကိုပြန်ဖြေရမှန်းမသိဘဲ ဦးကျော်ဒင်ကိုသာ လှမ်းကြည့်လိုက်သည်။

သူ့အနေနှင့် သီချင်းတစ်ပုဒ်ကို မည်မျှယူရမည်ကို နားမလည်ပေ။ အလုပ်နှင့်ပတ်သက်၍ မည်သို့ဆက်ဆံရမည်ကိုလည်း မသိပေ။ ထို့ကြောင့် ဦးကျော်ဒင်ကို အကဲခတ်သလို လှမ်း၍ကြည့်လိုက်သည်။

ဦးကျော်ဒင်ကလည်း အကင်းပါးစွာစကားဝင်၍ ခင်းပေးလိုက်သည်။

'ဒါကတော့ဒီလိုရှိတယ် ကိုသောင်းရွှေရဲ့၊ ဈေးတွေဘာတွေတော့ မောင်ဘခက် နားလည်မှာမဟုတ်ဘူး၊ ကိုသောင်းရွှေတို့ကသာ ထုံးစံအတိုင်းပြောပေါ့'

'ဟုတ်ပါတယ်၊ ကျွန်တော်က ဒီမှာတော့ လူစိမ်းသက်သက်ဖြစ်နေတယ်၊ ဦးလေးနဲ့သာ ကြည့်ပြီးပြောကြပါ'

ဦးသောင်းရွှေနှင့်ကိုမြင့်လွင်သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း အကဲစမ်းနေကြသည်။

ဦးသောင်းရွှေက သူ၏သားရေအိတ်ထဲမှ ရာတန်တစ်ချပ်ကို ထုတ်ပေးလိုက်သည်။

http://www.cherrythitsar.org



'ကဲဗျာ… ဒီလိုလုပ်ပါ၊ ဈေးဆိုတာကတော့ သီချင်းတစ်ပုဒ်ကို ငါးဆယ်ကနေ ငါးရာအထိရှိတယ်၊ သုံးရာ၊ ငါးရာဆိုတာကတော့ ထိပ်တန်းစာရေးဆရာတွေပေါ့၊ ဆရာနဲ့ နောက်လည်းအရှည်ဆက်ဆံကြရအောင် ဒီတော့ အခု တစ်ရာယူထားပါဆရာ'

ကိုဘခက်သည် ဦးသောင်းရွှေပေးသော တစ်ရာတန်ကို ကိုင်၍ ဝမ်းသာမဆုံးရှိတော့သည်။

ဦးသောင်းရွှေနှင့် ကိုမြင့်လွင်တို့ ပြန်သွားသည့်တိုင်အောင် ကိုဘခက်သည် သူ့အတွေးနှင့်သူ နစ်မျောနေတော့သည်။ ငွေတစ်ရာရခြင်းထက် သူ၏ပညာစွမ်းကိုပြရန် အခွင့်အရေးတစ်ခုရခြင်းကို ကျေနပ်အားရမိလေသည်။ တက်ကြွရွှင်လန်းမိလေသည်။

ဦးကျော်ဒင်ကမူ ကိုဘခက်ကို ချီးကျူးအားပေးလိုက်သည်။

'ဒီလိုပဲ တစ်စတစ်စ ဝင်တိုးရတာပဲကွဲ့၊ ရန်ကုန်မှာ နာမည်တစ်လုံးရဖို့က မလွယ်ပါဘူး၊ နာမည်ရပြီဆိုတော့လည်း ဘာလုပ်လုပ် အထင်ကြီးနေကြတာပဲ၊ နာမည်ရအောင် ကြိုးစားဟေ့'

'ကျွန်တော် ကြိုးစားပါ့မယ် ဦး၊ ကျွန်တော့်ပညာကို တိုင်းပြည်မှာ တင်ပြခွင့်ရတယ်ဆိုရင် ကျွန်တော်ဘယ်လောက်ပဲ ကြိုးစားရ ကြိုးစားရ အားမလျှော့ပါဘူး၊ ဦး ကျေးဇူးလည်း မမေ့ပါဘူး ခင်ဗျာ'

'ဟုတ်တာပေါ့၊ ပညာသည်ဆိုတာ ဒီလိုပဲ ပါရမီဖြည့်ရတာပဲ၊ ကျုပ်တို့ဘက်ကတော့ တတ်နိုင်တဲ့ဘက်က ကူညီမှာပဲ၊ မောင်ဘခက်ရဲ့ ပညာလည်း ယုံတယ်၊ တစ်နေ့နေ့တော့ အောင်မြင်ရမှာပေါ့ကွယ်'

ဦးကျော်ဒင်အပေါ်ထပ်သို့ တက်သွားသောအခါ ကိုဘခက်သည် သူ့အခန်းတွင်းသို့ ဝင်ခဲ့သည်။

ကိုဘခက်သည် ရာတန်စက္ကူကလေးကိုဦးခေါင်းအောက်၌တရိုတသေ သိမ်းလိုက်သည်။

ပြီးမှစာကြည့်စားပွဲတွင်ထိုင်၍ သူ၏နေ့စဉ်မှတ်တမ်းတွင် တစ်စုံတစ်ခုကို ရေးမှတ်လိုက်သည်။

ကိုဘခက်၏စိတ်များသည် အလိုလိုရွှင်လန်းနေသည်။ မှတ်တမ်းရေးပြီးလျှင် သူသည်ဧည့်ခန်းသို့ပြန်ထွက်ခဲ့သည်။ စန္ဒရားခုံတွင် ထိုင်၍ လက်တွေ့ရာတီးလုံးများကို စမ်းလိုက်ပြန်သည်။

http://www.cherrythitsar.org



သို့စမ်းနေရင်းမှ စောစောကအပ်သွားသော သီချင်းများကိုပြန်၍စိတ်ကူးလိုက်ရင်း ရောက်တတ်ရာရာတီးလုံးများကိုဆင်၍ တီးလိုက်ပြန်သည်။

ကိုဘခက်သည် စန္ဒရားနှင့်လက်နှင့် ဝေးခဲ့သည်မှာ နှစ်ပတ်ခန့်ကျော်ခဲ့ပြီ။

မ,တို့ စာမေးပွဲနီးသည့်အချိန်ကစ၍ စာကျက်ပျက်မည် စိုး၍ စန္ဒရားကိုမတီးဘဲ ရှောင်နေခဲ့သည်။ မနေနိုင်၍ တီးချင်လာလျှင် စောင်းကိုသာ ခပ်ဖော့ဖော့တီးခဲ့သည်။

ယခုမူ စန္ဒရားကိုပင် တီးချင်လာသည့်စိတ်က ပြင်းထန်နေသည်။ လက်တွေက အလိုလိုယားနေသည်။ ထို့ကြောင့် စိတ်ရှိလက်ရှိပစ်၍ တီးလိုက်သည်။

အပေါ်ထပ်မှဆင်းလာသောမ,ကိုမြင်လိုက်မှ လက်ကိုလျှော့လိုက်မိသည်။

သည်တော့မှလည်း စန္ဒရားသံအတွက် မ,ကို အနှောင့်အယှက်ဖြစ်လေသလား… ဟု စိုးရိမ်မိသည်။

မ,သည် ကိုဘခက်စန္ဒရားခုံဘေးတွင် လက်တစ်ဖက်တင်၍ရပ်နေလိုက်သည်။ ကိုဘခက်က စန္ဒရားကိုရပ်၍ မ,ကိုဆီး၍ တောင်းပန်လိုက်သည်။

'မ,စာကျက်နေတယ်ဆိုတာ ကျွန်တော် မေ့သွားတယ်'

မ,သည် ကိုဘခက်ကို ကြည်လင်သော အပြုံးဖြင့်ကြည့်လိုက်သည်။

မ,စိတ်ထဲကမူ ကိုဘခက်၏ ဆင်ခြင်သိတတ်သောစိတ်ကို လေးစားကြည်ညိုမိလေသည်။

'ကိစ္စမရှိပါဘူး ဆရာ၊ သီချင်းသံကြားရင် မ,က စာကျက်လို့တောင် ပိုပြီးရပါသေးတယ်၊ ပြီးတော့ စန္ဒရားသံက စိတ်ကိုကြည်လင်စေပါတယ်၊ ဦးနှောက်တောင် ပိုပြီး ရှင်းသွားသေးတယ်'

မ,က ကိုဘခက်အပေါ်တွင် လေးစား ကြည်ညိုမိသလောက် ကိုဘခက်ကလည်း မ,၏ပါးနပ်လိမ္မာပုံကို ချီးကျူးမိလေသည်။

http://www.cherrythitsar.org



'ကျွန်တော် စန္ဒရားမတီးတာ နှစ်ပတ်လောက်ရှိပြီ၊ ကနေ့တော့ တီးချင်စိတ်ရှိတာနဲ့ တီးမိတာ'

'ဟုတ်ပါရဲ့ ဆရာ၊ အားနာစရာတောင် ဖြစ်နေပြီ၊ မ,က ဆရာ စိတ်မပါလို့ မတီးတာလားလို့၊ ခုတော့ ဆရာက မ,တို့စာမေးပွဲနီးလို့ မတီးဘဲ နေတာကိုး၊ ဖေဖေ ပြောထားတယ် မဟုတ်လား ဆရာ၊ ဒီအိမ်မှာ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်၊ ပြီးတော့လည်း ဆရာ့ စန္ဒရားသံကြောင့် မ,တို့စာကြည့်ချိန် အနှောင့်အယှက် မဖြစ်ပါဘူး ဆရာ'

ကိုဘခက်သည် စန္ဒရားအဖျားလုံးကလေးများကို တို့ပြီးကစား လိုက်ရင်း မ,ပြောသော စကားများကို စိတ်ဝင်စားစွာ နားထောင်နေမိ သည်။

မ,နှင့် ကိုဘခက်တို့ ယခုလို နှစ်ယောက်ချင်း မတွေ့ရသည်မှာ တစ်လနီးပါးခန့် ရှိလေပြီ။

စောင်းသင်တန်းကိုနားလိုက်သည့်နောက် မ,သည် စာကြည့်ခန်း ၌သာ အချိန်ကုန်တတ်သည်။

ကိုဘခက် ကိုယ်တိုင်ကလည်း မ,၏စာကြည့်ချိန်ကို အနှောင့် အယှက် မဖြစ်စေလို၍ တမင်ရှောင်နေခဲ့သည်။

ကိုဘခက်သည် မ,၏မျက်နှာကို မျက်တောင်မခတ်၊ တစိမ့်စိမ့် ကြည့်နေမိသည်။

မ,၏မျက်နှာသည် ကနေ့မှ ပို၍ ကြည်လင်လန်းဆန်း၍ နေ သည်။

'မ,ကို ဝမ်းသာစရာ စကားတစ်ခုပြောရဦးမယ်၊ ကနေ့ ကျွန် တော် အလုပ်တစ်ခု လက်ခံလိုက်တယ်'

မ,သည် မျက်တောင်ကလေးတစ်ချက်မျှ ခတ်လိုက်ရင်း ခပ်နွဲ့နွဲ့ ပြန်မေးလိုက်သည်။

'ဘာအလုပ်လဲ ဆရာ၊ သီချင်းသင်ပေးဖို့ အလုပ်လား၊ မ, တောင် ဆရာ့ကို ပြောစရာရှိတယ်၊ မ,သူငယ်ချင်း တစ်ယောက်က တောင် ဆရာ့ဆီမှာ စန္ဒရားသင်ချင်လို့တဲ့၊ အိမ်မှာလိုက်ပြီး သင်နိုင်

http://www.cherrythitsar.org



သလားဆိုတာ အမေးခိုင်းတယ်၊ အခု နွေကျောင်းပိတ်မှာ သင်ချင်သတဲ့ဆရာ'

မ,က ကိုဘခက်အတွက် ဝမ်းသာအားရ ပြောလိုက်သော်လည်း ကိုဘခက်ကမူ သူ့ကိစ္စကိုသာ စိတ်ဝင်စားနေဟန်ရှိသည်။

'မဟုတ်ဘူး . . .မဟုတ်ဘူး၊ ကနေ့ ကုမ္ပဏီတစ်ခုက ကျွန်တော့်ဆီကို လာပြီး သီချင်းနှစ်ပုဒ်အပ်တယ်'

'ဩော်··ဟုတ်လား၊ ဝမ်းသာလိုက်တာဆရာ၊ သူတို့ကဘယ်လိုလုပ်ပြီး ဆရာ့ကိုသိသလဲ'

'ကျွန်တော့်အစွမ်း မဟုတ်ဘူး၊ ဦး မိတ်ဆွေတွေလေ၊ ဦးရဲ့ ထောက်ခံချက်ကြောင့် ယုံကြည်ပြီးအပ်တာ၊ စရံတောင် တစ်ရာပေးသွားတယ်၊ ငွေကတော့ အရေးမဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့ ပညာကို တိုင်းပြည်မှာ ပြခွင့်ရတာကိုပဲ ဝမ်းသာလှပြီ'

'ဟုတ်တာပေါ့ ဆရာ၊ ဆရာ့အတွက် ဝမ်းသာပါတယ်၊ အမှန်တော့ ဆရာ့ပညာနဲ့ ခုလောက်အထိတောင် တိမ်မြုပ်နေဖို့ မကောင်းပါဘူး၊ နာမည်ကျော်တစ်ယောက် ဖြစ်သင့်ပြီ'

'နာမည်မကြီးတာ ကြီးတာကို ကျွန်တော် ဒါလောက် အရေးမထားပါဘူး၊ ကိုယ့်လက်သံနဲ့ လက်ရာကို တိုင်းပြည်မှာ တင်ပြခွင့်ရရင်ပဲ ကျွန်တော် ကျေနပ်ပါပြီ၊ အမှန်တော့ ကျွန်တော်တို့လို ပညာသည်မျိုးက ဓာတ်စင်မှာ ကားနောက်က နေရတဲ့လူတွေလိုပါပဲ၊ တိုင်းပြည်က သိဖို့မလွယ်ဘူး၊ ဥပမာ ဆရာမြို့မငြိမ်းဆိုရင် ဒီဘက်ခေတ်ကျမှပဲ မြို့မငြိမ်းရယ်လို့ သိရတာပဲ၊ သူ့သီချင်းတွေက စစ်မဖြစ်ခင်ကတည်းက ထင်ရှားနေတယ် မဟုတ်လား၊ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ မေရှင်တို့ ပြည်လှဖေတို့ အဆိုကောင်းတယ်ဆိုတာသာ သိခဲ့တယ်၊ မြို့မငြိမ်းသီချင်းရေး ကောင်းတယ်ဆိုတာ ဟိုတုန်းက မသိခဲ့ကြဘူး၊ ဥပမာ ရွှေပြည်အေးတို့ ဦးစိမ်းမောင်တို့ဆိုရင် ဓာတ်ပြားတွေထဲမှာ အတီးလှည့်ကြရင် မကြည်အောင်က ကြိုးစားလိုက်ပါ၊ ဆရာရွှေပြည်အေးဂီတာ ဦးစိမ်းမောင်တို့ဆိုတာမျိုးလိုပေါ့လေ၊ သီချင်းဆိုတဲ့လူက ပြောပေးမှ သိခဲ့ရတယ် မဟုတ်လား၊ သီချင်းတစ်ပုဒ်ကို တကယ်ရေးစပ်ပြုစုကြရတဲ့ သီချင်းရေးဆရာရဲ့ နာမည်ကို တိုင်းပြည်က တော်တော်နဲ့မသိ

http://www.cherrythitsar.org



ကြဘူး၊ ဒါကြောင့် အရင်ခေတ်သီချင်းရေးဆရာတွေဟာ သူတို့သီချင်းတွေထဲမှာ နာမည်ထည့်ပြီး စပ်ကြတာပေါ့၊ ကျွန်တော်တို့တိုင်းပြည်က တကယ့်ပညာသည်တွေကို လေးစားခွင့်ရဖို့ နောက်ငါးနှစ်နဲ့ရဖို့ မလွယ်သေးပါဘူး'

ကိုဘခက်သည် ပြောနေရင်းက မကျေမနပ်ဖြစ်နေရာမှ ထသွားလေသည်။

စားပွဲပေါ်မှ ဆေးပေါ့လိပ်ကိုယူ၍ မီးညှိလိုက်သည်။

မ ့သည် ကိုဘခက်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်၍ ထိုင်လိုက်သည်။

မ ့စိတ်ထဲ၌ကား ကိုဘခက်လို ပညာသည် တစ်ယောက်အား ကျော်ကြားထွန်းပြောင်သူ တစ်ယောက်အဖြစ် မြင်တွေ့လိုလှသည်။

ကိုဘခက်သည် ဆေးပေါ့လိပ်ကို ဖွာရင်း မျက်မှောင်ကုတ်၍ စဉ်းစားနေလိုက်သည်။

'ဆရာ့ အရည်အချင်းနဲ့ဆိုရင် တစ်နေ့ဆရာ့ရည်မှန်းချက်အတိုင်း အောင်မြင်မှုရမှာပါ ဆရာ'

'ကျွန်တော်တော့ မမျှော်လင့်ပါဘူး၊ ကျွန်တော့် ဘဝမှာ အားနည်းချက်တွေ တစ်ဖက်က ရှိတယ်၊ ဒီအားနည်းချက်တွေက ကျွန်တော့်ဘဝရဲ့ အောင်မြင်မှုကို ဖျက်ဆီးပစ်မှာပဲ၊ ဒါထက် မ ့ကို ကျွန်တော် တစ်ခုမေးချင်တယ်၊ မ ့ဘဝမှာ လူတစ်ယောက်ကို ရွေးချယ်ရမယ့် အချိန်ရောက်လာရင် ဘယ်လိုဟာမျိုးကို ရွေးချယ်မယ်စိတ်ကူးသလဲ'

ကိုဘခက်၏မမျှော်လင့်သော မေးခွန်းကြောင့် မ ့ရင်ထဲတွင် မုန်တိုင်းဆင်လိုက်သလို သိမ့်သိမ့်ခါ၍ သွားလေသည်။

'မ ့ဒါတွေ စိတ်မကူးသေးဘူး ဆရာ၊ မ ့ငယ်ပါသေးတယ်'

'မဟုတ်ဘူးလေ၊ ငယ်တာ ကြီးတာနဲ့မဆိုင်ဘူး၊ ဒါမျိုးဟာ ကြိုတင်ပြီးတော့ စဉ်းစားထားကြတယ်မဟုတ်လား၊ ကျွန်တော်ရှင်းရှင်းပဲ မေးမယ်ဗျာ၊ မ ့ရဲ့ချစ်သူတစ်ယောက်ဟာ ဘယ်လို အရည်အချင်းမျိုး ရှိရမယ်ဆိုတာ မ ့စိတ်ထဲမှာ ပုံစံချပြီးသား ရှိတယ်မဟုတ်လား'

'မ ့ဒါတွေ ဘာတစ်ခုမှ မစဉ်းစားသေးပါဘူး ဆရာ'

http://www.cherrythitsar.org



'မစဉ်းစားဘူး ဆိုပေမယ့် ပါရီးပါစဉ် အရည်အချင်းနှစ်ခုက တော့ ပါရမှာပေါ့နော်၊ လူကုံထံ ကြေးရတတ်ပိုင်းက ဖြစ်ရမယ်၊ ဒီဂရီတစ်ခု အနည်းဆုံးပါရမယ်၊ ဒါ နှစ်ခုကတော့ မ,တို့လို အမျိုး သမီးတွေရဲ့ ချစ်သူတစ်ယောက်အတွက်မပါမဖြစ်တဲ့ အရည်အချင်းနှစ်ရပ် နေမှာပေါ့'

'မ,ဂုဏ်တွေဘာတွေမမက်တတ်ဘူး ဆရာ၊ ဒီကိစ္စမျိုး မ,ကိုယ် မ,သာ ပိုင်ရင် ကင်းကင်းလွတ်လွတ်ကြီး စဉ်းစားမှာပဲ'

'ဒါဖြင့် ဘာဒီဂရီမှမရှိတဲ့ အညတြတစ်ယောက်က မ,ကိုချစ် တယ်ဆိုရင် မ,ဘယ်လို ဆုံးဖြတ်မလဲ'

မ,သည် ဘာကိုပြန်ပြောရမှန်းမသိအောင် ရှိတော့သည်။ ကိုဘ ခက် ဆိုလိုသော အဓိပ္ပာယ်ကိုလည်း နားလည်သည်။

သို့ပေမယ့် ကိုဘခက်လိုချင်သော အဖြေကို မ,အနေနှင့်ပေးနိုင် စွမ်း မရှိချေ။

'ဆရာ့ကို တောင်းပန်တဲ့အနေနဲ့ ဆရာ သိထားအောင် မ,တစ်ခု ပြောပါရစေ၊ မ,ဟာ မ,ကိုယ် မ,မပိုင်ပါဘူး ဆရာ၊ ဒီကိစ္စနဲ့ပတ်သက် ပြီး မ,မှာ ဆုံးဖြတ်နိုင်ခွင့်မရှိပါဘူး ဆရာ၊ မ, မလိမ်တတ်ပါဘူး ဆို တာတော့ ဆရာ သိပါလိမ့်မယ်'

မ,က သနားစဖွယ် တောင်းပန်၍ ပြောလိုက်သည့်တိုင်အောင် ကိုဘခက်က ကျေနပ်ဟန်မရှိသေးချေ။

'ကျွန်တော်လည်း ကျွန်တော့်စိတ်ကို ကျွန်တော်ထိန်းနိုင်တယ်လို့ ထင်ခဲ့တာပဲ၊ မ,နဲ့တွေ့မှ ကျွန်တော် ထင်ထားတာတွေ အားလုံးမှားတာပဲ'

'ခုတော့ မထူးတော့ပါဘူး၊ စကားတစ်ခွန်းကို ပြောမိပြီဆိုရင် ချန်လည်းမထားတတ်ဘူး၊ အမှန်တော့ ဒီစကားဟာ ဘာမှမဆန်းဘူး၊ လူယဉ်ခေတ်ရောက်ကတည်းက ယောကျ်ားတိုင်း မိန်းမတိုင်းပြောခဲ့တဲ့ စကားပဲ၊ ကျွန်တော် မကို ချစ်တယ်၊ ချစ်တယ်ဆိုတဲ့ နေရာမှာ ခပ် ပေါ့ပေါ့တော့ မတွေးစေချင်ဘူး၊ မရဲ့ အလှဟာ ကျွန်တော့်ကိုယ်တွေ့ စာဖွဲ့လို့ မစွမ်းအောင် နက်နဲယဉ်ကျေးတဲ့ အလှပဲ...'

'ဒါပေမယ့် ကျွန်တော်ချစ်တာက ဒီအလှကို ယစ်မူးပြီးချစ်တာ မဟုတ်ပါဘူး၊ ကျွန်တော် မကို ချစ်တာကို မ,ရဲ့ အတွင်းစိတ်နဲ့ ဝါသ

http://www.cherrythitsar.org



နာကိုချစ်တာပဲ၊ ဒီအရည်အချင်း နှစ်ခုဟာဖြင့် ကျွန်တော့်တစ်သက်မှာ ဘယ်မိန်းမမျိုးတွေဆီကမှရနိုင်လိမ့်မယ်လို့ မမျှော်လင့်နိုင်တဲ့ အရည်အချင်းနှစ်ခုပဲ၊ ဒါကြောင့်လည်း ကျွန်တော်မကိုချစ်တဲ့အချစ်ဟာ ကျွန်တော့်တစ်သက်မှာ နောက်ထပ်မပေါ် ပေါက်နိုင်တဲ့ အချစ်မျိုးဆိုတာကိုတော့ မ ယုံစေချင်တယ်'

ကိုဘခက်သည် သူ့ရင်တွင်း၌ရှိသမျှကို လှိုက်လှိုက်လှဲလှဲပြောချလိုက်သည်။ ကိုဘခက် ပြောလိုက်သော စကားတိုင်းသည် မ ၏နှလုံးသားဝယ် အေးမြသော မိုးရေပေါက် ကလေးများပမာ တစ်ပေါက်ချင်း ကျဆင်းလာသလို ရှိတော့သည်။

မ သည် အေးမြသော သူ့လက်ဖျားကလေးများကိုသာ တစ်ဖက်နှင့်တစ်ဖက် ဆုပ်နယ်၍နေမိသည်။

ခေါင်းကား မဖော်ရဲတော့ချေ။ ဘာကို ပြန်ပြောရမှန်း မသိတော့ချေ။

'မ‥မပြောတတ်ဘူးဆရာ၊ မ တကယ့်ကိုမပြောတတ်လို့ ဆရာ့ကို တောင်းပန်နေတာပါ ဆရာ၊ မ လောကမှာ အကြောက်ဆုံးအရာတစ်ခုရှိတယ်၊ မ လေ ဘာပဲလုပ်ရလုပ်ရ၊ ဘာပဲဝတ်ရဝတ်ရ၊ ဘာပဲစားရစားရ မ ရောင့်ရဲနိုင်ပါတယ်၊ ဒါပေမယ့် စိတ်ဆင်းရဲရမှာကိုတော့ မ အကြောက်ဆုံးပဲ၊ မ စိတ်ညစ်မယ့်စကားတွေကို ဆက်မပြောပါနဲ့ ဆရာ၊ မ ဝမ်းနည်းတယ်'

မ သည် ပြောရင်းပင် အသံများအက်ကွဲလာသည်။ မ မျက်လုံးကလေးများသည် ငိုတော့မလို မျက်ရည်ဥကလေးများပင် တဝင်းဝင်းစို၍ လာလေသည်။

ကိုဘခက်သည် မ ကိုကြည့်လိုက်ရင်း သနားမိပြန်သည်။ တဆတ်ဆတ် တုန်၍နေသော မ ၏လက်ကလေးများကို ကြည့်ရင်း ဆုပ်နယ်ပေးချင်တော့သည်။

'မ စိတ်ဆိုးမယ်ဆိုရင်တော့ ကျွန်တော့်တစ်သက်မှာ ဝမ်းနည်းလို့ မဆုံးတော့ပါဘူး၊ အမှန်တော့ ကျွန်တော်ဟာ ကျေးရှူးရှင်ကို ကျေးဇူးစွပ်တဲ့လူပဲ၊ လမ်းဘေးလျှောက်နေရတဲ့ အညတရလူတစ်ယောက်ကို မ တို့ ဖေဖေက အိမ်ပေါ်ခေါ်ပြီး ကျွေးမွေး ပြုစုထားတယ်၊ ဒါ

http://www.cherrythitsar.org



တင်သာမက ကျွန်တော့်တက်လမ်းအတွက်လည်း အားပေးကူညီခဲ့တယ်၊ ဒီလို ကျေးဇူးရှင်တစ်ယောက် အိမ်မှာနေပြီးတော့ ခုလို ဖောက်ပြားမိတာဟာ အမှန်တော့ ကျွန်တော့်အပြစ်ပဲ၊ မတတ်နိုင်ဘူး၊ ကျွန်တော်နဲ့ မ ့ဟာ ခုခေတ်စကားနဲ့ ပြောမယ်ဆိုရင် အဆင့်အတန်းချင်းလည်း ကွာခြားတယ်၊ ကျွန်တော်က လမ်းပေါ်က မအောင်မြင်သေးတဲ့ စောင်းဆရာ၊ မ ့က ခေတ်ပညာတတ် ရုပ်ချောသဘောကောင်းတဲ့ အဖိုးတန်အမျိုးသမီးတစ်ဦး၊ ကွာခြားချက်က မိုးနဲ့မြေကမှ မှန်းဆလို့ရဦးမယ်။ ကျွန်တော်တို့ဘဝနှစ်ခု ကွာခြားမှုက မှန်းဆလို့မရနိုင်အောင် ကွာခြားလှပါတယ်'

'ဒါပေမယ့် ကျွန်တော် မတတ်နိုင်ဘူး မ၊ မ ့ကို ချစ်တဲ့စိတ်က ကျွန်တော့်ကို အရာအားလုံး မေ့ပျောက်စေတယ်၊ မဖြစ်နိုင်ဘူးဆိုတာတော့ ကျွန်တော် နားလည်ပြီးသားပါ၊ ဒါပေမယ့် လူတစ်ယောက်ဟာ ဘယ်လောက်ပဲ ဂုဏ်အဆင့်အတန်း နိမ့်သည်ဖြစ်စေ၊ ခေတ်ပညာအရည်အချင်း နည်းပါးသည်ဖြစ်စေ၊ သူချစ်တဲ့သူ တစ်ယောက်အပေါ်မှာတော့ အများနည်းတူ သူများချစ်တဲ့ အချစ်ထက် မလျော့ဘဲ ချစ်တယ်ဆိုတာကိုတော့ မ ့ယုံစေချင်တယ်၊ လူတစ်ယောက်ဟာ သူ့ဘဝအနေနဲ့ အောက်တန်းကျနေပေမယ့် သူ့ရဲ့အချစ်ကတော့ မြင့်မားတယ်ဆိုတာကို မ ့ယုံစေချင်တယ်'

မ ့သည်ခေါင်းငုံ့ထားရာမှ ကိုဘခက်မျက်နှာကို မရဲတရဲ မျက်လုံးလှန်၍ ကြည့်လိုက်သည်။ ဆို့နင့်ကြေကွဲဖွယ်ရာကောင်းသော ကိုဘခက်၏မျက်နှာကို မြင်ရပြန်သော်လည်း မ ့ရင်ထဲတွင် အလိုလို သနားလာမိသည်။

ကိုဘခက်သည် တကယ်ပင် မချုပ်ထိန်းနိုင်သော အဖြစ်သို့ ရောက်နေ၍သာ ခုလို ဖွင့်အန်လိုက်ခြင်း ဖြစ်သည်ကိုလည်း မ ့ကိုယ်တိုင် နားလည်မိပေသည်။

'ဆရာ့ကို မ ့ယုံကြည်ပါတယ်ဆရာ၊ လူတစ်ယောက်က လူတစ်ယောက်ကို ချစ်တယ်ဆိုတဲ့အကြောင်း ပြောတဲ့နေရာမှာ အခွင့်အရေးညီတူရှိပါတယ်ဆရာ၊ ဒါဟာ စိတ်ဆိုးစရာလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် မ ့ဘက်က စဉ်းစားတဲ့နေရာမှာ ဒီပြဿနာဟာ ဘယ်နည်းနဲ့မှ မလွယ်

http://www.cherrythitsar.org



ပါဘူး ဆရာ၊ မလွယ်တဲ့အကြောင်းထဲမှာ အကြီးဆုံးအကြောင်းက တော့ မ,ဟာ မွန့်လို မကင်းလွတ်ပါဘူး၊ မ,ကိုယ် မ,လည်း မပိုင်ဘူး၊ ဖေဖေတို့ဆန္ဒနဲ့လည်း ဆန့်ကျင်ပြီးတော့ မ,မဆုံးဖြတ်ရဲဘူး၊ မ,ဆရာ့ကို ဆရာအရင်းလိုပဲ ကြည်ညိုချစ်ခင်ပါရစေဆရာ၊ ဒါ့ထက်သာ ပိုချင်တယ် ဆိုရင်တော့ ဆရာရော မ,ပါ စိတ်ဆင်းရဲရလိမ့်မယ် ဆရာ၊ မ,ဟာ ဆရာ့အလိုကို မလိုက်နိုင်ပေမယ့် အမြဲတမ်း ကြည်ညိုလေးစားမယ့် တပည့်မတစ်ယောက်ဆိုတာတော့ ဆရာယုံပါ ဆရာ၊ မ,ဒါပဲ ပြောနိုင် တယ်၊ မ,သွားပါရစေတော့ ဆရာ'

မ,သည် ပြောပြောဆိုဆို နေရာမှထ၍ အပေါ်ထပ်သို့ တစ်လှမ်း ချင်း တက်သွားလေသည်။ ကိုဘခက်သည် မ,ကိုငေးကြည့်ရင်း ကျန် ရစ်ခဲ့လေသည်။

မ,ပြောသွားသော စကားများသည် ရှင်းလင်း ရိုးသားလှသည်။ သူ၏ ပင်ကိုစိတ်ရင်းအတိုင်း ဖွင့်ဟလိုက်ခြင်းဖြစ်သည်ကိုလည်း မငြင်း နိုင်အောင် ရှိတော့သည်။

မ,၏အဖြစ်မှန်ကို သိရပြန်တော့လည်း သနားစရာကောင်းလှ ပေသည်။ အမှန်ဆိုတော့လည်း မ,ပြောသည့် အတိုင်းပင် မ,သည် ဘဝရည်မှန်းချက်နှင့် ပတ်သက်၍ မွန်ကဲ့သို့ မျှော်မှန်းချက်ကြီးသူလည်း မဟုတ်၊ လောဘဇော အားကြီးသူလည်းမဟုတ်၊ သူ့အတွက်ကြောင့် လူတကာကို စိတ်အနှောင့်အယှက် ပေးလိုသူမဟုတ်။ ဖြစ်သမျှနှင့် ရောင့်ရဲမည်။ မိဘ၏ဩဇာအောက်တွင် မိဘစိတ်တိုင်းကျ နေမည်ဟု ဆုံးဖြတ်ထားသူဖြစ်သည်။

အမှန်ဆိုတော့ မ,သည် ကျောက်ဖိခံနေရသော မိုင်းကောင် ကလေးပင် ဖြစ်သည်မဟုတ်လော။

●

http://www.cherrythitsar.org



(၉)

မော်သည် တစ်စုံတစ်ခုကို အားပါးတရ အော်လိုက်ရင်း အပေါ်ထပ်သို့ ပြေးတက်လာလေသည်။ ဘာကြောင့်မှန်းမသိ။ မတွေ့လိုသူကို တွေ့ရမည့်ကဲ့သို့ တထိတ်ထိတ်ခုန်မိသည်။ မော်၏အသံသည် တစ်အိမ်လုံးကို လွှမ်းမိုး၍နေတော့သည်။

'မရေ…မ၊ ကိုကိုကြည် ပြန်လာပြီဟေ့၊ တို့ဖို့ လက်ဆောင်တွေ လည်းပါတယ်'

ငယ်ပေါင်းကြီးဖော် မိတ်ဆွေတစ်ယောက် ပြန်ရောက်လာသဖြင့် ဝမ်းသာမိသော်လည်း မ ့စိတ်ထဲ၌ကား တစ်ခုခုကို အစိုးရိမ်လွန်မိလေသည်။

ကိုခင်မောင်ကြည်သည် မ ့တို့ မောင်နှမတစ်တွေနှင့် ငယ်စဉ်က ပင် ကစားဖက်ဖြစ်သည့်အပြင် ဗစ်တာ၏အခင်ဆုံး သူငယ်ချင်း တစ်ယောက်လည်းဖြစ်သည်။

ဗစ်တာနှင့် အိုင်အက်စီအထိ ဘာသာတူဖြစ်သော်လည်း နောက်ပိုင်းတွင် ကိုယ်သန့်ရာ ဘာသာကိုဆက်၍ လိုက်ခဲ့ကြသည်။ ဗစ်တာက ဘီအက်စီ အင်ဂျင်နီယာဘက်သို့ဆက်လိုက်ခဲ့သည်။ ကိုခင်မောင်ကြည်က ရိုးရိုးဘီအက်စီကိုသာ ယူပြီးနောက် နိုင်ငံခြားတွင် နောက်ထပ် ဒီဂရီ တစ်ခုယူရန် ကြိုးစားခဲ့သည်။

အမှန်တော့ ကိုခင်မောင်ကြည်သည် ယခု အချိန်လောက်နှင့် ပြန်လာလိမ့်ဦးမည်ဟု မ ့ စိတ်ထဲတွင် မမျှော်လင့်ခဲ့ပေ။ အချိန်များ သည် ကုန်လွယ်လှသည်။ တကယ်ဆိုတော့လည်း လေးနှစ်ဆိုသော အချိန်သည် ကုန်ဆုံးပြီးမှ ပြန်တွေးကြည့်လျှင် ဘာမျှကြာလိုက်သည်ဟု မထင်လိုက်ရပေ။ မ ့သည် ကိုခင်မောင်ကြည် ပြန်ရောက်သည်ဆိုသည် နှင့် တစ်ပြိုင်နက် နောက်ကြောင်းများကို ပြန်၍ တွေးလိုက်မိသည်။ မော်က မ ့၏လက်ကို အတင်းဆွဲလိုက်သည်။

'လာလေ… မရဲ့၊ ဘာတွေများ တွေးနေတာလဲ၊ လာပါဆို'

မော်သည် မ ့၏လက်ကိုဆွဲ၍ အောက်ထပ်သို့ အတင်းခေါ်သွားလေသည်။

မ ့သည် မော် ဆွဲသည့်နောက်ကို လိုက်ခဲ့သည်။ တစ်ဆစ်ချိုးလှေကားအကွေ့သို့ ရောက်သောအခါ ဧည့်ခန်းအလယ်တွင် ဦးကျော်ဒင်နှင့် ဒေါ်ခင်မျိုးသန့်တို့နှင့် စကားပြောနေသော ကိုခင်မောင်ကြည်ကို တွေ့ရသည်။

မော်သည် အရင်ပြေးဆင်းနှင့်ပြီးလျှင် ကိုခင်မောင်ကြည်အား နှုတ်ဆက်လိုက်သည်။

'ဟေး·· ကိုကိုကြည်'

ကိုခင်မောင်ကြည်သည် စကားကို ဖြတ်လိုက်ပြီးလျှင် မော့်ကို တအံ့တသြ ကြည့်လိုက်သည်။

ပြီးမှလက်နှစ်ဖက် ရှေ့သို့ဆန့်တန်းလိုက်ပြီးလျှင် မော့်ကို ဆီးကြိုလိုက်သည်။

မော်ကလည်း ကလေးငယ်ကလေးကဲ့သို့ ကိုခင်မောင်ကြည်ရှိရာသို့ အပြေးသွားလိုက်သည်။

နှစ်ယောက် ဆုံမိသောအခါ ကိုခင်မောင်ကြည်သည် မော့်ကို ဖက်၍ မြှောက်လိုက်ပြီးလျှင် ပတ်ချာလှည့်လိုက်သည်။ သို့လှည့်လိုက်ရင်း အသံဝါကြီးဖြင့် ရယ်လိုက်ပြန်သည်။

လေးငါးပတ်မျှ လှည့်လိုက်ပြီးသောအခါ ကိုခင်မောင်ကြည်သည် မော့်ကို အောက်သို့ပြန်လိုက်ချပြီးလျှင် ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

'ဟော မော်က တကယ့်အပျိုကြီးဖားဖားကြီး ဖြစ်နေပါလားဟင်၊ အရင်တုန်းက နှပ်ချေးတွဲလောင်းနဲ့၊ ခုတော့ တကယ့်အပျိုကြီးပဲဟေ့၊ လမ်းတွေ့ရင် မှတ်မိမှာတောင် မဟုတ်ဘူး'

ကိုခင်မောင်ကြည်သည်ပြောရင်း အသံဝါကြီးဖြင့် ရယ်လိုက်ပြန်သည်။

မော်က ကိုခင်မောင်ကြည့်လက်မောင်းကို ဖက်တွယ်ထားလိုက်ရင်း ပြန်၍ရုန်တွေ့လိုက်သည်။

http://www.cherrythitsar.org



'အမယ်··· မော့်ကို ပြောတယ်၊ ကိုကိုကြည်ကတော့ တကယ့် အမေရိကန်ကြီး ကျနေတာပဲ၊ မြန်မာစကားတောင် မပီတော့ဘူး'

ကိုခင်မောင်ကြည်က မော်၏ခေါင်းကလေးကို ခပ်ဖွဖွ ပုတ်လိုက်ရင်း လှေကားမှ တစ်လှမ်းချင်းလျှောက်လာသော မ,ကို လှမ်း၍ ကြည့်လိုက်သည်။

ကိုခင်မောင်ကြည်၏အကြည့်ကြောင့် မ,သည် ခြေလှမ်းများပင် တုံ့၍သွားလေသည်။

ကိုခင်မောင်ကြည်ကမူ မ,ကိုကြည့်ရင်းပြုံးလိုက်သည်။ မ,ရှိရာသို့ တစ်လှမ်းချင်း လျှောက်၍လာသည်။

ပြီးမှ မ,၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

'ဟေး·· မိရွှေမကတော့ သိပ်မပြောင်းလည်းဘူး၊ အရင်လို လုံးလုံးကျစ်ကျစ်ပဲနော်၊ အရပ်နည်းနည်း ထွက်လာတယ်၊ မ,ဘာလို့ ကိုယ့်ဆီ စာမရေးလဲ'

မ,သည် ရှက်အမ်းအမ်းဖြင့် နောက်သို့ တစ်ချက်မျှ ဆုတ်လိုက်မိသည်။

သည်တော့လည်း ကိုခင်မောင်ကြည်သည် သူ့လက်များကို ရုပ်လိုက်သည်။

မ,ကမူ ဣန္ဒြေရရပင် ပြန်၍ နှုတ်ဆက်လိုက်သည်။

'မ,ကိုကိုကြည်ကို အမှတ်ရပါတယ်၊ စာမထည့်တာက စာမေးပွဲ နီးနေလို့ မထည့်တာပါ၊ စာမေးပွဲက ကနေ့မှပဲ ပြီးတယ်'

'သြော်·· ဒါဖြင့်လည်း ခွင့်လွှတ်ရတာပေါ့ဗျာ၊ မိရွှေမကတော့ ညီအစ်မသုံးယောက်ထဲမှာ တစ်ပုံစံပဲ၊ ငယ်ငယ်ကလည်း လူကြီးဆန်တာ၊ အခုလည်း လူကြီးလိုပဲ၊ မဟုတ်ဘူးလား အန်တီ၊ အန်တီ့သမီးတွေထဲမှာ အန်တီနဲ့မတူတာ မိရွှေမ တစ်ယောက်ပဲ'

ကိုခင်မောင်ကြည်သည် ဒေါ်ခင်မျိုးသန့်ဘက်သို့ လှည့်၍ ပြောလိုက်ပြန်သည်။

ဒေါ်ခင်မျိုးသန့်က ကိုခင်မောင်ကြည် ပြောလိုက်သောစကားကို အနူးအညွတ် ထောက်ခံလိုက်လေသည်။

'ဟုတ်တယ်ကွဲ့၊ မ,တစ်ယောက်ကတော့ သူ့အဖေဘက်ပါတယ်၊ ခုထိ လူတောထဲကို မဝင်သေးဘူး'

ဦးကျော်ဒင်က သတင်းစာဖတ်နေရာမှ ဒေါ်ခင်မျိုးသန့်ကို လှမ်း၍ ကြည့်လိုက်သည်။

'ဟ‥ ငါ့တူတာ ကောင်းတာပေါ့၊ မင်းနဲ့တူရင် ခုကတည်းကိုက ဖဲဝိုင်းတို့၊ မြင်းပွဲတို့၊ ကပွဲတို့ရောက်နေရောပေါ့'

'အမယ်‥ ကပွဲရောက်တာ ဘာဖြစ်လဲ၊ လူထဲ မတိုးတဲ့ လူဟာ ဘယ်တော့မှ လူရာမဝင်ဘူး၊ ကပွဲဆိုတာ မိတ်ရှာတဲ့နေရာရှင့်… သိရဲ့လား …'

'မိတ်ရှာတဲ့နေရာဆိုရင် ကောင်းတာပေါ့ဗျာ၊ မိတ်လိုက်တဲ့နေရာဖြစ်နေမှ အဟာမ်း'

'တော်စမ်း ‥တော်စမ်း၊ ရှင်နဲ့စကားပြောလို့ကို အပေါက်မတည့်ဘူး၊ မောင်ကြည်နှယ် မင်းဦးလေးက လူ့ခွစာကွဲ့'

ဒေါ်ခင်မျိုးသန့်သည် ဦးကျော်ဒင်အား စကားဖြတ်၍ ကိုခင်မောင်ကြည်နှင့် ဆက်၍ ပြောလိုက်သည်။ ကိုခင်မောင်ကြည်ကလည်း ဒေါ်ခင်မျိုးသန့်နှင့် အချီအချညီအောင် စကားကို ပါးနပ်စွာ ပြောင်းလိုက်သည်။

'အန်ကယ်နဲ့ အန်တီတို့ ရန်ပွဲကလေးကို နားမထောင်ရတာကြာလို့ ကျွန်တော်ကတော့ ပြန်ပြီးအဆန်းဖြစ်နေတယ်၊ ကဲ‥ မော်နဲ့ မ,တို့ကို လက်ဆောင်ပေးရမယ်'

ကိုခင်မောင်ကြည်သည် သူ၏လက်ဆွဲသားရေအိတ်ထဲမှ ပစ္စည်းတစ်ခုကို ဆွဲထုတ်လိုက်ပြီး စားပွဲပေါ်သို့ တင်လိုက်သည်။

ပြီးမှ မော်နှင့် မ,အတွက် လက်ဆောင်များကို တစ်ခုစီ ဝေ၍ ပေးလိုက်သည်။

'ရော့ ‥ဒါက မော့်အတွက် အင်္ကျီစရယ်၊ နားဆွဲရယ်၊ ဖဲပြားရယ်၊ နားဆွဲကနော် ဟောလီးဝုဒ်မှာ ခေတ်စားနေတဲ့ နားဆွဲကွ၊ မြန်မာလို ရွှေသပျစ်ခိုင်လို့ခေါ်တယ်၊ ကပွဲမှာဆွဲရင် သိပ်လှတယ်၊ မီးနဲ့ဆိုရင် အရောင်မျိုးစုံထွက်တယ်၊ မ,တို့ကတော့ ကိုယ်ကအကြောင်းသိပြီးသား၊ မ,ဖို့ နာရီပုံလှလှကလေး ရွေးဝယ်ခဲ့တယ်၊ မ,က ငွေရောင်

http://www.cherrythitsar.org



မကြိုက်ဘူးဆိုတော့ ရွှေရောင်ကို ရွေးဝယ်လာခဲ့တယ်၊ ကိုယ့်ဆီကိုစာ မပေးပေမယ့် ကိုယ်ကတော့ အမှတ်ရပါတယ်ကွ…မိရွှေမရဲ့'

ကိုခင်မောင်ကြည်သည် မ‚၏ပခုံးစွန်းကိုပုတ်လိုက်ရင်း စ‚လိုက်သည်။

မ‚ကမူ အလိုက်သင့်ပြုံးရင်း ကိုခင်မောင်ကြည်ပေးသော လက်ဆောင်များကို ကိုင်၍ ကြည့်နေမိသည်။

'ဟော့ ခင်မောင်ကြည်၊ အန်တီ့ဖို့ရော ‥ငါမှာတာ မပါရင်တော့ အသိပဲ'

'ပါပါတယ် အန်တီရာ၊ ဘယ်မေ့မလဲ၊ အန်တီ့ဖို့ ပလတ်စတစ်ဖဲထုပ်ပါတယ်၊ အန်ကယ့်ဖို့ ဆေးတံ၊ ကဲ … ကျွန်တော် ပါတာကုန်ပြီ၊ အန်တီတို့က ကော်ဖီလေး မုန့်လေးကျွေးဖို့ ကျန်တော့တယ်'

'အို‥ ဟုတ်ပါရဲ့၊ မော်တို့က မေ့လို့ပါနော်၊ မောင်အေးရေ‥ မောင်အေး၊ ကော်ဖီဖျော်ခဲ့ဟေ့‥ မုန့်ရောအစုံချဟေ့'

မော်သည် နောက်ဖေးခန်းသို့ဝင်၍ စီစဉ်လိုက်သည်။ ကိုခင်မောင်ကြည်သည် မ‚လက်ထဲမှ နာရီကိုယူလိုက်ပြီးလျှင် မ‚၏ညာဘက်လက်ပေါ်တွင် ကပ်၍ကြည့်လိုက်သည်။

ပြီးမှ မ‚ပတ်ထားသော နာရီအဟောင်းကို ဖြုတ်လိုက်ပြီး သူဝယ်ထားသော နာရီအသစ်ကို ပတ်ပေးလိုက်သည်။

ကိုခင်မောင်ကြည်၏ အပြုအမူကြောင့် မ‚မှာ မနေတတ် မထိုင်တတ် ရှိတော့သည်။

ကိုခင်မောင်ကြသည် မ‚ကို အရိပ်တကြည့်ကြည့်နှင့် ကျေနပ်ဟန် ရှိနေသည်။

'ဒီပုံစံကလေးမှ မိရွှေမနဲ့လိုက်တာ မ‚ရဲ့၊ လက်က အသားပြည့်တယ် မဟုတ်လား၊ အန်တီတို့ဝယ်ပေးထားတဲ့ မန်ကျည်းစေ့လောက်ရှိတဲ့ နာရီလေးနဲ့ဘယ်လိုက်မလဲ၊ ခုပုံစံဟာ မ‚လက်နဲ့ အတော်ပဲ၊ ကြည့်လို့ရှိလှလာတယ်'

မ‚သည် မျက်နှာမထားတတ်တော့ချေ။ ကိုခင်မောင်ကြည် ပတ်ထားသော ရွှေနာရီကလေးကိုသာ လက်တစ်ဖက်ဖြင့် ဖုံးထားလိုက်သည်။

'အမယ်လေး‥ မင်းညီမက ဈေးအများသား၊ ဘယ်အရောင်ဆို ဘာကြောင့်၊ ဘယ်ပုံ ကလက်တယ်၊ ဘယ်ပုံကဆန်းလွန်းတယ်နဲ့ မဝယ် ဖြစ်တာပဲ များတယ်၊ ခုနာရီဟာ မွန် ငယ်ငယ်ကတည်းက ပတ်တဲ့နာရီ၊ မွန်တို့မော်တို့က အသစ်ဝယ်ပေမယ့် သူက ဈေးများနေတာနဲ့ မဝယ်ဖြစ် ဘူး'

ကိုခင်မောင်ကြည်သည် မ,ကိုသာ ရွှန်းရွှန်းစားစား ပြုံး၍ကြည့် နေတော့သည်။

ပြီးမှ ကလေးငယ်ကို မေးသလို မေးလိုက်ပြန်သည်။

'ကဲ‥ အခုရော ဈေးများဦးမှာလား၊ ဒါပဲနော် ကိုယ် ဝယ် ပေးတာကိုပတ်မှ ကျေနပ်မယ်၊ အဟောင်းကြီး ပြန်ပတ်ထားရင်တော့ စိတ်ဆိုးမှာ'

ကိုခင်မောင်ကြည်က ငယ်ငယ်ကလိုပင် ရင်းရင်းနှီးနှီး ပြောဆို ဆက်ဆံခြင်းဖြစ်သော်လည်း မ,အဖို့ အနေရအထိုင်ရ ခက်နေတော့ သည်။

တော်ပေသေးသည်။

မော်သည် နောက်ဖေးမှ ခုန်ပေါက်၍ထွက်လာကာ ကိုခင်မောင် ကြည်၏လက်ကို ဆွဲခေါ်လိုက်သည်။

'ကဲ‥ ကော်ဖီ သောက်ရအောင်၊ လာ‥ မော်ကိုယ်တိုင် ဖျော် တာ'

ကိုခင်မောင်ကြည်သည် မော်ဆွဲရာနောက်သို့ ပါသွားလေသည်။ မ,ကမူ နောက်မှ ခပ်ဖြည်းဖြည်း လိုက်သွားသည်။

'ကဲ‥‥ ဒီမှာထိုင်၊ မော် ငှဲ့ပေးမယ်၊ ကြိုက်တဲ့မုန့်စား'

မော်က ကိုခင်မောင်ကြည်ကိုပင် ကလေးလို ဩဇာပေးလိုက် သည်။

ကိုခင်မောင်ကြည်သည် မော် အမိန့်ပေးသည့်အတိုင်းပင် နာခံ လိုက်ရသည်။

မော်သည်ကိုခင်မောင်ကြည်နှင့်မ,အတွက် ကော်ဖီကိုငှဲ့ပေးလိုက် သည်။

http://www.cherrythitsar.org



နောက်ဆုံးမှ သူ့အတွက်ငှဲ့လိုက်သည်။ မ,က ကော်ဖီကို တစ်ကျိုက်မျှ သောက်ရင်း ရှုံ့မဲ့သွားလေသည်။

'ကော်ဖီကလည်းကွယ်၊ နို့တွေ များလိုက်တာ၊ မော် ဖျော်ရင် ဒီလိုချည်းပဲ'

'အို·· မ,ကလည်း၊ မ,သောက်သလိုတော့ ခါးခါးတူးတူးကြီး မသောက်နိုင်ပါဘူး၊ ကော်ဖီဆိုတာ နို့ပျစ်ပျစ်ကလေးနဲ့မှ သောက်လို့အရသာရှိတယ်'

'ကိုယ်ကတော့ နှစ်မျိုးစလုံးကြိုက်တယ်၊ ဒါပေမယ့် သူ့အချိန်နဲ့သူမှ၊ မနက်စောစော အိပ်ရာထဆိုရင် မရွှေမ,ပြောသလို ကော်ဖီခါးခါးလေးမှ သောက်လို့အရသာရှိတယ်၊ နေ့ခင်းဆိုရင်တော့ ခုလို နို့ပျစ်ပျစ်ကလေးနဲ့မှ သောက်ရတာ အရသာရှိတယ်'

'ဟေး··ဒါကတော့ ကိုကိုကြည်က လူပေါ်လူဇော် လုပ်တာပဲကွ၊ ကောင်းတယ်၊ ကြိုက်တယ်ဆိုတာ တစ်မျိုးပဲဖြစ်ရမယ်၊ နှစ်မျိုးမဖြစ်ရဘူး၊ မော်ပြောတာကို သဘောတူတယ်မဟုတ်လား မ'

မော်က ကိုခင်မောင်ကြည်ကို အနိုင်ယူ၍ မ,ကို စစ်ကူတောင်းလိုက်သည်။

'ဟုတ်တာပေါ့၊ လောကမှာ လူတစ်ယောက်ဟာ အကြိုက်တစ်မျိုးပဲ ရှိသင့်တာပေါ့၊ နှစ်မျိုးစလုံးကြိုက်တယ်၊ ကောင်းတယ်လို့ ထင်တဲ့လူဟာ စိတ်မတည်တံ့တဲ့လူပဲ'

ကိုခင်မောင်ကြည်သည် မ,ပြောလိုက်သော စကားကြောင့် တစ်ချက် ငိုင်၍ သွားလေသည်။

အံ့ဩဟန်လည်း ရှိသည်။

မော်ကမူ သူ့ဘက်ကအနိုင်ရသည့်အတွက် ဝမ်းသာအားရ ဩဘာပေးလိုက်သည်။

'ဟုတ်တယ် ဟုတ်တယ်၊ မ,ပြောတာကို မော် ထောက်ခံတယ်၊ ကိုကိုကြည် ရှုံးပြီကွ'

ကိုခင်မောင်ကြည်သည် ရောယောင်၍ ပြုံးလိုက်ရသော်လည်း စိတ်ထဲ၌မူ အောင့်သက်သက်ရှိလှသည်။

မ,၏ ချက်ကျပိုင်နိုင်လှသော စကားကိုလည်း ပြန်၍ မချေပနိုင် အောင် ရှိတော့သည်။

'မ,က သိပ်စကားတတ်ပါကလား၊ ကိုယ်ပြောတာက ဒီလိုမဟုတ် ဘူးကွာ၊ နှင်းဆီကယဉ်၊ သဇင်ကပြုံးဆိုတဲ့စာလိုပေါ့၊ သူ့ဟာနဲ့သူ တစ်မျိုးစီ ချစ်စရာကောင်းတဲ့ သဘောပေါ့၊ ဥပမာ ဘယ်ပန်းက ဘယ် ရာသီမှာ ပွင့်လို့ သူ့ကို အလှဆုံး၊ အယဉ်ဆုံးလို့ပြောရပေမယ့် တခြား ရာသီမှာတော့ တခြားပန်းက ပိုပြီးလှတာပေါ့၊ ဒီသဘောကို ပြောတာ ပါ'

'ရာသီပန်းနဲ့ ပန်းကိုဖွဲ့တာဟာ လူ့ဘဝနဲ့မဆိုင်ပါဘူး၊ ဥပမာ·· လူတစ်ယောက်ဟာ တစ်ကြိမ်တည်းမှာ ဝါဒနှစ်မျိုးကို ယုံကြည် စွဲမြဲ ပါတယ်ဆိုရင် ဒါဟာ ဘယ်နည်းနဲ့မှ ယုံကြည်ဖို့မကောင်းဘူး၊ နှစ်မျိုး စလုံးကို မယုံကြည်တာပဲ၊ မခိုင်မြဲတဲ့စိတ်ကိုပြတာ'

မော်သည် ခုန်ပေါက်ရင်း အော်လိုက်ပြန်သည်။

'ဟေး·· ဟုတ်တယ်၊ ဒါမှ တို့မ,ကွ၊ ကိုကိုကြည် ရှုံးပြီ'

ကိုခင်မောင်ကြည်သည် ပြုံး၍ နားထောင်နေလိုက်ရတော့သည်။

ဆက်ပြောနေလျှင် ကိုယ်နေရသည့်ဘက်က အရှုံးဘက်က များ နေသည်။

ထို့ကြောင့်လည်း စကားလွှဲ၍ ပစ်လိုက်သည်။

'ကဲပါဗျာ၊ ကိုကိုကြည်ပဲ အရှုံးပေးပါတယ်၊ ကဲ··· နိုင်တဲ့လူက လက်ဖက်တစ်ရိုးတော့ သုတ်ကျွေးကွာ၊ မ,ကလက်ဖက်သုတ်ကောင်းပါ တယ်၊ နိုင်ငံခြားကတည်းက လက်ဖက်ငတ်လာတယ်'

'ကိုကိုကြည်က ပါးတယ်ကွ၊ ပါးတယ်၊ စကားလွှဲပစ်တယ်၊ ကဲ·· မ,ရာ သနားပါတယ်၊ လက်ဖက်တစ်ရိုးလောက်တော့ သုတ်ပေး လိုက်ပါ'

မ,သည် ကိုခင်မောင်ကြည်အတွက် သူကိုယ်တိုင် လက်ဖက်ကို သုတ်ပေးလိုက်သည်။

ကိုခင်မောင်ကြည်သည် မ,သုတ်ပေးသော လက်ဖက်ကို အားရ ပါးရ စားလိုက်သည်။ မော်က ကိုခင်မောင်ကြည်စားပုံကို ကြည့်ရင်း ကျေနပ်နေသည်။

http://www.cherrythitsar.org



'ကဲ.. စားသောက်ပြီးပြီ၊ ဗစ်တာတို့အိမ် သွားမယ်၊ ဟိုကျတော့ မွန်နဲ့လက်ရာကလေးနဲ့ ညစာစားရမယ်၊ အန်တီရော လိုက်မယ်တဲ့'

'မွန်က ဘဲဥတောင် ကြော်တတ်မှာ မဟုတ်ဘူး၊ ဆိုင်မှာကျွေးရင် မော်တို့လိုက်မယ်၊ မာမီတောင် ကနေ့သွားမယ်လို့ ပြောနေတာ'

'ဒါဖြင့် ကောင်းသားပဲ၊ ကဲ... အဝတ်လဲကြ၊ မ,ရော လိုက်ခဲ့ကွာ'

မော်သည် အခန်းတွင်းမှ အပြေးထွက်သွားသည်။ လမ်းထွက်ရမည်ဆိုလျှင် မော်က ကျေနပ်ပြီးသားဖြစ်သည်။

'မ,မလိုက်တော့ပါဘူး ကိုကိုကြည်၊ စာကြည့်ရလွန်းလို့ ခေါင်းတွေ မူးနေတယ်'

ကိုခင်မောင်ကြည်သည် မ,ကိုမကျေမနပ်ဖြင့် ကြည့်လိုက်သည်။

'မိရွှေမ,တစ်ယောက်က အရင်လိုမဟုတ်ဘူး၊ ပြောင်းလဲနေတယ်၊ ဘာလဲ ကိုကိုကြည်ကို အရင်ကလို မခင်တော့ဘူးလား'

'မ,ဘယ်သူ့အပေါ်မှ မေတ္တာမပျက်တတ်ပါဘူး၊ မနေ့ကမှ စာမေးပွဲပြီးတော့ နည်းနည်းပင်ပန်းနေလို့ပါ ကိုကိုကြည်၊ နောက် တစ်ခေါက်မှ မ,လိုက်ပါရစေ'

'ရှိစေတော့ဗျာ.. ရှိပါစေတော့'

ကိုခင်မောင်ကြည်သည် စိတ်ပျက်လက်ပျက်ဖြင့် ဧည့်ခန်းသို့ထွက်ခဲ့သည်။

မ,သည် နောက်ဖေးမီးဖိုချောင်တွင် မောင်အေးနှင့် ကော်ဖီပွဲကို သိမ်းရင်း ညစာအတွက် စီမံရသည်။

ကိုခင်မောင်ကြည်က အပြင်မှအော်၍ နှုတ်ဆက်သည်။

'မ,ရေ သွားပြီဟေ့၊ နက်ဖြန်ညနေတော့ ကိုယ်တို့အိမ်မှာထမင်းစားရမယ်နော်၊ တစ်အိမ်လုံးလာရမယ်၊ မလာတဲ့လူတော့ ဒါပဲနော်'

မ,သည် အပြင်သို့ထွက်၍ ကိုခင်မောင်ကြည် ကျေနပ်အောင်ပြောရပြန်သည်။

'ဟုတ်ကဲ့ ကိုကိုကြည်၊ မနက်ဖြန်ည လာပါ့မယ်'

'ဒေါ်ခင်မျိုးသန့်သည် အပေါက်ဝသို့ရောက်မှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် မ,ကို ပြန်၍မှာနေပြန်သည်။

http://www.cherrythitsar.org



'မရေ..မင်းဒက်ဒီပြန်လာရင် မွန်တို့ဆီကို လိုက်ခဲ့လို့ပြောလိုက်၊ တို့အပြန် ကားမရှိဘူး.. ကြားလား'

'ဟုတ်ကဲ့.. မေမေ'

'ကျွန်တော် လိုက်ပို့မှာပေါ့ အန်တီရဲ့'

'မဟုတ်ဘူး မဟုတ်ဘူး မောင်ကြည် မင်း အန်ကယ်အကြောင်း မသိသေးလို့၊ ခုတလော သူက ပိုက်ဆံမရတဲ့ အလုပ်တွေကို သိပ်ကြိုး စားနေတယ်၊ ဂီတသုခမအဖွဲ့တဲ့... တက်လိုက်ရတဲ့ အစည်းအဝေး၊ တော်တော်ကြာ ရန်ပုံငွေထည့်ရသေးတယ်၊ မင်း အန်ကယ်နဲ့ ငါနဲ့တော့ အချိုးကို မတည့်တော့ဘူး'

ဒေါ်ခင်မျိုးသန့်သည် အိမ်မှအထွက်တွင် ဦးကျော်ဒင်အား ရန်တွေ့သွားလေသည်။

မ,ကမူ ဦးကျော်ဒင်ဘက်မှ မကျေမနပ် ဖြစ်မိသော်လည်း သူ့မေမေကို ဘာမျှ ပြန်၍မပြောရဲချေ။ ပြောလျှင်လည်း သူ့ကိုပါ အဆစ်ပါမည် သိထားပြီးဖြစ်သည်။ ထို့ကြောင့်လည်း မ,သည် ဒေါ် ခင်မျိုးသန့် ပြောသမျှ ငြိမ်၍နားထောင်ရင်း သက်ပြင်းကို မသိမသာ ချလိုက်မိသည်။

ဒေါ်ခင်မျိုးသန့်တို့ ထွက်သွားသောအခါ ဧည့်ခန်းတွင် လုပ် စရာရှိသည်တို့ကို လုပ်နေမိသည်။ စာမေးပွဲနီးကတည်းက ဘာမျှပြန် မကြည့်နိုင်သော ဧည့်ခန်းကို ရှင်းလင်းရသည်။

ပန်းများ အသစ်လဲရသည်။ ဓာတ်ပုံများကို ဖုန်သုတ်ရသည်။ ရှုပ်ပွနေသည်ကို ရှင်းလင်းရသည်။

ဧည့်ခန်းကို ရှင်းပြီးသောအခါ မ,သည် တစ်စုံတစ်ခုကို ချီတုံ ချတုံ ဖြစ်နေသည်။

အတန်ကြာမှ တံမြက်စည်းတစ်ချောင်းကိုယူ၍ ကိုဘခက်၏ အခန်းတွင်းသို့ ဝင်ခဲ့မိလေသည်။

ကိုဘခက်၏အခန်းထဲ၌ကား ဗရပွကြဲ၍ နေတော့သည်။ အိပ် ရာကိုကြည့်လိုက်လျှင် စိတ်ပျက်စရာ ကောင်းလှသည်။

အိပ်ရာခင်း တခြား၊ မွေ့ရာတခြား၊ ခြင်ထောင်ကလည်း ဝါ နေတော့၏။ အိပ်ရာဘေး ဆေးလိပ်ခွက်ထဲ၌ကား ဆေးလိပ်တိုများ

http://www.cherrythitsar.org



အမောက်ပြည့်လျက်ရှိသည်။ ဘေးတွင် ဆေးလိပ်ပြာများက နေရာအနှံ့ လွင့်၍နေလေသည်။

လုံးထွေး၍ ပစ်ထားသော စက္ကူစုတ်များကိုလည်း အခန်း ထောင့်တွင် တွေ့ရပြန်သည်။ စားပွဲပေါ်၌ကား စာအုပ်များက ပွကြဲ၍ နေသည်။

စောင်းကြိုးပြတ်များ၊ ရေးလက်စ သီချင်းအတိုအစများကား နေရာအနှံ့ရှိတော့သည်။

မ,သည် ကိုဘခက်၏ အခန်းကိုကြည့်ရင်း အလိုလို စိတ်ရှုပ်လာ တော့သည်။ ခုလို ကြည့်မကောင်း မြင်မကောင်းအောင် ဖြစ်နေပြန် တော့လည်း မ,မှာ မနေနိုင်တော့ပေ။

မျက်နှာသုတ်ပဝါတစ်ထည်ကို ခေါင်းတွင် ပေါင်းလိုက်ပြီးလျှင် တစ်ခန်းလုံး ရှင်းရပြန်တော့သည်။ အိပ်ရာကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်၍ခင်းရသည်။ ဆေးလိပ်ခွက်ထဲမှ ဆေးလိပ်တိုများကို အပြင်သို့ ပစ်ရသည်။

ရှုပ်ပွနေသော စားပွဲကိုလည်း ရှင်းရသည်။ သီချင်းစာများကို ဖိုင်တစ်ခုတွင် တွဲပေးရသည်။ စာအုပ်များကိုလည်း စီ၍ ထပ်ရသည်။ ကိုဘခက်၏စားပွဲပေါ်မှ စာအုပ်များကို မြင်လိုက်ရသောအခါ မ,၏ လက်များသည် အလိုလို တွန့်၍ သွားလေသည်။

သူ့ကိုယ်သူပင် မယုံနိုင်အောင် ရှိတော့သည်။ ထို့ကြောင့် လည်း မ,သည် စားပွဲပေါ်မှ စာအုပ်များကို တစ်အုပ်စီလှန်၍ ကြည့် လိုက်မိသည်။ ကိုဘခက် စားပွဲပေါ်မှ ကဗျာလင်္ကာသတ်ပုံ အဘိဓာန် ကျမ်းမျိုးစုံ တွေ့ရသော်လည်း မအံ့သြမိချေ။ မ,အံ့သြမိရသည်မှာ အင်္ဂလိပ်စာအုပ်များပင် ဖြစ်သည်။

ကမ္ဘာ့ဂီတအဘိဓာန်၊ အရှေ့တိုင်း ဂီတမိုးဇာတ်ဘီသိုဖင်တို့ဂီတ၏ စာအုပ်များ စသည်တို့ကို တွေ့မြင်ရသောအခါ မ,သည် မအံ့သြဘဲ မနေနိုင်အောင် ရှိတော့သည်။

ဤစာအုပ်များသည် သာမန် ခေတ်ပညာတတ်များပင် မဖတ် နိုင်ကြောင်း မ,ကိုယ်တိုင်သိပြီးဖြစ်သည်။ ခုလို ခက်ခဲနက်နဲသော စာ

http://www.cherrythitsar.org



အုပ်များကို ကိုဘခက်၏ စားပွဲပေါ်၌ တွေ့ရသောအခါ မ,သည် ကိုဘခက်ကို နားမလည်နိုင်အောင် ရှိတော့သည်။

မ,သည် စာအုပ်များကို တစ်အုပ်စီကိုင်၍ ကြည့်လိုက်ပြီး စားပွဲတွင် ထပ်လိုက်သည်။ သူ၏စိတ်၌ကား ကိုဘခက်ကိုပင် တွေးမရအောင် ရှိတော့သည်။ ကိုဘခက်၏ မိဘမျိုးရိုး ပညာအရည်အချင်း စသည်တို့ကို တွေးရင်း ခေါင်းရှုပ်လာသည်။

သို့ တွေးနေရင်းမှ နောက်ဆုံး စာအုပ်တစ်အုပ်ကို အမှတ်မထင် လှန်လိုက်မိသည်။ မ,၏လက်များသည် တဆတ်ဆတ်တုန်၍ လာသည်။ မျက်လုံးများလည်း ပြာ၍သွားသည်။

မ,သည် ကိုဘခက်၏နေ့စဉ်မှတ်တမ်းကို အမှတ်မထင်လှန်လိုက်မိခြင်းဖြစ်သည်။

'ကိုယ့်ဘဝကို မြှုပ်နှံထားခြင်းဖြင့် မ၏အချစ်ကို သန့်ရှင်းစွာ အရယူမည်။ ကိုယ့်အတွက် လမ်းနှစ်လမ်းသာ ရွေးရန် ရှိတော့သည်။ သည်တစ်ချက် အတွက်မှားလျှင် နောက်တစ်ကြိမ် ကိုယ်လွှင့်ရပေဦးမည်။ မ,ကို ချစ်သည်။ မ,နှင့်ကိုယ် ဝေးရာ ပြေးရမည်ကို ကိုယ်ကြောက်တာ အမှန်ပင် ဖြစ်သည်။ ကိုယ့်တစ်သက်တွင် မ,ကို မုန်း၍လည်းမရ၊ မေ့၍လည်းမရ။ မ··· အတွက် ကိုယ့်မှာ အစဉ်မောရတော့မည်···'

ကိုဘခက်၏ ညီညာလှသော လက်ရေး စာလုံးကလေးများသည် တဖြည်းဖြည်း မှုန်ဝါး၍သွားသည်။ တိတ်ဆိတ်လှသော အခန်းငယ်အတွင်း၌ မ,သည် သူ့ရင်ခုန်သံကိုပင် သူ ပြန်ကြားနေရသည်။

ထိုအတွင်းမှာပင် နောက်ဆီမှ ခြေသံကိုကြားရသဖြင့် မ,သည် အလန့်တကြားလှည့်၍ ကြည့်လိုက်မိသည်။ မ,လက်ထဲမှ စာအုပ်ကလေးသည် အောက်သို့ လွတ်ကျသွားလေသည်။

အပေါက်ဝ၌ကား ကိုဘခက်သည် မလှုပ်မယှက် ရပ်လျက်ရှိနေတော့သည်။ မ,သည် ကိုဘခက်ကို ကြာကြာမကြည့်ရဲတော့ချေ။

ခေါင်းကိုငုံ့ရင်း စာအုပ်ကို ပြန်ကောက်လိုက်သည်။ ဤတွင် ကိုဘခက်လက်နှင့် မ၏လက်များသည် စာအုပ်ပေါ်တွင် ထိတွေ့၍

http://www.cherrythitsar.org



သွားသည်။ ကိုဘခက်သည် မ၏လက်နှစ်ဖက်ကို အပေါ်မှမိုး၍ ဆုပ်ကိုင်ထားလိုက်သည်။

မ ့သည်ရှက်စိတ်ကြောက်စိတ်ဖြင့် တဆတ်ဆတ်တုန်၍နေတော့သည်။ ကိုဘခက်သည် မ ့လက်ထဲမှ စာအုပ်ကိုယူလိုက်ပြီးလျှင် မ ့၏လက်နှစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လိုက်ပြီး နေရာမှ အသာအယာထလိုက်သည်။ မ ့မှာ အလိုက်သင့်ပါ၍ လာသည်။ ရုတ်တရက် သူ့လက်ကို ရုန်းရန်လည်း သတိမရ။ ကြောက်စိတ်ဖြင့်သာ မှွန်ထူ၍နေတော့သည်။

ကိုဘခက်သည် မ ့၏လက်နှစ်ဖက်ကို အသာကိုင်၍ ကုလားထိုင်တွင် ထိုင်လိုက်စေသည်။ မ ့ကမူ ကိုဘခက်၏အမိန့်ကို မလွန်ဆန်နိုင်တော့သကဲ့သို့ ကိုဘခက်ခိုင်းသည့်အတိုင်းပင် ကုလားထိုင်တွင် ထိုင်လိုက်ရှာသည်။

'မ ့ဆရာ့စာအုပ်ကို သိမ်းပေးတာပါ ဆရာ၊ ဆရာ့စာအုပ်တွေကို မဖတ်ပါဘူး'

မ ့က အပြစ်ရှိသော ကလေးငယ်ကဲ့သို့ စိုးရိမ်တကြီး တောင်းပန်နေသည်ကိုပင် ကိုဘခက်မှာ ပို၍ သနားရမလို ရှိတော့သည်။

'မကို ကျွန်တော် ဘာမှလည်း မပြောရပါလား'

'မဟုတ်ဘူးလေ၊ ဆရာ အထင်လွဲမှာ စိုးလို့ ပြောရတာ၊ ဆရာ့အခန်း ရှုပ်ပွနေလို့ မ ့လာပြီး ရှင်းပေးတာပါ ဆရာ'

'ကျွန်တော် မ ့ကို ဘယ်တော့မှ အထင်မလွဲပါဘူး၊ ခုလိုလုပ်ပေးတဲ့အတွက် မ ့ကိုတောင် ကျေးဇူးတင်တယ်၊ အားလည်းနာမိတယ်'

မ ့သည် ဘာကိုပြန်ပြောရမှန်း မသိတော့ချေ။ ကိုဘခက်ကို ကြည့်လိုက်ပြန်တော့လည်း ကိုဘခက် မျက်နှာမှာ ထူးထူးခြားခြား ရွှင်လန်းနေသည်။

မ ့သည် ကိုဘခက်ကို တစ်ချက်မျှကြည့်လိုက်ပြီးလျှင် ခေါင်းကို ငုံ့ထားလိုက်သည်။ ကိုဘခက်ကမူအိတ်ထဲမှ နံကာဘူးကလေးကိုထုတ်၍ ဖွင့်လိုက်သည်။

'မ ့ကို ကျွန်တော် လက်ဆောင်တစ်ခု ပေးပါရစေ၊ ငြင်းပယ်မယ်ဆိုရင်တော့ ကျွန်တော် စိတ်ကောင်းမှာ မဟုတ်တော့ဘူး၊ ကျွန်တော့်စေတနာကို ယုံကြည်ပြီး လက်ခံစေချင်တယ်'

http://www.cherrythitsar.org



ကိုဘခက်သည် ပြောပြောဆိုဆို နံကာဘူးထဲမှ ပတ်ကားဖောင်တိန်ကလေးကိုထုတ်၍ မ,လက်သို့ ကမ်းလိုက်သည်။ မ,သည် ကိုဘခက်ပေးသော ရွှေဖောင်တိန်ကလေးကို ရုတ်တရက် မယူမိသေးဘဲ ကြောင်၍ကြည့်နေမိသည်။

ကိုဘခက်က မ,လက်တွင်းသို့ အတင်းထည့်ပေးလိုက်မှ အသာယူ၍ ထားလိုက်သည်။

'ကနေ့ ကျွန်တော့်ပညာနဲ့ ပထမဦးဆုံး ငွေရတဲ့နေ့ပဲ၊ ကုမ္ပဏီမှာ ကျွန်တော် သီချင်းနှစ်ပုဒ် သွင်းရတယ်၊ တီးခရော၊ ရေးခရော နှစ်ရာ ငါးဆယ်ရတယ်၊ အစကတည်းက ကျွန်တော် ငွေထုတ်ရင် မ,ကို လက်ဆောင် တစ်ခုခု ပေးမယ်လို့ ဆုံးဖြတ်ထားတယ်၊ ဒါပေမယ့် ဘာပေးရမှန်း စဉ်းစားလို့မရဘူး၊ အလှအပ ပစ္စည်းတွေလည်း ဝါသနာမပါဘူး၊ ကျွန်တော် ပေးချင်တာက စာအုပ်ရယ်၊ နာရီရယ်၊ ဖောင်တိန်ရယ်၊ တူရိယာပစ္စည်း တစ်ခုခုရယ်· · ·ဒါပဲဝယ်ချင်တယ်၊ စာအုပ်ဆိုပြန်တော့လည်း ဘာစာအုပ်မျိုးကို မ,ကြိုက်မှန်း မသိဘူး၊ တူရိယာပစ္စည်းဆိုတာလည်း မ,တို့ အိမ်မှာအပြည့်အစုံရှိပြီးသား၊ နာရီကျပြန်တော့လည်း အဖိုးတန်ဝယ်မှ ကောင်းမယ်၊ အဖိုးတန်ကြီးကလည်း ဝယ်ဖို့ငွေက မလုံလောက်ဘူး၊ ကျွန်တော့်အတွက် စာအုပ်ကလေး ဘာကလေးကလည်း ဝယ်ချင်သေးတယ်၊ မ, ကျေနပ်တယ် မဟုတ်လားဟင်'

မ,သည်ကြောင်နေရာမှ ကိုဘခက်၏အမေးကို ရုတ်တရက်ပြန်၍ ဖြေလိုက်ရသည်။

'ဟုတ်···ဟုတ်ကဲ့၊ မ,ကြိုက်ပါတယ်၊ ဒါပေမယ့် ဆရာရယ်··· အားနာစရာကြီး၊ ဘာလို့ ဝယ်လာရတာလဲ၊ ပိုင်းလော့လောက်ဆိုရင် တော်ရောပေါ့'

'ကျွန်တော့် ဝါဒက တစ်မျိုး၊ အသုံးဝင်တဲ့ပစ္စည်း ဆိုရင် အကောင်းစားမှကြိုက်တယ်၊ အဖိုးတန်မှ မက်မောတယ်၊ ကျွန်တော် ပြိုင်ပွဲမှာ ရိုက်ချိုးခဲ့တဲ့ တယောဆိုရင် ချက်ကိုစလိုဗေးကီးယားလုပ် အကောင်းစား တယောလေးပေါ့၊ သုံးနှစ်ငွေစုပြီး ဝယ်ထားတာ၊ ပြိုင်ပွဲကျတော့ စိတ်ကို မချုပ်တည်းနိုင်ခဲ့တာနဲ့ ရိုက်ခွဲပစ်ခဲ့တာ၊ ခုမှ နှမြောနေတယ်၊ အဖိုးတန်ပစ္စည်းဆိုတာ သူ့ကို မြတ်နိုးရ မက်မောရ

http://www.cherrythitsar.org



သလောက် ဆုံးရှုံးသွားရင် နှမြောဖို့ အလွန်ကောင်းတယ်၊ နောက်ဆုံး တော့ ကိုယ်နဲ့ မထိုက်တန်လို့ပဲ အောက်မေ့ရတာပဲ'

ကိုဘခက် သူ့အစီပွာယ်နှင့်သူ ပြောလိုက်သော်လည်း မ,ကမူ ရုတ်တရက်အားဖြင့် သတိမမူလိုက်မိပေ။

ကိုဘခက်ပေးသော ဖောင်တိန်ကလေးကိုကိုင်တွယ်၍ ကြည့်နေ မိသည်။

ကိုဘခက်က မ,၏ အရိပ်အကဲကို ချက်ချင်းပင် သိလိုက်ပုံရ သည်။

ထို့ကြောင့်လည်း စကားပြောင်းလိုက်သည်။

'မ,ကျွန်တော့်ကို အံ့ဩနေပုံရတယ်၊ စားပွဲပေါ်က ဒီစာအုပ် တွေကိုကြည့်ပြီး ကျွန်တော့်ကို အထင်ကြီးနေသလား၊ ဒီစာအုပ်တွေကို ကျွန်တော် မဖတ်တတ်ပါဘူး၊ ကျွန်တော့်သူငယ်ချင်း မိတ်ဆွေ တစ် ယောက်က ပေးလို့ယူခဲ့တာပါ၊ ကမ္ဘာ့ဂီတ ကျမ်းတွေနဲ့ ကမ္ဘာ့ဂီတ ဆရာကြီးတွေ အကြောင်းလို့ ပြောတာပဲ၊ အဲဒါ မ,ကို အဖတ်ခိုင်းပြီး ပြန်ပြောပြမယ်ဆိုရင်တော့ သိပ် ကျေးဇူးတင်မှာပဲ'

ကိုဘခက်ပြောသော စကားများမှာ ယုံရအခက် မယုံရအခက် ဖြစ်နေသည်။

ကိုဘခက် မည်သို့ပင် ဖုံးကွယ်စေကာမူ သူ့စာအုပ်အတွင်း၌ အရေးကြီးသော စာပိုဒ်များတွင် တားထားသော မင်နီကြောင်း များက ကိုဘခက်၏ အရည်အချင်းကို ဖော်ပြပြီးသား ဖြစ်နေ တော့သည်။

ထို့ကြောင့်လည်း မ,သည်ကိုဘခက်၏စကားကို နားထောင်ရင်း မသိမသာ ပြုံးလိုက်သည်။

'ဒါဖြင့်ဆရာ့စာအုပ်တွေက သူဖတ်ပြီးသားကို လက်ဆောင်ပေး တာလား၊ အသစ်ဝယ်ပေးတာလား'

မ,က မသိမသာလှည့်၍ မေးလိုက်သောအခါ ကိုဘခက်မှာဖုံးခဲ့ သမျှ ဘွင်းဘွင်းကြီး ပေါ်သွားတော့သည်။

'အသစ်စက်စက်တွေပေါ့၊ အမေရိကားက မှာပြီးပေးတာ'

http://www.cherrythitsar.org



မ,သည် အသံထွက်အောင် မရယ်မိရန် မနည်း ချုပ်တည်း၍ ထားလိုက်ရတော့သည်။ ကိုဘခက်သည် မ,ကိုကြည့်ရင်း မလုံမလဲဖြစ် နေတော့သည်။

သည်တော့မှလည်း မ,က ဣန္ဒြေပြန်၍ ဆည်လိုက်တော့သည်။

'ဆရာက သိပ်ပြီး လျှို့ဝှက်တာပဲ၊ ကြောင်လက်သည်းဝှက်ဆို တာ ဆရာလို ပုဂ္ဂိုလ်မျိုးပဲ နေမှာပေါ့နော်၊ မ,တို့ကတော့ လူချင်းဆက် ဆံတဲ့နေရာမှာ ဖုံးကွယ်ပြီး ဆက်ဆံတာကို မကြိုက်ဘူး၊ ပွင့်ပွင့်လင်းလင်း ဆက်ဆံမှုကြိုက်တယ်၊ ဖုံးကွယ်ပြီး ဆက်ဆံတာဟာ မရင်းနှီးတဲ့သဘော ကို ပြတာပဲ၊ ဆရာက မ,ကို ဖုံးကွယ်ပြီး ဆက်ဆံနေပေမယ့် ဆရာ့ အကြောင်းကို မ,သိပါတယ် ဆရာ'

ကိုဘခက်သည် အတတ်နိုင်ဆုံးကြိုးစား၍ဟန်ဆောင်နေရသော် လည်း မသိမသာ မျက်နှာပျက်နေသည်။

မ,ကမူ ကိုဘခက်၏အဖြစ်ကို ကြည့်ရင်း ကျေနပ်နေမိလေ သည်။

'နေပါဦး…ကျွန်တော် ဘာများဖုံးကွယ်လို့လဲ၊ မ,ကို ကျွန်တော် မဖုံးကွယ်ပါဘူး'

'အမယ်‥ ဆရာက ညာမနေပါနဲ့၊ ဆရာ့စာအုပ်တွေ ကြည့်ရင် သိတာပဲ၊ ဆရာပြောသလို ဆရာ့စာအုပ်တွေက အသစ်စက်စက်ကြီးတွေ ဆိုရင် ဘာလို့မင်နီတွေတားထားသလဲ၊ ဒါ ဆရာဖတ်ပြီးသားမှန်း မ, သိပါတယ်'

မ,က ပြောပြောဆိုဆို စာအုပ်တစ်အုပ်ကို ဆွဲ၍ လှန်ပြလိုက် သည်။

ကိုဘခက်သည် မ,လက်ထဲမှ စာအုပ်ကို ကြည့်ရင်း ငိုင်နေ သည်။

ဆက်၍လည်း မငြင်းနိုင်တော့ချေ။

ဤသည်ကိုပင် မ,က အနိုင်ရသည့်အလား ပို၍ ကျေနပ်နေပြန် တော့သည်။

ကိုဘခက်သည် အပြစ်ရှိသူတစ်ယောက်ကဲ့သို့ မျက်စိမျက်နှာမလှ ဖြစ်နေတော့သည်။

http://www.cherrythitsar.org



'ကျွန်တော် ဒီတစ်ခုတော့ဖြင့် မ,ကိုဖုံးကွယ်မိပါတယ်၊ ဖုံးကွယ်တယ်ဆိုတာလည်း ကျွန်တော့်မှာ အကြောင်းရှိတယ်၊ ဒီအကြောင်းကိုဖွင့်ပြောရရင် မ,အပေါ်မှာ ကျွန်တော် နောက်ထပ် အပြစ်တစ်ခု ကျူးလွန်သလို ဖြစ်တော့မှာမို့ ကျွန်တော့်စိတ်ကို ကျွန်တော် အများကြီး ချုပ်တည်းထားပါတယ်'

ခုတစ်ကြိမ်တွင် မ,သည် မလှုပ်နိုင်အောင် ရှိတော့သည်။ ကိုဘခက်၏ စကားသည် အဆုံးသတ်၍ သူ့ဆီသို့ပင် ဦးလှည့်တော့မည်ကို ကြိုတင်သိထားနှင့်သည်။

ကိုဘခက်သည် မ,ကို စိုက်ကြည့်ရင်းက သူ့စကားကို ဆက်၍ ပြောလိုက်သည်။

'ကျွန်တော့်မှာ ရည်ရွယ်ချက်တစ်ခုရှိတယ်၊ ကျွန်တော် ရွေးချယ်မယ့် မိန်းကလေးဟာ ကျွန်တော့်ကို အညတရ ဂီတသမား တစ်ယောက်အဖြစ်နဲ့ပဲ နားလည်စေချင်တယ်၊ ဒါထက်ပိုပြီး အထင်မကြီးစေချင်ဘူး၊ ကျွန်တော့်ရဲ့မေတ္တာကို လက်ခံရာမှာလည်း သာမန် အညတရ ဂီတဆရာတစ်ဦးအနေနဲ့ပဲ လက်ခံစေချင်တယ်၊ ဒါကြောင့် ကျွန်တော် မ,နဲ့ ဆက်ဆံရာမှာ ကျွန်တော့်ရဲ့ဂီတပညာကလွဲလို့ ကျန်တဲ့ ကိစ္စတွေကို ဖုံးကွယ်ထားတယ်၊ အမှန်တော့ ကျွန်တော်ဟာ မ,ရဲ့ မေတ္တာကို အသန့်ရှင်းဆုံးနည်းနဲ့ပဲ ခံယူချင်တယ်၊ ဂီတသမားတစ်ယောက် အဖြစ်ကလွဲလို့ တခြား ပကာသနတွေနဲ့ ရောယှက်ပြီး ကျွန်တော့်အပေါ် အထင်မကြီးစေချင်ဘူး၊ ဒါ ကျွန်တော့်စေတနာပဲ'

ကိုဘခက်က သူ၏ စိတ်ရင်းစေတနာကို အရိုးသားဆုံးနည်းဖြင့် ဖွင့်ဟပြောဆိုလိုက်ပြန်တော့လည်း မ,မှာ စောစောက အပြစ်တင်မိသည်ကိုပင် အားနာရမလို ဖြစ်တော့သည်။ ကိုဘခက်၏ဘဝကိုလည်း ပိုစိတ်ဝင်စားမိသည်။

လူတစ်ယောက်သည် သူ့ဘဝကို အဘယ်ကြောင့်ခုလိုဇာတ်မြှုပ်၍ ထားရသနည်း။

မိဘပတ်ဝန်းကျင် သံယောဇဉ်ကို ဖြတ်တောက်၍ ခုလို ဘာကြောင့် စွန့်ခွာလာရသနည်း စသည်တို့ကို မီးခိုးကြွက်လျှောက် လိုက်၍ တွေးမိတော့သည်။

မ,၏အဖြစ်ကို မသိသော ကိုဘခက်ကမူ သူပြောမိသော စကား အတွက် မ,ကိုပင် ဆက်၍ တောင်းပန်လိုက်မိပြန်သည်။

'ကျွန်တော် မ,ကို ဒုတိယအကြိမ် အနှောင့်အယှက်ပေးမိပြန်ပြီ၊ မ,ကို ကျွန်တော် ကတိတစ်ခု ပေးပါတယ်၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘယ်တော့မှ မပြောတော့ပါဘူး'

'မ,ကလည်း တောင်းပန်ပါတယ် ဆရာ၊ ဆရာ မကြိုက်တာကို နောက် မမေးတော့ပါဘူး၊ အမှန်တော့ ဆရာ့ရဲ့နောက်ကြောင်းတွေကို ဆရာဘယ်လောက်စိတ်နာနေတယ်ဆိုတာ မ,သိပါတယ်၊ ဒါကြောင့်လည်း ဆရာ့ကို ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာမှမမေးတာပေါ့၊ အမှန်တော့ ဆရာ လောကကြီးမှာ ကိုယ်စိတ်မချမ်းသာစေတဲ့ အရာမှန်သမျှ မတွေး တာပဲ ကောင်းတယ်'

'လောကကြီးမှာ လေးနက်ရှုပ်ထွေးတဲ့အရာဟူသမျှကို မေ့ပျောက် နိုင်သူဟာ စိတ်အချမ်းသာဆုံးလူပဲတဲ့၊ မ,ဒီစကားကလေးကို တော်တော် ကြိုက်မိတယ်၊ ဒါပေမယ့် တစ်ခုထူးဆန်းတာက များသောအားဖြင့် စိတ်ညစ်တာကိုမခံနိုင်တဲ့လူတွေဟာ ဒီ စိတ်ညစ်မယ့်အကြောင်းကိုပဲတွေး နေချင်ကြတဲ့သဘောဟာ တော်တော် ဆန်းတယ်'

ကိုဘခက်သည် မ,၏ စကားများကို နားထောင်ရင်း မ,တွေးပုံ များသည် မည်မျှနက်ရှိုင်းကြောင်းရိပ်မိလိုက်သည်။ ကိုဘခက်သည် မ, ကို ငေးစိုက်ကြည့်နေရာမှ သက်ပြင်းတစ်ချက်မျှ မှုတ်ထုတ်လိုက်ရင်း သူ့ဆုံးဖြတ်ချက်ကို အခိုင်အမာပြုလိုက်လေသည်။

'ကျွန်တော် စိတ်ခိုင်ပါတယ်၊ ဒီစကားကို ခုမယုံပေမယ့် တစ်နေ့ ကျတော့ မ,ယုံပါလိမ့်မယ်၊ ကျွန်တော့် အတွက်ကိုတော့ စိတ်ချစေချင် တယ်'

'ဆရာ့ကို မ,ယုံပါတယ် ဆရာ၊ ဆရာ့ရဲ့ အတွင်းစိတ်ဓာတ်ဟာ ဘယ်ထိအောင် မာကျောတယ်ဆိုတာ မ,ရိပ်မိပါတယ်၊ ဒါထက်ဆရာ၊ မ,တို့ ဂီတသင်ခန်းစာကို ဒီအပတ်ထဲမှာ ပြန်ဆက်ကြရအောင်'

မ,စကားလွှဲလိုက်သလိုပင် ကိုဘခက်က အလိုက်သင့်ပြောင်း၍ လိုက်လာသည်။

'မ,သင်မယ့်နေ့ကို ပြောပါ၊ ကျွန်တော်ကတော့ အသင့်ပဲ'

http://www.cherrythitsar.org



'ဟုတ်ကဲ့ ဆရာ၊ ကျောင်းပိတ်တုန်း ဖိပြီး သင်ထားချင်တယ်၊ ဆရာ သင်နိုင်မယ်ဆိုရင် ပတ်ပျိုးလောက်အထိရောက်အောင် သင်ပေးပါ ဆရာ'

မ,သည်ပြောပြောဆိုဆိုပင် ကိုဘခက်၏ အခန်းတွင်းမှတစ်လှမ်း ချင်း ထွက်သွားလေသည်။

ကိုဘခက်သည် မ,၏ပါးနပ်လိမ္မာမှုကို မချီးကျူးဘဲ မနေနိုင် အောင် ရှိတော့သည်။

အမှန်ဆိုတော့လည်း မ,သည် ကိုဘခက်၏ ကျိုးနွံလိမ္မာလှသော တပည့်မကလေးတစ်ယောက်ပင် မဟုတ်လော။

●

## (၁၀)

ကိုခင်မောင်ကြည်က အမေရိကားပြည် ချီးမွမ်းခန်းကိုမဆုံးနိုင် အောင် ပြောနေသောအခါ မ,မှာ နားငြီးလာသလို ရှိတော့သည်။

အဆောက်အဦးတွေက မည်မျှကြီးမားကြောင်း၊ သူတို့သင်ရ သော ကျောင်းတော်ကြီး၏ ခမ်းနားပုံ၊ က,ပွဲ ခန်းကြီးများမှာ ပျော်ရွှင် စရာကောင်းပုံ၊ မြန်မာထမင်းဟင်း စားချင်လှ၍ ဒုက္ခရောက်ပုံ စသည်တို့ ကို ထပ်တလဲလဲ ပြောပြနေသောအခါ မ,မှာ နားငြီး၍လာသည်။

မ,ရန်ကုန် မရောက်ခင်ကမူ ရန်ကုန်မြို့၏ ကြီးကျယ်စည်ကားပုံ ကို သူပြောလူပြောဖြင့် နားထောင်ရင်း အံ့ဩရသည်။ ရောက်လိုစိတ်များ တဖွားဖွား ပေါ်လာသည်။

နောက် မ,တို့ တစ်အိမ်လုံး ရန်ကုန်သို့ပြောင်းလာသော အခါ၌ လည်း နေထိုင်ရသည်မှာ ဘာမျှထူးခြားသည်ဟု မထင်မိ။ အဆောက် အဦများ ကြီးကျယ်ခမ်းနားသည် မှန်သော်လည်း ထို အဆောက်အဦး

များကိုပင် ဘေးမှမော်ကြည့်နေရသူအဖို့ကား ဘာမျှထူးခြားခြင်းရှိပေမည်မဟုတ်ပေ။

မ,သည် ဤသို့တွေးရင်း ကိုခင်မောင်ကြည်၏ အမေရိကားချီးမွမ်းခန်းကို စိတ်ဝင်စားခြင်းမရှိနိုင်တော့ပေ။

ကိုခင်မောင်ကြည်ကမူ သူတွေ့ကြုံခံစားခဲ့ရသမျှကိုအားပါးတရ ပြောနေတော့သည်။

ကိုခင်မောင်ကြည် ပြောသမျှကို မ,မှအပ ကျန်အားလုံးကပင် တအံ့တသြ ငေးမော နားထောင်နေကြသည်။

ကိုခင်မောင်ကြည်က ဘယ်က,ခန်းမကြီးက မည်မျှကြီးကျယ်သည်ဟု ဆိုလိုက်လျှင် မော်သည် ဆွေဆွေခုန်မတတ် အံ့သြကျေနပ်နေတော့သည်။

ဤအသိုက်ထဲတွင် ကိုခင်မောင်ကြည်သည် လူဖြစ်ကျိုးအနပ်ဆုံး လိုပင်ဖြစ်နေတော့သည်။

မွန်ကမူ ကိုခင်မောင်ကြည်ပြောသော စကားကိုနားထောင်ရင်း ဇစ်တာနှင့် သူတို့အစီအစဉ်ကိုသာ ဖြတ်၍… ဖြတ်၍ ပြောတတ်သည်။ မော်ကမူ တစ်ချက်တစ်ချက် သူ့စိတ်ထဲရှိသည့်အတိုင်း အော်၍ကြုံးဝါးလိုက်သည်။

'မော်လည်း ရောက်အောင်သွားမယ် မာမီ၊ မော့်ကို ပို့ပေးနော်၊ မော်လည်း မရောက်ရောက်အောင် သွားမယ်'

မ,က မည်မျှပင် သည်းခံ၍ နားထောင်နေသော်လည်း ကြာတော့ စိတ်ပျက်၍လာသည်။

ကနေ့ည ကိုခင်မောင်ကြည်က ထမင်းစားဖိတ်၍ ကျွေးသော်လည်း ထမင်းစားပွဲနှင့်မတူ၊ အမေရိကန်ပြည်ကြီးကို ချီးမွမ်းဂုဏ်ပြုသောပွဲနှင့် တူနေတော့သည်။

'ဒါဖြင့် သူတို့ဆီမှာလည်း ဆင်းရဲတဲ့လူတွေမရှိဘူးလား၊ အဆောက်အဦးကောင်းကြီးတွေရှိပေမယ့် မ,တို့ဆီက အခု ဖျက်ပစ်လိုက်တဲ့ တဲပျက်တွေထဲမှာ နေရသလိုနေရတဲ့သူတွေ မရှိဘူးလား၊ ကားကြီး ကားငယ် အသစ်အဆန်းတွေရှိပေမယ့် လမ်းဘေးမှာလျှောက်နေရတဲ့ ပလက်ဖောင်းသမား မရှိဘူးလား'

http://www.cherrythitsar.org



မ,၏အမေးကြောင့် ကိုခင်မောင်ကြည် အရှိန်ရပ်သွားသည်။ ဘာကိုဆက်၍ ပြောရမှန်း မသိတော့ချေ။

'အို… မ,ကလည်း ဘာတွေ လျှောက်တွေးနေတာလဲ'

မွန်က ကိုခင်မောင်ကြည်ကိုအားနာဟန်ဖြင့် မ,ကို ဟန့်လိုက်လေသည်။

'မဟုတ်ပါဘူး၊ ကိုကိုကြည် ပြောသလိုဆိုရင် အမေရိကားပြည်ကြီးဟာ တကယ့်နိဗ္ဗာန်ဖြစ်နေလို့ပါ၊ နိဗ္ဗာန်တိုင်းပြည် မရောက်သေးသမျှ ဘယ်တိုင်းပြည်ပဲဖြစ်ဖြစ် တစ်ဖက်ကကောင်းတာတွေရှိသလောက် တစ်ဖက်က ဆိုးတာတွေ ရှိနေရမှာပဲ'

ကိုခင်မောင်ကြည်သည် ကြောင်၍နေရာမှ ချော်လဲရောထိုင်သည့်အနေဖြင့် ပြုံးလိုက်သည်။

အမှန်တော့လည်း သူပြောသော စကားများကို အားလုံးကပင် တအံ့တသြ စိတ်ဝင်စားကြသည်ဟု ကိုခင်မောင်ကြည်က ထင်မိသည်။ ထင်လည်း ထင်လောက်သည်။

ကိုခင်မောင်ကြည် ပြောသော စကားမှာ အားလုံးအတွက် အသစ်အဆန်းဖြစ်သည်။ ထို့ကြောင့်လည်း ကိုခင်မောင်ကြည်သည် သူ၏ အမေရိကားချီးမွမ်းခန်းကိုသာ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ဖောက်သည်ချလိုက်မိသည်။

ထိုအထဲမှ ကိုခင်မောင်ကြည်သည် သူ၏စကားများကို မ,တစ်ယောက်အား အထူးစိတ်ဝင်စားစေလိုသည်။

သို့သော် အားလုံးစိတ်ဝင်စားသလောက် မ,တစ်ယောက်ကခုလို ဖောက်၍ မေးလိုက်သောအခါ ကိုခင်မောင်ကြည်မှာ ဘာကိုပင် ဆက်၍ ပြောရမှန်းမသိအောင် ကြောင်၍သွားတော့သည်။

ကိုခင်မောင်ကြည်သည် မကို မျက်နှာချိုသွေး၍ စကားလွှဲလိုက်သည်။

'မ,က နိုင်ငံရေးဝိဇ္ဇာ ယူသလား၊ ဘောဂဗေဒ ယူသလား၊ ဒါကြောင့် အမေရိကားလို ခေတ်ရှေ့ပြေးနေတဲ့ တိုင်းပြည်ကြီးကိုတောင် ဘောဂဗေဒနည်းနဲ့ တွက်ကြည့်နေတာလား၊ ဟုတ်လား'

http://www.cherrythitsar.org



'မ,ဒါတွေနဲ့ မဆိုင်ပါဘူး ကိုကိုကြည်၊ စာရေးဆရာ တစ်ယောက်ရေးတဲ့ အမေရိကားရောက် ဆောင်းပါးတွေကို ဖတ်လို့သိတာပါ၊ သူရေးတဲ့အတိုင်းဆိုရင် အမေရိကားပြည်မှာ ဝမ်းစာမပြည့်လို့ အလုပ်ရှာရတဲ့ လူတွေ ဒုနဲ့ဒေး၊ သမ္မာအာဇီဝနည်းနဲ့ အသက်မမွေးနိုင်လို့ မတော်နည်းနဲ့ အသက်မွေးရတဲ့လူတွေလည်း ဒုနဲ့ဒေးပဲတဲ့၊ ပြီးတော့ တကယ်တမ်းကျတော့ မြန်မာပြည်လို ငွေရှာရတာလည်း မလွယ်ကူဘူး၊ အစားအစာလည်းမပေါဘူးတဲ့၊ အပေါ်ယံ အဆောင်အယောင်တွေပဲ ရှိတယ်၊ အတွင်းအနှစ်အရသာက ဟောင်းလောင်းပဲတဲ့၊ ဒါဟာ ဟုတ်ချင်ဟုတ်မှာပဲလို့ မ,တော့ ထင်တယ်လေ၊ ဒါပေမယ့် ကိုကိုကြည်တို့ကရောက်ဖူးတဲ့လူဆိုတော့ ပိုပြီးသိမှာပေါ့'

မ,က သူပြောလိုရာ ပြောပြီးမှ နောက်ဆုံးတွင် စကားကိုပြန်၍ အဆုံးသတ်လိုက်သည်။

မော်သည် မ,စကားကို နားထောင်ရင်း နှာခေါင်းကိုရှုံ့လိုက်သည်။

မွန်ကမူ မ,၏တွေးခေါ်ယူဆပုံကို ကျေနပ်သလို ရှိလာသည်။

'စာရေးဆရာဆိုတဲ့ ငနဲတွေက စိတ်ကူးယဉ်ပြီး အလိုမပြည့်တဲ့ လူတွေပါကွာ၊ အမေရိကားပြည်ကို ရောက်ပြီး သူတို့နေချင်သလိုမနေရတာနဲ့ ထင်ရာလျှောက်ရေးနေတာပါ၊ ဒီစာရေးဆရာဆိုတဲ့ လူတွေက လူနေတော့ ချုံကြား၊ စိတ်ကတော့ ဘုံဖျားဆိုတာလိုပဲ၊ သူတို့ရေးတဲ့ ဝတ္ထုထဲကလို တစ်ခါတည်း တိုက်ကြီး ကားကြီးနဲ့ စိတ်ကူးယဉ်နေတာ၊ ဒီစိတ်ကူးယဉ်တဲ့အတိုင်း မဖြစ်တော့ မကျေနပ်တိုင်း လျှောက်ပြီးရေးတော့တာပဲ'

'ဒါပေမယ့် စာရေးဆရာတို့၊ အနုပညာရှင်တို့ဆိုတာ ဦးနှောက်ကို အများဆုံး အသုံးချတတ်တဲ့လူတွေပဲ၊ သူတို့ဟာ အရာဝတ္ထုတစ်ခုကို မြင်တဲ့နေရာမှာ သူများနဲ့မတူဘူး၊ ဥပမာ ဒူးရင်းသီးကို မြင်တဲ့နေရာမှာ အပြင်ကဆူးကို မမြင်ဘဲ အတွင်းက အနှစ်အရသာကိုမြင်သလိုပေါ့၊ နှင်းဆီပန်းကို မြင်တဲ့နေရာမှာ နုနယ်လှပတဲ့ အပွင့်ကိုမမြင်ဘဲ အပင်မှာရှိတဲ့ ဆူးကိုမြင်သလိုပေါ့၊ တွေးခေါ်ပြီး မြင်တဲ့အမြင်မျိုး သူ

http://www.cherrythitsar.org



တို့မှာရှိပါတယ်၊ ကိုကိုကြည် မြင်ပုံက အကောင်းချည်းမြင်နေလို့ ပြောတာပါ'

မွန်က မ,စကားကို ထောက်ခံရင်း ပြောလိုက်သည်။ ဒေါ်ခင်မျိုးသန့်ကမူ မ,ကို မျက်စောင်းထိုး၍ ကြည့်သည်။

'ဒါကတော့ ဘယ်တိုင်းပြည်မဆို ရှိတာပေါ့ မ,ရာ၊ အလွန်တိုးတက်ပါတယ်လို့ ပြောနေတဲ့ ခု ရုရှားတိုင်းပြည်မှာတောင် သူတို့ထင်သလောက် ခရီးမရောက်သေးဘူး မဟုတ်လား၊ ကိုခင်မောင်ကြည်က သူတို့နိုင်ငံမှာ တိုးတက်နေတဲ့ဘက်က ပြောတာ . . . ဒါလည်း မှန်တာပဲ၊ မ,တွေးတဲ့ဘက်ကလည်း မှန်တာပဲ'

မွန်က ကြားမှနေ၍ ဖျန်ဖြေလိုက်သော်လည်း ဒေါ်ခင်မျိုးသန့်ကမူ မ,ကို မျက်စောင်းခဲရင်း ဝင်၍ ပြောလိုက်ပြန်သည်။

'သူက အဖေတူကွဲ၊ သူများကအဖြူဆိုရင် သူကမည်းရမှ ကျေနပ်တဲ့သူ'

'ကဲပါလေ.. ဗစ်တာတို့ ပျင်းနေရော့မယ်၊ ဟေး.. မောင်မြရေ၊ လုပ်ပါကွာ၊ ရေခဲယူခဲ့..၊ ဆော်ဒါဖောက်ခဲ့'

ကိုခင်မောင်ကြည်က အိမ်သည်ပီပီ ငြီးငွေ့စေသည့် ပြဿနာကို ဖျောက်၍ ဝိုင်းကို စိုပြည်အောင် အစီအစဉ်ပြောင်းလိုက်သည်။

သည်တော့မှလည်း ဗစ်တာသည် စကားဝိုင်းသို့ ဝင်လာလေသည်။

'ကဲ.. အမေရိကားပြည်ကြီးအတွက်'

ဗစ်တာက အရက်ခွက်ကို မြှောက်၍ ခွက်လှည့်အသံတိုင်လိုက်သည်။

ကိုခင်မောင်ကြည်သည် မ,ရှေ့မှ အသင့်ငှဲ့ထားသော ဝိုင်ခွက်ကို ကြည့်ရင်း မေးလိုက်သည်။

'မိရွှေမရော ဘာလို့မသောက်တာလဲ၊ အမယ်... ဒါပြင်သစ်ဝိုင် အကောင်းစားပါ ဆရာ၊ အန်တီ ဘယ့်နှယ်နေလဲ'

'ရှယ်ရီထက်တော့ သာတာပေါ့၊ ဒါပေမယ့် ရှမ်ပိန်လောက်တော့ အရသာမတွေ့ဘူး'

'ကဲ..လုပ်ပါ မိရွှေမရာ၊ မမူးပါဘူး ..ဆေးအမှတ်ပေါ့'

http://www.cherrythitsar.org



မ,သည် ခေါင်းကိုအသာခါလိုက်ရင်း နေရာမှ ထလိုက်သည်။

'မ,မသောက်သေးဘဲနဲ့ကို မူးနေလို့ပါ ကိုကိုကြည်၊ လိမ္မော်ရည်ပဲ သောက်မယ်'

သည်တော့မှပင် ကိုခင်မောင်ကြည်သည် မ,ကို အလျှော့ပေးလိုက်ရသည်။

မောင်မြကိုခေါ်၍ မ,အတွက် ရေခဲစိမ် လိမ္မော်ရည်ကို ငှဲ့ပေးလိုက်သည်။

မ,သည် လိမ္မော်ရည်ခွက်ကိုကိုင်ရင်း အိမ်ရှေ့ပြတင်းသို့သွား၍ ရပ်လိုက်သည်။

ပန်းခြံအတွင်းမှ လေညင်းကလေးသည် ပြတင်းပေါက်တွင်းသို့ တဖြည်းဖြည်း တိုက်ခတ်၍ဝင်လာသည်။

မ,သည် ပန်းရနံ့ကလေးကို ရှူရှိုက်လိုက်ရင်း ကြည်လင်ပေါ့ပါးလာသလို ရှိသည်။

ထိုအတွင်းမှာပင် အိမ်ရှေ့ဆင်ဝင်အောက်သို့ ကားတစ်စီး ထိုးဆိုက်လာသည်။

မ,သည် ကားဆီသို့ လှည့်၍ကြည့်လိုက်မိသည်။

ကားပေါ်မှ ဘလှသန်းထွန်းသည် အပြေးအလွှားဆင်း၍ လာသည်။

'ဟေး·· မော်၊ယူ ဘယ်လိုလုပ်တာလဲ၊ ကိုယ်တို့ ရှာလိုက်ရတာ၊ ဟိုမှာ အားလုံးလူစုံနေပြီ'

ဘလှသန်းထွန်းသည် ဧည့်ခန်းအတွင်းသို့ ဝင်လာရင်း မော့်ကို ရန်တွေ့လိုက်သည်။

ပြီးမှ အားလုံးကို နှုတ်ဆက်လိုက်သည်။

မော်သည် ဘလှသန်းထွန်းအား နှုတ်ခမ်းကလေးစူကာ ပြန်၍ ရန်တွေ့လိုက်သည်။

'အမယ်··· မော်က ရှစ်နာရီလာမယ်လို့ ပြောထားတာပဲ၊ ယူတို့ဟာ ယူတို့ လိုက်ရှာနေတာတော့ မတတ်နိုင်ဘူး'

'ဒါပေမယ့် အိမ်မှာမရှိတော့ စိတ်ပူတာပေါ့ကွာ၊ ဒီနေ့ အပြိုင်က,ရမှာပေါ့၊ ဂရေစီက သိပ်ကြွားတာပဲ၊ ကနေ့ သူ စန္ဒရား မတီးဘူးတဲ့၊

http://www.cherrythitsar.org



ဟယ်ရီတို့နဲ့ က,မယ်တဲ့၊ ပြီးတော့ ဝိုင်းကလည်းကောင်းတယ်၊ တော်မီတို့ ဝိုင်းလေ၊ ကဲ··အချိန်မရှိဘူး'

မော်သည် စားပွဲအလယ်မှ ကြက်ပေါင်ကို ချိုးပြီး ဝါးလိုက်သည်။

ပြီးမှ ဒေါ်ခင်မျိုးသန့်ကို ခွင့်တောင်းလိုက်သည်။

'မာမီ·· မော် လိုက်သွားမယ်နော်၊ မော် အစောကြီး ပြန်လာခဲ့မယ်၊ ဒီညကို နိုင်အောင် က,ရမယ်နော်·· မာမီ'

မော်သည် ဒေါ်ခင်မျိုးသန့်၏ လည်တိုင်ကို လက်တစ်ဖက်ဖြင့် သပ်လိုက်ရင်း ပါးချင်းကပ်၍ ခွင့်တောင်းလိုက်သည်။ ခွင့်တောင်းသည် ဆိုသော်လည်း ဒေါ်ခင်မျိုးသန့် ခွင့်မပေးခင်ပင် ကိုခင်မောင်ကြည်နှင့် ဗစ်တာကို နှုတ်ဆက်လိုက်သည်။

'ကဲ·· ကိုကိုကြည်၊ မော် တစ်ချီတစ်ပွဲလောက် သွားပြီးနွှဲလိုက်ဦးမယ်၊ နောက်မှ လာခဲ့မယ်နော်၊ ဗစ်တာ သွားမယ်နော်··· တာ့တာ'

မော်သည် ပြောပြောဆိုဆို ကားဆီသို့ ဆင်းပြေးတော့သည်။ ဘလှသန်းထွန်းသည် ဒေါ်ခင်မျိုးသန့်ကို နှုတ်ဆက်ရင်း ဝတ္တရားကျေ ခွင့်တောင်းလိုက်သည်။

'ကဲ·· အားလုံးပဲ ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ၊ အန်တီ·· ကျွန်တော်တို့ စောစောပြန်မှာပါ၊ ကနေ့က ဂရေစီ မွေးနေ့မို့ပါ၊ သူတို့ သူငယ်ချင်းချင်းဆိုတော့ မသွားလည်း မကောင်းဘူး၊ ပြီးတော့ မော်က အဆိုအက သိပ်ကောင်းတယ်၊ သူ မပါရင် ဝိုင်းမစည်ဘူး'

'အေး ··အေး ·· စောစောတော့ ပြန်ကြပေ့၊ ညဥ့်နက်ရင် မကောင်းဘူး၊ သူ့ဒက်ဒီက က,ပွဲတွေသွားတာ ကြိုက်တာ မဟုတ်ဘူး'

ဒေါ်ခင်မျိုးသန့်က ခွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဘလှသန်းထွန်းသည် မျောက်ကဲ့သို့ ခုန်လွှား၍ ထွက်သွားတော့သည်။

ကိုခင်မောင်ကြည်ကမူ ဘလှသန်းထွန်းကို မသိမသာ ကြည့်နေရင်း သင်္ကာမကင်း မေးလိုက်သည်။

'နေစမ်းပါဦး ··· ဒီကောင်လေးက ဘယ်သူလဲ၊ ကျွန်တော်သိပါတယ်'

'ဒေါက်တာ စောသန်းထွန်းရဲ့ သားအကြီးလေ'

http://www.cherrythitsar.org



မွန်ကထောက်ခံလိုက်မှ ကိုခင်မောင်ကြည်သည် သတိရဟန်ဖြင့် ခေါင်းကို ညိတ်လိုက်မိသည်။

'သြော်··သိပြီ···သိပြီ၊ ရော်နီကိုး၊ ဟိုတုန်းက ချာတိတ်ကလေး ပဲ။ အမယ်·· ဒီကောင်တွေကတောင် မစ္စတာ ရော့အင်ရိုးတွေ ဖြစ်နေ တာကိုး'

ကိုခင်မောင်ကြည်က ဘလှသန်းထွန်းအကြောင်းကို ပြောပြနေ ကြသော်လည်း မ,ကမူ သူတို့ပြောသောစကားကို ဂရုမထားနိုင်ပေ။ ကား မထွက်ခင် ပြောသွားသော ဘလှသန်းထွန်း၏စကားကို ခပ်သဲ့သဲ့ကြား လိုက်ရင်း ရင်ခုန်မိသည်။

'ကိုယ် အဘွားကြီးကိုဖြီးခဲ့တာပါကွာ၊ က,ပွဲကပြီးရင် အင်းလျား ကို သွားမယ်နော်'

ဘလှသန်းထွန်း၏စကားသည် ကားစက်သံထဲတွင် ပျောက်၍ သွားလေသည်။

မ,သည် မော်အတွက် ရင်လေးမိသည်။

ဤအချိုးအတိုင်းသာသွားလျှင် မော်၏ရှေ့ရေးကား မည်မျှ ရင်လေးစရာကောင်းသည်ကို မ,က တွေးရင်း စိတ်ပူမိလေသည်။

●

## (၁၁)

ကိုခင်မောင်ကြည်၏အကြည့်သည် မ,ကို ရင်ခုန်စေသည်။ ကြောက်စရာလည်း ကောင်းလှသည်။

အမှန်တော့ ကျယ်ဝန်းလှသော ဧည့်ခန်းထဲတွင်ကိုခင်မောင် ကြည်နှင့် မ,နှစ်ယောက်တည်းသာ ရှိကြသည်။

သို့နှစ်ယောက်တည်းရှိအောင်လည်း တမင်တကာ ဖန်တီးထား သလို ရှိတော့သည်။

http://www.cherrythitsar.org



အဦးဆုံးဒေါ်ခင်မျိုးသန့်က ထုံးစံအတိုင်းပင် ပိုကာဝိုင်းသို့သွားသည်။

မော်က အိမ်ကကားကို အပိုင်စီးရန် ဒေါ်ခင်မျိုးသန့်နှင့်ကပ်၍ လိုက်သွားသည်။

သည်နောက်တော့ ဦးကျော်ဒင်သည် အပေါ်ထပ်သို့တက်သွားသည်။

မ,တို့လို ခေတ်မီသောအိမ်ထောင်တစ်ခုအနေနှင့် သမီးပျို တစ်ယောက်၊ ယောကျ်ားပျိုတစ်ယောက်နှင့် ထားခဲ့ခြင်းမှာ အဆန်းမဟုတ်ချေ။

မ,အဖို့လည်း ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ ယောကျ်ားမိတ်ဆွေတစ်ယောက်နှင့်အတူနေခြင်းသည် ဘာမျှ ဆန်းသောအလုပ်မဟုတ်ချေ။

ကိုယ့်ကိုကိုယ်လည်း ယုံကြည်ပြီး ဖြစ်သည်။ ထို့ကြောင့်လည်း စကားဝိုင်းအတွင်းမှ စကားတပြောပြောနှင့် နှစ်ယောက်တည်း ကျန်ရစ်ခြင်းဖြစ်သည်။

အစ၌ ဘာမျှထူးခြားတုန်လှုပ်ခြင်း မရှိသော်လည်း ကိုခင်မောင်ကြည်က စောစောမှ ပြောလက်စ စကားကိုဖြတ်၍ စီးကရက်ကိုတွင်တွင်ဖွာနေသောအခါ မ,မှာအလိုလိုအနေခက်လှသည်။ ပြီးတော့လည်း ကိုခင်မောင်ကြည်အကြည့်မှာ မ,၏ ကျောထဲတွင် စိမ့်သွားအောင်ကြောက်မိသည်။

ကိုခင်မောင်ကြည်သည် မ,ကို မျက်တောင်မခတ်စိုက်၍ကြည့်နေပြန်သည်။

မ,သည် မျက်လွှာကို အသာချလိုက်သည်။

စကားတစ်ခုခုကို စ,၍ အာရုံပြောင်းရန် ကြိုးစားသော်လည်း စကားစက ရှာ၍မရချေ။

'ရွှေမ,တို့ညီအစ်မသုံးယောက်ထဲမှာ မ,က တစ်ဘာသာပဲ၊ သိပ်ရိုးပြီး အေးတာပဲ'

ကိုခင်မောင်ကြည်ကစကားစလိုက်ပြန်တော့လည်း ထိုစကားမှာ ရှေ့ဆက်လျှင် ပို၍ဆိုးမည်ဖြစ်ကြောင်းကို မ,ကရိပ်မိလိုက်သည်။ ထို့ကြောင့်လည်း အသာငြိမ်နေလိုက်သည်။

'အေးလေ·· ကိုကိုကြည်တွေးတာ မှားချင်မှားမှာပေါ့၊ ရွှေမ,က ကိုကိုကြည်တို့ကို ခပ်စိမ်းစိမ်းဆက်ဆံသလားမှ မသိဘဲ၊ ကိုယ်ကတော့ ငယ်သူငယ်ချင်းတွေမို့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံတတ်တယ်'

မ,သည် ဘာမျှပြန်မပြောဘဲငြိမ်၍သာနေသည်။ သည်စကားထဲတွင် တစ်ခွန်းဝင်လိုက်လျှင် တစ်ခွန်းကျွံတော့မည်ကိုလည်း မ,ကရိပ်မိသည်။

ကိုခင်မောင်ကြည်ကမူ သူလိုချင်သောစကားကို မရသေးသဖြင့် ကျေနပ်ပုံမရချေ။

'အမေရိကားသူတွေဟာ ဆက်ဆံရာမှာ မြန်မာမိန်းကလေးတွေထက် ပွင့်လင်းတယ်၊ ရိုးသားတယ်'

'ပွင့်လင်းတယ်ဆိုတောတော့ မ,မယုံဘူး၊ အကျင့်သိက္ခာပျက်ပြားတဲ့နေရာမှာ အမေရိကားပြည်ဟာ ထိပ်ဆုံးကနေမှာပဲ'

ကိုခင်မောင်ကြည်သည် မ,၏ စကားကိုနားထောင်ရင်း မရယ်ချင့် ရယ်ချင်ရယ်လိုက်ပြန်သည်။ မ,ကမူ စိတ်ထဲတွင် ထင်သည့်အတိုင်း ပြောချလိုက်သည်။ ကိုခင်မောင်ကြည်သည် လူကြီးရှက်၍ ရယ်ရသော ရယ်ခြင်းမျိုးဖြင့်သာ ရယ်လိုက်ရသော်လည်း မ,၏စကားကို ကျေနပ်ဟန်မရှိချေ။

'မ,က အမေရိကန်ကိုဘာလို့မုန်းတာလဲ၊ မ,တစ်ခေါက်လောက်သွားစေချင်တယ်၊ မ,ထင်တာတွေ တစ်ခုမှ မဟုတ်ဘူးဆိုတာ တွေ့ရမယ်'

'မ,ဘယ်မှ မသွားချင်ပါဘူး၊ နိုင်ငံခြားသွားပြီး ကိုယ့်တိုင်းပြည်ကို အထင်သေးတဲ့ လူတွေလိုတော့ မဖြစ်ချင်ဘူး၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကိုပဲ ချစ်ချင်တယ်'

'ကိုယ်ကလည်းကွာ ကိုယ့်တိုင်းပြည်ကို အထင်သေးလို့မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ်တို့ဟာ နွားခြေရာခွက်ထဲမှာနေပြီး သမုဒ္ဒရာလို့ထင်

http://www.cherrythitsar.org



မနေသင့်ဘူး၊ သူများတိုင်းပြည်တွေ ဘယ်လောက်တိုးတက်နေတယ်ဆို တာ သတိထားရမယ်၊ ဒါမှ ကိုယ့်တိုင်းပြည်ကို ဘယ်လိုတိုးတက်အောင် လုပ်မယ်ဆိုတာ ကြံစည် စိတ်ကူးနိုင်တယ်'

မ,သည် ကိုခင်မောင်ကြည်ကို ထပ်၍ အကြောက်အကန်မပြော တော့ချေ။

အမှန်တော့ ခုလို ပြဿနာတစ်ခုအဖြစ် အငြင်းပွားစရာပေါ်လာ ခြင်းကပင် မ,အတွက် သက်သာရာရသေးသည်ဟု ထင်မိသည်။ ကိုခင် မောင်ကြည်ကမူ ကျေနပ်ဟန်မရှိသေးချေ။ မ,ကိုသာ တစ်စုံတစ်ခုပြော လိုဟန်ဖြင့် ကြည့်နေပြန်သည်။

'မ,နဲ့ ကိုယ်နဲ့ ဒီပြဿနာကို နောက်မပြောတော့ပါဘူးကွာ၊ကိုယ် ကလည်း ကိုယ်တွေ့ခဲ့တဲ့အတိုင်း စေတနာနဲ့ပြောတာ၊ မ,ကလည်း ဒါကို မကြိုက်၊ ဒီတော့ ကိုယ်တို့ အခြားအကြောင်း ပြောရအောင်၊ မ,ဘီအေ အောင်ရင် ဘာလုပ်မယ် စိတ်ကူးသလဲ'

'မ,ကျောင်းဆရာမလုပ်မယ် စိတ်ကူးတယ်'

'ကိုယ် တစ်ခုအကြံပေးချင်တယ်၊တစ်ခုခုကို စပယ်ရှယ်လိုက်စ် လုပ်ပါလား၊ ဒါမှမဟုတ်ရင်အမ် အေတက်ပြီး ကောလိပ်မှာ ကျူတာလုပ် ပေါ့၊ အပြင်ကျောင်းဆရာမလုပ်တာကတော့ မစားသာပါဘူးကွာ'

'မ,ကတော့ သိပ်ကြီးကြီးကျယ်ကျယ်တွေ မမှန်းပါဘူး၊ စိတ် အေးအေးနဲ့ ကိုယ်ဝါသနာပါတဲ့ အလုပ်ကိုလုပ်နေရရင် တော်ပြီ'

ကိုခင်မောင်ကြည်သည် မ,ကို အကဲခတ်သလို တစ်ချက်မျှစိုက် ကြည့်လိုက်ရင်း စိတ်ပျက်ဟန်ဖြင့် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ အတန်ကြာမှ လေသံခပ်ပျော့ပျော့ဖြင့် ချော့လိုက်ပြန်သည်။

'ကိုယ် ဒါကြောင့်ပြောတာ၊ ရွှေမ,ဟာ ဘယ်သူနဲ့မှမတူဘူး၊ စိတ် အားငယ်လွန်းတယ်၊ ကိုယ်က ကိုယ့်ရွှေမ,ကို ကြီးကြီးကျယ်ကျယ် ထွန်း ထွန်းပေါက်ပေါက် ဖြစ်စေချင်တယ် သိလား၊ ဒါဟာ ကိုယ့်စေတနာ အရင်းပဲ၊ ရွှေမ,စိတ်မဆိုးရင် ကိုယ်တစ်ခုပြောချင်တယ်'

ကိုခင်မောင်ကြည်က ပြောရင်းစကားကို ဖြတ်ထားလိုက်သည်။ မ,သည် အသက်ရှုကျပ်လာသည်။

http://www.cherrythitsar.org



နောက်ဆုံးတော့ သည်ဘူတာပင် ဆိုက်ရမည်ကိုလည်း မ,ကသိထားသည်။

ထို့ကြောင့် စကားလွှဲလိုက်သည်။ ခုတော့လည်း သည်စကားပဲ ပြန်ဆိုက်လာသည်။

'မ,ကို ကိုယ်က မွန်လို အင်ဘီရှပ်စ် ဖြစ်ချင်နေတယ်၊ ဆိုလိုတာက မာနထားစေချင်တယ်၊ လောကမှာ ထိပ်ကနေစေချင်တယ်၊ မထင်မရှားမနေစေချင်ဘူး၊ ဒါဟာဘာဖြစ်လို့လဲသိလား၊ ကိုယ် ရွှေမ,ကို ကိုယ့်ရဲ့ ခရီးဖော်အဖြစ် ရွေးချင်လို့ပဲ၊ ဒီလိုပြောလို့ ရွှေမ,ကိုယ့်ကို စိတ်ဆိုးချင်ဆိုးလိမ့်မယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ကိုယ့်အနေနဲ့ ဒီကိစ္စဟာဆုံးဖြတ်ပြီးသား ဖြစ်နေတော့ တစ်နေ့မပြော တစ်နေ့ပြောရမှာပဲ၊ ရွှေမ,က မငြင်းဘူးဆိုရင် လူကြီးချင်း စေ့စပ်ဖို့ပဲ'

မ,သည် ခေါင်းကိုငုံ့၍သာ နားထောင်နေလိုက်သည်။ အစတည်းကပင် သည်စကားပြောရန် ခင်းနေသည်ကိုလည်း ရိပ်မိထားပြီး ဖြစ်လေသည်။

ကိုယ်က တွေးထင်ထားသည့်အတိုင်း ပြောလိုက်ခြင်းဖြစ်၍လည်း မ,အဖို့ဘာမျှ မဆန်းလှပေ။ သို့သော် သည်လိုစကားမျိုးကို မချုပ်တည်းနိုင်သူတို့က ဖွင့်ပြောလျှင်မ,အတွက် ခေါင်းငုံ့နားထောင်နေရုံသာရှိသည်။

ပြောလည်းမပြောချင်။ သို့သော် ခက်သည်မှာ မပြောလျှင်လည်း ကိုခင်မောင်ကြည်သည် မထံမှအဖြေကို တောင်းတော့မည်မှာ သေချာလှသည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး မ,ဘာမှ မစဉ်းစားချင်ဘူး၊ ပြောလည်း မပြောချင်ဘူး'

'ဘာလဲ၊ မ,မှာ ရှိနေပြီလား‥ ဒီလိုဆိုလည်း ကိုယ့်ကိုရှင်းရှင်း ပြောနိုင်ပါတယ်ကွာ'

'မ,ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာကိုမှ မစဉ်းစားသေးပါဘူးဆိုရင် ကိုကိုကြည် သိလောက်ပါတယ်၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘယ်သူပဲလာပြီးပြောပြော ခုထိတော့ မ,ဒီအဖြေပဲ ပေးမှာပဲ'

http://www.cherrythitsar.org



ကိုခင်မောင်ကြည်သည် စီးကရက်တစ်လိပ်ကိုယူ၍ မီးညှိလိုက်ပြီးလျှင် အကြံထုတ်နေဟန်ရှိသည်။

'ကိုယ် တစ်ခုတော့ မေးချင်တယ်၊ တကယ်လို့ ဘဝအဖော်တစ်ယောက်အနေနဲ့ရွေးချယ်ရမယ့် အချိန်ရောက်ပြီဆိုရင် ကိုယ့်ကိုမ,ဘယ်လို သဘောထားမလဲ'

'အတူတူပါပဲ ကိုကိုကြည်၊ မ,ဘယ်သူ့ကိုမှလည်း ရွေးယူဖို့ စိတ်မကူးသေးဘူး၊ စဉ်းလည်း မစဉ်းစားသေးဘူး၊ ပြီးတော့လည်း အရိုးခံအတိုင်းပြောရရင် မနဲ့ ကိုကိုကြည်ဟာ မိဘမျိုးရိုး၊ ဂုဏ်သရေ၊ အဆင့်အတန်းတူတယ်လို့ ထင်ရပေမယ့် လူချင်းက ကွာခြားပါတယ်၊ စိတ်နေ စိတ်ထား ရည်မှန်းချက်ကလည်း ကွာလွန်းပါတယ်၊ မရဲ့ရည်မှန်းချက်က ကိုကိုကြည်တို့နဲ့စာရင် နိမ့်လွန်းပါတယ်၊ ကိုကိုကြည် ဗစ်တာနဲ့မွန်တို့ဟာ ဘုံဖျားကိုမှ ရပ်လိုတဲ့သူတွေပါ၊ မ,နဲ့ အဟပ်ချင်း ကွာလှပါတယ်၊ ဒီတော့ တကယ်လို့ ဒီကိစ္စကို စဉ်းစားသည့်တိုင်အောင် ကိုကိုကြည်နဲ့ မ,နဲ့ဟာ ဆုံဆည်းနိုင်ဖို့ လမ်းမရှိဘူး'

ကိုခင်မောင်ကြည်သည် သူ့ကုလားထိုင်ကိုရွှေ့၍ မ,အနီးသို့ကပ်လိုက်သည်။

မ,က သွယ်ဝိုက်သောနည်းဖြင့် မဖြစ်ကြောင်းကို ဖွင့်ဟပြောလိုက်သော်လည်း ကိုခင်မောင်ကြည်ကမူ မည်သို့ အဓိပ္ပာယ် ကောက်သည်မသိ အားတက်၍ပင် လာဟန်ရှိသည်။

'ဒါတွေနဲ့မဆိုင်ပါဘူး မ,ရာ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်တယ်ဆိုရင် သဘောချင်း ရည်ရွယ်ချက်ချင်း တိုက်ဆိုင်အောင် ညှိယူလို့ရပါတယ်၊ ကိုယ်တော့ ဒါတွေမမြင်ဘူးလေ၊ မမြင်မိတာလည်း ဘာကြောင့်လဲ သိလား၊ ကိုယ်မ,ကိုချစ်လို့ပဲ၊ ဒါဟာ ဖုံးကွယ်စရာမလိုဘူး၊ ကိုယ်ချစ်တာဟာ မ,ကို ငယ်ငယ်ကလေးတည်းက ချစ်တာပဲ၊ ကိုယ်ရေးလိုက်တဲ့ စာတွေထဲမှာ ဒီအဓိပ္ပာယ်တွေ အများကြီးပါပါတယ်၊ ဒါကြောင့် မိရွှေမက ကိုယ့်ဆီကို စာမပြန်တာပေါ့၊ အေးလေ ဟိုတုန်းကတော့ လူချင်းက ဝေးနေလို့ အကြောင်းမပြန်ဘဲ နေချင်လည်းရတယ်၊ ခုတော့ ဒီလို မရတော့ဘူး၊ ကိုယ့်ကို အဖြူအမည်းသဲကွဲအောင် ရှင်းရှင်းပဲပြောပါ'

http://www.cherrythitsar.org



မသည် ခေါင်းငုံ့ထားရင်း တွင်တွင်သာ ရမ်းနေမိသည်။ ခုတော့ တဖြည်းဖြည်း ကြောက်၍ကြောက်၍လာသည်။

ကိုခင်မောင်ကြည်က မ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည့်အခါတွင် မ,သည်အလန့်တကြားမော့၍ပင်ကြည့်လိုက်သည်။ ကိုခင်မောင်ကြည်၏ မျက်လုံးမှ အရောင်သည် မ,မျက်လုံးတွင်းသို့ စူး၍ဝင်၍လာသည်။ မသည် လျှပ်စစ်မိသူကဲ့သို့ မလှုပ်နိုင်အောင် ရှိတော့သည်။

'ပြောပါကွယ် ရွှေမ ကိုယ့်ကိုမချစ်ဘူးလား၊ ကိုယ် ရွှေမကို သိပ်ချစ်တယ်ကွာ၊ ချစ်တာမှ ငယ်ငယ်ကလေးကတည်းက ချစ်တာသိလား၊ ရွှေမ ကိုယ့်ကို ချစ်တယ်မို့လား'

ကိုခင်မောင်ကြည်သည် တုန်ယင်မောဟိုက်သော အသံကြီးဖြင့် ပြောရင်း မ,၏ ပခုံးကလေးကို ပွေ့ယူလိုက်သည်။ မ,က အထိတ်တလန့် ယောင်အော်လိုက်သည်။

'အို… ကိုကိုကြည်၊ လွှတ် လွှတ် မ,ကြောက်တယ်'

'မလွှတ်ဘူး၊ မလွှတ်ဘူး၊ ကိုယ့်ကိုချစ်တယ်ပြောမှ လွှတ်မယ်'

ကိုခင်မောင်ကြည် မျက်နှာနှင့် မ,မျက်နှာမှာ တဖြည်းဖြည်း နီး၍လာသည်။ မ,က မည်သို့ပင် တောင်းပန်သော်လည်း ကိုခင်မောင်ကြည်က လုံးဝကြားဟန် မတူတော့ပေ။

သရဲသဘက် စီးနေသူကဲ့သို့ မ,တစ်ကိုယ်လုံး အကြမ်းပတမ်း ပွေ့ယူလိုက်သည်။ မသည် အားရှိသမျှ ရုန်းသော်လည်း ကိုခင်မောင်ကြည်၏ သန်မာသော လက်နှစ်ဖက်အတွင်းတွင် မလှုပ်သာအောင် ရှိတော့သည်။

ကိုခင်မောင်ကြည်က မ,အနားသို့ကပ်၍ တတွတ်တွတ်ပြောနေသော်လည်း ဘာကိုပြောမှန်း သဲကွဲအောင် မကြားရချေ။ ပူနွေးသော လေကလေးကသာ မ၏ ပါးပေါ်သို့ တိုးဝှေ့၍ နေတော့သည်။ မ,သည် အလိုလိုမောရ၍လာသည်။ အားအင်များက မရှိသလောက် ကုန်ခမ်းနေတော့သည်။

ထိုအတွင်း ကိုခင်မောင်ကြည်က မ,ကို အတင်းအကျပ် ပွေ့ဖက်ထားရာမှ သူ့လက်များကို လျှော့ချလိုက်သည်။ ပြီးမှ မ,ကို နေရာသို့ ပြန်ချလိုက်သည်။

မ,သည် ရုတ်တရက် ရေတိမ်နစ်ရမည့် ဘဝမှ လွတ်မြောက်ရသဖြင့် ဝမ်းသာမိသည်။ ကိုခင်မောင်ကြည်၏ အပြုအမူကို နားမလည်နိုင်လောက်အောင် အံ့ဩနေမိသည်။

ကိုခင်မောင်ကြည်ကို ကြည့်လိုက်ပြန်တော့လည်း ကိုခင်မောင်ကြည်သည် အပေါက်ဝဆီသို့သာ မျက်တောင်မခတ် စိုက်၍ကြည့်နေတော့သည်။ မသည် ကိုခင်မောင်ကြည် ကြည့်ရာဆီသို့ လိုက်၍ကြည့်လိုက်သည်။

အပေါက်ဝတွင် ကိုဘခက်သည် ခေါင်းကိုငိုက်၍ရပ်နေသည်။ ကိုဘခက်ကို တွေ့လိုက်ရသဖြင့် မ,က ဝမ်းသာအားတက်နေသော်လည်း ကိုဘခက်ကမူ ဘာမျှ ထူးခြားတုန်လှုပ်ခြင်းမရှိ။ ခါတိုင်းကဲ့သို့ အေးအေးဆေးဆေး၊ မ,ကို တစ်ချက်မျှ ကြည့်လိုက်ပြီးလျှင် သူ့အခန်းဆီသို့ တစ်လှမ်းချင်း ဝင်၍သွားလေသည်။

မ,သည် ကိုဘခက်၏ အပြုအမူကို နားမလည်နိုင်အောင်ရှိတော့သည်။ ကိုဘခက်ကို အလိုလို စိတ်ဆိုးလာမိသည်။

ကိုခင်မောင်ကြည်သည် မ,ကို ဝမ်းနည်းဟန်ဖြင့်ကြည့်လိုက်ရင်း လေအေးအေးဖြင့် တောင်းပန်လိုက်သည်။

'ကိုယ့်အပြုအမူဟာ ရိုင်းစိုင်းတယ်ဆိုရင် ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်၊ အမှန်တော့ ကိုယ့်မှာ စော်ကားလိုစိတ် နည်းနည်းမှမပါပါဘူး၊ မကို ချစ်တဲ့စိတ်ကြောင့် ခုလို ထိန်းမရဘဲ ဖြစ်သွားတာပါ၊ ဒါနဲ့ ပတ်သက်ပြီး နောက်တစ်ကြိမ်မှာ ကိုယ်လိုချင်တဲ့အဖြေကို ပေးနိုင်အောင် စဉ်းစားထားစေချင်တယ်၊ ကိုယ်သွားဦးမယ်နော် ရွှေမ'

မသည် ခင်မောင်ကြည် နှုတ်ဆက်သည်ကို ခေါင်းညိတ်ရုံသာ ညိတ်လိုက်မိသည်။ မ,၏ အာရုံကား ကိုဘခက်ဆီသို့သာ လုံးလုံးရောက်၍ သွားလေသည်။

ကိုဘခက်၏ အပြုအမူကိုလည်း လုံးဝနားမလည်နိုင်အောင်ရှိတော့သည်။ အမှန်ဆိုလျှင် သည်လိုအဖြစ်မျိုးကို တွေ့မြင်နေပါလျက်နှင့် ခုလိုရှောင်ထွက်၍ မသွားသင့်ပေ။

တပည့်မ တစ်ဦးအနေနှင့်ဖြစ်စေ၊ မိတ်ဆွေတစ်ဦးအနေနှင့်ဖြစ်စေ ကူညီစောင့်ရှောက်ဖို့ဝတ္တရားရှိသည်။ ယခုမူ ကိုဘခက်သည် သူ

http://www.cherrythitsar.org



နှင့် လုံးဝမဆိုင်သော ကိစ္စတစ်ခုအနေနှင့် မျက်နှာလွှဲ၍သွားသည်။ ဘာမျှမဆန်းသော ကိစ္စတစ်ခုကို မြင်တွေ့လိုက်ရသကဲ့သို့ အေးစက်စက်ဖြင့် ရှောင်ထွက်သွားသည်။

မ,သည် တွေးရင်း ကိုဘခက်ကို မကျေချမ်းနိုင်အောင် ရှိတော့သည်။ နစ်စရာရှိလျှင် ကယ်မည့်သူတွေ့လျက်နှင့် ရက်စက်စွာ မျက်နှာလွှဲသွားသဖြင့် ကိုယ်သာ နစ်နာရပေတော့မည်။ သည်တော့မှလည်း ခဏတွင်းဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အားလုံးကိုတွေးရင်း ဝမ်းနည်းလာသည်။ ရှက်လာသည်။ ဒေါသလည်း ဖြစ်လာသည်။

မ,သည် ကျိတ်၍ ငိုနေရာမှ ရှိုက်လာသည်။ ရှိုက်သံများလည်း တိတ်ဆိတ်သော အခန်းတွင်းသို့ ပျံ့လွင့်၍လာသည်။ ပေါင်ပေါ်တွင် မျက်နှာအုပ်၍ ငိုလိုက်မိသည်။

ထိုအတွင်းမှာပင် ရှိုက်သံနှင့် ရောထွက်လာသော စောင်းသံလွင်လွင်ကို ကြားလိုက်ရပြန်သည်။ စောင်းသံသည် တဖြည်းဖြည်းပို၍ ကျယ်လာသည်။ မ,သည် စောင်းသံကို ကြားရသဖြင့် မခံမရပ်နိုင်အောင် ရှိတော့သည်။

အမှန်တော့လည်း ကိုဘခက်၏စောင်းသံသည် မ,ကို လှောင်သလို ရှိတော့သည်။ မ,သည် ကလေးငယ်တစ်ယောက်ကဲ့သို့ နေရာမှ ထ၍ စန္ဒရားကို အသံဖွင့်၍ မွှေလိုက်သည်။

ညေ့ခန်းတစ်ခုလုံးမှာ စန္ဒရားသံကလွဲ၍ ဘာသံမှ မကြားရတော့ချေ။ မ,သည် ဒေါသဖြစ်တိုင်း စန္ဒရားကို တအားမွှေ၍ တီးလိုက်လေသည်။ တီးသည်ဆိုသော်လည်း သီချင်းကို တီးခြင်းမဟုတ်။ အသံစဉ်ကို စမ်းခြင်းမဟုတ်။

လက်ဆယ်ချောင်းကို စန္ဒရားခလုတ်ပေါ်တင်၍ မနားတမ်းမွှေလိုက်ခြင်းဖြစ်သည်။ မကျေနပ်တိုင်း ခေါင်းကိုငုံ့၍ စန္ဒရားကို တီးနေမိတော့သည်။ အတန်ကြာအောင်တီးပြီးမှ မောလာဟန်ရှိသည်။ ခဏမျှနားပြီးလျှင် ခေါင်းကိုမော့၍ တအားပြန်၍ တီးလိုက်သည်။ သည်တစ်ကြိမ်တွင် မ,သည် စန္ဒရားကို တစ်ရှိန်ထိုးမွှေနေရာမှ ရပ်လိုက်မိသည်။

http://www.cherrythitsar.org



သူရှေ့တည့်တည့်တွင် စန္ဒရားခုံကို လက်ထောက်၍ မတုန်မလှုပ် ကြည့်နေသော ကိုဘခက်ကို တွေ့ရသည်။

မ,သည် ကိုဘခက်မျက်နှာကို မြင်ရမှ ပို၍ ဒေါသဖြစ်မိသည်။ ကိုဘခက်သည် သူ့ကို တမင်အရွဲ့တိုက်နေသည်၊ သရော်နေသည်ဟု လည်းထင်သည်။

မ,သည် ကိုဘခက်ကို မျက်တောင်မခတ် စိုက်၍ ကြည့်နေမိ သည်။

ရန်တွေ့လိုသောကြောင့် သူ့ နှုတ်ခမ်းကလေးများမှာလည်း တဆတ်ဆတ်တုန်၍နေသည်။

'စောစောက မ,ကို အနှောင့်အယှက်ပေးမိတာကို ကျွန်တော် တောင်းပန်ပါတယ်'

ကိုဘခက်က တောင်းပန်မှ မ,မှာ ပို၍ ဒေါသဖြစ်မိပြန်သည်။

'ဘာလဲ··· ဘာအနှောင့်အယှက် ပေးတာလဲ'

မ,က အသံခပ်မာမာဖြင့် ပြန်၍ မေးလိုက်သည်။

ကိုဘခက်ကမူ တကယ်ပင်စိတ်မကောင်းဟန်ဖြင့် ဆက်၍ တောင်းပန်လိုက်ပြန်သည်။

'ကျွန်တော် ဒီဧည့်ခန်းကို ဝင်လာတာ မ,တို့ကို အနှောင့် အယှက်ဖြစ်မယ်ဆိုရင် ဝင်မိမှာ မဟုတ်ပါဘူး'

'တော်ပြီ ဆရာ၊ မ,ကို နောက်ထပ် ဘာမှမပြောနဲ့တော့'

မ,သည် သူ့စိတ်ကို သူ မထိန်းနိုင်တော့ပေ။

ဒေါသသံဖြင့်ပြောလိုက်သော်လည်း မျက်ရည်များကတလိမ့်လိမ့် စီးကျလာသည်။

ကိုဘခက်ကမူ မ,ကိုသာ ဆို့နင့်သော မျက်လုံးများဖြင့်ကြည့်နေ တော့သည်။

ကြီးမားသောအပြစ်တစ်ခုကို ကျူးလွန်မိသူကဲ့သို့ ယူကျုံးမရ ဖြစ်နေဟန်လည်း ရှိသည်။

'ကျွန်တော် စကားဆုံးအောင်တော့ ပြောပါရစေ၊ ကျွန်တော် စိတ်အထိခိုက်ဆုံးကတော့ မ,မှာ ခုလို ရည်စူးပြီးသားလူရှိနေမှန်းသိရင်

http://www.cherrythitsar.org



ကျွန်တော်ဟာ မ ့ဆီက မရနိုင်တဲ့ပစ္စည်းကို ခုလိုတောင်းမိမှာ မဟုတ်ဘူး၊ ခုတော့ …'

'တော်ပါတော့ ဆရာ၊ ဆရာပြောတာတွေ တစ်ခုမှ မဟုတ်ဘူးသိလား ဆရာ၊ မ ့ကို စိတ်ညစ်အောင် ဘာလို့ တမင်အရွဲ့တိုက်နေတာလဲ၊ ဆရာ မကောင်းဘူး၊ ဆရာ့ကို မ စိတ်ဆိုးတယ်'

မ ့သည် ငိုရင်းရန်တွေ့လိုက်သည်။ ခုတော့လည်း မ ့၏အပြုအမူမှာ ကလေးဆန်လှသည်။ ကိုဘခက်ကိုယ်တိုင် မ ့၏အဖြစ်ကိုနားမလည်နိုင်အောင် ရှိတော့သည်။

'ကျွန်တော် မ ့ကို ဘာမှအရွဲ့မတိုက်ပါဘူး၊ ကျွန်တော့်အပြစ်အတွက် ကျွန်တော် ယူကျုံးမရဖြစ်မိလို့ တောင်းပန်တာပါ'

'မဟုတ်ဘူးဆရာ မဟုတ်ဘူး၊ ဆရာထင်တာတွေ တစ်ခုမှ မဟုတ်ဘူးသိလား၊ မ ့ကို သူများစော်ကားတာကို ဆရာ ကြည့်နေရက်တာ အံ့သြတယ်၊ ဆရာ့ကို မ ့သိပ်စိတ်ဆိုးတယ် သိလား'

မ ့သည် ရန်တွေ့ရင်း စန္ဒရားကို လက်သီးဆုပ်ကလေးဖြင့်ထုနေတော့သည်။ ထိုအခါတွင် ကိုဘခက်သည် မ ့အနားသို့ တိုးရပ်လိုက်သည်။ ပြီးမှ မ ့၏ လက်နှစ်ဖက်ကို အသာဆွဲယူလိုက်ပြီးလျှင် စန္ဒရားအဖုံးကို ပိတ်လိုက်သည်။ မ ့သည် သူနှင့်မျက်နှာချင်းဆိုင်ရပ်နေသောကိုဘခက်ကို မော့ကြည့်လိုက်သည်။ တစ်ယောက်နှင့် တစ်ယောက်အတန်ကြာအောင် ဘာမျှမပြောဘဲ ငြိမ်၍ကြည့်နေကြသည်။

'ဒီလိုဆိုရင်တော့ ကျွန်တော် အထင်မှားမိတယ် မ ့ရာ၊ ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ ရုတ်တရက် မြင်လိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ နင့်သွားတယ်၊ ယူကျုံးမရလည်းဖြစ်မိတယ်၊ ဒါကြောင့် ကျွန်တော့်စိတ်ကို ဖြေတဲ့အနေနဲ့ စောင်းကို ကောက်တီးမိတာပါ။ တကယ်ဆိုတော့ မ ့ကို နိုင်ထက်စီးနင်း စော်ကားတယ်လို့ ကျွန်တော်လုံးလုံး မရိပ်မိပါဘူး၊ ဒီလို မရိပ်မိတာလည်း ကျွန်တော် မွန်နေလို့ပဲ၊ ရုတ်တရက် မြင်တွေ့လိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ မီးတောင်ကြီးပေါက်ကွဲသလို ခံစားရတယ်၊ ကျွန်တော် စိုးရိမ်လွန်မိတယ်၊ ဒီလိုဖြစ်ရတာဟာလည်း တခြားကြောင့်မဟုတ်ဘူး၊ ကျွန်တော် မ ့ကို ဆုံးရှုံး

http://www.cherrythitsar.org



မှာ အကြောက်ကြီး ကြောက်မိလို့ပဲ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ မ, ရယ် . . .'

ကိုဘခက်က ကြေကွဲလှိုက်လှဲသော အသံဖြင့် ဝမ်းပန်းတနည်း တောင်းပန်လိုက်သောအခါ မ,မှာ ဘာကိုမျှ ပြန်၍ မပြောနိုင်တော့ချေ။ ကိုယ့်အဖြစ်ကို ကိုယ် ရှက်သလိုပင် ဖြစ်မိသည်။ အမှန်တော့ မ, သည် ကိုဘခက်၏ အကြင်နာ အယုအယ ခံယူလိုကြောင်း ထင်ရှားနေသည်။ ကိုဘခက်သည် မ,ကို ဆို့နင့်သော မျက်လုံးများဖြင့်ကြည့်နေသည်။

မ,သည် ကိုဘခက်ကိုပင် အားတုံ့အားနာပြန်၍ဖြစ်မိသည်။သူ၏ ကလေးဆန်သော အပြုအမူများအတွက်လည်း ရှက်မိသည်။ မ,သည် ခေါင်းကိုငုံ့၍သာ ကိုယ့်စိတ်ကို ပြန်တင်းထားလိုက်သည်။ မည်သို့တင်းထားသော်လည်း တစ်ချက်တစ်ချက် ရှိုက်လိုက်သော ရှိုက်သံကလေးများကမူ ပျံ့လွင့်၍ထွက်လာတတ်သည်။ သည်တော့လည်း ကိုဘခက်က မ,၏အဖြစ်ကို နားလည်မိတော့သည်။

ကိုဘခက်သည် မ,၏ မေးဖျားကလေးကို လက်ညှိုးကလေးဖြင့် မ,၍ တင်လိုက်သည်။ မ,သည် ကလေးငယ်ကဲ့သို့ အလိုက်သင့်မော့၍ ပေးလိုက်သည်။ ကိုဘခက်သည် မ,၏ ပါးပြင်ပေါ်မှ စီးကျနေသော မျက်ရည်စများကို လက်ဖဝါးဖြင့် သုတ်ပေးလိုက်သည်။ သည်တော့မှ မ,က ပို၍ ဝမ်းနည်းလာသည်။ ကိုဘခက်၏ ကြင်နာသော အပြုအမူများသည် သူ့ရင်ထဲတွင် ပို၍ ခိုက်လာမိသည်။

'မ,ကို ဆရာ စိတ်မဆိုးဘူးနော်'

မ,၏ အက်ကွဲကွဲ အသံကလေးမှာ ကိုဘခက်အဖို့ ပို၍ သနားဖွယ် ကောင်းတော့သည်။ ကိုဘခက်သည် မ,၏ ပါးမို့မို့ကလေး နှစ်ဖက်ကို သူ့လက်ဖဝါးဖြင့် ခပ်ဖွဖွညှပ်လိုက်သည်။ မ,သည် ကိုဘခက်ကို အသနားခံသော မျက်နှာကလေးဖြင့် ကြည့်နေရှာသည်။ မျက်ရည်ရွှဲနေသော မျက်လုံးကလေးများမှာ ရွှဲလုံးကလေးပမာ လည်၍နေတော့သည်။

'မ,ကို စိတ်ဆိုးစရာအကြောင်း တစ်ခုမှ မရှိပါလား မ,ရယ်၊ ရှိတဲ့ တိုင်အောင်လည်း ကျွန်တော် မ,ကို ဘယ်တော့မှ စိတ်ဆိုးမှာ မဟုတ်

ဘူး… သိလား၊ ကျွန်တော် မ,ကို တစ်ခါတလေ အပြစ်မဲ့ကလေး လို သနားတယ်၊ တစ်ခါတလေတော့လည်း တကယ့်ရင့်ကျက်တဲ့ မိန်း ကလေး တစ်ယောက်လို လေးစားမြတ်နိုးတယ်၊ ဒါတွေအားလုံးပေါင်း လိုက်တော့…'

ကိုဘခက် ပြောမည့်စကားကို ဖြတ်၍ထားလိုက်ပြီးလျှင် သက်ပြင်းကို ခပ်လေးလေး ချလိုက်သည်။ မ,သည် ကိုဘခက်အား ကြည်ညိုလေးစားသော အကြည့်ဖြင့် ငေးစိုက်ကြည့်နေမိသည်။

'ဆရာ့ပါးစပ်က ဟလိုက်ရင် ဆရာ့ရင်ထဲမှာ ဘာတွေအပြည့် အကျပ် ရှိနေတယ်ဆိုတာ မ,သိပါတယ် ဆရာ၊ မ,ကို ဆရာ့ရင်ထဲမှာ ခံစားနေရသမျှ အားလုံး အန်ထုတ်နိုင်ပါတယ်၊ မ,လေ ဆရာ့ကို နား လည်ပါတယ်၊ အထင်လည်းမလွဲဘူး၊ စိတ်လည်းမဆိုးဘူးသိလား၊ ဒါပေမယ့် ဝမ်းနည်းတယ်၊ ဆရာ့အလိုအတိုင်း လိုက်ဖို့ မ,သတ္တိမရှိဘူး၊ မ,သတ္တိနည်းတယ် ဆရာ'

ကိုဘခက်သည် မချင့်မရဲဖြင့် မ,၏ ပခုံးအစုံကို အသာပွေ့ယူ လိုက်သည်။ မ,ကလည်း အလိုက်သင့်ပင် ကိုဘခက်၏ ရင်ပြင်၌သူ့ မျက်နှာကို ကပ်ထားလိုက်သည်။

ကိုဘခက်သည် မ,၏ကျောပြင်ကို သိုင်းဖက်ထားလိုက်ပြီးလျှင် သူ့ပါးနှင့် မ,၏ ဆံနုကလေးများကို ပွတ်သပ်၍ နေလိုက်သည်။

'ကျွန်တော်သိပါတယ် မ၊ ကျွန်တော်နဲ့ မ, ကြားမှာ တားဆီးတဲ့ အရာတွေ အများကြီး ရှိတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ မ,ရဲ့ ကြီးမားတဲ့အနှောင်အဖွဲ့က ကျွန်တော်တို့နှစ်ယောက်ရဲ့ ဘဝ ကြားမှာ ပင်လယ်ကြီးလို ကန့်လန့်ကာဆီးနေတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ကျွန်တော် ဒီနေရာမှာ တော့ အရှုံးပေးရမှာပဲ၊ ကျွန်တော့်စိတ်ကို ကျွန်တော် မထိန်းနိုင်ပါ ဘူး၊ ကျွန်တော့်ရဲ့စွဲလမ်းစိတ်၊ ချစ်တဲ့စိတ်ကို ကျွန်တော် ဘယ်နည်း နဲ့မှ ဖျောက်ဖျက်လို့မရဘူး၊ ဒီစိတ်တွေဟာ ကျွန်တော့်ဘဝမှာ ဒုက္ခ ဝန်ထုပ်ကြီးလို တစ်သက်လုံး သယ်ပိုးသွားရမှာ ကျွန်တော် ကြောက် တယ်'

http://www.cherrythitsar.org



မ ့သည် ကိုဘခက်၏ရင်ခွင်၌သာ ခေါင်းမြှုပ်ထားရာမှ တဖြည်းဖြည်း မော့၍ကြည့်လိုက်သည်။ သို့မော့ကြည့်လိုက်သည့်အခါတွင် မ ့၏လည်တိုင်ကြော့ကြော့မှ မြကြောစိမ်းစိမ်းကလေးများသည် ဖြာဆင်း၍လာသည်။ ကိုဘခက်သည် မ ့ကို မကြည့်ဘဲ ရှေ့ကို မျှော်ကြည့်ရင်း ငေးနေတော့သည်။

အမှန်တော့ အသိဖြင့် ချစ်ရသော အချစ်သည် ကင်းလွတ်မှု မရှိ၊ ပေါ့ပါးမှု မရှိ၊ အသိက ချစ်စိတ်ကို ချုပ်နှောင်၍ ထားတတ်သည်။ အချစ်အတွက် ရင်ဆိုင်ရမည့် အခက်အခဲများကို ကြိုတင်စဉ်းစားထားရသည်ကို ကိုဘခက်ရော မ ့ပါ နားလည်သဘောပေါက်မိသည်။ ထို့ကြောင့်လည်း ကိုဘခက်သည် ရှေ့ရေးကိုတွေးရင်း ရင်လေးလာသည်။

မ ့သည် ကိုဘခက်ကို မျက်တောင်ခတ်ကြည့်နေရင်းမှ တဆတ်ဆတ် တုန်နေသော နှုတ်ခမ်းကလေးကို အောက်သွားကလေးဖြင့် ကိုက်ထားလိုက်သည်။

ကိုဘခက်က မ၏ နားထင်စမှ ဆံနုကလေးများ အသာသပ်၍ပေးလိုက်သည်။

သည်တော့မှလည်း မျက်လုံးချင်းဆိုင်၍ သွားလေသည်။

'မ ့အဖြစ်ကို ဆရာသိပါတယ် ဆရာ၊ ဆရာ့ကို မ အားလုံးပြောထားပြီးပါပြီ၊ ညီအစ်မ သုံးယောက်ရှိတဲ့အထဲမှာ မဟာ မလွတ်လပ်ဆုံး မိန်းကလေးတစ်ယောက်ပါ ဆရာ၊ မေမေက မကို ခဏခဏ သတိပေးတယ်၊ သမီးသုံးယောက်ထဲမှာ မ ့ဟာ စိတ်အားအငယ်ဆုံးတဲ့၊ ဆုံးဖြတ်တဲ့နေရာမှာ မပိုင်ဘူးတဲ့၊ မပြတ်သားဘူးတဲ့၊ မရဲ့ ရှေ့ရေးအတွက်ကို သူစီစဉ်ပေးမယ်တဲ့၊ မ ့ဟာ မ မဆုံးဖြတ်ရဘူးတဲ့၊ ဖေဖေကဆိုရင် မကို အိမ်ထောင်မပြုစေချင်ဘူး၊သူနဲ့အတူနေစေချင်တယ်၊ ဒီတော့ မရဲ့အသည်းနှလုံးဆိုတာ ဘယ်မှာသွားထားရမှာလဲ ဆရာ၊ ဘယ်သူ့ဆီကို အပ်ရမှာလဲ'

မသည် သူ့ဘဝမှန်ကို ဝမ်းနည်းပက်လက်ဖြင့် ဖွင့်အန်လိုက်သည်။

ကိုဘခက်သည် မကို ပို၍သနားမိသည်။ ကိုယ့်ဘဝကိုမှ ကိုယ်မပိုင်သူထံတွင်အချစ်ကို တောင်းခံနေမိခြင်းသည် နှစ်ဦးစလုံးအတွက် စိတ်ဆင်းရဲစေမည်ကိုလည်း သဘောပေါက်မိသည်။

http://www.cherrythitsar.org



'ကျွန်တော် နားလည်ပါတယ်၊ မ,ဟာ မရဲ့ ပတ်ဝန်းကျင်မှာ ဘယ်လောက်တောင် ငြိမ်းငွေနေပေမယ့် ဒီအနှောင်အဖွဲ့က ရုန်းမထွက်နိုင်ဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်၊ အမှန်တော့ ကျွန်တော်ဟာ မကို အနှောင့်အယှက်ပေးသလို ဖြစ်နေပြီ၊ ကျွန်တော် တစ်ခုပဲ စဉ်းစားမိတယ်၊ အကောင်းဆုံးကတော့ ကျွန်တော် ဒီအိမ်မှာ မရှိရင် မ,အတွက် စိတ်ချမ်းသာပါလိမ့်မယ်၊ လူနှစ်ယောက်ရှိတဲ့အနက် နှစ်ယောက်စလုံး စိတ်ချမ်းသာမယ့်အဖြစ်ကို မရရင် နှစ်ယောက်စလုံး စိတ်ဆင်းရဲတော့ မခံစေချင်ဘူး၊ တစ်ယောက်ယောက်ကတော့ အနစ်နာခံရမှာပဲ၊ ဒီတော့ ကျွန်တော် ဒီအိမ်မှာမနေတာ အကောင်းဆုံးပါပဲ၊ လောကမှာ စိတ်ဆင်းရဲရမှာကို အကြောက်ဆုံးဆိုတဲ့ မ,တစ်ယောက် စိတ်ချမ်းသာ မယ်ဆိုရင် ကျွန်တော် လုပ်ရဲပါတယ်'

ကိုဘခက်သည် တုန်ယင်လှိုက်လှဲသောအသံဖြင့် တစ်လုံးချင်းပြောလိုက်သည်။

ကိုဘခက်၏ စကားများသည် မ,၏ရင်ထဲတွင် သိမ့်သိမ့်ခါသွားစေသည်။

ပြောချင်လွန်းလှသော စကားသည်လည်း ရင်ထဲတွင် လှိုင်းခုန်သလို ခုန်နေတော့သည်။

ချုပ်တည်း မျိုသိပ်ထားရသော စကားများကို အတားအဆီးမရှိ ပြောချလိုက်ချင်သည်။

နှုတ်ခမ်းပါးကလေးနှစ်လွှာမှာ တရှူရှူတုန်၍နေ၏။ စကားများက တစ်လုံးမှ ထွက်မလာ။

ကိုဘခက်ကသာ ကရုဏာပြည့်လျှမ်းသောမျက်လုံးများဖြင့် တွေတွေကြီးစိုက်ကြည့်နေမိသည်။

ကိုဘခက်သည် အံကိုကြိတ်၍ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။ မ,၏ ပခုံးလေးနှစ်ဖက်ကိုလည်း အသာဆုပ်ကိုင်၍နောက်သို့ရွှေ့စေသည်။ ပြီးမှ လူချင်းခွာလိုက်သည်။

'ကျွန်တော် တခြားပြောင်းဖို့ စီစဉ်ပြီးခဲ့ပါပြီ၊ ဒါမှ မ,ကိုရှောင်လို့ မလွတ်သေးဘူးဆိုရင် အညာကိုပြန်မယ်၊ ကျွန်တော့် ရည်မှန်းချက်ကို အခိုက်အတန့်တော့ စွန့်လွှတ်လိုက်ရမှာပဲ၊ နောင်ကို စိတ်ထိန်းနိုင်ပြီ

http://www.cherrythitsar.org



လို့ထင်တဲ့ တစ်ချိန်မှာတော့ ကျွန်တော် ပြန်လာခဲ့မယ်၊ ဒါပေမယ့် ကျွန်တော် ကတိတစ်ခု ပေးပါတယ်၊ အဲဒီအချိန်မှာတော့ ကျွန်တော်ဟာ မ ကို အနှောင့်အယှက်ပေးမယ့် လူတစ်ယောက် မဟုတ်တော့ပါဘူးဆိုတာတော့ မ ယုံထားပါ'

ကိုဘခက်သည် မ ကို မျက်နှာလွှဲလိုက်သည်။ မသည် ကိုဘခက်ကို ကြည့်ရင်း မောဟိုက်သံဖြင့် ကိုဘခက်ကို လှမ်းခေါ်လိုက်သည်။

'ဆရာ . . .'

ကိုဘခက်သည် မ ကို ကျောပေး၍ လျှောက်သွားရာမှ ရပ်လိုက်၏။

မသည် သည်နေရာမှနေ၍ ကိုဘခက်ကိုသာ ကြည့်နေသည်။ နောက်တစ်ခွန်းခေါ်ရန် ကြိုးစားသော်လည်း အသံက ထွက်မလာပေ။ ကိုဘခက်သည် မ ကို ခပ်ဖြည်းဖြည်း ပြန်လှည့်၍ ကြည့်လိုက်သည်။သည်တော့မှ ကိုဘခက်ရှိရာသို့ မက အပြေးလိုက်သွားသည်။

အနားရောက်တော့မှ ကိုယ်ရှိန်သပ်လိုက်ရင်း ကိုဘခက်၏ လက်မောင်းတစ်ဖက်ကို ဆွဲလိုက်မိသည်။ ကိုဘခက်က မ ပြောမည့်စကားကို စောင့်၍ နားထောင်နေမိသည်။

မ ၏ မျက်နှာကလေးက ရှက်စိတ်ကြောက်စိတ်ဖြင့် နီရဲနေသည်။ မျက်လုံးကလေးကလည်း အရည်လည်လာကာ ပို၍ တောက်ပလာသည်။

'ဆရာ··ဆရာ ဘယ်မှသွားစရာမလိုပါဘူး ဆရာ၊ မ ကို ဆရာ အနှောင့်အယှက်မပေးပါဘူး၊ မ ကသာ ဆရာ့ . . .'

မ သည် ရင်တွင်းမှ ရိုက်ခတ်၍ထွက်လာသော အသံဖြင့် ညှင်းညှင်းညှဲ့ပြောလိုက်သည်။ ကိုဘခက်သည် အံ့သြရွှင်လန်းသော မျက်နှာဖြင့် မကို တစိမ့်စိမ့် ကြည့်နေမိသည်။ မကမူ ပြောမည့်စကားကို မဆက်နိုင်အောင်ရှိသည်။

'မ . . .'

'ဆရာ . . .'

ခေါ်သံနှင့်ထူးသံသည် စောင်းကဲ့သို့ နူးညံ့သိမ်မွေ့လှသည်။ နှုတ်ဖြင့် ခေါ်ထူးလိုက်သလို မျက်လုံးချင်းလည်း အဓိပ္ပာယ်ပါသော အကြည့်ဖြင့် ခေါ်ထူးနေဟန်ရှိသည်။

http://www.cherrythitsar.org



တစ်ယောက်နှင့်တစ်ယောက် ဘာမျှမပြောဘဲ အညှို့ဓာတ်အာရုံတွင် နစ်နေကြသည်။ တဖြည်းဖြည်း တစ်ယောက်နားသို့ တစ်ယောက် ကပ်၍သွားသည်။ ကိုဘခက်သည် မ၏အိထွေးသော လက်မောင်းအိုးကလေးများကို ဆုပ်ကိုင်ထားလိုက်သည်။

'ကျွန်တော် မ,အပေါ်မှာ ချစ်မိတဲ့စိတ်ကို ဘယ်လိုဖျောက်ပစ်ရမလဲ မရယ်၊ မ,ပဲ သင်ပေးပါဦး'

'မလိုပါဘူး ဆရာ၊ မလိုတော့ပါဘူး၊ ဆရာ မကို ဘယ်လောက်ချစ်တယ်ဆိုတာ မ,နားလည်ပါတယ် ဆရာ၊ မ,ဘယ်လိုပြောရမလဲဆရာ၊ မ,လေ ကြောက်တာတစ်ခုကလွဲလို့ တခြား ဘာမှမရှိပါဘူး၊ မ,မညာပါဘူး ဆရာ'

ကိုဘခက်သည် မ,၏ပြည့်ဖြိုးညက်ညောသော ကိုယ်လုံးကလေးကို သိမ်းကျုံးထွေးပိုက်လိုက်သည်။ မ၏ ကိုယ်လုံးကလေးမှာ တဆတ်ဆတ် တုန်၍နေသည်။

'ကျွန်တော် နားလည်ပါပြီ၊ မ,ကို ကျွန်တော်နားလည်ပြီ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ချစ်တယ်ဆိုရင်ပဲ ကျွန်တော် ဝမ်းသာလို့မဆုံးတော့ပါဘူး၊ ခေတ်ပညာတတ် အဖိုးထိုက်အဖိုးတန် မိန်းကလေးတစ်ယောက်က ကျွန်တော်လို အညတရတစ်ယောက်အပေါ်မှာ...'

မသည် သူ၏လက်တစ်ဖက်ဖြင့် ကိုဘခက်၏ပါးစပ်ကို အသာကာထားလိုက်သည်။

'ဒါတွေမပြောပါနဲ့ ဆရာ၊ မ,ရင်နာလွန်းလို့၊ ဆရာနဲ့မနဲ့ နောင်ရေးကို မတွေးကြပါနဲ့၊ နောက်ဖြစ်မယ့်ကိစ္စ နောက်ဆုံးဖြတ်ကြပြီး ခုစိတ်ချမ်းသာမယ်ဆိုရင် တော်ပြီ၊ နော်.. ဆရာ ကျေနပ်ပါတယ်နော်'

'ကျွန်တော် ကျေနပ်ပါတယ်၊ မ,နှလုံးသားထဲမှာ ကျွန်တော့်အတွက် တစ်နေရာပေးတယ်ဆိုရင်ပဲ ကျွန်တော် တစ်သက်လုံးကျေနပ်ပါပြီ'

ကိုဘခက်သည် မ,တစ်ကိုယ်လုံးကို အတင်းအကျပ်ဖက်ထားရာမှ ရင်ချင်းကပ်လိုက်သည်။

'မ,အသည်းထဲမှာ ဆရာ့အချစ်ကလွဲလို့ ဘယ်သူ့အချစ်ကိုမှ နောက်ထပ် နေရာမပေးတော့ဘူးဆိုတာ ယုံပါဆရာ၊ မတို့ရဲ့ဇာတ်ဟာ

http://www.cherrythitsar.org



ဘယ်လို အဆုံးသတ်မယ်ဆိုတာတော့ အတပ်မပြောနိုင်ဘူး၊ တွေးလည်း မတွေးရဲဘူး၊ ဒါပေမယ့် ဘယ်နည်းနဲ့ဖြစ်စေ မ ရဲ့ အချစ်ကိုတော့ ဆရာ ယုံစေချင်တယ်'

'ကျွန်တော် ယုံပါတယ်၊ မ ကို အမြဲတမ်း ယုံမှာပဲ၊ ကျွန်တော်တို့ရဲ့ဘဝဟာ ဘယ်လိုပဲပြောင်းလဲသွားသည့်တိုင်အောင် မ ကို ကျွန်တော် အမြဲယုံနေမယ်၊ ချစ်နေမယ်'

ကိုဘခက်သည် ပြောရင်းဆိုရင်းပင် မ ၏ပါးနုနုကလေးကို သူ့ပါးဖြင့် ကပ်ထားလိုက်သည်။ နှစ်ယောက်စလုံး၏ ရင်ခုန်သံများသည် ရောယှက်၍ သွားတော့သည်။

ကိုဘခက်က မ ၏ ပါးမို့မို့ကလေးကို ခပ်ဖွဖွနမ်းလိုက်ရာမှ ကျေနပ်ဟန်မရှိသေးဘဲ အထပ်ထပ်နမ်းလိုက်ပြန်သည်။ မ သည် ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံး တုန်နေသော်လည်း ကိုဘခက်ပြုသမျှ မငြင်းဆန်၊ ငြိမ်၍သာခံနေသည်။

ထိုအတွင်းမှာပင် တံခါးဖွင့်သံကြားလိုက်ရသည်။ နှစ်ယောက်သား ရုတ်တရက် လူချင်းခွာလိုက်သည်။ မ သည် ကြောက်လန့်တကြား အပေါက်ဝဆီသို့ လှည့်၍ကြည့်လိုက်မိသည်။

မ သည် ဝင်လာသူကို ကြည့်နေရင်းက တစ်ကိုယ်လုံးတုန်သွားသည် ဟုထင်လိုက်မိသည်။ ကိုဘခက်ကမူ ခေါင်းကိုငုံ့ထားရာမှ မ မျက်နှာမှာ သွေးမရှိချေ။ ဝင်လာသူကိုသာ ကြောက်အားဖြင့် အသနားခံသလို ရှိတော့သည်။

ဝင်လာသူကား ရွှေမောင်းကလေး မော်ပင်ဖြစ်သည်။ သူသိသွားလျှင် ပါးစပ်ပိတ်၍ ရတော့မည် မဟုတ်ကြောင်းကိုလည်း မ က နားလည်ထားသည်။ ထို့ကြောင့်လည်း မော်ကို ကြောင်၍ ကြည့်နေသည်။

မော့်မျက်နှာသည် ခါတိုင်းလိုမဟုတ်။ မ ကိုသာ ဒေါသဖြင့် ကြည့်လိုက်သည်။ သို့ကြည့်နေရင်းမှလည်း နှုတ်ခမ်းကို မဲ့လိုက်သည်။ မော်သည် စက်ဆုပ်ရွံရှာစရာကောင်းသော အရာတစ်ခုကို မြင်နေရသူကဲ့သို့ မ ကို မဲ့ရွဲ့၍ ကြည့်နေသည်။ မော်၏ အကြည့်ကိုပင် မ မှာ မခံမရပ်နိုင်အောင် ရှိတော့သည်။

http://www.cherrythitsar.org



မော်သည် မကို တစ်ချက်မျှ ရှုံ့မဲ့ကြည့်လိုက်ပြီးလျှင် အပေါ် ထပ်သို့ ခြေကိုဆောင့်၍ တက်သွားသည်။ မ,သည် မော့်နောက်သို့ အပြေးလိုက်သွားခဲ့သည်။ ကိုဘခက်ကိုမူ အခန်းတွင်း၌သာ ခေါင်း ငိုက်စိုက်ချ၍ ဝင်ခဲ့သည်။

မ,သည် အိပ်ခန်းတွင်းသို့ မရဲတရဲ ဝင်ခဲ့သည်။ သူ့ရင်ထဲ၌ ကား လိပ်ပြာတောင်ပံခတ်သလို တဖျပ်ဖျပ်ခါ၍ နေတော့သည်။ မော်ကမူ မျက်စိကို မှေး၍ လှဲနေလိုက်သည်။

မ,ဝင်လာသည်ကို သိသော်လည်း မျက်လုံးဖွင့်၍ပင် မကြည့်၊ ဂရုထားဟန်လည်းမရှိ။ ဘလှသန်းထွန်း လက်ဆောင်ပေးထားသော ဓာတ်စက်ငယ်မှ ခပ်ကြွကြွတေးသံကို နားထောင်ရင်း ဒူးကိုလှုပ်ယမ်း၍ နေတော့သည်။

မ,သည် မော့်ကို ရှင်းပြချင်သော်လည်း စကားကိုပင် မစရဲအောင် ရှိတော့သည်။ လက်ပူးလက်ကြပ် မြင်တွေ့သွားသော အဖြစ်အပျက်တစ်ခုကို ဘူးခံ၍ ငြင်း၍လည်းမရ။ ရှင်းပြ၍လည်း သဘောပေါက်မည် မဟုတ်။ မော်သည် ကိုဘခက်လို လူတစ်ယောက်ကိုအထင်ကြီးသလို ကြီးချင်မှကြီးမည်။ မ,နားလည်သလို နားလည်ချင်မှလည်း နားလည်မည်။

ကိုဘခက်လို ဂီတဆရာတစ်ယောက်၏အချစ်ကို လက်ခံမိသည့်အတွက် မော့်အမြင်တွင် အထင်သေးစရာ ဖြစ်ချင်လည်း ဖြစ်မည်။ ဤသည်ကို သဘောပေါက်အောင် ရှင်းပြရန်ကား မလွယ်လှပေ။

မော်သည် မ,ကို တစ်ချက်မဲ့၍ ကြည့်လိုက်ပြီးလျှင် ဘေးစားပွဲပေါ်မှ ဓာတ်ပုံအိတ်ကိုဆွဲ၍ အခန်းတွင်းမှ ခပ်ဆောင့်ဆောင့် ထွက်သွားတော့သည်။

မ,သည် မော်ထွက်သွားသော အပေါက်ဆီသို့ စိုက်ကြည့်နေပြီးမှ သက်ပြင်းကို လေးတွဲစွာချလိုက်သည်။

ဤမီးစသည် တစ်နေ့ မ,ရင်ထဲတွင် ဝင်၍တောက်တော့မည်ကို မ,က သိထားသော်လည်း ကြိုတင် ငြိမ်းသတ်ရန်ကိုမူကား အစွမ်းမရဲ ရှိတော့သည်။

●

http://www.cherrythitsar.org



# (၁၂)

ကိုခင်မောင်ကြည် မော်၏ စကားကိုနားထောင်ရင်း မတွေးတတ်အောင် ရှိတော့သည်။ ရုပ်ရှင်ရုံကအထွက်တွင် မော်က အရေးကြီးသော စကားတစ်ခွန်း ပြောစရာရှိသည်ဟု ဆိုသည်။ အမှန်၌… ကိုခင်မောင်ကြည်သည် ရုပ်ရှင်ကြည့်ရန် အစကမရည်ရွယ်ခဲ့ပေ။ သို့မရည်ရွယ်သော်လည်း ရုံဝတွင် မော်တို့အသိုက်နှင့် သွား၍တွေ့သည်။ မော်တို့အသိုက်ဆိုသည်မှာလည်း မော်နှင့် ဘလှသန်းထွန်း၊ နောက်ဂရေစီနှင့် ယောကျ်ားဖော်တစ်ယောက် ဖြစ်သည်။

ကိုခင်မောင်ကြည်ကို တွေ့လျှင် မော်သည် ထိုစကားဖြင့်ရုပ်ရှင်အပြခိုင်းတော့သည်။ ကိုခင်မောင်ကြည်က လက်မှတ်လေးစောင်ဝယ်ပေးမည်ဟု ဆိုသည်ကိုပင် မော်က လက်မခံ၊ ကိုခင်မောင်ကြည်ပါကြည့်ရမည်ဟု အကျပ်ကိုင်တော့သည်။

'ကိုကိုကြည်ကို အရေးကြီးတဲ့ စကားတစ်ခုပြောမယ်၊ ကိုကိုကြည်ပါ အတူကြည့်ပါ၊ အထွက်ကျ မော်တို့ လူစုခွဲပြီး တစ်နေရာသွားကြတာပေါ့'

မော်ပြောမည့်စကားကို ခင်မောင်ကြည်က စိတ်ဝင်စားသည်။ ထို့ကြောင့်လည်း ရုပ်ရှင်မကြည့်ချင်ဘဲ ဝင်၍ ကြည့်ရတော့သည်။ ရုပ်ရှင်ကို ဝင်ကြည့်နေရသော်လည်း ကိုခင်မောင်ကြည်သည် စိတ်မပါချေ။ မော်ပြောမည့်စကားကိုသာ စိတ်ဝင်စားနေသည်။

ရုပ်ရှင်ရုံမှ ထွက်သောအခါ မော်က သူ့အသိုက်နှင့်ခွဲ၍ ကိုခင်မောင်ကြည်၏ ကားနှင့်လိုက်ခဲ့သည်။ ဘလှသန်းထွန်းကမူ ကျေနပ်ပုံမရချေ။ ကားထွက်ခါနီး၌ပင် မော်တို့ကားနားသို့လာ၍ စကားနာထိုးသွားသေးသည်။

'ည ဘယ်မှာရှိမလဲ၊ လင်းယုန်ပျံ ဟိုတယ်မှာ ကိုယ်တို့ရှိမယ်၊ လာခေါ်ရမလား'

http://www.cherrythitsar.org



'နေပါစေ၊ ကနေ့ မော်အပြင် မထွက်တော့ဘူး၊ ကိုကိုကြည်နဲ့ ကိစ္စရှိတယ်'

'ဘာလဲ သိပ်လျှို့ဝှက်တဲ့ ကိစ္စလား၊ ကိုယ် မသိစေချင်ရင်လည်း မလာတော့ပါဘူးကွာ၊ ဒါပေမယ့် အဖော်ကွဲတဲ့လူဟာ ကျားကိုက်ခံရတတ်တယ်နော်'

ဘလှသန်းထွန်းက ခပ်ချိတ်ချိတ် ပြောသွားသော်လည်း ကိုခင်မောင်ကြည်ကမူ မကြားချင်ယောင် ဆောင်လိုက်သည်။ မည်သို့ပင်ဖြစ်စေ၊ သူ့အတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို သည်ညအဖို့ ကပွဲတွင် အဖော်ရသည်ကပင် ကျေနပ်မိသည်။

အမှန်၌ ခင်မောင်ကြည်သည် ကနေ့ည သီးသန့်ကပွဲတစ်ခု အတွက် အတွဲလိုက် လက်မှတ်နှစ်စောင်ကို ဝယ်ထားသည်။ အစက ပက်ဂီကြိုင်ကို ရည်မှန်းထားသည်။ ပက်ဂီကြိုင်က သုံးနာရီအချိန်တွင် ဂလုပ်ရုံ၌ ဆုံမည်ဟု ချိန်းထားသည်။ ပက်ဂီကြိုင်ကိုမတွေ့ရသောအခါ ကိုခင်မောင်ကြည်မှာ အတော်ပင် စိတ်ပျက်မိသည်။ ပက်ဂီကြိုင်သည် အကပိုင်းတွင် ကျော်ကြားသူဖြစ်သည်။

အထူးသဖြင့် နိုင်ငံခြားသားများနှင့် အတွဲများသည်။ နိုင်ငံခြားသားများအသည်းစွဲ ပက်ဂီကြိုင်ကို ကြက်မြီးပါတီတစ်ခုတွင် ကိုခင်မောင်ကြည်နှင့် မိတ်ဖွဲ့ခဲ့ရသည်။ ထိုစဉ်ကပင် ကိုခင်မောင်ကြည်သည် ပက်ဂီကြိုင်အား သဘောကျခဲ့သည်။ အမေရိကန်ကြိုက် ပေါင်တံရှည် သွယ်သွယ်ကားကား ထွားထွားယားယားရှိလှသော ပက်ဂီကြိုင်အား တစ်ခါတွဲကလိုက်ရပြီးလျှင် နောက်တစ်ကြိမ်တွေ့ဖို့ အခွင့်အရေးကိုသာ စောင့်နေမိသည်။

ယခု ပက်ဂီကြိုင်နှင့် ချိန်းထားပြီးမှ လွဲရသောအခါ ကိုခင်မောင်ကြည် စိတ်ထဲတွင် မခံချိမခံသာ ဖြစ်မိတော့သည်။

ထိုအချိန်မျိုးတွင် မော်နှင့်တွေ့ရသဖြင့် ကိုခင်မောင်ကြည်အဖို့ အနည်းငယ် သက်သာရာရလေသည်။

ကိုခင်မောင်ကြည်က သူ့အတွေးနှင့်သူ ကားကို မောင်းလာသော်လည်း မော်က ဘေးမှ သီချင်းတအေးအေးနှင့်လိုက်၍လာသည်။

http://www.cherrythitsar.org



ကားကလေးသည် ကုက္ကိုင်းအနီးမှ ခြံတစ်ခြံထဲသို့ ထိုးဝင်လိုက်လေသည်။

'ဘယ်သွားမှာလဲ ကိုကိုကြည်'

မော်က သူ ရောက်ဖူးသော နေရာဖြစ်သော်လည်း မသိဟန်ဆောင်၍ မေးလိုက်သည်။ ကိုခင်မောင်ကြည် ဝင်လာခဲ့သော နေရာမှာ ကုက္ကိုင်းလမ်းဆုံမရောက်ခင် ခြံတစ်ခြံဖြစ်သည်။

'ဒါက မစ္စတာရှားမားတို့ခြံလေ၊ သူ့အဖေက ကန်ထရိုက်တာ သူက အင်ဂျင်နီယာလေ၊ ကိုယ်တို့နဲ့ကျောင်းတုန်းက တစ်ဆောင်တည်းပဲ၊ အခုတော့ ဒီကောင်တွေက သိပ်ကြီးပွားနေတာ၊ နောက်ဆောက်တဲ့ အဆောက်အဦးတွေဆိုရင် သူတို့ တော်တော်များများ ဆောက်ရတယ်၊ ဟိုရောက်တော့ မော်တွေ့ရမယ်၊ ကပ္ပဲဥယျာဉ်ဟာ သိပ်လှတာပဲ'

'ဒါဖြင့် မော်တို့ကတော့ မရောက်ဖူးတဲ့နေရာကို ရောက်ရဦးမှာ ပေါ့နော်.. ဖိမ်ပဲကွ'

မော်သည် ကျေနပ်အားရဟန်ဖြင့် လက်ခုပ်တီးလိုက်သည်။

ကိုခင်မောင်ကြည်က သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးဆိုလိုက်လေသည်။

Seventeen Seventeen

Cool and solid seventeen

Young enough to dance and sing.

သီချင်း၏အဓိပ္ပာယ်မှာ ဆယ့်ခုနစ်အရွယ် ကျစ်လစ်အေးမြပုံ၊ အကနှင့်အဆိုအတွက် အသက်ငယ်သေးပုံ၊ အချစ်၏ကြင်နာမှုအတွက် ရပ်တည်နိုင်စွမ်းမရှိပုံ စသည်တို့ကို ဖွဲ့ဆိုထားသော သီချင်းတစ်ပုဒ်ဖြစ်သည်။ မော်သည် ကိုခင်မောင်ကြည်ဆိုသော သီချင်းကို နားထောင်ရင်း နှုတ်ခမ်းကလေး စူလာသည်။

'မကြိုက်ပေါင်၊ ဒီသီချင်းကို မော် သိပ်မုန်းတာပဲ၊ တကယ့်ဘဝနဲ့မအပ်ဘူး၊ ခုခေတ်က ဆယ့်ခြောက်နှစ်ဆိုရင် ဘဝအကြောင်းကို

http://www.cherrythitsar.org



အားလုံးနားလည်နေကြပြီ၊ တကယ်ဆိုတာလည်း တကယ်တော့ မကောင်းတဲ့ အလုပ်မှ မဟုတ်ဘဲ၊ ဒါကို ငယ်တဲ့လူရော မကရဘူးလား'

မော်သည် ကိုခင်မောင်ကြည်ဆိုသော သီချင်းနှင့်ရန်ဖြစ်နေပြန်သည်။ ကိုခင်မောင်ကြည်က ပြုံးလိုက်ရင်း အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်လိုက်သည်။ မော်က အလိုက်သိစွာ စီးကရက်ဘူးကိုယူ၍ ကိုခင်မောင်ကြည်အတွက် တစ်လိပ်မီးညှိလိုက်သည်။ ပြီးတော့လည်း ပါးစပ်တွင် တပ်၍ပေးလိုက်သည်။

ပြီးမှ သူ့အတွက် တစ်လိပ်ညှိလိုက်ပြီး လူကြီးဟန်ဖြင့်ဟန်ပါပါ ခဲလိုက်သည်။

မစ္စတာရှားမားတို့ ခြံထဲသို့ ဝင်သောအခါ ကိုခင်မောင်ကြည်ပြောသည့်အတိုင်းပင် မော်သည် အံ့သြဝမ်းသာ ဖြစ်နေသည်။ သီးသန့်ကပွဲဖြစ်သည့်အတိုင်း လူသိပ်များပုံမရချေ။ သို့သော် ခြံဘေးတွင် ဆိုက်ထားသော ကားများမှာ တစ်သောင်းကျော် ကားသည် အညံ့ဆုံးလောက်ဖြစ်သည်။ ကိုခင်မောင်ကြည်သည် ကားကိုတစ်နေရာတွင် ရပ်ပြီးလျှင် ဦးစွာဆင်းလိုက်သည်။ ပြီးမှ မော်ကို တံခါးဖွင့်ပေးသည်။ မော်က ကိုခင်မောင်ကြည်၏ လက်ကိုတွဲ၍ လိုက်ခဲ့သည်။ ကိုခင်မောင်ကြည်နှင့် မော်တို့ ဝင်သွားသောအခါ အပေါက်ဝမှ မစ္စတာရှားမားကပင် ဆီးကြိုဧည့်ခံလေသည်။

'ဟလို·· ကိုခင်မောင်ကြည်၊ ကြွပါခင်ဗျာ··· ကြွပါ၊ ပက်ဂီတစ်ယောက်ရော မပါဘူးလား'

'မပါလာဘူးဗျ၊ ပက်ဂီကို စောင့်နေတာ ချိန်းတဲ့နေရာမှာ မရှိဘူး၊ စထရင်းဟိုတယ်နဲ့ ကလပ်တစ်နေရာရာမှာ ရောက်နေရောပေါ့၊ ဩော်·· မစ္စတာ ရှားမားကို မိတ်ဆက်ပေးရဦးမယ်၊ သူက ထရီဆာကျော်ဒင်၊ မြန်မာနာမည်ကတော့ မော်တဲ့၊ ဝတ်လုံတော်ရ ဦးကျော်ဒင်ရဲ့ အငယ်ဆုံးသမီးလေ၊ မော်··· သူက မစ္စတာရှားမား'

ကိုခင်မောင်ကြည်သည် မိတ်ဆက်ပေးလိုက်သော်လည်း နှစ်ယောက်သားမှာ ထုံးစံအတိုင်း လက်ဆွဲနှုတ်ဆက်ခြင်း မပြုဘဲ ပြုံးစေ့စေ့ဖြင့် ကြည့်ကြသဖြင့် ကိုခင်မောင်ကြည်ပင် ကြောင်၍သွားသည်။

အမှန်၌ ကိုခင်မောင်ကြည် မိတ်ဆက်ပေးစဉ် မော်က မစ္စတာရှားမားကို မျက်စိမှိတ်၍ ပြထားပြီး ဖြစ်သည်။ ထို့ကြောင့်လည်း မစ္စတာရှားမားက အသာငြိမ်နေခြင်း ဖြစ်သည်။ အတန်ကြာမှ နှစ်ယောက်စလုံး ဟန်မဆောင်နိုင်ချေ။ မော်က ဘယ်ဘက်လက်ဖြင့် လက်ပြန်နှုတ်ဆက်လိုက်သည်။

'သြော်.. ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ နောက်လည်းမှတ်ထားပါ၊ မော်ကတော့ အမေရိကန်ပြန်ကြီး ဦးခင်မောင်ကြည်ရဲ့ နှမလေးလည်း ဟုတ်ပါတယ်၊ မိတ်ဆွေရင်းလည်း ဟုတ်ပါတယ်၊ အခုလို အင်ဂျင်နီယာကြီးနဲ့ တွေ့ရတာ ဝမ်းသာပါတယ်'

မော်ကပြောရင်း မအောင့်နိုင်သဖြင့် ရယ်ချလိုက်၏။ မစ္စတာရှားမားကပါရောရယ်လိုက်သည်။ သည်တော့မှလည်း ကိုခင်မောင်ကြည်က သဘောပေါက်တော့သည်။

'သြော်... သူတို့ကသိနှင့်ပြီးသားကိုး၊ မော်က သိပ်နောက်တယ်ကွာ မစ္စတာရှားမားအကြောင်းကို ကားပေါ်မှာ ပြောတုန်းကလည်းငြိမ်နေတာပဲ၊ ဘာမှမပြောဘူး'

မော်က ကျေနပ်အားရဟန်ဖြင့် နှုတ်ခမ်းပါးကလေးများလိပ်တက်သွားအောင်ပင် ရယ်လိုက်သည်။

'မော်က ကျွန်တော်တို့ရဲ့ နှင်းဆီခိုင်ကလေးပေါ့ဗျာ၊ ဆရာမပါရင်လေ အလှူမဖြစ်လောက်ဆိုတဲ့ သီချင်းလိုပေါ့၊ မော်မပါရင် ကပွဲမဖြစ်ပါဘူး ခင်ဗျာ'

'အမယ်...မစ္စတာရှားမားက အတော်တိုးတက်နေပါလား'

'ကိုကိုကြည်က နိုင်ငံခြားသွားနေလို့သာ မသိတာ၊ မစ္စတာရှားမားက သက်တန့်ပေါ်မှာ ကစားမယ် သီချင်းအဆို သိပ်ကောင်းတယ်၊ ပါတီတွေမှာ မစ္စတာရှားမားက သက်တန့်ပေါ်မှာ ကစားမယ် သီချင်းဆိုလိုက်ရင် အကုန်လုံး ငြိမ်သွားတာပဲ၊ တခြားလူတွေ အရှုံးပေးရတယ်'

မစ္စတာရှားမားသည် မော်၏ ချီးမွမ်းခန်းကို ကျေနပ်နေဟန်ရှိသည်။ ကိုခင်မောင်ကြည်နှင့် မော်သည် မစ္စတာရှားမား ပေး

http://www.cherrythitsar.org



သောနေရာတွင် ဝင်၍ ထိုင်လိုက်သည်။ နေရာပေးပုံမှာ စနစ်ကျလှသည်။

နှစ်ယောက်ထိုင်စားပွဲ၊ လေးယောက်ထိုင်၊ ခြောက်ယောက်ထိုင် စားပွဲများ ခင်းထားသည်။ သူ့အတွဲနှင့်သူ သီးသန့်ပေးထားသည်။ မော်သည် ကပွဲဥယျာဉ်ကိုကြည့်ရင်း အံ့သြနေမိသည်။

မစ္စတာရှားမားကမူ ကိုခင်မောင်ကြည်နှင့် မော်တို့ စားပွဲအတွက် အစောင့်လူငယ်တစ်ယောက်ကို ခေါ်၍ပေးလိုက်သည်။

'ကဲ.. လိုတာမှာ၊ သူ အမြဲ ဒီမှာရှိမယ်'

စားပွဲတစ်ပွဲလျှင် ခိုင်းစေရမည့် စားပွဲစောင့် တစ်ယောက်ကျ ရှိသည်။

ကပွဲခန်းက ဧည့်ခံစားပွဲများဘေးတွင် ကပ်လျက်ရှိသည်။ ကပွဲခန်းနှင့် ဧည့်ခန်းကြားတွင် အရက်နှင့် စားသောက်စရာကို သန့်သန့်နေရာချထားသည်။

မော်အကြိုက်ဆုံးမှာ မီးထွန်းထားပုံ ဖြစ်သည်။ မီးလုံးများကို မမြင်ရ။ ဆည်းဆာရောင် (သို့မဟုတ်) အရုဏ်ဦး မပွင့်တပွင့်အလင်းရောင်ကလေးများကို သစ်ပင်၊ ပန်းပင်များကြားတွင် ရောင်စုံထွန်း၍ ထားသည်။

ပြီးမှ စားပွဲတိုင်း၌ စားပွဲတင် မီးလုံးကလေးများ ပေးထားသည်။

ထိုမီးလုံးကလေးများမှာ ဆယ့်ငါး၊ နှစ်ဆယ်အားလောက်သာ ရှိသည်။

ဤမီးရောင်ကလေးများကပင် စိတ်ကို တစ်မျိုးနှိုးဆွပေးသလိုရှိတော့သည်။

'ကဲ.. လုပ်လေ မော်၊ မကခင် နည်းနည်းပူလာအောင်၊ ပြီးတော့လည်း ပြောမယ်ဆိုတဲ့ စကားလေးပြောပါဦး၊ ကြားချင်လှပြီ'

မော်သည် ဝိုင်တစ်ခွက်ကို ခပ်ရွရွကလေးပင် ကိုင်မြှောက်လိုက်ရင်း နှုတ်ခမ်းနှင့်ပွတ်၍လှည့်နေလိုက်သည်။ ကိုခင်မောင်ကြည်က သူ့အရက်ခွက်ကို မော့်ခွက်ဖြင့် ထိလိုက်ပြီးလျှင် နတ်တင်သလို အပေါ်သို့ပင့်လိုက်ရင်း

http://www.cherrythitsar.org



အရက်ဂါထာကို ကျူးရင့်လိုက်သည်။ ပြီးမှ တစ်ကျိုက်မျှ သောက်လိုက်သည်။

'ကဲ... မော်ရေ၊ ပြောမှာဖြင့် ပြောကွာ၊ ဘာလဲ'

'ဘာမှ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုကိုကြည် ကြားရင်တော့ အံ့သြမှာပဲ၊ ကိုကိုကြည် ကျန်ရစ်ဖြစ်နေပြီ... သိလား'

ကိုခင်မောင်ကြည်သည် မော့်စကားကို နားထောင်ရင်းကြောင်၍ နေပြန်သည်။

'အကောင်းပြောစမ်းကွာ... မော်ကလည်း၊ အမြဲတမ်းနောက်နေတာပဲ'

'အဟုတ်ပြောတာပါ၊ ကိုကိုကြည် ကျန်ရစ်ဖြစ်ပြီ သိလား၊ ပြောရင်ယုံမှာ မဟုတ်ဘူး၊ အံ့သြဖို့သိပ်ကောင်းတယ်၊ မ,ဟာ ဒီလိုလူစားမျိုးကို စဉ်းစားလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး၊ မအတွက် မော် သိပ်ရှက်တာပဲ'

မော်သည် ခံပြင်းသည့်စိတ်ဖြင့် ခေါင်းခါခါ လည်ခါခါ စချီလိုက်သည်။

သည်တော့မှလည်း ကိုခင်မောင်ကြည်က စိတ်ဝင်စားလာ၏။ မော် အတည်ပြောမှန်း သိလာတော့သည်။ အနီးမှ စားပွဲစောင့်က နောက်ထပ် တစ်ခွက်လာချလိုက်သည်။ မော်သည် ဝိုင်ခွက်ကို တစ်ချက်တည်း မော့လိုက်သည်။

'ဘယ်သူလဲကွ.. ပြောစမ်းပါဦး'

'အိမ်မှာ စန္ဒရားသင်ဖို့ခေါ်ထားတဲ့ လူနဲ့ ကိုကိုကြည်ရယ်၊ ကောင်းကြရော၊ ဒီလူ ဘယ်ကမှန်းမသိ၊ ပြိုင်ပွဲမှာ ဝင်ပြိုင်တုန်းက ဒက်ဒီက သနားပြီးခေါ်ထားတာနဲ့ ဒီလို လူမျိုးကိုများ စိတ်ကူးတာများ အံ့ရော'

မော်ပြောသော စကားများကို ကိုခင်မောင်ကြည် ကိုယ်တိုင်မယုံနိုင်အောင် ရှိတော့သည်။

ထို့ကြောင့် ကိုခင်မောင်ကြည်သည် မလှုပ်မယှက် မော့်ကိုသာ စိုက်၍ ကြည့်နေတော့သည်။

'ဟုတ်ပါ့မလား မော်ရာ၊ မ ့ဟာ ဒါလောက်တောင် စဉ်းစား ဉာဏ် မနည်းနိုင်ပါဘူး'

'အချစ်နဲ့တွေ့ကြရင် လူတွေ မျက်စိကန်းကြတယ် မဟုတ်လား၊ မော်ကမဟုတ်ဘဲ ကိုယ့်အစ်မရဲ့ ရှက်စရာသတင်းကို ပြောပါ့မလား၊ မော့်မျက်စိနဲ့ကိုမြင်ရတာ ကိုကိုကြည်ရဲ့၊ မ ့နဲ့ အဲဒီ ကိုဘခက်ဆိုတဲ့စန္ဒရားဆရာနဲ့အခန်းထဲမှာ ဖက်ပြီးနေတာကို ပက်ပင်းတိုးတာ၊ အဲဒီနေ့က မာမီလည်း မရှိဘူး၊ ဒက်ဒီကလည်း အပေါ်ထပ်စာကြည့်ခန်းမှာ၊ မော်ကမာမီနဲ့လိုက်သွားပြီးမှ ပျော်ပွဲစားထွက်တုန်းက ဓာတ်ပုံတွေ မေ့နေလို့ပြန်ယူတာ၊ အဲဒါသွားပြီးတွေ့တာ၊ မော်ဖြင့်ရှက်လည်းရှက်တယ်၊ မ ့ကိုလည်း အထင်သေးတယ်'

မော့်မျက်နှာကလေးမှာ ဒေါသဖြင့် တင်းမာ၍နေတော့သည်။ ကိုခင်မောင်ကြည်ကမူ ဘာမျှ ဆက်၍မပြောဘဲ ငိုင်၍ နေတော့သည်။ မ ့ပြောသော စကားများကို ပြန်၍ ကြားယောင်နေမိသည်။

'အရိုးအတိုင်းပြောရရင် မနဲ့ကိုကိုကြည်ဟာ မိဘမျိုးရိုး ဂုဏ်ကျက်သရေအဆင့်အတန်းချင်း တူတယ်လို့ထင်ရပေမယ့် တကယ်ဆိုတော့ လူချင်း၊ စိတ်သဘောထားချင်း၊ ရည်မှန်းချက်ချင်းက ကွာလွန်းလှပါတယ်၊ မရဲ့ရည်မှန်းချက်က ကိုကိုကြည်တို့နဲ့စာရင်နိမ့်လွန်းပါတယ် ကိုကိုကြည်၊ ဗစ်တာနဲ့မွန်၊ မော်တို့ဟာ ဘုံဖျားကိုမှရပ်လိုသူတွေပါ၊ မနဲ့အဟပ်ချင်းက ကွာလှပါတယ်'

ကိုခင်မောင်ကြည်သည် မ ့ပြောသော စကားများကို ပြန်လည်ကြားယောင်မိရင်းက မကျေချမ်းနိုင်အောင် ရှိတော့သည်။ သူ့လိုအဖက်ဖက်က ငြင်းပယ်စရာမရှိသောလူတစ်ယောက်ကို ခါးခါးသီးသီးငြင်းပယ်ပြီးမှ ဘာမဟုတ်သော အတီးဆရာတစ်ယောက်ကိုမှ ရွေးချယ်ခြင်းကိုမူ မခံမရပ်နိုင်အောင်ရှိတော့သည်။ အမှန်တော့ ကိုခင်မောင်ကြည်သည် မိန်းမနှင့်ပတ်သက်လာလျှင် သူ့ကိုယ်သူ အယုံကြီး ယုံစားသူဖြစ်သည်။ အယုံကြီးမည်ဆိုလျှင်လည်း ကြီးထိုက်၏။ အထင်ကြီးမည်ဆိုလျှင်လည်း ကြီးလောက်သည်။ ရုပ်ချော ပညာတတ် လူကုံထံသား အမေရိကန်ပြန်စသည့် အရည်အချင်းများက သူ့ကို ဤသို့သော ထင်တစ်လုံးမျိုးကို စွဲဝင်စေ၏။

http://www.cherrythitsar.org



မ,နှင့်တွေ့သောအခါ သူ့ကိုယ်ပင် သူမယုံနိုင်အောင် ရှိတော့သည်။ သို့တိုင်အောင်လည်း စိတ်ထဲ၌ကား မလျှော့။ အချစ်ရေးနှင့် ပတ်သက်လာလျှင် မိန်းမများအပေါ်တွင် ယောကျ်ားများက ခပ်ပေါ့ပေါ့ တွေးတတ်သည့်အတိုင်း 'မူတာပဲ' ဟုသာ တွေးထင်ခဲ့လေသည်။

ယခု မော်၏ စကားများကို ကြားရသောအခါ ကိုခင်မောင်ကြည်၏ စိတ်ထဲတွင် မခံမရပ်နိုင်အောင် ရှိတော့သည်။ သူလိုလူ တစ်ယောက်ကို ငြင်းပယ်၍ အညတရဂီတဆရာ တစ်ယောက်ကိုမှ ရွေးချယ်ကြည်ဖြူခြင်းကိုမူ ကိုခင်မောင်ကြည်အဖို့ နားမလည်နိုင်အောင်ရှိတော့သည်။ အပွဲပွဲနွှဲလာသမျှ ဤပွဲမှ အညံ့ခံလိုက်ရသည်ကိုလည်း မကျေချမ်းနိုင်အောင် ရှိတော့သည်။

ကိုခင်မောင်ကြည်သည် အသစ်ရောက်လာသော အရက်ခွက်ကို နှစ်မော့ သုံးမော့ ဆက်၍မော့လိုက်သည်။ ပြီးမှ စီးကရက်ကို ရှိုက်၍ဖွာရင်း မ,အပေါ်တွင် မှတ်ချက်ချလိုက်သည်။

'ဒါဟာ အချစ်မဟုတ်ဘူး နီးစပ်မှုပဲ၊ အန်ကယ် မှားတာပဲ၊ အိမ်မှာ သမီးပျိုတွေရှိနေတာ·· ဒီလို စန္ဒရားသမားတစ်ယောက်ခေါ်ထားတာကိုက မှားတာပဲ'

'အမယ် ကိုကိုကြည်က ဒီလိုတော့ မပြောနဲ့၊ မော်တို့များတော့ ခဲယဉ်းသားပဲ၊ သူ့ဆီမှာလည်း ဒက်ဒီက အသင်ခိုင်းပေမယ့် မသင်ပါဘူး၊ ရွှေမန်းမေ သီချင်းတောင် ဘယ်လိုတီးရမှန်းမသိဘူး၊ ဒါနဲ့များ စန္ဒရားဆရာတဲ့၊ သူတီးတဲ့ သီချင်းတွေလည်း မော်ဖြင့်နားမလည်ပါဘူး၊ ထံတျာတေတဲ့၊ ပြီးတော့ ဒလုတို့ ဒလုတ်တို့·· အို··ရှုပ်နေတာပဲ၊ မ,က ဒါတွေအထင်ကြီးတယ် ကိုကိုကြည်ရဲ့၊ ပြီးတော့ စိတ်ကလည်းပျော့တယ်၊ ဒါကြောင့် ဒီလိုဖြစ်ရတာ၊ ဒါပေမယ့် ဒီလူ အိမ်ကပြေးရမှာ၊ မာမီကသူ့ကိုထားမှာမဟုတ်ပါဘူး'

'ဪ·· ဒီကိစ္စ အန်တီ သိသွားပလား'

'သိတော့ မသိသေးဘူး၊ မော် စိတ်ကူးထားတယ်၊ မ,ကိုမေးမယ်၊ မ,က နောက်ထပ် ဒီလူနဲ့ ကင်းကင်းနေနိုင်မယ်ဆိုရင် မ,ကိုယ်တိုင်က ဒီလူကို မောင်းထုတ်ပစ်ရမယ်၊ နို့မို့ရင် အိမ်က ဒီလူထွက်သွားလည်း

http://www.cherrythitsar.org



တစ်နည်းနည်းနဲ့တော့ ဆက်နေကြဦးမှာပဲမဟုတ်လား၊ မ,ကိုယ်တိုင် မောင်းထုတ်လိုက်တော့ တစ်ခါတည်းပြတ်သွားတာပေါ့'

ကိုခင်မောင်ကြည်က မော်၏စိတ်ကူးကိုပင် ချီးကျူးမိသေးသည်။ ဟုတ်သည်။ မော်ပြောသည့်အတိုင်း အချစ်ကိစ္စဆိုသည်မှာ လူချင်းဝေးနေသော်လည်း ချစ်မိသောစိတ်က တော်တော်နှင့် ဖြတ်၍ မရနိုင်ပေ။ ဤနေရာ၌ မော်က အကွက်မြင်လှပေသည်။

'မော်က ဒီနေရာမှာတော့ တွေးပုံက ပိုင်သားပဲ'

ထိုအတွင်းဝယ် ကပွဲနေရာဆီမှ မီးများလင်း၍လာသည်။ ဂီတသံများသည်လည်း ငြိမ့်ညောင်းစွာ ပေါ်၍လာသည်။ စားပွဲတွင် ထိုင်နေသော အတွဲများသည် တစ်တွဲပြီးတစ်တွဲ ထ၍ က,မည့်နေရာသို့သွားကြသည်။ ကိုခင်မောင်ကြည်က ဖန်ခွက်ထဲမှ အရက်ခွက်ကို အစသတ်လိုက်သည်။

'ကဲ‥ မော်၊ က,မယ် မဟုတ်လား'

မော်သည် ဝိုင်ခွက်ကို လက်ဖနောင့်ဖြင့် ပွတ်နေရင်း ခေါင်းခါလိုက်သည်။

'ဟင့်အင်း‥‥ ဒီသီချင်းကြီး က,ရတာ ပျင်းစရာကြီး'

'မော်တို့က အကရဲ့အရသာကို မခံစားတတ်သေးဘူး၊ ဒီအကမျိုးက တစ်ယောက်ကို တစ်ယောက် မှီပြီး စိတ်ကူးယဉ်လို့ သိပ်ကောင်းတာ၊ အဲဒီတော့ လှိုင်းတွန့်ကလေးလို ငြိမ့်ပြီးဝင်လာတယ်၊ က,နေရတယ်လို့တောင် မထင်ဘူး၊ လှိုင်းပေါ်မှာ စီးနေရသလို ဝှမ်းပုံပေါ်မှာ ထိုင်နေရသလို စည်းစိမ်သိပ်ရှိတာ'

မော်သည် ကိုခင်မောင်ကြည်အား ချစ်စရာမျက်စောင်းကလေး ချီ၍ကြည့်လိုက်သည်။

ရုပ်ရှင်ကားထဲတွင် မင်းသမီးများ ကလေးဆန်ဆန် ဟန်ပေးလိုက်သလိုချစ်စရာကောင်းသည်ဟု ကိုခင်မောင်ကြည်စိတ်ထဲတွင် ထင်လိုက်မိသည်။

'အမယ်‥ကိုကိုကြည်က အဆွယ်ကောင်းတာပဲ၊ မော်ကအနည်းဆုံး ရမ်းတာလောက်မှ က,ချင်တာ၊ ဝေါ့စ်တော့ အေးအေးစက်စက်

http://www.cherrythitsar.org



ကြီး၊ က,ရတာပျင်းတယ်၊ က,တာနဲ့ မတူဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ဖက်ပြီး ပွတ်နေတာနဲ့ တူတယ်'

'အမယ်·· မော်တို့ က,တဲ့ ရှော့ခ်တို့ကမှ ပိုပြီး ပွတ်ကျတာဗျ၊ ခု တီးချက်မျိုးက လူကြီးတွေမှက,တာ၊ ကဲပါ···ဒီတစ်ပုဒ်ဆုံးရင် ဝင် ရအောင်'

မော်သည် အရုပ်ကလေးကဲ့သို့ ခေါင်းကိုဘယ်ညာဆက်၍ယမ်း နေရင်းဖြင့် ကိုခင်မောင်ကြည်ကို ပြောင်ပြနေသည်။ တီးဝိုင်းမှတီးသံ များ ရပ်သွားပြန်သည်။ လက်ခုပ်သံများ ကြားရသည်။ ခဏကြာလျှင် နောက်သီချင်းတစ်ပုဒ် စ၍ တီးလိုက်သည်။ တီးသံက ငြိမ့်သလောက် အင်္ဂလိပ်နဲ့သံက နွဲ့လှသည်။ အပျိုမကလေး၏ ခရာသံ၊ ညှသံကဲ့သို့အသံ မျှင်မျှင် သေးသေးကလေးကို တွန့်၍တွန့်၍ တင်လိုက်ပြီးမှ နိမ့်သံလို တစ်ဟုန်ထိုးဆင်းသွားလိုက်ပုံမှာ ကြားရသူတို့၏ ရင်ထဲတွင် လှိုက်၍လှိုက်၍ သွားသည်။

ကိုခင်မောင်ကြည်သည် လေးခင်းဆိုင်းသံ ကြားရလျှင် လက် ဖွေ့ထိုးရန် တရွရွ ဖြစ်နေသော လက်ဖွေ့သမားကဲ့သို့ ဂီတသံကို ကြားလိုက်ရသဖြင့် မက,ဘဲ မနေနိုင်အောင် ရှိတော့သည်။ မော်က ပြုံးစစဖြင့် ပြောင်နေသည်ကိုပင် မစောင့်နိုင်တော့ချေ။ နေရာမှထလိုက် သည်။

'ကဲ·· လာ မော်·· နောက်မနေစမ်းပါနဲ့'

သည်တော့မှ မော်ကနေရာမှ ခပ်ကြွကြွကလေး ထလိုက်ပြီး ကိုခင်မောင်ကြည်ကို မှီတွဲ၍ ဘေးမှ လျှောက်လိုက်သည်။ ကပွဲခန်း ဘေးမှ မပွင့်တပွင့် နီနီ ဝါဝါ ပြာပြာ မီးရောင်ကလေးများကြောင့် တစ်မျိုးလှနေသည်။ တီးဝိုင်းမှ အင်္ဂလိပ်နဲ့မှုတ်သူသည်ပင် ရှေ့တွင်ရပ်၍ ရှေ့တိုးနောက်ယိမ်းဖြင့် စိတ်ပါလက်ပါဖြင့် မှုတ်နေသည်။ ထိုနဲ့ဆရာကို ပင် မီးအဖြူကွက်၍ ထိုးပေးထားသည်။

မော်သည် ကပွဲအခမ်းအနား ပြင်ဆင်ပုံကိုကြည့်ပြီး အလိုလို ကြည်နူးနေဟန်ရှိသည်။ ကိုခင်မောင်ကြည်က ကရန် ဟန်ယူလိုက်မှ မော်သည် ကိန္နရာမကလေးကဲ့သို့ အလိုက်သင့် လက်ကလေးမြှောက်၍ ပေးလိုက်သည်။ ရေလှိုင်းတွင်းသို့ အလိုက်သင့် ကျ၍သွားသော လှေ

ကလေးကဲ့သို့ ကိုခင်မောင်ကြည်နှင့် မော်သည် စည်းချက်ဝါးချက်တွင်းသို့ အလိုက်သင့်ဆင်း၍ ကလိုက်သည်။

ကိုခင်မောင်ကြည်သည် မော်၏ခါးကလေးကို လက်ဖဝါးဖြင့်ဖိ၍ ကနေရာမှ တစ်နေရာသို့ တငြိမ့်ငြိမ့်လှည့်၍လှည့်၍ ခေါ်သွားသည်။ မော်က အလိုက်သင့်မှီ၍ ပါလာတတ်သည်။ ထိုသို့ တစ်နေရာမှတစ်နေရာသို့ လှည့်၍လှည့်၍ သွားရာမှ ကိုခင်မောင်ကြည်၏ ကျယ်ပြန့်သောရင်ပြင်တွင် မော်၏ ပခုံးစွန်းကလေးနှစ်ဖက် မှီလျက်သာ ရှိတော့သည်။ တဖြည်းဖြည်း မော်၏ အပေါ်ပိုင်းတစ်ကိုယ်လုံးသည် ကိုခင်မောင်ကြည်၏ ရင်ခွင်တွင်းသို့ ပျောက်၍နေတော့သည်။ ကိုခင်မောင်ကြည်က သူ၏ပါးတစ်ခြမ်းကို မော်၏ခေါင်းပေါ်တွင် မှေးတင်၍ထားလိုက်သည်။

မော်က ကိုခင်မောင်ကြည်၏ ရုပ်ပြင်တွင် အလိုလိုမှီလျက်သားရှိတော့သည်။ အရက်ရှိန်နှင့်သွေးက ကြွသလိုလိုရှိသော်လည်း ငြိမ့်ညောင်းသော ဂီတနှင့် အကထဲတွင် စိတ်က အလိုလို ညွတ်နူး၍လာ၏။ ခေါင်းထဲတွင် ရီဝေဝေကလေးဖြစ်နေရာမှ နွဲ့နှောင်းသော ဂီတထဲတွင် တယုတယ ပွေ့ဖက်ပြီး ကနေရာမှ စိတ်က အလိုလို ပျော့၍လာသည်။ ကနွဲ့ကလျ မှီ၍နေချင်လာသည်။ ကနေရသည်ကိုပင် ကနေရမှန်းမသိ။ အရက်ရှိန်ကလေး ရီတီတီဖြင့် ကိုခင်မောင်ကြည်၏ ရင်ခွင်၌သာ မှေး၍နေလိုက်သည်။

ကိုခင်မောင်ကြည်က မော့်နဖူးပြင်ကို သူ့ပါးဖြင့်ပွတ်၍ ခပ်တိုးတိုး မေးလိုက်သည်။

'မော် မူးနေသလား'

'ဟင့်အင်း မူးပါဘူး'

မော်က နှုတ်ခမ်းစေ့၍ ခပ်နွဲ့နွဲ့ ပြန်ဖြေလိုက်သည်။ မော့်အသံမှာ ခါတိုင်းလို မစူးရှတော့ပေ။ လေသံက တိုး၍နွဲ့သည်။ နှုတ်ခမ်းကလေးရွဲ့၍ နှာသံဖြင့် ပြောလိုက်သော ခြောက်ကပ်ကပ် အသံမျိုးဖြစ်သည်။

'မ ့တစ်ယောက်ကတော့ မော်တို့နဲ့ တခြားစီပဲနော်၊ အကတွေဘာတွေ ဝါသနာမပါဘူး ထင်တယ်နော်'

'တစ်ခါမှတောင် ရောက်ဖူးမှာ မဟုတ်ဘူး'

ကိုခင်မောင်ကြည်သည် မော့်ကို ခပ်တင်းတင်းကလေး ဖက်ထားလိုက်သည်။ တီးချက်ရပ်သွားမှ ကနေသော အရှိန်ကို လျှော့လိုက်သည်။ ပြီးမှ ကိုယ့်စားပွဲသို့ ကိုယ်ပြန်ကြသည်။ စားပွဲပြန်ရောက်တော့လည်း မော်သည် နွမ်းနေဟန်ရှိသည်။ မျက်တောင်ကော့ကလေးများသည် စင်း၍နေတော့သည်။ ကိုခင်မောင်ကြည်က မော့်အတွက် ဝီစကီကို ပြောင်း၍ မှာလိုက်သည်။

'ဘယ့်နဲ့လဲ မော်၊ အိပ်ချင်သွားပလား'

မော်သည် ငှက်ကလေးများလို ခေါင်းကို တစ်ချက်ခါလိုက်ရင်း ဝီစကီခွက်ကို တစ်ဝက်ခန့် မော့၍သောက်လိုက်သည်။ ပြီးမှ အာလူးဖုတ်ကလေးများကို ရွေး၍စားလိုက်သည်။

'ကရတာ လူတော့ငြိမ်လွန်းတယ်။ အိပ်ခါနီး ကဖို့ကောင်းတယ်နော်၊ ဂျီတာဘတ်တို့ ရော့ခ်တို့ ကပြီးတာနဲ့ မှိန်းနေဖို့ကောင်းတယ်'

'ဒီဝေါ့စ်က အနောက်မှာ သိပ်ခေတ်စားတယ်၊ တော်ဝင်ပွဲကြီးလမ်းကြီးတွေမှာ ဒီအကပဲ ကကြတယ်၊ မြို့စားကြီးတွေ မင်းပိုင်စိုးပိုင်တွေ၊ သူဌေးကြီးတွေ အလွန်နှစ်သက်တဲ့ အကပေါ့၊ ဣန္ဒြေရရနဲ့ ခန့်ခန့်ကြီးပွက်တဲ့ အကပေါ့၊ ဒီအကမျိုးက ဘယ်တော့မှလည်း မရိုးဘူး၊ စတရပ်ရဲ့ ဝေါ့စ် တေးသွားဆို သိပ်ခေတ်စားတာပေါ့၊ အမေရိကားတို့၊ အင်္ဂလန်တို့မှာ ခုထိ ခေတ်စားတုန်းပဲ၊ သူက ဖြည်းဖြည်းနဲ့ ခန့်ခန့်က လို့ရတယ်၊ နဖူးချင်း၊ ပါးချင်း၊ ရင်ချင်းကပ်ပြီး ဣန္ဒြေမပျက် ဖိမ်ခံကနိုင်တဲ့ အကမျိုးပေါ့'

ကိုခင်မောင်ကြည်က သူ နှစ်သက်သော အကအကြောင်းကို အသေးစိတ် ရှင်းပြနေသော်လည်း မော်ကမူ ခုထိပင် နွမ်းနေပုံရသေးသည်။

မျက်လုံးကို မှေးရင်း အရက်ခွက်နှင့် နှုတ်ခမ်းကို တေ့ထားလိုက်သည်။

ထိုအတွင်း တီးဝိုင်းမှ ခပ်သွက်သွက်တေးသံကို ကြားရသည်။ မော်သည် အရက်ကို အကုန်မော့လိုက်ပြီးလျှင် ခေါင်းတညိတ်ညိတ်ဖြင့် တစ်ကိုယ်လုံးလှုပ်၍လာသည်။

http://www.cherrythitsar.org



မစ္စတာရှားမားနှင့် အရွယ်ခပ်လတ်လတ် ဖြူဖြူတုတ်တုတ်မိန်းမ တစ်ယောက်သည် ကိုခင်မောင်ကြည်တို့ဝိုင်းသို့ ရောက်လာသည်။ မစ္စတာ ရှားမားက မော်ကို သူနှင့်ကရန် ခွင့်တောင်းလိုက်သည်။

ပြီးမှ သူနှင့်ပါလာသော မိန်းမတစ်ယောက်နှင့် အားလုံးကိုမိတ် ဆက်ပေးလိုက်သည်။

'သူက မစ္စစ်တင်သန်းအောင်လေ'

အမှန်၌ ဤသို့မိတ်ဆက်ပေးလိုက်ခြင်းဖြင့် မစ္စစ်တင်သန်းအောင် သည် မည်မျှ ထင်ပေါ် ကျော်ကြားသူဖြစ်ကြောင်း သိသာနိုင်ပေသည်။ ကိုခင်မောင်ကြည်ရော မော်ပါ တအံ့တသြဖြင့် ပြုံးရွှင်နှုတ်ဆက်ကြ သည်။

'သြော်.. နာမည်တော့ ကြားဖူးပါတယ်၊ အခုမှပဲ တွေ့ရတယ်'

ဤသို့ ပြောဆိုနှုတ်ဆက်လိုက်ရခြင်းအားဖြင့် မစ္စစ်တင်သန်း အောင်သည် ကပွဲခန်းထဲ၌ မည်မျှ ကျော်ကြားနေသည်ကို သိနိုင်ပေ သည်။

'ကဲ... မော်၊ အပြောင်းအလဲကလေးပေါ့၊ ခုန အငြိမ်အက၊ အခု အဆော့အက၊ အအေးကနေ အပူပြောင်းရအောင်'

မော်က ချက်ချင်းပင် နေရာမှထလိုက်သည်။ မစ္စတာရှားမားတို့ ထွက်သွားသောအခါ မစ္စစ်တင်သန်းအောင်သည် ကိုခင်မောင်ကြည်နှင့် ကျန်ရစ်ခဲ့သည်။

မစ္စစ်တင်သန်းအောင်က စကားတစ်ခုကိုအစရှာ၍ ရောက်တတ် ရာရာကို လျှောက်၍ပြောသည်။ ကိုခင်မောင်ကြည်ကမူ မော့်ကိုသာ လှမ်း၍ ကြည့်နေမိသည်။

မစ္စတာ ရှားမားနှင့် မော်တို့သည် အဝေးမှ ကြည့်သောအခါ ကနေသည်ဟူ၍ပင် မထင်ရပေ။

လှုပ်ရှားပုံက မြန်လွန်းသည်။ တစ်ခါတစ်ခါ နှစ်ကိုယ့်တစ်ကိုယ် ဖြစ်ဟန် ပူးကပ်သွားသည်။

တစ်ခါတစ်ခါလှည့်လိုက်၊ ယိမ်းလိုက်ပုံမှာလည်း ဆပ်ကပ်ပြသလို သွက်လက် လျင်မြန်လှသည်။

ကိုခင်မောင်ကြည်သည် မော်ကိုကြည့်ရင်း မောလာသည်။ နောက်ဆုံးတွင် မော်သည် ကပွဲခန်းမ၏ အလယ်တွင် အစွမ်းပြ၍နေပြန်တော့သည်။ တေးသံရပ်သွားသောအခါ အားလုံးက မော်ကိုချီးကျူးနေကြသည်။

နောက်ထပ် တေးသံတစ်မျိုး ပေါ်လာသည်။ ကိုခင်မောင်ကြည်နှင့် မစ္စစ်တင်သန်းအောင်တို့က တစ်တွဲ ဆက်ကပြန်သည်။ နောက်တစ်ခါ မစ္စတာ ရှားမားနှင့် တင်သန်းအောင်တို့က တစ်တွဲ၊ ကိုခင်မောင်ကြည်နှင့်မော်တို့က တစ်တွဲ ကပြန်သည်။ သည်လိုနှင့်ညဦးသည် တဖြည်းဖြည်း နက်၍လာသည်။

ကိုခင်မောင်ကြည်နှင့် မော်ပြန်သောအခါ တစ်နာရီပင် ထိုးခါနီးလေပြီ။

ကိုခင်မောင်ကြည်သည် စီးကရက်ခဲရင်း ကားကိုခပ်ဖြည်းဖြည်းမောင်း၍ အင်းလျားကန်ဘက်သို့ လှည့်ခဲ့သည်။ မော်ကမူ မျက်လုံးမပွင့်တော့ချေ။

ကိုခင်မောင်ကြည်၏ လက်မောင်းတစ်ဖက်ကိုသာ သူ့လက်ကလေးဖြင့် ဖက်ထားရင်း မှီ၍လိုက်သည်။

ကိုခင်မောင်ကြည်သည် အင်းလျားကန်စောင်း သစ်ပင်ရိပ် တစ်နေရာတွင် ကားကို အသာထိုး၍ ရပ်လိုက်သည်။

သောက်လက်စ စီးကရက်ကို တအားရှိုက်လိုက်ပြီးလျှင် ဘေးသို့ပစ်လိုက်သည်။

ပြီးမှ မော်၏ပခုံးကလေးကို သိုင်းဖက်ထားလိုက်သည်။ မော်က ကိုခင်မောင်ကြည်၏ ရင်ခွင်တွင်းသို့ မသိမသာ ရောက်သွားသည်။

အင်းလျားရေပြင်သည် ကြယ်ရောင်ကလေးများ အောက်တွင် တလွန့်လွန့် လှုပ်ရှားလျက်ရှိသည်။

ကြယ်ကလေးများသည် လှိုင်းတွန့်ကလေးများ အောက်တွင် လှုပ်ကစား၍ နေရာမှ လှိုင်းတွန့်ကလေးများအောက်သို့ လွင့်စဉ်ကျသွားတတ်သည်။

မော်သည် ကားမှန်ထဲမှနေ၍ အင်းလျားရေပြင်ကြီးကို ကြည့်နေမိသည်။

http://www.cherrythitsar.org



အသက်ရှူက မြန်လာသည်။ မော်၏ ရွှေရင်ဖြိုးဖြိုးကလေးသည် လှိုင်းတွန့်ကလေးများလို လွန့်၍လွန့်၍ တက်လာသည်။ အတန်ကြာမှ ကိုခင်မောင်ကြည်ကို မျက်လုံးကလေးပင့်၍ ကြည့်လိုက်သည်။

'ပြန်ကြရအောင် ကိုကိုကြည်ရယ်၊ သိပ် ညဦးနက်နေမယ်နော်'

မော်က နွဲ့သံကလေးဖြင့် တောင်းပန်လိုက်သော်လည်း ကိုခင်မောင်ကြည်ကမူ ကြားဟန်ပင် မတူချေ။ မော်၏မျက်နှာပေါ်မှ မိုး၍ ရီဝေသော မျက်လုံးများဖြင့် မော့်ကိုသာစိုက်၍ ကြည့်နေသည်။ သို့ ကြည့်နေရာမှ ကိုခင်မောင်ကြည်၏ မျက်နှာသည် မော့်မျက်နှာနားသို့ တဖြည်းဖြည်း နီး၍လာသည်။

မော်၏ ကျစ်လျစ်နူးညံ့သော ကိုယ်ကလေးကိုလည်း လက်တစ်ဖက်ဖြင့် ပွေ့၍ မြှောက်လိုက်သည်။

မျက်နှာချင်း ကပ်၍သွားသည်။

နောက် နှုတ်ခမ်းချင်း ဂဟေဆက်သွားသည်။

'ဟင့်အင်း ... ဟင့်အင်း ...'

'မကောင်းဘူးကွယ်... ကိုကိုကြည်ရယ်'

မော်က တစ်ချက်မျှ ရုန်းလိုက်သည်။

မျက်နှာချင်း ကွာ၍သွားသည်။ နောက် ပြန်၍ နီးလာသည်။

နောက်ဆုံး၌ ကိုခင်မောင်ကြည်၏ လက်နှစ်ဖက်သည် မော့်တစ်ကိုယ်လုံးကို ရစ်ပတ် ပွေ့ဖက်ထားလိုက်သည်။ မော်၏ နီထွေးလတ်ဆတ်သော နှုတ်ခမ်းပါးကလေးအစုံနှင့် ကိုခင်မောင်ကြည်၏ နှုတ်ခမ်းထူကြီးများမှာ ထိတွေ့သွားပြန်သည်။ မော်၏ တအင်အင် ညည်းသံနှင့် မောသံ၊ ရှိုက်သံကလေးများသည် အင်းလျားရေပြင်ပေါ်တွင် လွင့်စဉ်၍ ထွက်လာသည်။

သည်တစ်ကြိမ်တွင် မော်၏လက်ကလေးအစုံသည် ကပွဲတုန်းကလို ကိုခင်မောင်ကြည်၏ တစ်ကိုယ်လုံးကို ပြန်၍ဖက်တွယ်ထားလိုက်သည်။

အင်းလျားရေပြင်သည် ငြိမ်သက်၍သွားသလို ထင်ရသည်။ လှိုင်းတွန့်ကလေးများ ဖြာ၍ထွက်လာသည်။ ထိုလှိုင်းတွန့်ကလေးပေါ်တွင် ကြယ်ကလေးတစ်ပွင့်က ပြေး၍ တက်လာသည်။ နောက် လွင့်စဉ်၍ကျသွားသည်။

http://www.cherrythitsar.org



အင်းလျားကန်စောင်း မှောင်ရိပ်တွင် ရပ်ထားသောကားကလေး၌မူ ဘာသံမှျပင် မကြားရတော့ချေတကား။

●

(၁၃)

ကိုဘခက်သည် မ,ထံမှ စာကလေးကို မောင်အေးလာပေးသောအခါ ဝမ်းသာ အားတက်မိသည်။ မ,နှင့် မတွေ့ရသည်မှာ နှစ်ပတ်ခန့်ရှိပြီ။

လူကြီးများကား ကိုဘခက်နှင့် မ,အကြောင်းကို ရိပ်မိပုံမပေါ်သော်လည်း ကိုယ့်လိပ်ပြာကိုယ် မလုံဘဲ တစ်ယောက်နှင့် တစ်ယောက်ရှောင်၍ နေကြသည်။

ကိုဘခက်ကိုယ်တိုင်ကလည်း အိမ်သို့ကပ်သည်မရှိ၊ မိုးလင်းကထွက်၍ မိုးချုပ်မှ အိမ်သို့ပြန်လေ့ရှိသည်။

သည်အထဲတွင် အသံလွှင့်ရန် အစီအစဉ်ရသဖြင့် သီချင်းတိုက်ရသည်။ ဦးကျော်ဒင်က ကိုဘခက်အတွက် အသံလွှင့်ရန် အစီအစဉ်ရသဖြင့် ဝမ်းသာစကားပင် ပြောကြားရှာသည်။

မော်တစ်ယောက်မှလွဲ၍ အိမ်သားအားလုံးမှာ အရင်အတိုင်းပင် ဆက်ဆံပြောဆိုကြသည်။

မော်ကမူ ကိုဘခက်ကိုမြင်လျှင် မျက်နှာထား ခပ်ဆိုးဆိုးဖြင့် ကြည့်တတ်သည်။

ခြေကိုဆောင့်နင်းတတ်သည်။ ကိုဘခက်ကသာ မမြင်ချင်ယောင်ဆောင်၍နေရသည်။ ဤသို့ဖြင့် နှစ်ပတ်ကျော်မျှ တစ်ယောက်နှင့် တစ်ယောက်ခပ်ရှောင်ရှောင်နေခဲ့ကြသည်။

လူချင်းဆုံလျှင် မျက်လုံးချင်းသာ စကားပြောကြသည်။ တစ်ခါတစ်ရံ အကြောင်းတိုက်ဆိုင်မှ မေးထူးခေါ်ပြောလောက်သာ ဟန်မပျက်ဆက်ဆံကြသည်။

အမှန်တော့ ကိုဘခက် ကိုယ်တိုင်ကပင် မ,နှင့် တွေ့ချင်သည်။ စကားပြောချင်သည်။ သို့သော် မ,၏အရိပ်အကဲကိုကြည့်၍ မတတ်သာ ခပ်ခွာခွာ နေခဲ့ရခြင်းသာ ဖြစ်သည်။

ယနေ့လည်း အိမ်ရှေ့ဧည့်ခန်းတွင် ဝိုင်းကောင်းလှသည်။ မနှင့် မော်တို့အဖော်များပင် ဖြစ်သည်။ မော်၏ အသံကို အများဆုံးကြားရသည်။ ကိုဘခက်ကမူ အခန်းတွင်းမှပင် မထွက်တော့ချေ။ စာအုပ်တစ်အုပ်နှင့်သာ အဖော်လုပ်၍ နေရသည်။ နေ့ခင်းပိုင်းတွင် မောင်အေးက ကော်ဖီလာ၍ပို့ရင်း မ,ထံမှ စာကို ပေးလိုက်သည်။ ကိုဘခက်သည် ကော်ဖီကိုမသောက်နိုင်သေးဘဲ မ,ထံမှ စာအိတ်ပြာကလေးကိုသာ ဖွင့်၍ ဖတ်လိုက်မိသည်။

ကို ရေ . . .

မ,ကို့ကို တွေ့ချင်ပါတယ်၊ ကို့ လက်သံကလေးတွေ နားထောင်ရင်း စိတ်ဖြေနေရပါတယ် ကို၊ ကိုလည်းတော်တော် စိတ်ဆင်းရဲနေမှာပဲနော်။

မ,စိတ်ဆင်းရဲသလို ကိုလည်း စိတ်ဆင်းရဲရှာမှာပဲဆိုတာ မ,ကိုယ်ချင်းစာပါတယ် ကို၊ ဒါဟာအချစ်ရဲ့ဆုလာဘ်ကြီး တစ်ခုပဲလို့ မ,နားလည်ပါတယ် ကိုရယ်။

ကို့ကို ဝမ်းသာစရာ တစ်ခုပြောမယ်၊ မ, ဒီနှစ် စာမေးပွဲ အောင်တယ်၊ မော်တို့တော့ ပါတီ လုပ်ကြလိမ့်မယ်၊ မ,တော့ ကျောင်းက သူငယ်ချင်းတွေဆီသွားပြီး ပြုစုရမယ်လို့ ဖေဖေ မေမေကို ညာထားတယ်၊ မိဘကို မွေးကတည်းက ဒီတစ်ကြိမ်ပဲ လိမ်ဖူးသေးတယ် ကိုရယ်၊ အချစ်အတွက် လိမ်ရတာမို့ ငရဲမကြီးပါဘူးနော်၊ မ,ခုလိုလိမ်တာ ကိုနဲ့တွေ့ချင်လို့၊ အဲဒါ ကို ဆက်ဆက် လာခဲ့နော်၊ ကနေ့ နှစ်နာရီတိတိမှာ ရှစ်မိုင် ကြိုင်နန်း တရုတ်ဟိုတယ်က စောင့်နေပါ၊ မ,လည်း ဒီဟိုတယ်ကိုပဲ မွန်တို့နဲ့ နှစ်ခါလောက်ရောက်ဖူးတယ်၊ ဘယ်ဘက် နောက်ဆုံးခန်းက စောင့်နေနော် ကို၊ မ,နှစ်နာရီတိတိ အရောက်လာမယ်၊ အိမ်က နာရီနဲ့ တိုက်သွားပေါ့။

မ ့လက်ရေးကလေးတွေ ပိုပြီး မလှဘူးလား ကို၊ အဲဒါ ဘာကြောင့်လဲ သိလား၊ ကို လက်ဆောင်ပေးတဲ့ ဖောင်တိန်ကလေးကို မ ့ နှမြောလို့ သိမ်းထားတာ၊ တစ်ခါမှ မရေးသေးဘူး။ ကနေ့ ကို့ဆီစာရေးတော့ ဒီဖောင်တိန်ကလေးကို သတိရပြီး အဦးဆုံး ရေးလိုက်ခြင်းပဲ။

ကို့ကို ချစ်သလို ကို ပေးတဲ့ လက်ဆောင်ကလေးကိုလည်းမ ့ မြတ်နိုးခုံမင်ပါတယ် ကိုရယ်…။

ကို့ ချစ်တပည့်မလေး

မ …။

ကိုဘခက်သည် မ ့ထံမှ စာကလေးကို ဖတ်ပြီးသည့်တိုင်အောင် မလွတ်နိုင်ဘဲ ရှိလေသည်။ မ ့၏ လက်ရေးကလေးများသည် မ ့မျက်နှာကဲ့သို့ ကြည်လင်လှပေသည်။ မ ့အတွင်းစိတ်ကဲ့သို့ ရှင်းလင်းပြတ်သားလှသည်။ မ ့အချစ်ကဲ့သို့ ညီညာဖြောင့်တန်းလှသည်။

ကိုဘခက်သည် စာကိုနောက်တစ်ခေါက်ပြန်ဖတ်ပြီးလျှင်ခေါက်ရိုးမပျက် ပြန်၍ခေါက်လိုက်သည်။ ပြီးမှ တယုတယ အိတ်ထောင်ထဲသို့ ထည့်လိုက်သည်။ နာရီကိုကြည့်လိုက်သည့်အခါတွင် ဆယ့်နှစ်နာရီခွဲခါနီးလေပြီ။

ထိုအချိန်ကိုပင် စောသည်ဟုမထင်။ ခုချိန်မှထွက်လျှင် နှစ်နာရီ၌ ချိန်းထားသော နေရာသို့ ရောက်မည်။ စောင့်နေရသည်က အရေးမဟုတ်၊ ကိုယ်က နောက်ကျလျှင် မ ့စိတ်ပူနေမည်စိုးသည်။ ထို့ကြောင့်ပင် ကိုဘခက်သည် အဝတ်အစားများကိုလဲ၍ စာအုပ်တစ်အုပ်ကိုဆွဲကာ အိမ်မှထွက်ခဲ့သည်။

ကြိုင်နန်းဟိုတယ်သို့ ကိုဘခက်ရောက်သောအခါ တစ်နာရီပင် မထိုးသေးချေ။ စားစရာများ မှာပြီးလျှင် စာအုပ်တစ်အုပ်နှင့် အချိန်ကို ကုန်မှန်းမသိ ကုန်လွန်စေတော့သည်။ စာအုပ်ဖတ်နေသော်လည်း မျက်စိထဲတွင်ကား စာလုံးများကို မမြင်၊ မ ့မျက်နှာကလေးသာပေါ်၍ ပေါ်၍ လာတတ်သည်။ ထိုအခါတွင် ကိုဘခက်သည် မ ့ထံမှ စာကလေး

http://www.cherrythitsar.org



ထုတ်၍ ဖတ်မိပြန်သည်။ ဖတ်၍ ဆုံးသွားပြန်တော့လည်း မ ရေးလိုက်သော စာလုံးကလေးများက အသံမြည်၍ လာပြန်သည်။ နားတွင် နှစ်ကိုယ်ကြား ညင်းညှံ့ညှံ့ ပြောနေသလို ကြားယောင်မိပြန်သည်။

'မိဘကို မွေးကတည်းက ဒီတစ်ကြိမ်ပဲ လိမ်ဖူးသေးတယ် ကိုရယ်'

'အချစ်အတွက် လိမ်ရတာမို့ ငရဲမကြီးပါဘူးနော်'

မ၏ပြောနေသံကို နားထဲတွင် အလိုလို ကြားလာရင်းက ရင်ထဲတွင် သိမ့်သိမ့်ခါ၍ သွားမိသည်။ သည်အခါတွင် ကိုဘခက်သည် နာရီကိုသာ တကြည့်ကြည့်နှင့် ရှိတော့သည်။ စက္ကန့်တံကလေး တစ်ပတ်ပြည့်တိုင်း ပြည့်တိုင်း တစ်မိနစ် တစ်မိနစ်ကူးသည်ပင် မပြတ်စောင့်၍ကြည့်နေမိသည်။

တစ်နာရီခွဲ၊ တစ်နာရီ သုံးဆယ့်ငါး၊ တစ်နာရီလေးဆယ်၊ တစ်နာရီ လေးဆယ့်ငါး။

တစ်နာရီငါးဆယ်သို့ရောက်သောအခါ ကိုဘခက်သည် စိုးရိမ်၍လာသည်။ သံသယဖြစ်လာသည်။ လာမှ လာပါ့မလားဟူသော ပူပင်စိတ်က သူ့ကို ချောက်ချားလာစေသည်။ နှစ်နာရီထိုးသောအခါတွင်မူ အခန်းတွင်း၌ပင် နေ၍မရတော့ချေ။ အပြင်သို့ ထွက်၍ မျှော်မိသည်။ နှစ်နာရီနှင့် တစ်မိနစ်စွန်းသည်နှင့် တစ်ပြိုင်နက် သူ့ရင်ထဲ၌ အပူလုံးကြီးများ တစ်လုံးပြီးတစ်လုံး တက်၍လာသည်။ အားပျက်ချင်သောစိတ်က တဖြည်းဖြည်း လွှမ်းလာ၏။

ထိုအတွင်းမှာပင် ကားတစ်စီးဆိုက်သည်ကိုမြင်လိုက်ရ၍ ဝမ်းသာမိသော်လည်း မ တို့ အိမ်မှကား မဟုတ်သဖြင့် တစ်ဖန် စိတ်ပျက်ရပြန်သည်။ သို့သော် ခဏချင်းပင် ကိုဘခက်မျက်နှာသည် ရွှင်လန်းကြည်လင်လာသည်။

မ က ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း လက်မှနာရီကိုကြည့်လိုက်သည်။ ပြီးမှ ကားဆရာကို ခပ်တိုးတိုးမှာလိုက်ပြန်သည်။ ကားဆရာပေးလိုက်သော အထုပ်တစ်ထုပ်ကို လှမ်း၍ ယူပြီးလျှင် အပေါ်သို့တက်လာသောအခါ ကိုဘခက်က လှေကားထိပ်မှ ဆီး၍ ကြိုမိသည်။ မ က ကိုဘခက်ကို ကြည့်ရင်း မပွင့်တပွင့် ပြုံးလိုက်ရှာသည်။

http://www.cherrythitsar.org



'မ နောက်ကျသွားတယ်နော်၊ ဆရာ စောင့်နေရတာ ကြာရော့ မယ်'

စောင့်နေရစဉ်က စိတ်ပင်ပန်းသလောက် မ မျက်နှာကလေး ကို မြင်ရသောအခါ ရွှင်လန်းရပြန်သည်။ ထို့ကြောင့်လည်း မ ကို ဘာမျှ ပြန်မပြောနိုင်၊ အခန်းဆီသို့သာ နှစ်ယောက်သား လျှောက်ခဲ့ သည်။

အခန်းတွင်းသို့ ရောက်သောအခါ မ အား အရင်ထိုင်စေပြီး သူကမူ မ ဘေးမှယှဉ်၍ ထိုင်လိုက်သည်။ ပြီးတော့လည်း ဘာမျှမပြော သေးဘဲ မ မျက်နှာကလေးကိုသာ ရွှန်းရွှန်းစားစား စိုက်ကြည့်နေ ပြန်သည်။ မ ကမူ လက်ထဲမှ အိတ်တစ်ခုကို စားပွဲပေါ်သို့ အသာတင် လိုက်ပြီးလျှင် ကိုဘခက်ကို အကဲခတ်သလို ပြန်၍ကြည့်လိုက်သည်။

'ဆရာရောက်တာ တော်တော် ကြာပြီပေါ့နော်'

မ ၏အမေးကို ရုတ်တရက် မဖြေသေးဘဲ လက်မှနာရီကိုကြည့် ရင်း စဉ်းစားဟန်ပြုလိုက်သည်။

'သိပ် မကြာသေးပါဘူး၊ ဆယ်မိနစ်လောက်ပဲ ရှိဦးမယ်'

မ က တစ်ချက်မျှ ပြုံးလိုက်ပြီးလျှင် ကိုဘခက် မှာထားသော ကြာဆံကြော်ကို ခက်ရင်းဖြင့်ကော်၍ မြည်းလိုက်သည်။ ပြီးမှ ကိုဘခက် ကို ပြုံးပြုံးကြီး ကြည့်ရင်း…

'ဆရာလည်း လိမ်တတ်နေပြီပေါ့.. ဟုတ်လား'

ကိုဘခက်ကမူ မ ကိုသာတည်တည်ကြည့်ရင်း ဣန္ဒြေဆည်လိုက် သည်။

'အဟုတ်ပါ မ ရဲ့၊ မ ကို ကျွန်တော် မလိမ်ပါဘူး'

'မ ဒါလောက် မအ တော့ပါဘူး ဆရာ၊ ဆရာ မှာထားတဲ့ ကြာဆံကြော်တွေတောင် အေးကုန်ပေါ့ဟာ၊ ဆယ်မိနစ် ဘယ်ကတော့ မလဲ၊ ဆရာလည်း လိမ်တတ်နေပြီပေါ့'

ကိုဘခက်သည် ဘာမျှပြန်မပြောနိုင်တော့ချေ။ မ ၏ပါးနပ်ပုံကို သာ ချီးကျူးမိသည်။

'မ ပြောသလိုပေါ့… အချစ်အတွက်လိမ်ရတာဟာ ငရဲမကြီးပါ ဘူး၊ ကျွန်တော်လည်း ဒီတစ်ကြိမ်နဲ့ပါဆိုရင် မ ကိုလိမ်တာ နှစ်ကြိမ်ရှိသွား

http://www.cherrythitsar.org



ပြီ၊ ဒါပေမယ့် ကျွန်တော် မ ့ကို လိမ်ရသမျှဟာ ဒုက္ခပေးမယ့် လိမ်နည်း မဟုတ်ပါဘူး၊ မ ့စိတ်ချမ်းသာဖို့အတွက် လိမ်ရတာပါ၊ ကျွန်တော် စောင့်ရတာ ကြာတယ်ဆိုရင် မ ့စိတ်မကောင်းဖြစ်မှာစိုးလို့ပါ'

မ ့သည် ကိုဘခက်၏စကားများကို နားထောင်ရင်း ရင်ထဲ၌ အလိုလို ကြည်နူးမိသည်။ ကိုဘခက်၏စေတနာကို ယုံကြည်လေးစားမိလေသည်။

မ ့သည် ထိုစားပွဲပေါ်တွင် တင်ထားသော အိတ်ကလေးကို ကိုဘခက်၏ လက်ထဲသို့လှမ်းပေးလိုက်သည်။ ကိုဘခက်က မ ့ပေးသော အိတ်ကိုယူ၍ ဖြေကြည့်လိုက်သည်။ အိတ်ထဲမှ 'အရှေ့တိုင်းဂီတ' စာအုပ် ထူထူတစ်အုပ် ထွက်လာသည်။ ကိုဘခက်သည် စာအုပ်ကို အမြတ်တနိုး ကြည့်၍နေမိသည်။ အမှန်တော့လည်း သူနှစ်သက်တတ်သော စာအုပ်မျိုးကိုမှ ရွေးချယ်၍ လက်ဆောင်ပေးတတ်သော မ ့ကို ကျေးဇူးတင်မဆုံး ရှိတော့သည်။

မ ့ကိုယ်တိုင် သူ့လက်ဆောင်ကို ကိုဘခက်နှစ်သက်သည်ကို တွေ့ရသဖြင့် ကျေနပ်ပြုံးရွှင်လျက်ရှိသည်။

'ဒီစာအုပ်က ဆရာ့အတွက် အသုံးဝင်ပါလိမ့်မယ် ဆရာ၊ အရှေ့တိုင်းဂီတရဲ့ တစ်ခုနဲ့တစ်ခု ဆက်စပ်နေပုံ၊ တစ်တိုင်းပြည်နဲ့တစ်တိုင်းပြည် ဘယ်လိုကူးခတ်ပုံ၊ ရောထွေးပုံ အသေးစိတ်ပါတယ်၊ ပြီးတော့လည်း အရှေ့တိုင်း လူမျိုးစုံ ဂီတအကြောင်းလည်းပါတယ်၊ မြန်မာဂီတအကြောင်းတွေလည်းပါတယ် ဆရာ၊ တော်တော်လေးစုံပါတယ်'

ဟု မ ့ကို ပြောလိုက်သည်။ ကိုဘခက်က စာအုပ်ကို အိတ်ထဲသို့ ပြန်ထည့်ရင်း မ ့က ကျေးဇူးတင်သော မျက်လုံးများဖြင့် ကြည့်နေမိလေသည်။

'ကျွန်တော် ဒီစာအုပ်ကိုတွေ့ဖူးတယ်၊ မဝယ်နိုင်လို့ အသာနေခဲ့ရတယ်၊ နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးက အရင်းကျမ်းကို ဖတ်သလို ဒေါ်သိန်းဝင်းဆိုင်မှာသွားပြီး လေးငါးဆယ်ရက်လောက် ဖတ်ဖူးတယ်၊ ကျွန်တော် သိပ်ကြိုက်တာပေါ့၊ ပိုက်ဆံကို ဆနေရလို့'

ကိုဘခက်က သူ့အဖြစ်ကို အမှန်အတိုင်း ပြောလိုက်သောအခါ မမှာ အလိုလို ကရုဏာသက်မိသည်။

http://www.cherrythitsar.org



တကယ်ဆိုတော့ မသည် ကိုဘခက်အပေါ်တွင် ဆရာရင်းတစ်ယောက်အဖြစ်နှင့် ကြည်ညိုလေးစားမိသလောက် ချစ်သူတစ်ယောက်လို ကြင်နာယုယလိုသည်။

သို့သော် သူ့ဘ၀အခြေအနေက အဆင်မပြေသေး၍သာ ခပ်ရှောင်ရှောင် ဟန်ဆောင်၍ နေရသည်။

အမှန်တော့ သူတို့အချစ်ရေးမှာ ခုလိုပုံအတိုင်းသာဆိုလျှင် ရင်လေးစရာပင် ကောင်းလှသည်။

မ,က ကိုဘခက်မှာထားသော ကြာဆံကြော်ကိုကြည့်ရင်း လူခေါ်သည့် ခလုတ်ကို နှိပ်လိုက်သည်။

'ကဲ…ဆရာ၊ ဘာစားမလဲ၊ ခေါက်ဆွဲဖြစ်ဖြစ်စားပါဦး၊ ကြာဆံကြော်က အေးနေပြီ'

'ကျွန်တော် တော်ပါပြီ၊ မ,သာ စားချင်တာ မှာပါ'

မက အသင့်ရောက်နေသော စားပွဲထိုးကို စားစရာများထပ်၍ မှာလိုက်ပြန်သည်။

'ဒီမှာရှင့်… ခရုခေါက်ဆွဲတစ်ပွဲပေးပါ၊ ပြီးတော့ လိမ္မော်ရည်နှစ်ပုလင်းလည်းပေးပါ'

ကိုဘခက်သည် မ,စီစဉ်သည့်အတိုင်း ဘာမျှမပြောတော့ချေ။

သည်လိုနေ့မျိုးတွင် မ၏စေတနာကို ငြင်းဆန်ရန်လည်း မကောင်းမှန်းကို ကိုဘခက်က နားလည်ပြီးဖြစ်သည်။

'ကနေ့ မ,ပျော်ရမယ့်နေ့ပဲ ဆရာ၊ သူများတွေဆို ပါတီတွေ ဘာတွေလုပ်ပြီး ပျော်ကြတယ်၊ မ,မပျော်နိုင်ဘူး ဆရာ၊ ပိုပြီး ရင်လေးလာတယ်၊ နောက်နှစ်အောင်ပြီးရင် အိမ်က မကို ဒီအတိုင်း ထားမှာ မဟုတ်တော့ဘူး၊ မင်္ဂလာဆောင်ဖို့ စီစဉ်မှာပဲ၊ ဒီအတွင်း မော်ကသာ မေမေ့ကို တိုင်လိုက်ရင်တော့ မီးပွင့်မှာပဲ၊ ခု မော်မတိုင်တာအကြောင်းရှိတယ်'

'မကို သူကနိုင်ကွက်ရှိတော့ ညဆိုရင် ပြန်ချင်တဲ့အချိန်ကျမှပြန်တယ်၊ ခါတိုင်းလိုဆိုရင် မ,သူ့ကို အမြဲတမ်း ဆုံးမတယ်၊ ပြောမရရင်

http://www.cherrythitsar.org



မေမေ့ကိုတိုင်လို့ရတယ်၊ ခုတော့ မော်က မကို နိုင်ကွက်ရှိနေတော့ သူ ထင်သလိုရှိနေတယ်၊ အချိန်မရှိမှ ပြန်လာတယ်၊ မက တံခါးဖွင့်ပေးရ တယ်၊ မေမေတို့မသိအောင် ဖုံးဖိနေရတယ်၊ မ ့ဒါလည်း စိတ်မချမ်းသာ ဘူး၊ ကိုယ့်ညီမတစ်ယောက် စည်းမဲ့ကမ်းမဲ့ ဖြစ်နေတာကို မ ့မကြည့်ရက် ဘူး၊ မကြည့်ရက်ပေမယ့် ပြောလည်းမပြောရက်ဘူး၊ ဆရာစဉ်းစားကြည့်၊ မ ့အဖြစ်ဟာ ဘယ်လောက်ဆိုးလဲ အမြဲတမ်း စိတ်ဆင်းရဲနေရတာ'

ကိုဘခက်သည် သက်ပြင်းကိုသာ မှုတ်ထုတ်လိုက်သည်။ မ ့၏သနား စရာအဖြစ်ကို သိရသောအခါ ပို၍ နာကြည်းမိသည်။

'ဒါတွေဟာ ကျွန်တော့်ကြောင့်ဖြစ်ရတာပဲ၊ မကို ကျွန်တော် စိတ်ဆင်းရဲအောင် လုပ်သလို ဖြစ်နေပြီ၊ မ ့ခုလို စိတ်ဆင်းရဲနေရသလို ကျွန်တော်လည်းစိတ်ဆင်းရဲနေရပါတယ်၊ လမ်းကိုရှာတော့ တစ်နည်းပဲရှိ တယ်၊ ကျွန်တော်နဲ့ မနဲ့ ခွဲကြမှပဲ ပြေလည်မှာပဲ၊ မတို့ အိမ်မှာကျွန်တော် ရှိနေသရွေ့တော့ ဒီပြဿနာဟာ ဒီလိုပဲဖြစ်နေမှာပဲ'

'မ အတွက်အရေးကြီးပါဘူး ဆရာ၊ မ ကျိတ်ပြီးခံနိုင်ပါတယ်၊ ဒါပေမယ့် မော့်အတွက် မ ့ပိုပြီး ရင်လေးတယ်၊ မော်ဟာ ဒီအတိုင်းဆို ရင် ဒုက္ခတွေ့လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် မော့်ကိုတော့ နားဝင်အောင် ပြောပြမယ်လို့ မ ့ စိတ်ကူးထားတယ်၊ ဒါပေမယ့် ပြောချိန်ကို မရဘူး၊ စာမေးပွဲပြီးကတည်းက အိမ်ကိုမကပ်ဘူး၊ ညဉ့်နက်မှလည်းပြန်လာတယ်၊ ပြီးတော့ တွဲတဲ့အသိုင်းအဝိုင်းက နည်းနည်းမှ စိတ်ချယုံကြည်ဖို့မကောင်း တဲ့ အသိုင်းအဝိုင်း၊ ဒီကလေး ခုလို ဖြစ်နေတာကို နည်းနည်းမှ မကြည့် ရက်ဘူး'

မ ့သည် ညီမငယ်အတွက် စိုးရိမ်ပူပန်ဟန်ဖြင့် ညည်းလိုက်ရှာ၏။ မအတွက် ကိုဘခက်မှာ အနေရခက်နေသည်။ မည်သို့ပင်ဖြစ်စေ ကိုယ့် အတွက် ခုလိုဖြစ်ရမည်ဟု စိတ်က စွဲနေသောကြောင့်လည်း အနေရခက် သလို ရှိတော့သည်။

ဤသည်ကို မက ရိပ်မိပုံရသည်။ ချက်ချင်းပင်စကားလွှဲပစ်လိုက် ပြန်သည်။

'ကဲပါ.. ဆရာ၊ စိတ်ညစ်စရာတွေ မပြောတော့ပါဘူး၊ ဆရာ့ကို ခေါ်ပြီး စိတ်ညစ်အောင်လုပ်သလို ဖြစ်နေပြီ'

http://www.cherrythitsar.org



ကိုဘခက်က မ၏လက်တစ်ဖက်ကို အသာဆုပ်ကိုင်ထားလိုက်မိသည်။

'မနဲ့ ကိုယ်နဲ့ ဘယ်တော့များမှစိတ်ချမ်းချမ်းသာသာနဲ့ နေကြရပါ့မလဲနော်၊ အေးလေ··· မ ပြောသလို ရှေ့ကိုမတွေးဘဲ စိတ်ချမ်းသာသလို နေကြတာက သက်သာပါသေးတယ်'

မက အသင့်ရောက်လာသော ခေါက်ဆွဲကြော်ကို ကိုဘခက်အတွက် အသင့်ပြင်ပေးလိုက်သည်။

'ကဲ··· စားပါ ဆရာ၊ ထမင်းလွတ်ပေါ့'

မက သူကိုယ်တိုင်လည်း အားပါးတရစားပြသည်။ ကိုဘခက်ကိုလည်း အတင်းစားစေသည်။

'ကနေ့ညလည်း မော်တစ်ယောက်တော့ မိုးလင်းတောင်ပြန်လာပါ့မလား မသိဘူး၊ သူ့ကို မ လေ အောင်မယ်တောင် မထင်ဘူး၊ စာလည်းကျက်တာ မဟုတ်ဘူး၊ ခု သူပါအောင်တယ်၊ မေမေ့ဆီက ငွေတစ်ရာတောင်းသွားတယ်၊ သူ့သူငယ်ချင်းတွေကို ပါတီပေးမလို့တဲ့၊ မ တော့သူငယ်ချင်းတွေကိုလစ်ပြီး ဆရာ့ကို စာရေးမှာလိုက်တာ၊ သူတို့ကိုတော့မနက်မှ ချိန်းထားတယ်'

နီးလျက်နှင့်ဝေးသူနှစ်ယောက်မှာ တစ်ယောက်က သူ့အဖြစ်ကိုသူ ပြောပြသောအခါ တစ်ယောက်ကလည်း သူ့ခံစားချက်ကို ပြောမိပြန်သည်။

'မဆီက စာရတော့ ကျွန်တော်ဖြင့် ဝမ်းသာမိတယ်၊ အရက်နှစ်ဆယ်နီးပါး တစ်ယောက်နဲ့တစ်ယောက် စကားမပြောရ ခပ်ရှောင်ရှောင်နေရတော့ စိတ်ထဲက အလိုလို အားငယ်လာတယ်၊ ကျွန်တော်ဟာအချစ်နဲ့ပတ်သက်ပြီး ကျွန်တော့်ကိုယ်ကျွန်တော် ညံ့မှန်း ခုမှ ပိုသိတယ်၊ စိတ်ညစ်တိုင်း ပောဝန်စုံမြိုင် ကိန္နရာချောင်းခြား ပတ်ပျိုးကိုတီးပြီးဖြေရတော့တာပဲ'

မက ကိုဘခက်၏စကားကို ခပ်ပြုံးပြုံးဖြင့် နားထောင်နေမိသည်။ ကိုဘခက်က မအတွက် စိတ်ဆင်းရဲပုံကို ကြားရသောအခါ ဘာကြောင့်မှန်းမသိ အလိုလို ကြည်နူးမိသည်။

http://www.cherrythitsar.org



ချစ်သူက ကိုယ့်ကိုချစ်ရသည့်စိတ်ကြောင့် ပင်ပန်းဆင်းရဲသည်ကို ကြားသိရသောအခါ ကိုယ်ပါ စိတ်မကောင်းဖြစ်ရမည်မှန်းသိသော်လည်း တစ်ဖက်ကမူ ကိုယ့်ကိုတကယ်တမ်း ချစ်ခင်စွဲလမ်းခြင်းကို သိရသည့်အတွက် ကြည်နူးမိသည်။

မက ကိုဘခက်ကို စိုက်၍ကြည့်နေရာမှ ပြုံးစစဖြင့် သူ့စိတ်ထဲတွင် ရှိသည့်အတိုင်း ခပ်ရိုးရိုး ပြောလိုက်သည်။

'ဆရာ့ကို မ,တွေ့စက တော်တော် ပေါင်းသင်းရခက်မယ့် လူပဲလို့ ထင်မိတယ်၊ ဆရာ့ပညာကို အထင်ကြီးပေမယ့် လူကတော့ ပွစာပဲလို့ ထင်မိတယ်၊ နောက် အကြောင်းသိတော့မှ ဆရာ့ရဲ့ အတွင်းစိတ်ကို မ,နားလည်မိတယ်'

ကိုဘခက်က မကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ရင်း မသိမသာ နောက်လိုက်သည်။

'ဘယ်လို . . .နားလည်တာလဲ၊ လူတစ်ယောက်ကို စိတ်ဒုက္ခပေးတတ်တဲ့လူပဲလို့ နားလည်တာလား'

ကိုဘခက်၏ အမေးကို မက ကလေးငယ်ကဲ့သို့ အပြစ်ကင်းစင်သော အပြုံးဖြင့် ခေါင်းငဲ့ကာ ဖြေလိုက်ရှာသည်။

'ဒီလိုတော့ မထင်ဘူး ဆရာ၊ ဆရာ့ရဲ့ဂီတဟာ နူးညံ့သိမ်မွေ့သလောက် အချစ်ရေးကျတော့ ပြင်းထန်လွန်းတယ်၊ ကြမ်းလွန်းတယ်လို့တော့ထင်မိတယ်၊ မကို ဆရာစပြီးဖွင့်ပြောတဲ့နေ့ကများ ဆရာ့အကြောင်းကို စဉ်းစားကြည့်တယ်၊ ဆရာ့ကို မ,ဘယ်လို နားလည်ရမှန်း မသိဘူး၊ ရွှေကဲ,စိန်ကဲထက် လူကဲကိုခတ်ရတာ ပိုခက်တယ်ဆိုတာ ဆရာလိုလူမျိုးပဲထင်တယ်'

မက သူ့စကားနှင့်သူ ကျေနပ်ကာ သွားတက်ကလေးများ ပေါ်အောင်ပြုံးလိုက်သည်။ ကိုဘခက်က ဆေးပေါ့လိပ်ကို ဖွာလိုက်ပြီး လျှင် ပြာခံခွက်ပေါ်သို့ တင်လိုက်သည်။

'နှလုံးသားက လာတဲ့အစွမ်း၊ သတ္တိ၊ ဆန္ဒ၊ စိတ်ကူးခံစားချက် အားလုံးဟာ မ,ပြောသလိုပဲ ရဲရင့်တယ်၊ ခိုင်မာတယ်၊ ဖြူစင်သန့်ရှင်းတယ်၊ အမျိုးကိုချစ်တဲ့ စစ်သူရဲကောင်းတွေဟာ အမျိုးအတွက် အသက်ကို ပေးအပ်ကြတယ်၊ အနုပညာကိုချစ်တဲ့ ပုဂ္ဂိုလ်တွေဟာ အနုပညာ

http://www.cherrythitsar.org



အတွက် သူတို့ဘဝကို မြှုပ်နှံကြတယ်၊ ဒီလိုပဲ ယောကျ်ားတစ်ယောက်ဟာ သူချစ်တဲ့ မိန်းမပျိုအတွက် နှလုံးသားတစ်ခုလုံးကို အပ်နှံကြတယ်၊ ဒါဟာ မယုံကြည်စရာဘာမှမရှိဘူး၊ နှလုံးသားထဲကလာတဲ့ အရာတွေမှန်သမျှဟာ ထက်မြက်တယ်၊ မှန်ကန်တယ်၊ ရဲရင့်တယ်၊ တည်ကြည်တယ်၊ ခိုင်မြဲတယ်၊ သစ္စာရှိတယ်'

'ဆရာက စကားတတ်တယ်၊ မ ဆရာ့ကို အရှုံးပေးပါတယ် ဆရာ၊ ဒါပေမယ့် မ ့ကတော့ ဆရာပြောသလို ဟုတ်မယ်မထင်ဘူး၊ နှလုံးသားက လာတိုင်း ရဲရင့်တယ်ဆိုတာတော့ မ ့ခုထိ လက်ခံလို့မရသေးဘူး၊ အမှန်ပြောရရင် မ ့ဟာ မလိမ်တတ်ပါဘူး၊ ဘာပဲပြောပြော ဘာပဲလုပ်လုပ် မ ့ရင်ထဲက ခံစားလာရမှ လုပ်တတ်တယ်၊ ပြောတတ်တယ်၊ ရင်ထဲမှာမရှိတာကို ပါးစပ်ဖျားကနေ မပြောတတ်ဘူး၊ လုပ်လည်း မလုပ်တတ်ဘူး၊ ဒါပေမယ့် မ ့ကိုယ် မ သိတယ်၊ မ ့ဟာ ဆရာပြောသလို နှလုံးသားက လာတဲ့ဆန္ဒတိုင်းမှာ မရဲရင့်ဘူး၊ သတ္တိနည်းတယ်၊ မ ့လေ ဘာပဲလုပ်လုပ် ဘာပဲဆုံးဖြတ်ဆုံးဖြတ် ကြောက်တဲ့စိတ်ကများတယ်၊ ဆုံးဖြတ်ပြီးရင်တော့ အပြောင်းအလွဲကို သိပ်မလုပ်တတ်ဘူး၊ မ ့လေ အခုပဲဆရာနဲ့ပတ်သက်ပြီး မဆုံးဖြတ်သေးတာတွေ ရှိသေးတယ်၊ ဆရာ့ကို မ ့မချစ်လို့ မဟုတ်ဘူး၊ ဆရာ့ကို အသည်းထဲက ချစ်တာပဲ၊ ဒါပေမယ့် သတ္တိမရှိဘူး၊ ဆရာ မသိဘူး၊ မ ့ကို သတ္တိနည်းအောင် ခြောက်လှန့်တဲ့ အရာတွေ အများကြီးရှိတယ်၊ ဘာတွေလဲလို့မေးရင် မ ့ မပြောတတ်ဘူး ဆရာ၊ ဒါပေမယ့် ဆရာ့ကို မ ့ချစ်တယ် ဆိုတာတော့ ဆရာ အမြဲယုံစေချင်တယ်'

ကိုဘခက်သည် မ ့၏ ပခုံးကလေးကို ကိုင်၍ မျက်နှာချင်းဆိုင်လှည့်၍ နေလိုက်သည်။

ကြင်နာသော မျက်လုံးများဖြင့် မ ့ကို အတန်ကြာ စိုက်၍ကြည့်နေမိသည်။

'ကိုယ် နားလည်ပါတယ်၊ မ ကိုယ့်ကိုချစ်တယ်ဆိုတာလည်း မ ့ သတ္တိနည်းနေတယ်ဆိုတာ နားလည်တယ်၊ ကိုယ်တို့ရှေ့ရေးအတွက် ဆုံးဖြတ်ဖို့ကိုလည်း သတ္တိနည်းနေတယ်ဆိုတာ နားလည်တယ်၊ မ ့ကို ဘယ်အရာတွေက သတ္တိနည်းအောင် ခြောက်လှန့်နေကြတယ် ဆိုတာလည်း

http://www.cherrythitsar.org



ကိုယ် နားလည်တယ်၊ ဒါဟာ သဘာဝကျပါတယ်၊ အနှောင်အဖွဲ့ တစ်ခုကို ရုန်းထွက်ဖို့ဆိုတာ မလွယ်ဘူး၊ အနှောင်အဖွဲ့ ပတ်ဝန်းကျင်ရဲ့ အလွှမ်းမိုးခံထားရတဲ့ အယူအဆ အစွဲအလမ်း တစ်ခုကို ဖျောက်ဖျက်ဖို့ ဆိုတာလည်း တကယ်တော့ မလွယ်ဘူး၊ ဥပမာ သူဌေးသမီးဘဝက လမ်းဘေးဈေးသည်တစ်ယောက်အဖြစ်နဲ့ ဈေးဆင်းရောင်းဖို့ ဆိုတာ မလွယ်ဘူး၊ ဒါဟာ ရှက်စရာအလုပ်တစ်ခုလို သဘောထားမယ်၊ လမ်းဘေးဈေးသည်တစ်ယောက်ကို သူဌေးသမီးအဖြစ် အမွေစားခံရတယ် ဆိုရင် ဒီဈေးသည်လေးအနေနဲ့ ဘဝပြောင်းပြီး နေရဖို့ သိပ်မခက်လှဘူး၊ သဘောကတော့ လူတွေဟာ အောက်ကနေ အပေါ်တက်ရမယ့် အခွင့်အလမ်းရှိရင် တက်သွားဖို့ မခက်ဘူး၊ ဒါပေမယ့် အပေါ်ကနေ အောက်ဆင်းရမယ် ဆိုရင် လူတိုင်းကြောက်ကြတယ်၊ မ,သတ္တိနည်းတယ်ဆိုတာ ဒီသဘောပါပဲ၊ မ,ကို ဘယ်အရာတွေ သတ္တိနည်းအောင် လုပ်တယ်ဆိုတာ တခြား ဘာမှရှာစရာမလိုပါဘူး၊ မ,တို့ပတ်ဝန်းကျင်မှာ ရှာလိုက်ရင် တွေ့တာပဲ၊ ကိုယ်နဲ့ မနဲ့ ဘဝလမ်း အပြင်အတူယှဉ်ပြီး မ,တို့ ပတ်ဝန်းကျင်ကို ပြန်ကြည့်လိုက်စမ်းပါ၊ မွန်ဆိုဒေါက်တာမကြီး၊ သူ့ရဲ့ချစ်လင် ယောက်ျားက အင်ဂျင်နီယာကြီး၊ တိုက်နဲ့၊ သောင်းကျော်တန်ကားနဲ့၊ ဘွဲ့ထူးဂုဏ်ထူးတွေနဲ့၊ သူတို့ဘဝဟာ ဘယ်လောက်အားကျစရာကောင်းသလဲလို့၊ မော်ဆိုလည်း သူကျက်စားတဲ့ ပတ်ဝန်းကျင်ကိုက တကယ့်အထက်တန်းစား ပတ်ဝန်းကျင်မှာ ကျက်စားတာ၊ သူ့အတွက်ဆိုလည်း အထက်တန်းစား ယောက်ျားတစ်ယောက်ဟာ အဆင်သင့် ရှိနေရမှာပဲ၊ ဒီတော့ လမ်းပေါ်မှာရပ်ကြရမယ့် ကိုယ်နဲ့ မ,နဲ့ ဘဝကနေ သူတို့ ပြန်ကြည့်မယ်ဆိုရင် မော့်ပြီး ကြည့်ရမှာပဲ၊ သူတို့က အမြင့်မှာရှိမယ်၊ ကိုယ်တို့က အနိမ့်မှာရှိမယ်၊ ဒီအချက်က မ,ကို သတ္တိနည်းစေတာပေါ့၊ ကိုယ်လည်းစဉ်းစားပါတယ်၊ မ,ကို အမြင့်ကနေ အနိမ့်ကို ဆင်းလာရမယ့် ဘဝတော့ မရောက်စေချင်ဘူး၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ကိုယ်က မ,တို့ရှိတဲ့ အမြင့်ကို တက်လှမ်းဖို့ဆိုတာက နည်းလမ်းမရှိဘူး’

ကိုဘခက်သည် မ,၏လည်တိုင်ကြော့ကြော့ကလေးကို သူ့လက် ဖြင့် တယုတယပွတ်သပ်ရင်း ညည်းလိုက်ရှာသည်။ မ,က ကိုဘခက်၏ လက်

http://www.cherrythitsar.org



ကလေးကို အသာပြန်ဆုပ်နယ်ပေးလိုက်သည်။ ကိုဘခက်၏ပခုံးစွန်းနှင့် သူ့ပါးနုနုကလေးကို မှီ၍ ကပ်ထားလိုက်သည်။

'လောကကြီးဟာ မတရားဘူးနော်၊ ဘာမှ မကောင်းလွတ်ဘူး၊ အရာရာ အချုပ်ချယ် အနှောင်အဖွဲ့တွေချည်းပဲ၊ ဒီအနှောင်အဖွဲ့တွေသာမရှိရင် မ,တို့ဘဝဟာ ဘယ်လောက်များ ပျော်စရာကောင်းမလဲနော်'

မ,က ကိုဘခက်၏ပခုံးစွန်းနှင့် သူ့ပါးကလေးကို ခပ်ဖွဖွပွတ်ရင်း တိုးတိုးကလေး ပြန်၍ညည်းလိုက်သည်။ ကိုဘခက်သည် မ,မေးဖျားကလေးကို လက်ဖျားဖြင့် မ,တင်လိုက်သည်။ ပြီး မ,၏ ပါးနုကလေးကို အသာနမ်းလိုက်သည်။ မ,က မျက်လွှာကလေးကို အသာချ၍ငြိမ်ခံနေရှာသည်။

'လောကကြီးကအဆင့်အတန်းချင်း မတူတဲ့ လူရဲ့အချစ်ကိုအသိအမှတ်မပြုဘူး၊ ဒါပေမယ့် အဲဒီလို အသိအမှတ်မပြုတဲ့ လောကကြီးကို တစ်ခုတော့ မေးချင်တယ်၊ အချစ်ကို ဆုံးဖြတ်ရာမှာ အသိနဲ့ဆုံးဖြတ်မလား၊ ငွေနဲ့ဆုံးဖြတ်မလား၊ အာဏာနဲ့ဆုံးဖြတ်မလား၊ ဒီလို ဆုံးဖြတ်စတမ်းဆိုရင် ရှင်ဘုရင်တွေ တော်ကောက်ပြီး မြှောက်စားတာကိုပဲအချစ်လို့ ခေါ်မလား၊ ကိုယ်တော့ သဘောမပေါက်ဘူး၊ သူတောင်းစားကဘုရင့်သမီးတော် ချစ်တာလည်းအချစ်ပဲ၊ အချစ်ဟာ ဆင်းရဲချမ်းသာမရွေးပါဘူး၊ အရုပ်ဆိုးတဲ့လူက ရှေ့ရုပ်လိုလှတဲ့လူကို ချစ်တဲ့ အချစ်ဟာလည်း အချစ်ပဲ၊ ဆင်းရဲသားတစ်ယောက်ရဲ့ရင်ထဲမှာ ပေါက်ဖွားလာတဲ့ အချစ်ဟာအနှောင်အဖွဲ့တွေ အဆောင်အယောင်တွေနဲ့ ကင်းလွတ်လို့ ပိုပြီးတောင်ရဲရင့်တယ်၊ ခိုင်မာတယ်၊ သန့်ရှင်းတယ်၊ မွန်မြတ်တယ်ဆိုတာကိုတော့ မ,ယုံကြည်စေချင်တယ်'

'မ,ယုံပါတယ် ဆရာ၊ မယုံရင် မော်တို့လို လွတ်လွတ်လပ်လပ်လေလွင့်ပြီး ပျော်နေမှာပေါ့၊ ဒါပေမယ့် ခဏပျော်ပြီး နောက်ဆုံး ဒုက္ခတွေတတ်တဲ့ ဒီလောကထဲမှာ မ,ဝင်ပြီး မတိုးရဲပါဘူး၊ ခုတောင် မော်အတွက် မ,ရင် တထိတ်ထိတ်နေရတာ ဆရာ၊ မ,ဆရာ့ကို ဘာမှမငဲ့ဘဲ အနှောင်အဖွဲ့ ကင်းကင်းနဲ့ ချစ်ပါတယ်၊ ဒီသတ္တိမျိုး မ,တစ်နေ့ရလာပါစေ ဆိုတာပဲ ဆုတောင်းတယ် ဆရာ'

http://www.cherrythitsar.org



မ,က အံကလေးကြိတ်၍ ပြောလိုက်ရင်း ကိုဘခက်ကို တအား ပြန်ဖက်ထားလိုက်သည်။

ကိုဘခက်က လက်မှနာရီကိုကြည့်ရင်း မ,ကို သတိပေးလိုက်သည်။

'ငါးနာရီထိုးတော့မယ် မ,ရေ၊ ပြန်ကြစို့နော်၊ မိုးချုပ်နေရင် မကောင်းဘူး'

ကိုဘခက်က နှုတ်ဆက်သည့်အနေဖြင့် မ, ၏ ပါးနှစ်ဖက်ကို ဆက်၍နမ်းလိုက်သည်။

မ,သည် မျက်လုံးကလေးကိုမှေး၍ ကိုဘခက်ကို တအားဖက်ထားလိုက်ရှာသည်။

●

(၁၄)

အိပ်ရာသို့ အစောကြီးဝင်ခဲ့သော်လည်း မ,သည် ရတ်တရက် အိပ်၍မရပေ။ ကြိုးစား၍အိပ်မည်ပြုပြန်တော့မှ ကိုဘခက်၏ တယောသံကိုကြားရပြန်သည်။ တယောသံသည် မ,ရင်ထဲတွင် တလှပ်လှပ် ဖြစ်စေသည်။ တယောသံ ရပ်သွားမှ သက်ပြင်းကလေး တစ်ချက်ရှိုက်လိုက်မိသည်။

နာရီကို ကြည့်လိုက်တော့လည်း တစ်နာရီထိုး၍ နေပြီ။ သည်တော့မှ မော့်ကို သတိရသည်။ မော်ကား ခုတိုင် ပြန်မလာသေးချေ။ စာအုပ်ကို လှန်၍ဖတ်ရင်း မော့်ကို စောင့်နေမိသည်။

သို့စောင့်နေရာမှ မ,သည် မှေးခနဲအိပ်ပျော်မည်ပြုစဉ် အောက်ထပ်မှ တံခါးဖွင့်ရန် ခလုတ်နှိပ်သံကို ကြားရသည်။ မ,သည် ရတ်တရက် အိပ်ရာမှ လန့်နိုးသည်။ အမှန်တော့လည်း မော်ကို စောင့်ရင်း စာဖတ်နေသည် ကိုဘခက်၏ တယောသံကို နားထောင်နေရာမှ မ,၏ စိတ်တွေသည် လှုပ်

http://www.cherrythitsar.org



ရှားလာသည်။ ကိုဘခက်၏ဂီတသံတွင် နစ်မျောနေမိသည်။ ကိုဘခက်၏ တယောသံ ပျောက်၍ သွားသောအခါ မ,သည် အိပ်ရာထက်တွင် အညောင်းပြေ လှဲနေသော်လည်း ကိုဘခက်အကြောင်းကိုသာ စဉ်းစား နေမိသည်။ သို့ စဉ်းစားနေရင်းမှ မှေးခနဲ ပျော်၍သွားသည်။ စိတ်က စောနေ၍လား မသိ၊ မော့်အသံကို အိပ်ပျော်နေရင်းမှ နားထဲတွင် အလို လို ကြားလာသည်။

မ,သည် အိပ်ရာထက်မှ ကပျာကယာ ထလိုက်ပြီးလျှင်အောက် ထပ်သို့ ဆင်းခဲ့သည်။ မ,က လူကြီးတွေ သိမည်စိုး၍ အမြန်ဆင်းလာခဲ့ သော်လည်း မော်က ခလုတ်ကိုနင်း၍ နှိပ်နေသည်။ မောင်အေးကိုလည်း အော်၍ ခေါ်နေသေးသည်။ မ,က အတွင်းတံခါးကို အမြန်ဖွင့်လိုက်ရ သေည်။

'ဟဲ့ မော်၊ ဖေဖေတို့ နိုးကုန်မယ်၊ ဘာလို့ ဒါလောက်အော်နေ ရတာလဲ'

မ,က အပြင်သံတံခါးကိုဖွင့်ပေးလိုက်သောအခါ မော်သည်မကို ပင် စူအောင့်အောင့်ဖြင့် ကြည့်လိုက်ရင်း အပေါ်ထပ်သို့ ပြေးတက်သွား လေသည်။

မသည် တံခါးများကို ပြန်၍ပိတ်ပြီးမှ အပေါ်ထပ်သို့ တက်ခဲ့ သည်။

အခန်းတွင်းသို့ မ,ဝင်သွားသောအခါ မော်သည် အဝတ်အစား လဲနေတုန်းပင်ရှိသည်။

မ,က မော်ကိုအကဲခတ်၍ကြည့်နေသည်။ ပြီးမှ စားပွဲပေါ်မှနာရီ ကို ကြည့်လိုက်မိသည်။ နှစ်နာရီပင် ထိုးခါနီးပေပြီ။

မသည် မော်၏ ခုတင်ဘေးတွင် အသာထိုင်၍ မော့်ကို စောင့်နေ သည်။ ကနေ့ည မော်ကို ပြောမှဖြစ်မည်ကိုလည်း မ,က ဆုံးဖြတ်ပြီးဖြစ် သည်။

မည်သည့်နည်းနှင့်ဖြစ်စေ ကိုယ့်ညီမတစ်ယောက် စည်းမဲ့ကမ်းမဲ့ ဖြစ်နေသည်ကို လျစ်လျူရှု၍ မရတော့ချေ။

ခုလို ဆုံးဖြတ်ထားသည့်နောက် မသည် သူ့အတွက်ဘာမျှငဲ့ညှာ ၍ မနေတော့ပေ။

http://www.cherrythitsar.org



ကိုယ့်ညီမတစ်ယောက် ဒုက္ခတွေ့မည့်အဖြစ်ကိုမူ တတ်နိုင်သည့်နည်းဖြင့် တားဆီးရမည်။

အနှာခံစရာရှိလျှင် သူပင်အနှာခံမည်ဟု သတ္တိကို မွေးလိုက်သည်။ သို့ မွေးလိုက်သည့်တိုင်အောင် တစ်ဖက်က ကိုယ့်အပြစ်နှင့်ကိုယ်မို့ စကားကို မစရဲချေ။

မလိမ်မိုး မလိမ္မာအရွယ်မို့ ကိုယ်က သည်းခံ၍ ဖျောင်းဖျပြောရမည်ကို နားလည်သော်လည်း မော်က နှုတ်သီးကောင်းလျှာပါးမို့ မ,အနေနှင့် ကြောက်မိသည်။

ထို့ကြောင့်ပင် မ,သည် မော်၏ခုတင်ထက်တွင်ထိုင်ရင်း အရိပ်အခြည်ကိုသာ စောင့်ကြည့်နေမိသည်။

မော်သည် ညဝတ်အင်္ကျီကိုဝတ်ပြီးလျှင် မ,ဘေးတွင်တစောင်းလှဲချလိုက်သည်။ ပြီးမှ မကိုမကြည့်ဘဲ မောသံကလေးဖြင့် မေးလိုက်သည်။

'မော့်ကို ဘာပြောချင်သလဲ မ'

မ,က မော့်ကို ကြင်နာသောမျက်လုံးများဖြင့်ကြည့်လိုက်ပြီးလျှင် လေသံအေးအေးဖြင့် ပြန်၍ ပြောလိုက်သည်။

'မော်··· မော့်ကို စကားနည်းနည်း ပြောချင်တယ်'

မော်သည် လှဲနေရာမှထလိုက်ရင်း မကို ဂရုမစိုက်ဟန်ဖြင့်ကြည့်လိုက်သည်။ ပြီးမှ တမင်တကာ လက်နှစ်ဖက်ကိုမြှောက်၍ သမ်းလိုက်သည်။

'မော်·· အိပ်ချင်ပြီ၊ မနက်မှပြောပါ'

မော်သည် တစ်ချက်နှစ်ချက်မျှ သမ်းလိုက်ပြီး ခေါင်းအုံးတစ်လုံးယူ၍ ဖက်လိုက်ပြီးလျှင် အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်သည်။ မက မော့်အနားသို့ တိုးသွားပြီး မော့်ခေါင်းမှ ဆံနုကလေးများကို အသာသပ်၍ ပေးလိုက်သည်။

'မ,ပြောတာကို နားထောင်စမ်းပါ ညီမရယ်၊ တို့မှာ ချစ်ခင်ကြင်နာရမယ့်သူဟာ ဒီညီအစ်မသုံးယောက်ပဲရှိတယ် မဟုတ်လား၊မွန်အိမ်ထောင်ခွဲသွားပြီးတဲ့နောက် တို့ ညီအစ်မနှစ်ယောက်ပဲရှိပါတယ်ကွာ၊ ဒီတော့ ဘာပဲဖြစ်ဖြစ် ဆိုးတိုင်ပင်ကောင်းတိုင်ပင် တို့ညီအစ်မနှစ်ယောက်

ပဲရှိတော့ မပြောလည်းမပြီးဘူး၊ ညီမလေးကို မ ့ပြောစရာတွေ အများကြီး ရှိတယ်'

'ဘာလဲ… မော့်ကို ဒီလောက် ချော့နေစရာ မလိုပါဘူး၊ မော် နားလည်ပါတယ်၊ မတို့ ကိစ္စကို ဒက်ဒီတို့ မာမီတို့ကိုမပြောရင် ကျေနပ် ရောပေါ့၊ မ ့ဒါကို ပြောမယ်ဆိုတာ မော်သိပါတယ်၊ မော့်ကို ပြော စရာမလိုဘူး။ မတို့ကိစ္စကို မော်လည်းစိတ်မဝင်စားဘူး၊ နားလည်းမထောင် ချင်ဘူး'

မော်၏စကားများကြောင့် မ ့ရင်ထဲတွင် မခံချိမခံသာဖြစ်မိသော် လည်း ကိုယ့်စိတ်ကိုယ် ပြန်ဖြေလိုက်ရသည်။

'ဒါလည်း မ ့ရှင်းပြပါ့မယ်၊ ဒါပေမယ့် ခုပြောမှာက ဒီကိစ္စမဟုတ် ပါဘူး၊ မော့်အတွက် ပြောချင်တယ်၊ မော် မင်းဟာ ကလေးလည်းမဟုတ် တော့ဘူး၊ ပညာလည်း မနည်းတော့ဘူး၊ ဒီတော့ မင်း အခုနေတာထိုင် တာဟာ စည်းကမ်းပျက်လွန်းတယ်၊ ဘာပဲဖြစ်ဖြစ် အချိန်နဲ့အိပ်၊ အချိန်နဲ့ စား စနစ်နဲ့နေဖို့ ကောင်းတယ်၊ ခုတော့ မင်းဟာ မိုးလင်းကထွက်သွားပြီး ညဥ့်နက်မှပြန်လာတယ်၊ ပြီးတော့လည်း ပါတီတွေသိပ်တက်ဖို့မကောင်း ဘူး၊ ဒီ ပါတီတွေ ကပွဲတွေဟာ တို့ယဥ်ကျေးမှုလည်းမဟုတ်ဘူး၊ ပြီး တော့လည်း မြန်မာမိန်းကလေးတွေနဲ့ နည်းနည်းမှမသင့်လျော်ဘူး၊ ဒီတော့ မော့်ကို…'

'မော် ကလေးမဟုတ်ပါဘူး မ၊ မော်သိတယ်၊ မ ့နေပုံထိုင်ပုံနဲ့ ဆိုရင်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် မော်တို့တော့ မလို အိမ်တွင်း ပုန်းလုပ်ပြီး မကမြင်းဘူး၊ အပေါင်းအသင်းများရမယ်၊ လူချစ်လူခင် ပေါရမယ်၊ ကတယ်ဆိုတာလည်းပညာတစ်ခုပဲ၊ စိတ်ကိုပျော်ရွှင်စေတယ်၊ လူကို ကျန်းမာစေတယ်၊ မိတ်ဆွေအပေါင်းအသင်းများတယ်၊ အသိ အမြင် ကျယ်ဝန်းတယ်၊ ဒါတွေအားလုံးဟာ ဘာမှ အကျိုးမယုတ်ဘူး၊ မတို့အမြင်နဲ့တော့ မသိဘူးလေ၊ ရွှေစောင်းကောက်ကြီးကိုတီးမှ ယဥ်ကျေး တယ် ထင်ချင်ထင်မှာပေါ့၊ မော်တို့က လွန်ခဲ့တဲ့ အနှစ်တစ်ရာလောက်က ယဥ်ကျေးမှုကို ခုထိ ခင်တွယ်ပြီး မနေနိုင်ဘူး'

မော် ပြောလိုက်သော စကားများမှာ အနှောင့်အသွား မလွတ် ပေ။ သို့သော် မ ့က စိတ်ဆိုးရန် သတိမရပေ။ အစကပင် မော့်ကိုပြော

http://www.cherrythitsar.org



လျှင် သည်လိုစကားမျိုး ပြန်၍ကြားရမည်ကို မက နားလည်ပြီးဖြစ်သည်။

ထို့ကြောင့်လည်း မော်ပြောသော စကားများမှ မ,အတွက် ထိခိုက်နစ်နာစရာများ ငြိတွယ်၍ပါသော်လည်း ကလေးတစ်ယောက်က လူကြီးကို မပီကလာ ပီကလာဆဲသည် ဟူ၍ပင် အောက်မေ့မိသည်။

'အေးပါကွယ်...မကို မင်း မကျေနပ်တဲ့အတိုင်း ပြောချင်သလို ပြောနိုင်တယ်၊ ဒါပေမယ့် မ, ကိစ္စကို နောက်မှပြောပါ၊ ခု မော့်အတွက် မ,ပြောချင်တယ် မော်၊ မင်း အခုကျက်စားနေတဲ့ ပတ်ဝန်းကျင်ဟာ အလွန် စိတ်မချစရာကောင်းတဲ့ ပတ်ဝန်းကျင်ပဲ၊ ဒီပတ်ဝန်းကျင်မှာ အကျင့်သိက္ခာဆိုတာလည်းမရှိဘူး၊ စောင့်စည်းမှုတရားဆိုတာလည်းမရှိဘူး၊ ကြင်နာမှုဆိုတာလည်းမရှိဘူး၊ ကြွက်တွေကို ကြောင်က ခုတ်သတ်ပြီး ဝါးစားနေသလို ဒီပတ်ဝန်းကျင်မှာ မိန်းကလေးတွေကို ကြောင်ပါးတွေက ဖျက်ဆီးဖို့ လုပ်ပေးထားတဲ့ ယဉ်ကျေးမှုမီးရောင်ကို ရွှေရောင်မှတ်လို့ တိုးရင်တော့ ပိုးဖလံက မီးကိုတိုးသလို အကျိုးကြီးနည်းလိမ့်မယ်'

မော်လည်းလှဲနေရာမှ ရုတ်တရက်ထလိုက်သည်။ကိုင်ထားသော ခေါင်းအုံးကိုလည်း ခုတင်ပေါ်သို့ လွှင့်ပစ်လိုက်သည်။

'ဒီမှာ မက ဒီပတ်ဝန်းကျင်ထဲမှာ ဘယ်နှခါတိုးဖူးလို့ သိတာလဲ၊ မ,ထင်နေတာတွေက အိမ်ထဲကထင်နေတာ၊ မမှာ အသိဉာဏ်ရှိသလို မော့်မှာလည်းရှိတယ်၊ မမှာရှိတဲ့ဗဟုသုတမျိုးလောက်တော့ မော်လည်းရှိတာပဲ၊ ယောကျ်ားနဲ့မိန်းမ ဖက်ကတိုင်း ဖြစ်ရရင်တော့ ခက်ပဲခက်ရချည်ရဲ့၊ မတွေ့ဖူးတဲ့ လူတွေအဖို့တော့အဆန်းပေါ့၊ မော်တို့အဖို့တော့ ဘာမှမဆန်းဘူး၊ မတို့ အနေနဲ့တော့ ဆန်းမှာပေါ့၊ ဒါပေမယ့် ဒီအကမျိုး ပါတီတွေဟာ တစ်နေရာတည်းမှာ လုပ်နေတာမဟုတ်ဘူး၊ တစ်ကမ္ဘာလုံးလုပ်နေတာ၊ ကမ္ဘာမှာ တကယ့်အထက်တန်းစားတွေ, ဘုရင်တွေ, မြို့စားတွေ သိန်းသန်းကုဋေချီပြီး ချမ်းသာတဲ့သူဌေးတွေ, ပညာရှင်တွေ ကိုယ်တိုင် အားပေးနေတဲ့ ယဉ်ကျေးမှုတစ်ခု၊ မ,ပြောသလို ဒီယဉ်ကျေးမှုဟာ လူတွေ ပျက်စီးစေတယ်ဆိုရင် ဒီပုဂ္ဂိုလ်ကြီးတွေက အရှူးမို့ လက်ခံအားပေးကြတာလား၊ မာမီကိုယ်တိုင် ဒီပွဲတွေထဲက ထွက်လာတာ၊ ဒီလိုဆိုရင် မာမီပါ ပျက်စီးရောပေါ့'

http://www.cherrythitsar.org



မ,သည် မော်နှင့်ဖက်၍ ရန်မဖြစ်လိုပေ။ မော်ပြောသောအသံမှာ ကျယ်လွန်းလှသည်။

ဘာမဟုတ်သော ကိစ္စကလေးများကိုပင် အလျှော့မပေးတတ်သော မော်သည် သူကိုယ်တိုင် စွဲလမ်းနှစ်သက်နေသော အစွဲတစ်ခုကို လွယ်လွယ်နှင့်ချွတ်၍ မရမှန်းကိုလည်း မကိုယ်တိုင် နားလည်ထားလေသည်။

ထို့ကြောင့်လည်း ပြောရင်းပြောရင်း မော်က ဒေါသကြီးလာသည့်အခါ မ,က လေချိုသတ်၍ အလျှော့ပေးလိုက်ရပြန်သည်။

တစ်နည်းနှင့်မရလျှင် အခြားတစ်နည်းဖြင့် လှည့်၍ပြောရန်ကိုသာ စိတ်ကူးရတော့သည်။ မသည် မော်၏ လက်တစ်ဖက်ကို အသာဆွဲ၍ဆုပ်ထားမိသည်။

'မကို စိတ်မဆိုးပါနဲ့ ညီမရယ်၊ မ,ပြောတာ မော့် အယူအဆနဲ့လွဲချင်လွဲမယ်၊ ဒါပေမယ့် မော်တစ်ခုနားလည်ထားဖို့ကတော့ ခု မ,မင်းကို စေတနာနဲ့ပြောနေတယ်ဆိုတာတော့ နားလည်ပါကွယ်'

မော်သည် မ,လက်ကို ပုတ်ချလိုက်သည်။ ပြီးမှ မ,မျက်နှာကို ဒေါသခိုးလျှံသော မျက်လုံးများဖြင့် ကြည့်ရင်း ရန်တွေ့လိုက်ပြန်သည်။

'ဒီမှာ မ၊ မော်ဟာ ကလေးမဟုတ်ဘူး၊ ကိုယ့်ကိုကိုယ် စဉ်းစားရွေးနိုင်တယ်၊ မွန့်လိုပဲ ယောကျ်ားတစ်ယောက်ကို စိတ်ကြိုက် ခေါင်းခေါက်ရွေးနိုင်တယ်၊ မလို ယောကျ်ားရှားပြီး လမ်းဘေးကလူကို ငမ်းငမ်းတက်ရွေးတဲ့ မိန်းမစားမျိုး မှတ်နေသလား'

မော်၏ရင့်သီးလှသော စကားများကြောင့် မသည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍လာသည်။

ဒေါသကို ချုပ်တီးနိုင်သော်လည်း နာကြည်းသည့်စိတ်ကို ချုပ်တည်း၍မရချေ။

သို့သော် မသည် သူ့စိတ်ကိုသူ အတတ်နိုင်ဆုံးချုပ်တည်း၍ထားလိုက်သည်။

မျက်ရည်များသည် မျက်လုံးအိမ်တွင်းသို့ အန်ထွက်လာသည့်တိုင်အောင် အပြင်သို့ စီးမကျရန် သိမ်း၍ ထားလိုက်သည်။

http://www.cherrythitsar.org



'အေး‥ မင်းထင်ချင်သလို ထင်နိုင်တယ်၊ ဒါပေမယ့် တို့ရဲ့ရွေးချယ်တဲ့နေရာမှာ အချစ်ကိုတော့ တို့ တန်ဖိုးထားတယ်၊ သွေးသားနှိုးဆွပြီး လူမှန်းမသိ မူးရူးပြီး ဖောက်ပြန်တဲ့လူမျိုးတော့ တို့ အထင်မကြီးဘူး၊ မင်း တစ်ခုနားလည်စမ်းပါ မော်၊ ငါဟာ မင်းပြောသလို ကြမ်းပိုးတေလေတစ်ယောက်ကို ချစ်မိချင်လည်း ချစ်မိမယ်၊ ဒါပေမယ့် အချစ်ဆိုတာတော့ ငါ့ရင်ထဲမှာ အမြဲတန်ဖိုးထားတယ်၊ ဒီလိုလူမျိုးကို ချစ်မိလို့ ငါမှားတယ်ဆိုရင် နှုတ်နဲ့ဖြစ်စေ၊ စိတ်နဲ့ပဲဖြစ်စေပဲ မှားမယ်၊ ငါမှားတာက ရည်းစားတစ်ယောက် ထားခဲ့မိတယ်ဆိုတဲ့ အမည်းကွက် အပြင် တခြား ဘာမှမဖြစ်နိုင်ဘူး၊ မင်းတို့မှားရင် နစ်မွန်းမယ် မော်၊ ငါ သိတယ် မော်၊ ငါ့ကို မင်း ဒီအချက်တစ်ခုနဲ့ အနိုင်ယူမယ်ဆိုတာ'

'တော်ပြီ၊ မ ့ မော့် ကိစ္စကို ဝင်မပြောနဲ့၊ မ ့ ကိစ္စကို မော် မပြောဘူး၊ ဒီအရွယ်တွေမှာ တစ်ယောက်နဲ့တစ်ယောက် ဆရာလုပ်စရာ မလိုဘူး၊ ဆုံးမစရာ မလိုဘူး၊ ကိုယ့်အသိနဲ့ကိုယ် ကိုယ်ကြိုက်တာကို ကိုယ်လုပ်ကြတာပဲ၊ ဘာမှ ပြောစရာမလိုဘူး'

'ပြောရမယ် မော်၊ မပြောလို့ မဖြစ်ဘူး၊ အစတုန်းက ငါမပြောရဲဘူး၊ မပြောရဲတဲ့အကြောင်းက သတ္တိမရှိလို့ပဲ၊ ဒီအကြောင်းကို ပြောရင် ငါ့ကို နိုင်ကွက်နဲ့ လှည့်မယ်ဆိုတာ ငါသိတယ်၊ ဒါပေမယ့် ငါမကြောက်တော့ဘူး၊ ငါ ကြောက်ပြီးမပြောရင် မင်း နစ်မွန်းမှာပဲ၊ မင်းနစ်မွန်းမှာကိုတော့ ငါ မကြည့်နိုင်ဘူး မော်'

မော်သည် အသံကြောင်ကလေးဖြင့် ခေါင်းကိုမော့၍ရယ်လိုက်သည်။

ပြီးမှ မ ့ ရှေ့တွင် ရပ်၍ ပြန်မေးလိုက်သည်။

'နေစမ်းပါဦး မ ့ က လူတစ်ယောက်အကြောင်းကို ဘယ်လိုလုပ်ပြီး အတပ်ပြောနိုင်သလဲ၊ မော့် အကြောင်းကို မော့်ထက်များ မ ့ က သိလို့လား၊ ဒီလိုဆိုရင် အံ့ဩစရာကောင်းတာပေါ့နော်'

'ဒီမှာ မော်၊ မင်း ကိုယ့်ကို လှောင်နေစရာမလိုဘူး၊ ကိုယ့်မှာ နားရှိတယ်၊ မင်းသတင်းတွေ ကိုယ့်နားမှာ မဆံ့အောင် ကြားရတယ်၊ ရှက်လည်းရှက်တယ်၊ မင်းအတွက် ဝမ်းနည်းတယ်၊ ယောကျ်ားတကာနဲ့

http://www.cherrythitsar.org



ဖက်ပြီးက၊ သူတို့ခေါ်ရာလိုက်၊ အချိန်မရှိပြန်လာ၊ ဒါဟာ မိန်းမကောင်းတွေရဲ့အပြုအမူ အနေအထိုင်မျိုး မပာတ်ဘူး'

မော်၏မျက်နှာကလေးသည် နီရဲ၍လာသည်။ သို့သော် မော်က ငေါ့၍ တမင်ရယ်လိုက်သည်။

'မ ့ဘာပြောတယ်၊ မိန်းမကောင်းတွေအလုပ် မဟုတ်ဘူး‥ ဟုတ်လား၊ ဒါဖြင့် မိန်းမကောင်းတွေကရော ဘယ်လိုများ နေထိုင်ကြသလဲ၊ အိမ်ထဲမှာ အခိုင်းအစေ ကြမ်းပိုးတေလေနဲ့ ကုပ်ပြီး ကမြင်းတာမျိုးလား၊ ဒီမှာ မ ့… သူများနှာခေါင်း ဇောက်ထိုးဖြစ်နေတာကိုပဲ လက်ညှိုးမထိုးနဲ့၊ ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်ဦး၊ မော်က ယောက်ျားတကာနဲ့ ဖက်ပြီး က ့တယ်၊ သူတို့ခေါ်ရာလိုက်တယ်ဆိုတာ ဟုတ်တယ်၊ ဒါပေမယ့် အဲဒီယောက်ျားတွေက ကြမ်းပိုးတွေ မဟုတ်ဘူး၊ ဖက်ခွက်စားတွေမဟုတ်ဘူး၊ ပညာတတ်တွေ၊ တကယ့်အဖိုးတန်ယောက်ျားတွေ နားလည်လား'

မ ့သည် နေရာမှ ရုတ်တရက် ထလိုက်သည်။ ချစ်သူကိုထိတော့လည်း မခံချိအောင် နာမိသည်။ ဒေါသစိတ်ကြောင့် အသားများ တဆတ်ဆတ်တုန်နေသည့်တိုင်အောင် အသံကိုအုပ်၍ ခပ်တိုးတိုးသာပြောလိုက်သည်။

'အေး‥ ငါပြောထားပြီးပြီမဟုတ်လား၊ ငါ့ချစ်သူဟာ ကြမ်းပိုးပဲဖြစ်ဖြစ်၊ တေလေပဲဖြစ်ဖြစ် ချစ်တာကတော့ ချစ်တာပဲ၊ ဘုရင့်သမီးတောင် စောင်းဆရာနဲ့ ချစ်ချင်ချစ်ကြတာပဲ၊ သူဌေးသမီးလည်း သူတောင်းစားနဲ့ ချစ်ချင်ချစ်ကြတာပဲ၊ ဒါဟာ ဘာမှ မဆန်းဘူး၊ တစ်ဘဝမှာ ချစ်သူယောက်ျား တစ်ယောက်ကိုရွေးတဲ့ မိန်းမမျိုးက တန်ဖိုးရှိသေးတယ်၊ ယောက်ျားတကာနဲ့တွဲပြီး လေချင်ရာလေ လွင့်ချင်ရာ လွင့်နေတဲ့ မိန်းမမျိုးက တန်ဖိုးလုံးလုံးမရှိဘူး၊ လမ်းဘေးမိန်းမရှုင်နဲ့ ဘာမှမထူးဘူး သိလား'

မ ့၏ စကားမဆုံးခင် မော့်လက်တစ်ဖက်က မ ့ပါးပေါ်သို့ တဖြန်းဖြန်းကျ၍လာသည်။

မ ့၏မျက်လုံးအစုံမှ မီးများပွင့်ထွက်လာသည်ဟုပင် ထင်လိုက်ရသည်။

http://www.cherrythitsar.org



ရှေ့တွင်ရပ်နေသော မော့်ကိုပင် မမြင်နိုင်ဘဲ မျက်လုံးများက ပြာသွားတော့သည်။

မ ,သည် သူ့ပါးတစ်ဖက်ကိုပွတ်ရင်း မော့်ကိုတွေ၍စိုက်ကြည့်နေသည်။ မ ,မျက်လုံးအိမ်တွင်း၌ကား မျက်ရည်များ အပြည့်လျှံ၍လာသည်။

မော်၏ မျက်လုံးတို့သည်ကား ဒေါသခိုးဖြင့် တောက်ပ၍နေသည်။

မ ,သည် ရီဝေသော မျက်လုံးများဖြင့်သာ မော့်ကို မျက်တောင်မခတ် စိုက်၍ ကြည့်နေသည်။ ပြီးမှ တစ်ချက်မျှရှိုက်လိုက်ပြီး မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ အောက်သို့ပြေးဆင်း၍ သွားတော့သည်။

အောက်ထပ် ဧည့်ခန်း၌ကား တိတ်ဆိတ်လှသည်။ အလင်းရောင်လည်းမရှိ၊ မ ,သည် လှေကားခြေရင်းတိုင်တွင်မှီ၍ ရပ်လိုက်သည်။ တိတ်ဆိတ်သော ဧည့်ခန်းအတွင်း၀ယ် မ ,၏ ရှိုက်သံကလေးများကို ခပ်သဲ့သဲ့ ကြားနေရသည်။ နှုတ်ခမ်းကလေးများကို ပြတ်လုမတတ်ကိုက်ထားရင်းမှ စိတ်ကိုတင်းထားသည်။ ရှိုက်သံများက ဆောင့်၍ထွက်လာသည်။

ထိုအတွင်း၀ယ် ကိုဘခက်အခန်းဆီမှ မီးလင်း၍လာသည်။ တံခါးဖွင့်သံလည်း ကြားရသည်။

မ ,သည် ကိုဘခက်အခန်းဆီသို့ လှမ်း၍ကြည့်လိုက်မိသည်။

ကိုဘခက်သည် အပေါက်ဝတွင် မလှုပ်မယှက်ရပ်ရင်း မ ,ကိုသာ စိုက်ကြည့်နေသည်။ ကိုဘခက်ကို မြင်ရမှ မ ,မှာ ပို၍ဝမ်းနည်းမိပြန်သည်။

မ ,သည် တိုင်တွင်မှီ၍ရပ်နေရာမှ မျက်နှာကို လက်ဖြင့်အုပ်လိုက်ရင်း လှေကားအောက်ဆုံး အဆင့်ပေါ်တွင် ထိုင်ချလိုက်သည်။ တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ရှိုက်နေမိသော်လည်း ငိုသံကို အပြင်သို့မထွက်ရန် အတတ်နိုင်ဆုံး ချုပ်တည်း၍ထားလိုက်သည်။

ယေ်ရွယ်သူမို့ သည်းခံရမည်ကို နားလည်မိသော်လည်း ကိုယ်က ချစ်မြတ်နိုးသူအပေါ်တွင် ချိုးနှိမ်၍ပြောလိုက်သော မော်၏ စကားများမှာ မ ,၏ အသည်းကို ဓားဖြင့်မွှန်းသလို အခံရခက်လှသည်။

http://www.cherrythitsar.org



မော်တို့အရွယ်သည် ကလေးစိတ် မကုန်တတ်သေး၍မို့ အရာရာ စိတ်မြန်ကိုယ်မြန် လုပ်တတ်သည်ကို မ,က နားလည်ခဲ့သည်။ လူကြီးများ ဆိုဆုံးမလျှင်လည်းဆတ်ဆတ်ထိမခံ၊ ကက်ကက်လန် တုံ့ပြန်ရန်တွေ့ တတ်သည်ကိုလည်း နားလည်ခဲ့သည်။ သို့ပေမယ့် မော်သည် မ,အပေါ် တွင် ခုလောက် ရင့်ရင့်သီးသီး ပြောလိမ့်မည်ဟုလည်း လုံးလုံး မထင်မိချေ။

ယခုမူ မော်၏ အပြုအမူမှာ ရက်စက်လွန်းလှသည်။

မ,သည် တွေးရင်း တစိမ့်စိမ့် နာကြည်းမိသည်။ သည်တော့ လည်း မျက်ရည်ကိုသာ သွန်ချမိတော့သည်။ ဒူးပေါ်တွင် မျက်နှာအပ်ကာ ငိုလိုက်မိသည်။ ကိုဘခက်က မ,၏ နဖူးဆံစကလေးများကို သပ်၍ ပေးလိုက်သည်။

'ကျွန်တော့်ရှေ့က ရပ်ရတဲ့အတွက် မ,မှာ ဒုက္ခကြီးလှပါတယ် မရယ်'

မ,သည် ကိုဘခက်ကိုသာ မျက်လုံးဝိုင်းကြီးများဖြင့် မော့၍ ကြည့်လိုက်မိသည်။

ကိုဘခက်က မ,ဘေးတွင်ဒူးထောက်၍ထိုင်လိုက်ရင်း မ,၏နဖူး ပြင်ကို တယုတယသပ်၍ပေးလိုက်သည်။ ခုလို အချိန်မျိုးတွင် ကိုဘခက်၏ ယုယကြင်နာမှုများသည် မ,အတွက် ပို၍ပင် ရင်နာစရာကောင်း တော့သည်။

'ဆရာနဲ့ မဆိုင်ပါဘူး ဆရာ၊ မ,တို့ ညီအစ်မချင်း ဖြစ်တာပါ၊ မော်ဟာ နည်းနည်းမှ အကြင်နာတရား မရှိဘူး၊ ညီမ အငယ်ဆုံးမို့ မ,တို့က ချစ်ရသလောက် မ,အပေါ်မှာကျတော့ သိပ်ပြီး ရက်စက် တယ်၊ မ,ခွင့်လွှတ်ပါတယ် ဆရာ၊ မ,ကို ဘယ်လောက်ပဲ နာကြည်း အောင် ပြောပေမယ့် မ, ခွင့်လွှတ်ပါတယ်၊ လူတွေကို ခွင့်လွှတ် သည်းခံရတဲ့ဘက်က မ, အမြဲတမ်း ရပ်နိုင်ပါစေဆိုတာပဲ ဆုတောင်းမိ တယ်'

ကိုဘခက်သည် မ,၏ မေးဖျားကလေးကို အသာ မ,တင်လိုက် သည်။

http://www.cherrythitsar.org



အမှန်တော့ ကိုဘခက်ကိုယ်တိုင်ကလည်းမ ့အတွက်မခံမရပ်နိုင်အောင် ရှိတော့သည်။

'ကျွန်တော် အားလုံးသိပါတယ် မ ့ရာ၊ ကျွန်တော့်ကို ဘယ်လိုဖုံးပေမယ့် ကျွန်တော် အားလုံးသိတယ်၊ အဆင့်အတန်းချင်း မညီမျှသူတွေရဲ့ အချစ်ဟာ ကြီးမားတဲ့အန္တရာယ်တွေနဲ့ အမြဲတမ်းရင်ဆိုင်ရတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ အမှန်တော့ ဒါဟာ အစပဲရှိသေးတယ်၊ နောက်တွေ့မယ့် အန္တရာယ်ကတော့ ဒါထက် ပိုကြီးမားပါလိမ့်မယ်၊ နေရာချင်းလဲလို့ရရင် လဲယူချင်တယ်၊ မ ့နေရာမှာ ကျွန်တော်နေပြီး အခု မ ့ ရင်ဆိုင်နေရတဲ့ အန္တရာယ်တွေကို ကျွန်တော် ရင်ဆိုင်ချင်တယ်၊ မ ့ပင်ပန်းတာကို နည်းနည်းမှ ကျွန်တော် မကြည့်ရက်နိုင်ဘူးသိလား၊ မ ့ ဆင်းရဲပင်ပန်းတာကို မြင်ရရင် ကျွန်တော်ကိုယ်တိုင်ခံရတာထက် နှစ်ဆပိုပြီး ပင်ပန်းရတယ်'

ကိုဘခက်သည် မ ့၏ ပခုံးကလေးကို ဆုပ်ကိုင်ရင်း ကြိတ်မနိုင်ခဲမရပြောလိုက်မိရှာသည်။ မ ့က မချိတင်ကဲပြုံးလိုက်မိရှာသည်။အဘယ်မျှ ကြီးမားသော အန္တရာယ်များနှင့် ရင်ဆိုင်နေရစေကာမူ ကိုယ့်အပေါ်တွင် အမြဲတစေ ရပ်နေသည့် ချစ်သူတစ်ယောက် ရှိနေကြောင်းကိုသိရသောအခါ အားတက်မိသည်။

'မ ့ခုထိ သတ္တိရှိပါသေးတယ် ဆရာ၊ မ ့အနားမှာ ဆရာရှိနေသရွေ့ မ ့ဟာလည်း နည်းနည်းမှ မလျှော့နိုင်သေးပါဘူး'

မက ကိုဘခက်ကို အားကိုးအားထားဖြင့် သူ၏သတ္တိကို ထုတ်ဖော်လိုက်သည်။

ကိုဘခက်သည် မ၏ လည်တိုင်ကြော့ကြော့ကလေးကို သိုင်း၍ဖက်လိုက်ပြီးလျှင် နဖူးပြင်ကလေးကို အသာနမ်းလိုက်မိသည်။ အမှန်တော့ မသည် ချစ်သူအား နှစ်သိမ့်စေလို၍သာ အားတင်း၍ပြောလိုက်ခြင်း ဖြစ်သည်ကိုလည်း ကိုဘခက်ကိုယ်တိုင် ရိပ်မိလိုက်သည်။

'ကျွန်တော်တို့ ရင်ဆိုင်ရမှာ မဝေးတော့ပါဘူး၊ ရှေ့တွေ့ကြရမယ့် လမ်းဆုံဟာ ကျွန်တော်တို့ရဲ့ဘဝလမ်းဆုံပဲ၊ ဒီလမ်းဆုံကနေ ရှေ့ဘယ်လိုခရီးဆက်ကြမလဲဆိုတာ ကျွန်တော်တို့ ဆုံးဖြတ်ရမှာပဲ၊ အတူတူတွဲပြီး ဆက်သွားကြမလား၊ ဒါမှမဟုတ် လမ်းခွဲကြမလားဆိုတာ ကျွန်

http://www.cherrythitsar.org



တော်တို့ ဆုံးဖြတ်ရမှာပဲ၊ အမှန်တော့ ဒီလမ်းဆုံကိုမျှော်ပြီး စောင့်နေတာဟာ အပင်ပန်းဆုံးပါပဲ၊ ဒီကြားမှာ မ,အနေနဲ့ ရင်ဆိုင်ရမယ့် အန္တရာယ်တွေကို မကျော်လွှန်နိုင်မှာဘဲ စိုးရိမ်တယ်'

မသည် ကိုဘခက်၏ ရင်တောင် အင်္ကျီကြယ်သီးကလေးများကို တပ်ချည်ဖြုတ်ချည်လုပ်နေရင်းမှ သက်ပြင်းကို မသိမသာချလိုက်မိသည်။

'မ,ကြိုးစားပါ့မယ် ဆရာ၊ မ,တစ်သက်မှာ ဒီစွန့်စားမှုဟာ အကြီးဆုံးဖြစ်ပါလိမ့်မယ်၊ တစ်ခါတလေတော့လည်း မလေ ထွက်ပြေးချင်တယ်၊ ဒီအိမ်မှာကို မနေချင်တော့ဘူး၊ လူတွေအားလုံးနဲ့ မတွေ့နိုင်မယ့်နေရာမှာ ဆရာ့ကို ခေါ်သွားချင်တယ်၊ ဒီလို နေရာမျိုးကိုမှ မသွားနိုင်ဘူးဆိုရင်လည်း မ,တစ်ယောက်တည်း အလွတ်ရုန်းပြီး ပြေးချင်တယ်ဆရာ၊ ဒါလည်း စိတ်ရှုပ်ပေါက်တဲ့အခါ တွေးမိတွေးရာလျှောက်ပြီး တွေးမိတာပဲ၊ တကယ်တော့ မ,မလုပ်ရဲပါဘူး၊ မကိုယ်မ သိတယ်၊ မရဲ့ သံယောဇဉ်တွေဟာ မကို အမြဲ ညှဉ်းဆဲနကြမှာပဲ၊ မွန့်လို ကိုယ့်လမ်းကိုကင်းကင်းလွတ်လွတ် ခွဲထွက်ရဲရင် အကောင်းသားပဲနော်၊ ဒါပေမယ့် မရဲ့ဘဝက မွန့်လို အဆင်ပြေနိုင်မယ် မဟုတ်ဘူး၊ ဖွတ်မိုတ်ရမှာ'

'ကျွန်တော် နားလည်ပါတယ် မ၊ မွန်တို့အိမ်ထောင်ရေးကနှစ်ဦးနှစ်ဖက် ညီမျှတဲ့ အိမ်ထောင်ရေးဆိုတော့ အားလုံးက ကြည်ဖြူကြတာပေါ့၊ ကျွန်တော်နဲ့ မနဲ့က အဆင့်ချင်းကွာတယ် မဟုတ်လား၊ မညီမျှတဲ့ အချစ်မှန်ရင် ဘယ်တော့မှ ချောမွေ့တယ် မရှိပါဘူး၊ ပတ်ဝန်းကျင်ကို လွန်ဆန်ရတာပဲ၊ အတားအဆီးမှန်သမျှ ကျော်လွှန်ရတာပဲ၊ အနိမ့်က လူတွေအတွက်တော့ အမြင့်ကိုမျှော်နေရင်မောရုံပဲရှိတယ်၊ အမြင့်ကနေတဲ့ မ,တို့လိုကျတော့ အနိမ့်ကိုခုန်ဆင်းဖို့ဆိုတာ တော်တော်တန်တန် သတ္တိမျိုးနဲ့ မရဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဒါကြောင့် နေရာချင်း လဲလိုက်ချင်တယ်၊ မ,ရင်ဆိုင်ရမှာတွေ စွန့်လွှတ်ရမှာတွေကို ကျွန်တော်ပဲ ရင်ဆိုင်ချင်တယ်၊ ကျွန်တော်ပဲ စွန့်လွှတ်ချင်တယ်၊ ဒါပေမယ့် ကျွန်တော့်ဘဝက စွန့်လွှတ်စရာဆိုလို့ နှောင်ကြိုးတောင် မရှိတဲ့ဘဝမို့ တွေးတိုင်း နာကြည်းမိတယ်'

မသည် ကိုဘခက်၏ လက်မောင်းတစ်ဖက်ကို ဖက်တွယ်၍ထားရင်း သူ့ပါးတစ်ဖက်ဖြင့် ကိုဘခက်၏ပခုံးစွန်းကို ပွတ်နေမိသည်။ ကို

ဘခက်က မ၏ လက်ဖျားများကို ခပ်တင်းတင်းဆုပ်နယ်၍ထားလိုက်မိသည်။

'မ ့ကို ယုံပါဆရာ၊ ဆရာ့ကို မ ့ချစ်တယ်ဆိုတာ ဆရာယုံပါ၊ မ ့အနေနဲ့ သတ္တိနည်းချင်လည်းနည်းမယ်၊ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုကို မ ့ခံချင်လည်းခံရမယ်၊ ဒါပေမယ့် မ ့ဆရာ့ကိုချစ်တယ်၊ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ချစ်တယ်၊ ဆရာကလွဲလို့ မ ့ဘယ်သူ့ကိုမှ ချစ်လို့ရမှာမဟုတ်ဘူး၊ မရဲ့နဖူးမှာ ဆရာနဲ့ ဆုံဆည်းဖို့ စာတမ်းမပါတောင် မ ့အသည်းမှာ ဆရာ့အချစ်ကလွဲလို့ ဘယ်သူ့အချစ်ကိုမှ နေရာမပေးနိုင်ဘူး၊ မကို ယုံပါဆရာ'

မသည် တုန်ယင်လှိုက်လှဲသော အသံကလေးဖြင့်ပြောရင်း ကိုဘခက်၏ပါးနှင့် သူ၏ပါးမို့မို့ကလေးကို အတင်းကပ်ထားလိုက်မိသည်။ ပြီးမှ လူချင်းခွာလိုက်သည်။

နောက် နေရာမှ ခပ်ဖြည်းဖြည်းထလိုက်ရင်း ကိုဘခက်ကိုသာ မျက်တောင်မခတ် ကြည့်နေမိသည်။

ကိုဘခက်ကလည်း မ၏ပခုံးကလေးများကို ဆုပ်ကိုင်ရင်း မနှင့်အတူ ရပ်လိုက်သည်။

မ၏ မျက်လုံးကလေးများသည် ပို၍တောက်ပလာသည်။ နှုတ်ခမ်းကလေးများသည် နီရဲ၍လာသည်။

ကိုဘခက်သည် မ၏ ပါးနှစ်ဖက်ကို အပြန်ပြန် နမ်းလိုက်ရင်း အတင်းအကျပ် ဖက်ထားလိုက်သည်။

တစ်ယောက်ကိုတစ်ယောက်အပြန်အလှန် ဖက်ထားလိုက်သည်။ အသက်ရှူသံပင် မကြားရချေ။

အတန်ကြာမှ မက မောဟိုက်သံကလေးဖြင့် တောင်းပန်လိုက်ရှာသည်။

'မ . . . သွားတော့မယ်နော်'

မသည် ကိုဘခက်၏လည်တိုင်ကို သိုင်းဖက်လိုက်ပြီးလျှင် ကိုဘခက်၏ ပါးတစ်ဖက်ကို မမီမကမ်းဖြင့် တစ်ချက်မျှ နမ်းလိုက်သည်။ ပြီးမှရှက်ပြုံးကလေးပြုံး၍ ကိုဘခက်ကိုကြည့်လိုက်ပြီးလျှင် အပေါ်ထပ်သို့တက်ပြေးတော့၏။

http://www.cherrythitsar.org



ကိုဘခက်သည် မကိုကြောင်၍ရပ်ကြည့်နေမိသည်။ ပြီးမှသူ့ရင်ထဲတွင် တစိမ့်စိမ့်အေး၍လာသည်။

မ၏မေတ္တာလှိုင်းသည် သူ့ရင်တွင်း၌ ဂယက်ထ၍ကျန်ရစ်ခဲ့လေသည်။

အမှန်တော့ မလို ဣန္ဒြေရှင်မိန်းမပျိုတစ်ယောက်က ချစ်သူကို အရဲစွန့်၍ နမ်းလိုက်ခြင်းသည် ကြီးမားသော စွန့်စားချက်တစ်ရပ်ပင် မဟုတ်ပါလော။

●

## (၁၅)

မော်သည် ကြော့နေအောင် ပြင်ထားပြီး တစ်စုံတစ်ယောက်ကို မျှော်နေဟန်ရှိသည်။

မော်သည် မျက်နှာထားတင်းတင်းဖြင့်ကြည့်လိုက်ရင်း အပေါက်ဝဆီသို့သာ မျှော်နေရင်း နာရီကိုကြည့်လိုက်ပြီး စိတ်ပျက်ဟန်ဖြင့် ခေါင်းကိုကုတ်လိုက်ပြန်သည်။ တစ်ယောက်တည်း ရန်ဖြစ်သလို ခြေကိုဆောင့်၍ လျှောက်သေးသည်။

အိမ်ရှေ့မှ ကားတစ်စီးဆိုက်သံကို ကြားရသောအခါ မော်သည် ဝမ်းသာအားရဖြင့် အပေါက်ဝသို့ ပြေးထွက်၍ ကြိုလိုက်မိသည်။ ကားပေါ်မှ ဆင်းလာသူကို မြင်ရသောအခါ မော့်မျက်နှာမှာ သိသိသာသာ ညှိုး၍သွားသည်။

ဘလှသန်းထွန်းသည် မျောက်လွဲကျော်ကဲ့သို့ ကားပေါ်မှ ခုန်ပေါက် ပြေးဆင်းလာသည်။ မော်က အပေါက်ဝမှ နောက်သို့ရွှေ့ပြီး ရပ်လိုက်သည်။

http://www.cherrythitsar.org



ဘလှသန်းထွန်းသည် မော်၏လက်တစ်ဖက်ကိုဆွဲ၍ ညှော်ခန်း တွင်းသို့ ပြေးဝင်လာသည်။ ပြီးမှ ညှော်ခန်းစားပွဲတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

မော်ကမူ ဘလှသန်းထွန်းကို ဂရုမစိုက်ဘဲ အပေါက်ဝဆီသို့သာ မျှော်ရင်း စိတ်မရှည်အောင် ရှိတော့သည်။ သည်တော့လည်း ဘလှ သန်းထွန်းက မော့်ကို အကဲခတ်လိုက်မိသည်။

'ဟေး… မော်က ပြင်လို့ဆင်လို့၊ ဘယ်သွားမှာမို့လဲ'

မော်သည် ဘလှသန်းထွန်း၏ အမေးကို နှုတ်ခမ်းကလေးစူစူဖြင့် ဖြေလိုက်သည်။

'မစ္စတာရှားမားတို့ပါတီကို သွားမလို့'

ဘလှသန်းထွန်းသည် မော်ကိုအံ့သြဟန်ဖြင့် ကြည့်နေမိသည်။ ပြီးမှ သူ့အိတ်ထဲမှ ဖိတ်စာကို ထုတ်၍ပြလိုက်သည်။

'ကိုယ်လည်း အဲဒီသွားမလို့၊ ဒီမှာလေ ဖိတ်စာ၊ အခု မော့်ကိုလာ ခေါ်တာ၊ မော်က ဘယ်လိုသိနှင့်လဲ'

'မော်လည်း ဖိတ်မယ့်သူရှာတာပေါ့၊ ခု သူ့ကို စောင့်နေတာ'

'ဟင်…ဘယ်သူ့ကို စောင့်နေတယ်၊ ကိုယ်နဲ့လိုက်ပါကွာ၊ ကိုယ် မော့်ကို တမင်လာခေါ်တာ၊ ဂရေစီတို့နဲ့တောင် မသွားဘူး'

မော်သည်လက်မှနာရီကိုကြည့်လိုက်ရင်း နေရာမှထလိုက်သည်။ ဘလှသန်းထွန်းပြောသော စကားကိုပင် မကြားဟန်ဖြင့် အပေါက်ဝဆီ သို့သာ လည်တဆန့်ဆန့်ရှိနေတော့သည်။ သို့မျှော်ရင်းမှ တစ်ယောက် တည်း ညည်းလိုက်သည်။

'ချိန်းထားပြီး အချိန်မမှန်တာ မော် သိပ်စိတ်ဆိုးတာပဲ'

ဘလှသန်းထွန်းက မော့်အဖြစ်ကို နားမလည်သလိုရှိတော့သည်။ ခါတိုင်း မော်သည် ဘလှသန်းထွန်းက လာ၍ခေါ်လျှင် နှစ်ခါ မခေါ် ရ…။

ဖင်တကြွကြွဖြင့် ပေါ့ပါးသူဖြစ်သည်။ ယခုမူ ဘလှသန်းထွန်း ခေါ်သည်ကိုပင် ဂရုမထားနိုင်အောင် ရှိနေသည်ကိုကား မတွေးတတ် အောင် ရှိတော့သည်။

http://www.cherrythitsar.org



'ဟေး…မော်ရ၊ မင်း ဘယ်သူ့ကိုစောင့်နေတာလဲ၊ ကိုယ်လည်း သွားမှာပဲဟာ၊ ဘာလဲ ကိုယ်နဲ့ မလိုက်ချင်ဘူးလား'

'မော်··ကိုကိုကြည်နဲ့ချိန်းထားတယ်၊ မော်က လူတစ်ယောက်ကို ကတိပေးပြီးရင် ကတိမဖျက်ချင်ဘူး၊ မော့်ကိုလည်း ကတိတည်မှကြိုက်တယ်'

ဘလှသန်းထွန်းသည် မော့်စကားကြောင့် အောင့်၍သွားဟန် ရှိသည်။ ရုတ်တရက် မျက်နှာပျက်သွားသော်လည်း ချက်ချင်းပင် ဣန္ဒြေ ဆည်လိုက်သည်။ လက်နှစ်ဖက်ကို ဘောင်းဘီခါးကြားတွင် သွင်းရင်း ကလေးများလို ဧည့်ခန်း၌ လှည့်၍ လျှောက်နေမိသည်။

'အေးပေါ့လေ·· ဒါဖြင့်လည်းစောင့်ဦးပေါ့၊ အမေရိကန်ပြန်တွေ များ တယ်ပြီး လိုက်ချင်တဲ့သူ ပေါတာပဲ'

'ဂျော်နီ·· မော့်ကိုလာပြီး စိတ်ဆိုးအောင် စ မနေစမ်းပါနဲ့'

ဘလှသန်းထွန်းသည် ပုတ်သင်ညိုကဲ့သို့ ခေါင်းကိုတဆတ်ဆတ် ညိတ်လိုက်သည်။

'မစ ရပါဘူးဗျာ၊ မစပါဘူး၊ ခုနစ်နာရီထိုးလို့မှ မလာရင်ကိုယ်နဲ့ လိုက်ချင် လိုက်ပေါ့၊ မလိုက်ရင် ကိုယ်သွားမယ်'

မော်သည် ဘာမျှပြန်၍ မပြောဘဲ သူ့မျက်နှာကိုသာပြန်၍အလှ ပြင်နေလိုက်သည်။ ထိုအတွင်း တယ်လီဖုန်းမှ ခေါ်သံကိုကြားရသည်။ မော်သည် အပြေးအလွှား တယ်လီဖုန်းကိုကိုင်လိုက်သည်။ တယ်လီဖုန်းမှ တစ်ခွန်းမျှ အားတက်သရော ထူးလိုက်ပြီးလျှင် တစ်ဖက်မှ ပြောသော စကားကို နားထောင်လိုက်သည်။ မော် မျက်နှာနီ၍လာသည်။ ဘလှ သန်းထွန်းသည် မော့်ကို လှောင်ပြုံးကလေးပြုံး၍ ကြည့်နေသည်။ မော်က လက်ပွေ့အိတ်ကိုကောက်ကိုင်လိုက်ရင်း ဘလှသန်းထွန်းကိုအမိန့် ပေးလိုက်သည်။

'လာ သွားမယ်၊ အချိန်မရှိဘူး ထ'

ဘလှသန်းထွန်းက မော်၏လက်မောင်းတစ်ဖက်ကို ဆွဲကိုင်လိုက် ရင်း ခပ်တည်တည်မေးလိုက်သည်။

'ဘာလဲ··· ဦးခင်မောင်ကြည်က မလာနိုင်ဘူးတဲ့လား'

'စကားမရှည်စမ်းပါနဲ့ ဂျော်နီ၊ သွားမယ်ဆို သွားမယ်'

ဘလှသန်းထွန်းသည် မော် ဆွဲရာသို့ ပါသွားတော့သည်။ မော်သည် ဘလှသန်းထွန်းကားကို ကိုယ်တိုင်မောင်း၍သွားလေသည်။ ဘလှသန်းထွန်းက မော်လုပ်သမျှ ဘာတစ်ခွန်းမှ မပြောဘဲ ပြုံး၍လိုက်လာသည်။

မော်သည် ကားကို အရှိန်ပြင်းပြင်းမောင်းလိုက်သည်။ လမ်းကွေ့များတွင် နောက်ဘီးမှ ကျွီခနဲမြည်သံကို ကြားလိုက်ရသည်။ ကားပေါ်မှ နှစ်ယောက်စလုံးမှာ ယိမ်းကသလိုဘယ်ညာယိမ်း၍သွားသည်။ ရှေ့ကားကို ကျော်တက်လိုက်သည့်အခါ တစ်ဖက်မှလာနေသော ကားနှင့် ခေါင်းချင်းတော့ပြီးသား ဖြစ်၍သွားသည်။ တစ်ဖက်ကားက အလျှော့ပေး၍ လမ်းဘေးသို့ရှောင်၍ပေးသည့်တိုင်အောင် ပွတ်ကာသီကာလွတ်၍ သွားတတ်သည်။

အမှန်၌ မော်မောင်းပုံမှာ စိုးရိမ်စရာကောင်းလှသည်။ သို့သော် ဘလှသန်းထွန်းကမူ မော်ကို ယုံကြည်စိတ်ချ၍လားမသိ၊ ဘေးမှ လေကလေးချွန်၍ လိုက်လာသည်။

မစ္စတာရှားမား ခြံထဲသို့ရောက်သောအခါ ကားကို တစ်ရှိန်ထိုး ဘရိတ်အုပ်၍ ရပ်လိုက်သည်။ အားလုံးကပင် မော်တော်ကားကိုလှည့်၍ ကြည့်လိုက်မိသည်။ ပါတီတွင် လူအများအတော်စုံစုံ ရောက်နှင့်နေလေပြီ။ မော်သည် ဘလှသန်းထွန်း၏ လက်တစ်ဖက်ကို တွဲ၍ ခပ်ကြော့ကြော့ ဝင်၍သွားသည်။ မစ္စတာရှားမားက အပေါက်ဝမှဆီး၍ နှုတ်ဆက်ရင်း နေရာချပေးလိုက်သည်။ စားပွဲတွင်ထိုင်လိုက်သော်လည်း မျက်လုံးများမှာ တစ်စုံတစ်ယောက်ကို ရှာနေမိသည်။

ဘလှသန်းထွန်းက စားစရာ သောက်စရာများ မှာလိုက်သည်။ မော့်အတွက် ခါတိုင်းလိုပင် ဝိုင်ကို မှာလိုက်သည်။

မော်သည် အသင့်ချလိုက်သော ဝိုင်ကို တစ်ချက်တည်းမော့၍ သောက်လိုက်ပြီးလျှင် ဝီစကီကို ထပ်၍မှာလိုက်သည်။

ဘလှသန်းထွန်းသည် မော်ကိုကြည့်၍ နားမလည်နိုင်အောင်ရှိတော့သည်။

'ဟော့… မော်၊ ဘာဖြစ်တာလဲ၊ တော်တော်ကြာ အရင်တစ်ခါတုန်းကလို သိပ်မူးနေဦးမယ်'

http://www.cherrythitsar.org



'ကိစ္စမရှိပါဘူး၊ မော် မူးရင် ဂျော်နီအတွက် အမြတ်ကြီးပေါ့'

မော်သည် ပြောပြောဆိုဆိုပင် ဝီစကီကို တစ်ကျိုက်ချင်းမော့၍ သောက်နေပြန်သည်။ ဘလှသန်းထွန်းသည် မော့်ကိုကြောက်ချင်သလို ဖြစ်မိသည်။

မော်သည် ဖန်ခွက်နှုတ်ခမ်းကို မေးဖျားကလေးဖြင့် ပွတ်ရင်း စားပွဲများကို လျှောက်၍ကြည့်နေမိသည်။ ဘလှသန်းထွန်းက မော့်ကို စိုက်ကြည့်နေရင်း သူ့စိတ်ထဲတွင် ရှိသည့်အတိုင်း ပြောချလိုက်သည်။

'ကိုယ်ပြောတာ တစ်ခုနားထောင်စမ်းပါ၊ ရှေ့နှစ်ထဲမှာ ကိုယ်တို့ လက်ထပ်ကြရအောင်၊ ရှေ့နှစ်ဆိုရင် ကိုယ် အလုပ်ဝင်နိုင်ပြီ၊ ကျူတာလုပ် အမ်အေတက်မယ်၊ ဒီတော့ ခု နွေကျောင်းပိတ်ရက်မှာ မော်နဲ့ ကိုယ်နဲ့ အင်ဂေ့ဂျ် လုပ်ရအောင်ကွာ… နော်၊ မော် ကိုယ်ပြောတာ နားထောင် စမ်းပါဦး'

မော်သည် ဘလှသန်းထွန်းပြောစကားကို လုံးဝ စိတ်မဝင်စား နိုင်ပေ။

ဘေးစားပွဲများကိုသာ လှည့်၍ ကြည့်နေမိသည်။ ဘလှသန်းထွန်း က မော့်လက်တစ်ဖက်ကို ညှစ်၍ ဆုပ်လိုက်မိသည်။

'ကိုယ်ပြောတာ နားထောင်စမ်းပါ၊ မော်လည်း စာသင်မပျက်ပါ ဘူး၊ ကိုယ်တို့ကိစ္စ လူတိုင်းသိနေတာပေါ့၊ စေ့စပ်ထားရင် ကောင်း မယ်၊ ဒါမှ လွတ်လွတ်လပ်လပ် သွားနိုင်တာပေါ့'

မော်သည် ခြောက်ကပ်ကပ် ရယ်လိုက်ရင်း အရက်ကို တစ်ချက် မော့လိုက်သည်။

စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာလိုက်ပြီးလျှင် ဘလှသန်းထွန်း ဘက်သို့ ကမ်းပေးလိုက်သည်။

'ပြီးမှ စီးကရက်သောက်နေစမ်းပါ ဂျော်နီ၊ ကနေ့ည မော်ဘာမှ စိတ်မဝင်စားဘူး'

ဘလှသန်းထွန်းသည် မော့်အမိန့်ကို မလွန်ဆန်နိုင်သကဲ့သို့ အရက် ကို တစ်ချက်မျှ မော့လိုက်ရင်း စီးကရက်ကို ဖွာလိုက်သည်။

မော်သည် ဘေးစားပွဲများကို ကြည့်နေရင်းမှ ထောင့်တစ်နေရာ တွင် သူတွေ့လိုသော ကိုခင်မောင်ကြည်ကို လှမ်း၍မြင်လိုက်ရသည်။ မြင်

http://www.cherrythitsar.org



လျှင် မြင်ချင်းပင် နေရာမှထကာ ကိုခင်မောင်ကြည်တို့ရှိရာ လျှောက်ခဲ့သည်။

ကိုခင်မောင်ကြည် သူ့ဆီသို့ တန်းတန်းမတ်မတ်လာနေသော မော့်ကိုကြည့်ရင်း မျက်စိမျက်နှာမလှ ဖြစ်နေတော့သည်။

မော်သည် ကိုခင်မောင်ကြည် စားပွဲဘေးတွင် ခါးထောက်ရပ်လိုက်သည်။

ကိုခင်မောင်ကြည်၏ဘေးတွင်ကား ချောမော တောင့်တင်းလှသော မိန်းမပျိုတစ်ယောက် ယှဉ်ထိုင်လျက်ရှိသည်။

ထိုမိန်းမပျိုက ကိုခင်မောင်ကြည်နှင့်မော့်ကို အကဲခတ်သလို တစ်လှည့်စီ ကြည့်လိုက်သည်။ ကိုခင်မောင်ကြည်သည် မော့်ကို မျက်နှာချိုသွေး၍ နှုတ်ဆက်လိုက်သည်။

'မော် ဘယ်တုန်းကရောက်လဲဟင်၊ ကိုကိုကြည်တောင် မလာတော့ဘူးလို့နေတာ၊ ဟောဒီ ပက်ဂီကြိုင်နဲ့တွေ့လို့ ပါလာတာ'

မော်က တစ်ချက်မျှ မဲ့လိုက်ပြီးလျှင် သရော်ဟန်ဖြင့် ရယ်လိုက်သည်။

ပြီးမှ ကိုခင်မောင်ကြည်ရှေ့တွင် ချထားသောအရက်ခွက်ကိုယူ၍ မော့လိုက်သည်။

ကိုခင်မောင်ကြည်သည် မော်၏ ကလေးဆန်လှသော အပြုအမူကြောင့် ပက်ဂီကြိုင်ကို အားနာသွားပုံရသည်။

'သူ မူးနေလို့ပါ၊ ပက်ဂီ‥ ခွင့်လွှတ်နော်'

'ဒါဟာ အမေရိကားကတတ်လာတဲ့ လိမ်နည်း ညာနည်းတွေလား၊ မော်က ကတိတည်မှုကြိုက်တယ်၊ မော့်ကို ချိန်းထားပြီး ဒီလိုအပေါက်မျိုး ချိုးတာတော့ ရွံတယ်, မုန်းတယ်'

'ဟော့… မော်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီမှာဧည့်သည်ကိုလည်း အားနာဦးမှပေါ့၊ နေရာတကာ ကလေးဆန်လို့ ဘယ်ကောင်းမလဲ'

မော်သည် အရက်ခွက်ကို နှုတ်ခမ်းမှ ခွာလိုက်ရင်း ကိုခင်မောင်ကြည်ကို ဒေါသဖြင့် စိုက်၍ကြည့်လိုက်၏။

http://www.cherrythitsar.org



'ကလေးဆန်တယ်ပြောပြော၊ လူကြီးဆန်တယ်ပဲပြောပြော မော်တို့က စိတ်ထဲရှိတဲ့အတိုင်းပဲ၊ ဟန်မဆောင်တတ်ဘူး၊ ဟိုတစ်မျိုးဒီတစ်မျိုး ကြမ်းပိုးလို လိမ်တဲ့လူမျိုးကိုတော့ မုန်းတယ်'

'နောက်မှပြောကွာ မော်၊ ဒီနေရာမှာ လူတွေနဲ့ ဘယ်လောက်ရှက်စရာကောင်းသလဲ၊ ယဉ်ကျေးမှုကို နားလည်မှပေါ့'

'နောက်လည်းပြောစရာမလိုပါဘူး၊ ကိုကိုကြည်လို လူလိမ်လူညာမျိုးကိုလည်း နောက်မဆက်ဆံတော့ဘူး၊ မော် နားလည်တဲ့ယဉ်ကျေးမှုဆိုတာ ရှင့်လိုကြမ်းပိုးတွေအတွက် ဟောဒီလို ဆုံးမတာဟာ အယဉ်ကျေးဆုံးပဲ'

မော်သည် ကိုခင်မောင်ကြည်၏ မျက်နှာကို အရက်ခွက်ဖြင့်ပက်လိုက်သည်။

ဘေးစားပွဲမှ လူများသည် ဝိုင်း၍ကြည့်ကြသည်။

တချို့မိန်းမများက အလန့်တကြား သံသေးသံကြောင်ဖြင့် အော်လိုက်သည်။

ကိုခင်မောင်ကြည်သည် ရှက်ရမ်းရမ်းတော့မည်ကဲ့သို့ မော်ကိုရိုက်ရန် ပြင်လိုက်သည်။

ဘလှသန်းထွန်းက ကြားမှဝင်၍ရပ်လိုက်သည်။ မစ္စတာရှားမားက ကိုခင်မောင်ကြည်ကို ဝင်၍ ဆွဲလိုက်သည်။ ဘေးမှလူများ အုံ၍လာသည်။

ထိုအတွင်းမှာပင် လက်ခနဲလင်းလိုက်သောမီးရောင်ကြောင့် လူများ ရှုံ့သွားသည်။

'ဟော့…ဘယ်သူလဲဓာတ်ပုံရိုက်တာ၊ မစ္စတာရှားမား··ဖလင်ကိုလုယူ၊ မော် လာ၊ သွားကြမယ်'

ဘလှသန်းထွန်းသည် ဤလိုပွဲမျိုးတွင် ပါးနပ်သူဖြစ်သည်။ ဓာတ်ပုံရိုက်လိုက်သည်ကို ရုတ်တရက်သိလျှင်သိချင်း မော့်ကိုဆွဲ၍ ကားဆီသို့ပြေးတော့သည်။

ကားပေါ်သို့ မော်အား တွန်းတင်လိုက်ရင်း စက်ကိုနှိုးကာ တစ်ဟုန်ထိုး မောင်းထွက်သွားတော့သည်။

http://www.cherrythitsar.org



မော်ကမူ ရှေ့နောက် ဘာကိုမျှ စဉ်းစားဟန်မရှိ။ သူလုပ်သမျှကို ကျေနပ်နေဟန်ရှိသည်။

'မော်ကကွာ…ဘာမှမစဉ်းစားဘူး၊ ဒီလိုနေရာမျိုးမှာ လုပ်ရတာ မဟုတ်ဘူး၊ တစ်ခါတည်း သတင်းစာထဲမှာ ပါလာမှာ၊ အလိုလိုကမှ သတင်းစာတွေက ဒီကပွဲတွေအကြောင်းကို မကောင်းဘူးလို့ အပြစ်ရှာနေတာ၊ ခု မမြင်ဘူးလား၊ ဖြစ်တယ်ဆိုရင် ချက်ချင်း ဓာတ်ပုံဝင်ရိုက်သွားတယ် မဟုတ်လား၊ တော်တော်ကြာ ဓာတ်ပုံနဲ့ပါလာရင် အရှက်ကွဲကုန်မှာ'

'အံမယ်‥မော်က စဉ်းစားပြီးမှလုပ်တာ၊ ကိုကိုကြည်ကို ရန်ဖြစ်ချင်လို့ ဒီကိုလာတာ၊ ခုတော့ ကျေနပ်သွားပြီ၊ ဒီလိုလူမျိုးကို ဒီလိုလုပ်ပေးမှ… သိလား'

ဘလှသန်းထွန်းသည် မော်ကိုဆက်၍မပြောချေ။ ဆက်ပြောလျှင်လည်း ရမည်မဟုတ်။

မော်၏ တစ်ယူသန်တစ်ဇွတ်ထိုးစိတ်ကို ဘလှသန်းထွန်းကိုယ်တိုင် နားလည်ပြီးဖြစ်သည်။

မော်က ခေါင်းတညိတ်ညိတ် သီချင်းတအေးအေးဖြင့် လိုက်လာရင်း ဘလှသန်းထွန်း ချိုးဝင်လိုက်သော လမ်းမြှောင်ကလေးကို ကြည့်လိုက်သည်။

အိမ်ကိုပြန်သောလမ်း မဟုတ်မှန်းသိသည်နှင့် တစ်ပြိုင်နက်ကားစတီရာတိုင်ကို ကိုင်၍ လှည့်လိုက်သည်။ ရုတ်တရက် ကားကလေးသည် လမ်းဘေး သစ်ပင်များဆီသို့ တိုးဝင်သွားသည်။ ဘလှသန်းထွန်းသည် ကားကို သစ်ပင်နှင့်မတိုက်မိစေရန် မနည်းပင်ရှောင်လိုက်ရင်း ဘရိတ်အုပ်လိုက်သည်။

'ဘယ်လိုလုပ်တာလဲ… မော်၊ အရမ်းပဲ၊ တိုက်ရင် သေကုန်မှာ သိလား'

ဘလှသန်းထွန်းက စိုးရိမ်တကြီးပြောလိုက်သည့်တိုင်အောင် မော်က အပြုံးမပျက်။ ဘလှသန်းထွန်း၏လက်တစ်ဖက်ကို အသာဆုပ်၍ထားလိုက်သည်။

http://www.cherrythitsar.org



'ဘာလဲ··· ဒါ အိမ်ပြန်တာလား၊ အိမ်သွားတဲ့လမ်းက ဒီလမ်း မဟုတ်ဘူး'

သည်တော့မှလည်း ဘလှသန်းထွန်းက အဓိပ္ပာယ်ပါပါပြုံးလိုက်ရင်း မော်၏ လက်မောင်းအိုးကလေးကို ဆုပ်ကိုင်၍ ထားလိုက်သည်။

'စောပါသေးတယ် မော်ရာ၊ ကိုယ်တို့ စကားလေး ဘာလေး ပြောကြတာပေါ့'

'စကားပြောမှာဖြင့်ပြော၊ ဘယ်မှ လျှောက်မောင်းနေစရာမလို ဘူး'

ဘလှသန်းထွန်းသည် မော်၏ ပခုံးကလေးကို ပွေ့ယူလိုက်ရင်း မျက်နှာချင်း ကပ်ထားလိုက်သည်။

မော်က ဘလှသန်းထွန်း၏ရင်ပြင်ကို လက်ဖြင့်အသာတွန်းထားသည်။ သို့ တွန်းထားရင်းမှ မော့်လက်များသည် ဘလှသန်းထွန်း ကျောကို ရစ်သိုင်း၍ ဖက်ပြီးသား ဖြစ်သွားပြန်သည်။

ဘလှသန်းထွန်းသည် မော့် တစ်ကိုယ်လုံး သိမ်းကျုံး၍ဖက်ထားရင်း မော်၏နှုတ်ခမ်းများကို အတင်းနမ်းလိုက်ပြန်သည်။ မော်ကလူးလွန့် ရုန်းကန်ရင်း ခပ်တိုးတိုး တောင်းပန်လိုက်သည်။

'ဖယ်·· ဂျော်နီရာ၊ ယူတို့ ယောကျ်ားတွေဟာ အားလုံးအတူတူ ပဲ၊ မိန်းကလေးတွေကို တွေ့ရင် ဒါလောက်ပဲ စိတ်ကူးကြတာ'

မော်သည် စိတ်မပါ့တပါ ရုန်းကန်ရင်း ထိုင်ခုံပေါ်တွင် လဲကျသွားသည်။ ဘလှသန်းထွန်းက မော်၏မျက်နှာကို အပေါ်မှမိုး၍ထားသလို ရှိတော့သည်။

'ကိုယ် မော့်ကို ချစ်တယ်၊ ဒါပဲနော် မော့်ကို ကိုယ်လက်ထပ်မယ်၊ မော့်ကို ကိုယ်ချစ်တယ်·· သိလား၊ ကိုယ့်ကို အရူးမလုပ်နဲ့'

ဘလှသန်းထွန်းသည် ဆီမန်းမန်းသလို တတွတ်တွတ် ပြောရင်း မော်၏လည်တိုင်ကြော့ကြော့၊ ပါးမို့မို့၊ နဖူးပြန့်ပြန့်ကလေးကို အနံ့နမ်း လိုက်ပြန်သည်။ မော်က ကလေးသံလေးဖြင့် ညည်းရှာသည်။

'ပြန်မယ်··· ဂျော်နီရယ်၊ မော် ကနေ့ည ဒါတွေ နားမထောင် ချင်ဘူး၊ ပြန်ကြရအောင် ဂျော်နီ၊ နောက်နေ့ကျမှ အေးအေးဆေးဆေး တွေ့ကြရအောင်ပါ · · ·နော်'

http://www.cherrythitsar.org



'ဟင့်အင်း.. မပြန်သေးဘူး'

'ကျော်နီက မကောင်းဘူးကွယ်၊ အို... ပြောတာလည်းမရဘူး'

'မရဘူး.. မရဘူး၊ မော့်ကို ကိုယ်ယူမှာပဲဟာ'

'တော်တော့ကွယ်၊ မော် စိတ်ညစ်အောင် မလုပ်နဲ့ကွယ်'

မော်၏ အသံကလေးများသည် တဖြည်းဖြည်း တိမ်၍သွားသည်။

ကောင်းကင်မှ ကြယ်ကလေးများသည် သစ်ပင်များကြားမှနေ၍ မော်၏ဓာတ်လမ်းကို မှိတ်တုတ်မှိတ်တုတ်ဖြင့် ကြည့်နေကြသည်။သို့ ကြည့်ရင်း အင်းလျားရေပြင်မှ လှိုင်းတွန့်ကလေးများကို လှမ်း၍သတင်း ပေးလိုက်သည်။

ထိုအချိန်တွင် ခါတိုင်းလာနေကျ သူတို့၏မိတ်ဆွေ ကိုခင်မောင်ကြည်နှင့် မော်တို့ကို မျှော်နေကြမည့် အင်းလျားရေပြင်မှ လှိုင်းကလေးများကိုကား မော်သည် သတိရနိုင်တော့မည် မဟုတ်တော့ချေတကား။

●

## (၁၆)

ကိုခင်မောင်ကြည်ပေးသော ဓာတ်ပုံကိုယူ၍ ကြည့်လိုက်မိသောအခါ မ,မှာ မျက်လုံးများပင် ပြာ၍သွားလေသည်။ ပါတီပွဲတွင် ဖြစ်ချင်တိုင်းဖြစ်နေသော မော်နှင့် ဘလှသန်းထွန်း၏ပုံဖြစ်သည်။ မ,သည် ဓာတ်ပုံကို ကြာကြာပင် ဆက်၍ မကြည့်ရဲတော့ချေ။ ကိုခင်မောင်ကြည်ကိုသာ မရဲတရဲကြည့်ရင်း မေးလိုက်ရသည်။

'ဘယ်လိုဖြစ်တာလဲ ကိုကိုကြည်'

'ညကပေါ့၊ မစ္စတာရှားမားတို့ ပါတီပွဲမှာ မော်တစ်ယောက်မူးပြီး ခုလိုဖြစ်တာပဲ၊ ကိုကိုကြည်ကိုတောင် အထင်လွဲပြီး အရက်နဲ့ပက်

http://www.cherrythitsar.org



သွားတယ်၊ အဲဒါကို သတင်းထောက်တွေက ဖမ်းပြီး ဓာတ်ပုံရိုက်တာ၊ ညက မနည်းတောင်းပန်ပြီး ဖလင်ကို လုယူခဲ့ရတယ်၊ အမှန်က သိပ်ရှက်စရာ ကောင်းတယ်၊ မစ္စတာရှားမားတို့ ပါတီပွဲဆိုရင် တကယ့်လူကုံထံမျက်နှာကြီးတွေ လာတာများတယ်၊ ဒီပွဲမျိုးမှာ ခုလို ဖြစ်တာကတော့ လူကြီးတွေဂုဏ်သရေပါထိခိုက်တယ်'

မ,သည် ကိုခင်မောင်ကြည်၏စကားတို့ကြောင့် ကိုယ့်ညီမဘက်မှ မခံချင်သလို ဖြစ်မိသော်လည်း အောင့်၍ထားလိုက်သည်။ မည်သို့ပင်ဖြစ်စေ ခုနေအခါမျိုးတွင် ကိုခင်မောင်ကြည်လို လူတစ်ယောက်ကပင် ကယ်တင်ရှင်ကြီး ဖြစ်နေသည် မဟုတ်လား။

'ကိုကိုကြည်ကိုတော့ မ,တစ်ခု တောင်းပန်ပါရစေ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖေဖေတို့ မေမေတို့ မသိပါစေနဲ့၊ မ,သူ့ကို ကြည့်ပြီးပြောပါ့မယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုကိုကြည်ကလည်း မော့်ကိုအပြစ်မယူစေချင်ဘူး၊ မော့်ကိုယ်စား မ,ကပဲ တောင်းပန်ပါတယ်'

ကိုခင်မောင်ကြည်သည် မ,၏တောင်းပန်ချက်ကို စိတ်ထဲမှကျေနပ်သော်လည်း ဟန်ဆောင်၍ နေလိုက်သည်။ မော့်ကိစ္စနှင့် ပတ်သက်၍သူကိုယ်တိုင်ကပင် စိတ်မကောင်းဟန်ဖြင့် ခေါင်းကို ခပ်လေးလေး ညိတ်လိုက်သည်။

'ကျွန်တော် နားလည်ပါတယ်၊ ဒီကိစ္စကို မွန်နဲ့ မ,ပဲ ပြောတာပါ၊ ဒါကတော့ ညီမအချင်းချင်း တိုးတိုးတိတ်တိတ် ဆုံးမနိုင်အောင်လေ၊ မော်က တဇွတ်ထိုးဆိုတော့ အပြောရခက်တယ်'

'မော်က ကလေးစိတ် မကုန်သေးတဲ့အထဲ ထင်ရာလုပ်တတ်တဲ့ စိတ်က ရှိနေပြန်တော့ ပိုခက်တာပေါ့၊ ဒါပေမယ့် မ,သူ့ကို ချော့မော့ပြီး ပြောပါ့မယ်'

ကိုခင်မောင်ကြည်သည် မ,ကို တစ်ချက်မျှ စိုက်ကြည့်ပြီးလျှင် နေရာမှ ထလိုက်သည်။

'ကဲ… ဒါဖြင့် ကိုယ်သွားမယ်'

မ,က ခေါင်းကိုအသာညိတ်လိုက်သည်။ ကိုခင်မောင်ကြည်သည် တစ်လှမ်းနှစ်လှမ်းမျှ လှမ်းလိုက်ပြီးလျှင် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ပြန်၍လှည့်လိုက်သည်။

'သြော်‥ ဒါထက် မ,ကို ကိုယ်တစ်ခုပြောရမယ်၊ ကိုယ်နဲ့မနဲ့ ကိစ္စအတွက်တော့ မွန်ကို ပြောပြီးပြီ၊ ကိုယ်တော့ မ,ဆုံးဖြတ်မယ့်အချိန် ကို စောင့်နေပါတယ်၊ မ,ဆီက အဆုံးအဖြတ်ကျလာရင် အန်ကယ်တို့ အန်တီတို့နဲ့တိုင်ပင်ပြီး စီစဉ်ဖို့ပဲရှိတော့တယ်၊ ဒီကိစ္စကလေးတွေကို မမေ့ လိုက်ပါနဲ့နော် မ'

ကိုခင်မောင်ကြည်သည် ပြောပြောဆိုဆို ထွက်၍သွားလေသည်။ မ,က ပြန်၍ပြောချိန်မရမီ ကိုခင်မောင်ကြည်သည် ဧည့်ခန်းမှထွက်သွား သည်။

မ,သည် ကိုခင်မောင်ကြည်ကို မကျေမချမ်း ရပ်၍ ကြည့်နေမိ သည်။

ပြီးမှ အပေါ်ထပ်သို့ တက်ခဲ့သည်။ အပေါ်ထပ်သို့ရောက်သော အခါ ရေဒီယိုမှသီချင်းကို နားထောင်ရင်း ရုတ်တရက် ငိုင်၍နေမိသည်။ လှမိုး ဆိုသော ညီမလေးရယ် စိုးရိမ်မိတယ် သီချင်းသည် ရေဒီယိုမှ ကြည်လင်စွာ ပေါ်ထွက်လာသည်။ အမှန်၌ မ,သည် ဂီတအနုပညာကို ဝါသနာပါသော်လည်း ရေဒီယိုသီချင်းများကို စိတ်ဝင်စားခြင်း မရှိ လှ။

မြန်မာ အနုပညာ မြန်မာဟန်နှင့် အတွေးအခေါ်ပါသော သီချင်းများ ကြားခဲ့ရသည်။ ခဏခဏလာ၍ ပါးစပ်ဖျားရောက်ပြီး ပျောက်ဆိုသော သီချင်းများသာ လာတတ်သည်။ ထို့ကြောင့်လည်း မြန်မာ့ရေဒီယိုသီချင်းများကို တစ်ခါတစ်ရံ အားမလို အားမရ ဖြစ် မိသည်။

ကိုယ်ကြိုက်သော အဖွဲ့နှင့် သီချင်းများသာရွေး၍ နားထောင် တတ်သည်။

ယခုမှ တိုက်ဆိုင်၍လားမသိ၊ မ,သည် ရေဒီယိုမှ သီချင်းများကို နားထောင်ရင်း ငိုင်၍နေမိသည်။

http://www.cherrythitsar.org



'အပျံသင်စ ငှက်ကလေးများပမာလို မရေရာသေးတယ် လောက အလယ် မသိတာရှိသေးတယ် ကျယ်ဝန်းတဲ့ ဟောဒီကမ္ဘာဝယ် အယောင် ဆောင်တွေနဲ့ တွေ့မှာစိုးလှတယ်'

'ပုရစ်နွယ် အညွန့်ဖူး အချစ်နယ် မလွန့်လူးလေနဲ့ အပျံသင်စ အရွယ် ညီမလေးရယ် စိုးရိမ်မိသေးတယ်'

မ,သည် ဒီသီချင်းကို နားထောင်ရင်း မော်အဖြစ်နှင့်ယှဉ်၍တွေး လိုက်မိသည်။

မော်သည် ရေဒီယိုကို ထ၍ပိတ်လိုက်ရင်းမှ မ,ကို တစ်ချက်မျှ ရှုသိုးသိုးဖြင့် စိုက်ကြည့်လိုက်သည်။

'အလကားသီချင်းကြီး‥ သူတို့နှမပဲ သူတို့စိုးရိမ်ဖို့ ကောင်း တယ်၊ ကြီးကြီးကျယ်ကျယ် သူတို့ကပဲ စိုးရိမ်တယ်ရှိသေးတယ်'

မော်သည် ပြောရင်းဆိုရင်း နေရာမှထလိုက်သည်။ မ,ကမော်ကို လှမ်းကြည့်လိုက်ရင်း ပြောရန် စကားစလိုက်သည်။

'ဒီသီချင်းဟာ ခေတ်နဲ့ လိုက်ပါတယ်ကွယ်၊ ခေတ်အပျိုပေါက် ကလေးတွေဟာ စိုးရိမ်စရာအကောင်းဆုံး နေရာတွေမှာ ဝင်ပြီးတိုးနေ တယ်၊ ဒါဟာ သူတို့ရဲ့ပျက်စီးခြင်းလမ်းစပဲ၊ ဘာပဲဖြစ်ဖြစ် ဒီသီချင်း ကရုဏာရသလေးတော့ ပါသေးတယ်'

မ,က စကားစရန် သီချင်းနှင့် နိဒါန်းပျိုးလိုက်သည်။ မော်က မ,ပြောသော စကားများကို ရှုံ့ရှုံ့မဲ့မဲ့ဖြင့် နားထောင်နေသည်။ ပြီးမှ မျက်နှာသုတ်ပဝါကိုဆွဲ၍ နောက်ဖေးခန်းသို့ ထွက်သွားသည်။ မ,သည် မော့်အကြောင်းကိုသာ တွေးရင်း စောင့်နေရှာသည်။ မျက်နှာသစ်၍ ပြန်လာတော့လည်း မော်သည် မ,ကို စကားမပြော။ ပွနေသောခေါင်း ကို ပြင်ရင်း သီချင်းတအေးအေး ဆိုနေတော့သည်။ မ,သည်လက်ထဲမှ ဓာတ်ပုံကို မှန်တင်ခုံရှေ့သို့ ပစ်ပေးလိုက်ပြီးလျှင် ဘာမျှမပြောဘဲ မော်၏အရိပ်အခြည်ကို အကဲခတ်နေလိုက်သည်။

မော်သည် ဓာတ်ပုံကိုမြင်ရမှ တစ္ဆေအခြောက်ခံရသူကဲ့သို့ ရုတ် တရက် လန့်သွားဟန် ရှိသည်။

ပြီးမှ ဣန္ဒြေဆည်၍ မေးလိုက်သည်။

'ဒါ ဘယ်က ရတာလဲ'

http://www.cherrythitsar.org



'ဘယ်ကရတာ မရတာ အရေးမကြီးဘူး မော်၊ မင်းဘာဖြစ်ခဲ့သလဲ ဆိုတာ အရေးကြီးတယ်'

မော်သည် ငှက်ကလေးများကဲ့သို့ သူ့ဆံပင်ကို ခေါင်းတဆတ်ဆတ်ဖြင့် ခါလိုက်ပြီးလျှင် လက်နှစ်ဖက်သပ်ကာ ဖဲကြိုးစည်းလိုက်သည်။ ပြီးမှ ခပ်အေးအေး ပြန်၍ဖြေလိုက်သည်။

'ကိုကိုကြည်ကို အမြင်ကတ်လို့အရွဲ့တိုက်ခဲ့တာ၊ ဘယ်ကောင်တွေများ လက်ကမြင်းပြီး ခတ်ပုံရိုက်သလဲ မသိပါဘူး'

'လက်ကမြင်းပြီး ရိုက်တာမဟုတ်ဘူး မော်၊ သတင်းစာထဲကို ထည့်ဖို့ ရိုက်တာ၊ တောင်းပန်ပြီးယူလာခဲ့ရတာ၊ မိုက်လှချည်လား ညီမငယ်ရယ်၊ ဘာလို့ ဒီလိုလုပ်ရတာလဲ'

'ညက မော် နည်းနည်းမူးသွားတယ်၊ အဲဒါ မူးမူးနဲ့ ဘာတွေဖြစ်မှန်းမသိဘူး'

မ,သည် မျက်လုံးဝိုင်းကလေးဖြင့် မော့်ကို စိုက်ကြည့်နေမိသည်။ မော်က ခပ်ပေါ့ပေါ့ ပြောလိုက်သော်လည်း နားထောင်ရသူ မ,မှာ အသက်ရှူ မှားတော့မလို ဖြစ်ရ၏။

'ဖြစ်မှ ဖြစ်ရလေ ညီမလေးရယ်၊ အရက်ဆိုတာ မိန်းကလေးတွေနဲ့ လုံးဝမအပ်စပ်တဲ့ အရာပါလား၊ သူစိမ်း ယောကျ်ားတွေနဲ့ တွဲသွားပြီး အရက်မူးနေတဲ့ မိန်းကလေးတစ်ယောက်ဟာ ဘယ်လောက်များ အသည်းယားစရာ ကောင်းသလဲ၊ မ,ဖြင့် မင်းအစား ရင်တုန်တယ်'

မော်သည် သူ့တစ်ကိုယ်လုံးကို ချာချာလည်အောင် လှည့်လိုက်ရင်း ရယ်လိုက်သည်။

'ရင်တုန်ရင် သွေးဆေးလေး သောက်လိုက်ပါလား'

'မော် မင်း နောက်စရာမဟုတ်ဘူး၊ ဒါ အတည်ပြောနေတာ၊ မင်း နေပုံထိုင်ပုံတွေဟာ ဒီအတိုင်းဆိုရင် မဖြစ်တော့ဘူး၊ ဖေဖေတို့ကို တိုင်ပြောရလိမ့်မယ်'

'ပြောလိုက်ပါလား၊ သွားပြော·· ခုသွားပြော၊ မော့်ကို လာပြော မနေနဲ့၊ မင်းမှ ပြောစရာရှိတာ မဟုတ်ဘူး၊ ငါ့မှာလည်း မင်း

http://www.cherrythitsar.org



အကြောင်းတွေ ပြောစရာရှိတာပဲ၊ ဖော်ကောင်လုပ်ကြေးဆိုရင် ဖော် လိုက်ပေါ့‥ သွားပြောချည်'

မော်သည် သံကုန်ဟစ် ပြောလိုက်သည်။ မသည် ရှေ့ဆက်၍ မပြောတော့ချေ။

ပြောလျှင် အရင်တစ်ကြိမ်လို ဖြစ်ဦးမည်ကိုလည်း သိထား၏။ ထို့ကြောင့်လည်း မသည် စိတ်ပျက်လက်ပျက်ဖြင့် ခုတင်ပေါ်သို့ထိုင်ချ သည်။ ထိုတွင်း အောက်ထပ်ဆီမှ မွန်၏ခေါ်သံကြားရသည်။

'မရေ‥ မ လာဦးဟေ့၊ မော့်ပါ ခေါ်ခဲ့'

မသည် မော်ကို တစ်ချက်မျှကြည့်လိုက်ပြီး အောက်ထပ်သို့ဆင်း ခဲ့သည်။ အောက်ထပ်တွင် ဒေါ်ခင်မျိုးသန့်နှင့် မွန်သည် တစ်ယောက် နှင့် တစ်ယောက် တီးတိုးပြောနေကြသည်။ ဒေါ်ခင်မျိုးသန့်သည် လက် ထဲမှ ဓာတ်ပုံကိုကြည့်ရင်း ထိုင်စောင့်နေသည်။

'မိရွှေမပါ တစ်ဉာဏ်တည်းနဲ့တူတယ်၊ ခုတလော ဒီကောင် မလေး စည်းကမ်းပျက်နေတာကို သူ ဘာမှ မပြောတာ ကြည့်စမ်း၊ ဒီမှာ ဘယ်လောက် ရှက်ဖို့ကောင်းလဲ၊ အတူတူပါပဲလေ၊ ညည်းတို့ နှစ်ယောက် ငါ မပြောချင်ဘူး၊ ပြောရင်လက်က ပါမိမယ်…'

မသည် ဒေါ်ခင်မျိုးသန့် ပေးသော ဓာတ်ပုံကို ကြည့်လိုက် သည်။ ဓာတ်ပုံမှာ ကိုခင်မောင်ကြည် ပေးသွားသော ပုံမျိုးပင် ဖြစ် လေသည်။

'မ သိပြီးပါပြီ၊ ခုပဲ သူ့ကို ဒီအကြောင်းတွေ ပြောနေတာပါ'

ဒေါ်ခင်မျိုးသန့်သည် မ စကားကို မယုံသလို မျက်စောင်း ထိုး၍ ကြည့်လိုက်သည်။

မွန်က မ တစ်ခုခုကို စဉ်းစားနေဟန်ရှိသည်။

'တို့ အမျိုးထဲမှာ မကြားဖူးပါဘူး၊ ဒါလောက်တောင် ကမြင်း ရတယ်လို့ ခေါ်လိုက်စမ်း'

မွန်က မော့်ကို လှမ်းအော်လိုက်သည်။ မော်သည် အပေါ်ထပ်မှ အော်ရင်း ပြေးဆင်းလာသည်။ အစဉ်မော်သည် ဘာမှ သိဟန်မတူ။ မ တို့ စားပွဲဝိုင်းသို့ ခုန်ပေါက်ပြေးလွှားလာသည်။ အနားရောက်မှ ကိုယ် ဟန် သတ်လိုက်သည်။ သည်တော့မှလည်း အားလုံး မျက်နှာပျက်နေ

http://www.cherrythitsar.org



သည်ကို မော် ရိပ်မိလိုက်သည်။ ပြီးမှ စားပွဲပေါ်က ဓာတ်ပုံကို မျက်စိရောက်သွားသည်။ မော်သည် မ ့ကို စူးစူးဝါးဝါးစိုက်၍ကြည့်လိုက်သည်။

'သြော်…လက်စသတ်တော့ မရွှေချောက ပြောပြီးပြီကိုး၊ အေးပေါ့လေ‥ မော့်ကိစ္စက ရှင်းပါတယ်၊ ဘလှသန်းထွန်းကိုခေါ်ပြီး သက်သေပြပါ့မယ်'

မော်က ငေါ့၍ပြောလိုက်သည်။ မ ့ကမူ မော်ကို ဘာမျှပြန်၍မချေပတော့ချေ။

'ဘယ်သူမှ သက်သေပြစရာမလိုဘူး မော်၊ မင်းဟာ ဣန္ဒြေမဲ့လွန်းတယ်၊ လူတွေရဲ့ ဂုဏ်သိက္ခာကိုတောင် မငဲ့ဘူး၊ ပါတီသွားတာကပွဲသွားတာ တို့ ကန့်ကွက်စရာမလိုဘူး၊ ဒါပေမယ့် မင်း နေပုံ ထိုင်ပုံဟာ စည်းကမ်းပျက်လွန်းတယ်၊ ဒါကို မင်းဆင်ခြင်ဖို့ကောင်းပြီ'

မော်သည် မွန့်စကားကို လွန်ဆန်ရဲပုံမရချေ။ မျက်နှာငယ်ကလေးဖြင့် မွန့်အနားတွင် ထိုင်လိုက်သည်။

'ဘာမှလည်းဖြစ်တာမဟုတ်ဘူးမွန်ရာ၊ ညကကိုကိုကြည်ကမော့်ကို စတယ်၊ မော်ကလည်း စိတ်ဆိုးဆိုးနဲ့ အရက်ခွက်နဲ့ လှမ်းပက်လိုက်တယ်၊ အဲဒါကို ကိုကိုကြည်က လူတွေရှေ့မှာဆိုတော့ ရှက်သွားတာနဲ့တူပါတယ်၊ မစ္စတာရှားမားတို့ ဘလှသန်းထွန်းတို့ ရှိပါတယ်၊ မယုံရင်ခေါ်မေးပါ'

'ဘာမှ မယုံစရာမလိုဘူး၊ ကိုခင်မောင်ကြည်က အားလုံးပြောသွားပြီ၊ ဒီကိစ္စဟာ သတင်းစာထဲမှာ ဓာတ်ပုံနဲ့ပါမလာတာ ကံကောင်းတာ သိလား၊ ကိုခင်မောင်ကြည်က ဓာတ်ပုံဆရာကို တောင်းပန်ပြီးပြောယူရတာ၊ မင်း အပြုအမူတွေက အောက်တန်းစားဆန်တယ် မော်၊ မင်းကို ငါ ခဏခဏ ပြောတယ်၊ မင်း နားမလည်ဘူး'

'မော် နောက်မဖြစ်တော့ပါဘူးမွန်ရာ၊ ခုလည်း မော့်ကိုလူတွေကနားလည်ပါတယ်၊ မော့်ကို သူတို့က ကလေးတစ်ယောက်လို ခွင့်လွှတ်လိုပါတယ်၊ တကယ်ပါ မွန်၊ ကပွဲမှာ မော့်ကို လူတိုင်းက ချစ်ခင်ကြပါတယ်၊ မော်မှားလည်းခွင့်လွှတ်ကြတာပဲ၊ ဒီကိစ္စက ဘာမှမဖြစ်လောက်ပါ

http://www.cherrythitsar.org



ဘူး မွန်ရာ၊ မော် နောက်မလုပ်ဘူးဆိုရင်ပြီးတာပဲ၊ ကိုကိုကြည်က ဒါ လောက်ကလေးများ လာပြီးတိုင်ရသေးတယ်'

ဒေါ်ခင်မျိုးသန့်သည် စီးကရက် အသစ်တစ်လိပ်ကို မီးညှိလိုက်သည်။

မော်က အသနားခံသော မျက်နှာဖြင့် ဒေါ်ခင်မျိုးသန့်ကိုလှမ်းကြည့်လိုက်သည်။

'မော့်ကိစ္စက လွယ်တယ်ဟော့ မွန်၊ နောက် အပြင်ကို ညမထွက်ရဘူး၊ မောင်ကြည်လာရင် တောင်းပန်လိုက်၊ မောင်ကြည်ဟာ တခြားလူ မဟုတ်ဘူးဆိုတာ မင်း နားလည်ထား၊ ကဲ… မွန်၊ မိရွှေမအကြောင်းကို ပြောလိုက်စမ်း'

မွန်သည် မ,ကို မကျေနပ်သော မျက်လုံးများဖြင့် စိုက်၍ကြည့်နေသည်။

မ,သည် မမျှော်လင့်ဘဲ ကိုယ့်ဘူတာသို့လာဆိုက်တော့မည်ကို သိရသဖြင့် ရင်ဖိုမိတော့သည်။

မွန်က အပြစ်ရှိသော ကျောင်းသားကို ဆရာက ကြည့်သော အကြည့်မျိုးဖြင့် စိုက်ကြည့်နေသည်။

'မ,ကိုတော့ မွန် သိပ်မပြောချင်ဘူး၊ တစ်ခုပဲ မင်း ဝန်ခံစေချင်တယ်၊ မင်းဟာ မင်းဘဝကို မင်း ဖြောင့်ဖြောင့်တန်းတန်း လျှောက်နိုင်တဲ့ အစွမ်းမရှိဘူး၊ ဒါဟာ မင်းရဲ့ အညံ့ဆုံးအချက်ပဲ၊ ဒါကို တို့ကြည့်နေရင် တို့တစ်မျိုးလုံးရဲ့ ဂုဏ်သိက္ခာပျက်မှာပဲ၊ ဒီတော့ တို့လည်းရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ မင်းနဲ့ ကိုခင်မောင်ကြည်နဲ့ စေ့စပ်ဖို့ မွန်သဘောတူလိုက်တယ်၊ ဒီကိစ္စကိုလည်း မင်းအသိပဲ'

မ,သည် ကြမ်းပြင်ပေါ်သို့ လဲကျမသွားစေရန် ထိန်း၍ထားလိုက်ရသည်။

မွန် ပြောပုံလုပ်ပုံမှာ ပိုင်စိုးပိုင်နင်းရှိလှသည်။ ထက်အောက်ညီအစ်မချင်း ဖြစ်သော်လည်း ယခုလို ကိစ္စမျိုးတွင် ကာယကံရှင်ကိုမှ အသိမပေး။

သူတို့သဘောဖြင့်သူတို့ စီစဉ်လိုက်ခြင်းမှာလည်း ရက်စက်လွန်းလှသည်ဟု မ,က ထင်မိသည်။

http://www.cherrythitsar.org



မ,သည် ရုတ်တရက် ဘာမျှပြန်မပြောနိုင်ရှာပေ။ နှုတ်ခမ်းလွှာကလေးကို သွားဖြင့်ကိုက်ရင်း စိတ်ကို တင်းထားသည်။ မျက်ရည်များသည် ပေါင်ပေါ်သို့တစ်စက်စက်ချင်း ကျလာသည်။

မ,သာ မဟုတ်၊ မော်လည်း ဟန်ဆောင်မရအောင် မျက်နှာပျက်နေသည်။

မော်သည် မ,နှင့်မွန်ကို တစ်လှည့်စီ ကြည့်နေသည်။

မ,က ခေါင်းမဖော်ဘဲတုန်ယင်သော လေသံကလေးဖြင့်တောင်းပန်လိုက်သည်။

'ဒီကိစ္စမျိုးကိုတော့ မရဲ့ဆန္ဒလည်းပါသင့်ပါတယ်မွန်၊ သွားရမယ့်ခရီးက မ,နဲ့တစ်သက်လုံး သွားရမှာပါ၊ ဒီလို ဘဝတစ်သက်လုံးမနဲ့အတူသွားရမယ့်လူမျိုးကို ရွေးချယ်တဲ့နေရာမှာ မ,ကိုယ်တိုင် ကြည်ဖြူတယ် မကြည်ဖြူဘူး၊ ယုံကြည်တယ် မယုံကြည်ဘူးဆိုတာတော့ မမေးသင့်ပေဘူးလား မွန်'

မ,သည် စိတ်ကို မည်မျှပင် ထိန်းပြောသော်လည်း မရချေ။

'ဘာမှ မေးစရာမလိုဘူး၊ ညည်းကို ငါ အစတည်းက ပြောတယ် မဟုတ်လား၊ သမီးသုံးယောက်ထဲမှာ ငါ စိတ်မချဆုံးက ညည်းပဲ၊ ညည်းရဲ့အိမ်ထောင်ရေးကို စကတည်းက တို့ စီစဉ်ပေးမယ်လို့ ပြောထားတယ် မဟုတ်လား၊ သမီးကညာ အခါမလင့်တဲ့၊ အခု မောင်ကြည်လိုလူမျိုးက ညည်းနောက်ကို လိုက်နေတယ်ဆိုတာ အလွန်ကံကောင်းတယ်မှတ်၊ ညည်းလို ထုံထိုင်းထိုင်း အတတ လူတောမတိုးတဲ့ မိန်းမကို မောင်ကြည်မို့ တန်းတန်းစွဲ လိုက်နေတာ'

မိခင်ပင်ဖြစ်သော်လည်း ဒေါ်ခင်မျိုးသန့်စကားများသည် မ,၏ရင်ကို နင့်စေသည်။

မွန်ကမူ ချော့၍သာ သူလိုရာကို ဆွဲနေတော့သည်။

'မင်း ကောင်းဖို့ဆိုတာ ယုံပါကွယ်၊ မွန်တို့စီစဉ်တာဟာ မွန်တို့အတွက် ဘာတစ်ခုမှ အကျိုးရတာ မဟုတ်ပါဘူး'

'မ,တစ်ခု ပြောပါရစေ မွန်၊ ဒီနေရာမှာ မင်းနဲ့ မနဲ့ မတူဘူး၊ မွန်တို့က လောကမှာ အမြင့်ဆုံးနေရာကို မှန်းတဲ့သူတွေပါ၊ ဒီနေရာမျိုးရမှ စိတ်ချမ်းသာမယ်လို့ ထင်တဲ့လူတွေပါ၊ မ,က ဒီအမြင့်ကို ကြည့်

http://www.cherrythitsar.org



ပြီး ကြောက်တဲ့သူပါ မွန်၊ ကားမစီးရချင် နေပါစေ၊ ထီးနဲ့ဖိနပ်ရှိရင် စိတ်ချမ်းချမ်းသာသာနဲ့ ခရီးကို လျှောက်လို့ရတယ်၊ ဒါလောက်နဲ့ပဲ ဘဝမှာ ကျေနပ်ရောင့်ရဲချင်တယ်၊ လောဘကြီးပြီး စိတ်ဆင်းရဲ မခံချင်ဘူး'

မွန်သည် မ ့ကိုဒေါသခိုးလျှံသော မျက်လုံးများဖြင့် စိုက်၍ကြည့်နေသည်။

ဒေါ်ခင်မျိုးသန့်က ကုလားထိုင်ကို နောက်သို့ တွန်းလိုက်ရင်း နေရာမှ ထလိုက်သည်။

'ဒါဖြင့် ထီးထမ်းလမ်းလျှောက်တဲ့ ကြမ်းပိုးတောလေမျိုးကိုမှယူချင်တယ်ပေါ့·· ဟုတ်လား'

ဒေါ်ခင်မျိုးသန့်က ဒေါသဖြင့် ခပ်ပြတ်ပြတ် မေးလိုက်သည်။

'သမီးပြောတာ ဒီအဓိပ္ပာယ်မရောက်ပါဘူး'

'ဟုတ်တယ် မာမီ၊ မာမီ့သမီးက ကြမ်းပိုးတောလေမျိုးကိုယူမှာ၊ အဲဒီလိုလူမျိုးလည်း သူမှာ···'

မော်၏စကားကို မွန်က ဝင်၍ဖြတ်လိုက်သည်။

'မော်·· နေစမ်း၊ ဟော့··· ဒီမှာ မ၊ မင်းအကြောင်းကိုငါသိပြီးပြီ၊ မာမီကိုတောင် အသိမပေးဘူး၊ အစက မင်း ဒါလောက်တောင် အစဉ်းစားဉာဏ် နည်းမယ်လို့ မထင်ဘူး'

'ဒါတွေ ပြောစရာမလိုပါဘူး မွန်၊ မင်းမှာ ကိုယ်ချင်းစာတရားများ ရှိခဲ့ရင် မင်းပိုသိပါတယ်၊ မင်း အိမ်ထောင်ရေးတုန်းက မင်းဘယ်လို ဆုံးဖြတ်ပြီး လုပ်ခဲ့သလဲ၊ ဘယ်သူ့ကိုများ အသိပေးခဲ့သလဲ၊ ဘယ်သူကိုများ တိုင်ပင်ခဲ့သလဲ၊ မင်းကင်းလွတ်မှုကို မင်း ကြိုက်သလိုယူခဲ့ပြီးမှ သူများ ကင်းလွတ်မှုကို မင်း စွက်ဖို့မကောင်းပါဘူး'

'အေး·· ဟုတ်တယ်၊ မွန်တို့ ကင်းလွတ်မှုယူတယ်ဆိုတာက ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေးဘူး၊ ဘယ်သူမှ မျက်နှာမပျက်ရဘူး၊ အားလုံးကောင်းတဲ့နည်း၊ အဆင်ပြေတဲ့နည်းကို ယူတာ၊ မင်းလုပ်ပုံ အားလုံး မျက်နှာပျက်ရမယ်၊ မင်းလည်း ဒုက္ခရောက်ရမယ်၊ ဒီမှာ မ၊ ခု မွန်တို့ပြောတာက မင်း ကောင်းစားဖို့ ပြောနေတာ နားလည်ရဲ့လား'

http://www.cherrythitsar.org



မ,သည် မျက်နှာထား တင်းတင်းဖြင့် မွန်ကို ပြန်ကြည့်လိုက်သည်။

ကိုယ့်ထက်အကြီးလည်းဖြစ်၊ ကိုယ်တိုင်ကလည်း အထင်ကြီးသူဖြစ်၍ ပြောသမျှ ခေါင်းငုံ့ခဲ့သည်။ ယခုတော့ မ,သည် ခေါင်းငုံ့ခံ၍ မနေနိုင်တော့ပေ။

'အေးပေါ့လေ၊ လောကမှာ မွန်တို့ပြောသမျှလုပ်သမျှအကောင်းပဲ ဖြစ်ရမှာပေါ့၊ ကျန်တဲ့လူတွေ လုပ်တာတွေကျတော့ အဆိုးကြီးပဲပေါ့၊ တစ်ခုတော့ရှိတယ် မွန်၊ လူဆိုတာ ကိုယ့်ကိုယ်ကို ကောင်းစေချင်ကြတာချည်းပဲ၊ သူများတွေထားတဲ့ စေတနာထက် ကိုယ့်ကိုယ်ကိုပိုပြီးထားကြတာပဲ၊ မွန်တို့ဘဝအတွက် မွန်တို့ရွေးတဲ့လမ်းက မှန်ချင်မှန်ပေမယ့်မ, ဘဝအတွက် မှန်ချင်မှမှန်မယ်၊ မှန်တဲ့တိုင်အောင် မ,က လျှောက်ချင်မှလျှောက်နိုင်မယ်'

ဒေါ်ခင်မျိုးသန့်သည် မ,ပြောလိုက်သော စကားကို နားမလည်ဟန်ဖြင့် ဆင့်၍မေးလိုက်သည်။

'နေစမ်းပါဦး‥ ဒါဖြင့် ညည်းက မှန်းထားပြီးသား ရှိနေလို့လား'

ထိုအမေးကို မ,က မဖြေနိုင်ခင် မော်က ဝင်၍ ဖြေလိုက်သည်။

'ရှိတယ် မာမီ၊ ရှိတယ်… သမီးသိတယ်'

မ,သည် မော့်ကို ဒေါသဖြင့် ကြည့်လိုက်ရင်း စကားဖြတ်လိုက်သည်။

'မင်း ဝင်ပြောစရာ မလိုပါဘူး မော်၊ ငါ ကိုယ်တိုင်ပြောမှာပါ၊ ဒါဟာ ဘာမှ ညာစရာမဟုတ်ပါဘူး၊ ငါ ရည်းစားတစ်ယောက်ထားတာဟာ ကပွဲမှာ ယောကျ်ားတကာနဲ့ တွဲတာထက်တော့ ရှက်စရာမရှိပါဘူး'

မ,သည် မော်ကိုပြောရာမှ ဒေါ်ခင်မျိုးသန့်ဘက်သို့ လှည့်၍ပြောလိုက်ပြန်သည်။

မ,မျက်နှာသည် အရာရာကို ရဲရဲရင့်ရင့် ရင်ဆိုင်တော့မည်ကဲ့သို့ ပေါ်လွင်ပြတ်သားလျက်ရှိသည်။

http://www.cherrythitsar.org



'သမီးက မညာပါဘူး မေမေ၊ သမီးမှာ ချစ်သူရှိတယ်၊ သူကလွဲလို့ သမီး ဘယ်သူ့ကိုမှ ထပ်ပြီးချစ်ဖို့ဆိုတာ မလွယ်ဘူး၊ ဒါပေမယ့် သမီးချစ်တဲ့သူကို မေမေတို့ ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူး၊ မတူတဲ့အကြောင်းကတော့ တခြားမဟုတ်ဘူး၊ သမီးချစ်သူမှာ မေမေတို့ မွန်တို့ မော်တို့ အထင်ကြီးလောက်တဲ့ ဘွဲ့ထူး၊ ဂုဏ်ထူးအဆောင်အယောင်တွေ မပါလို့ဘဲ၊ ဒါပေမယ့် သူ့မှာ ဘွဲ့ထူး၊ ဂုဏ်ထူး မပါတာက လွဲလို့ ယောကျ်ားတစ်ယောက်မှာ ရှိအပ်တဲ့အရည်အချင်း၊ ပညာ၊ အကျင့်စာရိတ္တ အားလုံးရှိတယ်ဆိုတာ ပြောရဲတယ်'

မ,က ချစ်သူအတွက် ရှေ့နေကောင်းကြီးသဖွယ် လျှောက်လဲလိုက် သည်။

မော်သည် လှောင်ရယ်ကလေး ရယ်လိုက်သည်။

မ,က အလျင်း ဂရုမစိုက်။ သူ့စကားကိုသာ ဆက်၍ ပြောချသည်။

'ဒီလူကို သိချင်သေးရင်လည်း ဘာမှဖုံးကွယ်နေစရာမလိုဘူး၊ ခုထုတ် ပြောလိုက်မယ်'

'ဘယ်သူလဲ ပြောစမ်း'

ဒေါ်ခင်မျိုးသန့်က မအောင့်နိုင်တော့ဘဲ ထိတ်ထိတ်လန့်လန့်ဖြင့် မေးလိုက်သည်။

မော်က ဒေါသဖြင့် ဖြတ်ဝင်၍ ဖြေလိုက်သည်။

'ဘယ်သူရှိရဦးမလဲ၊ မာမီတို့ ခေါ်ပြီးထားတဲ့ စန္ဒရားဆရာပဲ ရှိတာပေါ့၊ မော် မပြောချင်လို့နေတာ၊ သူများကျ တယ်ပြီး ပြောချင်တယ်'

ဒေါ်ခင်မျိုးသန့်သည် မ၏ ပခုံးကို လှုပ်ယမ်း၍ ထပ်မေးလိုက်ပြန်သည်။

'ဟုတ်လားဟင်၊ မော်ပြောတဲ့အတိုင်း နင် ဒီကောင်နဲ့ ဖြစ်နေသလား၊ ငါ့ကို မလိမ်နဲ့နော်'

http://www.cherrythitsar.org



မသည် ဒေါ်ခင်မျိုးသန့်ကို မျက်တောင်မခတ် စိုက်၍ကြည့်နေသည်။

အမှန်အတိုင်းဝန်ခံမည်ဆိုသော စိတ်က မကို ရဲရင့်ပြတ်သားစေသည်။

ထို့ကြောင့်လည်း မသည် ဒေါ်ခင်မျိုးသန့်ကို မျက်တောင်မခတ် ကြည့်နေရင်း အမှန်အတိုင်း ဖြေချလိုက်သည်။

'ဟုတ်တယ်‥မေမေ၊ သမီးလိမ်နေစရာမလိုပါဘူး၊ သမီးချစ်တဲ့သူဟာ ဘီအေ, အမ်အေ ဟုတ်ချင်မှဟုတ်မယ်၊ ပိုက်ဆံချမ်းသာချင်မှ ချမ်းသာမယ်၊ မေမေတို့နှစ်သက်တဲ့ အဆောင်အယောင်တွေ ပါချင်မှ ပါမယ်၊ ဒါပေမယ့် ချစ်တာဟာချစ်တာပဲ၊ အချစ်ကို အဆောင်အယောင်နဲ့ တိုင်းထွာပြီးမှ သမီးမချစ်တတ်ဘူး၊ သမီး… ဆရာ ကိုဘခက်ကိုချစ်တယ် မေမေ'

ဒေါ်ခင်မျိုးသန့်သည် ရုတ်တရက် ဘာမျှမပြောနိုင်ဘဲ အံ့သြငေးမောနေမိသည်။ အတန်ကြာမှ ဒေါ်သအိုးသည် ပေါက်ကွဲထွက်လာသည်။

'ဩော်‥ လက်စသတ်တော့ မွဲချင်တဲ့ခွေး ပြာပုံတိုးတာကိုး၊ ခေါ်စမ်း‥သူ့အဖေကို ခေါ်စမ်း၊ ကိုကျော်ဒင်‥ ကိုကျော်ဒင်'

ဒေါ်ခင်မျိုးသန့်၏အသံသည် တစ်အိမ်လုံးလွှမ်းမိုး၍ သွားလေသည်။

မော်သည် အိမ်ပေါ်ထပ်သို့ အပြေးတက်သွားသည်။

'သားရေပေါ်အိပ်‥ သားရေနားစား၊ မျက်နှာသာပေး ရွှေရေးပန်းကန်တက်၊ ဒီလို လူယုတ်မာ မျက်နှာမျိုးကို ငါ မကြည့်ချင်ဘူး'

မသည် မျက်ရည်များ လျှံနေသော မျက်လုံးများဖြင့် သူ့မေမေကိုသာ ကြည့်နေရှာသည်။

ဦးကျော်ဒင် ဆင်းလာသောအခါ ဒေါ်ခင်မျိုးသန့်သည် ဆီး၍ရန်တွေ့လိုက်လေသည်။

'ဒီမှာ… ရှင့်သမီးကို စောင်းသင်ခိုင်းတာလား၊ ယောက်ျားရှာခိုင်းတာလား‥ ဟင်၊ စောစောစီးစီးသိပေလို့၊ သိများမသိရင် ဘယ်ထိ

http://www.cherrythitsar.org



အောင် စခန်းသွားနေကြမလဲ၊ ရှင့်စောင်းဆရာကို အိမ်မှာမနေပါစေနဲ့၊ ခု နှင်ထုတ်ပါ'

ဦးကျော်ဒင်သည် ဘာမျှမပြောဘဲ မလှုပ်မယှက် ရပ်နေသည်။ ဒေါ်ခင်မျိုးသန့်သည် ဦးကျော်ဒင်အား မကျေမနပ်ကြည့်နေသည်။ ထိုအတွင်းဝယ် မမျှော်လင့်သော အသံတစ်သံသည် ကိုဘခက် အခန်းဆီမှ ထွက်ပေါ်၍လာသည်။

'နှင်စရာမလိုပါဘူး ဒေါ်ဒေါ်၊ ဒီအိမ်ကို ကျွန်တော် ရောက်လာစဉ်ကလည်း ဦးနဲ့အကြောင်းပြုပြီးမှ ရောက်လာတာပါ၊ အလိုအလျောက် ရောက်ရတာမဟုတ်ပါဘူး၊ ခုလည်း ကျွန်တော်ကပဲ ဦးကို ခွင့်တောင်းပြီး ဆင်းမှာပါ၊ ဒေါ်ဒေါ် နှင်စရာမလိုပါဘူး'

မော်က ကိုဘခက်ကို မဲ့ရွဲ့၍ကြည့်လိုက်ရင်း ခပ်တိုးတိုးပြောလိုက်သည်။

'ကြီးကျယ်လိုက်တာ၊ သူ့ကိုယ်သူ ဘာများမှတ်နေတယ် မသိဘူး'

ဒေါ်ခင်မျိုးသန့်သည် မျက်နှာတစ်ခုလုံး နီရဲနေသည်။ ကိုဘခက်ရှိရာသို့ တစ်လှမ်းနှစ်လှမ်းမျှ လျှောက်သွားပြီးမှ မာန်ပါပါ ခါးကို ထောက်လိုက်သည်။

'အေး… နှင်ချစရာ မလိုရင် လေကုန် သက်သာတာပေါ့ကွယ်၊ မင်းလို သားရေပေါ်အိပ် သားရေနှားစားတဲ့ လူမျိုးရဲ့ မျက်နှာကိုမကြည့်ချင်ဘူး'

ကိုဘခက်သည် ဒေါ်ခင်မျိုးသန့်ကို အလျင်းဂရုမစိုက်။ ဦးကျော်ဒင်ကိုသာ ကြည့်နေလိုက်သည်။

'ကျွန်တော် ဦးလေးကို အားနာပါတယ်၊ ဒါပေမယ့် ကိစ္စတစ်ခုဆိုတာ တစ်ဖက်တည်းတွေးလို့ မရပါဘူး၊ နှစ်ဖက်ကြည့်တွေးတာဟာ တရားပါတယ်၊ ဒီကိစ္စမှာ တစ်ဖက်ကတွေးရင် ကြီးမားတဲ့အပြစ်ကြီး တစ်ခုပါပဲ၊ ဒါပေမယ့် ကျန်တစ်ဖက်က တွေးရင် ကြီးမားတဲ့မေတ္တာစွမ်းအားကို မလွန်ဆန်နိုင်ဘဲ ဖြစ်ကြရတာ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘက်က အလွန်ပါပဲ၊ ကျွန်တော် ဦးလေးကို တောင်းပန်ပါတယ်၊ ဦး ကျေးဇူးတွေဟာ ကျွန်တော့်အပေါ်မှာ မဖော်ပြနိုင်အောင် ကြီးမားပါတယ်'

http://www.cherrythitsar.org



ဒီကျေးဇူးတွေကို ကျွန်တော် တစ်သက်နဲ့တစ်ကိုယ် ပြန်ဆပ်ဖို့ မမေ့ပါဘူး၊ ကျွန်တော့်မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး အပြစ်ကြီးတစ်ခုလို ဖြစ်ခဲ့ရင် ဦးညွှတ်ပြီး တောင်းပန်ပါတယ်၊ အားလုံးရဲ့ဆန္ဒအရ ကျွန်တော် ခုပဲသွားပါရစေ'

ဦးကျော်ဒင်သည် ကိုဘခက်၏စကားကို နားထောင်ရင်း ငိုင်နေမိသည်။

ဒေါ်ခင်မျိုးသန့်က နောက်ဆုံးတစ်ချက်လွှတ် အမိန့်ကိုထုတ်ဖော်လိုက်သည်။

'အေး မင်း ဘာပဲပြောပြော ငါပြန်လာရင် မင်းဒီအိမ်မှာ မရှိပါစေနဲ့၊ ရှိနေရင်တော့ မင်းကို ကြည့်နေမယ်မဟုတ်ပါဘူး'

ဒေါ်ခင်မျိုးသန့်သည် ပြောပြောဆိုဆို အပြင်သို့ ထွက်သွားတော့သည်။

ဦးကျော်ဒင်သည် ပါးစောင်ထဲတွင် ခဲထားသောဆေးတံကိုချွတ်ရင်း သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး ငါဘာမှမပြောတော့ပါဘူး မောင်ဘခက်၊ မင်းမှာ စဉ်းစားဉာဏ်ရှိပါလိမ့်မယ်၊ အားလုံးအတွက် အကောင်းဆုံးဖြစ်နိုင်မယ့်နည်းကို စဉ်းစားပြီး ဆုံးဖြတ်ပေတော့'

ဦးကျော်ဒင်သည် လှေကားရင်းတွင် ရပ်နေရာမှ အပေါ်ထပ်သို့ တစ်လှမ်းချင်း တက်သွားလေသည်။

မွန်နှင့်မော်တို့သည် ဦးကျော်ဒင်၏စကားကို အားမလိုအားမရဖြစ်မိသည်။

ဦးကျော်ဒင်သည် ကိုဘခက်အား နာနာကြည်းကြည်း ပြောဆိုနှင်ချမည်ဟု မျှော်လင့်ခဲ့သည်။

ယခုမူ ဦးကျော်ဒင်၏စကားများသည် လူကြီးဆန်လွန်းသည်။ လိမ္မာပါးနပ်လွန်းသည်။

ထို့ကြောင့်လည်း မွန်နှင့်မော်တို့မှာ မကျေနပ်နိုင်အောင် ရှိတော့သည်။ သို့ မကျေနပ်သည့်တိုင်အောင် သူတို့ကိုယ်တိုင်ကား ရတ်တရက် ဝင်၍ မပြောရဲကြချေ။

http://www.cherrythitsar.org



ကိုဘခက်၏ တည်ကြည်ခန့်ညား စူးရှရဲတင်းသောအကြည့်များ က သူတို့ကိုရွံ့စေသည်။ ကိုဘခက်သည် မွန်နှင့်မော်ကို တစ်ချက်မျှကြည့် လိုက်သည်။

ပြီးမှ…သူ့မျက်လုံးများက မ,ဆီသို့ ရောက်သွားသည်။ မ,သည် ကိုဘခက် ဆက်၍ပြောမည့် စကားကို စိုးရိမ်တကြီး စောင့်စားနေဟန် ရှိသည်။

'ရှေးတုန်းက ကျွန်တော်တို့လို ပညာသည်တွေကို ရှင်ဘုရင်က ခေါ်ယူမြှောက်စားတတ်ကြတယ်၊ ဒါပေမယ့် အဲဒီလို ပညာသည်တွေဟာ နန်းတွင်းသူ တစ်ယောက်ယောက်နဲ့ ဆက်သွယ်ရည်ငံမိရင် ရှင်ဘုရင် ရဲ့ အမျက်ထားခံရပြီး သတ်ရင်လည်းခံရတယ်၊ နန်းတွင်းကတခြားပြေး ရင်လည်း ပြေးရတယ်၊ ဒီအလေ့ဟာ ခုထိမပျောက်သေးဘူး၊ အဲဒီလိုပါပဲ၊ ကျွန်ပိုင်တွေက ကျွန်တွေကို ဈေးကောင်းကောင်းနဲ့ ရောင်းတဲ့ စနစ်မျိုး ဟာလည်း ခုထိ ရှိပါသေးတယ်၊ မ,တို့ရဲ့အိမ်ကြီးဟာ နန်းတော်ကြီးတမျှ အဆောင်အယောင်တွေနဲ့ ပြည့်ဝပါလိမ့်မယ်၊ ဒါပေမယ့် အဲဒီလိုနေရာ မျိုးမှာ အနုပညာသည်တွေဟာ ဖျော်ဖြေခစားရုံကလွဲလို့ တခြားဘာမှ မရှိဘူး၊ ဒီလိုမှမဟုတ်ဘဲ သူတို့ ခြောက်ကပ်အက်ကွဲတဲ့ အသည်းနှလုံးနဲ့ တစ်စုံတစ်ယောက်ကိုများ မေတ္တာပွားမိရင် ဒီပညာသည်တွေဟာ ဒုက္ခ လှလှကြီး တွေ့ရတာပဲ၊ ဒါပေမယ့် ဒီလို နန်းတော်ကြီးတမျှ ခမ်းနားလှ တဲ့ အိမ်ကြီးအတွင်းမှာရှိတဲ့ မိန်းမပျိုတွေဟာ တကယ်တမ်းကျတော့ ကျွန်တွေကို ဈေးကောင်းကောင်းနဲ့ ရောင်းသလို အရောင်းခံနေကြရ တာပါ၊ နှလုံးသားမှာ တည်ရှိတဲ့ချစ်မေတ္တာကိုသာ တန်ဖိုးထားရင် မ,တစ်ယောက်ဟာ အဲဒီလို အရောင်းမခံချင်ပါနဲ့ဆိုတာ ကျွန်တော် နောက်ဆုံး ပြောခဲ့ပါတယ်'

ကိုဘခက်သည် စကားဆုံးလျှင် ဆုံးချင်း အခန်းတွင်းသို့ ချာခနဲ လှည့်ဝင်သွားတော့သည်။

မော်သည် ဆွေ့ဆွေ့ခုန်၍နေတော့သည်။ မွန်က အံကိုကြိတ်ထား လိုက်သည်။

မ,သည် နေရာမှထလိုက်ရင်း ကိုဘခက်အခန်းဆီသို့ လှမ်းလိုက် သည်။

http://www.cherrythitsar.org



မွန်က မ,လက်ကို ဆောင့်၍ ဆွဲလိုက်သည်။

'မင်း အပေါ်တက်နေရင် ကောင်းမယ်'

မွန်က မ,ကိုတင်းမာသောအသံဖြင့် အမိန့်ပေးလိုက်သည်။ မ,မျက်လုံးများသည် မျက်ရည်ဖြင့် ပြည့်လျှံ၍နေသော်လည်း တောက်ပြောင်လှသည်။

မ၏တင်းမာသော မျက်နှာကိုကြည့်ခြင်းအားဖြင့်ပင် မွန်၏အမိန့်သည် မကို လွှမ်းမိုးနိုင်မည်မဟုတ်ကြောင်း ထင်ရှားသည်။

'တော်လောက်ပြီ မွန်၊ တော်လောက်ပြီ၊ လူတစ်ယောက်ရဲ့အရေးကို မင်းတို့ဝင်ပြီး ချယ်လှယ်ချင်တိုင်း ချယ်လှယ်ပြီးပြီမဟုတ်လား၊ ခု ကိုယ့်အလှည့်ရောက်လာပြီ၊ ကိုယ့်မှာ အနည်းဆုံး နှုတ်ဆက်ဖို့ တာဝန်ရှိတယ်'

မ,ပြောလိုက်ပုံမှာ တည်ကြည်ပြတ်သားလှသည်။ ဒေါသသံလည်း မပါ။ တောင်းပန်တိုးလျှိုးခြင်းလည်း မဟုတ်။ ပကတိ တည်ငြိမ်သောအသံဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် မွန်ကမူ မ,လက်ကိုမလွှတ်သေးချေ။

'ယောကျ်ားတစ်ယောက်နေတဲ့အခန်းမှာ မင်းကဝင်ပြီးနှုတ်ဆက်တယ်ဆိုတာ ဘယ်လောက် ကြွေနည်းသလဲ၊ မင်းအပေါ်ထပ်ကိုတက်နေရင် ကောင်းမယ်'

'ခု ကိုယ်ဝင်မယ့် အခန်းဟာ တခြားလူနေတာ မဟုတ်ဘူး..သိလား၊ ကိုယ်ချစ်တဲ့သူနေတဲ့ အခန်းကိုဝင်ပြီး ကိုယ့်ချစ်သူကို နှုတ်ဆက်မှာ၊ ကပွဲမှာ တစ်ခါလောက်မိတ်ဖွဲ့ပြီး အတူဖက်က,တာမျိုးကို ယဉ်ကျေးတယ်လို့ မင်းတို့ ထင်နေသေးရင် အခု ကိုယ့်ချစ်တဲ့သူကိုဝင်ပြီး နှုတ်ဆက်တာဟာ တစ်ရွေးသားတောင် ကြွေမမဲ့ဘူး..သိလား၊ ကြွေနဲ့အရှက်ကို ပြောရရင် ကိုယ်က မင်းတို့ထက် စောင့်ထိန်းတယ်၊ နားလည်လား'

မ,သည် မွန့်လက်ကိုပုတ်ချလိုက်ပြီးလျှင် အခန်းတွင်းသို့ဝင်သွားတော့သည်။

အခန်းတွင်းသို့ရောက်လျှင် ပစ္စည်းများကို ဖြစ်သလို သိမ်းဆည်းနေသော ကိုဘခက်ကို တွေ့ရသည်။

http://www.cherrythitsar.org



ကိုဘခက်ကိုမြင်ရတော့ မ ့ရင်ထဲတွင် ဆို့၍လာသည်။ မ ့သည် ဟန်ဆောင်၍ မနေနိုင်တော့ချေ။

ကိုဘခက်၏ရင်တွင်းသို့ အတင်းပြေး၍ ဝင်ကာငိုလိုက်မိသည်။ ကိုဘခက်သည် မ ့ကိုသာ အသာပွေ့ထားရင်းမှ မ၏ ကျောကလေးကို သပ်၍ ပေးလိုက်ရှာသည်။

မ ့က စိတ်ကိုချုပ်တည်းလိုက်ရင်း တစ်စုံတစ်ခုကိုဆုံးဖြတ်လိုက်သည်။

'မ ့ပါ လိုက်ခဲ့မယ်၊ မ ့မနေရစ်ဘူးဆရာ၊ မ ့ကိုပါ ဆရာနဲ့အတူ ခေါ်သွားပါ၊ မကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ဆရာ'

မ ့သည် ကိုဘခက်ကို အားကိုးတကြီး အတင်းဖက်တွယ်ထားရင်း တောင်းပန်လိုက်သည်။ ကိုဘခက်လည်း မကို ပြန်၍ ဖက်ထားမိသည်။ ခွဲရတော့မည်ဆိုသော အသိက နှစ်ယောက်စလုံး၏ အသည်းကို နာကျင်စေသည်။

ကိုဘခက်သည် အံကိုကြိတ်ထားလိုက်သည်။

ယခုတော့ တထိတ်ထိတ် စောင့်စားနေခဲ့ရသော လမ်းဆုံသို့ရောက်ခဲ့ရလေပြီ။

ရှေ့ခရီးကို မည်သို့ဆက်ရမည်ကို ဆုံးဖြတ်ရတော့မည်။ အတူလက်တွဲ၍ခရီးဆက်မလား။ တစ်ယောက်တစ်ကွဲစီ လမ်းခွဲမလား။ ရှေ့ဆက်သွားရမယ့် လမ်းသုံးသွယ်အတွက် တစ်လမ်းလမ်းကို ရွေးချယ်ရတော့သည်။

ပထမလမ်းမှာတစ်ယောက်တည်း ခွဲထွက်ရမည်ဖြစ်သော ကိုဘခက်၏ ခရီးကြမ်းလမ်းဖြစ်သည်။ ဒုတိယလမ်းမှာ တစ်ယောက်တည်း မျက်ရည်ဖြင့် ကျန်ရစ်ခဲ့ရမည့် သူ၏ ပူဆွေးဖွယ်ရာလမ်းဖြစ်သည်။

တတိယလမ်းမှာ ကိုဘခက်နှင့် မတို့ နှစ်ယောက်စလုံး အတားအဆီး အနှောင့်အယှက်အမျိုးမျိုးကို ဖြတ်ကျော်သွားရမည့် မင်္ဂလာလမ်းဖြစ်သည်။

ဤလမ်းသုံးသွယ်အနက် ကိုဘခက်အဖို့ရာကား မတတ်သာ ခပ်ခွာခွာနေရမည်ဆိုသော စကားကဲ့သို့ တစ်ယောက်တည်းသာ ထွက်ရမည့်ဘဝတွင် ရပ်တည်လျက်ရှိသည်။

http://www.cherrythitsar.org



မ,အဖို့ရာကား မည်သို့ဆုံးဖြတ်မည်နည်း။ မ,သည် ငိုနေရာမှ ကိုဘခက်ကို သနားစဖွယ် မော့၍ ကြည့်လိုက်သည်။

'ဆရာ··· မကို တကယ်ချစ်ရဲ့လားဟင်'

မက မပွင့်တပွင့် အသံကလေးဖြင့် မေးလိုက်သည်။ ကိုဘခက်သည် မ,နှင့် ပါးချင်းကပ်ထားရာမှ ဆို့နင့်သောအသံဖြင့် ပြန်ဖြေလိုက်သည်။

'မေးစရာမလိုပါဘူး မ,ရယ်၊ ကျွန်တော် မကို ဘယ်လောက်ချစ်တယ်ဆိုတာ မ,ယုံထားတာထက် ပိုပါလိမ့်မယ်'

'မ,ကို ချစ်ရင် မ,ကို ခွဲမထားပါနဲ့ ဆရာရယ်၊ မ,ဒီမှာကြာကြာနေရစ်ခဲ့ရရင် ပိုပြီး ကြောက်လာလိမ့်မယ်၊ ဆရာနဲ့မနဲ့ အတူတူသွားကြဖို့ဟာ ဘာမှမလိုပါဘူး ဆရာ၊ မ,သတ္တိရှိဖို့ပဲလိုတယ် မဟုတ်လား၊ ကျန်တာတွေကတော့ ဘာမှမလိုပါဘူးဆရာ၊ မ,လေ ဆရာ့ကိုချစ်တာတွေ ယုံကြည်တာတွေ ခင်မင်တွယ်တာတွေဟာ ရင်ထဲမှာ မဆံ့အောင်ကြီးမားပါတယ် ဆရာ၊ ဒါပေမယ့် ဆရာ့ကို မ,တစ်ခါက ပြောခဲ့ဖူးတယ် မဟုတ်လား၊ နှလုံးသားကလာတဲ့ ဆန္ဒတိုင်းမှာ မရဲရင့်ပါဘူး၊ သတ္တိနည်းပါးတယ်လို့ မ,ပြောခဲ့ဖူးတယ်၊ မ,ကို သတ္တိနည်းအောင်ခြောက်လှန့်တဲ့ အရာတွေ အများကြီးရှိခဲ့တယ်၊ ခုလေ မ,ဒါတွေအားလုံး ကျော်လွှန်လိုက်ပြီ၊ ခုအချိန်ဟာ မ,သတ္တိရှိနေတဲ့အချိန်လို့ ဆိုရမှာပဲ၊ ဒီလို အချိန်မျိုးမှာ မ,သတ္တိရှိသလို ဆုံးဖြတ်ရပါစေ၊ မ,ကို ခွင့်ပေးပါ မောင်ရယ်နော်'

မ,၏စကားများသည် ကိုဘခက်၏ရင်တွင်းသို့ သံပူဖြင့်လောင်းလိုက်သလို ရှိတော့သည်။ ချစ်သူ၏စွန့်စားမှု အနစ်နာခံမှုကို အံ့သြလောက်အောင် တွေ့ရသော်လည်း ဤမျှ မွန်မြတ်သော မေတ္တာကိုလက်မခံနိုင်သော နုံချာသည့်ကိုယ့်ဘဝကိုတွေးရင်း ကိုဘခက်မှာရင်ကွဲမတတ်ရှိရရှာသည်။

ကိုဘခက်သည် ရွှန်းလဲ့သောမျက်လုံးကြီးများဖြင့် မ,ကိုတွေတွေကြီး စိုက်ကြည့်နေရှာသည်။

'မ,တောင်းတဲ့ အခွင့်ကို ကျွန်တော် ဘယ်လိုလုပ်ပြီး ခေါင်းခါရက်ပါ့မလဲ မ,ရယ်၊ ဒါပေမယ့် စံပယ်ပန်းများဟာ ရွှေရောင်လွှမ်းတဲ့

http://www.cherrythitsar.org



နန်းရင်ပြင်အလယ်မှာ တင့်တယ်ပါပေတယ်၊ တောလယ်မှာပွင့်တဲ့ စံပယ်ရိုင်းတို့ရဲ့အလှဟာ ညှိုးငယ်နွမ်းပါးတတ်ပါတယ်၊ ဒါကြောင့် မ,ရဲ့ မွန်မြတ်တဲ့မေတ္တာဟာလည်း ကျွန်တော့်ရဲ့ နုံချာလှတဲ့ဘဝနဲ့ ထိုက်ပါ့မလားလို့ ကျွန်တော် စိုးရိမ်မိတယ်၊ မ,က အခုလိုက်မယ်ဆိုပေမယ့် ကျွန်တော့်ဘဝက ဘယ်သွားလို့ ဘယ်လာရမှန်းမသိတဲ့ဘဝပါ မရယ်၊ ဒီစကားကို ကျွန်တော် ဖွင့်ပြောရတာဟာ ရင်ထဲမှာ မျိုထားရတဲ့ မီးတောက်မီးလျှံကို နှုတ်ကပြန်ပြီး အန်ထုတ်ရသလိုပါပဲ'

'ဘယ်လိုပဲ နေရနေရ မကြောက်တော့ပါဘူး မောင်၊ မ,လေ အခုသတ္တိရှိလာပါပြီမောင်ရယ်၊ ဒါဟာလည်း မရဲ့ပင်ကိုယ်သတ္တိမဟုတ်ဘူး၊ မောင့်ကိုချစ်ရတဲ့အချစ်က မကို ခုလိုသတ္တိမျိုး မွေးပေးလိုက်တာပါ၊ မ, လိုက်ခဲ့ပါရစေနော် မောင်'

ကိုဘခက်သည် မ,စကားကို လွန်ဆန်၍ မရတော့ချေ။ ခုတင်ပေါ်သို့ ခေါင်းငိုက်စိုက်ဖြင့် ထိုင်ချလိုက်သည်။ သို့ ထိုင်ချလိုက်မှ မ၏ လက်ဖျားကလေးအစုံကို ဆွဲယူလိုက်သည်။ မက အလိုက်သင့် ကိုဘခက်၏ ရင်ခွင်သို့ ပါလာသည်။

'မဆန္ဒကို ကျွန်တော်ဟာ ဘယ်တော့မှ ငြင်းပယ်မယ့်လူ မဟုတ်ပါဘူး၊ အမှန်တော့ မရဲ့ ဆန္ဒဟာ ကျွန်တော်ကိုယ်တိုင် အလိုလားဆုံး၊ အမြတ်နိုးဆုံး၊ အမက်မောဆုံး ဆန္ဒဆိုတာ မနားလည်ပါလိမ့်မယ်'

မသည်ကိုဘခက်နှင့် ရင်ချင်းကပ်ထားလိုက်သည်။နှစ်သိမ့်ကြည်နူးသော စိတ်ကြောင့် မ,မျက်နှာကလေးမှာ သော်တာစန်းပမာ ဝင်းလက်၍လာသည်။

'ဒါဖြင့် မ,အခန်းပြန်ပြီး ပြင်လိုက်ဦးမယ်နော်၊ ဖေဖေကြီးကိုလည်း အမှန်အတိုင်း ဖွင့်ပြောလိုက်မယ်'

မသည် အခန်းတွင်းမှ ခပ်သုတ်သုတ်ထွက်သွားလေသည်။ ခုတော့ စိတ်ရောကိုယ်ပါ ပေါ့ပါးနေသည်။

ချစ်သူနှင့်အတူတွဲ၍ လျှောက်ရမည့်ခရီးကို ကိုယ်တိုင်ယုံကြည်ပြီးဖြစ်လေသည်။

ဧည့်ခန်းမှ မွန်နှင့်မော်တို့သည် ပွဲကြည့်ပရိတ်သတ်ကဲ့သို့ မကို ငေးစိုက်ကြည့်နေလေသည်။

http://www.cherrythitsar.org



မသည် သူတို့ကိုမမြင်နိုင်၊ ဂရုမစိုက်နိုင်၊ ကိုယ်လုပ်ရမည့်ကိစ္စကို အာရုံစောနေမိသည်။

ဘဝဆိုသည်မှာ မဖြစ်ခင်က ကြိုတင်စိတ်စော၍ မောရသည်ထက် မရှောင်သာဘဲ ရင်ဆိုင်ရသည့်အခါ သတ္တိရှိဖို့နှင့် ပြတ်သားဖို့လိုသည်ကို လည်း မ နားလည်၍လာလေပြီ။

ထို့ကြောင့်လည်း ကိုယ်၌အရေးကြုံသည့်အခါ သက်လုံကောင်းရ တော့မည်။

တခြား အရာတွေကို မတွေးနိုင်၊မစဉ်းစားနိုင်ချေ။

အပေါ်ထပ်သို့ ရောက်သောအခါ မ သည် သားရေသေတ္တာထဲ သို့ အဝတ်အစားများ လုံးထွေး၍ ထည့်လိုက်သည်။

နောက် လိုသောစာအုပ်၊ အသုံးအဆောင်များကို သေတ္တာငယ် ကလေးထဲသို့ ထည့်လိုက်သည်။

အားလုံး ပြင်ဆင်ပြီးသောအခါ မ သည်သေတ္တာနှစ်လုံးကို ဆွဲ၍ အခန်းထဲမှ ထွက်ခဲ့သည်။

မ သည် သေတ္တာနှစ်လုံးကို လှေကားထိပ်တွင်ချ၍ စာကြည့်ခန်း ဆီသို့ လှမ်းကြည့်လိုက်မိသည်။

ဦးကျော်ဒင်သည် ဆေးတံနှင့် မှိန်းနေရာမှ မ ကို ငေးကြည့်နေ သည်။ မ သည် ဦးကျော်ဒင်ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားလိုက် သည်။

ဦးကျော်ဒင်ရှေ့သို့ ရောက်သောအခါ မ သည် ကြမ်းပြင်ပေါ် တွင် ကျုံ့ကျုံ့ကလေး ထိုင်လိုက်ရသည်။ မျက်ရည်များက ပါးပြင် ပေါ်တွင် တလိမ့်လိမ့် စီးကျလာသည်။

ဦးကျော်ဒင်သည် မ ကို စိုက်ကြည့်နေရာမှ တည်ငြိမ်သောအသံ ဖြင့် မေးလိုက်သည်။

'သမီး... ဘာပြောမလဲ၊ ပြောလေ'

အလိုက်သိသောဖခင်ပီပီ စကားခင်းပေးလိုက်သော်လည်း မ မှာ ပြော၍ မထွက်နိုင်အောင် ရှိတော့သည်။ ဖခင်၏မျက်နှာကို ကြည့် လိုက်ပြန်တော့လည်း မည်မျှပင် ဟန်ဆောင်စေကာမူ အတွင်းစိတ်က ပေါ်လွင်လှသည်။ မသည် စိတ်ကို ကြိုးစား၍ ထိန်းလိုက်သည်။

http://www.cherrythitsar.org



'သမီးကို ခွင့်လွှတ်ပါတော့ ဖေဖေ၊ သမီးကို မိုက်တယ်ပဲဆိုဆို ဒီတစ်ခါတော့ သမီးတစ်သက်နဲ့တစ်ကိုယ် မမျှော်လင့်ခဲ့တဲ့ စွန့်စားမှုမျိုး ကို စွန့်စားရတော့မယ်'

ဦးကျော်ဒင်သည် တစ်ဖက်သို့ ငေး၍ကြည့်နေရင်း သူ၏ထိခိုက် နေသော အတွင်းစိတ်ကို မပေါ်စေရန် အတတ်နိုင်ဆုံး ဟန်ဆောင်နေရ ဟန် ရှိသည်။

ပြီးမှ တံတွေးကို မျိုချလိုက်သည်။

'အေး မိဘဝတ်ငါးပါးထဲမှာ ထိမ်းမြားခြင်းဆိုတဲ့ဝတ္တရားတစ်ခု လည်း သမီးသိတယ်နော်၊ ဒါပေမယ့် ဖေဖေဟာ ခေတ်ကို မေ့ထားတဲ့ လူမျိုး မဟုတ်ပါဘူး၊ သမီးတို့စိတ်ကြိုက် ရွေးချယ်ဖို့လည်း လွတ်လပ်ခွင့် ပေးခဲ့ပါတယ်၊ သမီး ခု ဆုံးဖြတ်မယ့်ကိစ္စကတော့ မစောလွန်းပေဘူး လား၊ ဒီလိုပြောလို့ သမီးရဲ့အလိုကို ဟန့်တားတာမဟုတ်ဘူးနော်၊ သမီး တွေထဲမှာ ဖေဖေဟာ ငါ့သမီးကို အချစ်ဆုံးပါ၊ ဒါ သမီးအသိဆုံး နော်၊ လောကဓမ္မတာအရ အိမ်ထောင်ချလို့ ခွဲရမယ်ဆိုတောင် ငါ့သမီး ကို ဖေဖေ မခွဲရက်ဘူး၊ ဖေဖေဟာ ဒီ့ထက်အရွယ်ကြီးလို့ အိုမင်းမစွမ်း ဖြစ်နေရင်တောင် ငါ့သမီးကို ဆေးပေးမီးယူ အနားမှာ ရှိစေပြီး သမီးရဲ့စောင်းသံကလေး နားထောင်ရင်း သေခြင်းတရားကို ခဏတာဖြင့် မေ့ပျောက်ပြီး ကြည်နူးနေချင်တာပါကွယ်၊ ဒါဟာ အရွယ်ကြီးရင့်တဲ့ သူတွရဲ့ စိတ်ကူးယဉ်တာပေါ့ကွယ်၊ ဒါပေမယ့် ဖေဖေ ဒီအထိ ချုပ်ချယ် ဖို့ မရည်ရွယ်ပါဘူး၊ ဘဝရေစက်ကြောင့် တွေ့ဆုံပေါင်းသင်းရခြင်းနဲ့ ကွေကွင်းခြင်း သဘောကို ဖေဖေ နားလည်ပါတယ်၊ တစ်နေ့ သမီးတို့ ဟာ အလျှိုလျှို ခွဲထွက်သွားကြလိမ့်မယ်ဆိုတာလည်း ဖေဖေ ကြိုတင်နား လည်ပြီးသားပါ၊ ခုကိစ္စမှာတော့ သမီး စဉ်းစားစေချင်တယ်၊ ခြေလှမ်း မှားပြီး ပင်ပန်းမှာ ဖေဖေ စိုးရိမ်တယ်'

ဦးကျော်ဒင်သည် မည်မျှပင် ဟန်ဆောင်စေကာမူ သူ့အသံမှာ ကြေကွဲစရာ ကောင်းလှသည်။

မ,သည် ခေါင်းကို ငုံ့ထားရင်းမှ တရှုံ့ရှုံ့ငိုနေတော့သည်။

'သမီးထိုက်နဲ့ သမီးရှိပါစေတော့ ဖေဖေ၊ သမီးဟာ တစ်သက်နဲ့ တစ်ကိုယ် မိဘစကားကို မပယ်ရှားခဲ့ပါဘူး၊ ခုတစ်ကြိမ်တော့ သမီးကို ခွင့်လွှတ်ပါတော့ ဖေဖေ'

မ,သည်ပြောရင်း အသံထွက်အောင်ငိုချလိုက်သည်။ ပြီးမှ ဦးကျော်ဒင်အား သုံးကြိမ်သုံးလီ ရှိခိုးလိုက်သည်။ ဦးကျော်ဒင်သည် ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက် ရှိနေတော့သည်။

မ,သည် တစ်သက်နှင့်တစ်ကိုယ် မခွဲဖူးသော ဖခင်ကိုကျောပေး၍ ထွက်လေသည်။

မ,သည် သားရေသေတ္တာကိုဆွဲ၍ လှေကားမှတစ်ထစ်ချင်းဆင်းခဲ့လေသည်။

မ,ခြေလှမ်းများသည် ယိုင်၍နေသည်။ တစ်ထစ်မှတစ်ထစ်သို့ ဆင်းလိုက်လျှင် နောက်တစ်ထစ်မှရပ်၍နေသော ခြေထောက်က တဆတ်ဆတ် တုန်၍နေသည်။ မ,သည် လှေကားလက်ရန်းကို အသာမှီ၍နေလိုက်ရသည်။

ပြီးမှ နောက်တစ်ထစ်ကို ကြိုးစား၍ဆင်းလိုက်ပြန်သည်။

မ,၏ ရင်တွင်း၌ကား မုန်တိုင်းဆင်လျက်ရှိသည်။ လှေကားမှ အောက်သို့ ကြည့်လိုက်သောအခါ အံ့သြငေးမောကြည့်နေသော မွန်ကို ရေးဦးစွာ မြင်ရသည်။ မွန့်ဘေးတွင် စက်ဆုပ်ရွံမုန်းသောအကြည့်ဖြင့် ကြည့်နေသော မော်ကို တွေ့ရပြန်သည်။

အပေါက်ဝတွင် ကြီးမားသော မျှော်လင့်ချက်ဖြင့်စောင့်စားနေသော ကိုဘခက်ကို မြင်ရပြန်သည်။

'သမီးလေး… မ…'

ဦးကျော်ဒင်၏ ကြေကွဲစရာကောင်းလှသော ခေါ်သံကြောင့် မ,တစ်ကိုယ်လုံး မလှုပ်နိုင်အောင် ရှိတော့သည်။ မ,သည် အနိုင်နိုင်အားယူ၍ ဦးကျော်ဒင်အား လှည့်၍ကြည့်လိုက်သည်။

ဦးကျော်ဒင်၏မျက်လုံးများသည် မျက်ရည်များ ပြည့်လျှံစီးကျ၍ နေတော့သည်။

ဦးကျော်ဒင်သည် အချိုသာဆုံးအသံဖြင့် မ,ကို တောင်းပန်လိုက်သည်။

http://www.cherrythitsar.org



'ဒီအတိုင်းပဲ ဆုံးဖြတ်တော့မလား သမီးရယ်၊ သမီး စိတ်ချမ်းသာဖို့အတွက် ဖေဖေ တာဝန်ယူပါတယ်၊ အချိန်ယူပါဦးလားကွယ်'

ချစ်သူ၏ မေတ္တာစာတ်သည် မ, နှလုံးသားကို အေးမြ မာကျောစေသော်လည်း သံယောဇဉ်မီးဖြင့် တွေ့သောအခါ အရည်ပျော်ရပြန်သည်။

အောက်သို့ ကြည့်လိုက်ပြန်တော့လည်း မွန့်မျက်နှာ။ ပြီးတော့ ခက်ထန်လှသော မော့်မျက်နှာ၊ နောက်ပြီးတော့လည်း မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်စားနေသော ချစ်သူမျက်နှာ။

နောက်သို့ ကြည့်ပြန်တော့လည်း ကျေးဇူးရှင်ဖခင်၏ မျက်နှာ၊ ထောင့်ငါးရာနှင့် ငါးရာနှစ်ဆယ့်ရှစ် မေတ္တာလွန်ပွဲသည် အပြိုင်ဆွဲကြလေပြီ။ ဤကြားဝယ် မ,လို နုနယ် သိမ်မွေ့သော မိန်းကလေး တစ်ယောက်သည် မည်သို့ ရပ်တည်နိုင်ပါအံ့နည်း။

သည်တစ်ကြိမ်တွင် မ,သည် ဖခင်၏မျက်နှာကို ကြာကြာ မကြည့်ရဲတော့ချေ။ ချစ်သော ဖခင်၏ မျက်လုံးအိမ်အတွင်းမှ စီးဆင်းလာကုန်သော မျက်ရည်တို့သည် မ,၏ရင်တွင်းသို့ ပြင်းထန်စွာ ရိုက်ခတ်ကုန်သည်။

မ,သည် မျက်လုံးကိုမှိတ်၍ ဖခင်ကိုမျက်နှာလွှဲလိုက်သည်။ နောက်အောက်သို့ တစ်ထစ်မျှ ဆင်းလိုက်ပြီးလျှင် အားယူ၍ မျက်လုံးကိုဖွင့်လိုက်ပြန်သည်။ ကိုဘခက်၏ တောက်ပသော မျက်လုံးနှင့် မ,၏ ရီဝေသောမျက်လုံးတို့သည် တန်းတန်းမတ်မတ် ဆုံဆည်းမိကြပြန်သည်။ချစ်သူ၏ မျက်လုံးအိမ်အတွင်းမှ တောက်ပသော အရောင်သည် မ,ကို မျှော်လင့်နေခြင်းသာ အဓိပ္ပာယ်ရလေသည်။ မ,ရင်တွင်း၌ တိုက်ဆင်လျက်ရှိသောမုန်တိုင်းသည် လှိုင်းတံပိုးနှင့်မီးလျှံကို ပင့်၍ပေးလိုက်သလိုနေတော့သည်။

အချစ်အတွက် တောက်လောင်ရသော မီးသည် မုန်တိုင်းနှင့်တွေ့သောအခါ တရှိန်ရှိန် ကြီးမား၍လာသည်။

သံယောဇဉ်အတွက် စီးဆင်းယိုဖိတ်လာကုန်သော ဖခင်၏မျက်ရည်သည် မ,ရင်တွင်းဝယ် မုန်တိုင်းနှင့်တွေ့သော ပင်လယ်လှိုင်းတံပိုးကဲ့သို့ ပြင်းထန်လေတော့သည်။

http://www.cherrythitsar.org



ရေနှင့် မီးသည် ရေများက ရေနိုင်၏။ မီးများက မီးနိုင်၏။ ယခုမူ ဘယ်အရာကပို၍စွမ်းအားကြီးသည်ကို ဆုံးဖြတ်၍မရပေ။ ဤစွမ်းအားနှစ်ခုကြားဝယ် ရပ်တည်နေရသော မ,သည် တစ်ဖက်ဖက်သို့ ပါမသွားလျှင် မည်သို့ကြံ့ကြံ့ခံနိုင်ပါအံ့နည်း။

မ,မျက်လုံးများသည် ဝေ၍လာသည်။ မြင်သမျှ အရာတို့သည် ဝါး၍လာသည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍ လာသည်။ ရင်ထဲ၌လည်း တလှပ်လှပ်ခုန်၍ လာသည်။ လှေကားလက်ရန်းကို ကိုင်၍ထားသော မ,လက်များသည် ပြုတ်၍ကျသွားသည်။

မ,သည် မုန်တိုင်းဒဏ်ကြောင့် အောက်သို့ လွင့်စဉ်ကျသွားလေသည်။

မီးလျှံထဲတွင် လောင်ကျွမ်း၍သွားသလော၊ လှိုင်းတံပိုးအောက်တွင် နစ်မြော၍ သွားသလောဆိုသည်ကိုကား မ,ကိုယ်တိုင်ပင် သိရှာလိမ့်မည် မဟုတ်ပေ။

ဦးကျော်ဒင်၏ အက်ကွဲသောအသံကြီးသည် ဧည့်ခန်းတစ်ခုလုံးကို ဟိန်း၍ သွားလေသည်။

'သမီး… သမီး…'

ဦးကျော်ဒင်အသံနှင့်အတူ မော်၏ စူးရှသော အသံကိုလည်း ကြားလိုက်ရသည်။ ကိုဘခက် ရုတ်တရက် ကြောင်၍နေရာမှ လှေကားရင်းသို့ ပြေးသွားလိုက်သည်။ မ,သည် လှေကားအလယ်ဆင့်လောက်မှ အောက်သို့ ချာချာလည်၍ ကျလာသည်။ ကိုဘခက်သည် မ,ကိုဆီး၍ပွေ့ယူလိုက်သည်။

ကိုဘခက်သည် မ,ကို အသာလှုပ်၍ ခပ်တိုးတိုး ခေါ်လိုက်မိသည်။

မ,ကား ပြန်၍မထူးနိုင်။ ကိုဘခက်လက်ထဲ၌သာ ပျော့ခွေလျက်ရှိသည်။

ထိုအတွင်း မွန်သည် ကိုဘခက်ကိုတွန်းဖယ်၍ ကိုဘခက်လက်မှ မ,ကို ပွေ့ယူလိုက်သည်။ ကိုဘခက်ကမူ မွန်၏အပြုအမူကို ဂရုမထားနိုင်။ မ,ကိုသာ စိုးရိမ်တကြီး ကြည့်နေမိသည်။ မ,၏ နှုတ်ခမ်းထောင့်မှ

http://www.cherrythitsar.org



သွေးများ စီးကျလာသည်။ မ ့ အနားသို့ အားလုံး ဝိုင်း၍နေကြသည်။

ကိုဘခက်က မ ့၏ လက်ကလေးကို ယောင်ရမ်း၍ ဆွဲကိုင်ထားလိုက်မိသည်။

မွန်သည် မ ့လက်တစ်ဖက်ကို သွေးစမ်း၍ကြည့်ရာမှ ကိုဘခက်ကို ဒေါသဖြင့် စိုက်၍ကြည့်လိုက်သည်။

'ရှင် သွားရင် ကောင်းမယ်၊ ရှင့်ကြောင့် အားလုံးဒုက္ခရောက်နေပြီ…သိလား၊ ရှင် စိုးရိမ်စရာ မလိုဘူး၊ ရှင် ခုသွားရင် ကောင်းမယ်'

ကိုဘခက်သည် မွန်ကို တစ်ချက်မျှကြည့်လိုက်ရင်း တယုတယကိုင်၍ထားသော မ ့လက်ကလေးကို မလွှတ်ချင်လွှတ်ချင် လွှတ်လိုက်သည်။

နာကြည်းသော မျက်လုံးများဖြင့် အားလုံးကို အတန်ကြာမျှစိုက်ကြည့်နေလိုက်သည်။ ပြီးမှ အံကိုကြိတ်၍ အက်ကွဲသောအသံဖြင့် မ ့ကို နှုတ်ဆက်လိုက်၏။

'ကိုယ်သွားတော့မယ် မ ့ရေ၊ ကိုယ့်နောက်ကိုလိုက်မယ့် မ ့ကို ကိုယ်ထမ်းပြီး ခေါ်သွားချင်ပေမယ့် ကိုယ့်မှာ ခေါ်ပိုင်ခွင့်မရှိဘူးမဟုတ်လား၊ မခွဲချင်ပေမယ့် ကိုယ်တစ်ယောက်တည်းပဲ သွားရတော့မယ်၊ ဒါပေမယ့် မ ့ကို ကိုယ်စောင့်နေပါ့မယ်ကွယ်'

ကိုဘခက်သည် မ ့ကိုနှုတ်ဆက်၍ နေရာမှထလိုက်သည်။ ပြီးမှ ဧည့်ခန်းဝဆီသို့ တစ်လှမ်းချင်း ထွက်သွားလေသည်။

ဦးကျော်ဒင်နှင့် မွန်သည် မ ့ကို အပေါ်ထပ်သို့ ပွေ့ယူသွားလေသည်။

ကိုဘခက် အပေါက်ဝဆီသို့ ရောက်သောအခါ နောက်မှ တံခါးပိတ်သံကို ကြားလိုက်ရသည်။ နောက်သို့ လှည့်ကြည့်လိုက်သောအခါ သူ့အား ရွံမုန်းသောအကြည့်ဖြင့် ကြည့်နေသော မော်မျက်နှာကို တံခါးကြားမှ မြင်လိုက်ရသည်။

မော်သည် ကိုဘခက်အား တစ်ချက်မျှ မဲ့ရွဲ့၍ ကြည့်လိုက်ပြီးလျှင် နောက်သို့ ဝင်သွားလေသည်။

http://www.cherrythitsar.org



ကိုဘခက်သည် သံတံခါးကြားမှ ညှော့ခန်းဆီသို့ ငေးကြည့်နေမိသည်။ တစ်ကြိမ်က မ,နှင့်သူသည် ဤလှေကားရင်း၌ပင် တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်ယုယခဲ့ကြသည်။ ယခုမူ မ,အနားသို့ သွားရန်ပင် မလွယ်တော့ပေ။

မ,တို့အိမ်သို့ ပြန်ဝင်ရန်ကား မျှော်လင့်ချက် မရှိတော့ချေ။ နောက်တစ်ကြိမ် ပြန်ဝင်ရန်အတွက်လည်း တံခါးပွင့်တော့မည် မဟုတ်ချေ။

မော် ပိတ်လိုက်သော သံတံခါးသည် ကိုဘခက်နှင့်မတို့ ဘဝနှစ်ခုကြားတွင် မဟာရံ တံတိုင်းကြီးသဖွယ် ဆီးတားပိတ်ပင်၍ နေတော့မည်ကိုကား ကိုဘခက်ကိုယ်တိုင် မစဉ်းစားရဲအောင် ရှိတော့သတည်း။

●

## (၁၇)

ကိုခင်မောင်ကြည်သည် ဝီစကီကို တစိမ့်စိမ့်သောက်ရင်း မွန့်မျက်နှာကိုသာ အကဲခတ်၍ကြည့်နေမိသည်။ မွန်ကမူ သူ့လက်ချောင်းကလေးများဖြင့် စားပွဲကို စန္ဒရားနှိပ်သလို နှိပ်ရင်း စဉ်းစားနေသည်။ ဇစ်တာကပင် ကိုခင်မောင်ကြည်ဘက်မှ ဝင်၍ ထောက်ခံလိုက်သည်။

'မိန်းမတွေဟာ အချစ်နဲ့ပတ်သက်ရင် အကျိုးရယ် အကြောင်းရယ် စဉ်းစားကြတာ မဟုတ်ဘူး၊ အချစ်ရဲ့အလိုကို ဈေးအပေါဆုံးနဲ့ လိုက်လျောဖို့ပဲ တတ်တယ်၊ မ,ကိစ္စဆိုလည်း အချိန်ဆွဲဖို့ မကောင်းဘူး၊ စန္ဒရား ဆရာက တစ်နည်းနည်းနဲ့ လာဆွဲရင် ပါသွားလိမ့်မယ်'

မွန်သည် ဇစ်တာကို မျက်နှာထားဖြင့်လှမ်း၍ ကြည့်လိုက်သည်။ ဇစ်တာသည် ပြောလက်စ စကားကို ဆက်၍မပြောတော့ဘဲ မွန့်အရိပ်အခြည်ကိုသာ ကြည့်နေသည်။

'စိတ်နောက်ကိုပါဆိုတာ လူတိုင်းဖြစ်တတ်ကြတာချည်းပဲ၊ မိန်းမ ရယ် ယောကျ်ားရယ် မဟုတ်ပါဘူး၊ ဇစ်တာပြောသလိုဆိုရင် ကိုခင် မောင်ကြည်ကရော ဘာလို့ မ,ကို တန်းတန်းစွဲ ဖြစ်နေလဲ၊ အချစ်နဲ့ ပတ်သက်လာရင် ဘယ်သူမှ မခံနိုင်ဘူး၊ ဘာမှ ကြီးကြီးကျယ်ကျယ်ပြော မနေနဲ့၊ တကယ်တမ်းကျရင် မိန်းမတွေကတောင် ယောကျ်ားတွေထက် ခံနိုင်ရည်ရှိတယ်'

ပက်ဂီကြိုင်က မွန့်စကားကို ထောက်ခံလိုက်သည်။

'ဟုတ်တယ် တကယ်တမ်းကျရင် ကိုယ်တို့မိန်းကလေးတွေကမှ ခံနိုင်ရည်ရှိတာ၊ ယူတို့ယောကျ်ားတွေဟာ အလကားပဲ၊ သိပ်ညံ့တယ်၊ သူတို့နဲ့များ နှစ်ခါလောက် တွဲကလိုက်ပြီဆိုရင် ဓာတ်ပြားဟောင်းကြီး ဖွင့်တော့တာပဲ၊ ယောကျ်ားတိုင်း ဒီလိုချည်းပဲ သိပ်မုန်းစရာ ကောင်း တာပဲ…'

ပက်ဂီကြိုင်က မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ပြောလိုက်သည်ကိုပင် အားလုံးက ပွဲကျသွားပြန်သည်။ ဇစ်တာသည် အသံဝါကြီးဖြင့် ရယ်လိုက်သည်။

'ကိုယ်တို့တော့ မပါပါဘူးဗျာ၊ မိန်းမဆိုရင် ကိုယ့်မိန်းမက လွဲလို့ အားလုံး ရှိတယ်တောင် မအောက်မေ့ပါဘူး'

'အပိုတွေ ပြောမနေစမ်းပါနဲ့ ဇစ်တာ၊ မွန် မယုံပါဘူး၊ ဇစ်တာ လည်းအတူတူပဲ၊ နိုင်ငံခြားက ပြန်ရောက်စကများ သူ့အမေရိကန်သူ အကြောင်း ပြောလိုက်ရတာ နားတောင်ငြီးယူတယ်၊ ယောကျ်ားတွေ ဟာ ဟန်ဆောင်တော့ ကောင်းတယ်၊ တကယ်တမ်းကျတော့ သူတို့ ပိုကဲတယ်'

မွန်က ရိုးရိုးပင်ပြောလိုက်သော်လည်း ပက်ဂီကြိုင်က အဓိပ္ပာယ် တစ်မျိုးကောက်၍ တခစ်ခစ် ရယ်လိုက်ပြန်သည်။

'ဒါတော့ မွန်က ပိုသိမှာပါကွာ၊ ယောကျ်ားတွေ ဘယ် လောက်ကဲတယ်ဆိုတာ ဇစ်တာကို မေးမကြည့်ဘူးလား'

'အို…ပက်ဂီကလည်း၊ အတည်ပြောနေတုန်း မနောက်စမ်းပါနဲ့'

ကိုခင်မောင်ကြည်သည် မွန်တို့ ပြောနေသော စကားကို လုံးဝ စိတ်ဝင်စားဟန်မရှိ။ အရက်ကိုသောက်လိုက်၊ စီးကရက်ကို ဖွာလိုက်ဖြင့် အလုပ်များနေတော့သည်။

'ကဲပါမွန်၊ တခြားစကားတွေ နေစမ်းပါဦး၊ ကိုယ်တို့ကိစ္စကို ဘယ်လို စီစဉ်မလဲ၊ အနည်းဆုံး အင်ဂေ့ဂျ်တော့ လုပ်ထားချင်တယ်'

'မွန် နားလည်ပါတယ် ကိုခင်မောင်ကြည်ရာ၊ မ,ကို ဒီလိုဖွတ် လုပ်လို့ မရဘူး၊ ဒက်ဒီတို့မာမီတို့နဲ့လှည့်ပြီး တဖြည်းဖြည်း ဆွဲယူရမှာ၊ ခုထိတော့ ဘာမှ အပြောမခံဘူး၊ မွန် ကတိပေးပြီးရင် စိတ်ချလက်ချ နေစမ်းပါ၊ အလုပ်တစ်ခုကို ပြောပြီးရင် မဖြစ်ဖြစ်အောင် လုပ်မှာပဲ၊ ကိုခင်မောင်ကြည် စိုးရိမ်တာထက် မွန်တို့က ပိုပြီးစိုးရိမ်သေးတယ်'

မွန်က စကားကုန် ပြောလိုက်ပြန်တော့လည်း ကိုခင်မောင်ကြည် သည် ဘာမျှ ဆက်မပြောနိုင်တော့ချေ။

မွန့် စကားကြောင့်လည်း ကိုခင်မောင်ကြည်မှာ စိတ်အေး သလိုရှိတော့သည်။

ထိုအတွင်းမှာပင် တီးဝိုင်းမှဂီတသံ ထွက်ပေါ်လာသည်။ ဗစ် တာက ဦးစွာထလိုက်ရင်း ပက်ဂီကြိုင်ကို ထရန် ဖိတ်ခေါ်လိုက် သည်။

ပက်ဂီကြိုင်သည် ဗစ်တာ၏ဖိတ်ခေါ်ချက်အရ ပေါ့ပေါ့ပါးပါး ပင် လက်ခံလိုက်သည်။ ဗစ်တာတို့က တစ်တွဲ ထွက်သွားသောအခါ ကိုခင်မောင်ကြည်နှင့် မွန်က တစ်တွဲကျန်ရစ်ခဲ့သည်။

ကိုခင်မောင်ကြည်သည် မွန့်အရိပ်အခြည်ကို အကဲခတ်လိုက်ရင်း နေရာမှထရန် ဟန်တပြင်ပြင် ရှိတော့သည်။ အမှန်၌ အက,ဝိုင်းတွင် မိန်းကလေးတစ်ယောက်ကို ယောကျ်ားက ကရန် စတင်ဖိတ်ခေါ်ခြင်း သည် ယဉ်ကျေးမှုတစ်ခုဖြစ်သည်။

ဤသည်ကိုလည်း ကိုခင်မောင်ကြည်လို ပုဂ္ဂိုလ်တစ်ယောက်က နားလည်ထားပြီးဖြစ်သည်။ သို့သော် မွန့်ကိုမူ ကိုခင်မောင်ကြည်သည် အလိုလို လန့်နေသည်။ ထို့ကြောင့်လည်း ကိုခင်မောင်ကြည်သည် မွန့် အရိပ်အခြည်ကို အကဲခတ်နေရသေးသည်။

မွန်က ကိုခင်မောင်ကြည် က,မလားဟူသော မေးလိုက်သည့် အမေးမျိုးဖြင့် ကြည့်လိုက်သောအခါ ကိုခင်မောင်ကြည်က အကင်း ပါးစွာ နေရာမှ ထလိုက်သည်။

'က, မလားမွန်၊ ဒီသီချင်းလေး ငြိမ့်သားပဲ'

မွန်က နေရာမှ ထလိုက်သောအခါ၊ ကိုခင်မောင်ကြည်က မွန့်ကုလားထိုင်ကို အသာဆွဲ၍ ပေးလိုက်သည်။ ကိုခင်မောင်ကြည်သည် မွန်၏ခါးကလေးကို ခပ်ရွရွဖက်လိုက်ပြီးလျှင် လှည့်ပတ် က,လိုက်သည်။ သို့ ကနေရင်းမှ သူ့ကိစ္စကို ထပ်တလဲလဲ ပြောနေမိသည်။

'အိမ်ကိုပြောပြီးပြီ မွန်၊ မွန့်တို့ဘက်က အဆင်ပြေတဲ့နေ့ကိုယ်တို့လာပြီး လူကြီးချင်း စကားပြောဖို့ပဲရှိတယ်'

မွန်က ကိုခင်မောင်ကြည် ပြောသမျှကို နားထောင်နေသည်။ ဘာမျှပြန်၍ကား မပြော။ ပြောရန်လည်း စိတ်ဝင်စားဟန် မရှိချေ။ မွန့်မျက်လုံးများသည် ဗစ်တာတို့အတွဲဆီသို့ ရောက်၍ နေတတ်သည်။

ဗစ်တာသည် ပက်ဂီကြိုင်နှင့် ကိုယ်ချင်းကပ်ကာ တွဲ၍ကနေသည်။ သို့ ကနေရင်းမှလည်း တစ်ယောက်ပါးနားသို့ တစ်ယောက်ကပ်ကာ တတွတ်တွတ် ပြောနေသည်ကိုလည်း မြင်နေရသည်။

တစ်ချက် တစ်ချက် ပက်ဂီကြိုင်သည် ခေါင်းကလေးကိုမော့၍ ပြုံးနေတတ်သည်။

ထိုအခါတွင် ပက်ဂီကြိုင်၏ မျက်နှာနှင့် ဗစ်တာ၏ မျက်နှာသည် ထိတွေ့နေသလိုပင် ထင်ရသည်။ တစ်ယောက်က အပေါ်မှ မိုး၍ကြည့်နေပုံနှင့် တစ်ယောက်က အောက်မှ မော့ကြည့်နေပုံမှာ အသည်းယားစရာပင် ကောင်းလှသည်။

ကကွက်အတိုင်း ခြေထောက်က တစ်လှမ်းချင်းတစ်လှမ်းချင်း ရွေ့လျားသော်လည်း သူတို့မျက်နှာနှစ်ခုကား အနေအထား မပျက်။ တစ်ခါတစ်ရံ တစ်ပတ်နှစ်ပတ်လှည့်၍ ကလိုက်ပြီးမှ ပက်ဂီကြိုင်သည် မောသွားဟန်ဖြင့် ဗစ်တာ၏ ကိုယ်ပေါ်သို့ သူ၏ မျက်နှာကလေးကို မှေးတင်ထားလိုက်ပြန်သည်။

မွန်သည် ကြည့်နေရင်း ခံပြင်းလာသလိုတော့ ရှိသည်။ သည်အခါတွင် ကနေသည်ကိုပင် သတိမရ၊ ကိုခင်မောင်ကြည်ရွေ့ဆောင်ခေါ်ရာသို့သာ အလိုက်သင့်ပါသွားမိသည်။

သည်တော့မှလည်း ကိုယ့်အဖြစ်ကို ကိုယ် သတိထားမိတော့သည်။ ကိုခင်မောင်ကြည်သည် မွန်၏သေးသွယ်သော ခါးကလေးကို တင်း

http://www.cherrythitsar.org



တင်းကျပ်ကျပ် ဖက်ထားသည်။ ပြီးတော့လည်း ကိုခင်မောင်ကြည်၏ ပါးတစ်ခြမ်းသည် မွန်၏ နဖူးပြင်တွင် ကပ်၍ထားပြီး ဖြစ်နေသည်။

သည်တော့လည်း မွန်သည်နောက်သို့ဆုတ်၍ ခပ်ခွာခွာ ကလိုက်သည်။

ကိုခင်မောင်ကြည်ကလည်း အလိုက်သင့်ပင် မွန်၏ခါးကလေးကို ရစ်သိုင်း၍ ဖက်ထားသော သူ့လက်ကို လျှော့၍ပေးလိုက်သည်။

တီးလုံးဆုံးသွားသောအခါ လက်ခုပ်သံများ ပေါ်၍လာသည်။ အားလုံး ကိုယ့်နေရာသို့ ပြန်ထိုင်ကြသည်။

လေးယောက်သား မျက်နှာချင်းဆိုင်မိကြသောအခါ ဗစ်တာနှင့် ပက်ဂီကြိုင်သည် တစ်ယောက်ကိုတစ်ယောက် ချီးမွမ်း၍ မဆုံးနိုင်အောင် ရှိတော့၏။

'ပက်ဂီက နာမည်ကြီးသလောက် အကလည်း သိပ်တော်တာပဲ'

'သိပ်မမြှောက်နဲ့ ဗစ်တာ၊ မိုးနဲ့နဖူးနဲ့သွားပြီး ဆောင့်မိပါဦးမယ်၊ ဗစ်တာခေါ်တဲ့အတိုင်း ပက်ဂီက လိုက်ကရတာပါ'

'မဟုတ်ဘူး‥မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် တွဲနေကျ မဟုတ်ဘဲနဲ့ ကရတာ ဟပ်မိဖို့ မလွယ်ဘူး၊ တော်တဲ့လူတွေမှ လိုက်နိုင်တာ၊ ပက်ဂီက သိပ်အကင်းပါးတယ်၊ ကိုယ်နဲ့တွဲတဲ့လူက ဘယ်ကိုသွားချင်တယ်ဆိုတာ ချက်ချင်းသိတာပဲ၊ ဒါကိုက တော်တော်တန်တန်အရည်အချင်းနဲ့ မရနိုင်ဘူး'

မွန်သည် စိတ်ကိုအတတ်နိုင်ဆုံးထိန်း၍ထားရသည်။ အမှန်တော့ ဗစ်တာနှင့်ပက်ဂီကြိုင် ပြောနေသော စကားများသည် မွန့်နားထဲတွင် လက်ခံ၍မရအောင် ရှိတော့သည်။

မွန့်မျက်စိထဲတွင် ဗစ်တာသည် ခုလိုတစ်ခါမှ ကလက်ဖူးသည်ကို မတွေ့ခဲ့ဖူးချေ။

ယခုမူ ဗစ်တာ၏အပြုအမူသည် ဣန္ဒြေမရအောင်ပင် ကလက်နေသည်ဟု ထင်မိသည်။

ပက်ဂီက စီးကရက်ထုတ်လိုက်လျှင် မီးညှိပေးခြင်း၊ စားစရာများကို ခက်ရင်းဖြင့်ထိုး၍ ပက်ဂီအားပေးခြင်း စသည့် အပြုအမူများမှာ ကြည့်မရအောင် ရှိတော့သည်။

http://www.cherrythitsar.org



အမှန်၌ မွန်သည် ပြင်ပကပွဲများသို့ သွားလေ့မရှိ။ ဇစ်တာကိုယ်တိုင်လည်း အပြင်ကပွဲများသို့ တက်လေ့တက်ထ မရှိ။ နှစ်သစ်ကူးခရစ်စမတ်၊ လွတ်လပ်ရေး စသည့်ပွဲများသာ မိတ်ဆွေများကဖိတ်၍ တစ်ခါတစ်ရံ တက်လေ့ရှိသည်။

များသောအားဖြင့်ကား အိမ်တွင်း သီးသန့်ကပွဲများသာ အေးအေးဆေးဆေး ကလေ့ရှိသည်။

ယခုမူ ကိုခင်မောင်ကြည်က မရမကခေါ်၍သာ အားနာသဖြင့် လိုက်ခဲ့ရခြင်းဖြစ်သည်။

အမှန်တော့ စကတည်းကပင် ပက်ဂီကြိုင်ပါသည်ဆို၍ မွန်က မလိုက်ချင်လှပေ။

ပက်ဂီကြိုင်၏ သတင်းကား အထက်တန်းလွှာတွင် မသိသူမရှိသလောက်ပင် ရှားသည်။

ပက်ဂီကြိုင်သည် သာမန် အထက်တန်းစာရေးမကလေး ဖြစ်သော်လည်း သူ့ကို မသိသူမရှိသလောက်ပင် ရှားသည်။

သံရုံးကပွဲတိုင်းတွင် ပက်ဂီကြိုင်သည် နိုင်ငံခြားသားများ၏ အသည်းစွဲ ဖြစ်သည်။

ထို့ကြောင့်လည်း ပက်ဂီကြိုင်သည် သာမန်စာရေးမကလေးပင် ဖြစ်သော်လည်း ကပွဲတွင် အဖိုးတန်အဝတ်အစားများဖြင့် တွေ့ရတတ်သည်။

နှစ်သောင်းကျော်၊ သုံးသောင်းကျော် ကားကြီးများဖြင့် စီး၍လာတတ်သည်ကို တွေ့ရသည်။ မင်းပွဲ၊ စိုးပွဲများတွင် ရှေ့တန်းမှတွေ့ရတတ်သည်။

ထို့ကြောင့်လည်း အနောက်တိုင်း ယဉ်ကျေးမှုနှင့် မကင်းသူများသည် ပက်ဂီကြိုင်အား မတွေ့ဖူးသည့်တိုင်အောင် ပက်ဂီကြိုင်သတင်းကို ကြားဖူးနေကြသည်။

မွန်သည် ပက်ဂီကြိုင်ကို တွေ့လိုက်ရစဉ်ကပင် ကိုခင်မောင်ကြည် ဖိတ်ခေါ်သော က,ပွဲသို့လိုက်ရန် စိတ်မပါတော့ချေ။ ပက်ဂီကြိုင်လို

http://www.cherrythitsar.org



သတင်းဆိုးဖြင့် ကျော်ကြားနေသူတစ်ယောက်နှင့် အတူတွဲ၍ မသွားလို ချေ။

ကိုယ့်ကိုပါ ရော၍ အထင်သေးမည်ကို စိုးရိမ်မိသည်။ သို့သော် ဖိတ်ခေါ်သည့်သူက ဖွတ်အတင်း ဖိတ်ခေါ်နေပြန်တော့လည်း ကိုယ်က ငြင်းလျှင် ရိုင်းရာကျတော့မည်။

မလိုက်လိုသော အကြောင်းမှာလည်း ထုတ်ဖော်ပြော၍မသင့် လျော်။ ထို့ကြောင့်လည်း စိတ်မပါဘဲ လိုက်ခဲ့ရသည်။

ကပွဲသို့ ရောက်ပြန်တော့လည်း ကိုခင်မောင်ကြည်က သူ့ကိစ္စကို သာ မနားတမ်းပြောနေတော့လည်း ဗစ်တာက အလိုက်သိစွာ ပက်ဂီ ကြိုင်နှင့် ဝိုင်းဖွဲ့ရတော့သည်။

ဤသည်မှစ၍ အလိုလိုအတွဲက ပြောင်းသွားတော့သည်။ ကိုခင် မောင်ကြည်နှင့်မွန်က စကားတစ်ဝိုင်း၊ ဗစ်တာနှင့် ပက်ဂီကြိုင်က စကား တစ်ဝိုင်း၊ စကားဝိုင်းမှ အကဝိုင်းသို့ ကူးပြန်တော့လည်း သည်အတိုင်း ပင် ကူးရတော့သည်။

ယခုတော့ ဗစ်တာနှင့်ပက်ဂီကြိုင်မှာ မိတ်ဟောင်း ဆွေဟောင်း ကြီးများကဲ့သို့ စကားလက်ဆုံကျ၍ နေတော့သည်။

မွန်သည် ကိုခင်မောင်ကြည်နှင့် စကားပြောနေရသော်လည်း စိတ်မပါတော့ချေ။

မျက်စိက နောက်၍လာတော့သည်။ နားလည်း ငြီး၍လာသည်။ ကြာကြာလည်း မထိုင်လိုတော့ချေ။ ကြာကြာထိုင်လျှင် ပို၍ ဣန္ဒြေပျက် တော့မည်။

မွန်သည် လက်မှနာရီကိုကြည့်လိုက်သည်။ ပြီးမှဗစ်တာကိုလှမ်း ကြည့်သည်။

'ပြန်ကြရအောင် ဗစ်တာ'

ဗစ်တာသည် ပက်ဂီကြိုင်နှင့် စကားကောင်းနေရာမှမွန့်ကို တအံ့ တသြ ကြည့်လိုက်သည်။

အမှန်တော့ မွန်သည်မည်မျှပင်ဣန္ဒြေဆည်၍ပြောလိုက်သော် လည်း ယခုလိုဝိုင်းမျိုးတွင် တစ်ယောက်ယောက်က စ၍ ပြန်ချင်သည်ဟု

http://www.cherrythitsar.org



ပြောလျှင် တစ်စုံတစ်ခုကို ငြီးငွေ့၍ဖြစ်ကြောင်း အားလုံးက ရိပ်မိနိုင်သည်။

ယခုလည်း မွန်က ခပ်အေးအေး ပြောလိုက်သော်လည်း ကျန်လူများက မွန့်ကို စိုးရိမ်တကြီး လှမ်း၍ ကြည့်လိုက်ကြသည်။

'ဘာဖြစ်လို့လဲ မွန်၊ ကနေ့ကပွဲက ပျော်စရာ ကောင်းပါတယ်ကွာ၊ ပက်ဂီကြိုင်နဲ့ တွေ့ရတာလည်း ဗဟုသုတ တိုးတယ် မဟုတ်လား'

မွန် ပြောချင်သောစကားကို မနည်းချုပ်တည်း၍ ထားလိုက်ရသည်။

ပက်ဂီကြိုင်နှင့်တွေ့ရသည်ကိုပင် ပျော်စရာကောင်းသည်ဟုပြောလိုက်သော ဗစ်တာ၏စကားကို နားထောင်ရင်း အလိုလို စိတ်တိုလာမိသည်။

'ပျော်စရာကောင်းရင်လည်း တစ်ညလုံး နေခဲ့ပါလား'

ဤသို့ပင်ပြောချလိုက်ချင်သည်။ သဘောထားသေးရာကျမည်စိုး၍သာ စိတ်ကို ချုပ်တည်း၍ ထားလိုက်ရသည်။

'မွန် ခေါင်းနောက်နေပြီ၊ ဆက်ထိုင်လို့မရတော့ဘူး၊ ကိုနေရစ်ချင် နေရစ်ခဲ့လေ၊ မွန်တော့ ပြန်တော့မယ်၊ ကားယူသွားမယ်၊ အိမ်ကျမှ ဒရိုင်ဘာနဲ့ အပို့လွှတ်လိုက်မယ်'

မွန်သည် နေရာမှ ထလိုက်သည်။ ဗစ်တာပါ ရော၍ ရပ်လိုက်သည်။

'ကိုယ် လိုက်ပို့မယ်လေ၊ ခဏနေပါဦးလား'

'ကိစ္စမရှိပါဘူး၊ ကိုယ်တို့ ဒီမှာ အေးအေးဆေးဆေးနေကြပါ၊ မွန် ပြန်နိုင်ပါတယ်၊ သော့သာ ပေးလိုက်'

ဗစ်တာသည် ဘောင်းဘီအိတ်ထဲမှ ကားသော့ကိုနှိုက်၍ မွန့်အားပေးလိုက်သည်။

မွန်က ကားသော့ကိုယူ၍ ထွက်သွားမည်ပြုရာမှ ပက်ဂီကြိုင်ကို ပြန်ကြည့်၍ နှုတ်ဆက်လိုက်သည်။

'မွန့်ကို ခွင့်လွှတ်ပါ ပက်ဂီ၊ မွန် ခေါင်းနောက်လွန်းလို့ပြန်တော့မယ် . . .'

ပက်ဂီကြိုင်က ဖော်ရွေပြုံးချိုစွာပင် မွန့်ကိုပြန်၍ အင်္ဂလိပ်လို နှုတ်ဆက်လိုက်သည်။

'ဟုတ်ပါရဲ့၊ ပျော်စရာကောင်းတုန်း မွန်ပြန်သွားရတာ ဝမ်းနည်းစရာပဲ၊ နောက် တွေ့ကြသေးတာပေါ့၊ ပက်ဂီတို့က ကပွဲဆိုရင် မီးငြိမ်းမှ ပြန်တမ်းပဲ၊ ဘယ်တော့မှ အရှုံးမပေးဘူး'

မွန်က ပက်ဂီကြိုင် စကားမဆုံးခင် နေရာမှ ထခဲ့လေသည်။

ကိုခင်မောင်ကြည်သည် မွန့်နောက်သို့ အပြေးလိုက်လာသည်။

'မွန် နေမကောင်းရင် ကျွန်တော် လိုက်ပို့မယ်လေ၊ ကျွန်တော်ကား ပါပါတယ်'

'နေပါစေ··· ကိုခင်မောင်ကြည်၊ မွန် ပြန်နိုင်ပါတယ်'

ကိုခင်မောင်ကြည်သည် နောက်ထပ် စကားမဆက်နိုင်တော့ချေ။ နေရာတွင်သာ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့တော့သည်။

မွန်သည် ကားကို ခပ်မှန်မှန်မောင်း၍ အိမ်သို့ပြန်ခဲ့သည်။ အိမ်ရောက်တော့လည်း စိတ်ကမပြေ။ အလိုလိုတစ်ယောက်တည်း ဒေါသဖြစ်နေမိသည်။

အိမ်တွင်ရှိသည့် အခိုင်းအစေများကို အော်ငေါက်ဆူပူမိသည်။ ဘာ့ကြောင့် ခုလို ဖြစ်ရသည်ကိုကား ကိုယ့်ကိုကိုယ် ပြန်စဉ်းစား၍မရ။ ကိုယ့်စိတ်ကိုပင် နုလွန်းသလားဟု သံသယဖြစ်မိသည်။ ဘာမျှအကြောင်းရှာ၍ မရဘဲ ခုလိုစိတ်တိုမိခြင်းကား စိတ်ထားသေးသိမ်ရာ ကျသည်ကိုလည်း တွေးမိသည်။

သို့တွေး၍ ကိုယ့်စိတ်ကို ဖြေသော်လည်းမရ။ ဗစ်တာကိုသာ အလိုလို ဒေါပွနေမိသည်။

မွန်သည် ညစာထမင်းကိုပင်မစားဘဲ အိပ်ရာထဲသို့ ဝင်ခဲ့မိသည်။ အိပ်ရာထဲရောက်တော့လည်း အိပ်၍ကားမပျော်။ ညဦးပိုင်းက ခံပြင်းခဲ့ရသော စိတ်တို့သည် ခုမှပင် တစ်ကိုယ်တည်း ကျိတ်၍ပေါက်ကွဲမိတော့သည်။

ဗစ်တာပြန်သည့်အချိန်တွင် မွန်သည် အိပ်ရာဘေးမှနာရီကို လှမ်း၍ ကြည့်လိုက်မိသည်။ ဗစ်တာပြန်လာသောအချိန်မှာ သုံးနာရီနီးပါး ရှိလေပြီ။

http://www.cherrythitsar.org



မွန်သည် မျက်စိကိုဖွင့်မှိတ်၍အိပ်ရန်ကြိုးစားလိုက်သည်။ ဘာကြောင့်မှန်းမသိ၊ မွန့်မျက်စိထဲတွင် မ,မျက်နှာသည် အလိုလိုပေါ်လာသည်။

မ,၏ စူးရှတောက်ပသော မျက်လုံးများသည် မွန့်ကို ရန်တွေ့နေသလို ရှိတော့သည်။

'ဒါတွေ ပြောစရာမလိုပါဘူး မွန်၊ မင်းမှာ ကိုယ်ချင်းစာတရားများရှိခဲ့ရင် မင်း ပိုသိပါတယ်၊ မင်း အိမ်ထောင်ရေးတုန်းက မင်းဘယ်လို ဆုံးဖြတ်ခဲ့သလဲ၊ ဘယ်သူ့ကိုများ အသိပေးခဲ့သလဲ၊ ဘယ်သူ့ကိုများ တိုင်ပင်ခဲ့သလဲ၊ မင်းကင်းလွတ်မှုကို မင်း ကြိုက်သလိုယူခဲ့ပြီးမှ သူများလွတ်လပ်မှုကို မင်း ဝင်စွက်ဖို့ မကောင်းပါဘူး'

မ,ပြောလိုက်သော စကားသံများသည် မွန့်နားထဲတွင် အတိုင်းသား ပြန်၍ ကြားယောင်နေမိသည်။ သည်တော့လည်း မွန့်မှာ ကြောက်ရွံ့သလို စိုးရိမ်သလို ဖြစ်လာသည်။

အမှန်တော့ မွန်သည် အယောင်ဆောင်ယဉ်ကျေးမှုမှ ပေါက်ဖွားလာခဲ့ရသော အိမ်ထောင်ရေး၏ အရသာကို ပထမဆုံးအကြိမ် ခံစားလိုက်ရသည်ကိုကား သိပေလိမ့်ဦးမည် မဟုတ်ချေတကား။

●

## (၁၈)

မ,သည် စကားတစ်ခွန်းမျှ မပြောဘဲ မျက်နှာကြက်ဆီသို့သာ မော့်၍ ကြည့်နေမိသည်။

ဒေါ်ခင်မျိုးသန့်က သူလိုချင်သောအဖြေကို ဖွင့်တောင်းနေသည်။

မွန်က ဘေးမှဝင်၍ ထောက်ပေးသည်။ ဦးကျော်ဒင်ကမူ မော့်ခုတင်ပေါ်တွင် လက်ထောက်၍ ထိုင်ရင်း ငိုင်နေမိသည်။

http://www.cherrythitsar.org



'မင်း ဒီလို ခေါင်းမာနေရင် အတင်းစီစဉ်ရလိမ့်မယ် . . . သိလား၊ ချိုချိုသာသာပြောရင် မရဘူး၊ ငါ့ကိုစမ်းရင် ညည်း ဒုက္ခတွေ့မယ်၊ ကျပ်ကျပ် သတိထား'

မ,သည် မျက်နှာကြက်မှ သွယ်ချထားသော မီးလုံးကလေးကို မော့၍ကြည့်နေသည်။

မီးလုံးကလေးကား လေထဲတွင် လှုပ်ယမ်းနေသည်။ အမှန်တော့ မ,စိတ်သည်လည်း မည်မျှ ခိုင်မာသည်ဟုဆိုသော်လည်း နှုတ်ခမ်းများတော့ လှုပ်ခါ၍လာသည်။

တစ်ဖက်သတ်ပြတ်ပြတ်သားသား ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်များပင် ဝေ၍လာသည်။

အများနှင့် တစ်ယောက်မို့ အလျှော့ပေးချင်၍ကား မဟုတ်၊ ကိုယ့်ဆန္ဒနှင့် ဆန့်ကျင်သည့်စကားကို ကြားရဖန်များတော့လည်း နား ညည်းလာသည်။

နားထောင်ရသည်ကိုပင် ပင်ပန်း၍လာသည်။ ပင်ပန်းသည့်ဒုက္ခ မှ လွတ်မြောက်လိုသော စိတ်များ ပေါ်၍လာသည်။ သည်အခါတွင် မ,သည် အဝေးသို့ ထွက်ပြေးချင်သည်။

မ,သည် နားနှစ်ဖက်ကို လက်ဝါးဖြင့် ပိတ်၍ ခေါင်းကိုသာ တွင်တွင် ယမ်းနေမိသည်။

'မ,ကို ဘာမှမပြောနဲ့ မေမေ၊ မ,တစ်လုံးမှ နားမထောင် ချင်ဘူး၊ မ,စိတ်ညစ်တယ်၊ မ,ကို ဒီလို ညှဉ်းနေမယ့်အစား သတ်ချင် သတ်လိုက်ပါ'

မ,သည် ငိုသံဖြင့် အော်၍ တောင်းပန်လိုက်သည်။ ခေါင်းအုံးနှင့် မျက်နှာကို အပ်ထားလိုက်သည်။ မ,တစ်ကိုယ်လုံးကား သိမ့်သိမ့်ခါ၍ လာသည်။

မွန်က မ,၏ ပခုံးကလေးကို ဆွဲထူလိုက်သည်။

'ဟော့··· ဒါ ငိုစရာမဟုတ်ပါဘူးကွာ၊ မင်းမှာ အစဉ်းစားဉာဏ် ရှိလျက်နဲ့ ဒါလောက် မမိုက်ပါနဲ့ ညီမရယ်၊ မွန်ပြောတာ နားထောင် စမ်း၊ မင်း ခု ခဏစိတ်ဆင်းရဲခံရတာဟာ တစ်သက်လုံး ချမ်းသာဖို့ ပါ၊ ကိုခင်မောင်ကြည်က မင်း စိတ်ချမ်းသာအောင် အလိုလိုက်မှာပါ

http://www.cherrythitsar.org



ကွာ၊ မင်း ခု စွဲလမ်းနေတာတွေဟာ နောက်တော့ မေ့ပျောက်သွားမှာပါ၊ မမိုက်ပါနဲ့ မ႑ရာ၊ မွန်ပြောတာ နားထောင်ပါကွယ်၊ ခု လာမယ့် တနင်္ဂနွေနေ့မှာ စေ့စပ်ဖို့ လက်ခံလိုက်မယ်နော်'

မ႑သည် ခေါင်းအုံးနှင့်မျက်နှာ ခွာလိုက်ရင်း မွန့်ကို မီးတောက်သော မျက်လုံးဖြင့် ကြည့်လိုက်သည်။

'ဒီကိစ္စမှာ မင်းဝင်ပြီး မတွင်ကျယ်ချင်ပါနဲ့ မွန်၊ မ႑ဟာ မိဘစကားကို တစ်သက်လုံးက မပယ်လှန်ခဲ့ဘူး၊ ဒါပေမယ့် ခုကိစ္စမှာတော့ မ႑နားထဲမှာ မိဘစကားကိုတောင် တမာလိုခါးနေတယ် သိလား၊ ဒီလိုအရေးထဲမှာ မင်း ဝင်ပြီးပြောဖို့ မလိုဘူး ထင်တယ်'

'ငါ မင်းကို အလကားလေကုန်ခံပြီး ပြောတာ မဟုတ်ဘူး၊ စေတနာနဲ့ ပြောနေတာ သိလား၊ မင်း ထင်တဲ့ အချစ်ဆိုတာ တကယ်တော့ ဘာမှမဟုတ်ဘူး၊ သဘာဝအရ ဖို-မ ဆက်ဆံရေး သဘောပဲ ရှိတယ်၊ ဒါကို ရွေးချယ်တဲ့နေရာမှာ စိတ်ကူးယဉ်ပြီး ရွေးချယ်လို့မရဘူး၊ ကိုယ့်ဘဝရဲ့ တင့်တယ်မှု, အဆင်ပြေမှုဆိုတာ ထည့်သွင်းစဉ်းစားပြီး ရွေးချယ်မှ ဒီအိမ်ထောင်ရေးဟာ တစ်သက်လုံး သာယာနိုင်တယ်၊ လူ့ခေါင်းထဲမှာ ခွဲကြည့်ရင် မင်းတို့ပြောတဲ့ အချစ်ဆိုတာ ရှာလို့မရဘူး၊ ရင်ထဲမှာလည်းရှာလို့မရဘူး၊ မရှိတဲ့အရာဝတ္ထုကို ရှိတယ်ထင်ပြီး စွဲလမ်းနေရင် မင်းပဲ ဒုက္ခရောက်မှာပဲ'

မ႑သည် မွန်ပြောသော စကားများကို မျက်တောင်မခတ် နားထောင်ရင်း တစ်ချက်မျှ ပြုံးလိုက်သည်။

ဒေါ်ခင်မျိုးသန့်ကမူ စီးကရက် မီးညှိလိုက်ရင်း မ႑ကိုသာ မကျေမနပ် ကြည့်နေသည်။

'မင်း ဒေါက်တာမဆိုတော့ ဒီအတိုင်းပဲ တွက်မှာပေ့ါ၊ ဒါပေမယ့် အချစ်ဆိုတာ မင်းတို့ကြည့်သလို ဓာတ်မှန်ရိုက်ပြီး ကြည့်လို့လည်းမရဘူး၊ ခွဲစိတ်ပြီးကြည့်လို့လည်း မရဘူး၊ လောကမှာ မမြင်နိုင်တဲ့အရာတွေကိုမရှိဘူးလို့ထင်ရင် မှားမှာပဲ၊ လူ့မျက်စိနဲ့ မမြင်နိုင်ပေမယ့် တကယ်တမ်း စွမ်းအားကြီးပြီး လူတွေရဲ့ ကိုယ်, စိတ်ကို လွှမ်းမိုးနိုင်တဲ့ အရာတွေ အများကြီး ရှိတယ်၊ ဒါတွေဟာ အရေးမထားခဲ့ရင် တို့ဟာ လူရိုင်းတွေနဲ့ ဘာမှမထူးတော့ဘူး၊ မင်းတို့လို ယဉ်ကျေးပါတယ်ဆိုတဲ့သူတွေ

http://www.cherrythitsar.org



တော့ ဒီလူရိုင်း ဝါဒတွေကို အထင်ကြီးမှာပေါ့၊ အိမ်ထောင်ရေးကို ကုန်ဖလှယ်သလိုဖလှယ်, တွဲချင်တဲ့ယောကျ်ားနဲ့တွဲ၊ ဖက်ချင်တဲ့ယောကျ်ားနဲ့ဖက်ပြီး ကတာမျိုးကို မင်းတို့က ယဉ်ကျေးတယ်လို့ ထင်နေတာကိုး၊ ဒါပေမယ့် မင်းထင်သလို ကိုယ် မထင်နိုင်ဘူး၊ မယုံနိုင်ဘူး၊ မ,ရင်ထဲမှာ သစ္စာတရား, မေတ္တာတရားဆိုတာ အမြဲကိန်းဝပ်နေချင်တယ်၊ ဒီတရားတွေကို မင်းတို့စာတ်ခွဲပြီး ကြည့်လို့မရပေမယ့် မ,တို့တော့ မြတ်နိုးလို့မဆုံးဘူး၊ ခုံမင်မက်မောလို့မဆုံးဘူး၊ မ,ရင်ထဲမှာ ဒီတရားတွေဟာ ခေါင်းပါးသွားပြီဆိုရင် မ,ကိုယ်မ,ရှက်လို့လည်းဆုံးမှာမဟုတ်ဘူး၊ ဝမ်းနည်းလို့လည်းဆုံးမှာမဟုတ်ဘူး၊ မ,ရင်ထဲမှာဒီလိုမွန်မြတ်တဲ့မေတ္တာတရားတွေ အမြဲ ကိန်းဝပ်နိုင်အောင် အသက်နဲ့ကိုယ်တည်နေသမျှ စောင့်ထိန်းသွားမှာပဲ'

မ,က ပကတိ တည်ငြိမ်သော အသံဖြင့် တစ်လုံးချင်းပြောလိုက်သည်။

ဒေါ်ခင်မျိုးသန့်သည် မ,ကို မဲ့ရွဲ့၍ ကြည့်လိုက်သည်။ မွန်ကမူ မ,ပြောလိုက်သော စကားများကို ရုတ်တရက် ပြန်၍ မချေပနိုင်ချေ။

'အေး··· ညည်းက မေတ္တာအိုးကြီးဆိုတော့ မေတ္တာတွေပွားများနိုင်တာပေါ့၊ တို့တော့ ညည်းလို လူမြင်ကရာ မေတ္တာ မပွားနိုင်ဘူးဟေ့၊ မေတ္တာဆိုတာ ထားသင့်တဲ့လူအပေါ်မှ ထားရတယ်၊ ကြမ်းပိုး သူခိုးသူတောင်းစားတွေ အပေါ်မှာတော့ မေတ္တာမပွားနိုင်ဘူး၊ ကဲ···ရှည်ရှည်ဝေးဝေးတွေ ဘာမှ ပြောမနေနဲ့၊ လူကြီးမိဘက ကောင်းတယ်လို့စီစဉ်ရင် ညည်းဘာမှပြောစရာမလိုဘူး၊ မောင်ကြည်ရဲ့မိဘတွေကိုလည်း တို့စကားလွန်ပြီးပြီ၊ ဒီတော့ ဒီနေ့ပဲ ဖိတ်စာအရိုက်ခိုင်းမယ်'

မ,သည် ဒေါ်ခင်မျိုးသန့်ကိုကြည့်ရင်း မျက်ရည်များ တလိမ့်လိမ့်ကျ၍ လာတော့သည်။

မ,အတွက်ကယ်မည့်သူကားမရှိ။ ဖခင်၏မျက်နှာကိုကြည့်လိုက်ပြန်တော့လည်း အားပျက်စရာသာ ပို၍ ကောင်းတော့သည်။ ဦးကျော်ဒင်သည် မ,ကိုသာ သနားကြင်နာသော မျက်လုံးများဖြင့် ကြည့်လိုက်ရင်း သက်ပြင်းကို ချလိုက်တော့သည်။

http://www.cherrythitsar.org



'သမီး မေမေတို့ ပြောသလိုနေဆိုရင် နေပါ့မယ် မေမေ၊ သမီး သူ့ကိုတော့ မယူပါရစေနဲ့ မေမေ၊ ကိုယ်မချစ်မနှစ်သက်တဲ့ သူနဲ့ပေါင်းဖော်ရခြင်းဟာ ဘယ်လောက် ဆင်းရဲတယ်ဆိုတာ မေမေတို့ ပိုသိပါတယ် မေမေ၊ သမီး ဒါကိုတော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး မေမေ၊ သမီးကို မနှိပ်စက်ချင်ပါနဲ့'

မ,သည် ဒေါ်ခင်မျိုးသန့်၏ ခြေအစုံကို ဖက်၍ငိုရင်းတောင်းပန်လိုက်ရှာသည်။

ဒေါ်ခင်မျိုးသန့်သည် မ,နဖူးကို ဆွဲ၍ မော့လိုက်သည်။

'နေစမ်းပါဦး… ညည်းကိုများ တို့က နှိပ်စက်နေတယ်လို့ထင်သလား၊ ညည်းလို မိန်းမမျိုးက ဇိကုပ် နတ်ပြည်တင်မှ တော်ရုံကျမယ်၊ ဒီလိုမှ မလုပ်ရင် အဝီစိအောက်ကို နှစ်ပြန်လောက် ဆင်းမယ့်မိန်းမ'

ဒေါ်ခင်မျိုးသန့်သည် မ,၏ဆံပင်များကို ဆုပ်ကိုင်၍ ယမ်းလိုက်သည်။ ဦးကျော်ဒင်သည် နေရာမှ ထလိုက်သည်။

'တော်ပါတော့ကွာ၊ သိပ် ပြောမနေပါနဲ့၊ ဒီ အရွယ်တွေဟာ ဒါလောက် ပြောဖို့ မလိုဘူး၊ တစ်ခွန်းပြောလိုက်ရင် သဘောပေါက်ပါတယ်'

'ရှင့်သမီးလား တစ်ခွန်းပြောလို့ရမယ့်အစား၊ တစ်ခွန်းလောက်နဲ့ပြောလို့ သဘောပေါက်တဲ့ရုပ်က ဒီလိုရုပ်မျိုး မဟုတ်ဘူး၊ ဟင်း… သူ့သမီး လိမ္မာတယ်, လိမ္မာတယ်နဲ့ နောက်ဆုံးကျတော့ ယောင်းမမြင်းစီးထွက်တာပဲ၊ သူက ကလေကချေ နေချင်ပေမယ့် ကျုပ်တို့က အရှက်ကွဲ မခံနိုင်ဘူး၊ လူတောထဲမှာ နေရတာ သူများ မေးငေါ့တာ မခံနိုင်ဘူး၊ တစ်သက်လုံး သူများ အပြောအဆို မခံခဲ့ရဘဲနဲ့ ဒီကောင်မကြောင့်တော့ အပြောမခံနိုင်ဘူး၊ ရှင့်သမီး ရှင် နိုင်အောင်သာ ပြောထားပေတော့'

ဒေါ်ခင်မျိုးသန့်သည် အတွင်းခန်းမှ ခြေဆောင့်၍ ထွက်သွားသည်။

မ,သည် မွေ့ရာစွန်းဖြင့် မျက်ရည်များကိုသုတ်ရင်း ဦးကျော်ဒင်ကိုသာ အားကိုးအားထားဖြင့် ကြည့်နေရှာသည်။ မွန်သည် မ,ပခုံးကလေးကို ဆုပ်ကိုင်ရင်း ချော့လိုက်သည်။

'မွန်တို့ကိုစိတ်မဆိုးပါနဲ့ကွာ၊ ကိုယ်တစ်ယောက်အတွက် တစ်မျိုးလုံး မျက်နှာပျက်ရမယ့် အလုပ်ဆိုတာ မလုပ်ကောင်းပါဘူး၊ တို့အမျိုးဟာ အရာရာမှာ ဘယ်တုန်းကမှ မျက်နှာမငယ်ခဲ့ရဘူး၊ မိဘဂုဏ်၊ တို့ရဲ့ ပညာဂုဏ်နဲ့ဆိုရင်တို့တစ်တွေဟာ ဘယ်သူ့ကိုမှ မော်ကြည့်စရာ မလိုဘူး၊ ဒီလို အခြေအနေမျိုးကနေ မင်းအတွက် တို့မှာ အမည်းကွက်ကြီး ထင် ကျန်နေရစ်မယ်ဆိုရင် ဘယ်လောက် ရှက်စရာကောင်းလဲ၊ တို့နေတဲ့ အသိုက်အဝန်းထဲမှာလူတကာက မ တစ်ယောက်ကိုတော့ ဘာမဟုတ်တဲ့ စန္ဒရားဆရာနဲ့ လိုက်သွားတယ်ဆိုတာ မေးငေါ့ပြီး ပြောနေကြမှာကို ခံပြင်းစမ်းပါကွာ'

မ သည် အသားများ တဆတ်ဆတ်တုန်၍လာသည်။ မွန် ပြောလိုက်သော စကားများသည် တစ်ဖက်စီးနင်း နိုင်လွန်းလှသည်ဟုလည်း ထင်မိသည်။

'တော်တော့ မွန်၊ မင်း လွန်လွန်းနေပြီ၊ မ တစ်ခွန်းမှ မကြားချင်တော့ဘူး၊ မင်းတို့ စေတနာကို မ နားလည်တယ်၊ မင်းတို့ မ ကို အရှက်တော် မကွဲအောင် ပြောနေတာ မဟုတ်လား၊ မင်းတို့အထင်သေးတဲ့ စန္ဒရားဆရာတစ်ယောက်ကို ယူလိုက်လို့ မင်းတို့မှာ ဂုဏ်သိက္ခာပျက်မယ်၊ အရှက်တော်လည်းရမယ်၊ ဒါကို မင်းတို့ ကြောက်နေရတယ် မဟုတ်လား၊ ဒါဟာ မင်းတို့ရဲ့ စေတနာပေါ့၊ တော်တော် သန့်ရှင်းတဲ့ စေတနာပဲ၊ တော်ပြီ မွန်၊ မင်း ဆက်မပြောရင် ကောင်းမယ်၊ လူတွေဟာ သူများအတွက်ချည်းပဲ အမြဲတမ်းအသက်ရှင်ပြီး မနေနိုင်ဘူးဟေ့၊ အမြဲတမ်း သူများနှာခေါင်းပေါက်နဲ့ အသက်မရှူနိုင်ဘူး၊ မင်းတို့ဉာဏ် ပညာ ကြီးမြင့်သလောက် မကြီးမြင့်ပေမယ့် ကိုယ်ရေးကြုံရင် သက်လုံကောင်းကြတာချည်းပဲ၊ ကိုယ့်ဘဝအတွက် စဉ်းစားကြတာချည်းပဲ၊ မင်းဘဝကို မင်းကြိုက်သလိုဆုံးဖြတ်သလိုပဲ၊ မ ဘဝလည်း မ ကြိုက်သလို ဆုံးဖြတ်မှာပဲ၊ မင်း ဘာမှ ဝင်ပြောစရာမလိုဘူး'

မ ပြောလိုက်သော အသံမှာ ခါတိုင်းလို မဟုတ်ပေ။ ခက်ထန်မာကျောလှသည်။ အသံသာမာကျောခြင်း မဟုတ်၊ မ မျက်နှာမှာလည်း တင်းမာလှသည်။

http://www.cherrythitsar.org



မခံရပ်နိုင်လွန်း၍လည်း ရင်ထဲ၌ရှိသမျှ ပေါက်ကွဲထွက်လာဟန် ရှိလေသည်။

သမီးနှစ်ယောက်၏ အဖြစ်ကိုကြည့်ရင်း ဦးကျော်ဒင်မှာမနေသာ တော့ပေ။

'ကဲ·· သမီး အသာနေ၊ ဖေဖေပြောပါ့မယ်၊ ငါ့သမီးကို ဖေဖေ နားလည်အောင် ရှင်းပြမယ်'

မွန်သည် မ ့ကိုမကျေမနပ်ဖြင့် တစ်ချက်မျှကြည့်ရင်းအခန်းတွင်း မှ ထွက်၍ သွားတော့သည်။

ဦးကျော်ဒင်သည် အပေါက်ဝကို ငေး၍ကြည့်နေရင်း ပြောမည့် စကားကို စဉ်းစားနေမိသည်။

အမှန်တော့လည်း ဦးကျော်ဒင်ကိုယ်တိုင်လည်း ပြောမည့်စကား ကို ရုတ်တရက် မထွက်နိုင်အောင် ရှိတော့သည်။ မ ့ကမူ ဦးကျော်ဒင် ပြောမည့် စကားကို ရင်တဖိုဖိုဖြင့် စောင့်စားနေမိသည်။ အခန်း တစ်ခုလုံးကား ဆိတ်ငြိမ်၍ လာတော့သည်။ တစ်ချက်တစ်ချက် မ ့၏ ရှိုက်သံကလေးကို ကြားရသည်။ ဦးကျော်ဒင်၏ သက်ပြင်းချသံကို ကြားရသည်။

ဦးကျော်ဒင်သည် ဆေးပြင်းလိပ်ကို မီးညှိ၍ဖွာလိုက်သည်။ ပြီးမှ မ ့ရှေ့တွင် လက်ကို နောက်ပစ်ကာ ခေါက်တုံ့ ခေါက်ပြန် လျှောက် နေရင်း အကြံအိုက် နေပုံရသည်။ အတန်ကြာမှ ခုတင်ပေါ်သို့ လက် ထောက် ထိုင်ချပြီးလျှင် မ ့ခေါင်းမှ ဆံပင်နုကလေးကို သပ်၍ပေး လိုက်သည်။

မ ့က ကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့ကလေးထိုင်နေရာမှ ဦးကျော် ဒင်ကိုသာ မျက်စိသူငယ်ဖြင့် ကြည့်နေမိရှာသည်။

'သမီး ဘယ်လောက်စိတ်ပင်ပန်း ဆင်းရဲနေတယ်ဆိုတာ ဖေဖေ နားလည်ပါတယ်၊ သမီးစိတ်ဆင်းရဲသလို ဖေဖေတို့လည်း စိတ်ဆင်းရဲရ တာပါပဲ၊ သစ်ပင်ခြောက် တစ်ပင်အတွင်းမှာရှိတဲ့ မီးဟာ တောကြီးတစ် တောလုံးကို လောင်ကျွမ်းစေသလိုပဲ သမီး ရင်ထဲမှာ တောက်လောင်တဲ့

http://www.cherrythitsar.org



မီးဟာလည်း ဖေဖေတို့ တစ်အိမ်လုံးကို ကူးဆက် လောင်ကျွမ်းစေတာပဲ၊ ဒီတော့ ဒီကိစ္စမှာ အားလုံး စိတ်ချမ်းသာအောင် စဉ်းစားဖို့ လိုမယ်'

မ,သည် ဦးကျော်ဒင်ပြောသမျှကို ခေါင်းငုံ့ နားထောင်နေမိသည်။ ဦးကျော်ဒင်သည် အရာရာ၌မျှမျှတတ ဆုံးဖြတ်လိမ့်မည်ကိုလည်း မ,က ယုံကြည်ထားသည်။

အမှန်တော့ မ,သည် တစ်အိမ်လုံးနှင့် ရင်ဆိုင်နေသူ ဖြစ်သည်။ တစ်အူတုံဆင်း ညီအစ်မရင်းပင် ဖြစ်စေကာမူ စိတ်နေစိတ်ထားမှအစ ကွဲပြားနေတော့လည်း နေရာတကာ၌ပင် မ,က တစ်ယောက်တည်းသာ ဖြစ်နေတော့သည်။

ထို့ကြောင့်လည်း မ,သည် ဟသ်ာတို့အလယ်တွင် ရောက်နေရရှာသော တောကျီးကန်းကဲ့သို့ အရာရာ မျက်နှာငယ်ခဲ့ရသည်။ အများပြောသမျှ ငုံ့၍ခံခဲ့ရသည်။ ဦးကျော်ဒင်တစ်ယောက်သာ မ,ကို နားလည်သည်ဟု ထင်မိသည်။

ထို့ကြောင့်လည်း မ,သည် တစ်အိမ်သားလုံးထဲမှ ဦးကျော်ဒင်ကိုသာ ချစ်သည်။ အားကိုးသည်။ ဦးကျော်ဒင်သည် မ,ဘက်မှ အမြဲတမ်း ကာကွယ်တတ်သည်။

ယခုလည်း မ,သည် တစ်ယောက်နှင့်အများမို့ မလွန်ဆန်နိုင်အောင် ရှိနေစဉ် ဦးကျော်ဒင်က ဝင်လာသောအခါ တအားတက်မိသည်။ မ,အတွက် ဦးကျော်ဒင်ကလွဲ၍ အားကိုးစရာ မရှိတော့ချေ။

'သမီးကို ဖေဖေ ဘယ်လိုဆုံးဖြတ်ပါလို့ မတိုက်တွန်းချင်ဘူး၊ သမီးတွေထဲမှာဖြင့် ငါ့သမီးဟာ ဖေဖေ့ရဲ့ စိတ်ချမ်းသာမှုကို အပေးနိုင်ဆုံး သမီးပဲဆိုတာ ယုံကြည်တယ်၊ ဒါပေမယ့် ဒီကိစ္စမှာတော့ ဖေဖေကိုယ်တိုင် မစဉ်းစားတတ်အောင် ရှိနေတယ်၊ သမီးဘက်က ဖေဖေရပ်ချင်ပေမယ့် ရပ်ဖို့က မလွယ်ဘူး၊ ဒါပေမယ့် ကိုယ့် သမီးကလေးညှိုးငယ်မှာ ဆင်းရဲပင်ပန်းမှာကိုတော့ စိုးရိမ်တယ်၊ ဆင်းရဲဒုက္ခဆိုတာလည်းအမျိုးမျိုးပဲ၊ ချစ်သူနဲ့ကွေကွင်းခြင်းဟာလည်း ဆင်းရဲဒုက္ခလို့ဆိုနိုင်တာပဲ၊ ချစ်တဲ့လူနဲ့ အတူနေရပေမယ့် မပြည့်စုံမှု မလုံလောက်မှုကြောင့် အိမ်ထောင်မှုကိစ္စမှာ သားသမီးတွေတိုင်အောင် ညှိုးငယ်နွမ်းပါးခြင်းဟာလည်း ဆင်းရဲဒုက္ခတစ်ခုပဲ၊ ဒါကို ဖေဖေ စဉ်းစားတာဟာ တခြား

http://www.cherrythitsar.org



ကြောင့်မဟုတ်ဘူး၊ သမီးအတွက် နောင်ရေးကိုတွေးပြီး တွေ့ရမယ့် ဒုက္ခတွေကို မြင်နေလို့ပဲ၊ အဲဒီအခါကျမှတော့ သမီးကို ဖေဖေတို့ မကယ်နိုင်ဘူး၊ ဖေဖေက ကယ်ချင်တယ်ထားဦး၊ သမီး မေမေရဲ့ စိတ်ထားကို ငါ့သမီး သိသားပဲ၊ ဒါတွေကို တွေးမိတော့ ဖေဖေရင်ထဲမှာ မထွေးနိုင် မအန်နိုင် ဖြစ်ရတယ်'

ဦးကျော်ဒင်သည် ပြောရင်း အသံတုန်လာသည်။ မကိုယ်တိုင်ပင် ဦးကျော်ဒင်ပြောသော စကားများကို နားထောင်ရင်း အလိုလို ဝမ်းနည်းလာမိသည်။ ဖခင်၏ စိတ်ဆင်းရဲမှုကို တွေ့ရပြန်တော့လည်း ရင်နာမိသည်။

ကိုယ့်အတွက် ဖခင်ကြီးစိတ်ပင်ပန်းရသည့် အဖြစ်ကိုမူ မ,သည် မကြည့်ရက် မမြင်ရက်နိုင်အောင် ရှိတော့သည်။

မ,သည် ဦးကျော်ဒင်၏ ဒူးနှင့်မျက်နှာကိုအပ်ကာ ရှိုက်ငိုလိုက်မိသည်။

'သမီးကို ဘယ်လိုဖြစ်စေချင်တယ်ဆိုတာ ပြောပါဖေဖေ၊ ဖေဖေ ဒီလိုပြောတာ သမီးရင်ထဲမှာ ပိုပြီး ထိခိုက်တယ်၊ သမီးဟာ ဖေဖေတို့ စိတ်ဆင်းရဲအောင် တစ်သက်လုံး မလုပ်နိုင်ခဲ့ပါဘူး၊ ဖေဖေ အသိဆုံးပါ၊ ဒါပေမယ့် ခုကိစ္စမှာတော့ သမီး မိုက်တယ်ပဲဆိုဆို သမီး မတတ်နိုင်ဘူး ဖေဖေ၊ ဒီလို ကိစ္စမျိုးကို တစ်ယောက်ကနှစ်ယောက် မျက်နှာမပြောင်းချင်ဘူး ဖေဖေ၊ ထားပြီးသား သစ္စာကတိကို သမီးဘယ်တော့မှမဖျက်ချင်ဘူး'

'ဖေဖေ နားလည်ပါတယ်၊ သမီးရဲ့စိတ်ဓာတ်ကို ဖေဖေနားလည်ပါတယ်၊ ဒါပေမယ့် လောကနီတိ အလိုအတိုင်းတော့ အမျိုးအနွယ်ကိုစောင့်ရှောက်ခြင်း အကျိုးငှာ တစ်ယောက်ကိုစွန့်ရတယ် လူအများကို စောင့်ရှောက်ခြင်း အကျိုးငှာ အမျိုးအနွယ်ကို စွန့်ရတယ်ဆိုတဲ့ စကားလိုပဲ၊ ခုကိစ္စက အမျိုးအနွယ်ကို စောင့်ရှောက်ရမယ့် အဖြစ်မျိုး ရောက်နေပြီ၊ ဒီလိုပြောလို့ မောင်ဘခက်ကို ဖေဖေ ချိုးနှိမ်ပြီး ပြောတာ မဟုတ်ဘူးနော်၊ မောင်ဘခက်ရဲ့ ပညာသမာဓိ အကျင့်သိက္ခာကို ဖေဖေ ယုံကြည်ပါတယ်၊ ဒါပေမယ့် ယောကျ်ားတို့ရဲ့ ဥစ္စာဆိုတာ ပညာတစ်ခုတည်းလို့ ခုခေတ်က တွက်ကြတာမဟုတ်ဘူး၊ ဂုဏ်၊ ဘွဲ့

http://www.cherrythitsar.org



ပစ္စည်းဥစ္စာဆိုတဲ့ဟာတွေပါ ထည့်ပြီး တွက်ထားကြတော့ သမီးရဲ့ ပတ်ဝန်းကျင်က သမီးကို မောင်ဘခက်လိုလူမျိုးနဲ့ ဘယ်နည်းနဲ့မှ ခွင့်ပြုကြမှာမဟုတ်ဘူး၊ တရားဆိုတာမှန်တိုင်းလည်း လက်ခံကြတာမဟုတ်ဘူး၊ အများက သက်ဝင်ယုံကြည်မှ ဖြစ်တာကိုး…။

'ကိုယ်က မှန်ပေမယ့် အများနဲ့ မလွန်ဆန်နိုင်တဲ့အခါ လျှော့ပေးရတာပဲ၊ သမီးကို ဒီလိုပြောလို့ စိတ်မညစ်နဲ့နော်၊ အမှန်တော့… ဒီစကားမျိုးကို ထွက်ရတာကိုပဲ ဖေဖေ စိတ်ထဲမှာ ဘယ်လောက်ထိခိုက်တယ်ဆိုတာ သမီးသိမှာ မဟုတ်ဘူး၊ သမီး စိတ်ဆင်းရဲမယ့် စကားပြောရတာ ဖေဖေကိုယ်တိုင်လည်း စိတ်ဆင်းရဲရတာပဲ…။

'ဒါပေမယ့် ခုကိစ္စကို အဟပ်ချင်းက ကွာလွန်းတယ် သမီးရယ် အများကြီး စဉ်းစားစေချင်တယ်၊ သမီးဘက်က ဖေဖေ ရပ်ချင်တယ် ထားဦးတော့ ဒီကိစ္စမျိုးမှာ ရပ်ရတာ မလွယ်ဘူး၊ ဒီတော့ ဖေဖေ့အနေနဲ့ ဘာမှ အဆုံးအဖြတ်မပေးချင်ဘူး၊ ပေးလည်းမပေးရက်ဘူး၊ နောက်ဆုံးဆုံးဖြတ်ပြီးတဲ့နောက် ဖေဖေ သမီးကို မကူညီနိုင်တောင် အပြစ်မယူပါဘူး၊ သမီးကို ဖေဖေ ခွင့်လွှတ်မှာပဲ၊ မှားတဲ့ဘက်လိုက်သည့်တိုင်အောင် ငါ့သမီးဟာတစ်သက်နဲ့တစ်ကိုယ် ဒီတစ်ကြိမ်သာမှားခြင်း ဖြစ်တဲ့အတွက် သမီးကို ဖေဖေ ခွင့်လွှတ်မှာပဲ၊ ငါ့သမီး စိတ်ချမ်းသာမှုအတွက် ဖေဖေ ဘုရားမှာ အမြဲအာရုံပြုနေမှာပဲ၊ ခေါင်းအေးအေး ထားပြီးတော့သာ စဉ်းစားပေတော့'

ဦးကျော်ဒင်သည် နေရာမှ ထလိုက်သည်။ ပြီးတော့လည်း အခန်းတွင်းမှတစ်လှမ်းချင်း ခေါင်းငိုက်စိုက်ဖြင့် ထွက်၍သွားလေသည်။ မသည် အတန်ကြာအောင်ပင် စိတ်ရှိလက်ရှိ ငို၍ပစ်လိုက်သည်။

ဆုံးဖြတ်ရမည့်ပြဿနာကို တော်တော်နှင့် မစဉ်းစားနိုင်။ စဉ်းစား၍လည်း မရ။

ခေါင်းထဲ၌ ဝေ၍သာနေသည်။ ပြဿနာကို တွေးလိုက်တိုင်း အကောင်အထည်ကို ရှာ၍မရ။

မီးလောင်ပြင်ကိုကြည့်ရသလို ဦးနှောက်က အလိုလိုခြောက်ခန်းရီဝေ၍လာသည်။

http://www.cherrythitsar.org



ကင်းကင်းလွတ်လွတ် ဆုံးဖြတ်၍မရ။ တစ်ခုခုကို ဆုံးဖြတ်မည်ကြံလျှင် ထောက်ထားစရာများက တွယ်ကပ်၍လာသည်။

တစ်ဖက်ကိုဆုံးဖြတ်မည်ကြံလျှင် တစ်ဖက်မှမျက်နှာကို မြင်လာသည်။ အမှန်တော့ ခုအချိန်တွင် မ,အတွက် ဖွတ်မိုတ်၍ ဆုံးဖြတ်ရတော့မည်။ တစ်ခုကို ဆုံးဖြတ်လျှင် တခြား ဘာမျှ စဉ်းစားနေစရာမလို။

ဆုံးဖြတ်ပြီးသည့်အတိုင်းသာ ပြတ်ပြတ်သားသားလုပ်ရန်ရှိတော့သည်။

အမြင့်မှအနိမ့်သို့ ခုန်ဆင်းသည့်အခါတွင် အောက်သို့ကြည့်လိုက်ပြန်တော့လည်း အသင့်ဆီးပွေ့မည့်သူကို မြင်ရသည်။ အပေါ်၌လည်း ဆွဲမည့်သူက ရှိနေသည်။

ဆွဲမည့်သူနောက်သို့ ပါသွားလျှင်လည်း အောက်မှ စောင့်မျှော်နေသူကို မျက်နှာလွှဲရပေလိမ့်မည်။

စောင့်မျှော်နေသူထံသို့ အတင်းဆင်းမည်ဟု ဆုံးဖြတ်လျှင်လည်း ဆွဲမည့်သူ၏ လက်မှ ရုန်းထွက်ရပေလိမ့်မည်။

ဤနှစ်ခုကိုချိန်ထိုးလိုက်တိုင်း မ,သည်ရင်လေးမိသည်။ စိတ်ရှုပ်မိသည်။

မ,သည် စာရေးစားပွဲဆီသို့အသာ လျှောက်ခဲ့သည်။ ရင်တွင်း၌ မျိုသိပ်၍ထားသမျှ အန်ထုတ်ရန် ကြိုးစားမိသည်။

အမှန်ဆိုတော့လည်း ရင်ဝယ်မဆံ့ ခံစားနေရသည်တို့ကို ထုတ်၍ ပွင့်အန်ရမည်ဟု ဆိုရပြန်တော့လည်း ကိုဘခက်မှလွဲ၍ တခြား မည်သူမျှ မရှိချေ။

ထို့ကြောင့်လည်း မ,သည် ခံစားနေရသည့်ဒုက္ခကို ကိုဘခက်ထံသို့ ပေးပို့မည့် စက္ကူလွတ်ပေါ်တွင် အန်ထုတ်လိုက်ရတော့သည်။

မ,ရဲ့မောင် . . .

မ, ကြာကြာရပ်နိုင်မယ် မဟုတ်တော့ဘူး . . . မောင်ရေ။

ဒဏ္ဍာရီ ပုံပြင်ကလေးတွေအတိုင်း မောင်နဲ့မရဲ့ဇာတ်လမ်းဟာ တကယ်ဖြစ်လာလိမ့်မယ်လို့လည်း မ,မယုံရဲဘူး။ မမျှော်လင့်ရဲတော့ပါဘူး ရှင်။

http://www.cherrythitsar.org



မောင်ပြောတဲ့အတိုင်းပါပဲ။ ဒဏ္ဍာရီ ပုံပြင်လေးတွေ ဆိုတာ အသည်းနုတဲ့လူတွေ၊ စိတ်ကူးယဉ်တဲ့လူတွေသာ ဖြစ်နိုင်တယ်ဆိုတာ တကယ်ပဲ ဖြစ်နေမလားလို့ မ,တော့ တွေးရင်းကြောက်လာပြီ။

စိတ်ဆိုတာလည်း ငှက်မွေးကလေးလို ပေါ့ပါးရင်တော့ အကောင်းသားပဲနော်၊ လွတ်လွတ်ကင်းကင်း လွင့်ချင်ရာလွင့်နိုင်တာပေါ့။

ခုတော့ ပင့်ကူအိမ်တွယ်သလို တွယ်ငြိစရာတွေက အများကြီးမဟုတ်လား မောင်။ တစ်နေရာကလွတ်ပေမယ့် တစ်နေရာမှာလာပြီး တွယ်ငြိနေတတ်တယ်။

ဖွတ်ရုန်းမှ လွတ်မယ်ဆိုတာ မ,သိပါတယ် မောင်။ ဒါပေမယ့် ပြတ်ထွက်သွားအောင် ရုန်းဖို့ မ,မှာ အားမရှိဘူး မောင်။ မ,တစ်ခါပြောဖူးတယ် မဟုတ်လား။ မ,အနားမှာ မောင်ရှိနေသရွေ့ မ,သတ္တိဟာ နည်းနည်းမှ မလျော့နိုင်သေးဘူးဆိုတာ။ ခု မောင်လည်း မ,အနားမှာမရှိတဲ့နောက် မ,သတ္တိဟာ တဖြည်းဖြည်း လျော့လျော့လာပြီ။

မ,အိမ်နဲ့ ပတ်သက်ပြီး မ,ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ မောင် အသိဆုံးပါနော်။ အထူးသဖြင့် ဒီအဖေကြီးအပေါ်မှာ မ,သံယောဇဉ်ဟာ ပိုပြီး ကြီးမား ဖွံ့နှောင်ခဲ့တယ်။ ဒီလိုရေးလို့ မောင် စိတ်မငယ်ပါနဲ့နော်။

တကယ်တမ်း စဉ်းစားကြည့်ရင် တစ်ယောက်နဲ့အများအားချင်းပြိုင်ဆွဲရာမှာ မ,ဟာ ခုထိ မောင့်ဘက်မှာ မဲတင်းနေပါတယ်။

တစ်ဖက်ကကြည့်မယ်ဆိုရင် လူဖြစ်လာကတည်းက တွယ်တာလာခဲ့ရတဲ့ သံယောဇဉ်က ဘယ်လောက်တောင် ကြီးမားလာရသလဲ။

ဒီ ကြီးမားတဲ့အားကို မောင် တစ်ယောက်နဲ့အပြိုင်ဆွဲရာမှာတောင် မ,ဟာ မောင့်ဘက်မှာ မဲတင်းနေတယ် ဆိုတော့

http://www.cherrythitsar.org



မ ့ရဲ့မေတ္တာအလေးဟာ မောင့်ဘက်မှာစီးနေတယ်ဆိုတာ ထင်ရှားပါတယ်။

ဒါပေမယ့် မ ့အားလျော့နေတာတော့ အမှန်ပဲ မောင်။ မောင်နဲ့ မ တွေချင်ပါတယ်။ မောင့်မျက်နှာကိုမြင်လိုက်ရရင် မ ့မှာ အားသစ်လောင်းသလိုပါပဲ။

တွေ့ချင်ပေမယ့် တွေ့ဖို့ကမလွယ်ဘူး မောင်။ အိမ်က မ ကို ဘယ်မှ ထွက်ခွင့်မပေးဘူး။ မ ့ထွက်လာရင် အိမ်ကိုမပြန်တော့ဘဲ တစ်ခါတည်း ထွက်လာမှာပဲ မောင်။

ဒီလို ရုန်းထွက်လာဖို့ မ ့မှာ သတ္တိမရှိဘူးဆိုရင်တော့ မ ့ကို တစ်ခါတည်းသာ မုန်းလိုက်ပါတော့ မောင်။ အဲဒီဘဝမျိုး ရောက်ရတဲ့အချိန်မှာဆိုရင် မ ့ဟာ မျက်ရည်အိုင်ထွန်းပြီး နစ်နေမလား၊ သွေးချောင်းထဲမှာ မျောနေမလားဆိုတာ မောင် သာစောင့်ကြည့်နေပါတော့။ မ ့ရဲ့ မေတ္တာကို သွေး (သို့မဟုတ်) မျက်ရည်နဲ့သာ သက်သေတည်ပါစေလို့သာ နောက်ဆုံးပြောပါရစေမောင် . . .။

မောင့်ရဲ့ . . . မ

မ မျက်ရည်များသည် စာရွက်ပေါ်သို့ တစ်ပေါက်ချင်းကျ၍လာသည်။

သည်ခါတွင် ဝိုင်းစက်သော စာလုံးကလေးများသည် မျက်ရည်ပေါက်ထဲတွင် ပြန့်၍သွားသည်။ မသည် မင်နှိပ်စက္ကူဖြင့် စာရွက်ကိုဖိလိုက်သည်။

ပြီးမှ စာရွက်ကိုခပ်ဖွဖွ ကိုင်မြှောက်လိုက်ပြီးလျှင် လေဖြင့်အသာမှုတ်လိုက်သည်။

မောင်အေးဝင်လာသောအခါ မ ့သည် စာရွက်ကိုသပ်သပ်ရပ်ရပ် ခေါက်၍စာအိတ်ထဲသို့ ထည့်ပိတ်လိုက်သည်။ မ ့သည်စာအိတ်ကို မောင်အေး လက်ထဲသို့ လှမ်းပေးလိုက်သည်။

'မောင်အေးရေ . . . မင်း ကနေ့ အပြင်ထွက်ရင် ဒီစာကိုဆရာ့ဆီ အရောက်ပို့ပေးစမ်းပါကွယ်'

http://www.cherrythitsar.org



'ဟုတ်ကဲ့ မမ၊ စိတ်ချပါ၊ တော်တော်ကြာရင် ကျွန်တော် အပြင်ထွက်သွားမှာပါ၊ ဆရာ့ဆီကို တစ်ခါတည်း ဝင်ခဲ့ပါ့မယ်'

မောင်အေးထွက်သွားမှ မသည် သက်ပြင်းကိုချလိုက်ရင်းအိပ်ရာပေါ်သို့ ပစ်လှဲချလိုက်မိသည်။

ရင်တွင်း၌ လောင်ကျွမ်းနေသော မီးလျှံသည် မ ့ခေါင်းထဲသို့ လွန့်၍… လွန့်၍ တက်လာသည်။

သည်အခါတွင် မ ့ဦးနှောက်တစ်ခုလုံးသည် မီးခိုးငွေ့များဖြင့် ပိတ်ဖုံးလျက် ရှိလေတော့သတည်း။

●

(၁၉)

ဘလှသန်းထွန်းကို တွေ့သောအခါ မော်သည် တအားဖက်၍ငို လိုက်သည်။

ဘလှသန်းထွန်းကမူ မော်၏ပခုံးကလေးကို ခပ်ကြမ်းကြမ်းဆွဲ၍ နောက်သို့ တွန်းပစ်လိုက်ပြီးလျှင် မှုန်သိုးသိုးဖြင့် စိုက်၍ ကြည့်နေလိုက်သည်။

မော်သည် ဘလှသန်းထွန်းကိုသာ တောင်းပန် တိုးလျှိုးသော မျက်နှာကလေးဖြင့် ကြည့်နေရင်း မျက်ရည်များ အဆက်မပြတ်ကျလာတော့သည်။

'ကဲ‥ကိုယ့်ကို တွေ့ချင်တဲ့အကြောင်းလည်း ပြောစမ်းပါဦးမော်'

ဘလှသန်းထွန်း၏ အသံမှာ မာကျောလှသည်။ ကိုယ်ကအသနား ခံရမည့်ဘဝရောက်နေသည့်အခါ အားကိုးရမည့်သူကို ရှာခဲ့သည်။ အားကိုးရမည့်သူကို တွေ့သည့်အခါ၌လည်း အားကိုးရမည့်သူ၏ မျက်နှာမှာ တင်းမာလှသည်။

http://www.cherrythitsar.org



အသံက မာကျောလှသည်။ ဆက်ဆံပုံက ခက်ထန်လှသည်။ ထို့ကြောင့်လည်း မော်မှာ ပြောရမည့်စကားကို မထွက်ရဲအောင် ရှိတော့သည်။

ပြော၍ အကြောင်းထူးမည်မဟုတ်လျှင် ပို၍သာ နာကြည်းဖို့ကောင်းတော့မည်။

သို့သော် မော်အတွက်ကား ဘလှသန်းထွန်းကလွဲ၍ အားကိုးရမည့်သူ မရှိ။ ပြောစရာလူ မရှိ။ ကိုခင်မောင်ကြည်ဆိုသူမှာလည်း မျက်နှာချင်းဆိုင်ပင် မခံတော့ချေ။

မော်သည် ခြောက်ကပ်နေသော နှုတ်ခမ်းကလေးကို လျှာဖြင့်ပွတ်လိုက်ရင်း တုန်ယင်သောအသံဖြင့် ပြောလိုက်မိသည်။

'ဒီတစ်ခါတော့ ဂျော်နီကို မော် အားကိုးပါရစေ၊ မော့်ကိုကယ်ပါတော့ ဂျော်နီရယ်၊ ဂျော်နီကလွဲလို့ မော့်မှာ ကယ်မယ့်သူမရှိတော့ဘူး··· သိလား'

ဘလှသန်းထွန်းသည် မော်၏ပခုံးကလေးကို တစ်ချက်မျှဆောင့်၍ ဆွဲလိုက်ရင်း နားမလည်ဟန်ဖြင့် မေးလိုက်သည်။

'နေစမ်းပါဦး၊ ကိုယ်က ဘယ်လိုကယ်ရမှာလဲ၊ မော့်မှာဘယ်လိုဒုက္ခများရောက်နေလို့လဲ'

မော်သည် သူ၏ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းကလေးကိုအတင်းစေ့ထားလိုက်ရင်း အားယူ၍ ပြောလိုက်ရှာသည်။

'ဂျော်နီ လက်ခံမယ်ဆိုရင် မော် အိမ်မပြန်ပါရစေနဲ့တော့၊ ဂျော်နီနဲ့အတူနေပါရစေ၊ မော့်ကို လက်ခံပါနော်'

ဘလှသန်းထွန်းသည် သံကြောင်ကလေးဖြင့်ရယ်လိုက်ရင်း မော့်မျက်နှာကို ဆွဲ၍မော့လိုက်သည်။

'သြော်·· ဒီလိုလား၊ ဒါဖြင့် အမေရိကန်ပြန်ကြီးဆီရော ဘာလို့မသွားသလဲ၊ ဟိုက လက်မခံလို့ မဟုတ်လား'

ဘလှသန်းထွန်း၏စကားသည် မိုးကြိုးသွားကဲ့သို့ မော့်အတွက်မျှော်လင့်အားထားချက် တစ်ခုလုံးကို အစိတ်စိတ် အမြွာမြွာ ကွဲအက်ကြေပျက်စေတော့သည်။

http://www.cherrythitsar.org



'ဒီလို မပြောနဲ့ ဂျော်နီရာ၊ ကိုကိုကြည်နဲ့ မော်က ရိုးရိုးခင်တာပါ၊ မော့်ကို အထင်မလွဲပါနဲ့ ဂျော်နီရယ်'

ဘလှသန်းထွန်းသည် ဟားတိုက်၍ ရယ်လိုက်ပြန်သည်။ တစ်ယောက်က ငိုရမည့်အရေးနှင့် ကြုံနေသော်လည်း တစ်ယောက်ကမူ ရယ်စရာတစ်ခုလို သဘောထားနေသည်မှာလည်း အမှန်တော့ အံ့သြစရာကောင်းတော့သည်။

မော်သည် တွယ်ရာမဲ့သူကဲ့သို့ ဘလှသန်းထွန်းကိုသာ တအားဖက်တွယ်ထားမိလေသည်။

ဘလှသန်းထွန်းက မော့်လက်များကို အတင်း ပုတ်ချလိုက်သည်။

မော်က ဘလှသန်းထွန်းကို မျက်နှာငယ်ကလေးဖြင့် စိုက်ကြည့်နေရင်းမှ ဝမ်းနည်းပက်လက် တောင်းပန်လိုက်သည်။

'တစ်ခါတုန်းက ဂျော်နီပြောခဲ့တဲ့စကားတွေ မေ့ပြီလား၊ ဒီနှစ်အောင်ရင် လက်ထပ်မယ်ဆို၊ မော့်အတွက်ကြောင့် ဂျော်နီ ပညာရေးကို မထိခိုက်စေရပါဘူး ဂျော်နီ'

'ဟိုတုန်းက ပြောခဲ့တာက ဟိုတုန်းကအခြေအနေ၊ ခုတစ်မျိုးဖြစ်နေပြီ၊ အပြောင်းအလဲဆိုတာ ရှိတာပဲ၊ ကိုယ့်စိတ်ကို ဒီလိုပြောင်းလဲအောင် လုပ်တာလည်း မင်းပဲမော်'

ဂျော်နီက အင်္ဂလိပ်လို ခပ်တင်းတင်းပြန်၍ ပြောလိုက်သည်။ မော့်မျက်နှာလေး တစ်ခုလုံးကား နီမြန်း၍လာတော့သည်။ မော်သည် နှုတ်ခမ်းကို ကိုက်ထားရာမှ ဂျော်နီကို အင်္ဂလိပ်လိုပင် ပြန်၍ပြောလိုက်သည်။

'ကိုယ့်ကိုယူဖို့ မင်းမှာ တာဝန်ရှိတယ်၊ ကိုယ့်အရှက်ကို ကာကွယ်ဖို့ မင်းတစ်ယောက်ပဲ ရှိတယ်၊ မင်း ကိုယ့်ကို သစ္စာမဖောက်ပါနဲ့'

ဘလှသန်းထွန်းသည် မော့်စကားကို နားထောင်ရင်း မခိုးမခန့်ဖြင့် ရယ်လိုက်ပြန်သည်။

ပြီးမှ မျက်နှာထား ခပ်တင်းတင်းဖြင့် တစ်လုံးချင်း ပြန်မေးလိုက်သည်။

http://www.cherrythitsar.org



'မင်းအရှက်ကို ကာကွယ်ဖို့ ကိုယ်တစ်ယောက်တည်းပဲရှိသလား ဟင်၊ ကိုယ့်အပြင် ဘယ်သူမှ မရှိတော့ဘူးလား၊ သေသေချာချာလည်း စဉ်းစားပါဦး၊ မစ္စတာရှားမားကရော မကာကွယ်နိုင်ဘူးလား၊ မိုက်ကယ် ဘအေးတို့, ကိုညွန့်တင်တို့ရော ဘယ်သွားထားမလဲ၊ မင်းနဲ့အမြဲတွဲနေတဲ့ ဦးခင်မောင်ကြည်ကရော မင်းကို အကာပ်မခံတော့ဘူးတဲ့လား၊ ဦးခင် မောင်ကြည်က မင်းအစ်မနဲ့ လက်ထပ်တော့မှာမို့ မင်း ငါ့ဆီ ပြေးလာ တာ မဟုတ်လား'

'မင်း ငါ့ကို အရမ်းမစွပ်စွဲနဲ့၊ မင်းဟာ ယောကျ်ား မဟုတ်ဘူး၊ သစ္စာမရှိဘူး၊ မိန်းကလေးတွေကို ဖျက်ဆီးနေတဲ့ လူယုတ်မာ၊ မင်း လူယုတ်မာ'

မော်၏ စကားမဆုံးခင် ဘလှသန်းထွန်းသည် အမေရိကန် ဇာတ်လိုက်များကဲ့သို့ မော်၏ ပါးပြင်ကို လက်ပြန်လွှဲ၍ တအားရိုက် လိုက်သည်။

မော်သည် ဘလှသန်းထွန်းခြေရင်းတွင် ပုံလျက်သားလဲကျသွား တော့သည်။

'မင်း တစ်ခုနားလည်ထားပါ မော်၊ ငါဟာ ယုတ်မာချင်ယုတ် မာမယ်၊ မိန်းကလေးတွေကို ဖျက်ဆီးချင် ဖျက်ဆီးမယ်၊ ဒါပေမယ့် မင်း အရှက်ကိုတော့ ငါ မကာကွယ်နိုင်ဘူး၊ မကာကွယ်နိုင်တဲ့အကြောင်း ကတော့ ငါဟာ အရူးမဟုတ်ဘူး မော်၊ ငါ နွားမဟုတ်ဘူး၊ နားလည် လား'

ဘလှသန်းထွန်းသည် ပြောပြောဆိုဆိုပင် မော့်လက်တွင်းမှ ခြေထောက်ကို ရုန်းထွက်၍ ဆင်းသွားတော့သည်။

မော်သည် ကြမ်းပြင်တွင်မျက်နှာအပ်ကာ ဖားကလေးကဲ့သို့ ရင်ကွဲ မတတ်အော်၍ ငိုလိုက်မိတော့သည်။

ဂရေစီက မော်ကို အသာတွဲထူလိုက်သည်။

သည်တော့မှလည်း မော်သည် ဂရေစီကိုဖက်၍ တိုင်တန်းငိုကြွေး လိုက်ပြန်သည်။

http://www.cherrythitsar.org



'ကိုယ့်မှာ သွားစရာလမ်းမရှိတော့ဘူး ဂရေစီ၊ ကိုယ့်ဘဝမှာ လမ်းဆုံးနေပြီ'

ဂရေစီက မော်ကို တွဲယူ၍ အခန်းတွင်းသို့ ခေါ်သွားလေသည်။

မော်၏ ရှိုက်သံသည် ဂရေစီတို့ အခန်းတွင်းမှ အဆက်မပြတ် ကြားရတော့သည်။

အမှန်တော့ မော့်အတွက် သွားစရာလမ်းကား မှောင်မိုက်နက်ရှိုင်းသော ချောက်ကမ်းပါးထဲသို့ ခုန်ဆင်းရန်အပြင် တခြားမရှိတော့ချေ။

●

## (၂၀)

မွန်သည် မ,တစ်ကိုယ်လုံးကို လိုလေသေးမရှိအောင် ပြင်၍ပေးလိုက်သည်။

မ,ကမူ မွန်လုပ်ပေးသမျှကို အရုပ်ကဲ့သို့ ငြိမ်၍ခံနေရှာသည်။ မွန်သည် မ,ကို မှန်နှစ်ချပ် အလယ်၌ ထိုင်စေ၍ ရှေ့နောက် အရိပ်တကြည့်ကြည့်ဖြင့် လိုသည့်နေရာကို ထပ်၍ ပြင်ပေးနေတော့သည်။

မ,သည် မှန်ထဲတွင် ကိုယ့်မျက်နှာကိုကြည့်ရင်း ငိုချင်၍လာသည်။ မျက်ရည်များ တလိမ့်လိမ့် စီးကျလာလေသည်။

'ဘာလို့ ငိုတာလဲကွယ်၊ ပေါင်ဒါတွေ ပျက်ကုန်ပြီ'

မွန်သည် မ,မျက်ရည်များကို သုတ်ပေးလိုက်ပြီးလျှင် မျက်ရည်စင်းထင်သော နေရာပေါ်သို့ ပေါင်ဒါထပ်ဖို့ပေးလိုက်သည်။

မည်သို့ပင် ဖို့ပေးစေကာမူ မ,မျက်ခွံကလေးများမှာ နီ၍မို့နေသည်။

နှာတံကလေးမှာလည်း ရဲ၍နေတော့သည်။

http://www.cherrythitsar.org



'မ့စိတ်ကိုတင်းတင်းထားပါ မ့ရယ်၊ ဒီနေ့ဟာ မင်းရဲ့ဘဝသစ် မွေးဖွားတဲ့နေ့လို့ အောက်မေ့စမ်းပါ၊ ပြီးခဲ့တာတွေ တစ်ခုမှပြန်ပြီး တွေးမနေပါနဲ့၊ အားလုံး မေ့ပစ်လိုက်ပါ၊ ဘဝဆိုတာ ဒီလိုပဲ၊ ကိုယ် သွားချင်တဲ့လမ်းပေမယ့် မရေရာဘူးထင်ရင် စွန့်ရတာပဲ၊ လမ်းသစ်ကို ရွေးရတာပဲ၊ ဒါမှလည်း ဘဝမှာ အောင်မြင်နိုင်တယ်'

မ့သည်အောက်နှုတ်ခမ်းကလေးကို ပြတ်လုနီးပါး ကိုက်၍ထား လိုက်သည်။

မွန်ပြောသော စကားများသည် မ့အသည်းကို မီးနှင့် မြိုက် သလို အခံရခက်လှသော်လည်း ဘာမျှပြန်၍ မချေပလိုတော့ချေ။ အမှန် တော့ မ့သည် ရေစီးတွင် မေ့မျော၍ ပါလာရသူကဲ့သို့ စိတ်ကိုလျှော့ ထားလိုက်သည်။

မျောချင်သလို မျောပစေဟု မျက်စိမှိတ်ထားလိုက်သည်။ မ့ အတွက် အသက်ရှင်နေရသော်လည်း လူသေလိုထင်မိသည်။ ထို့ကြောင့် လည်း မ့သည် မွန် ပြုသမျှ ခံ၍နေသည်။ မွန်ပြောသမျှ နားထောင်၍ နေသည်။

မွန်က မေးဖျားကလေးကို ဆွဲ၍ မော့်ပေးလိုက်လျှင် မ့က အရုပ်ကလေးကဲ့သို့ မွန်ထားသည့်အတိုင်း နေလိုက်သည်။ မွန်ကတစ်ဖက် သို့ အလှည့်ခိုင်းလိုက်လျှင် မ့က မွန် လှည့်ပေးလိုက်သည့်အတိုင်း နေလိုက် သည်။

မွန်သည် မ့ကို စိတ်တိုင်းကျ ပြင်ပေးပြီးလျှင် မ့လက်တစ်ဖက် ကို တွဲ၍ ရပ်လိုက်သည်။

'ကဲ… လာ၊ အောက်ကို ဆင်းရအောင်၊ ဧည့်သည်တွေရောက် တော့မယ်'

'ခဏနေပါဦး မွန်၊ မ့ရင်တွေ တုန်နေတယ်'

မော်သည် ခုတင်ပေါ်တွင် ဝမ်းလျားမှောက်၍ စာရေးနေရာမှ မ့ကို မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။ မော်၏ အကြည့်သည် မ့ကို ပို၍ ရင်တုန်စေသည်။ မွန်က မော်ကို လှမ်း၍ အော်လိုက်သည်။

'ဟဲ့… ကောင်မလေး၊ ဘာလုပ်နေသလဲ၊ ပြင်တော့လေ'

မော်သည် မွန့်ကို အလျင်းဂရုမစိုက်။ စာကိုသာဆက်၍ ရေးလိုက်သည်။ မ,သည် မှန်တင်ခုံပေါ်သို့ မျက်နှာမှောက်၍ ထားလိုက်သည်။

မ၏ ပခုံးလေးများသည် လှုပ်ခါ၍လာသည်။ ပြီးမှ ရှိုက်သံများ တစ်ချက်ချင်း ထွက်၍လာသည်။ မွန်က ပခုံးကလေးကိုဆွဲ၍ထူရင်းချော့လိုက်သည်။

'မွန်ပြောတာ နားထောင်စမ်းပါ ညီမရယ်၊ ဒက်ဒီ စိတ်ချမ်းသာအောင် နေမယ်ဆို၊ မင်းအခုလို ဣန္ဒြေပျက်နေရင် ဒက်ဒီ စိတ်မကောင်း ဖြစ်မှာပေါ့၊ လိမ္မာစမ်းပါ မရယ်၊ ကိုယ့်ပညာနဲ့ စဉ်းစားဉာဏ်တွေကို ဒီနေရာမှာ အသုံးချမှပေါ့'

မွန်သည် မ,မျက်နှာကလေးကို မော့၍ ပေါင်ဒါများ ထပ်ရိုက်ပေးရင်း တတွတ်တွတ် ချော့နေပြန်သည်။

'မင်းတို့ကို ကိုယ် အရှုံးပေးပြီးသားပါကွယ်၊ ကိုယ်ဟာ မင်းတို့ရဲ့ အရုပ်ပါပဲ၊ မင်းတို့ပြောသမျှ နားထောင်ရမယ့် ဘဝ၊ မင်းတို့ပြုသမျှခံရမယ့် ဘဝပါ၊ အသက်ရှင်နေရပေမယ့် ကိုယ့် ဝိညာဉ်ဟာကိုယ့်ကိုယ်ထဲမှာ မရှိတော့ဘူး သိလား'

မ,သည်အံကိုကြိတ်၍ မချိတင်ကဲပြောလိုက်သည်။ ပြီးမှ မွန်ခေါ်ရာသို့ လိုက်သွားလေသည်။

ဧည့်ခန်းတစ်ခုလုံးကား တခမ်းတနား ပြင်၍ ထားသည်။ ပန်းစက္ကူများ ရောင်စုံသွယ်၍ထားသည်။ ပူဖောင်းကလေးများလည်း လှအောင် ဆွဲထားသည်။

အမေရိကန် သီချင်းများကလည်း ဆူညံလျက်ရှိသည်။ ကပွဲလီများ၏ အော်သံသည် မ,နားထဲတွင် ငရဲသားများ အော်သံကဲ့သို့ထိတ်လန့် ချောက်ချားစေသည်။

မ,သည် မွန့်ကိုမှီ၍ လှေကားမှ တစ်ထစ်ချင်း ဆင်းလာခဲ့၏။ လှေကားရင်းသို့ ရောက်သောအခါ ကိုခင်မောင်ကြည်သည် မ,အနားသို့ ပြေး၍လာသည်။

ကိုခင်မောင်ကြည်က ပြုံးရွှင်သောမျက်နှာဖြင့် မ,ကို ဆီးကြိုနှုတ်ဆက်လိုက်သည်။

http://www.cherrythitsar.org



'မ,က ခုလိုပြင်လိုက်တော့ ပိုပြီးလှလာတယ်၊ လူတွေတောင် ရောက်ကုန်ပြီ၊ ကဲ… လာ'

ကိုခင်မောင်ကြည်က မ,လက်ကို အသာတွဲမည် ပြုလိုက်သည်။ မ,က သူ့လက်ကလေးကို အသာ ရုပ်လိုက်မိသည်။ ပြီးမှ သူထိုင်ရမည့် နေရာသို့ တစ်လှမ်းချင်း လျှောက်သွားသည်။

ကိုခင်မောင်ကြည်က မ,ဘေးမှ ယှဉ်၍လျှောက်ရင်း တတွတ် တွတ် ပြော၍ လိုက်လာသည်။ ကိုခင်မောင်ကြည် ဘာတွေပြောမှန်း မသိ။ တစ်ခန်းလုံး ဆူညံလျက်ရှိသည်။ ကပွဲလီများ အော်သံသည် ပို၍ကျယ်လာသည်။

စကားပြောသံ၊ သီချင်းသံ၊ ဖွန်းသံ၊ ပန်းကန်သံ အားလုံးဆူ ညံလျက်ရှိသော်လည်း မ,နားထဲ၌ကား ဘာကိုမျှ မကြားရတော့ချေ။ ကိုခင်မောင်ကြည်သည် မ,ကို သူ့မိတ်ဆွေများဖြင့် မိတ်ဆက်၍ပေး လိုက်သည်။

ကိုခင်မောင်ကြည်၏ မိတ်ဆွေများမှာ မျက်နှာကြီး လူကုံထံ များသာ ဖြစ်သည်။ အတွင်းဝန်၊ စစ်ဗိုလ်၊ ကထိက၊ ညွှန်ကြားရေးဝန်၊ ကုမ္ပဏီသူဌေး စသည်တို့သာ များပေသည်။ အားလုံးကပင် ကိုခင် မောင်ကြည်နှင့် မ,တို့ စုံတွဲကို ချီးကျူးကြသည်။

'ရွှေ့သွားနောက်လိုက် ညီပါတယ်'

'နှစ်ယောက်စလုံး တစ်ဖက်နဲ့တစ်ဖက် ပြောစရာ မလိုပါဘူး၊ ဘက်ညီသားပဲ'

တီးတိုး ချီးကျူးသံများလည်း ကြားရသည်။ မ,ဘက်က မိတ် ဆွေများက ကိုခင်မောင်ကြည်ကို ချီးကျူးကြသည်။

'ခင်မောင်ကြည်က လူချောပဲ'

'မိဘ မျိုးရိုးကလည်း မျက်နှာကြီးတွေပဲ'

'အမေရိကားပြန် ပညာကလည်းတော် ပိုက်ဆံကလည်းရှိ၊ မ,တစ် ယောက်တော့ ကံကောင်းတယ် ဆိုရမှာပေါ့'

ကိုခင်မောင်ကြည်ဘက်မှ မိတ်ဆွေများကလည်း မ,ကို ချီးကျူး ကြသည်။ သူတို့ချင်း တီးတိုးပြောကြသော်လည်း ချီးကျူးသံများက နားထဲတွင် အလုအယက် တိုးဝင်၍ လာတော့သည်။

http://www.cherrythitsar.org



'မ,ဆိုတာ သူလား၊ နာမည်လေးကဆန်းသလောက် ရုပ်ကလည်း ချောသားပဲ'

'အမယ်... ပညာရော ဘီအေရှင့်'

'ဦးကျော်ဒင်က နာမည်ကြီး ဝတ်လုံတော်ရပဲ၊ ပစ္စည်းလည်းချမ်းသာတယ်'

'နှစ်ယောက်စလုံး ပြောစရာမရှိအောင် ဘက်ညီပါတယ်'

မ,သည် ထိုင်နေရင်း မျက်နှာမထားတတ်အောင် ရှိတော့သည်။ ကိုခင်မောင်ကြည်သည် မိတ်ဆက်ပေးသူများအား ဝတ္တရားကျေနွတ်ဆက်ရသော်လည်း စိတ်က လုံးဝ မပါတော့ချေ။ ခေါင်းထဲတွင် ဝေ၍ဝေ၍လာသည်။

ထိုအထဲတွင် MAMBO သီချင်းက နားငြီးလောက်အောင်အော်၍နေပြန်သည်။ အားလုံး လူတွေကို ကြည့်ရသည်မှာ တောက်ပလွန်းသည်။ မ,သည် သူတို့ ဘာကြောင့် တောက်ပနေကြသည်၊ ပျော်နေကြသည်ကို စဉ်းစား၍ မရအောင်ရှိတော့သည်။

လူတစ်ယောက်၏ နှလုံးသားကို သင်္ဂြိုဟ်သည့်ပွဲကိုမှ သူတို့ပျော်တတ်ကြသလော၊ ရွှင်တတ်ကြသေလော။

မ,သည် အဖြေမပေါ်နိုင်သော ပြဿနာကိုတွေးရင်း ဒေါသဖြစ်လာသည်။ လောကနှင့်ချီ၍ နာကြည်းလာသည်။

အမှန်တော့ မ,အတွက်မင်္ဂလာပွဲဆိုသည်မှာ နှလုံးသားဈာပနကို ပြာကျအောင် သင်္ဂြိုဟ်သည့်ပွဲဟု ထင်မိသည်။

ထိုအတွင်းဝယ် အပေါ်ထပ်ဆီမှ ဒေါ်ခင်မျိုးသန့်၏ ထိတ်လန့်တကြား အော်သံကို ကြားလိုက်ရသည်။ မွန်သည် အပေါ်ထပ်ဆီသို့ အပြေးတက်၍ သွားတော့သည်။

ဗစ်တာက မွန့်နောက်မှ လိုက်သွားသည်။ ဒေါ်ခင်မျိုးသန့်၏ အော်သံသည် ဆက်၍ ကြားနေရသည်။ အားလုံးလူများသည် ထိုင်ရမလို ထရမလို ဣန္ဒြေမရ ဖြစ်တော့သည်။

မ,သည် အပေါ်ထပ်သို့ အထိတ်တလန့် တက်၍လာခဲ့မိသည်။ ဒေါ်ခင်မျိုးသန့် အိပ်သောအခန်းတွင် လူများအုံ၍နေသည်။ မွန်က အားလုံးကို ဆီး၍ တောင်းပန်လိုက်သည်။

http://www.cherrythitsar.org



'ဘာမှ မဖြစ်ပါဘူးရှင် မော်တစ်ယောက် မူးပြီးလဲသွားလို့ပါ၊ အောက်ထပ်က ပရိတ်သတ်တွေလည်း ရှင်းပြလိုက်ပါ'

ဇစ်တာက အုံနေသော လူများကို အောက်ထပ်သို့ ပြန်ဆင်းရန် တောင်းပန်လိုက်သည်။

မ,သည် လူအုပ်ထဲသို့ ဖွတ်တိုး၍ ဝင်သွားသည်။ အခန်းတွင်းသို့ ရောက်သောအခါ မော်သည် ဒေါ်ခင်မျိုးသန့်၏ ခုတင်ပေါ်တွင် လူးလိမ့်၍နေသည်။

မွန်သည် ဇစ်တာကို ခပ်တိုးတိုးကပ်၍ ပြောလိုက်သည်။

ဇစ်တာသည် အောက်ထပ်သို့ အပြေးဆင်းသွားသည်။ မ,က စိုးရိမ်တကြီးဖြင့် မွန့်ကို ကပ်၍မေးလိုက်သည်။

'ဘာဖြစ်လို့လဲ မွန်၊ မော် ဘာဖြစ်တာလဲ'

'မော် အိပ်ဆေးတွေ သောက်တယ်ထင်တယ်၊ ဒါမှ မဟုတ်ရင် အစားမှားပြီး အဆိပ်မိသလား မသိဘူး'

မ,သည် ခုတင်တိုင်ကို ဖမ်း၍ကိုင်ထားလိုက်သည်။ ကိုယ့်ကိုယ်ကိုလည်း လဲကျမသွားစေရန် မနည်းပင်သတိထား၍ နေရသည်။

အဆိပ်သောက်မည်ဆိုလျှင်လည်း ဖြစ်နိုင်သည်။ ယခု နှစ်ရက်သုံးရက်အတွင်း မော်သည် အမြဲတမ်း မှိုင်၍နေသည်။ ခါတိုင်း အငြိမ်မနေနိုင်အောင် လှုပ်ရှုမြူးထူးနေတတ်သော မော်သည် ခု နှစ်ရက်သုံးရက်အတွင်း ငြိမ်လွန်းလှသည်။ မော့်မျက်နှာသည် ကနေ့ပို၍ သိသာလှသည်။

မ,သည် မော့်အဖြစ်ကို တွေးရင်း စိတ်လေးလာသည်။ ဇစ်တာသည် သားရေအိတ်ကိုဆွဲပြီး ပြန်ဝင်လာသည်။ မွန်သည် သူ့ဆေးအိတ်ကိုဖွင့်၍ မော့်အတွက် ဆေးတစ်ခွက်ပြင်၍ တိုက်လိုက်သည်။

မ,သည်ကြည့်ရင်း ရင်ထဲ၌ တလှပ်လှပ်ဖြစ်၍လာသည်။ ခေါင်းတွင် အလိုလို မူးလာသည်။

မော်ကား တဝေါဝေါ အန်၍နေတော့သည်။ မျက်လုံးကား မဖွင့်။ အန်ပြီးလျှင် နေရာတွင်ပင် ပြန်၍ လှဲချလိုက်သည်။ ခေါင်းကလည်း မထူနိုင်သေးချေ။

http://www.cherrythitsar.org



မွန်သည် မော့်ကို စမ်းသပ်၍ကြည့်နေသည်။ သို့စမ်းသပ်ပြီးလျှင် အားလုံးကို အပြင်သို့ ထွက်ခိုင်းလိုက်သည်။ မ,သည် သူ့အခန်းဝ၌ မှီ၍ ရင်တထိတ်ထိတ်ဖြင့် စောင့်နေမိသည်။

ဒေါ်ခင်မျိုးသန့်ကား စကားတစ်ခွန်းမျှ မပြောနိုင်တော့ချေ။ အပေါက်ဝတွင် လမ်းလျှောက်၍ နေတော့သည်။ ဦးကျော်ဒင်ကား ဆေးပြင်းလိပ်ကို ခဲရင်း ခေါင်းတညိတ်ညိတ်နှင့် ရှိတော့သည်။

နာရီဝက်ခန့် ကြာသွားသောအခါ တံခါးပွင့်၍ လာသည်။ မွန့်နားသို့ ပြေးသွားကြသည်။ မွန်သည် မျက်စိမျက်နှာ မလှတော့ချေ။ ဦးကျော်ဒင်အား တစ်ချက်မျှ ကြည့်လိုက်ရင်း တောင်းပန်လိုက်သည်။

'ဒက်ဒီ အပြင်ခဏ ထွက်ပေးပါ'

ဦးကျော်ဒင်သည် ဘာတစ်ခွန်းမျှ ပြန်၍မပြောပေ။ အပြင်သို့သာ ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားတော့သည်။ ဗစ်တာက အလိုက်သိစွာပင် ဦးကျော်ဒင်နှင့်အတူ ထွက်သွားသည်။

ဦးကျော်ဒင်နှင့် ဗစ်တာထွက်သွားသောအခါ မွန်သည် တံခါးကို ပိတ်လိုက်သည်။

ပြီးမှ တုန်ယင်သော အသံကလေးဖြင့် ပြောလိုက်သည်။

'အဆိပ်မိတာပဲမာမီ၊ သူ့ဟာသူ သောက်တာလည်းဖြစ်နိုင်တယ်၊ ဒါက ကိစ္စမရှိပါဘူး၊ အန်ဆေးတိုက်ထားတယ်၊ ဆေးလည်း ထိုးထားတယ်၊ ဒါပေမယ့် မော့်မှာ ကိုယ်ဝန်ရှိနေတယ် မာမီ၊ သုံးလလောက်တောင် ရှိနေပြီ ထင်တယ်'

ဒေါ်ခင်မျိုးသန့်သည် ဘုရားတရင်း ရင်ဝကို လက်ဖြင့်ဖိထားလိုက်သည်။

မသည် လွတ်ခနဲ ယောင်၍ပင် အော်လိုက်သည်။ မသည် အခန်းတွင်းမှ ထွက်လာခဲ့တော့သည်။

အိပ်ခန်းသို့ ဝင်လိုက်သည့်အခါတွင် မော့်ခုတင်ပေါ်တွင် စာရွက်ပြာကလေးကို အခေါက်လိုက် တွေ့ရလေသည်။

http://www.cherrythitsar.org



မသည် စာရွက်ကလေးကို တုန်ယင်သော လက်ကလေးဖြင့် ကောက်၍ ဖွင့်လိုက်သည်။

မ . . .

ကိုယ်တော့ ကိုယ့်အသက်ကို အရှက်နဲ့ လဲလိုက်ပြီ။ ဒီလိုလဲရတဲ့ အကြောင်းရင်းထဲမှာ မင်းလည်းပါတယ်။ ကိုကိုကြည်ကို တခြားမိန်းမ တစ်ယောက်နဲ့သာ ပြိုင်ပြီး လုရမယ်ဆိုရင် ကိုယ်အလွတ်မခံဘူး။

ခုတော့ မင်းနဲ့ပဲ လုရမယ်ဆိုတော့ ကိုယ်ပဲ အနစ်နာခံတော့မယ်လို့ဆုံးဖြတ်တယ်။ ကိုကိုကြည်ကိုယ်တိုင်ကလည်း မ့ကို ကိုယ့်ထက်ပိုပြီး စွဲလမ်းမက်မောတယ်။

ဘာပဲဖြစ်ဖြစ် မင်းဘဝအတွက် အဆင်ပြေသွားတာကိုပဲ ကိုယ် ကျေနပ်မဆုံးပါဘူး။ ကိုယ်တော့ ကိုယ့်မိုက်ပြစ်နဲ့ကိုယ် ခံတော့မယ်။

မ . . . ရေ။ မင်းဟာ စိတ်ဓာတ်ငယ်တာကလွဲလို့ အရာရာမှာ ချစ်ခင်လေးစားထိုက်တဲ့ အစ်မရင်းတစ်ယောက်ပါပဲ။ မင်းရဲ့စေတနာတွေကို ကိုယ် ပြစ်မှားမိတဲ့အတွက်ဖြင့် အများကြီးနောင်တရမိပါတယ်။

ကိုယ့်ကို ခွင့်လွှတ်ပါနော်။ ကိုယ် ခုလို မတောင်းပန်လည်း မင်းဟာ ကိုယ့်ကို ခွင့်လွှတ်ပြီးသားဆိုတာ မော် ယုံကြည်ပါတယ်။

ဒက်ဒီ၊ မာမီ၊ မွန်နဲ့ မကို ညီမလေးမော် နောက်ဆုံး ကန်တော့ခဲ့ပါတယ်။ အမိုက်မလေးကို ခွင့်လွှတ်ကြပါ . . .။

ညီမလေး . . . မော်

မသည် မော့်ထံမှစာကိုဖတ်ရင်း တစ်ကိုယ်လုံးဆတ်ဆတ်တုန်၍ လာသည်။

မော့်အဖြစ်ကို တွေးရင်း ရင်ထုမနာဖြစ်ရသည်။ မျက်ရည်ပူများက ပါးပြင်ပေါ်တွင် တလိမ့်လိမ့် စီးဆင်း၍ လာသည်။

http://www.cherrythitsar.org



'မိုက်လှချည်လား··ကလေးရယ်၊ အစကသာ မ,ကို ဖွင့်ပြောရင် တို့ညီအစ်မ နှစ်ယောက်စလုံး ခုလို ဒုက္ခတွေ့ကြရမှာတောင် မဟုတ်ဘူး'

မ,သည် အက်ကွဲတုန်ယင်သောအသံဖြင့် ခပ်တိုးတိုးညည်းလိုက်မိသည်။

သို့ညည်းလိုက်ရင်းမှ မကျေမချမ်းဖြင့် နှုတ်ခမ်းကလေးကိုကိုက်ထားလိုက်သည်။

မသည် ပြတင်းပေါက်မှ လမ်းမကြီးကို မျှော်၍ကြည့်လိုက်ရင်း တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။

ထိုအတွင်းဝယ် အပေါက်ဝမှ မျက်နှာငယ်ကလေးဖြင့် ဝင်လာသော ကိုခင်မောင်ကြည်ကို မြင်ရသောအခါ မ,သည် ကိုယ့်စိတ်ကိုကိုယ် မထိန်းနိုင်အောင် ဒေါသဖြင့် ဆတ်ဆတ်တုန်၍လာသည်။ ခုလိုအချိန်မျိုးတွင် ကိုခင်မောင်ကြည်၏ မျက်နှာကိုကြည့်ရသည်မှာ မ,အတွက် မီးကို ကြည့်ရသည်ထက်ပင် ပူလောင်မိသည်။

'ရှင်··· ရှင် လူယုတ်မာ၊ သစ္စာမဲ့ ကတိပျက်တဲ့ ရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်ဘူး၊ ရှင့်ကြောင့် အားလုံး ဒုက္ခရောက်ကုန်ပြီ···သိလား'

'ကိုကိုကြည့်မှာဘာများအပြစ်ရှိလို့လဲ မရယ်၊ အပြစ်ရှိရင် မ, အပြစ်ပေးသလို ခံပါ့မယ် မ,ရယ်'

ကိုခင်မောင်ကြည်က သူ့အပြစ်ကို မသိလေဟန်ဖြင့် တောင်းပန်လိုက်မှ မ,ပို၍ ဒေါသဖြစ်မိသည်။

'လောကမှာ နှစ်မျိုးနှစ်စား ကြိုက်တတ်တဲ့ လူမျိုးဟာ မတည်ကြည်တဲ့ သစ္စာမရှိတဲ့လူလို့ ရှင့်ကိုပြောခဲ့တယ် မဟုတ်လား၊ ရှင်ဟာ ဒီလို လူစားမျိုးထက် ယုတ်မာတဲ့လူပဲ၊ ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံး ဒုက္ခရောက်အောင် အရှက်ကွဲအောင် လုပ်တဲ့ တရားခံဟာ ရှင်ပဲ'

'နေပါဦး·· မရာ၊ မော့်ရဲ့ကိစ္စက ကျွန်တော်တစ်ယောက်တည်း အပြစ်လုံးလုံး ပုံမချသင့်ပါဘူး'

'တော်ပါတော့··· ကိုခင်မောင်ကြည်၊ လူ့ကျင့်ဝတ်ကို ဘယ်လို ဖျက်ဆီးရမယ်ဆိုတဲ့ ပညာတွေ ရှင် နိုင်ငံခြားက တတ်လာတာလား၊ မွေးကတည်းက ပါလာတာလားဆိုတာ ရှင့်ကိုယ်ရှင် ပြန်စဉ်းစားပါ၊

http://www.cherrythitsar.org



ရှင်လိုလူယုတ်မာမျိုးနဲ့ ကျွန်မ တစ်သက်လုံး လက်မတွဲဘူးဆိုတာ မှတ်ထားပါ၊ ကဲ… ဒီအခန်းက ရှင်ထွက်သွားရင် ကောင်းမယ်'

ကိုခင်မောင်ကြည်သည် မ၏ အမိန့်ကို မလွန်ဆန်နိုင်သကဲ့သို့ အခန်းတွင်းမှ ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားလေသည်။

ကိုခင်မောင်ကြည် ထွက်သွားလျှင် မသည် နောက်ဖေးလှေကားမှ အောက်ထပ်သို့ အပြေးဆင်းခဲ့လေသည်။

အောက်ထပ် မီးဖိုချောင်တွင် အလုပ်များနေသော မောင်အေးကို ခပ်တိုးတိုးလှမ်း၍ ခေါ်လိုက်သည်။ မောင်အေးက မ့အနားသို့ အပြေးအလွှား ရောက်ရှိလာသည်။

မသည် သူ့အစီအစဉ်ကို မောင်အေးအား မှာလိုက်ပြီးလျှင် အခန်းဆီသို့ ခပ်သုတ်သုတ် ပြန်ခဲ့သည်။ အခန်းသို့ရောက်လျှင် တံခါးကို အလုံပိတ်လိုက်သည်။

ပြီးမှ စာရေးစားပွဲတွင်ထိုင်၍ စာတစ်စောင်ကို ခပ်မြန်မြန် ရေးလိုက်သည်။

စာရေးပြီးလျှင်ပြီးချင်း ပစ္စည်းများကို သိမ်း၍ ပြတင်းပေါက်မှ ကြိုးဖြင့်ချည်၍ ချလိုက်သည်။

အိမ်အောက်တွင်မူ မောင်အေးသည် မကို ကူညီရန်အသင့်စောင့်လျက်ရှိသည်။ မက အခန်းတွင်း၌အလုပ်များလျက်ရှိစဉ် အပြင်ဘက်တွင်ကား ပြာလောင်ခတ်လျက်ရှိသည်။

ဒေါ်ခင်မျိုးသန့်သည် အရူးမကြီးကဲ့သို့ ငိုမလို ရယ်မလိုဖြစ်နေတော့သည်။

'ငါသေချင်တယ်၊ ငါ သေချင်တယ်၊ ဒုက္ခတော့ ရောက်ကုန်ပြီ၊ ကိုကျော်ဒင်ရေ.. ဒုက္ခလှလှကြီး ရောက်ကုန်ပေါ့၊ ကျူပ်ရှက်တယ်၊ ကျူပ်မျက်နှာကို ဓားနဲ့ လှီးပစ်ချင်တယ်'

'ဒါတွေ မပြောပါနဲ့ မာမီ၊ လူတွေ ကြားကုန်မယ်၊ သူ့ကိုနောက်မှ ခပ်ဖြည်းဖြည်း ချော့မေးမယ်၊ အောက်ထပ်ကိုဆင်းပြီး အခမ်းအနားကျန္နေမပျက် ဆက်လုပ်ကြပါ၊ ကိုခင်မောင်ကြည်ကို ခေါ်စမ်းပါဦး'

ဒေါ်ခင်မျိုးသန့်ကား ဘာလုပ်ရမှန်းမသိ၊ သူ့ခေါင်းကိုသာသူ ဖွ၍နေတော့သည်။

ဦးကျော်ဒင်ကား အဖြစ်အပျက်ကို ရိပ်မိထား၍လားမသိ။ စာကြည့်ခန်းတွင် ခြေပစ်လက်ပစ် လှဲ၍နေတော့သည်။

အားလုံးဖြစ်ပျက်နေသမျှကို မကြားယောင် မမြင်ယောင်ပြုလျက် နေတော့သည်။

မွန်က အခမ်းအနားအတွက် စိတ်ပူနေဟန်ရှိသည်။ မော်ကအိပ်ရာထက်တွင် မှိန်း၍နေတော့သည်။

'ကဲ…မာမီ၊ စိတ်ညစ်နေလို့ပြီးတဲ့ကိစ္စမဟုတ်ဘူး၊ ဒက်ဒီကိုခေါ်ပြီး အောက်ကိုဆင်းကြမှပေါ့၊ မော့်အတွက်ကို ဘာမှ စိုးရိမ်စရာမရှိပါဘူး'

သည်တော့မှ ဒေါ်ခင်မျိုးသန့်သည် သူ့ကိုယ်သူ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်လိုက်ပြီးလျှင် အောက်ထပ်သို့ဆင်းရန် ဟန်ပြင်လိုက်သည်။

ထိုအတွင်းမှာပင် ကိုခင်မောင်ကြည်သည် ထိတ်လန့်တကြားပြေးဝင်၍ လာလေသည်။

သူ့လက်ထဲမှ စာတစ်စောင်ကိုလည်း မွန့်လက်ထဲသို့ အတင်းထိုးပေးရင်း တုန်ယင်သောအသံဖြင့် ပြောလိုက်သည်။

'မ,တစ်ယောက် မရှိတော့ဘူး မွန်၊ အန်တီ မ,ထွက်သွားပြီ၊ ကျွန်တော် တစ်အိမ်လုံးအနှံ့ ရှာပြီးပြီ၊ နောက်ဆုံး သူ့အခန်းထဲက ဒီစာပဲတွေ့တော့တယ်၊ မ,အိမ်က ထွက်သွားပြီ အန်တီရဲ့၊ ဘယ်လိုလုပ်ကြမလဲ'

ဒေါ်ခင်မျိုးသန့်သည် ဘာမှ ပြန်မပြောနိုင်တော့ချေ။ သူ့ရင်ကို လက်နှစ်ဖက်ဖြင့်ဖိရင်း ဘုရားတ၍ နေတော့သည်။ ပြီးမှ ဦးကျော်ဒင်ကို လှမ်း၍ ခေါ်လိုက်သည်။

'ကျုပ်တို့ တစ်မျိုးလုံး အရှက်ကွဲကုန်ပါပြီတော့၊ ကိုကျော်ဒင်…ရှင့်သမီးလုပ်ပုံ ကောင်းသေးလား၊ လူတွေထဲမှာ ကျုပ်မျက်နှာကို ဘယ်လိုပြရမလဲ… ဟင်၊ လုပ်ကြပါဦး'

http://www.cherrythitsar.org



ဦးကျော်ဒင်သည် အပေါက်ဝမှရပ်၍ ဘာမျှမပြောဘဲ ဒေါ်ခင်မျိုးသန့်ကိုသာ စိုက်ကြည့်နေသည်။

ဦးကျော်ဒင်၏မျက်နှာသည် ဝမ်းနည်းခြင်း အရိပ်အယောင်ဟူ၍ တစ်ချက်မျှမပြ၊ နာကြည်း ရွံမုန်းသောအကြည့်ဖြင့်သာ ဒေါ်ခင်မျိုးသန့်ကို စိုက်၍ ကြည့်နေတော့သည်။

'မင်းငိုစရာမလိုဘူးလို့ ငါထင်တယ်၊ ကိုယ့်အပြစ်နဲ့ကိုယ် ဖြစ်ကြရတာ ဘာမှ ငိုစရာမလိုဘူး'

ဦးကျော်ဒင်၏စကားကြောင့် ဒေါ်ခင်မျိုးသန့်သည် ဘုံဆောင့်၍ နေတော့သည်။

'ကမ္ဘာမီးလောင်ရာ ဆီမီးခွက်က လာပြီး တောက်မနေစမ်းပါနဲ့၊ ဒီအတိုင်းကြည့်နေလို့ ဖြစ်မလား၊ စခန်းကို တယ်လီဖုန်းဆက်ပြီးတိုင်၊ ပြီးတော့ ရှင့်စန္ဒရားဆရာအိမ်ကို လိုက်ရှာပြီး အမြန်ပြန်ခေါ်ပါ၊ ဒီစန္ဒရားဆရာ ခေါ်လာလို့ ခုလို ဒုက္ခဖြစ်ရတာ'

'ဘယ်မှရှာစရာမလိုဘူး၊ တိုင်ပင်စရာလည်း မလိုဘူး၊ မင်းတို့နဲ့မတွေ့အောင် တမင်ထွက်ပြေးတာ၊ မင်းတို့ရှာလို့ရောရမလား၊ ပြီးတော့လည်း ငါ့သမီးကို ဒီတစ်ခါ အနှောင့်အယှက် မပေးလိုတော့ဘူး၊ သူ့ဝတ္တရားကုန်ပြီလို့ ငါထင်တယ်၊ တရားခံက ဘယ်မှရှာစရာမလိုဘူး၊ မင်းကိုယ်မင်း မှန်ထဲမှာ ပြန်ရှာ'

'ဟင်...ဒါဖြင့် ရှင်ကပါအလိုတူအလိုပါပေါ့..ဟုတ်လား၊ ကိုယ့်သမီးကိုတောင် ဖက်ခွက်စား သူတောင်းစားနဲ့ သဘောတူတယ်ပေါ့... ဟုတ်လား'

'ငါ့သမီးကို ချစ်တဲ့နေရာမှာ မင်းချစ်တာထက် အဆတစ်ရာလောက် ပိုလိမ့်မယ်၊ ခု အစီအစဉ်ဟာ ဘယ်သူစီစဉ်တာလဲ၊ မင်းတို့စီစဉ်တာ မဟုတ်လား၊ ဒီအစီအစဉ်ကို ငါ မကျေနပ်ပေမယ့် ငါ့သမီးကလေး ညှိုးငယ်မှာစိုးလို့ ရေငုံနေခဲ့တယ်၊ ခုတော့ ငါ ဖြေလို့ရပြီ၊ ငါ့သမီးဟာ ဆင်းရဲချင် ဆင်းရဲပါစေ၊ သူမြတ်နိုးတဲ့သူနဲ့ နေရပြီ၊ မဆုံစည်းသင့်တဲ့ သူတွေနဲ့ လွတ်ကင်းသွားလို့ ငါကျေနပ်တယ်၊ မင်းဆင်တဲ့ ဇာတ်ဟာ ဘယ်လို ဗရမ်းဗတာ ဖြစ်နေတယ်ဆိုတာ သိချင်ရင် သမီးပေးသွားတဲ့ စာကို ဖတ်ကြည့်ပေတော့၊ ငါတော့ ဘာမှ မပြောချင်တော့ဘူး၊

http://www.cherrythitsar.org



မင်းတို့ ငါ့ကို လူနဲ့ လူအကြီးလို လှည့်စားခဲ့သမျှဟာ သမီးရေးထားခဲ့တဲ့ စာကို ဖတ်ကြည့်တော့မှ သိရတယ်၊ ဒီစာကို ငါအစောကြီးကတည်း က ဖတ်ရတယ်၊ ဒါပေမယ့် သမီးလေးဟာ ခုတစ်ကြိမ် သူမှန်တယ် ထင်သလို ဆုံးဖြတ်တာကို အနှောင့်အယှက် မဖြစ်စေချင်လို့ တမင် မပြောဘဲ ထားတာ၊ ဒီကိစ္စမှာ ငါပါ အလိုတူ အလိုပါလို့ ပြောရင် လည်းခံမယ်၊ လူဆိုတာ အေးအေးနေချင်လို့ အရာရာ ဥပေက္ခာပြုပြီးနေ မယ်လို့ဆိုလည်း ကိုယ်နေချင်တိုင်းရတာမဟုတ်ဘူး၊ ဒီတော့လည်း မှန်တဲ့ ဘက်က ရပ်ရမှာပဲ၊ ဒီကိစ္စမှာ ငါ့သမီးဘက်က ငါရပ်မယ်၊ ရပ်တယ် ဆိုတဲ့ နေရာမှာလည်း ဘာမှ ဝင်ပြီး စွက်ဖက်ဖို့ မဟုတ်ဘူး၊ သူ့ဟာသူ လွတ်ရာ ကျွတ်ရာ သွားတာကို အသာတကြည် လွှတ်လိုက်ရုံပဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူမှ ဘာတစ်ခုမှ ဝင်ပြီး မနှောင့်ယှက်ရဘူး၊ ဒါ ငါဆုံးဖြတ်တဲ့ တရားပဲ၊ ဒီတရား ဖောက်ဖျက်ရင်တော့ ငါ သည်း မခံဘူး'

ဦးကျော်ဒင်သည် ဆို့နင့်သောအသံကြီးဖြင့် တစ်လုံးချင်းပြော လိုက်ပြီးလျှင် အပေါက်ဝမှ ချာခနဲ လှည့်ထွက်သွားလေသည်။

ဒေါ်ခင်မျိုးသန့်သည် ဦးကျော်ဒင်ကို မကျေမချမ်း ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

မည်သို့ပင် မကျေချမ်းသော်လည်း ဦးကျော်ဒင်၏ စကားကို မလွန်ဆန်ရဲအောင်ရှိသည်။

ယခုတစ်ကြိမ် ဦးကျော်ဒင်ပြောသော စကားမှာ မာကျော ပြတ်သားလှသည်။

သူ ဆုံးဖြတ်သည့်အတိုင်း ထွက်လာသော စကားများကလည်း ခိုင်မာလှသည်။

တစ်သက်လုံး မျိုသိပ်အောင့်အည်းလာခဲ့သမျှ ခုတစ်ကြိမ်ပေါက် ကွဲ ထွက်ပေါ်လာခြင်းလည်း ဖြစ်သည်။

ထို့ကြောင့်လည်း ဒေါ်ခင်မျိုးသန့်သည် ခါတိုင်းလို ဦးကျော် ဒင် ပြောသော စကားကို ဖောက်ဝင်၍ မပြောရဲချေ။

ဦးကျော်ဒင်ပြောသော စကားများ၏ အလွှမ်းမိုးကို ခံလိုက်ရ သည်။

http://www.cherrythitsar.org



ဒေါ်ခင်မျိုးသန့်သာမဟုတ်၊ မွန်ကိုယ်တိုင် စာရွက်ကို ကိုင်၍ငိုင်နေမိသည်။

တစ်သက်နှင့်တစ်ကိုယ်မကြားခဲ့ရဖူးဘူးသော ဖခင်၏စကားကို ငေး၍ နားထောင်နေမိသည်။

မွန်သည် ဦးကျော်ဒင်ထွက်သွားမှ လက်ထဲမှစာကို ဖတ်ရန်သတိရလေတော့သည်။

မွန်သည် မ,ထံမှ စာကို ဖွင့်၍ ဖတ်လိုက်သည်။

မွန် ရေ . . .

လောကမှာ ကိုယ်နဲ့နှိုင်းရင် မရိုင်းဘူးဆိုတဲ့ စကားကလေးကတော့ အခုအချိန်မှာ မ, အတွက် အသုံးဝင်တဲ့ စကားကလေးပေါ့။

ခုအချိန်မှာ မ,ဟာ မ,ချစ်သူနောက်ကို လိုက်သွားတဲ့အချိန်ပဲ၊ ကိုယ်ချစ်တဲ့သူဟာ အညတရပဲဖြစ်ဖြစ်၊ လမ်းဘေးကကြမ်းပိုးတေလေပဲဖြစ်ဖြစ်၊ နောက်ဆုံး ဖက်ခွက်စား စန္ဒရားဆရာပဲဖြစ်ဖြစ် ချစ်သူကတော့ ချစ်သူပဲဆိုတာတော့ ရှင်းပြနေစရာတောင် မလိုဘူး မဟုတ်လား မွန်၊ ချစ်လို့သာ အရာရာကိုစွန့်လွှတ်ပြီး လိုက်သွားတာပေါ့။

အချစ်အတွက် စွန့်စားရတယ်ဆိုတာ မြတ်တဲ့ အလုပ်တစ်ခုပါ . . .။

ဒါပေမယ့် မွန်တို့ဘက်ကကြည့်ရင် မ,ဟာ မွန်တို့ရဲ့ဂုဏ်သိက္ခာကိုဖျက်ဆီးတဲ့ ညီမတစ်ယောက်ပေါ့။

ပြန့်ပြူးချောမွေ့တဲ့ ပိုးသားပြင်အပေါ်မှာ အမည်းကွက်ထင်အောင်လုပ်သွားတဲ့ မ,တစ်ယောက်ကိုဖြင့် မိန်းမမိုက်ကလေးရယ်လို့ တွေးပြီး နာကြည်းနေမှာပေါ့။

ဒါကတော့ မွန်တို့ဘက်က တွေးခေါ်ဆုံးဖြတ်မယ့် တာဝန်ကို မ,ကြိုပြီး သိထားတာတွေပဲ၊ မ,က ကြည့်ရင်တော့ ချစ်သူနောက်ကို လိုက်တာက လွဲလို့ ဘာမှအပြစ်မရှိဘူးလို့ ထင်မိတယ်။

http://www.cherrythitsar.org



ကိုယ့်ချစ်သူနဲ့ မကွေကွင်းလိုတဲ့ဆန္ဒဆိုတာ လူတိုင်းမှာရှိကြမယ် မဟုတ်လား။

ဒါကတော့ ကိုယ်ချင်းစာတရားနဲ့ တွေးရင် အလွယ်ကလေး အဓိပ္ပာယ်ပေါက်နိုင်ပါတယ်။

မ,တွေးခေါ်ဆုံးဖြတ်ပုံ မှားတယ်မှန်တယ်ဆိုတာ မွန် ကိုယ်တိုင် စဉ်းစားကြည့်လေ။

စဉ်းစားကြည့်တယ်ဆိုတဲ့နေရာမှာ ဘေးလူအနေနဲ့ မစဉ်းစားပါနဲ့၊ ကိုယ်တိုင်ကာယကံရှင်အနေနဲ့ စဉ်းစားကြည့်ရင်အမှန်ကန်ဆုံး သိနိုင်တာပေါ့။

မ,နေရာ မွန် ကြည့်ပါ၊ မွန်နဲ့ဗစ်တာနဲ့ ပြဿနာလို တွေးကြည့်စမ်းပါ။

ဗစ်တာဟာ မွန်ရဲ့ချစ်သူ၊ ဒီတော့ ဗစ်တာနဲ့ ကွဲကွာရမယ်ဆိုရင် မွန် ဘယ်လိုခံစားရမလဲ။

ဗစ်တာဟာ အခုဗစ်တာလို မဟုတ်ဘဲ ဒါထက်နိမ့်ကျတဲ့လူတစ်ယောက်လည်းဖြစ်မယ်၊ ဒီလိုလူမျိုး မ,တို့ပတ်ဝန်းကျင်တစ်ခုတစ်ခုလုံးကလည်း မွန်နဲ့သဘောတူကြည်ဖြူပြီး ခွင့်မလွှတ်နိုင်ဘူးဆိုရင် မွန် ဘယ်လိုဆုံးဖြတ်မလဲ။

ချစ်သူကို စွန့်မလား၊ ပတ်ဝန်းကျင်ကိုစွန့်မလား၊ ချစ်သူကိုစွန့်ရင် ပတ်ဝန်းကျင်ကတော့ အလွန်လိမ္မာတဲ့ မိန်းကလေးတစ်ယောက်ရယ်လို့ ချီးကျူးကြမပေါ့။

ဒါပေမယ့် ချစ်သူဘက်က ကြည့်ရင်တော့ အချစ်ကို တန်ဖိုးမထားသူ၊ နှလုံးသားကို ဖောက်ပြားသူရယ်လို့ အပြစ်တင်မှာပေါ့။

ဒီလိုပါပဲ မွန်၊ ချစ်သူအတွက် သစ္စာကြီးလေတော့လည်း ပတ်ဝန်းကျင်က မျိုးဂုဏ်ဖျက်သူ၊ မိဘမျက်နှာ အိုးမည်းသုတ်သူ၊ ယောင်းမမြင်းစီး ထွက်သူရယ်လို့ ကဲ့ရဲ့ကြမှာပေါ့။

ဒါပေမယ့် မေတ္တာနဲ့ သစ္စာတရားနောက်ကို လိုက်သူတွေကိုတော့ ဘယ်ဘက်က ကြည့်ကြည့် မိုက်မဲတယ်လို့ မယူဆသင့်ပါဘူး။

http://www.cherrythitsar.org



ဒါကတော့ မ,ဘက်ကမြင်တဲ့အတိုင်းပဲ၊ မွန်တို့ဘက်ကတော့ ဒီလိုမြင်ချင်မှ မြင်မှာပဲနော်၊ မမြင်ချင်တဲ့အရာကို အတင်းမြင်ရမယ်လို့လည်း မတိုက်တွန်းကောင်းပါဘူး မွန်။

မွန် အပြစ်တင်ချင်လည်းတင်နိုင်ပါတယ်၊ အမှားလို့ဆုံးဖြတ်ချင်လည်း ဆုံးဖြတ်နိုင်ပါတယ်၊ ဒါပေမယ့် မွန့်ကို မ,သိတဲ့ကိစ္စတစ်ခုကိုတော့ မ,မပြောမပြီးလို့ ပြောပါရစေ။

အားလုံးကို အလျှော့ပေးပြီး မိဘနဲ့ ညီအစ်မတွေရဲ့ အလိုအတိုင်း ချစ်သူကို စွန့်တော့မယ်လို့ မ,ဆုံးဖြတ်ခဲ့တယ်၊ ဒီလိုဆုံးဖြတ်တာလည်း အထူးသဖြင့်ဖေဖေကြီးရဲ့ စိတ်ချမ်းသာမှုကို ဖြည့်စွမ်းချင်လို့ ချစ်သူကို စွန့်လွှတ်ပြီး မင်းသဘော အတိုင်း အလျှော့ပေးလိုက်တာပဲ။

ဒါကြောင့် အားလုံးရဲ့အလိုကျ ကိုခင်မောင်ကြည်နဲ့ စေ့စပ်ရေးလည်း လက်ခံခဲ့တယ်။

ဒါပေမယ့် မွန်ရေ… မမျှော်လင့်တဲ့အကြောင်းက ပေါ်လာတယ်၊ မွန်ဟာ ဒေါက်တာမကြီးဆိုတော့ မော့်မှာ ကိုယ်ဝန်သုံးလရှိတယ်ဆိုတာ စမ်းသပ်ကြည့်ရုံနဲ့ သိတာပေါ့၊ ဒါပေမယ့် ဒီသုံးလဟာ ဘယ်သူနဲ့ ဘယ်လိုဆိုတာတော့ မွန်ရဲ့ ဆေးပညာနဲ့ စမ်းသပ်လို့ မရနိုင်ပါဘူး၊ မ,တစ်သက်မှာ ခုလို ထွက်သွားတဲ့ အပြုအမူမျိုးဟာဖြင့် အလွန်ကြီးမားတဲ့ အပြစ်ကြီးတစ်ခုလို့ မွန်တို့ တွေးမှာပဲ၊ ဒါကို မ,မငြင်းလိုပါဘူး၊ ရှင်းလည်းမရှင်းလိုပါဘူး။

ဒါပေမယ့် ဒီလိုသာ ထွက်မသွားရင် တစ်သက်နဲ့တစ်ကိုယ်စိတ်ကူးလို့တောင် မရဲတဲ့ ပြစ်မှုကြီးကို ကျူးလွန်မိလျက်သားဖြစ်နေမှာပဲ၊ လောကမှာ ချစ်သူကို သစ္စာဖောက်တဲ့ အပြစ်လောက် ကြီးမားတဲ့အပြစ်မရှိဘူးလို့ မ,ထင်တယ်၊ အဲဒီအပြစ်လိုပဲ သူများအချစ်ကို ပျက်ပြားအောင် ဖျက်ဆီးတဲ့အပြစ်ဟာ အလွန်ကြီးမားတဲ့ ပြစ်မှုကြီး တစ်ခုပဲ၊ မ,ဟာ မွန်တို့ အလိုကျ ကိုခင်မောင်ကြည်ကို လက်ထပ်လိုက်ရင် မ,ရဲ့ ချစ်သူအပေါ်မှာ သစ္စာဖောက်ရာကျမယ်၊ ဒါတင် မကဘူး… ညီမရဲ့ အချစ်ကို

http://www.cherrythitsar.org



ပျက်ပြားအောင်ဖျက်ဆီးတဲ့ မိန်းမယုတ်ကြီးတစ်ယောက်လည်း ဖြစ်ရဦးမယ် ဆိုတော့ လောကမှာ အသက်ရှင်နေဖို့တောင် မကောင်းတော့ဘူး၊ မ့တစ်သက်မှာ ဒီလိုကြီးမားတဲ့ အပြစ်ကြီး တစ်ခုကို မကျူးလွန်မိအောင် ခုလို စွန့်စားလိုက်တာပဲ၊ ဆရာ ကိုဘခက်အပေါ်မှာ သစ္စာမဖောက်ချင်သလို မော့်ရဲ့အချစ်ကိုလည်း မဖျက်ဆီးချင်ဘူး၊ မော့်မှာရှိနေတဲ့ ကိုယ်ဝန်သုံးလဟာ မ့ လက်ထပ်မယ့် ယောကျ်ားကောင်းကြီး ကိုခင်မောင်ကြည်နဲ့ ရှိနေတဲ့ ကိုယ်ဝန်ပါ မွန်၊ မော်ဟာ ဒီခံစားချက်ကြောင့် သူ့ ကိုယ်သူ အဆိပ်သောက်တာ၊ ကိုယ့်ညီမတစ်ယောက်ရဲ့ချစ်သူကို မ့လုရမလား၊ နောင်မှာ မွေးဖွားလာမယ့် ကိုယ့်တူကလေး၊ တူမကလေးတစ်ယောက်ကို အဖေမပေါ်တဲ့အဖြစ်ကို ရောက်မှာ ကိုတော့ မ့မကြည့်ရက်မမြင်ရက်ဘူး…။

မ့တစ်သက် အလွန်တစ်ရာ ကြီးလေးတဲ့ ဒီအပြစ်နှစ်ခုကို မကျူးလွန်ချင်လို့ ခုလိုထွက်သွားတာပဲ မွန်ရေ…၊ နောက်ထပ် လိုက်ပြီး နှောင့်ယှက်မယ်လို့တော့ စိတ်မကူးပါနဲ့တော့…။

မွန်တို့ ဒီစာ ဖတ်နေတဲ့အချိန်မှာ ဆရာကိုဘခက်နဲ့ မ့တို့ ဟာ တရားဝင် လက်ထပ်ပြီး ဖြစ်နေပါပြီ။ ဒီတော့ မွန်ရေ နောက်ဆုံး မ့တစ်ခုတည်းပဲပြောမယ်၊ မွန်တို့ ထိခိုက်တယ်ဆို တာက အဆောင်အယောင် ဂုဏ်သိက္ခာအပေါ်ယံ ပကာသန ပါ၊ ရင်ထဲကထိခိုက်ရတာမဟုတ်ပါဘူး၊ မ့တို့ ထိခိုက်ရတာက ရင်ထဲက ထိခိုက်တာပါ။ ကိုယ့်ရင်ထဲကအသည်းနဲ့ ကိုယ့်ညီမရဲ့ အသည်းကို မီးမြိုက်ပြီး ထိခိုက်ခံစားရမယ့် ဘဝမျိုးကိုတော့ မ့အဖြစ်မခံနိုင်ဘူး၊ ဒါကြောင့်ချစ်သူနောက်ကိုမရှက်မကြောက် ဘဲ အရိုးသားဆုံး လိုက်သွားပြီ…။

မင်းတို့အတွက် ဒါဟာ ရှက်စရာကြီးတစ်ခု၊ အပြစ်ကြီး တစ်ခုလို့ထင်ရင် ခွင့်လွှတ်ပေတော့၊ ဖေဖေကြီးနဲ့ မေမေတို့ကို တော့ မွန်ပဲ ကြည့်ပြီး ပြောပြပါတော့…။

ညီမလေး…မ

http://www.cherrythitsar.org



မွန်သည် လက်ထဲမှစာကို ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း ကိုခင်မောင်ကြည်ကိုသာ စိုက်၍ကြည့်လိုက်သည်။ ကိုခင်မောင်ကြည်မှာ မျက်စိမျက်နှာမလှ ဖြစ်နေသည်။

စာထဲ၌ မ,ကမည်သို့ရေးထားသည်ကို မသိရသော်လည်း မွန့် မျက်နှာကို အကဲခတ်ခြင်းအားဖြင့် သူ့အပြစ်နှင့်သူ မလုံမလဲရှိတော့ သည်။

ဒေါ်ခင်မျိုးသန့်သည် မွန့်လက်ထဲမှ စာကို လှမ်းယူလိုက်ပြီးလျှင် အပြေးအလွှား ဖတ်ကြည့်နေတော့သည်။

ကိုခင်မောင်ကြည်သည် ကြာကြာရပ်၍ မနေရဲတော့ချေ။ ကိုယ့် အပြစ်ကို ဖုံး၍မရသည့်အဆုံး၌ ကိုယ်,ကိုယ်တိုင်က ဝန်ခံလိုက်သည်က ပင်လျှင် တော်ပေဦးမည်။ အနေရ အထိုင်ရ သက်သာ လိမ့်မည်ဟု သဘောပေါက်မိသည်။

'ဒီကိစ္စမှာ ကျွန်တော် အပြစ်ရှိတယ်ဆိုရင် မွန်တို့ဆုံးဖြတ်ရာကို နာခံဖို့အသင့်ရှိပါတယ်၊ မွန်တို့ ကြိုက်သလို ဆုံးဖြတ်ပါ၊ မွန်တို့ ကျေ နပ်မယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ ကျွန်တော်လုပ်ဖို့ အသင့်ပါပဲ'

မွန်သည် ကိုခင်မောင်ကြည်ကို ကြည့်နေရာမှ ခေါင်းကို ခပ် ဖြည်းဖြည်း ယမ်းလိုက်သည်။

'ဒါဟာ လွယ်လွယ်နဲ့ ဆုံးဖြတ်လို့မရပါဘူး ကိုခင်မောင်ကြည်၊ ခုလောက်အထိလွန်ပြီးတဲ့အမှုဟာလည်း ဆေးကုဖို့မလွယ်ပါဘူး၊ မွန်တော့ ရှင့်ကိုပဲ အံ့ဩတယ်၊ တကယ်ပဲ မယုံနိုင်လောက်အောင် အံ့ဩတယ်၊ ရှင့်လို ခေတ်ပညာတတ် မိကောင်းဖခင် သားသမီး တစ်ယောက်ဟာ ဒါလောက်အထိ ရိုင်းစိုင်းလိမ့်မယ်လို့ မထင်မိဘူး၊ အနည်းဆုံး ဒက်ဒီ မာမီတို့မျက်နှာကိုတော့ ထောက်သင့်ပါတယ်...'

ကိုခင်မောင်ကြည်သည် ခေါင်းကို အောက်သို့ စိုက်ထားလိုက် သည်။ ဒေါ်ခင်မျိုးသန့်က စာကိုဖတ်နေရာမှ ကိုခင်မောင်ကြည်ကို ဒေါသဖြင့် ကြည့်လိုက်သည်။

ကိုခင်မောင်ကြည်သည် အရာရှိရှေ့တွင်ရောက်နေသော တရားခံ ကဲ့သို့ အလိုလို သွေးပျက်၍ နေတော့၏။ ဒေါ်ခင်မျိုးသန့်ကမူ ကိုခင်

မောင်ကြည်ကိုသာ ဒေါသခိုးလျှံသော အကြည့်ဖြင့် စိုက်ကြည့်နေတော့သည်။

'ဒီတာဝန်ကို မင်း ဘယ်လိုယူမလဲ၊ အမှန်တော့ ဒီစကားကို တို့ကစပြီး ပြောရတာကိုက ဘယ်လောက်အောက်ကျသလဲဆိုတာ မင်း နားလည်မှာပေါ့၊ ဒါပေမယ့် မပြောလို့မဖြစ်တဲ့ အခြေအနေမှာ ရောက်နေပြီ၊ ဒီတော့ မင်း ခု ဆုံးဖြတ်ပါ...'

ဒေါ်ခင်မျိုးသန့်၏ မျက်နှာသည် တင်းမာခက်ထန်သလောက် အသံကလည်း မာကျောလှသည်။ ကိုခင်မောင်ကြည်သည် ရုတ်တရက် ဘာမျှ ပြန်၍ မဖြေနိုင်။ နဖူးစပ်တွင် ချွေးများသီး၍လာသည်။

ဒေါ်ခင်မျိုးသန့်၏ မျက်နှာကိုကြည့်ရင်း အလိုလို ကြောက်၍လာသည်။ မွန့်ကို ကြည့်လိုက်ပြန်တော့လည်း မွန်၏အကြည့်မှာ အဆုံးအဖြတ် စောင့်နေကြောင်း ထင်ရှားလှသည်။

'မော်ကို ကျွန်တော် တာဝန်ရှိတဲ့အတိုင်း လက်ထပ်ပါ့မယ် ခင်ဗျာ...၊ ဒီလိုဆိုရင် အန်တီရော မွန်ပါ ကျေနပ်မယ် မဟုတ်လား...'

ဒေါ်ခင်မျိုးသန့်သည် ကိုခင်မောင်ကြည်၏ စကားကြောင့် ကျေနပ်ဟန် ရှိသော်လည်း မွန်ကမူ လုံးလုံးမလျှော့သေးချေ။

'ဒါကမေးစရာမလိုပါဘူး ကိုခင်မောင်ကြည်၊ မကျေနပ်လို့လည်း မွန်တို့မှာ တခြားနည်း မရှိတော့ဘူး၊ ဒီတော့ အချိန်ဆွဲနေလို့လည်းမဖြစ်ဘူး၊ အောက်မှာ ဧည့်သည်တွေလည်း ရှိနေသေးတယ်၊ ဖုံးနေလို့လည်းမရဘူး၊ ကိုခင်မောင်ကြည်နဲ့ မ,တို့ အစီအစဉ်ကို ဖျက်လိုက်ပြီး မော်နဲ့ ပြောင်းလိုက်ရုံပဲ၊ ကဲ... မာမီ အောက်ဆင်းကြမယ်၊ မော်တော့ ခဏ မှေးနေပါစေ'

ဒေါ်ခင်မျိုးသန့်နှင့် မွန်တို့နှစ်ယောက်က ရှေ့က ထွက်သွားသောအခါ ကိုခင်မောင်ကြည်မှာ နောက်က ခေါင်းငိုက်စိုက်ဖြင့်လိုက်၍ သွားရတော့သည်။

လှေကားထိပ်မှ ကြည့်လိုက်သောအခါ ဧည့်ခန်းတွင် လူတစ်ယောက်မျှ မတွေ့ရတော့ချေ။ မွန်သည် အထိတ်တလန့်ဖြင့် အောက်ထပ်သို့ အပြေးဆင်းသွားမိသည်။

http://www.cherrythitsar.org



ညှော်ခန်းထောင့် တစ်နေရာတွင် ခြေပစ်လက်ပစ် ထိုင်နေသော ဦးကျော်ဒင်ကို တွေ့ရသည်။ ဦးကျော်ဒင်နှင့် မလှမ်းမကမ်း တစ်နေရာတွင် မလှုပ်မယှက် ထိုင်နေသော ဗစ်တာကိုလည်း တွေ့ရသည်။

မွန်သည် ဦးကျော်ဒင်ကိုကြည့်ရင်း ပြောချင်သော စကားကိုပင် မပြောရဲအောင် ရှိတော့သည်။ ဦးကျော်ဒင်က မျက်လုံးကို အသာဖွင့်၍ ကြည့်လိုက်ပြီးလျှင် စိတ်ပျက်သောအသံဖြင့် ညည်းလိုက်သည်။

'အစီအစဉ်တော့ဖျက်လိုက်ပြီသမီးရေ၊ ဒီပရိသတ်တွေ အိမ်ထဲမှာ ရှိနေတာ ဖေဖေ ရှက်လွန်းလို့ အမှန်အတိုင်းပြောပြီး ဒီနေ့ အခမ်းအနားကို ဖျက်လိုက်ရတယ်'

မွန်သည် သက်ပြင်းကို အသာချလိုက်မိသည်။

ဒေါ်ခင်မျိုးသန့်ကမူ မကျေမနပ်ဖြင့် ဦးကျော်ဒင်အား ရန်တွေ့လိုက်သည်။

'ရှင့်မလဲ အစဉ်းစားဉာဏ် ဒါလောက်ပဲ နည်းရသလား… တစ်ခုပျက်ရင် တစ်ခုစီစဉ်ရမှာပေါ့၊ အခု မောင်ကြည်နဲ့ မ,အစား မော်နဲ့ပြောင်းပြီး စီစဉ်မလို့ရှင့်၊ ကဲ… ခုမှတော့ မတတ်နိုင်တော့ဘူး၊ မော် နေကောင်းမယ့်ရက်ကို တစ်ခါတည်း စီစဉ်လိုက်မယ်…'

'အန်တီတို့ သဘောအတိုင်းပါပဲ ခင်ဗျာ၊ အန်တီတို့ စီစဉ်သလို နာခံဖို့ အသင့်ပါပဲ'

ကိုခင်မောင်ကြည်က လေသံပျော့ဖြင့် တောင်းပန်လိုက်သည်ကပင် ဒေါ်ခင်မျိုးသန့် ကျေနပ်ဟန်ရှိသည်။

ဦးကျော်ဒင်က မျက်နှာကို လက်နှင့် အုပ်ထားလိုက်ပြီးလျှင် ခေါင်းကို ယမ်းလိုက်တော့သည်။

'ဒီကိစ္စကို မင်းတို့ပဲ ကြိုက်သလို စီစဉ်ကြပေတော့၊ ငါတော့ စဉ်းလည်းမစဉ်းစားချင်ဘူး၊ ဒီအသက်အရွယ်ရောက်မှတော့ စိတ်အထိခိုက် မခံနိုင်တော့ဘူး၊ ဥပေက္ခာပြုဖို့ပဲ ကြိုးစားရမှာပဲ'

ဦးကျော်ဒင်သည် ပြောပြောဆိုဆို နေရာမှ ထသွားတော့သည်။ ဒေါ်ခင်မျိုးသန့်က ဦးကျော်ဒင်ကို တစ်ချက်မျှမဲ့၍ ကြည့်လိုက်သည်။

http://www.cherrythitsar.org



ကိုခင်မောင်ကြည်ကမူ အားလုံးကို မျက်နှာငယ်ကလေးဖြင့်ကြည့်နေရှာသည်။

'ကဲ…ကိုခင်မောင်ကြည်၊ ဒီလမကုန်ခင် ကိစ္စပြီးအောင် စီစဉ်မယ်၊ တိုင်ပင်စရာရှိတာတွေတော့ နောက်မှ တိုင်ပင်ကြတာပေါ့'

'ဟုတ်ကဲ့… ဒါဖြင့် ကျွန်တော် ပြန်ပါရစေ အန်တီ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ခင်ဗျာ'

'အေး‥ အေး‥ ဒီလ မကုန်ခင် ရက်ကလေးဘာလေး ရွေးရအောင်တော့ လာခဲ့ဦး'

ကိုခင်မောင်ကြည်သည် ဒေါ်ခင်မျိုးသန့်ရှေ့မှ ကျိုးနွံသော အမူအရာဖြင့် ခေါင်းငုံ့၍ ထွက်သွားသည်။

'မော်ကို သွားကြည့်ကြဦးစို့ မာမီ၊ ဗစ်တာက ဒက်ဒီနဲ့ စကားပြောနေကြပေါ့၊ ဒက်ဒီ စိတ်ထိခိုက်နေတယ်၊ ဗစ်တာ‥ ကြည့်ပြီးပြောပါဦး…'

မွန်တို့ တက်သွားသောအခါ ဧည့်ခန်းတွင် လူတစ်ယောက်မှမရှိတော့ချေ။

မ၏ မင်္ဂလာဧည့်ခန်းသည် မည်သည့်နေရာသို့ ပြောင်းရွှေ့သွားသည်ကိုကား မောင်အေးမှလွဲ၍ တစ်အိမ်လုံး သိကြမည် မဟုတ်ချေ။

●

## (၂၀)

မကို မြင်လိုက်ရသောအခါ ကိုဘခက်မှာ ရင်ဝယ်မဆံ့အောင် ဝမ်းသာလွန်း၍ ခရီးဦးကြိုဆို နှုတ်ဆက်ရမည်ကိုပင် သတိမရနိုင်တော့ပေ။

မ၏ ရွှန်းလဲ့သော မျက်လုံးများသည် ကိုဘခက်၏ မျက်နှာမှ လွှဲမရအောင် ရှိတော့သည်။

http://www.cherrythitsar.org



တစ်ဖက်တစ်ချက်တွင် ဆွဲထားသော သားရေသေတ္တာနှစ်လုံးက အောက်သို့ အလိုလို လွတ်ကျသွားသည်။

သည်တော့မှလည်း ကိုဘခက် ဝမ်းသာအယ်လဲသံဖြင့် တစ်ခွန်းမျှ ခေါ်လိုက်မိသည်။

'မ...'

မက ကိုဘခက်ကို ရွှန်းရွှန်းစားစား ကြည့်နေမိသည်။ နီထွေးသော နှုတ်ခမ်းနှစ်လွှာကြားမှ ဖြူဖွေးသော သွားကလေးများ ပေါ်လာအောင် ပြုံးလိုက်သော်လည်း မျက်လုံးအစုံမှ မျက်ရည်များ တလိမ့်လိမ့် စီးဆင်းလာတော့သည်။

'ဆရာ... မလေ အားလုံးကို စွန့်လွှတ်လိုက်ပါပြီ ဆရာ'

မ,သည်ပြောရင်း ရှိုက်သံများပါလာသည်။ ကိုဘခက်က မ,၏ ပခုံးအစုံကို တယုတယ ဆုပ်ကိုင်ရင်း တုန်ယင်သောအသံဖြင့် နှစ်သိမ့်လိုက်သည်။

'ကျွန်တော်နားလည်ပါပြီ မရယ်၊ အနှစ်နှစ်... အလလ တောင့်တခဲ့ရတဲ့ ဒဏ္ဍာရီတစ်ခုဟာ အခု တကယ်ဖြစ်လာတယ်ဆိုတာ ယုံနိုင်စရာတောင် မရှိတော့ပါဘူး၊ ကျွန်တော် ဘယ်လောက် ဝမ်းသာတယ်ဆိုတာ ပြောပြလို့ကို မဖြစ်နိုင်အောင်ပါပဲ၊ ခုတစ်ကြိမ် မ,ဘယ်လောက် စွန့်စားရတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်၊ ကဲ... ထွက်လာပုံကလေး ပြောပြစမ်းပါဦး၊ ဒီကိုတော့ လိုက်လာမယ် မဟုတ်ပါဘူးနော်'

'မလိုက်နိုင်ပါဘူး ဆရာ၊ လိုက်လည်း မ,အသက်နဲ့ကိုယ် မြဲနေသရွေ့တော့ ဆရာနဲ့မခွဲပါဘူးဆရာ၊ ဒါပေမယ့် မ,တို့ ရုံးမှာ အမြန်ဆုံးလက်ထပ်လိုက်ရင် ကောင်းမယ်ထင်တယ်'

ကိုဘခက်က မ,ကိုကုလားထိုင်ပေါ်တွင် ထိုင်စေပြီးလျှင် ပြန်ပြောရန် စကားကိုပင် သတိမရနိုင်အောင် ရှိတော့သည်။

မ၏ ရွှန်းပသော မျက်နှာကိုသာ မဝနိုင်သောအကြည့်ဖြင့်စိုက်၍ ကြည့်နေမိသည်။

မက ကိုဘခက်၏အဖြစ်ကိုကြည့်ရင်း ငိုအားထက်ရယ်အားသန်မိတော့သည်။

http://www.cherrythitsar.org



'ကဲ…ဆရာ ငိုင်နေလို့မပြီးသေးဘူးလေ၊ မြန်မြန်စီစဉ်မှဖြစ်မယ်၊ ဒီစကားကို မက ပြောရတာတောင် ရှက်လာပြီ'

သည်တော့လည်း ကိုဘခက်မှာ ပျာပျာသလဲ ဖြစ်နေတော့၏။

'ကိုရဲမောင်‥ ဗျို့ ကိုရဲမောင် ခဏဗျို့'

နောက်ဖေးပေါက်မှ ဝဝတုတ်တုတ် လူတစ်ယောက်ထွက်လာသည်။

ကိုဘခက်က ထိုလူနှင့် မကို မိတ်ဆက်၍ ပေးလိုက်သည်။

'ဒါ ကျွန်တော်တို့ ဝိုင်းက သီချင်းရေးဆရာ ကိုရဲမောင်လေ၊ တယောလည်းထိုးတယ်၊ ကိုရဲမောင်… သူကတော့ ကျွန်တော် ပြောပြောနေတဲ့ မ,ပေါ့'

မသည် ကိုရဲမောင်ကို မရဲတရဲကြည့်၍ ပြုံးလိုက်သည်။ အမှန်၌ မ,သည် ကိုရဲမောင်၏ သီချင်းများကို မကြာခဏ နားထောင်ဖူးသည်။ ကိုရဲမောင်၏ သီချင်းများသည် အသံသာသည်။ ဆန်းသည်။ စာသားက ကဗျာဂုဏ် မြောက်သည်။

လူနှင့်အနုပညာကိုနှိုင်းယှဉ်ကြည့်လျှင် ယုံနိုင်စရာမရှိချေ။ ကိုရဲမောင်၏ သီချင်းများက နုသလောက်နွဲ့သလောက် ကိုရဲမောင်၏ခန္ဓာကိုယ်မှာ ဝဝ၊ မည်းမည်း၊ တုတ်တုတ်၊ ခဲခဲ၊ ကျွဲကြီးကဲ့သို့ ရှိလေသည်။ အသံကာရံ တီးကွက်များ စဉ်းစားရလွန်း၍လား မသိ၊ အသက်ကြီးပုံ မရသေးသော်လည်း ငယ်ထိပ်က ပြောင်၍ နေသည်။

'မရဲ့ အကြောင်းကိုတော့ဗျာ အမြဲတမ်း ပြောနေတာပါ၊ ဒီအကြောင်း ပြောနေရရင် တစ်ညလုံး အိပ်တဲ့လူမဟုတ်ဘူး၊ ကဲ…ဆို၊ ကျွန်တော် ဘာလုပ်ပေးရမလဲ'

'ကျွန်တော်တို့ ရုံးမှာသွားပြီး လက်ထပ်ချင်တယ်၊ အဲဒါ ကျွန်တော်လည်းနားမလည်ဘူး၊ ခင်ဗျားလိုက်ပြီး စီစဉ်ပေးပါ၊ ပြီးတော့လည်း လက်ထပ်ပြီးရင် နေဖို့ထိုင်ဖို့က…'

ကိုဘခက် ဆက်ပြောမည့်စကားကို အားနာဟန်ဖြင့် ဖြတ်ထားလိုက်သည်။

ကိုရဲမောင်က အလိုက်သိစွာ သူ၏စေတနာကို ထုတ်ဖော်ပြောလိုက်လေသည်။

http://www.cherrythitsar.org



'ဒါတွေဘာမှမပူပါနဲ့၊ ကျွန်တော်တို့လည်း လင်ကိုမယားပဲရှိတာ၊ ခင်ဗျားတို့လည်း လွတ်လွတ်လပ်လပ်နေချင်ရင် ကျွန်တော်တို့ နောက်ဖေး က တဲကလေးမှာ ပြောင်းနေမယ်၊ ဒီအခန်းကို ခင်ဗျားတို့ သဘောရှိ နေ၊ ကဲ ကျွန်တော် အဝတ်လဲလိုက်ဦးမယ်'

ကိုဘခက်က ရှေ့ရေးကိုတွေး၍ပူသလို မ,ကိုယ်တိုင်ကလည်းပူမိ သည်။

သို့သော် အိမ်ကထွက်လာစဉ်ကပင် ချစ်သူကလွဲ၍ အရာရာကိုစွန့် လွှတ်မည်ဟု ဆုံးဖြတ်ပြီးသား ဖြစ်သည်။ ထို့ကြောင့် တူနှစ်ကိုယ်တဲအို ပျက်မှာနေရ ဆိုသည့် သီချင်းကလေးသည် မ,တို့အတွက် မင်္ဂလာတေး တစ်ပုဒ်လိုပင် ဖြစ်နေတော့သည်။ တစ်ခါက စိတ်ကူးယဉ် တေးတစ်ပုဒ် ဟု ထင်ခဲ့သော်လည်း ယခုမူတကယ့်ဘဝနှင့် မမျှော်မှန်းဘဲလာ၍ တိုက် ဆိုင်နေတော့သည်။

ကိုဘခက်က အဝတ်အစားများ လဲပြီးလျှင် မ,သေတ္တာများကို အခန်းတွင်းသို့ သယ်ယူလိုက်သည်။ မ,က ကိုဘခက်လက်ထဲမှသေတ္တာ များကို အတင်းဆွဲယူလိုက်သည်။

'မ,ကို ငရဲမပေးပါနဲ့ ဆရာ၊ ထဘီတွေပါတယ်'

'ဒါတွေ ကျွန်တော် မယုံပါဘူး မ၊ ကူလီတွေကျတော့ ဘယ်လို လုပ်မလဲ'

တစ်ယောက်ကအတင်းလုသော်လည်း တစ်ယောက်ကမလွှတ်။ သည်လိုနှင့်ပင် အခန်းတွင်းသို့ ရောက်သွားသည်။

မ,က သေတ္တာတွင်းမှ လက်ပွေ့အိတ်ကို ထုတ်ယူလိုက်ပြီးလျှင် အပြင်သို့ ထွက်လာခဲ့သည်။ အပြင်တွင် ကိုရဲမောင်နှင့် ကိုဘခက်က မ ကို စောင့်နေကြသည်။

'ခင်ဗျားတို့ ခဏစောင့်နေကြလေ၊ ကျွန်တော် ကားတစ်စီး သွားဆွဲမယ်'

မ,ရင်တွင်း၌ကား လိပ်ပြာတောင်ပံခတ်၍နေလေပြီ။ တစ်သက် နှင့်တစ်ကိုယ် မကြုံဖူးသော စွန့်စားခြင်းတစ်ခုကို စွန့်စားရတော့မည့် အတွက် ရင်တဖိုဖိုရှိတော့သည်။

ကိုဘခက်က မ,လက်ဖျားကလေးကို အသာဆုပ်ကိုင်လိုက်သည်။

'ဟင်... မ,လက်တွေ အေးလို့ပါလား'

'သတ္တိရှိတယ်ဆိုပေမယ့် ရင်တော့အခုန်သားပဲ ဆရာ၊ လေယာဉ်ပျံပေါ်က လေထီးနဲ့ခုန်ဆင်းရမယ့်သူတွေဟာ မ,လောက် ရင်ခုန်မယ် မဟုတ်ဘူး ထင်တယ်'

'ဘာလဲ... အမြင့်က အနိမ့်ကို ခုန်ဆင်းရတော့မယ်လို့တွေးပြီး ကြောက်နေသလား မရယ်'

မ,သည် ကိုဘခက်၏ လက်မောင်းတစ်ဖက်ကို သူ့လက်တစ်ဖက်နှင့် သိုင်းဖက်လိုက်ရှာသည်။

'မ,ပြောတာက ဒီအဓိပ္ပာယ်နဲ့ပြောတာမဟုတ်ပါဘူး ဆရာ၊ ခုမှ မြေကြီးပေါ်မှာ လျှောက်ရတော့မှာမို့ မ,ဝမ်းသာတာကို ပြောတာပါ ဆရာ'

ကိုဘခက်သည် ဘာမျှပြန်၍ မပြောတော့ချေ။ မ,ကိုသာ ပြုံး၍ ကြည့်နေတော့သည်။

အိမ်ရှေ့မှ ကားဆိုက်သံကြားလျှင် ကိုဘခက်က မ,လက်ကို အသာတွဲ၍ ထွက်ခဲ့သည်။

ကားထွက်သည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြ။

ကိုယ့်အတွေးနှင့်ကိုယ်ရှိနေကြသည်။ ကိုရဲမောင်ကမူ ကိုဘခက်ကို နောက်၍နေသည်။

ကိုဘခက်ကမူ ကိုရဲမောင်ပြောသော စကားများကိုပင် ကြားဟန်မရှိ။ ပြီးမှ မေးရသည်။ ပြီးမှ အလိုက်သင့်ဖြေရသော်လည်း သူ့စိတ်ထဲတွင်ကား စိတ်မဝင်စားနိုင်တော့ချေ။ မဆုံးနိုင်သော အတွေးနောက်သာ တဝေ့ဝေ့လိုက်နေမိတော့သည်။

ရုံးသို့ရောက်ပြန်တော့လည်း စီစဉ်စရာရှိသည်ကို ကိုရဲမောင်ကပင် စီစဉ်ရသည်။ နောက်ဆုံး တရားသူကြီးရှေ့ရောက်မှသာလျှင် လက်မှတ်ထိုး၍ မေးသမျှကို ဖြေရသည်။

တရားသူကြီးရှေ့တွင် ကျမ်းကျိန်သောအခါ မ,တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်နေတော့သည်။ မျက်ရည်ကလေးများပင် တလည်လည် ရှိနေတော့သည်။

http://www.cherrythitsar.org



ကိုဘခက်သည် မကို အသာဖေး၍ ရုံးခန်းမှ ထွက်ခဲ့သည်။

မ,မျက်နှာကလေး တစ်ခုလုံးကား ပန်းသွေးရောင်လွှမ်းနေတော့သည်။

အမှန်တော့ မ,ဘဝသည် ယခုအချိန်မှစ၍ အခန်းသစ်တစ်ခုကို ပြောင်းလိုက်ခြင်းဖြစ်သည် မဟုတ်ပါလော။

လူကြီးမိဘတွေအနေဖြင့်တွေးလျှင် ရင်ကွဲစရာ ကောင်းသည်ဟု ဆိုချင်ဆိုမည်။

မွန်၏မင်္ဂလာပွဲတုန်းကဆိုလျှင် မြန်မာပြည်မှာအကြီးဆုံးဟိုတယ်၌ လက်ထပ်သည်။

လူကုံထံ မျက်နှာကြီးများ လာကြသည်။ တေးဂီတမြိုင်မြိုင်ဖြင့် မင်္ဂလာဘိသိက်ကို ဖြိုင်ဖြိုင်သွန်းကြသည်။ ရွှေ၊ ငွေ၊ ရတနာ လက်ဖွဲ့ပစ္စည်းများ ပုံ၍ထားကြသည်။

လက်ထပ်ပြီးတော့လည်း မင်္ဂလာအိမ်က အသင့်ရှိသည်။ သောင်းကျော်ကားကြီးပေါ်တွင် အမြိန့်သားထိုင်၍ ကိုယ်ပိုက်တိုက်သို့ ပြန်ကြသည်။

ခန်းဝင်ပစ္စည်း အပြည့်အစုံရှိသည်။ ဖဲသားပြောင်ပြောင် မွေ့ရာ ထုထောင်ထွာပေါ်တွင် အသာနွဲ့၍ စက်ကြသည်မှာ လူ့ဘဝတွင် အမြင့်ဆုံး၊ အသာယာဆုံး စည်းစိမ်ကို ခံစားခြင်းပင် ဖြစ်ပေလိမ့်မည်။

ယနေ့ မ၏မင်္ဂလာပွဲမှာ အသိသက်သေ ကိုရဲမောင်နှင့်အတူ ရုံး၌ လက်ထပ်ကြသည်။ အပြန်တွင် ကိုရဲမောင်တို့လင်မယားနှင့်အတူ လမ်းဘေး ခေါက်ဆွဲဆိုင်များမှ စားစရာများကို စားပွဲနိမ့်ပေါ်တွင် အပေါစား ပန်းကန်များဖြင့် လက်ဆုံစားကြရသည်။ ပြီးတော့လည်း ကိုရဲမောင်တို့ ဖယ်ပေး၍ နေရသော ဆယ်ပေပတ်လည် အခန်းကလေးကို တစ်နေကုန် ရှင်းကြရသည်။

အိပ်ခန်းအတွက် ခုတင်မွေ့ရာခြင်ထောင် စသည်တို့ကို ဝယ်ယူပြင်ဆင်ရသည်။

တခြားလိုသောပစ္စည်းများလည်း ဝယ်ရသည်။ တိုလီမိုလီက အစ ဝယ်ရသည်။

အိုးခွက်ပန်းကန် ဖွန်းကအစ ဝယ်ရတော့လည်း တစ်နေကုန် ပြည့်စုံသည်ဟူ၍မရှိ။ လိုသည့်ပစ္စည်းကိုသာ တစ်ခုပြီးတစ်ခု စဉ်းစား နေရသည်။

ပစ္စည်းတစ်ခု ဝယ်မည်ကြံလျှင် တစ်ယောက်နှင့် တစ်ယောက် အလုအယက် ငွေထုတ်ကြရသည်။

တစ်ယောက်က ပစ္စည်းတစ်ခုအတွက် ငွေထုတ်ကြလျှင် နောက် တစ်ယောက်က နောက်ပစ္စည်းတစ်ခုအတွက် ငွေ အတင်းထုတ်လိုက် သည်။

နေဝင်မှပင်တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍အမော ဖြေကြရတော့သည်။

ကိုဘခက်က မ ့မျက်နှာတွင် စို့နေသော ချွေးများကို လက်ကိုင် ဖြေကြရတော့သည်။

မ ့ကမူ ပင်ပန်းနွမ်းနယ်ဟန်မရှိ။ ကြည်လင်ချို့မြသော အပြုံးဖြင့် သာ ကြည့်၍နေရှာသည်။

'မ ့မပင်ပန်းပါဘူး ဆရာ၊ မ ့ဘဝဟာ ခုအချိန်မှ တကယ့် လောကထဲကို ဆင်းပြီး အသက်ဝင် လှုပ်ရှားရတယ်ဆိုတာ တွေးပြီး ကြည်နူးနေပါတယ်'

ကိုဘခက်သည် မ၏ နဖူးဆံစကလေးများကို အသာသပ်လိုက် သည်။ အချစ်အတွက် အမြင့်မှ အနိမ့်သို့ ဆင်းလာရသော မ ့အတွက် ကိုဘခက်မှာ ချီးကျူးလေးစား၍ မဆုံးနိုင်အောင် ရှိတော့သည်။ မ ့၏ စွန့်စားမှုသည် ကိုဘခက်အပေါ်၌ ထားရှိသော မ၏ မေတ္တာအဟုန်ကို သက်သေတည်လိုက်ခြင်းဖြစ်သည်။

'အဆောင်အယောင်ခြင်း ကွာခြားပေမယ့် နှလုံးသားမှာ တည် ရှိနေတဲ့ မေတ္တာခြင်းကတော့ ကျွန်တော်တို့ကို မမီနိုင်ပါဘူး မရာ၊ ဘဝဆိုတာ တကယ်ရုန်းကန်ရတဲ့ သူချင်းမှ ပိုပြီး မေတ္တာကြီးမားတတ် ပါတယ်၊ နေဘယ်လောက်ပဲပူပူ ဒီအပူကို ကျွန်တော် ခံယူပါ့မယ်၊ မ ့ကိုတော့ ကျွန်တော့် အရိပ်အာဝါသအောက်မှာပဲ အေးမြစေချင် ပါတယ်၊ မ ့ကို နေတစ်ပြောက်ထိုးလို့ ညှိုးမှာတောင် ကျွန်တော် မခံနိုင်ဘူး'

http://www.cherrythitsar.org



'မ,ဒါတွေ လုံးလုံးမစဉ်းစားပါဘူး ဆရာ၊ ဆင်းရဲအတူ ချမ်းသာအမျှဘဝကို ဆရာနဲ့အတူ ရုန်းကန်ဖို့ မ, ဆုံးဖြတ်ပြီးသားပါ၊ အေးအတူ ပူအမျှဆိုတဲ့ စကားလိုပေါ့ ဆရာ၊ မ,ကြောင့် ဆရာ့မှာ နှစ်ယောက်စာ ရုန်းရတဲ့အဖြစ်ကိုတော့ အရောက်မခံနိုင်ပါဘူး၊ ဆရာရဲ့တန်ဖိုးရှိတဲ့ အနုပညာ တာဝန်တွေကို မရဲ့ ထမင်းတစ်လုတ်အတွက် လဲလှယ်လုပ်ရမယ်ဆိုရင် မ,ဟာ ဆရာ့ရဲ့ ပါရမီဖြည့်ဖက်တစ်ယောက် ဖြစ်နိုင် ပါဦးမလားရှင်'

မက ပြုံးစိစိဖြင့် သူ့စေတနာသန့်သန့်ကို ဖွင့်ဟပြောတော့လည်း ကိုဘခက်မှာ မလှုပ်သာအောင် ရှိတော့သည်။

'မက စကားပြော လိမ္မာလွန်းတယ်ကွယ်၊ မကို ကျွန်တော်နိုင်အောင် မပြောနိုင်ဘူး'

'မ, ဆရာနဲ့ စကားပြောပြိုင်တာ မဟုတ်ပါဘူး၊ ဆရာ့မေတ္တာနဲ့ စေတနာချင်း ပြိုင်တာပါ၊ ကိုယ့်ချစ်သူကို လေးစားထိုက်သူ ကြည်ညိုထိုက်သူ၊ အားကိုးထိုက်သူမို့ ချစ်ခဲ့တာကို ဘယ်နေရာမှ ပြိုင်စရာလည်းမလိုဘူး၊ အနိုင်ယူစရာလည်းမလိုဘူး၊ ဒါပေမယ့် မေတ္တာရယ်, တွယ်တာမှုရယ်, ကရုဏာရယ်, ကြင်နာမှုစေတနာရယ် ဒါတွေကိုတော့ မ,က သာမှပိုမှ ကျေနပ်မယ်၊ ဒီနေရာတွေ အားလုံးကလွဲလို့ ကျန်တာတွေ ချစ်သူရဲ့နောက်ပါးမှာ တစ်ဖဝါးမကွာ ရှိပါတယ်ရှင်'

ကိုဘခက်သည် မ,ကို စကားဖြင့် ပြန်မပြောတော့ချေ။

မ,၏နဖူးပြင် ညက်ညက်ကလေးကိုသာ တယုတယဖြင့် တစ်ချက်မျှ နမ်းလိုက်သည်။

ပြီးမှ မ,အပါးမှခွာ၍သွားတော့သည်။ မ,က ကိုဘခက် စာရေးစားပွဲကို အသင့်ပြင်၍ထားလိုက်သည်။ ဆေးလိပ်ခွက်ထဲတွင် ဆေးလိပ်နှင့်မီးခြစ်ကို အသင့်ယှဉ်၍ ပေးလိုက်သည်။ ပြီးမှ မီးဖိုချောင်သို့ဝင်၍ ရေနွေးတည်ထားလိုက်သည်။

ကိုဘခက်၏တယောသံသည် တငြိမ့်ငြိမ့်ပေါ်၍လာသည်။ ကိုဘက်တီးသော သီချင်းမှာ နှစ်ကိုယ်သစ္စာ ပတ်ပျိုးဖြစ်သည်။ မ,က ကိုဘခက်၏ ရှေ့တွင်ထိုင်ရင်း ချစ်သူ၏ ဂီတတွင် ယစ်မူးနေမိသည်။

အမှန်တော့လည်း နှစ်ကိုယ်သစ္စာပတ်ပျိုးသည့် ကိုဘခက်နှင့်မ ့တို့ အတွက် မင်္ဂလာတေးတစ်ပုဒ် ဖြစ်လာသည်။

အချိန်ကား တဖြည်းဖြည်း လွန်၍လာသည်။ ကိုဘခက်ကမူ တယောကို စမ်းနေရာမှ ညောင်းဟန်ရှိလျှင် ရေနွေးကြမ်းကို သောက်လိုက်ရင်း ဂီတအကြောင်းကို ဆွေးနွေးနေပြန်သည်။

မ ့က ကိုဘခက်ပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်နေရာမှ တစ်ချက်မျှ သမ်းလိုက်သည်။ ကိုဘခက်က အလိုက်သိစွာပင်...။

'မ ့ညောင်းသွားရင် လှဲနေပါလားဟင်'

မ ့က ကိုဘခက်ကိုရှက်ပြုံးလေးပြုံး၍ ကြည့်နေရာသည်။ သည်တော့မှ ကိုဘခက်က တယောကို နေရာတွင် ထ၍ချိတ်လိုက်သည်။ ပြီးမှ မ ့ပခုံးစွန်းကလေး နှစ်ဖက်ကို အသာဆွဲယူလိုက်သည်။

မ ့က အလိုက်သင့်ပင် ကိုဘခက်ခေါ်ရာသို့ ခပ်နွဲ့နွဲ့မှီ၍ထလိုက်သည်။ အခန်းတွင်းသို့ရောက်လျှင် နှစ်ယောက်သား အတူယှဉ်၍ ထိုင်လိုက်သည်။

ကိုဘခက်က အိမ်ရှေ့ပေါက်များကို ပြန်၍ ပိတ်လိုက်သည်။ တံခါးပေါက်များအားလုံး ပိတ်လိုက်သည်။

တစ်ခန်းလုံးကားတိတ်ဆိတ်လျက်ရှိသည်။ မရင်ထဲတွင် တဒိန်းဒိန်း ခုန်၍ နေတော့သည်။ အခန်းတွင်းသို့ ဝင်လာသော ကိုဘခက်၏ ခြေသံကိုကြားရသည်။ မ ့သည် အသက်ကိုပင် မှန်မှန်မရှူနိုင်၊ လက်ဖျားကလေးများ အေး၍လာသည်။

ကိုဘခက်သည် အိမ်ရှေ့ခန်းမှယူလာသော အာလာဒင်မီးခွက်ကို ငြိမ်းလိုက်သည်။ ပြီးမှ ဘေးတွင် ဝင်၍ လှဲလိုက်သည်။ တစ်ယောက်နှင့် တစ်ယောက် အတန်ကြာအောင် စကားမပြောကြ။ အသက်ရှူသံကိုသာ မှန်မှန် ကြားနေရသည်။

'မရေ... လွတ်လွတ်လပ်လပ် အိပ်နော်၊ စိတ်ကျဉ်းကျပ်ပြီးမနေနဲ့ ...'

ကိုဘခက်ကအလိုက်သိစွာပင် မ ့ကို နှစ်သိမ့်လိုက်သည်။ ကိုဘခက်၏ စကားများသည် မ ့ရင်ထဲတွင် အေးမြ၍ သွားတော့သည်။

http://www.cherrythitsar.org



ကိုဘခက် ဆိုလိုသော အဓိပ္ပာယ်ကို နားလည်လိုက်သဖြင့် မ မှာ ရှက်သလို ဝမ်းနည်းသလို ခံစားရသည်။

မ အတွက် ဆရာ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့ ဆရာ၊ ရင်းရင်းနှီးနှီး ပြောရမယ်ဆိုရင် သူစိမ်းယောကျ်ားတစ်ယောက်နဲ့ မ ဟာ နှစ်ယောက်ချင်း အတူယှဉ်ဖို့ မပြောနဲ့ ကြာကြာတောင် ရပ်စကားမပြောရဲပါဘူး၊ ဒါပေမယ့် ဆရာဟာ မ ချစ်သူ၊ မ ရဲ့ လင်ယောကျ်ားပါကလားဆိုတာတွေးပြီး မ စိတ်ကို မ ဖြေပါတယ် ဆရာ၊ မလွန်ဆန်နိုင်တဲ့ တရားတွေနဲ့ ရင်ဆိုင်လာရရင် ရှောင်လွှဲမရဘူးဆိုတာ မ နားလည်ပါတယ်'

ကိုဘခက်သည် မ၏ လည်တိုင်ကလေးကို သိုင်း၍ဖက်လိုက်သည်။ ပြီးမှ ပါးမို့မို့အစုံကို တစ်ချက်စီ နမ်းလိုက်သည်။

'မ ဟာ ကိုယ်ထင်တာထက် လေးစားမြတ်နိုးထိုက်တဲ့ မိန်းမ ရိုးလေးပါလားကွယ် . . .'

ကိုဘခက်နှင် မ တို့ အခန်းကလေးကား မှောင်မည်း၍နေသည်။ သို့သော် ကိုဘခက်နှင့် မ တို့၏ နှလုံးသားမှ တောက်ပနေသော မေတ္တာ အလင်းရောင်ကား တစ်လောကလုံးကိုပင် ထိန်လင်းဖြာဝေနေသည်ကို သူတို့ကိုယ်တိုင်ပင် သိနိုင်လိမ့်မည် မဟုတ်ချေ။

## (၂၂)

ကိုဘခက်သည် ကုမ္ပဏီပိုင်ရှင်နှင့် စာရေးဆရာ ဒါရိုက်တာဆိုသူ နှစ်ယောက်အား ဒေါသဖြင့် တစ်ချက်မျှ စိုက်၍ကြည့်နေမိသည်။

http://www.cherrythitsar.org



စိတ်ကို အစွမ်းကုန် ချုပ်တည်းထားသော်လည်း ပညာနှင့်ပတ်သက်၍ ကျူးကျော်စော်ကားသော စကားများကိုကား သည်းမခံနိုင်အောင် ရှိတော့သည်။

သိန်းသန်း ကုမ္ပဏီသူဌေး ကိုခင်မောင်နှင့် စာရေးဆရာ ဒါရိုက်တာ ဦးကျော်ဇောတို့သည် သူတို့ရိုက်နေဆဲ ဇာတ်ကားအတွက် ကိုဘခက်ထံမှ သီချင်းလာအပ်ခြင်း ဖြစ်သည်။

ယခုအချိန်မျိုးတွင် ကိုဘခက်အနေနှင့်ကား လာသမျှအလုပ်ကို အဆင်ပြေအောင် လက်ခံမည်ကိုလည်း သဘောပေါက်ထားပြီး ဖြစ်သည်။ ထို့ကြောင့်လည်း တတ်နိုင်သမျှ အဘက်ဘက်မှ အလျှော့ပေး၍ ဆက်ဆံသည်။

သို့သော် ဦးကျော်ဇော၏ စကားများမှာ တင်စီးလွန်းသည်ဟု ထင်သည်။ ပညာကို စော်ကားသည်ဟုလည်း သဘောပေါက်မိသည်။ ကိုဘခက်သည် ပျော့ပျောင်းဆုံးနည်းဖြင့် ဆက်ဆံရန် ကြိုးစားသော်လည်း နောက်ဆုံး ဦးကျော်ဇောပြောသော စကားမှာ လူတစ်ယောက်၏ အနုပညာကို အထင်သေး အမြင်သေးဖြင့် စော်ကားလာသည်ကား ထင်ရှားလှသည်။

'ဦးကျော်ဇော ပြောတဲ့အဓိပ္ပာယ်က ဘယ်လိုလဲ ခင်ဗျာ…၊ ဦးကျော်ဇောရဲ့ ဇာတ်ကားအတွက် ကျွန်တော်က သီချင်းစပ်ပေးရမယ်၊ ဒါပေမယ့် ဒီသီချင်းကို ဦးကျော်ဇောက မကြိုက်ရင် မယူဘူး ဆိုတော့ ကျွန်တော် ကြိုးစားသမျှ အချိန်ကုန်လူပန်းပြီး အလကားဖြစ်မနေဘူးလား'

ဦးကျော်ဇောသည် ဆေးပေါ့လိပ်ကို တစ်ချက်မျှဖွာလိုက်ပြီးလျှင် လက်တစ်ဖက်ဖြင့် သူ့ပေါင်ကို တဖြန်းဖြန်း ပုတ်၍ပုတ်၍ နေလိုက်၏။ သူ၏ ဖြူဖွေးသော သွားများကိုပေါ်အောင် အဖြဲသား ပြုံးလိုက်ပြီးလျှင် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

'ကျုပ်လည်း သဘောပေါက်ပါတယ်၊ ဒါပေမယ့် ခင်ဗျား သီချင်းကို ကြိုက်လွန်းလို့ ကိုရဲမောင်မှာ မေးပြီး လိုက်လာတာ၊ ကိုရဲမောင်ကလည်း ခင်ဗျားကို ချီးကျူးပါတယ်၊ ဒါပေမယ့် ကိုဘခက်ရဲ့…ရုပ်ရှင်ဆိုတာ သီချင်းကောင်းတိုင်းလည်း မဟုတ်ဘူး၊ ဇာတ်နဲ့အံဝင်မှ ပိုပြီး

ထိရောက်တယ်၊ ကျွန်တော်လည်း ပညာသည်တစ်ယောက်အနေနဲ့ ပညာသည်တွေရဲ့ မာနကို နားလည်ပါတယ်ဗျာ၊ ဒါပေမယ့် ခုသီချင်းကတော့ အရေးကြီးဆုံးဖြစ်နေလို့ ကျွန်တော် ဈေးများပါရစေဗျာ၊ ဆရာအေးတောင် ကျွန်တော် ဒါကြောင့် မအပ်တာ၊ ဈေးများချင်တယ်လို့သွားပြောရင်ဆဲလွှတ်မှာ၊ ဒီတော့ နောင်လည်း အလုပ်ဖြစ်အောင် ဒါတစ်ခုတော့ သည်းခံပေးပါဗျာ'

ဦးကျော်ဇောသည် သူ့လိုလားချက်ကို အလိမ္မာဆုံး နည်းဖြင့် အချိုသပ်၍ ပြောလိုက်သည်။

ကိုဘခက်ကမူ ကိုယ့်ပညာကိုလည်း မထိခိုက်အောင် အလုပ်လည်းဖြစ်အောင် အလျှော့နိုင်ဆုံးနည်းကို စဉ်းစားနေမိသည်။

'ကျွန်တော် အကြံတစ်ခုပေးပါရစေ၊ ဦးကျော်ဇော လိုချင်တဲ့အတိုင်းလည်းဖြစ်အောင် ကျွန်တော့်ဘက်ကလည်း သိပ်မနာရအောင် ကျွန်တော် တစ်ခုအစီရင်ခံပါရစေ၊ ကျွန်တော့်အတွက် သီချင်း ဘယ်နှစ်ပုဒ်အပ်မယ်လို့ ရည်ရွယ်ထားပါသလဲခင်ဗျာ၊ ဈေးအနေနဲ့ ကျွန်တော်မပြောချင်ပါဘူး၊ ဒါပေမယ့် ကိစ္စရှင်းအောင် တစ်ပုဒ်ကို ဘယ်လောက်ပေးမယ် ရည်ရွယ်ထားတယ်ဆိုတာ ကျွန်တော် သိပါရစေ'

ဦးကျော်ဇောသည် သူ့ဌေး ဦးခင်မောင်ဘက်သို့ တစ်ချက်မျှ ပြုံး၍ ကြည့်လိုက်သည်။

'ကဲ... ကိုခင်မောင်၊ ဈေးကို ခင်ဗျား ပြောရမလား၊ ကျွန်တော် ပြောရမလား၊ ကျွန်တော့် အနေနဲ့တော့ ဈေးမဖြတ်ချင်ဘူးဗျာ...'

ဦးခင်မောင်သည် တစ်ချက်မျှ ငိုင်၍ စဉ်းစားနေရာမှ ဦးကျော်ဇောအား ယုံကြည်လေးစားသော အမူအရာဖြင့် ကြည့်ရင်း ဖြေလိုက်လေသည်။

'ဒါကတော့ ဆရာတစ်ခုပါပဲ၊ ဆရာ ကြိုက်သလို ဆုံးဖြတ်ပါ၊ ဇာတ်ကား တစ်ထုပ်လုံးတောင် ဆရာ စီစဉ်တာကို လိုက်လျောခဲ့တာ၊ တစ်သောင်း... နှစ်သောင်း မင်းသမီးကိစ္စကိုတောင် ကျွန်တော် ဘာဝင်ပြောလို့လဲ ဆရာ၊ ဒီကိစ္စလောက်တော့ ကျွန်တော် ပြောစရာမလိုပါဘူး၊ ဆရာ ကြိုက်သလိုလုပ်ပါ၊ ကျွန်တော် ကျေနပ်ပါတယ်'

http://www.cherrythitsar.org



ဦးကျော်ဇောသည် ဆေးပေ့ါလိပ်ကို မှိန်း၍ဖွာရင်း ခေါင်းကို တဆတ်ဆတ်ညိတ်နေလိုက်သည်။

သူ လိုချင်သော စကားကို ဦးခင်မောင်ထံမှ ရသဖြင့် ကျေနပ်ဟန်လည်းရှိသည်။

ကိုဘခက်ကမူ သူတို့နှစ်ဦးကိုသာ အကဲခတ်ကြည့်နေမိသည်။ ဦးကျော်ဇောက ဆုံးဖြတ်ရမည့်ဈေးကို စိတ်တွက်တွက်နေရင်း ခွက်ထဲမှ ဆေးပေ့ါလိပ်ကို ယူ၍ မီးညှိလိုက်သည်။

'ကဲ…ဒီလိုလုပ်ဗျာ၊ သီချင်းက ဒီကားအတွက် သုံးပုဒ်အပ်မှာပဲ၊ နှစ်ပုဒ်က ခင်ဗျား ကြိုက်သလိုရေး၊ ကျွန်တော်တို့ လိုချင်တဲ့သဘော ထားပါရင် ပြီးရောပေ့ါ၊ ကျွန်တော်ပြောတဲ့ အရေးအကြီးဆုံး သီချင်းကတော့ ကျွန်တော် ဈေးများပါရစေ၊ ကြိုက်ရင် နှစ်ရာပေးမယ်ဗျာ၊ ကျန်နှစ်ပုဒ်ကတော့ တစ်ရာစီ ထားပေ့ါ'

ကိုဘခက်သည် ခေါင်းငုံ့၍ စဉ်းစားနေရာမှတစ်ဖက်သို့လှည့်ကြည့်လိုက်သည်။

ထိုအတွင်း မ,သည် ကော်ဖီလင်ဗန်းကို ကိုင်၍ စားပွဲဘေးတွင် အသင့်ရပ်နေသည်ကို တွေ့ရသည်။

မ,က ခုလိုအလိုက်သိလွန်းတော့လည်း ကိုဘခက်မှာ စိတ်မကောင်းဖြစ်မိသည်။

မ,သည် ကျိုးနွံသော အမူအရာဖြင့် ဧည့်သည်များအတွက် ကော်ဖီကို ချ၍ ပေးလိုက်သည်။

'ကော်ဖီ သုံးဆောင်ပါဦးရှင်'

မ,၏အသံကလေးမှာ အိမ်ရှင်မလို ပျူငှာမှုလည်းပါသည်။ အခိုင်းအစေကဲ့သို့ ကျိုးနွံမှုလည်း ပါသည်။ ကိုဘခက်က မ,အတွက် အလိုလို ဝမ်းနည်းမိသည်။

ဦးကျော်ဇောက မ,ကိုအသေအချာ အကဲခတ်၍ ကြည့်နေသည်။ ကိုဘခက်က ဦးကျော်ဇောကို ကြည့်နေရာမှ သူ၏ဆုံးဖြတ်ချက်ကိုပြောလိုက်သည်။

'တကယ်လို့ ဈေးများမယ်ဆိုတဲ့ သီချင်းကို ဦးကျော်ဇောက မကြိုက်ရင် ကျွန်တော့်အတွက်က ဘယ်လို အကျိုးခံစားခွင့်ရှိပါသလဲ'

http://www.cherrythitsar.org



'ဒါတော့ဗျာ ကျွန်တော်တို့မကြိုက်လို့ မသုံးတဲ့သီချင်းအတွက်တော့ ဘယ်မှာ အကျိုးခံစားခွင့်ရှိပါ့မလဲ'

ကိုဘခက်သည် နောက်သို့မသိမသာအကဲခတ်၍ ကြည့်နေလိုက်သည်။

အိပ်ခန်းအပေါက်ဝတွင် စိုးရိမ်တကြီးစောင့်၍ နားထောင်နေသော မ,ကို တွေ့ရသည်။

မ,မျက်နှာကို မြင်လိုက်ရတော့ ကိုဘခက်စိတ်များ ပျော့ညံ့၍ မသွားရန် မနည်းတင်း၍ ထားရသည်။

ဦးကျော်ဇောတို့၏ စကားများကိုကား ကိုဘခက်အနေနှင့် လက်ခံ၍ မရတော့ချေ။

'ကျွန်တော့်ဘက်ကလည်း အလုပ်သမားတစ်ယောက်အနေနဲ့ စဉ်းစားပါဦး ခင်ဗျာ၊ ဦးကျော်ဇောတို့အပ်တဲ့ သီချင်းကိုစပ်ရာမှာ ကျွန်တော့်ဦးနှောက်ရော လူပါ ဘယ်လောက် ပင်ပန်းမယ်ဆိုတာ အထူးပြောစရာမလိုပါဘူး၊ တစ်ရက်လည်းဟုတ်မယ်၊ နှစ်ရက်သုံးရက်လည်း ဟုတ်ချင်ဟုတ်မယ်၊ အရေးကြီးတဲ့သီချင်းဆိုတော့ ပေးထားတဲ့အတိုင်း အမိ ကြိုးစားပြီး စပ်ရမှာပါ၊ တစ်ပုဒ်မကြိုက်ဘူး၊ နှစ်ပုဒ်မကြိုက်ဘူး၊ ဆယ်ပုဒ် မကြိုက်ဘူးဆိုရင် ကျွန်တော်ကြိုးစားရချက်နဲ့ ကုန်တဲ့ အချိန်တွေအတွက် ကျွန်တော့်မှာ မနစ်နာဘူးလား၊ ကျွန်တော့်ဘက်က ဒီပင်ပန်းမှုအတွက် မနစ်နာအောင် ဖြစ်ရင်တော့ ပိုကောင်းမှာပဲ'

'ဒါကြောင့် ကျွန်တော်တို့ မူလဈေးထက် နှစ်ဆပေးထားတာပေါ့၊ ဒီမှာဗျာ ကိုဘခက်၊ ကျွန်တော်နဲ့ နောက်ဆက်ဆံကြည့်ပါ၊ ကျွန်တော်လည်း ဘယ်အနုပညာမဆို လေးစားတဲ့လူပါ၊ ကျွန်တော့်ကားမှာပါတဲ့ သီချင်းတွေဟာ ကျွန်တော် ဒီလို ဈေးများလွန်းလို့ လူကြိုက်များတာပေါ့'

'ဒါလည်း ဟုတ်ချင် ဟုတ်မှာပဲ၊ ဒါပေမယ့် သီချင်းတစ်ပုဒ်ကျော်စောတာဟာ ဦးကျော်ဇော ဈေးများလို့ချည်း မဟုတ်ပါဘူး၊ သီချင်းရေးဆရာရဲ့ အရည်အချင်းဆိုတဲ့ လူ့ရဲ့အစွမ်း၊ အတီးဆရာများရဲ့ ပညာ ဒါတွေ အားလုံးပေါင်းပြီးမှ ပြောင်မြောက်တယ်လို့ ကျွန်တော်

http://www.cherrythitsar.org



ထင်တယ်၊ ထားပါလေ၊ ဒါတွေကတော့ ကျွန်တော်မှားချင်လည်းမှားမှာ ပေါ့၊ ဒါပေမယ့် …’

ဦးကျော်ဇောသည် ကိုဘခက်၏ စကားကြောင့်မျက်နှာပျက်နေသည်။

ထို့ကြောင့်လည်း စကားကိုဆုံးအောင်ပင် မစောင့်ဘဲ ဖြတ်၍ ပြောလိုက်သည်။

‘ဒီမှာ… ကိုဘခက်၊ ကျွန်တော့်ကားမှာပါသမျှ သီချင်းတွေ ကျွန်တော်ကိုယ်တိုင် စာသားထုတ်ပေးတာ၊ သူများအလုပ်ကို ကျွန်တော် မစော်ကားတတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်လည်း တစ်ချိန်က သီချင်းရေးလာခဲ့တာပါ၊ ဒီတော့ တစ်ခု စဉ်းစားပါဗျာ၊ ကျွန်တော်တို့ မသုံးတဲ့ ပစ္စည်းတစ်ခုအတွက် အခကြေးငွေ ပေးရမယ်ဆိုတာတော့ ကုမ္ပဏီဘက်ကလည်းကြည့်ပါဦး၊ ကျွန်တော်လည်း ရိုင်းတဲ့လူတွေမဟုတ်ပါဘူး၊ နောက် ဆက်ဆံကြည့်ပါ’

‘တစ်ခု စဉ်းစားပါဗျာ၊ ဦးကျော်ဇော အခုရိုက်တဲ့ ဇာတ်ကားကို ကြိုက်ရင်ကြိုက်သလောက် ပိုက်ဆံပေးမယ်၊ တစ်ကျပ်တန်းကကြည့်ရင် နှစ်ကျပ်ပေးမယ်၊ မကြိုက်ရင် တစ်ပြားမှ မပေးဘူးဆိုရင် ဦးကျော်ဇော ကျေနပ်ပါ့မလား’

ကိုဘခက်၏ အမေးကြောင့် ဦးကျော်ဇောမှာ မျက်စိမျက်နှာ မလှ ဖြစ်တော့သည်။

သူဌေး ဦးခင်မောင်ကမူ စိတ်ဆိုးလာပုံရလေသည်။

‘ဒါကတော့ ဒီလိုပြောလို့ ဘယ်ရမလဲဗျာ၊ ကျုပ်တို့ဇာတ်ကားကို ကျုပ်တို့ယုံကြည်လို့ တစ်သိန်းနှစ်သိန်း အကုန်ခံရိုက်တာပေါ့၊ ကဲ… ဆရာ ရှည်ရှည်ဝေးဝေး ပြောမနေနဲ့တော့၊ တခြားလူတွေ ရှိပါတယ်’

ဦးခင်မောင်သည် ဒေါသဖြင့် လေသံခပ်မာမာဖြင့် ပြောလိုက်သည်။

ကိုဘခက်သည် ဦးခင်မောင်ကို မျက်တောင်မခတ်စိုက်၍ကြည့်နေလိုက်သည်။

‘ဦးတို့ ကျေနပ်မှ အပ်ပါ၊ ဒါပေမယ့် အလုပ်စကား ပြောတဲ့နေရာမှာ အလုပ်စကားကိုပဲ ပြောရမှာပဲ၊ သီချင်းတစ်ပုဒ်ကို လေးငါး

http://www.cherrythitsar.org



ဆယ်ရက်ကြိုးကြိုးစားစားစပ်ပြီးမှ ဦးတို့ မကျေနပ်ဘူးဆိုတော့ ကျွန်တော် လွှင့်ပစ်ရမလား၊ ငတ်လို့လုပ်တာ မဟုတ်ဘူး ဦးရေ၊ တတ်လို့လုပ်တာ၊ ပိုက်ဆံမရပေမယ့် လူကတော့ အငတ်ခံနိုင်တယ်၊ ပညာကိုတော့ အစော်ကား မခံနိုင်ဘူး၊ ဒီတော့ တခြားလူတွေရှိရင် တခြားမှာ အပ်ပါ၊ ကျွန်တော့် အနေနဲ့ကတော့ ဒီပညာနဲ့ အသက်မွေးနေရပေမယ့် ငတ်ချင်ငတ်ပါစေ၊ ပညာကိုတော့ တစ်ရွေးသား အလျှော့မပေးဘူးဆိုတာ ယုံပါ၊ ကိုယ့်ပညာကို အလျှော့ပေးပြီးလုပ်တဲ့ လူမျိုးဆိုတာက ပညာသည်တွေမဟုတ်ပါဘူး၊ မိန်းမပေါ့·· မိန်းမပျက်တွေလို လူစားမျိုးပါ၊ ကျွန်တော် ဦးတို့နဲ့ အလုပ်ဖြစ်ချင်ပါတယ်၊ ဒါပေမယ့် အပေါစား ပညာသည်ဖြစ်မှာကိုတော့ ကျွန်တော် မခံနိုင်ဘူး၊ အသက်လောက် လေးစားတဲ့ပညာကိုတော့ ဈေးပေါပေါနဲ့ မရောင်းနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်'

ဦးကျော်ဇောသည် ကိုဘခက်အား လှောင်ပြုံးပြုံး၍ တစ်ချက်မျှကြည့်လိုက်သည်။

ပြီးမှ ခပ်ငေါ့ငေါ့ ချီးကျူးလိုက်လေသည်။

'ကြိုက်ပါ့ဗျာ၊ ပညာမာနစိတ်ကိုတော့ ချီးကျူးပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ပြောချင်တယ်၊ ဘယ်ပညာမဆို နာမည်မကြီးခင်မှာ အနစ်နာခံရတာပဲ၊ နာမည်ကြီးလာတော့ ကိုယ်ပြောသလိုဖြစ်တယ်၊ မာနကြီးချင်လို့လည်းရတယ်၊ အများနဲ့လုပ်ရတဲ့အလုပ်တွေမှာ သိပ်ခေါင်းမာလို့ မရဘူး၊ ကဲ·· ပြန်ဦးမယ်ဗျာ၊ ခင်ဗျား စိတ်ပြောင်းလာတဲ့အချိန်မှာတော့ ထပ်ပြီး တွေ့ကြသေးတာပေါ့'

ဦးကျော်ဇောက ပြောပြောဆိုဆိုပင် နေရာမှထလိုက်သည်။ ဦးကျော်ဇော မထွက်ခင်ကပင် ကိုဘခက်က သူမကျေနပ်သော စကားကို ပြန်၍ ချေပလိုက်သည်။

'ခေါင်းပျော့တဲ့လူတွေဟာ နာမည်ကြီးချင်ရင်လည်း ကြီးပါလိမ့်မယ်၊ ကြီးပွားချင်လည်း ကြီးပွားပါလိမ့်မယ်၊ ဒါပေမယ့် လောကမှာ ခေါင်းပျော့တယ်ဆိုတဲ့ လူတွေဟာ လူညံ့တွေပါ၊ ကိုယ့်အလုပ် ကိုယ့်ပညာကို မယုံတဲ့သူတွေပါ၊ ကျွန်တော်တို့အနေနဲ့ တကယ်စွယ်စုံမြောက်တဲ့ ပညာသည်ကြီးတွေ မဟုတ်ပေမယ့် ကိုယ့်အလုပ် ကိုယ့်ပညာကိုတော့

http://www.cherrythitsar.org



အပေါစား မလုပ်ရဲပါဘူး၊ အပေါစားလုပ်တဲ့လူတွေလိုလည်း ခေါင်းမပျော့ချင်ပါဘူး။

'ပညာအတွက်တော့ ကျွန်တော်ခေါင်းမာပါရစေ၊ နောက်လည်း ပညာစိတ်ရှိပြီး ခေါင်းမာတဲ့ လူတစ်ယောက်ပဲ ဖြစ်ပါရစေ၊ ကျွန်တော် စိတ်ပြောင်းလို့ ဦးတို့ မသုံးချင်လည်း အတော်ခံဖို့ အသင့်ပါပဲ၊ ဒါပေမယ့် ဦး လိုလားသလို အပေါစားပညာသည် တစ်ယောက်တော့ ကျွန်တော့် တစ်သက် မဖြစ်ဘူးဆိုတာတော့ ယုံသွားစမ်းပါခင်ဗျာ'

ဦးကျော်ဇောသည် သရော်ဟန်ဖြင့် တစ်ချက်မျှ အသံထွက်အောင် ရယ်လိုက်ပြီးလျှင် အပေါက်ဝမှ ပြန်လှည့်၍ ကိုဘခက်အားခနဲ့လိုက်သည်။

'အေးဗျာ... ချီးကျူးပါတယ်၊ ခင်ဗျားရဲ့ပညာမာနမျိုးကို ယုံလည်းယုံပါတယ်၊ အမြဲ ဒီလို မာနထားနိုင်ပါစေလို့လည်းဆုတောင်းပါ တယ်'

ဦးကျော်ဇောသည် ပြောပြောဆိုဆိုပင် အိမ်ပေါ်မှ ဆင်းသွားလေသည်။

ကိုဘခက်သည် အံကိုကြိတ်၍သာ ဦးကျော်ဇောတို့ ထွက်သွားသော လမ်းဘက်ဆီသို့ မကျေမချမ်းဖြင့် ကြည့်နေမိသည်။ ကိုဘခက်၏ မျက်နှာမှာ ခုမှ ပို၍ တင်းမလာလာသည်။

မ,သည် ကိုဘခက်၏နောက်မှရပ်လိုက်ပြီးလျှင် ကိုဘခက်၏ပခုံးနှစ်ဖက်ကို အသာဆုပ်ကိုင်လိုက်သည်။

ကိုဘခက် မကျေမချမ်းသည်ကို မ,က ဖြေဖျောက်၍ ပေးလိုသည်။

သို့သော် ပညာနှင့်ပတ်သက်လာသောကိစ္စကို မ,အနေနှင့်မပြောလိုချေ။

ကိုယ်က ဆရာလုပ်သည့်အဖြစ်ကိုလည်း ရောက်မှာစိုးမိသည်။ ထို့ကြောင့် ရုတ်တရက်ဘာမှမပြောဘဲ ကိုဘခက်၏ပခုံးကိုပွတ်သပ်၍နေမိတော့သည်။

ကိုဘခက်က မ,လက်တစ်ဖက်ကိုဆွဲ၍သူ့ဘေးတွင်ထိုင်လိုက်စေသည်။

http://www.cherrythitsar.org



မ,မျက်နှာကို မြင်လိုက်ရပြန်တော့လည်း စောစောက ဒေါသစိတ်တို့သည် အလိုလို လွင့်စဉ်သွားတော့သည်။

'ကိုယ်အတတ်နိုင်ဆုံးအလျှော့ပေးပါတယ် မ,ရယ်၊ အလုပ်လည်း ဖြစ်ချင်ပါတယ်၊ ဒါပေမယ့် ပညာကို စော်ကားတဲ့အထိတော့ ကိုယ်အလျှော့မပေးနိုင်ဘူး၊ ဒါတွေနဲ့ပတ်သက်ပြီး မ,ဘယ်လိုမှ မအောက်မေ့စေချင်ဘူး၊ ကိုယ့်ကို ခွင့်လွှတ်စေချင်တယ်'

ကိုဘခက်က လှိုက်လှိုက်လှဲလှဲ တောင်းပန်လိုက်ပြန်တော့လည်း မ,မှာ ရင်ထုမနာ ဖြစ်မိရတော့သည်။

'မ,အတွက်ကြောင့်တော့ မောင့်ရဲ့ပညာကို အလျှော့မပေးပါနဲ့၊ ထမင်းထုပ်အတွက်လောက်တော့ မ,သင်ထားတဲ့ ကျောင်းပညာနဲ့ ရှာလို့ ရပါတယ်'

ကိုဘခက် မ,လက်ကလေးကို အသာဆွဲ၍ သူ့ပါးဖြင့် ကပ်ထားလိုက်သည်။

'မ,စေတနာကို ကိုယ် နားလည်ပါတယ် မရယ်၊ ဒါပေမယ့် အရာရာကို စွန့်လွှတ်ပြီး ခုန်ဆင်းလာတဲ့ မ,အတွက်မှ တာဝန်မယူနိုင်ရင် ကိုယ့်ဘဝဟာ ဘယ်လောက်တောင် ရှက်ဖို့ကောင်းတယ်ဆိုတာ စဉ်းစားကြည့်ပါ၊ လောကဓံမီးရဲ့ ပူပြင်းတဲ့ဒဏ်ကို ခံစရာရှိရင် ကိုယ်ပဲခံမယ်၊ မ,ကိုတော့ ကိုယ့်အရိပ်အောက်မှာ ခိုစေချင်တယ်၊ ကိုယ့်စေတနာကိုတော့ မ,ယုံစေချင်တယ်'

မ,သည် ကိုဘခက်၏ရင်ပြင်တွင် သူ့မျက်နှာကိုအပ်၍ထားလိုက်သည်။

ပြီးမှ တုန်ယင်လှိုက်လှဲသော အသံဖြင့် မပွင့်တပွင့် ညည်းလိုက်ရှာသည်။

'မ,အတွက် မောင့်ရဲ့အနုပညာကိုထိခိုက်မှာတော့ မ,အကြောက်ဆုံးပဲ၊ မ,ကိုချစ်ရင် မ,အတွက် ငဲ့ကွက်ပြီးတော့ မောင့်ပညာကိုတော့ အလျှော့မပေးချင်ပါနဲ့ မောင်၊ မောင့်ရင်ခွင်တွင်းကို ဆင်းလာကတည်းက မ,ဟာ အရာရာကို စွန့်လွှတ်မယ်၊ ကျရောက်လာသမျှ လောကဓံရဲ့ဒဏ်ချက်ကို မငြိုမငြင်ခံမယ်ဆိုတာ ဆုံးဖြတ်ထားပြီးသားပါ မောင်၊ မ,လေ

http://www.cherrythitsar.org



မောင့်ရဲ့ပါရမီကို ဖြည့်တင်းနိုင်တဲ့ မယားကောင်းတစ်ယောက် ဘဝကို ရရင်ပဲ ကျေနပ်လို့ မဆုံးတော့ပါဘူး'

'တော်ပါတော့ မ,ရယ်၊ မ,ဆီက ဒီလိုစကားမျိုးကြားရတော့ မ,ကို ချစ်ရတဲ့ ကိုယ့်အချစ်ဟာ ရင်ထဲမှာ မဆံ့နိုင်တော့ဘဲ ပွင့်ထွက်သွား လိမ့်မယ်'

မ,သည် ဘာမျှပြန်၍မပြောတော့ဘဲ ကိုဘခက်ကိုသာ တင်းတင်း ကျပ်ကျပ်ကြီး ဖက်ထားလိုက်မိတော့သည်။

ကိုဘခက်ကလည်း မ,၏သေးသွယ်သောခါးကလေးကိုရစ်သိုင်း ၍ ဖက်ထားလိုက်သည်။

ချစ်မေတ္တာ၏ မှတ်ကျောက်သည် ဘဝအကျပ်အတည်းအတွင်း မှအတူ ရုန်းကန်ရင်း သိသာ ထင်ရှားစေမည်ကို ကိုဘခက်နှင့် မ,တို့ ကိုယ်တိုင် ယုံကြည်စွဲမြဲထားပြီး ဖြစ်ကြောင်းကား ယုံမှားသံသယရှိစရာ မလိုတော့ချေ။

●

## (၂၃)

ဦးကျော်ဒင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ မ,မှာ ထိတ်လန့်အံ့သြမိသည်။ ဦးကျော်ဒင်၏မျက်နှာကား ပကတိ တည်ငြိမ်လှ သည်။

မ,ကို ကြင်နာသော မျက်လုံးများဖြင့် အတန်ကြာမျှ စိုက်ကြည့် နေသည်။

ပြီးမှ ရွှင်လန်းအားရစွာ ပြုံးလိုက်သည်။

မ,သည် ဦးကျော်ဒင်ကိုကြည့်၍ မှင်တက်မိတော့သည်။ လက်ထဲမှ ချုပ်လက်စ ကိုဘခက်၏ လုံချည်စတစ်ဖက်ကိုသာ ဆုပ်၍ ထားရင်း ကြောင်၍ ကြည့်နေမိတော့သည်။

http://www.cherrythitsar.org



ဦးကျော်ဒင်ကမူ မ,ကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီးလျှင် တစ်ခန်းလုံးကို အကဲခတ်ကြည့်နေလိုက်သည်။

မ,တို့နေသော အခန်းကျဉ်းကလေးကို မြင်လိုက်ရကတည်းကပင် ဦးကျော်ဒင်၏ရင်ထဲ၌ကား ဆို့နင့်၍သွားတော့သည်။ မ, စိတ်မချမ်း မည်စိုး၍သာ ဟန်ဆောင်နေရသည်။

သမီး၏သိမ်ငယ်သောဘဝကို မြင်ရတော့လည်း ကိုယ့်စိတ်ကိုဖြေ၍ အရနိုင်အောင်ရှိတော့သည်။ အခြေအနေချင်းက နှိုင်းစာတော့လည်း ကွာခြားလွန်းလှသည်။ ခုနစ်ဆောင်အိမ်တွင် မပင်မပန်း မနွမ်းမနယ် တင့်တောင့်တင့်တယ် နေခဲ့ရသည့်ဘဝမှ ယခုလို ထရံကာဆယ်ပေအခန်း ကျဉ်းကလေးတွင် ဆင်းရဲညှိုးနွမ်းစွာ နေရသည့်အဖြစ်ကို မြင်ရတော့ စိတ်ထဲတွင် တွေးတိုင်းထိခိုက်မိသည်။

ဖခင်၏မျက်နှာကိုမြင်ရရုံမျှနှင့် မ,ကရိပ်မိပြီးဖြစ်သည်။ထို့ကြောင့်လည်း မ,က မျက်နှာကိုအတတ်နိုင်ဆုံး ရွှင်ရွှင်လန်းလန်းထား၍ ဖခင်အပေါ်တွင် ရပ်လိုက်သည်။

'မောင်ဘခက် တစ်ယောက်ရော သမီး'

ဦးကျော်ဒင်သည်တည်ငြိမ်သောအသံဖြင့် တစ်လုံးချင်းမေးလိုက်သည်။

'အလုပ်သွားပါတယ်၊ ရုပ်ရှင်သီချင်းတွေသွင်းဖို့ ခြံထဲသွားပါတယ်'

'အလုပ်အကိုင်ကရော နေရာကျပုံရရဲ့လား'

မ,သည် ရုတ်တရက်ပြန်၍မဖြေဘဲ စဉ်းစားနေလိုက်မိသည်။ မိဘကို မုသားလည်း မသုံးလို။

အမှန်အတိုင်း ပြောလျှင်လည်း ဖခင် စိတ်မချမ်းသာမည်ကိုလည်း စိုးရိမ်မိသည်။

http://www.cherrythitsar.org



'အစဆိုတော့လည်း မောင့်ပညာကိုလူတွေက မသိကြသေးဘူးပေါ့ ဖေဖေ၊ ခုတော့ မိတ်ဆွေအသိုက်အဝန်း အဆက်အသွယ်တွေလည်းရလာပါပြီ၊ ရေဒီယိုက အပတ်စဉ် အသံလွှင့်လို့ သူ့သီချင်းတွေလည်း လူသိများလာပါပြီ'

ဦးကျော်ဒင်သည် အက်ကွဲသော အပြုံးဖြင့် ခေါင်းကိုညိတ်လိုက်ရင်း မီးဖိုခန်းဆီသို့ လျှောက်ခဲ့သည်။ မီးဖိုခန်းမှ အိုးခွက်များကိုအကဲခတ်လိုက်သည်။

ဟင်းအိုးများကို လှန်လှော၍ မသိမသာ ကြည့်လိုက်သည်။

အသားဟင်းဆိုသော်လည်း ဆီပြန်မဟုတ်။

အရည်ကျဲကျဲနှင့် နည်းနည်းသာ ချက်ထားသည်ကို မြင်လိုက်ရသည်။

'ဟင်းတွေ ဘာတွေ သမီးကိုယ်တိုင် ချက်ရသလားဟင်'

'ဟုတ်ပါတယ် ဖေဖေ'

ဦးကျော်ဒင်သည် အိမ်ရှေ့ခန်း၌ ပြန်ထိုင်ရင်း မ,ကို ကရုဏာလွှမ်းသော မျက်လုံးများဖြင့် တွေတွေကြီး စိုက်ကြည့်နေသည်။

'ငါ့သမီး သိပ်ပြီးပင်ပန်းမှာပဲနော်'

ဦးကျော်ဒင်က မရိုတင်ကဲပြောလိုက်သဖြင့် မ,မှာဖခင်အတွက် ဝမ်းနည်းမိရပြန်သည်။

'မိန်းမသားတွေရဲ့ အဆင့်အတန်းဆိုတာ လင်ကို အခါမလပ် လုပ်ကျွေးပြုစုခြင်းပါပဲ ဖေဖေ၊ လင်သားကိုပြုစုရတာ သမီးပင်ပန်းတယ်လို့ မထင်ပါဘူး ဖေဖေ၊ လူပင်ပန်းတယ် ထင်ပေမယ့် သမီးစိတ်ထဲမှာတော့ ဒီပင်ပန်းမှုကိုပဲ ကြည်နူးစရာလို့ ခံစားရပါတယ်'

'ဖေဖေ သာဓုခေါ်ပါတယ် သမီး၊ သမီးအဖို့မှာတော့ သံယောဇဉ် အသစ်တိုးလို့ ဖြေသိမ့်နိုင်ပေမယ့် ဖေဖေ့မှာတော့ မပြတ်နိုင်တဲ့ သံယောဇဉ်က ဝေးကွာ ဆုံးရှုံးရတဲ့အတွက် မဖြေနိုင်ဘူး၊ ခုလာတာ

ဒီစိတ်နဲ့ လာခဲ့တာပဲ၊ အစကတော့ ဒီသံယောဇဉ်အတွက် စိတ်ဆင်းရဲ မခံတော့ပါဘူး၊ အပင်ပန်းမခံတော့ပါဘူးလို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမယ့် ပုထုဇဉ်တွေကိုးကွယ်၊ တကယ်ပြတ်နိုင်ဖို့က အခက်သားကလား၊ ဒါကြောင့် ဖေဖေ လာခဲ့တာ၊ သမီးထွက်သွားကတည်းက မောင်အေးကို ချော့မေးလို့ သမီးတို့နေရာကို ဖေဖေ သိပါတယ်၊ ဒါပေမယ့် ... သမီးတို့ အနှောင့်အယှက် ဖြစ်မှာစိုးလို့လည်းတစ်ကြောင်း၊ မိဘအပေါ် တောင် သံယောဇဉ်ပြတ်နိုင်တဲ့ သမီးကလေးပါကလားလို့ တွေးပြီး နာကြည်းတာက တစ်ကြောင်း၊ မတွေ့တော့ဘူးလို့ ဆုံးဖြတ်ခဲ့တယ်၊ ခုတော့ အသက်ကြီးလေ တွယ်တာဖို့အချိန်က လျော့နည်းလာတော့ ပိုတွယ်ရလေပဲ၊ သမီးကို တစ်ခုကူညီပါရစေ၊ ဒီစေတနာကို လက်မခံရင်တော့ ဖေဖေ ယူကျုံးမရ ဖြစ်ရလိမ့်မယ်'

ဦးကျော်ဒင်၏ မျက်လုံးများသည် တောက်ပ၍နေတော့သည်။ အသံက အက်ကွဲလာသည်။

မ,သည် တဆတ်ဆတ်တုန်နေသော ဦးကျော်ဒင်၏ လက်ထဲမှ ရာတန် အထပ်လိုက်ကို မြင်လိုက်ရသောအခါ မဆည်တန့်နိုင်တော့ချေ . . .။

ခေါင်းကိုသာ တွင်တွင်ယမ်း၍ ရှိုက်ကြီးတငင် ငိုလိုက်မိလေတော့သည်။

'သမီး ဖေဖေတို့ကို နောက်ထပ် ဒုက္ခမပေးပါရစေနဲ့ ဖေဖေ... ဒီငွေတွေကိုလည်း မယူပါရစေနဲ့ဖေဖေ၊ သမီးကို ခွင့်လွှတ်ပါ'

ဦးကျော်ဒင်သည် ရာတန်ငွေစက္ကူများကို လုံးထွေး ဆုပ်ကိုင်လိုက်ပြီးလျှင် မ,လက်ထဲသို့ အတင်း ထိုးထည့်နေတော့သည်။ မ,က ဦးကျော်ဒင်လက်ကို ဆီး၍ ကာလိုက်ရှာလေသည်။

'ဖေဖေ တစ်ခုပြောပါရစေ သမီးရယ်၊ ကျန်တဲ့ သမီးတွေရဲ့ မင်္ဂလာအခမ်းအနားဆိုရင် ဒီမျှမက ငွေကုန်ခံရတယ်ဆိုတာ သမီး သိပါတယ်၊ သမီး မင်္ဂလာကိစ္စမှာ သဘောမတူတာတောင် နောက်ဆုံး မိဘ ဝတ္တရားအတိုင်းတော့ ဆောင်ရွက်ပေးသင့်တယ် မဟုတ်လား၊

http://www.cherrythitsar.org



ဒါပေမယ့် ဖေဖေ့ စေတနာဟာ အများအားကို မလွန်ဆန်နိုင်ခဲ့ဘူး၊ နောက်ဆုံး ဖေဖေ မပြောရက်ပေမယ့် တစ်နေ့ သမီးသိမှာမို့ ပြောခဲ့မယ်၊ သမီးဟာ ဖေဖေတို့ရဲ့ အကျိုးစီးပွားကို တစ်သက်လုံး ဆက်ခံနိုင်ခွင့် မရှိတော့ဘူး၊ သမီးမေမေနဲ့ အစ်မက အတိအလင်း ကြေညာလိမ့်မယ်၊ ခုလည်း သမီးမေမေတို့ မသိအောင် ဖေဖေ့အိတ်ထဲက ငွေကို လာပေးတာ ဖေဖေ့ကို ချစ်ရင် လက်ခံပါသမီးရယ်'

မမျှော်လင့်သော သတင်းကို ကြားလိုက်ရသဖြင့် မ,ရင်ထဲတွင် မီးခဲကို မျိုလိုက်ရသလို ပူလောင်မိလေသည်။

တစ်သက်လုံး ချစ်ခင်ရိုသေလာခဲ့ရသော မိဘ၏စွန့်ပစ်မှုကို ခံရပြန်တော့လည်း ဝမ်းနည်းကြေကွဲ၍ မဆုံးနိုင်အောင် ရှိတော့သည်။ မ,သည် ဦးကျော်ဒင်၏ ရင်ခွင်တွင်းသို့ မျက်နှာကိုမြှုပ်ကာ စိတ်ရှိလက်ရှိ ငိုလိုက်မိတော့သည်။

'မ,ကို ဒါလောက်တောင် စိတ်နာနေကြပြီလား၊ အခု မ,ကို သေခန်းဖြတ်ကြတော့မယ်ပေါ့၊ မ,လေ ဖေဖေကြီးတို့ဆီက အကျိုးခံစားခွင့်ကို ဘာမျှမမျှော်ကိုးပါဘူး၊ အမွေလည်း မလိုချင်ပါဘူး၊ ဒါပေမယ့် မ,ကို သမီးတစ်ယောက်လိုမှ သဘောမထားနိုင်လောက်အောင် သံယောဇဉ် ဖြတ်လိုက်တာကိုတော့ မ, ဝမ်းနည်းတယ် ဖေဖေ'

မ,က သူခံစားရသည့်အတိုင်း တစ်ချက်ချင်း ရှိုက်၍ပြောလိုက်သောအခါ ဦးကျော်ဒင်ကိုယ်တိုင် သူ့စိတ်ကို သူမထိန်းနိုင်အောင် ရှိတော့သည်။

ဦးကျော်ဒင်သည် မ,၏ ခေါင်းကလေးကို အသာပွတ်၍ နှစ်သိမ့်လိုက်ရှာသည်။

'စိတ်ဆိုးတုန်းမို့ လုပ်ကြတာပါကွယ်၊ စိတ်ပြေတော့လည်း ပြီးသွားမှာပါ၊ ဒါကြောင့် ဖေဖေတောင် သူတို့ကို အကျောက်အကန်မကန့်ကွက်ပါဘူး၊ စဉ်းစားဖို့ အချိန်ဆွဲထားတယ်၊ ပြီးတော့လည်း ဒီကိစ္စကို ဖေဖေ သဘောမတူဘဲ မပြီးပါဘူးကွယ်၊ ကဲ‥ ဖေဖေပေးတဲ့ ငွေကိုတော့ သမီး လက်ခံနော်၊ ဒီငွေကို ပြန်ယူသွားရရင် ဖေဖေ စိတ်

http://www.cherrythitsar.org



ကောင်းတော့မှာ မဟုတ်ဘူး၊ ဖေဖေ စိတ်ချမ်းသာစေချင်ရင် ဖေဖေ ပြောတာကို နားထောင်ပါကွယ်၊ ကဲ…ဖေဖေလည်း ပြန်မှပဲ၊ အကြောင်း ရှိရင် မောင်အေးဆီကို စာရေးပြီးလွှတ်လိုက် ကြားလား…'

မ,သည် ဦးကျော်ဒင်ပေးသော ငွေစက္ကူအထပ်လိုက်ကို လက် နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ဦးကျော်ဒင်၏ အပေါ်အင်္ကျီအိတ်ထဲသို့ အသာ ပြန်၍ ထည့်လိုက်သည်။

'သမီးတို့ မလိုသေးပါဘူး ဖေဖေ၊ မလိုတုန်း ဒီငွေပိုရရင် ပျောက်ပျက်သွားလိမ့်မယ်၊ သမီးလိုတဲ့အခါ တခြား ဘယ်မှသွားစရာ မရှိပါဘူး ဖေဖေ၊ အဲဒီတော့ ဖေဖေကြီးဆီ တောင်းပါရစေ၊ ဖေဖေ ကြီးရဲ့ ကျေးဇူးတရားတွေဟာ သံသရာမှာတောင် ဆပ်လို့မကုန်အောင် ကြီးမားလှပါတယ်၊ သမီးကို ကျေနပ်ပါ ဖေဖေ၊ ဆရာ ကိုဘခက် အကြောင်းလည်း ဖေဖေ သိသားပဲ၊ သူ့သဘောကို မသိရဘဲနဲ့ ဒီငွေကို လက်ခံရင် သမီးဘက်က တာဝန်ချွတ်ယွင်းဦးမယ်၊ သမီးကို ခွင့်လွှတ် ပါနော်'

ဦးကျော်ဒင်သည် ဆို့နင့်သော မျက်လုံးများဖြင့် မ,ကို အတန် ကြာမျှ စိုက်ကြည့်နေသည်။

ပြီးမှ သက်ပြင်းကို မှုတ်ထုတ်လိုက်ရင်း မ,၏ ခေါင်းကိုအသာ သပ်၍ ပေးလိုက်သည်။

'သာဓုပါကွယ်… သာဓု၊ ဒီလိုဆို ဖေဖေ ကျေနပ်ပါတယ်၊ ဒါ ပေမယ့် သမီးတို့ အကျပ်အတည်း ဖြစ်တဲ့အခါတော့ ဖေဖေ့ဆီကို လွှတ် နော်၊ တစ်ထောင်မျိုး ငါးရာမျိုးဆိုတာတော့ ဖေဖေ အလွယ်တကူ ပေးနိုင်ပါတယ်၊ ကဲ… ဖေဖေ သွားမယ်'

ဦးကျော်ဒင်သည် မ,ကို နှုတ်ဆက်ပြီးလျှင် အခန်းတွင်းမှ ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားသည်။

မ,သည် ဦးကျော်ဒင် ကားထွက်သွားသည်အထိ မျက်စိတစ်ဆုံး ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

http://www.cherrythitsar.org



ဖခင်၏မေတ္တာနှင့် စေတနာကို တွေးရင်း မရင်ထဲ၌ကား ဝမ်းသာ ဝမ်းနည်း ဖြစ်မိတော့သည်။ ကိုယ့်အပေါ်တွင် အရာရာ ယုယကြင်နာနေရှာသော ဖခင်နှင့် ကွဲကွာ၍ နေရသောဘဝကို ဝမ်းနည်းမိသည်။

မိခင်နှင့် အစ်မများက သေခန်းဖြတ်သည့် အချိန်မျိုးတွင် သမီးတစ်ယောက်၏အပြစ်ကိုပင် ခွင့်လွှတ်၍ စိုးရိမ်ပူပန်သောစိတ်ဖြင့် ကူညီစောင့်ရှောက်ရန်လာသော ဖခင်ကို တွေ့ရသဖြင့် ဝမ်းသာအားတက်မိသည်။

မ,သည် လမ်းတစ်ဖက်ဆီသို့ ငေး၍ကြည့်ရင်း တဝေ့ဝေ့လည်နေသော အတွေးတွင် နစ်မျောနေမိသည်။

အတန်ကြာမှ ကိုယ်လုပ်ရမည့် အလုပ်များကို သတိရမိသည်။ သည်တော့မှလည်း အိမ်တွင်းသို့ ပြန်ဝင်ခဲ့သည်။ ခုတော့လည်း အိမ်ရှင်မ ဖြစ်နေ၍ အိမ်ရှင်မတို့၏ တာဝန်ကို ကျေပွန်ရမည်ဟု မ,က အလိုလို နားလည်ပြီး ဖြစ်သည်။

မ,သည် ချုပ်လက်စ လုံချည်ကို အစသပ်အောင် ချုပ်လိုက်သည်။ ပြီးမှ နေ့စဉ်လုပ်နေကျ အလုပ်များကို တစ်ခုပြီးတစ်ခု ဆက်၍ လုပ်ရတော့သည်။

မနက်မိုးမလင်းမီအိပ်ရာမှထ၍ ရေနွေးအိုးတည်ရသည်။ နောက်ဈေးသွားသည်။ အပြန် ကိုဘခက်နိုးနေလျှင် ကိုဘခက်အတွက် ကော်ဖီနှင့် လက်ဖက်ရည်ကြမ်းကို ပြင်ပေးရသည်။

ထမင်းကြမ်းကျန်လျှင် ထမင်းကြမ်းနှင့် ပဲပြုတ်ကိုကြော်၍ပေးရသည်။ အလုပ်စောစော သွားရသည့်အခါ ကိုဘခက်သည် ထမင်းကြမ်းကြော်နှင့်ပင် မနက်စာကို အပြီးစားသွားရသည်။ ထမင်းအချိန်မီ ကျက်လျှင်လည်း ထမင်းချိုင့်ထည့်၍ ပေးလိုက်ရသည်။

နေ့ခင်း အားလျှင် အိမ်ကိုရှင်းရသည်။ ကိုဘခက်၏ သီချင်းစာရွက်များကို သိမ်းရသည်။ စာရေးစားပွဲကို ရှင်းရသည်။ အဝတ်လျှော်ရသည်။

ရေချိုးပြီးလျှင် စာအုပ်ကိုလှန်၍ တစ်ရွက်နှစ်ရွက်မျှ ဖတ်လိုက်လျှင် ညနေစာ ထမင်းစားချိန် ရောက်လာတော့သည်။

ဤသို့ဖြင့် မ ၏တစ်နေ့လုပ်ငန်းသည် နားရသည်မရှိချေ။ လုပ်စတော့ အလွဲလွဲအချော်ချော် ဖြစ်တတ်သည်။ ထမင်းရည်ပူလောင်တတ်သည်။

ထမင်းပျော့သည့်အခါ ထမင်းနဲ၊ မာသည့်အခါ ကျောက်ခဲ။ တစ်နည်းနည်းနှင့်တော့ အဆင်မပြေ ဖြစ်တတ်သည်။ ကိုဘခက်မူ မ ချက်ပေးသမျှ ထမင်းနှင့်ဟင်းကို မြိန်ရေယှက်ရေ စားတတ်သည်။ သို့စားရင်းမှ မ ပင်ပန်းသည့်အတွက်ကို တဖွဖွညည်းတတ်သည်။ မ ၏ အိမ်ရှင်မ ပီသပုံကို ထပ်တလဲလဲ ချီးကျူးတတ်သည်။

ဤသည်ပင်လျှင် တစ်နေကုန် ပင်ပန်းရရှာသော မ အတွက် ကြည်နူးနှစ်သိမ့်မှု တစ်ရပ်ပင် မဟုတ်ပါလော။

ခုလည်း မ သည် ရေချိုးဖြီးလိမ်းပြီးလျှင် ညစာကိုချက်ပြုတ်ရသည်။ ထမင်းအိုး ကျပြန်တော့လည်း ဟင်းကို စဉ်းစားရပြန်သည်။ ဟင်းကို စဉ်းစားတိုင်း ကိုယ့်အကြိုက်ကို မစဉ်းစားနိုင်။ ကိုဘခက်ကြိုက်တတ်ရာရာကို ဈေးဝယ်စဉ်ကပင် စဉ်းစား၍ ဝယ်ရသည်။

ချက်တော့လည်း ချစ်သူစိတ်ကြိုက်ဖြစ်အောင် ချက်ရပြန်သည်။ မ သည် ထမင်းအိုးကျလျှင် မနက်ကျန်သော ကြက်သားကို အာလူးဖြင့် ထပ်ရောချက်သည်။

ပြီးမှ ဟင်းချို၊ ပြီးမှ ငါးပိရည် တို့စရာ အားလုံးကျမှ မ သည် အိမ်ရှေ့ခန်းတွင် စာအုပ်နှင့်ထိုင်ရင်း ကိုဘခက်ကို လည်တဆန့်ဆန့်ဖြင့် မျှော်ရရှာသည်။

ရုံးအလုပ် မဟုတ်တော့လည်း အချိန်မမှန်။ တစ်ရံတစ်ခါ ညပါဆက်ရသည့်အခါများတွင် မ သည် စာအုပ်တစ်အုပ်နှင့် ည၉နက်သန်းခေါင်ထိအောင် ထိုင်၍ စောင့်နေမိတတ်သည်။

ကိုဘခက်က ထမင်းမစားဘဲ ည၉နက်သန်းခေါင်ထိအောင် စောင့်နေသည်ကို ကရုဏာဒေါသောဖြင့် အပြစ်ဆိုတတ်သည်။

http://www.cherrythitsar.org



သည်တော့လည်း မ ့မှာ ချစ်လင် ကျေနပ်ရုံ အဆာပြေစားထား ရသည်။

အိပ်မပျော်သော်လည်း မှေးခနဲ အိပ်ပျော်သွားသည်ဟု လိမ်၍ ပြောရသည်။ ဤသည်ပင်လျှင် အိမ်ထောင်ရေး သုခဟု မ ့က ထင်မိသည်။

ကနေ့လည်း မ ့သည် စာအုပ်တစ်အုပ်နှင့် ကိုဘခက်ကို ထိုင်၍ စောင့်နေမိသည်။

ကိုဘခက်ပြန်လာတော့ ကိုးနာရီပင်ထိုးလုပြီ။ မ ့သည်အပေါက် ဝမှ ဆီးကြို၍ ကိုဘခက် လက်ထဲမှ တယောသေတ္တာကို လှမ်းယူလိုက်သည်။

'ကနေ့ မောင် ပြန်လာတာ စောပါတယ်နော်'

'မ ့ရော ထမင်းစားပြီးပြီလား၊ မ ့ဖို့ ခေါက်ဆွဲဝယ်လာတယ်'

မ ့က ကိုဘခက်လက်ထဲမှ ခေါက်ဆွဲထုပ်ကို လှမ်းယူရင်းပြုံးလိုက်သည်။

ကိုဘခက်သည် အလုပ်မှပြန်၍လာတိုင်း မ ့အတွက် တစ်ခုခုဝယ် လာတတ်သည်ကို မ ့က သိထားနှင့်ပြီးဖြစ်သည်။

မ ့သည် ခေါက်ဆွဲကို ပန်းကန်တစ်ခုတွင်ထည့်၍ အသင့်ပြင်ထားသော ထမင်းဝိုင်းတွင် ချပေးလိုက်သည်။ ပြီးမှ ကိုဘခက်အတွက်ထမင်း ခူးပေးလိုက်သည်။

'အစောကြီး ပြန်ရဖို့ပဲ မ ့ရာ၊ သီချင်းလေးသုံးပုဒ်နဲ့ မိုးချုပ်တာပဲ၊ တို့ဂီတသမားတွေကလည်း တချို့က အချိန်မလေးစားကြဘူး၊ နာမည်ကြီးတဲ့သူတွေက သာဆိုးသေးတယ်၊ လောဘကြီးပြီး တစ်နေ့တည်း နှစ်နေရာလောက် လက်ခံထားရော၊ ပြီးတော့ အချိန်ကျရင်သူတို့ကမပေါ်လာဘူး၊ ကနေ့လည်း စန္ဒရားဆရာကိုစောင့်ရတာ ညနေသုံးနာရီမှ သွင်းရတယ်၊ ဝမ်းရေးအတွက်မို့သာ လုပ်ရတယ်၊ တစ်ခါတစ်ခါ တော်တော်စိတ်ပျက်စရာ ကောင်းတယ်'

'မောင်ကိုယ်တိုင် ဝင်ပြီး တီးလိုက်ပါလား မောင်ရဲ့'

'ဘယ်ရမလဲ မ,ရယ်၊ ရန်ကုန်ဆိုတာနာမည်ရှိမှ အလုပ်လုပ်လို့ရ တာ၊ တတ်တိုင်းလုပ်လို့ရတာ မဟုတ်ဘူး'

မ,သည် ကိုဘခက်စကားကို နားထောင်ရင်း ကိုဘခက်ပန်းကန် ထဲသို့ ခေါက်ဆွဲများ ခပ်၍ထည့်ပေးလိုက်သည်။

'မောင် စားမကောင်းဘူးလား၊ မောင်စားတာ ကြည့်ရတာ မ,ဖြင့် အားမရပါဘူး'

'ခြံထဲမှာ ကော်ဖီနဲ့မုန့်နဲ့ကျွေးလို့ စားခဲ့ရသေးတာ၊ ခုလိုစောစော ပြီးမယ်ဆိုရင် မစားခဲ့ပါဘူး'

'မသိဘူးလေ၊ မ,ချက်တဲ့ဟင်းများ မကြိုက်လို့လားလို့'

ကိုဘခက်သည် မ,ကိုပြုံး၍ကြည့်လိုက်ရင်း မ,မေးဖျားကလေးကို လက်ဖျားဖြင့် မ,တင်လိုက်သည်။

'မ,နဲ့ အတူစားရတာ အမြဲတမ်း ဟင်းတစ်ခွက် အပိုရနေလို့ စားမကောင်းဘဲ ဘယ်ရှိမလဲ၊ မ,မျက်နှာကလေးကို ကြည့်ပြီးစားရ တာ ကမ္ဘာမှာ အကောင်းဆုံးဟင်းလျာနဲ့ စားရတာထက် အရသာရှိ ပါတယ်ဗျာ'

မ,သည် ရှက်ပြုံးကလေး ပြုံး၍ ခေါင်းကို ငုံ့လိုက်မိသည်။

'မောင်လည်း ရပ်ရှင်ခြံထဲအလုပ်ဆင်းမှ အမူအရာရော ပြောတာ ဆိုတာပါ တိုးတက်နေပြီနော်၊ ဒါပဲ·· တော်တော်ကြာ မင်းသမီးတွေ ဘက်ပါသွားရင် မ, တစ်ယောက် ဒုက္ခရောက်နေဦးမယ်'

'အမယ်လေး···မင်းသမီးတွေက မောင်တို့လို တယောဆရာ အညွှ စားလောက်တော့ မမှန်းသေးဘူး၊ အနည်းဆုံး စစ်ဗိုလ်လောက်မှ မှန်း တာ မ,ရာ'

စကားတပြောပြောနှင့်ပင် ထမင်းဝိုင်းသည် ပြီးမှန်းမသိပြီးသွား သည်။

http://www.cherrythitsar.org



မ္ဂက ဆေးစရာကြောစရာများကို ဆေးကြောနေရသည်။ ကိုဘခက်က အိမ်ရှေ့ခန်းတွင် ဆေးပေါ့လိပ်ဖြင့် မှိန်းနေသည်။

မ္ဂထွက်လာသောအခါ ကိုဘခက်သည် သူ့အိတ်ထဲမှ ဆယ်တန် နှစ်ရွက်နှင့် ကျပ်တန်များကို မ္ဂသို့ လှမ်း၍ပေးလိုက်သည်။

'သုံးဆယ်ရခဲ့တယ် မ္ဂရေ၊ ခေါက်ဆွဲကတစ်ကျပ်၊ မောင်သုံးတာက တစ်ကျပ်၊ အားလုံး နှစ်ဆယ့်ရှစ်ကျပ်၊ တစ်ပတ်တစ်ခါ ဈေးဖိုးလောက်တော့ ရမှာပေါ့'

'ဒီလိုပေါ့ မောင်ရယ်၊ ဘာပဲဖြစ်ဖြစ် ငတ်တော့ မငတ်နိုင်ပါဘူး…'

မ္ဂက ကိုဘခက် စိတ်မကောင်းဖြစ်မည် စိုး၍ အားပေးစကားပြောလိုက်ရသော်လည်း မီးဖိုချောင်ကို အုပ်ချုပ်ရသူဖြစ်၍မို့ ဈေးဖိုးပြတ်မှာတော့ စိုးရိမ်မိသည်။

ခုလည်း ပါသမျှပိုက်ဆံမှာ ကုန်သလောက်ရှိတော့သည်။ အိမ်တွင် နေစဉ်က မ္ဂကိုယ်တိုင် သိမ်းထားသော ငွေနှစ်ရာကျော်သုံးရာလောက်မှာ အိမ်တွင်းတိုလီမိုလီကအစ ဝယ်ရသဖြင့် ကုန်သွားတော့သည်။ ကိုဘခက်တွင်ရှိသောငွေမှာလည်း မ္ဂလက်ထဲသို့ အားလုံးအပ်ထားခဲ့ရာ အိမ်သုံးစရိတ်ဖြင့်ပင် တတိတိ ကုန်သွားပြန်သည်။

လက်ထဲတွင် ငွေမရှိတော့လည်း မ္ဂမှာ အလိုလို အားငယ်မိသည်။

သို့အားငယ်သော်လည်း ချစ်လင်ကိုကား ဖွင့်၍မပြောရဲချေ။ ဖွင့်ပြောလိုက်လျှင် ချစ်လင် စိတ်မကောင်းဖြစ်မည်ကို စိုးရိမ်မိသည်။ နောက်ဆုံး ငွေပြတ်လျှင် ကိုယ်တွင်ပါလာသော ဆွဲကြိုးနှင့် နားကပ်ကို ထုခွဲ၍ စားမည်ဟု ဆုံးဖြတ်ထားသည်။

ယခုလို အကျပ်အတည်း ရောက်တော့မည့် အခြေအနေခရီးတွင် ကိုဘခက်၏ တယောထိုးခ ငွေကလေး ရပြန်တော့လည်း အသက်ရှူချောင်သလို ရှိတော့သည်။

http://www.cherrythitsar.org



ထို့ကြောင့်လည်း မ,က ကိုဘခက်ကို အားပေးစကားပြောလိုက်ခြင်းဖြစ်သည်။

ကိုယ်ရေးကြံုတော့လည်း သက်လုံကောင်းရသည်။ ငတ်မည့်အရေးကြံုလျှင် ကိုယ်တတ်ထားသော ပညာဖြင့် လုပ်ကိုင်စားသောက်မည်။

သူ၏ အနုပညာကိုတော့ တန်ဖိုးအလျှော့မခံဟု ဆုံးဖြတ်ထားမိသည်။

ကိုဘခက်ကမူ မ,အဖြစ်ကို ရိပ်မိပုံမရချေ။ ဘဝရှေ့ရေးကိုသာတွေးရင်း စိတ်ပူနေဟန်ရှိသည်။

'ငတ်တဲ့ဘဝတော့ အရောက်မခံပါဘူး မရယ်၊ နောက်ဆုံးလမ်းဘေးမှာ တယောထိုးပြီး တောင်းစားရစားရ မ,ကိုတော့ မငတ်စေရဘူး'

'မောင့်ပညာကို မ,အတွက် တစ်ရွေးသား အထိခိုက်မခံပါဘူးမောင်ရယ်၊ မ,အတွက်သာ မောင့်ပညာကို ထိခိုက်လာမယ်ဆိုရင် မ,လေ မောင်နဲ့ ဝေးရာကို ပြေးတော့မှာပဲ'

ကိုဘခက်က မ,၏ပါးစပ်ကို လက်ဝါးဖြင့် အုပ်လိုက်သည်။ ပြီးမှ တစ်ကိုယ်လုံးကို ရင်ခွင်တွင်းသို့ ပွေ့ယူဖက်ထားလိုက်သည်။

'ကိုယ့်ဘဝမှာ ကိုယ်အမြတ်နိုးဆုံးအရာနှစ်ခုက ဆုံးရှုံးခံရမယ်ဆိုရင် ကိုယ်ဟာ ဒီလောကထဲမှာ ရပ်တည်ပြီး နေချင်စိတ်တောင်ရှိတော့မှာမဟုတ်ဘူး၊ ဒါကိုတော့ မ,စွဲစွဲမြဲမြဲ ယုံစားစေချင်တယ်၊ လောကမှာ ကိုယ်အမြတ်နိုးဆုံးအရာ နှစ်ခုရှိတယ်၊ တစ်ခုက ဂီတအနုပညာ၊ နောက်တစ်ခုက မ,ပဲ၊ ဒီနှစ်ခုစလုံးဖြစ်စေ တစ်ခုခုပဲဖြစ်စေ ကိုယ်ဆုံးရှုံးသွားရင် ကိုယ်ဟာ လူ့ပြည်မှာရှိနေလည်း ရှင်လျက်နဲ့ သေနေတာပဲလို့မှတ်ထားပေတော့'

ကိုဘခက်က သူ၏စိတ်ရင်းအတိုင်း ဖွင့်ဟလိုက်ပြန်တော့လည်း မ မှာ နားထောင်ရင်း ရင်တုန်မိတော့သည်။ မ က ကိုဘခက်၏လည်ပင်းကို သူ၏လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်ပြီးလျှင် ပါးချင်းကပ်ထားလိုက်သည်။

ပြီးတော့လည်း တုန်ယင်လှိုက်လှဲသော အသံဖြင့် တောင်းပန်လိုက်ရှာသည်။

'အလကားပါ မောင်ရယ်၊ မ ဟာ မောင့်အနားက တစ်ဖဝါးမှ မခွာနိုင်လို့ မောင့်နောက်ကို လိုက်ခဲ့တာ မဟုတ်လား၊ မောင်နဲ့ မ မခွဲနိုင်ပါဘူး မောင်ရယ်၊ ဒါပေမယ့် မ ရင်ထဲမှာ ရှိတဲ့အတိုင်း ပြောရမယ်ဆိုရင် မ အတွက်ကြောင့် မောင့်မှာ မပင်ပန်းစေချင်ဘူး၊ မ ရဲ့ စားဝတ်နေရေးကြောင့် မောင့်ပညာကို မဆုံးရှုံးစေချင်ဘူး၊ မောင့်နောက်ကို မ လိုက်လာတာဟာ မောင့်ပါရမီကို ကူညီဖြည့်စွမ်းချင်လို့ပါ၊ ဒီစေတနာနဲ့ မ ပြောတာပါ၊ မ က စေတနာနဲ့ ပြောလိုက်တဲ့စကားဟာ မောင့်အပေါ်မှာ လွန်ကျူးရာကျရင် ခွင့်လွှတ်ပါ မောင်'

ကိုဘခက်သည် မ တစ်ကိုယ်လုံးကို တအားဖက်၍ ထားလိုက်မိသည်။

ချစ်သူ၏ သန့်ရှင်းမွန်မြတ်သော စေတနာကို တွေ့ရပြန်တော့လည်း မဖော်ပြနိုင်အောင် ကြည်နူးနှစ်သိမ့်မိသည်။

'မ က လိမ္မာသိမ်မွေ့လွန်းလေ ကိုယ့်မှာ ရင်မောလေပဲ မ ရယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ရုန်းကန်ရမယ့် ခရီးကတော့ ကြာလိမ့်ဦးမယ်၊ ဒီအချိန်အတွင်း မ စိတ်မငယ်ဖို့ဘဲ လိုတယ်'

'မောင်နဲ့ အတူနေရသမျှ မ ဘယ်တော့မှ စိတ်မငယ်ဘူးဆိုတာ ယုံစမ်းပါ မောင်ရယ်၊ နေစမ်းပါဦး… မ ကို အခုထိ မယုံသေးဘူးလား'

'ယုံပါတယ်ဗျာ၊ ယုံတာထက်လွန်လို့ ရင်ထဲမှာ မောနေရတာ'

မ ့သည် ကိုဘခက်၏အင်္ကျီကော်လံကို ဖြန့်လိုက် ခေါက်လိုက် လုပ်နေရင်းမှ မပွင့်တပွင့် ပြုံးလိုက်သည်။

ကိုဘခက်က မ ့၏လည်တိုင်ကြော့ကလေးကို လက်ဖြင့် အသာပွတ်နေမိသည်။

'ကနေ့ ကိုယ်လေ စောင်းမရှိတာ ငွေသုံးဆယ်လောက်နာသွားတယ်၊ သီချင်းတွေသွင်းတော့ စောင်းနဲ့တစ်ပုဒ်သွင်းရမယ်၊ အဲဒါစောင်းမရှိတော့ မယ်ဒလင်နဲ့သွင်းလိုက်ရတာပေါ့၊ စောင်းသာရှိရင် ကိုယ်တီးရမှာ'

ကိုဘခက်စကားကို နားထောင်ရင်း မ ့မှာ နေ့ခင်းက ကိစ္စကို သွား၍ သတိရမိသည်။ ဦးကျော်ဒင်ပေးသော ငွေကိုသာ ယူလိုက်လျှင် ကိုဘခက်အတွက် စောင်းတစ်လက် ကောင်းကောင်းဝယ်၍ပေးနိုင်မည်။

အမှန်တော့လည်း ဖခင်ကြီး စိတ်ကျေနပ်အောင်ပင် ပေးသောငွေကို ယူထားလိုက်ချင်သည်။

သို့သော် ကိုဘခက်၏သဘောထားကိုမသိရ၍ မယူလိုက်ခြင်းဖြစ်သည်။

ကိုဘခက်က စောင်းအကြောင်းပြောမှပင် မ ့သည် ဖခင်ကြီးငွေလာပေးသည်ကို ကိုဘခက်အား ပြောမိတော့သည်။

'သြော်··· ဒါထက် မောင့်ကို ပြောရဦးမယ်၊ နေ့ခင်းက ဖေဖေကြီး လာတယ်၊ မောင့်ကိုလည်း မေးတယ်'

'ဟင်·· ဦး လာသလား၊ ဘာတွေပြောသွားသေးလဲ၊ မ ့ကိုရောပြန်များ ခေါ်သေးလား'

ကိုဘခက်သည် မမျှော်လင့်သော သတင်းကိုကြားလိုက်ရသဖြင့် တအံ့တသြ ဖြစ်နေတော့သည်။ မ ့က ကိုဘခက် စိုးရိမ်ပူပန်တတ်ပုံကို တွေးရင်း ပြုံးမိသည်။

http://www.cherrythitsar.org



'မ ့ကို ပြန်မခေါ်ပါဘူး မောင်၊ မ ့တို့ဘယ်လိုနေတယ်ဆိုတာ လာပြီး အကဲခတ်တာပါ၊ ပြီးတော့ ငွေလည်းအတင်းပေးသွားသေးတယ်။ မ ကတော့ ဖေဖေကြီး စိတ်ချမ်းသာအောင် လက်ခံမလို့ပါပဲ၊ ဒါပေမယ့် မောင်က ကျေနပ်ချင်မှ ကျေနပ်မှာမို့ လက်မခံနိုင်ဘူး၊ အကြောင်းရှိရင် မောင်အေးဆီကို စာရေးလွှတ်လိုက်တဲ့၊ ငါးရာ တစ်ထောင်ကတော့ အချိန်မရွေး ပေးမယ်လို့ ပြောတယ်၊ မောင် စောင်းဝယ်ချင်ရင် တောင်းလိုက်မယ်လေ'

ကိုဘခက်သည် တစ်ချက်မျှငိုင်၍စဉ်းစားရင်း ခေါင်းကိုတစ်ချက်ချင်း ယမ်းလိုက်သည်။

'ဦးရဲ့စေတနာကိုတော့ ကျေးဇူးတင်ပါတယ် မရယ်၊ ဒါပေမယ့် ဒီအကူအညီကို လက်ခံလို့ ဘယ်ကောင်းပါ့မလဲ၊ ကိုယ့်အိုးကိုယ့်အိမ်နဲ့ ထူထောင်နေရတဲ့ ဘဝမျိုးမှာ သူများ အကူအညီ အထောက်အပံ့ကို လက်ခံရင် ညံ့ရာကျမှာပေါ့'

ကိုဘခက်၏ မာနကို သိထားသော မ ့မှာ ဘာမျှဆက်မပြောရဲတော့ချေ။

ချစ်သူ၏ သတ္တိနှင့်မာနကိုသာ အလိုလို လေးစားကြည်ညိုမိတော့သည်။

'မောင့်သဘောအတိုင်းပါ၊ မဟာ မောင်ရဲ့ ဇနီးတစ်ယောက် အနေနဲ့ မောင့်အလိုကို ဘယ်အခါမှ ဆန့်ကျင်ပြီး မလုပ်ပါဘူး မောင်'

'ဘဝနဲ့အချစ်ဆိုတာ ရုန်းကန်မှုရှိမှ တောက်ပြောင်ခိုင်မာတယ် ဆိုတာကိုယ်တော့ယုံကြည်ထားတယ်၊ ကိုယ်ယုံကြည်သလို မ ့လည်းယုံစေချင်တယ်'

ကိုဘခက်က မ၏ နားထင်ဆံစကလေးများကို သပ်ရင်းကလေးငယ်ကို ဆုံးမသလို ပြောလိုက်ပြန်တော့လည်း မက အပြစ်ကင်းစင်သော မျက်နှာငယ်ကလေးကဲ့သို့ ကိုဘခက်၏ ရင်ပြင်တွင် သူ့မျက်နှာ

http://www.cherrythitsar.org



ကို ကပ်ထားရင်း လေသံညင်းညင်းဖြင့် တစ်ခွန်းချင်းပြန်၍ပြောလိုက်ရှာသည်။

'မောင် ယုံကြည်တဲ့အရာမှန်သမျှဆိုရင် မကို မေးစရာတောင် မလိုပါဘူးမောင်၊ မောင်ယုံကြည်သလို မလည်း ယုံကြည်ပါတယ်မောင်၊ မရဲ့ နှလုံးသားနဲ့ ဦးနှောက်ဟာ မောင့်ဆီမှာပဲ ရှိပါတယ် မောင်'

မက ချစ်သူအပေါ်တွင် အကြွင်းမဲ့ မေတ္တာနှင့်သစ္စာတရားကို ရိုးသားစွာ ဖွင့်ဟလိုက်ပြန်တော့လည်း ကိုဘခက်မှာ ဘာမျှပြန်၍မပြောနိုင်တော့ချေ။ မ၏ ပါးပြင်နုနုကိုသာ တယုတယ နမ်းလိုက်လေတော့သည်။

●

## (၂၄)

မသည် ကိုဘခက်၏သေတ္တာထဲမှ ဓာတ်ပုံကိုကြည့်ရင်း ရတ်တရက် ငိုင်နေမိသည်။

ကိုဘခက်၏သေတ္တာကို မ,သည်အကြိမ်ကြိမ်ဖွင့်ဖူးသည်။ ဂရုစိုက်ကား တစ်ခါမျှ မကြည့်ခဲ့ဖူးချေ။

ဖွပ်လျှော်၍ မီးပူတိုက်ပြီးသား အဝတ်အစားများကိုအလိုက်သင့်ထည့်၍ ထားတတ်သည်။

တစ်နေ့တော့ မသည် ကိုဘခက်၏အဝတ်အစားများကို မီးပူတိုက်ပြီးလျှင် သေတ္တာထဲသို့ နေရာတကျထည့်ရန် ဟန်ပြင်လိုက်သည်။ သေတ္တာ

http://www.cherrythitsar.org



ကို ဖွင့်လိုက်လျှင်ပင် ပို့စ်စကတ်အရွယ် ဓာတ်ပုံတစ်ပုံကိုမမျှော်လင့်ဘဲ တွေ့ရသည်။

မိန်းကလေးဓာတ်ပုံဖြစ်၍လည်း မက အတန်ကြာမျှ ငိုင်၍ကြည့်နေမိသည်။

ဓာတ်ပုံကျောဘက်သို့ လှန်လိုက်သောအခါ ကိုဘခက် လက်ရေးဖြင့် ရေးထားသော စာတန်းကလေးက မ,စိတ်ကို ပို၍ လှုပ်ရှားစေသည်။

'ကိုယ့်ဘဝ သစ်ရွက်လို ကြွေလွင့်အောင် တိုက်ခတ်လိုက်သော မုန်တိုင်းမလေး နန်းသီဂီ'

မ,သည် သေတ္တာထဲသို့ ထည့်မည့်အဝတ်အစားများကို ဘေးတွင် အသာချ၍ ဓာတ်ပုံကို ကြည့်နေမိသည်။

ကျောဘက်မှ စာတန်းကလေးက မ,စိတ်ကို ပို၍လှုပ်ရှားစေ၏။ စာကိုဖတ်ရင်း အလိုလို ဝမ်းနည်းလာသည်။ ကိုဘခက်ကိုပင်မကျေမနပ် ဖြစ်မိသည်။

ဓာတ်ပုံရှင် မိန်းကလေး၏ မျက်နှာကိုကြည့်လိုက်ပြန်တော့လည်း မိန်းမချောကလေးတစ်ဦး ဖြစ်နေသည်။

ဝတ်စားဆင်ယင်ထားပုံမှာလည်း ဇာတ်မင်းသမီး (သို့မဟုတ်) နန်းဆန်ဆန် ဝတ်စားထားသဖြင့် မ,မှာ မတွေးတတ်အောင် ရှိတော့သည်။

ဓာတ်ပုံရှင် မိန်းမချောနှင့် ကိုဘခက်တို့၏ နောက်ကြောင်းဇာတ်လမ်းကို သိလိုစိတ်များ တဖွားဖွား ပေါ်၍လာသည်။ မ,သည် သိလိုစိတ်ကို ချုပ်တည်း၍ မရတော့ချေ။

ကိုဘခက် သေတ္တာတစ်ခုလုံးကို မွှေနှောက်၍ရှာမိသည်။ဓာတ်ပုံရှင် နန်းသီဂီနှင့် သက်ဆိုင်သော စာရွက်စာတမ်းတို့ကား တစ်ခုမျှ မတွေ့ရတော့ချေ။

သည်တော့မှလည်း မက စိတ်ကိုလျှော့လိုက်သည်။ ကိုဘခက်၏ ပစ္စည်းများကို နေရာတကျ ပြန်ထားလိုက်သည်။

မ,သည် တစ်နေကုန် ဓာတ်ပုံရှင်မိန်းကလေး၏ မျက်နှာပြင်ကို သာ မြင်ယောင်နေသည်။

သည်အကြောင်းကိုသာ တလည်လည်တွေးမိသည်။ လုပ်စရာရှိ သည်တို့ကို လုပ်နေရသော်လည်း ဘာကိုမျှ စိတ်မဝင်စားနိုင်ချေ။ ကိုဘ ခက်နှင့် အတိတ်မှ မြူပ်ကွက်ကလေးများကိုသာ ပြန်၍တွေးရင်းစိတ်ကူး နှင့် ဖော်၍ ကြည့်နေမိသည်။ စိတ်မှန်းနှင့်ဖော်ရသည်မှာလည်း ဘာတစ် ခုမှ မရေရာလှချေ။

နောက်ဆုံး၌ သည်အကြောင်းကို မေ့ပျောက်လိုက်ရန်သာ ကြိုး စားရတော့သည်။

ကိုဘခက်ကို မေးလျှင်လည်း သိစေလိုလျှင် ကောင်း၏။ မသိ စေလိုခဲ့သော် နှစ်ဦးစလုံး စိတ်ဆင်းရဲမည်။ ထို့ကြောင့်လည်း မ,သည် သည်အကြောင်းနှင့် ပတ်သက်၍ မက ကိုဘခက်ကိုလည်းမေးရန် စိတ် မကူးတော့ချေ။

ကိုယ့်စိတ်တွင်း၌သာကျိတ်၍ ဖျောက်ဖျက်ထားရန် ဆုံးဖြတ်ထား လိုက်သည်။

ကိုဘခက်ပြန်လာတော့လည်း ခါတိုင်းလိုပင် ဟန်မပျက်နေလိုက် သည်။

မည်မျှပင်ဟန်ဆောင်၍နေသော်လည်း ညပိုင်းရောက်တော့ မ, သည် တစ်ယောက်တည်း အိပ်ရာသို့ဝင်၍ လဲနေမိသည်။ စိတ်ကအလိုလို ငယ်နေမိသည်။

ကိုဘခက်ကမူ မ,အဖြစ်ကို ရိပ်မိပုံမရချေ။ ခါတိုင်းလိုပင် စားပွဲ တွင် စာအုပ်ကိုဖတ်လိုက်၊ တယောကိုစမ်းလိုက်နှင့် ရှိတော့သည်။ ကိုဘခက် အိပ်ရာဝင်သည့်အချိန်တွင် မ,မှာ အိပ်၍ပင် ပျော်နေလေပြီ။

http://www.cherrythitsar.org



ကိုဘခက်က မ၏ ပါးပြင်နှစ်ဖက်ကို အသာနမ်းလိုက်သည်။သည်တော့မှလည်း မ ့မှာ ကိုဘခက်ထံမှ ထွက်သက်နွေးနွေးကလေးကို ထိတွေ့လိုက်ရသဖြင့်အိပ်ရာမှ နိုးတော့သည်။

မသည် မျက်လွှာကိုအသာပင့်၍ ကိုဘခက်ကိုကြည့်ရင်း မပွင့်တပွင့်ပြုံးလိုက်သည်။

'မ··· ကနေ့ ထူးခြားတယ်၊ ခါတိုင်းလို ကိုယ့်စာရေးစားပွဲမှာ တောင်လာပြီး မထိုင်တော့ဘူး၊ တစ်ခါတည်း အိပ်ရာဝင်တော့တာပဲ'

ဟုတ်ပေသည်။

ခါတိုင်း မသည် ကိုဘခက်တယောထိုးနေလျှင် စည်းလိုက်၍ပေးတတ်သည်။

စာရေးနေလျှင် အနားမှာထိုင်၍ စောင့်နေတတ်သည်။

ကော်ဖီ၊ ရေနွေး၊ ဆေးပေါ့လိပ် စသည်တို့ကို အသင့်ချ၍ပေးတတ်သည်။

ကိုဘခက်အလုပ်နားသည့်အချိန်တွင် ဂီတ၊ စာပေ၊ ရုပ်ရှင် စသည့်အကြောင်းများကို ဆွေးနွေးတတ်ကြသည်။

ကနေ့ညတော့ မသည်အိပ်ရာထဲသို့ အစောကြီးဝင်ခဲ့သည်။ ဤသည်ကို ကိုဘခက် ရိပ်မိ၍ မေးလိုက်ခြင်းဖြစ်သည်။ မက ကိုဘခက်၏ လက်မောင်းကို အသာဆုပ်နယ်ပေးရင်း မျက်နှာကို အရှင်ကြည်ဆုံးထား၍ ပြုံးလိုက်သည်။

'ဘာမှ မထူးခြားပါဘူးမောင်၊ ခေါင်းနည်းနည်း ကိုက်သလိုလို ရှိတာနဲ့ အိပ်ရာဝင်ပြီး လှဲနေတာပါ'

မက စကားလွှဲ၍ ဖြေသော်လည်း ကိုဘခက်က မ ့စကားကိုယုံကြည်ပုံမရချေ။

အခိပ္ပာယ်ပါပါဖြင့် မ ့ကိုသာ ပြုံး၍ကြည့်နေသည်။

http://www.cherrythitsar.org



ပြီးမှ မ၏ လည်တိုင်ကြော့ကြော့ကလေးကို လက်ဖျားကလေးဖြင့် အသာပွတ်လိုက်သည်။

'ကိုယ်နားလည်ပါတယ် မရာ၊ မ ့ကိုယ့်ကို စိတ်ဆိုးချင်ဆိုးမယ်၊ အထင်လွဲချင်လွဲမယ်၊ ဒါကို ကိုယ်ရှင်းပြပါ့မယ်၊ မ ့စိတ်မကောင်းဖြစ်မှာတော့ ကိုယ်စိုးရိမ်တယ်'

ကိုဘခက် ပြောပုံမှာ သိမ်မွေ့လှသည်။ မ ့အပေါ်တွင်ဖြူစင်သော ကရုဏာစေတနာဖြင့် ပြောလိုက်ကြောင်းသိသောအခါ မ ့ရင်ထဲတွင် ဆောင်းလေ အဝှေ့ခံရသလို ခိုက်ခိုက်တုန်အောင် အေးမြ၍သွားတော့သည်။

'မ ့ဘာမှ မဖြစ်ပါဘူး မောင်၊ မောင့်ကိုအထင်လွဲဖို့ စိတ်ဆိုးဖို့ နောက်ဆုံး မုန်းသွားဖို့ဆိုတာ မ ့နှလုံးသားထဲမှာ သေသည်အထိ ရှာလို့ရမယ် မဟုတ်ပါဘူး'

'မ ့စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့ပေမယ့် ကိုယ့်မှာဒီကိစ္စနဲ့ ပတ်သက်ပြီး ဖွင့်ပြောဖို့ တာဝန်ရှိတယ်၊ ပြောဖို့ ဆုံးဖြတ်ထားတယ်၊ ကနေ့တော့ စာအုပ်တစ်အုပ်ကို လိုချင်တာနဲ့ သေတ္တာကို ဖွင့်လိုက်တော့မှ သော့မခတ်မှန်းသိတယ်၊ ကိုယ့်သေတ္တာကိုလည်း မ ့ကိုယ်တိုင်ရှင်းထားတာလည်း တွေ့ရတယ်၊ နန်းသီဂီဓာတ်ပုံကို မ ့တွေ့သွားပြီဆိုတာကို ကိုယ်သိတာပါ'

'နေပါဦး‥ မ ့ပြောပါရစေဦး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး မလိမ်ပါဘူး၊ ဓာတ်ပုံကိုတွေ့တော့ မ ့စိတ်ထဲမှာ ဘယ်လိုမှ မထင်သေးပါဘူး၊ ကျောဘက်က စာတွေ့မှ မ ့ရင်ထဲမှာ လှုပ်ရှားမိတယ်၊ လှုပ်ရှားတာကတော့ အမျိုးမျိုးပဲ မောင်၊ သန့်ရှင်းတဲ့သဘောလည်း ပါတယ်၊ မသန့်ရှင်းတဲ့ သဘောလည်းပါတယ်၊ မသန့်ရှင်းတဲ့သဘော ဆိုတာကတော့ တခြားယုတ်ယုတ်မာမာတော့ မဟုတ်ပါဘူး၊ ကိုယ်ချစ်ရတဲ့သူမှာ ကိုယ့်အရင် ချစ်ခဲ့ရတဲ့တစ်ယောက် ရှိပါသေးလားဆိုတာတွေးပြီး တွန့်တို

http://www.cherrythitsar.org



တဲ့ စိတ်ကလေးပေါ်မိတာ အမှန်ပါပဲ မောင်၊ ဒါဟာလည်းလျှပ်တစ်ပြက် အတွင်းမှာပေါ်လာတဲ့ စိတ်ယုတ်စိတ်မိုက်ပါ မောင်၊ ဒီစိတ်ကို ခဏနဲ့ ဖျောက်လို့ရပါတယ်၊ မ ့ဖျောက်လို့မရတာက မောင့်ဘဝကို သစ်ရွက် ခြောက်လိုလွင့်လာအောင် ဘယ်လိုများတိုက်ခိုက်လိုက်သလဲဆိုတာ မ ့ သိချင်လာတယ်၊ ဒါပေမယ့် မောင် စိတ်မကောင်းဖြစ်မှာစိုးလို့ မ ့မောင့် မမေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ ခုလည်း မ ့သံသယရှင်းအောင် အတွက်တော့ဖြင့် မပြောပါနဲ့ မောင်၊ အဟောင်းတွေဟာ အသစ်ဖြစ်ပြီး မောင် စိတ်ညစ်မှာ မ ့စိုးရိမ်တယ်’

ကိုဘခက်သည် မ ့ကိုယ်လုံးကိုပွေ့ထူလိုက်ပြီးလျှင် ခုတင်ခေါင်း ရင်းတွင် မှီ၍ထိုင်လိုက်သည်။

မ ့က ကိုဘခက်၏ ပေါင်ပေါ်တွင်မှီ၍ ကိုဘခက်၏ဒူးပေါ်တွင် ခေါင်းကလေးကို အသာမှေးတင်၍ ထားလိုက်ပါသည်။

‘ခု မောင် ဖြေလို့ရပါတယ်၊ မီးလောင်ပြင်က လာတဲ့သူဟာ အေးမြတဲ့ စမ်းရေအိုင်ကိုတွေ့ရလို့ လန်းဆန်းရသလို ခြောက်ခန်းနေ တဲ့ ကိုယ့်ဘဝမှာ စမ်းရေလို အေးမြတဲ့ မ ့ကို တွေ့ရလို့ မောင် ဖြေ လို့ ရပါတယ်၊ အိမ်ကထွက်လာကတည်းက ကိုယ့်ဘဝကိုယ် ဆုံး ဖြတ်ပြီးသား၊ လမ်းဘေးမှာပဲ လျှောက်မယ်၊ ကိုယ့်ခြေဖဝါးဟာ ဆူးနဲ့ မီးကို ကျော်နင်းနိုင်ရမယ်၊ ကိုယ့်မျက်လုံးများဟာ အမှောင်ထဲက ရှိတဲ့ အရာကို မြင်နိုင်စွမ်းရှိရမယ်ဆိုတဲ့ဆုံးဖြတ်ချက်နဲ့ ထွက်လာတာပဲ၊ ကိုယ့် မှာရှိတဲ့ ဂုဏ်နဲ့ အဆောင်အယောင်ကို ကိုယ့်ပတ်ဝန်းကျင်မှာပဲ မြှုပ်နှံ ခဲ့တယ်’

‘ဒီလို စွန့်လွှတ်လိုက်တာကတော့ ကိုယ်က သတ္တိကောင်းလွန်း လို့ မဟုတ်ဘူး၊ ဒီအရာတွေကို ကိုယ် နာကြည်းလွန်းလို့ပဲ၊ ကိုယ် အချစ်ဆုံး အမြတ်နိုးဆုံး မိန်းကလေးတစ်ယောက်ကို ရှင်ကွဲကွဲအောင် ခွဲပြီး သေကွဲကွဲအောင် သတ်ပစ်လိုက်တဲ့ တရားခံဟာ တခြားမဟုတ် ဘူး၊ ငွေတို့ ဂုဏ်တို့ အဆောင်အယောင်တို့ဆိုတဲ့ အရာတွေပဲ၊ ဂုဏ်နဲ့

http://www.cherrythitsar.org



အဆောင်အယောင်ဆိုတာ လူ့ဘောင်မှာ မေတ္တာမိုးခေါင်စေတဲ့ အရာတွေပဲ’

ကိုဘခက်၏အသံမှာ နာကြည်းသည့်စိတ်ကြောင့် ပြောရင်းမာကျော၍လာသည်။

မေးရိုးကြီးများ တင်းမာ၍လာသည်။ မျက်လုံးများက တောက်ပြောင်၍လာသည်။

မ ့က ကိုဘခက်၏ လက်တစ်ဖက်ကို ဆုပ်နယ်၍ နှစ်သိမ့်လိုက်သည်။

‘နန်းသိင်္ဂီဆိုတာ နာမည်မကြီးသေးတဲ့ အငြိမ့်မင်းသမီးကလေးပဲ မရေ၊ လူကုံထံတွေ အနေနဲ့တော့ ဖက်ခွက်စားရတဲ့ ဖက်ခွက်စားမကလေးပေါ့၊ မန္တလေးမှာ ဂီတပညာကို လေ့လာရင်းနဲ့ သွားတွေ့တာပဲ၊ သူ့အငြိမ့်မှာ ကိုယ်က ပတ္တလားတီးတယ်၊ သူနဲ့ ကိုယ်နဲ့ ရုံးမှာလက်ထပ်ပြီးလို့ သုံးရက်လောက်လည်းရရော သူ့ကို ကိုယ်မတွေ့ရတော့ဘူး၊ သတင်းကြားတဲ့ နေရာအနှံ့ မြို့အနှံ့ သူ့ကို ကိုယ် လိုက်ရှာတယ်၊ သူ့ကိုတော့ မတွေ့ရတော့ဘူး၊ နောက်ဆုံး သူ့ကို မြှုပ်နှံတဲ့ မြေပုံပဲတွေ့ရတော့တယ်၊ ကိုယ့်ဘဝမှာ ပထမဆုံးအကြိမ် အကြီးမားဆုံး ဆုံးရှုံးခြင်းပဲ၊ သူသေမှ သူ့ရဲ့ကြီးမားတဲ့ မေတ္တာ၊ အချစ်အတွက် စွန့်လွှတ်ရဲတဲ့ သတ္တိတွေကိုသိရလေ နှမြောလို့မဆုံးလေဘဲ၊ ကိုယ့်အိမ်က သူ့ကို ငွေနှစ်သောင်းပေးပြီး ကိုယ့်ကို စွန့်ဖို့ အကျပ်ကိုင်တယ်၊ မ ့ကိုယ်တိုင်စဉ်းစားကြည့်စမ်း၊ ချစ်သူနဲ့ ငွေကို ဘယ်အရာစွန့်လွှတ်မလဲ ဆိုတဲ့နေရာမှာ ချစ်သူရော ငွေရော နောက်ဆုံး အသက်ကိုပါ စွန့်လွှတ်သွားတဲ့မိန်းမတစ်ယောက်ကို ကိုယ် မမြတ်နိုင်ဘဲ နေနိုင်ပါ့မလား၊ ကိုယ့်ကိုစွန့်လွှတ်တဲ့ အကြောင်းကတော့ အချစ်လွန်တတ်တဲ့ မိန်းမရိုးတိုင်း ထားတတ်တဲ့ သဘောမျိုးပါပဲ၊ ဘဝချင်း ကွာခြားတယ်၊ သူ့ကြောင့် ကိုယ့်ကိုမနစ်နာစေချင်ဘူး။

'အနစ်နာခံချင်းခံရင် သူ့ပဲအနစ်နာခံပြီး ကိုယ့်ဘဝမနိမ့်ကျအောင် ကာကွယ်ပေးမယ်ဆိုတဲ့သဘောပဲ၊ ဒါပေမယ့် သူဖြစ်စေချင်သလို ကိုယ် ဘယ်ဖြစ်မလဲ'

'ကိုယ် ဖြစ်စေချင်တာက သူနဲ့ဘဝတူ အနုပညာ နယ်ပယ်မှာ လက်တွဲရုန်းကန်မယ်လို့ မျှော်မှန်းထားတယ်၊ သူမရှိတဲ့နောက်ပိုင်း ကိုယ့် ရည်မှန်းချက်တစ်ခုလုံးဟာ ဆုံးရှုံးသွားရတာပဲ'

'အိမ်က ကိုယ့်ကို ဂီတလှိုင်းထဲကဆယ်ယူပြီး ငွေပုံပေါ်မှာထိုင် စေချင်တယ်၊ ဂုဏ်နဲ့ အဆောင်အယောင်ကြားထဲမှာ ကြွားဝင့်စေချင် တယ်'

'နန်းသီဂီလိုမိန်းမသားတစ်ယောက်ကတောင် စွန့်လွှတ်ရဲသေး ရင် ကိုယ်ကဘာလို့မစွန့်လွှတ်ရဲရမလဲ၊ ကိုယ်လည်းတယောတစ်လက်နဲ့ တစ်ခါတည်း လွင့်တော့တာပဲ'

'ကိုယ့်ဘဝကို အဆုံးရှုံးခံတဲ့အထိ စွန့်လွှတ်ခဲ့တာတော့ ကိုယ့်ရဲ့ အနုပညာရည်မှန်းချက်ကြောင့်၊ ပြီးတော့လည်း ဒီလိုလုပ်တာဟာ ဘာမှ အကျိုးမထူးဘူးလို့လည်းယူဆတယ်၊ ရှမ်းပြည်ရောက်တော့ ကိုယ့်စိတ်ကို ပြန်ထိန်းဖို့ သတိရတယ်'

'အဲဒီတုန်းမှာပဲ ဂီတပြိုင်ပွဲကြော်ငြာကိုတွေ့လို့ ရန်ကုန်ကို ဆင်း လာတာ၊ အားလုံးကို အဆုံးရှုံးခံပြီး ထွက်လာတဲ့ လူတစ်ယောက်ဟာ ပြိုင်ပွဲကျတော့လည်း မတရားရှုံးရတော့ ကျုပ် သည်းမခံနိုင်တော့ဘူး၊ တယောကို ရိုက်ခွဲလိုက်မိတယ်။

'ဒါပေမယ့် ခုတော့ မတရားအရှုံးပေးတဲ့ လူကြီးတွေကိုပဲ ကျေး ဇူးတင်လို့ မဆုံးတော့ဘူး၊ တကယ်တမ်းကျတော့ သူ့ပြိုင်ပွဲကတံဆိပ် တွေဟာ အနုပညာကို ပြုစုတဲ့နေရာမှာ အရာမဝင်ပါဘူး၊ သူတို့ဆီက ရွှေတံဆိပ်ဆုကို ဆုံးရှုံးပေမယ့် ကိုယ့်ဘဝမှာ နောက်ထပ် မမျှော်လင့်ရဲတဲ့

http://www.cherrythitsar.org



မ,လို အဖိုးတန် မိန်းကလေးတစ်ယောက်ကို တွေ့ရတဲ့အတွက် ကြည်နူးလို့ မဆုံးတော့ဘူး'

ကိုဘခက်က သူ့စကားကို အဆုံးသတ်လိုက်တော့မှလည်း မ,မှာ သက်ပြင်းကလေးကို အသာချလိုက်မိရင်း ကိုဘခက်ကို တအားဖက် ထားလိုက်မိတော့သည်။

ကိုဘခက်ပြောသောစကားများကို နားထောင်ရသည်မှာ အလွမ်းရုပ်ရှင်ကားကောင်းတစ်ကားကို ကြည့်နေရသလို ရှိတော့သည်။ တစ်လျှောက်လုံး ရင်မနေရသည်။

ဘာများ ဖြစ်ဦးမလဲဆိုသည်ကို ရင်တဖိုဖို စောင့်နေရသည်။ ဇာတ်သိမ်းခန်းတွင် အရှင်ကလေးနှင့်ပေါင်း၍ သိမ်းလိုက်တော့မှ စိတ်အေးရတော့သည်။

ခုလည်း ကိုဘခက်က ကြေကွဲနာကြည်းစရာကောင်းသော မြှုပ်ကွက်ကလေးတစ်ကွက်ကို ကရားရေလွှတ်သလို မနားဘဲ ပြောချလိုက်သည်။

မမှာ ရင်မ,၍ နားထောင်နေရသည်။ နောက်ဆုံး ကိုဘခက်က သူနှင့် မတို့ ဇာတ်လမ်းဖြင့် ခပ်ရှင်ရှင် အဆုံးသတ်လိုက်မှ သက်သာရာရတော့သည်။

ကိုဘခက်၏စကားကို နားထောင်ရင်း မမှာ ချစ်သူ၏ ပင်ပန်းမှုအတွက် အစားကူ၍ ဝမ်းနည်းကြေကွဲမိတော့သည်။ သည်တော့လည်း ဘဝတစ်လျှောက်လုံးတွင် ပင်ပန်းဆင်းရဲ ကြေကွဲနာကြည်းခဲ့ရသော ချစ်သူကို ပို၍ ယုယကြင်နာရမည်ဆိုသောအသိက အလိုလို တဖွားဖွား ပေါ်လာတော့သည်။

'မ,အတွက်ကြောင့်ဖြင့် မောင့်မှာ နောက်ထပ် မဆင်းရဲစေရပါဘူးမောင်၊ မောင့်အတွက်ဆိုရင်ဖြင့် အရာရာလည်း စွန့်လွှတ်ဖို့အသင့်ပါပဲ၊ တွေ့သမျှ အနှောင့်အယှက် အခက်အခဲအားလုံးကို ကျော်လွှန်ဖို့အသင့်

http://www.cherrythitsar.org



ပါပဲ၊ မောင့်ဆီကို လိုက်လာကတည်းက မ ့ရဲ့ဘဝဟာ မောင့်ယုံကြည်ချက်ကို အတူတွဲပြီးရပ်ဖို့ရယ်၊ မောင် စိတ်ချမ်းသာမှု ကျေနပ်မှုကို ဖြည့်တင်းဖို့ရယ်က လွဲလို့ တခြားဘာမှ မရှိပါဘူးမောင်'

ကိုဘခက်သည် မဖော်ပြနိုင်သော ကြည်နူးမှုဖြင့် မ ့တစ်ကိုယ်လုံးကို တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်သည်။ ပြီးမှ သူ့စိတ်ထဲတွင်ရှိသည့်အတိုင်း လှိုက်လှဲသော အသံကြီးဖြင့် တစ်လုံးချင်း ပြောလိုက်လေတော့သည်။

ဒီတစ်ကြိမ် မ ့ကိုသာ ဆုံးရှုံးရင်တော့ ကိုယ့်ဘဝမှာ ဘာကိုမှ မျှော်မှန်းချက် မထားတော့ဘူး၊ တွယ်တာစရာလည်းမရှိတော့ဘူး၊ အရင်တစ်ကြိမ် ဆုံးရှုံးခဲ့တုန်းက ပတ်ဝန်းကျင် အဆောင်အယောင်အားလုံးကို စွန့်လွှတ်ခဲ့တယ်၊ ခုတစ်ကြိမ် ဆုံးရှုံးရင်တော့ ကိုယ့်မှာစွန့်လွှတ်စရာဘဝပဲ ရှိတော့တယ်ဆိုတာ မ ့ယုံစေချင်တယ်'

●

## (၂၅)

ကိုဘခက်သည် သူ့နာမည်တပ်ထားသော စာအိတ်ပေါ်မှ လက်ရေးကိုမြင်လိုက်လျှင်ပင် မအံ့ဩဘဲ မနေနိုင်အောင်ရှိတော့သည်။ သူ့လိပ်စာနှင့် နာမည်သစ်ကို မည်သို့မည်ပုံ သိသွားသည်ကိုလည်း စဉ်းစား၍ မရအောင် ရှိတော့သည်။ စာကိုမဖောက်ခင် မ ့အရိပ်အခြည်ကို လှမ်း၍ ကြည့်သည်။

မ ့သည် နောက်ဖေးချောင်တွင်အလုပ်များနေဟန်ရှိသည်။ သည်တော့မှလည်း ကိုဘခက်သည် စိတ်အေးလက်အေးဖြင့် စာကိုဖောက်၍ ဖတ်လိုက်သည်။

http://www.cherrythitsar.org



**မောင်ဘခက်…**

မင်း အိမ်က ထွက်သွားသည်မှာ တစ်နှစ်ကျော်ခဲ့ပြီ၊ မင်း၏စိတ်ဝေဒနာကို ကုစားရန်ထွက်သွားခြင်းဖြစ်၍ ဖေဖေ ခွင့်လွှတ်ထားခဲ့တယ်၊ မင်းနဲ့ကွဲကွာနေရသော အချိန်မှာ ကြာ မြင့်လာတော့လည်း ဖေဖေစိတ်ပူမိသည်။ မင်းလိုပင် ငါလည်း ငယ်စဉ်က တစ်ယူသန်ခဲ့ဖူးသည်။ သို့သော် မိဘဆိုသည်မှာ သားသမီးအပေါ်တွင် မပြတ်နိုင်သော သံယောဇဉ်ဖြင့် အမြဲ တစေ တွယ်တာခဲ့ကြရသည်ကို မင်းကိုယ်တိုင် သားသမီး များ၏ဖခင်ဖြစ်လာသောအခါ ကိုယ်ချင်းစာမိလိမ့်မည်။

မင်းသတင်းကို လူလွှတ်၍ စုံစမ်းခိုင်းခဲ့သည်မှာ သုံးလ ကျော်မျှရှိပြီ၊ ယခု မင်းသတင်းကို သီချင်းစာအုပ်များမှလည်း ကောင်း၊ ငါလွှတ်ထားသော လူများမှ လည်းကောင်း သိရ သည်။ အစဉ် မင်းအတွက် ရင်ထုမနာ ဖြစ်မိသည်။

မင်းအပေါ် ပတ်ဝန်းကျင်က အထင်သေး အမြင်သေး ဖြင့် ပြုမူဆက်ဆံပုံကိုလည်း ခံပြင်းမိသည်။ နောက်ဆုံး မင်း လိုလားမှုအတိုင်း အောင်မြင်သည်ကိုသိရ၍ အတိုင်းမသိဝမ်း မြောက်မိသည်။

ခုအချိန်သည် မင်းအတွက် ရှေ့ဆက်၍ အဆင်းရဲခံနေ စရာမလိုသောအချိန် ဖြစ်သည်ဟုလည်း ဖေဖေ ထင်မိသည်။ အကြောင်းမှဲ့ မင်း အဆင်းရဲခံလိုသော်လည်း မင်းအပေါ်တွင် ဖြူစင်သော မေတ္တာဖြင့် အနစ်နာခံ၍ နေရရှာသော မိန်းကလေး အတွက် တရားကျမည်ဟု မထင်။ နောင်ရလာမည့် သား သမီးများ အတွက်လည်း တရားရာ ကျမည်မထင်။ သို့အတွက် ဖေဖေကိုယ်တိုင် ရန်ကုန်သို့ တစ်ပတ်အတွင်း လိုက်လာမည်။

မင်းအတွက်ကြောင့် မစားနိုင် မအိပ်နိုင် ရှိနေရှာသော မင်းမိခင်သည် ဂုဏ်သရေရှိ ပညာတတ်ရုပ်ချော သဘောထား ပြည့်ဝသော ဇနီးကောင်းကို ရရှိနေသည်ဆိုသော မင်းသတင်း ကိုကြားရ၍ ဝမ်းမြောက် ရွှင်လန်းနေရှာသည်။ ကွဲကွာနေ

http://www.cherrythitsar.org



သော သားနှင့် မတွေ့ဖူးသေးသော သမီးကိုမြင်လိုသောဆန္ဒ ပြင်းပြနေကြသည်။

ဖေဖေ ရန်ကုန်ဆင်းလာလျှင် ဖေဖေနှင့်အတူ အိမ်သို့ ခေတ္တခဏ ဖြစ်စေ ပြန်၍ လိုက်ခဲ့ကြစေလိုပါသည်။ နောင်အခါ ရန်ကုန်ကိုပြန်၍နေလိုလျှင် တင့်တင့်တယ်တယ် ပြည့်ပြည့်စုံစုံနှင့် နေထိုင်ရန် ဖေဖေ တာဝန်ယူသည်။

သားနှင့်သမီး ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာကြပါစေ။
စိန်ခက်

ကိုဘခက်သည် စာကို ဆုံးအောင်ဖတ်ပြီးသည်အထိ မည်သို့မျှ မဆုံးဖြတ်ရသေးချေ။ သို့ မဆုံးဖြတ်ရသေးသည့်တိုင်အောင် ယခု တစ်ကြိမ်တွင်မူ မိဘ၏ဆန္ဒကို ငြင်းဆန် မသင့်ကြောင်းကိုကား စဉ်းစားမိလေသည်။

ထိုအတွင်းမှာပင် အိမ်ရှေ့မှ ကားတစ်စီးဆိုက်သံ ကြားလိုက်ရသည်။ ရုပ်ရှင်ကုမ္ပဏီမှကားမှတ်၍ လမ်းဘက်သို့ လှမ်းကြည့်လိုက်၏။ ရပ်ထားသော ကားကလေးကိုမြင်လိုက်ရသောအခါ ကိုဘခက်မှာ ထိတ်လန့် အံ့သြမိသည်။

အိမ်ရှေ့တွင် တစ်ရှိန်ထိုး ရပ်လိုက်သော ကားကလေးမှာ ဦးကျော်ဒင်၏ အိမ်မှ ကားကလေးဖြစ်နေသည်။

ကားပေါ်မှ မောင်အေးသည် အပြေးအလွှား ဆင်း၍ လာသည်။ အိမ်သို့ ရောက်တော့လည်း မောင်အေးသည် ပြူးကလူး ပျာကလာ ဖြစ်နေသည်။ မောင်အေးကို ကြည့်ရင်း ကိုဘခက်ပါ စိုးရိမ်ထိတ်လန့်မိတော့သည်။

'ဟဲ့··· မောင်အေး၊ ဘာဖြစ်လာတာလဲ'

'မမလေးရော ဆရာ၊ မမလေး ဘယ်သွားလဲ'

'ရှိပါတယ်ကွ··· အထိတ်တလန့် မ,ရေ မ,··· မောင်အေး လာတယ်ဟေ့ ···'

http://www.cherrythitsar.org



မ,သည် နောက်ဖေးမှ ပြန်၍ထူးရင်း ပြေးထွက်လာသည်။

'ဟင်…မောင်အေး၊ လာထိုင်လေ၊ ဖေဖေကြီးက လွှတ်လိုက်လို့လား…'

'မထိုင်တော့ဘူး… မမလေး၊ ဘဘကြီးတစ်ယောက် အသည်းအသန် ဖြစ်နေတယ်၊ မော်နဲ့ ကိုခင်မောင်ကြည်တို့ အစီအစဉ် ပျက်သွားကတည်းက စိတ်ထိခိုက်ပြီး လဲတာဟာ ခုထက်ထိ မထနိုင်တော့ဘူး…'

'ကိုခင်မောင်ကြည်နဲ့ မော်တို့ကိစ္စက ဘာလိုဖြစ်လို့'

'ကိုခင်မောင်ကြည်က ပက်ဂီကြိုင်နဲ့လက်ထပ်သွားပြီ၊ ဒီသတင်းကို ဖုံးပေမယ့် နောက်ဆုံး ဘဘကြီးသိတော့ စိတ်ထိခိုက်ပြီး လဲတာပဲ၊ မနေ့ညက စပြီး အတော်လေး ဆိုးတယ်၊ အစက မွန်ကိုယ်တိုင် ကုနေတာ၊ ညကတော့ မွန့်ဆရာ ကုလားဒေါက်တာကြီးတစ်ယောက် သွားခေါ်ရတယ်'

မ,မျက်နှာတွင် သွေးမရှိတော့ချေ။ ရင်ထဲ၌ တလှပ်လှပ် ဖြစ်လာသည်။

မျက်ရည်ကလေးများပင် လည်၍လာတော့သည်။

ကိုဘခက်က မ,ပခုံးကလေးကို အသာဖေး၍ ကိုင်ထားလိုက်သည်။

'ဒီလိုဆို မ,တစ်ခါတည်း လိုက်ခဲ့မယ်၊ ကား ပါတယ် မဟုတ်လား'

မောင်အေးသည် ရုတ်တရက်ဘာမျှပြန်၍မပြောနိုင်ဘဲ မ,ကိုသာ ကြောင်၍ ကြည့်နေမိသည်။

မောင်အေးမျက်နှာမှာ ဝမ်းနည်းသော အရိပ်အယောင်များ ပေါ်၍နေသည်။

'ကားတော့ ပါတယ် အစ်မလေး၊ ဒါပေမယ့် ကျွန်တော် ကားနဲ့လိုက်ရင် ကျွန်တော် အဆူခံထိနေလိမ့်မယ်၊ ဘဘကြီးက အစ်မလေးကို တွေ့ချင်ပုံ ရတယ်၊ ဒါပေမယ့် တစ်အိမ်လုံးက အစ်မလေးကို ဘဘကြီးနဲ့ မတွေ့စေချင်ဘူး၊ မေမေကြီးနဲ့ မမတို့ ချယ်လှယ်နေကြတာပဲ'

မ,သည် အောက်နှုတ်ခမ်း ပြတ်လုနီးပါး ကိုက်ထားလိုက်လေသည်။

http://www.cherrythitsar.org



ပြီးမှအံကိုကြိတ်၍ နာကြည်းကြေကွဲသောအသံဖြင့် ညည်းလိုက်ရှာသည်။

'သြော်…ဒီလောက်တောင်ရက်စက်နိုင်ကြပြီကိုး၊ ရှိပါစေလေ… သူတို့ ဘယ်လိုပဲ မတွေ့စေချင်ပေမယ့် မ,တော့ ကိုယ့်အဖေမို့ မတွေ့ဘဲ မနေနိုင်ဘူး၊ မဖြစ် ဖြစ်တဲ့နည်းနဲ့ တွေ့မှာပဲ၊ မောင်အေး သွားနှင့်၊ ပြီးနောက်ဖေး တံခါးပေါက်ကို ဖွင့်၊ မ,လာခဲ့မယ်'

'ဟုတ်ကဲ့ အစ်မလေး၊ ကျွန်တော် ဆရာကိုဘခက် အခန်းဘက်က အပေါက်ကို ဖွင့်ထားပါ့မယ်'

မောင်အေးသည် ကိုဘခက်နှင့်မ,ကိုနှုတ်ဆက်၍ ခပ်သုတ်သုတ် ထွက်သွားလေသည်။

မ,သည် ကိုဘခက်၏မျက်နှာကို အကဲခတ်သလိုတစ်ချက်မျှကြည့်လိုက်သည်။

'ကဲ… မောင်လိုက်မယ် မဟုတ်လား၊ သွားကြစို့'

'လိုက်မယ်လေ၊ မသွားလို့ ဘယ်ဖြစ်မလဲ'

မ,အခန်းတွင်းသို့ဝင်၍ အဝတ်လဲလိုက်သည်။ ကိုဘခက်က တိုင်တွင်ချိတ်ထားသော အင်္ကျီကိုယူ၍ ဝတ်လိုက်ပြီးလျှင် အပေါက်ဝမှ မ,ကို ရပ်၍စောင့်နေသည်။

မ,ထွက်လာသောအခါ နှစ်ယောက်သား အိမ်ထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့ကြသည်။

ကိုဘခက်က လမ်းတွင်တွေ့သော ဆိုက်ကားတစ်စီးကို ငှား၍ အမြန်သာ နင်းခိုင်းရတော့သည်။

မ,သည် ဘုရားကိုသာ အာရုံပြုရင်း တထိတ်ထိတ်နှင့် လိုက်ခဲ့ရသည်။

'ဘုရား သိကြား မ,လို့ ဖေဖေကြီး ကျန်းမာချမ်းသာပါစေ'

အိမ်နှင့် မလှမ်းမကမ်းတွင် ဆိုက်ကားကို ထိုး၍ ရပ်လိုက်လေသည်။

ကိုဘခက်က ဆိုက်ကားခပေးနေစဉ် မ,သည် အိမ်နောက်ဖေးဆီသို့ ခပ်သုတ်သုတ် လျှောက်ခဲ့သည်။

http://www.cherrythitsar.org



ကိုဘခက်က ဆိုက်ကားခကို ပေးပြီးလျှင် မ,ကို အမီလိုက်ခဲ့သည်။

အိမ်ကြီးအရိပ်အခြည်ကို ကြည့်လိုက်ရင်း မ,သည် နောက်ဖေးပေါက်မှ အိမ်ကြီးဆီသို့ လျှောက်ခဲ့ပြန်သည်။

နောက်ဖေးဆောင်တွင် အသင့်စောင့်နေသော မောင်အေးကို တွေ့ရသည်။

မောင်အေးက လေသံတိုးတိုးဖြင့် တံခါးဖွင့်ထားပြီဖြစ်ကြောင်း ပြောလိုက်သည်။

ကိုဘခက်က သူနေခဲ့သော အခန်းပေါက်ကို အရင်ဖွင့်လိုက်ပြီး မ,ကို ရှေ့မှ ဝင်စေသည်။ ကိုဘခက်က နောက်မှဝင်၍ တံခါးကိုပိတ်သည်။

တံခါးပေါက်မှ ဧည့်ခန်းကိုကြည့်လိုက်ပြန်တော့လည်း ဧည့်ခန်းတွင် လူရိပ်လူခြည်မျှပင် မမြင်ရချေ။

မ,က ကိုဘခက်၏ လက်တစ်ဖက်ကိုဆွဲ၍ ဧည့်ခန်းကို အပြေးဖြတ်လိုက်သည်။

အပေါ်ထပ်လှေကားရင်းဆီသို့ ရောက်သောအခါ ကိုဘခက်ရော မ,ပါ ခြေလှမ်းများ တုံ့၍ သွားတော့သည်။ အပေါ်ထပ်လှေကားကွေ့ချိုးမှ ကြည့်နေသော မွန်ကို တန်းတန်းမတ်မတ်သွား၍ တွေ့တော့သည်။

အစ၌ မ,သည် ခြေလှမ်းတုံ့၍ သွားသော်လည်း သူ့စိတ်ကို ပြန်၍တင်းလိုက်ပြီးလျှင် အပေါ်ထပ်သို့ ဣန္ဒြေမပျက်တစ်လှမ်းချင်းတက်ခဲ့သည်။

မွန်ရပ်နေသော အကွေ့သို့ရောက်သောအခါ မ,သည် မွန်နှင့် မျက်နှာချင်းဆိုင် ရပ်မိလျက်သား ရှိတော့သည်။

မွန်သည် မမြင်လိုသူမတွေ့လိုသူ တစ်ယောက်အားတွေ့မြင်နေရသလို မ,ကို စိမ်းစိမ်းကားကား စိုက်၍ကြည့်နေသည်။ မွန်၏အကြည့်မှာ မာကျော ခက်ထန်လှသည်။

မ,သည် မွန်ကို ရှောင်၍ အပေါ်ထပ်သို့ တက်ရန် လှမ်းလိုက်

http://www.cherrythitsar.org



မွန်က မ,ရှေ့မှ ဆီးကာလိုက်သည်။

'ဒက်ဒီအတွက် မျှော်လင့်ချက် မရှိတော့ဘူး၊ မင်း သွားလည်း ဘာမှ အကျိုးထူးမှာ မဟုတ်ဘူး၊ ဒက်ဒီကို မင်း အနှောင့်အယှက်မပေးပါနဲ့'

မ,သည် ဘာမျှပြန်မပြောနိုင်ဘဲ ကြောင်တောင်ငေး၍ ကြည့်နေမိသည်။

ခံစားချက်နှစ်မျိုးကိုလည်း ရင်နှင့်အောင် ရောထွေး၍ ခံစားလိုက်ရသည်။

မျှော်လင့်ချက် မရှိတော့သော ဖခင်၏ အဖြစ်ကို သိလိုက်ရ၍ မဆုံးနိုင်သော ကြေကွဲခြင်းဖြင့် ကြေကွဲမိသည်။

သေအံ့ဆဲဆဲဖခင်ကိုပင် တွေ့ခွင့်မပေးသော မွန်ကိုလည်း မခံမရပ်နိုင်အောင် ဒေါသ ဖြစ်မိသည်။

'ဖေဖေကြီးကို စိတ်အနှောင့်အယှက်ပေးတာက မင်းတို့တစ်တွေလား၊ ငါလားဆိုတာ မင်း စဉ်းစားပြီးပြောပါ မွန်'

'ဘာမှ စဉ်းစားစရာမလိုဘူး၊ မင်း ခုဆင်းသွားရင် ကောင်းမယ်၊ ဒီအိမ်ပေါ်မှာ မင်းတို့နှစ်ယောက်ရဲ့ မျက်နှာကို ကြည့်ချင်တဲ့သူ တစ်ယောက်မှ မရှိဘူးဆိုတာ မင်း နားလည်ထားပါ'

'အေး…မင်းတို့ မကြည့်ချင်ဘူးဆိုတာ ကိုယ် နားလည်ပါတယ် မွန်၊ ဒါပေမယ့် တစ်သက်မှာ တစ်ခါပဲ ရနိုင်တဲ့အခွင့်မို့ ဖေဖေကြီးကိုတော့ ကိုယ် ကန်တော့ရလိမ့်မယ်၊ ကိုယ့်မှာ လွန်ကျူးသမျှ အပြစ်ကို သေရာမှာ ပါမသွားအောင် ခွင့်လွှတ်ဖို့တောင်းပန်ရမယ်၊ ဒါကို မင်း မတားပါနဲ့'

မ,သည် ပြောပြောဆိုဆို မွန်ကို တွန်းဖယ်၍ အပေါ်ထပ်သို့ တက်မည် ပြုလိုက်သည်။

မွန်က မ,၏လက်မောင်းတစ်ဖက်ကို ဆွဲ၍ပြန်ချလိုက်သည်။ ပြီးမှ မဲ့မဲ့ရွဲ့ရွဲ့ပြောလိုက်ပြီး စကားနာထိုးလိုက်သည်။

'သြော်…မင်းက ခုမှလိမ္မာနေပြီကိုး၊ ခုမှ မင်းအပြစ်ကိုခွင့်လွှတ်ဖို့ တောင်းပန်တဲ့သဘောက ဘယ်သဘောလဲ၊ ဒက်ဒီဆီက မင်းအတွက် ရဖို့ အခွင့်အရေးများ မျှော်လင့်နေသလား'

http://www.cherrythitsar.org



'ဒီမှာ မွန်၊ ကိုယ့်အကြောင်းကို မင်း အသိဆုံးပါ၊ အမွေလို ချင်လို့ လာတာမဟုတ်ဘူး၊ ဖေဖေကြီးကို တွေ့ချင်လို့လာတာ၊ လောက မှာ မင်းတို့လို ပစ္စည်းနဲ့ ငွေလောက်ပဲ မက်မောပြီး မေတ္တာတရားခေါင်း ပါးတဲ့ မိန်းမစားမျိုး မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားပါ'

'အေး…လူလိုသူလိုနေချင်ရင် ဒါတွေမက်ရတာပဲ၊ မင်းလိုတော့ ပြာပုံကို မတိုးဘူး၊ မင်းပြောတဲ့အတိုင်း ဘာမှ မလိုချင်ဘူးဆိုရင် တို့ အိမ်ရိပ်ကို မနင်းလာပါနဲ့၊ ဒက်ဒီကိုလည်း မင်းတွေ့စရာမလိုဘူး၊ ဒါဟာ ဒေါက်တာတစ်ယောက် အနေနဲ့ ငါပြောတာ၊ ဒက်ဒီ ရောဂါအခြေ အနေ ဆိုးနေတဲ့အချိန်မှာ လူမွေးလူတောင်မှ မပြောင်တဲ့ မင်းရုပ်ကို ဒက်ဒီနဲ့ အတွေ့မခံနိုင်ဘူး၊ ငွေလိုချင်ရင် မင်းအတွက် စဉ်းစားပြီးပေး လိုက်မယ်'

မ,သည် မွန်ကိုမျက်တောင်မခတ်စိုက်၍ ကြည့်နေရင်းမှမျက်ရည် များ တလိမ့်လိမ့် စီးကျလာတော့သည်။ နှုတ်ခမ်းကလေးများမှာ တဆတ် ဆတ် တုန်နေသည်။

'မင်း ဘယ်လိုတားပေမယ့် အလကားပဲ မွန်၊ ဘာပဲဖြစ်ဖြစ် မင်းလိုပဲ ကိုယ်လည်းသမီးတစ်ယောက်ပဲ၊ တစ်သက်မှာ တစ်ခါသာရနိုင် တဲ့ ဒီအခွင့်အရေးမျိုးကို အဆုံးမခံနိုင်ဘူး'

မ,သည် ပြောပြောဆိုဆို မွန်ကို တွန်းဖယ်၍ အပေါ်သို့ပြေးတက် သွားတော့သည်။

ကိုဘခက်က မ,နောက်မှ လိုက်၍သွားသည်။

မွန်မှာ လှေကားလက်ရန်းပေါ်တွင် ယိုင်လဲ၍ ကျန်ရစ်ခဲ့တော့ သည်။

ဦးကျော်ဒင်အခန်းသို့ ဝင်မိလျှင် အားလုံးက မ,နှင့် ကိုဘခက် ကို လှမ်း၍ ကြည့်ကြသည်။

အားလုံး၏ မျက်နှာများမှာ မ,ရောက်လာသည်ကို ကျေနပ်ပုံ မရချေ။

http://www.cherrythitsar.org



မ,နှင့် ကိုဘခက်ကို မြင်မြင်ချင်းပင် မျက်နှာထားများက ပြောင်းသွားကြသည်။

မ,ကမူ သူတို့ကို ဂရုမစိုက်နိုင်။

ဦးကျော်ဒင် ခုတင်ဘေးတွင်သာ ပုဆစ်ဒူးတုပ်ထိုင်၍ အကဲခတ် ရင်း ခပ်တိုးတိုး နှုတ်ဆက်လိုက်သည်။

'ဖေဖေကြီး··· ဖေဖေကြီး'

ဦးကျော်ဒင်သည် မျက်လွှာကိုအနိုင်နိုင် ပင့်၍ တင်လိုက်ပြီးလျှင် မ,ကို ငဲ့၍ကြည့်လိုက်သည်။

ငဲ့၍ကြည့်သည် ဆိုသော်လည်း ခေါင်းက ပေါ့ပေါ့ပါးပါး မလှည့်နိုင်တော့ချေ။

မျက်လုံးကလေးကိုသာ ထောင့်ကပ်၍ကြည့်ရင်း အက်ကွဲသော အပြုံးဖြင့် မပွင့်တပွင့် ပြုံးလိုက်သည်။

'မောင်ဘခက်ရော ရှိရဲ့လား'

ဦးကျော်ဒင်သည် တစ်လုံးချင်းမေးလိုက်လျှင်ပင် ကိုဘခက်သည် ဦးကျော်ဒင်၏ ခုတင်ခေါင်းရင်းတွင် ဒူးထောက်၍ ထိုင်လိုက်သည်။

'ကျွန်တော် ရှိပါတယ် ဦး၊ ဦး နေမကောင်းဘူးဆိုတာ ကြား ကြားချင်းပဲ ကျွန်တော် လာတာ'

ဦးကျော်ဒင်၏ မျက်လုံးများသည် ကိုဘခက်နှင့် မ,ဆီသို့သာ တလည်လည် ရှိနေတော့သည်။

ဦးကျော်ဒင်၏ မျက်နှာတွင် ကြေကွဲခြင်းနှင့် ဝမ်းသာခြင်းခံစား မှု နှစ်ရပ်ပေါင်းလျက် ရှိနေတော့သည်။

'မင်းတို့မလာလည်းအခေါ်လွှတ်မလို့ဘဲ၊ ခုတော့အတော်ပဲ၊ ကဲ·· အားလုံးရှေ့မှာ စကားပြောချင်တယ်၊ ငါ့သမီးက ခေါ်ပါကွယ်'

မက ခုတင်ခြေရင်းတွင် မလှုပ်မယှက်ထိုင်နေသော မော်နှင့်ဒေါ် ခင်မျိုးသန့်ကို မရဲတရဲဖြင့် လှမ်း၍ကြည့်လိုက်သည်။

http://www.cherrythitsar.org



'မော်ရေ…မွန့်ကို လှမ်းခေါ်လိုက်ပါကွယ်၊ မေမေ…ဖေဖေကြီးက အနားလာပါတဲ့'

ဒေါ်ခင်မျိုးသန့်သည် ဦးကျော်ဒင်၏ ခုတင်စောင်းတွင် အသာထိုင်လိုက်သည်။ မော်က မွန့်ကို အပေါ်ထပ်မှ လှမ်း၍ အော်ခေါ်လိုက်သည်။

ဦးကျော်ဒင်က လူစုံအောင် စောင့်ရင်း ပြောမည့်စကားကိုစဉ်းစားနေဟန်ရှိသည်။ ခဏကြာလျှင် မွန်နှင့်မော်တို့ အနားသို့ ရောက်လာသည်။

'သမီးကြီးမွန်က ဖေဖေ့ခေါင်းအုံးအောက်က သော့ကိုယူပြီး မီးခံသေတ္တာထဲက စာချုပ်တွေပါ ထုတ်ယူခဲ့ပါ'

မွန်သည် ဦးကျော်ဒင်ပြောသည့်အတိုင်းပင် စာချုပ်များကိုယူ၍ ဦးကျော်ဒင်၏ လက်နားသို့ အသာချလိုက်သည်။ အားလုံးက ဦးကျော်ဒင်ကိုသာ စိုက်ကြည့်နေကြသည်။ ဦးကျော်ဒင်ပြောမည့် စကားကိုသာ နားထောင်နေကြသည်။

'ဒီစာတမ်းကို ငါ့မိတ်ဆွေ ဝတ်လုံတော်ရ ဦးဘသောင်းကိုသက်သေ တရားဝင်ပြုပြီး ရေးထားတာ၊ နောက်မှ မင်းတို့ဖတ်ရင် မကျေမနပ် ဖြစ်မှာစိုးလို့ ခုကတည်းက အသိပေးခဲ့မယ်၊ သမီးကြီးကပဲဖတ်ပြလိုက်ပါကွယ်'

မွန်သည် ဦးကျော်ဒင်ဘေးမှ စာတမ်းကိုယူ၍ တုန်ယင်သောအသံကလေးဖြင့် တစ်လုံးချင်း ဖတ်ပြလိုက်သည်။

## 'အမွေပိုင်ဆိုင်ခွင့် ခွဲဝေပေးရေး'

ဤ စာချုပ်စာတမ်းအရ ကျွန်ုပ်ပိုင် ပစ္စည်းအားလုံးကို ကျွန်ုပ်၏ ဝတ်လုံတော်ရ ဦးဘသောင်းက ခွဲဝေပေးရန် ဖြစ်ကြောင်း။ ကျွန်ုပ်ပိုင် ကုက္ကိုင်းလမ်းရှိ ခြံအမှတ်(…)နှင့် အိမ်ကို ကျွန်ုပ်၏ သမီးလတ် မ ့အားပေးရန်…။

http://www.cherrythitsar.org



မွန်သည်စာကိုဆက်မဖတ်ဘဲ ရပ်လိုက်ပြီးလျှင်ဒေါ်ခင်မျိုးသန့် အားလှမ်း၍ ကြည့်လိုက်သည်။

ဒေါ်ခင်မျိုးသန့်၏မျက်နှာသည် သိသိသာသာ ပျက်၍နေတော့သည်။

အတန်ကြာမှမွန်သည် သူ့စိတ်ကိုသူထိန်း၍ စာကို ဆက်ဖတ်လိုက်သည်။

> အင်းလျားလမ်းရှိ အမှတ်(…) ကျွန်ုပ်အိမ်နှင့် မြေကို ကျွန်ုပ်၏သမီးအငယ် မော်အားပေးရန် လည်းကောင်း၊ ဘဏ်တွင်ရှိ ကျွန်ုပ်ပိုင်ငွေ ရှစ်သောင်းငါးထောင်ကို အောက်ပါအတိုင်း ခွဲဝေပေးရန်။
>
> သမီးအလတ် မ,အား နှစ်သောင်းငါးထောင် ပေးရန် သမီးအငယ် မော်အား နှစ်သောင်းငါးထောင်၊ ဇနီး ဒေါ်ခင်မျိုးသန့်အား နှစ်သောင်းငါးထောင်၊ သမီးကြီး မွန်အား နှစ်သောင်း ပေးအပ်ရန်။
>
> ကျွန်ုပ် ဘောက်ဆောကား အမှတ်(…) ကို ကျွန်ုပ်၏ ဇနီးဒေါ်ခင်မျိုးသန့်အားလည်းကောင်း ပေးအပ်ရန်…။

'တော်ပြီ၊ တော်ပြီ၊ ဒါပဲ၊ ဒီစာတမ်းကို အများက ကျေနပ်မှာ မဟုတ်ဘူးဆိုတာ ငါသိပါတယ်'

ဦးကျော်ဒင်စကားမဆုံးခင်မှာပင် ဒေါ်ခင်မျိုးသန့်က ဝင်၍ဖြတ်လိုက်သည်။

'ရှင် ကောင်းတယ်ထင်သလို လုပ်ပါ၊ ဒါပေမယ့် ကျုပ်အားလုံးရှေ့မှာ တစ်ခုတော့ ပြောချင်တယ်'

ဦးကျော်ဒင်က သူ့လက်တစ်ဖက်ကို အားယူ၍မြှောက်လိုက်ရင်း ဒေါ်ခင်မျိုးသန့်ကို လှမ်း၍တားလိုက်သည်။

http://www.cherrythitsar.org



'ငါ့မှာ စကားပြောချိန် နာရီပိုင်းလောက်ပဲရှိမယ်၊ များများလည်း မပြောနိုင်ဘူး၊ ဒီအိမ်ကြီးမှာ မင်း ခြယ်လှယ်ချင်သလို ခြယ်လှယ်ခဲ့ပြီးပြီ၊ မဖြစ်တန်တာတွေလည်း ဖြစ်ခဲ့ပြီးပြီ၊ ငါရှိစဉ်မှာတော့ အကြောင်းမဟုတ်ဘူး၊ ငါ မရှိခဲ့ရင် ဒီထက် ဒုက္ခရောက်ကုန်မှာ စိုးရတယ်၊ ဒီတော့အားလုံးအတွက် အသင့်မြတ်ဆုံးနဲ့ တရားနည်းလမ်းအကျဆုံး စဉ်းစားပြီးမှလုပ်တာ၊ မင်းအတွက် ကားတစ်စီးနဲ့ဖဲရိုက်စရာငွေရှိရင် တော်ပြီပေါ့၊ မွန်အတွက်တော့ ငါ့သမီးမှာ အိမ်ရှိပြီ၊ ကိုယ့်ဆေးတိုက်နဲ့ကိုယ် ထောင်ချင်ရင် ဒီနှစ်သောင်းဆိုတာ လုံလောက်ပါတယ်၊ ကံဆိုးတဲ့ ငါ့သမီး နှစ်ယောက်ကို ဖေဖေ ပိုပေးတာ တရားပါတယ်ကွယ်၊ မင်းတို့က ကျေနပ်ကြပါ'

ဦးကျော်ဒင်သည် ပြောရင်း မောဟန်ဖြင့်အသာရပ်၍ထားလိုက်သည်။

ပြီးမှ မှိန်း၍ နေလိုက်ပြန်သည်။

သည်တော့လည်း တစ်ခန်းလုံး ငြိမ်၍သွားတော့သည်။ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။

ကိုဘခက်ကမူ မ,ကို အကဲခတ်ရင်း တစ်ချက် လှမ်းကြည့်လိုက်သည်။

ကိုဘခက်ကြည့်လိုက်သော အဓိပ္ပာယ်ကိုလည်း မ,ကနားလည်ပြီးဖြစ်သည်။

'သမီး ဒီအိမ်ကြီးကို မယူပါစေနဲ့၊ မေမေ့ကိုပဲပေးပါ ဖေဖေ၊ ငွေလည်း ဖေဖေပေးတဲ့အတိုင်း...'

မ,စကားကို ဒေါ်ခင်မျိုးသန့်က ကြားဝင်၍ ဖြတ်လိုက်သည်။

'အံမယ်... အလွမ်း သယ်မနေစမ်းပါနဲ့၊ ညည်း ဒီလိုပလီပလာတွေ များလွန်းလို့လည်း ညည်းအဖေက ညည်းကိုပိုပြီး ရက်ရောနေတာပေါ့'

http://www.cherrythitsar.org



မ,သည် ပြောမည့်စကားကို ရှေ့မဆက်နိုင်ဘဲ ဒေါ်ခင်မျိုးသန့်ကိုသာ ငေး၍ ကြည့်ရင်း မျက်ရည်များ စီးကျလာတော့သည်။ စေတနာကို ဝေဒနာဖြစ်သည့်အတွက် ဝမ်းနည်းမိလေသည်။

'ကိုယ်မွေးထုတ်တဲ့ သမီးအကြောင်းကို နားလည်ဖို့ ကောင်းပါတယ် မေမေ၊ သမီး ဒါတွေသာ မက်မောရင် ခုလို မနေပါဘူး'

ဒေါ်ခင်မျိုးသန့်သည် တစ်ချက်မျှ မဲ့မဲ့ရွဲ့ရွဲ့ ကြည့်လိုက်ပြီးလျှင် မွန်ဘက်သို့လှည့်လိုက်သည်။ မွန်က ဒေါ်ခင်မျိုးသန့်ကို ပြန်၍ကြည့်လိုက်ပြီးလျှင် တမင်တကာပင် အရေးမစိုက်ဟန်လုပ်၍ ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

'တွက်ကတ်ရာကျပါတယ် မာမီ၊ ပြောမနေပါနဲ့၊ ဒီလောက်ပစ္စည်းနဲ့ငွေလောက်ကို မာမီအတွက် အရေးလုပ်စရာ မလိုပါဘူး၊ သူတို့ ခုလို အခြေအနေလေးရှိသွားတာပဲ ဝမ်းသာရမှာပဲ၊ နို့မို့ရင် သူတို့အတွက် ကိုယ်က ဝင်ပြီး ရှက်နေရမှာ'

မွန်၏တင်စီးလှသောစကားကို နားထောင်ရင်း မ,သာမက ကိုဘခက်ပါ မခံမရပ်နိုင်အောင် ရှိတော့သည်။

ထို့ကြောင့်လည်း ကိုဘခက်သည် မွန်ကို ခပ်တင်းတင်းစိုက်၍ ကြည့်လိုက်သည်။

သို့ကြည့်လိုက်သည့်တိုင်အောင် မွန်ကမူ ကိုဘခက်ကို အလျင်းဂရုစိုက်ဟန် မရှိချေ။

ကိုဘခက်သည် မွန့်ကိုကြည့်နေရာမှ ဦးကျော်ဒင်ဘက်သို့ မျက်နှာလွှဲလိုက်သည်။

ဦးကျော်ဒင်သည် မျက်လုံးကို မှေးထားရာမှ တဖြည်းဖြည်းဖွင့်လိုက်သည်။

ယခုလို တစ်ဖက်စီးနင်းနိုင်လှသော စကားများကို ကြားရပြန်တော့လည်း ကိုဘခက်စိတ်ထဲ၌ အမောက်ထောင်ပြလိုက်ချင်သည်။

http://www.cherrythitsar.org



'ဦးကို ကျွန်တော် တစ်ခု တောင်းပန်ပါရစေ၊ မ,အတွက်ရော ကျွန်တော်တို့နှစ်ယောက် အတွက်ပါ ဦးပေးတဲ့ အခွင့်အရေးဟာဖြင့် နတ်သိကြားမ,လို့ ရတဲ့အခွင့်အရေးလောက် ကျေးဇူးကြီးလှပါတယ်၊ ဒါပေမယ့် ဒီအခွင့်အရေးဟာ ကျွန်တော်တို့နဲ့ မထိုက်တန်ပါဘူး၊ ယူလည်း မယူလိုပါဘူး၊ ဒီအခွင့်အရေးကို မယူဘဲ အရာရာ မညှိုးငယ်အောင်ထားဖို့ ကျွန်တော် ကတိပြုပါတယ်၊ မ,ကို မိဘလက်ထဲမှာထားတဲ့ အဆင့်အတန်းထက် မနိမ့်ကျအောင်ထားဖို့ ကျွန်တော် ကတိပြုပါတယ်'

ဒေါ်ခင်မျိုးသန့်နှင့် မွန်တို့သည် ကိုဘခက်စကားကို နားထောင်ရင်း အချင်းချင်း လှမ်းကြည့်လိုက်သည်။ မော်က တစ်ချက်မျှ မဲ့လိုက်သည်။

ဦးကျော်ဒင်၏မျက်နှာကား ရုတ်ခြည်းပင်လန်းဆန်းလာသည်ဟု ထင်လိုက်ရသည်။

'မောင်ဘခက်ရဲ့ စေတနာ ဦး သာဓုခေါ်ပါတယ်၊ ဒါပေမယ့် ဦး ဆုံးဖြတ်ချက်ကိုတော့ မပြင်ဘူး မောင်ရင်၊ ပြင်ဖို့လည်း အချိန်မရဘူး၊ သမီးသုံးယောက်ရှိတဲ့အနက် အကြီးကို စိတ်ချရသလောက် အငယ်နှစ်ယောက်အတွက် စိတ်မအေးနိုင်ဘူး၊ အငယ်မ အမိုက်အတွက် သာပြီး စိုးရိမ်သေးတယ်၊ မ,အတွက်တော့ လူအနေနဲ့ စိတ်ချတယ်၊ မောင်ဘခက်ရဲ့စိတ်ဓာတ်ကိုလည်းယုံကြည်တယ်၊ ဒါပေမယ့် သင်းတို့နှစ်ယောက်ပင်ပန်းမှာ, ဆင်းရဲမှာ စိုးရိမ်တယ်၊ မော့်အတွက်တော့ နည်းနည်းမှ စိတ်မချဘူး၊ မင်းတို့ အကြီးနှစ်ယောက်က သူ့ဖွဲ့မျိုးကိုခံပြီး ဆုံးမပေးကြပါ၊ ဒီကလေး နောက်တစ်ကြိမ်မမှားဖို့ဟာ မင်းတို့နှစ်ယောက်ရဲ့ တာဝန်ပဲ၊ ပြီးတော့လည်း မင်းတို့သားအမိလေးယောက် စည်းစည်းလုံးလုံးနေတာကို ငါကြည့်ချင်တယ်၊ ငါသေမှငိုကြတာထက် မသေခင် ငါ့လိုလားမှု ဖြည့်စွမ်းတာက ငါ့အတွက်စိတ်ချမ်းသာတယ်၊ ဒီလိုမှ မဟုတ်ရင်တော့ငါဟာ မင်းတို့အတွက် သက္ကာယဒိဋ္ဌိမီးတောက်ပြီး အပါယ်လေးပါးကို ဆင်းရတော့မှာပဲ'

ဦးကျော်ဒင်၏ စကားကို နားထောင်ရင်း မ,သည် ရင်ထဲ၌ အလိုလိုဆို့၍ လာသည်။ မ,ကို သာမက ဦးကျော်ဒင်၏ စကားများသည် အားလုံး၏စိတ်ကို လွှမ်းမိုးထိခိုက်စေသည်။

http://www.cherrythitsar.org



အမှန်၌ ဦးကျော်ဒင်၏ ဆန္ဒသည် ဒေါ်ခင်မျိုးသန့်နှင့် မွန်၊ မော်တို့အတွက် လိုက်လျောရန် လွယ်ကူလှမည် မဟုတ်ချေ။

အထူးသဖြင့် သူတို့ကိုယ်တိုင် ရွံမုန်းနေသော မ ့နှင့် ပြန်လည် သင့်မြတ် ချစ်ခင်ရမည် ဆိုသည်မှာ သူတို့အတွက် အစဉ်းစားရခက် သော အလုပ်တစ်ခု ဖြစ်စေလိမ့်မည်။

သို့သော် ဦးကျော်ဒင်၏ ဆန္ဒသည် ဤတစ်ကြိမ် နောက်ဆုံး ဖြစ်မည်ကို နားလည်ထားကာ မငြင်းရဲအောင် ရှိတော့သည်။

မ ့ကမူ ဖခင်ကြီး စိတ်ချမ်းသာမှုအတွက် ရှေ့ဆုံးမှ ကတိပေး လိုက်သည်။

'ဖေဖေ့ဆန္ဒအတိုင်း တစ်တဝေမတိမ်း လိုက်နာပါ့မယ်၊ ဖေဖေ သမီးအပေါ်မှာ အပြစ်ရှိတယ်ထင်ရင်လည်း သမီး မကျေ ့ကျေအောင် တောင်းပန်ပြီး သင့်မြတ်အောင် နေထိုင်ပါ့မယ် ဖေဖေ၊ ဖေဖေကြီးကို လည်း သမီးမှာ အပြစ်ရှိခဲ့ရင် ခွင့်လွှတ်ပါလို့ အကြိမ်ကြိမ်ရှိခိုး တောင်း ပန်ပါတယ် ဖေဖေ'

မ ့သည် မျက်ရည်ပေါက်ပေါက် စီးကျလာသော်လည်း ငိုသံ မပါအောင် ကြိုးစား၍ ပြောလိုက်ရင်း ဦးကျော်ဒင်အား လက်အုပ် ချီ၍ ကန်တော့လိုက်သည်။

'သာဓု‥ သာဓု‥ သာဓု၊ ငါ့သမီး ချမ်းသာကြီးပွားပါစေ'

မ ့က ရှေ့မှ ကတိပေးလိုက်တော့လည်း အားလုံး မနေနိုင်ကြ တော့ပေ။ စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ၊ ခု တစ်ကြိမ်တွင် ဦးကျော်ဒင်၏ ဆန္ဒကိုလွန်ဆန်ရန် မသင့်ကြောင်းကို အားလုံးက နား လည်ထားကြသည်။

ထို့ကြောင့်လည်း ဒေါ်ခင်မျိုးသန့်က အစ မော်အထိ သုံး ယောက်စလုံးပင် ဦးကျော်ဒင်၏ လိုလားမှုအတိုင်း စည်းစည်းလုံးလုံး သင့်သင့်မြတ်မြတ် ရှိပါစေမည်ဆိုသော ကတိပေးကြသည်။

http://www.cherrythitsar.org



သည်တော့မှလည်း ဦးကျော်ဒင်၏ မျက်နှာသည် အတန်ငယ် လန်း၍လာသည်။

ဦးကျော်ဒင်သည် ပြောချင်သော စကားကို ပြောပြီး၍ အား လျှော့လိုက်၍လားမသိ။ သို့မဟုတ် မော၍လာသောကြောင့်လားမသိ။ မျက်လုံးမှေး၍ မှိန်းနေတော့သည်။

ဦးကျော်ဒင်က မှိန်းနေဟန် ရှိသော်လည်း အားလုံးက သူ့ အနားမှ မခွာနိုင်ကြချေ။ ဦးကျော်ဒင်၏ အရိပ်အခြည်ကိုသာ စိုးရိမ် တကြီး အကဲခတ်၍နေကြသည်။

မွန်ကမူ လက်မှနာရီကိုသာ မကြာခဏ ကြည့်ရင်း ဆေးထိုး ရမည့်အချိန်ကို သတိနှင့် စောင့်နေတတ်သည်။ အခန်းတွင်းရှိ လူ အားလုံးကာ မလှုပ်မယှက် ငြိမ်သက်လျက် ရှိတော့သည်။

တိတ်ဆိတ်နေသော အခန်း၌ကား တစ်ချက်ချက် မြည်နေသော နာရီစက်သံကလွဲ၍ ဘာသံမှ မကြားရချေ။

မွန်က လက်မှနာရီကို ကြည့်လိုက်လျှင် အပြင်သို့ ထွက်သွား၏။ ခဏကြာလျှင် ဆေးကို အသင့်ထည့်ထားသော ဆေးထိုးအပ်ကိုကိုင်၍ ဝင်လာသည်။

မွန်က ဦးကျော်ဒင်အား ဆေးထိုးရန် ပြင်လိုက်မှ ဦးကျော်ဒင် သည် မျက်လုံးကို အသာဖွင့်လိုက်သည်။

'သမီးရဲ့ ဆေးပညာစွမ်းနဲ့ ဖေဖေ့အသက်ကို မကယ်နိုင်တော့ ပါဘူးကွယ်…'

မွန်သည် သူ့နှုတ်ခမ်းကို ကိုက်၍ထားရင်း စိတ်ကိုတင်းထားရ သည်။

ဦးကျော်ဒင်၏ အခြေအနေကား စောစောကနှင့် မတူတော့ ချေ။ စကားများပင် လေး၍လာသည်။

'ဒီဆေးက ဒက်ဒီအတွက် သက်သာပါတယ် ဒက်ဒီ၊ မနာပါ ဘူး…'

မွန်က ပြောပြောဆိုဆို ဆေးတစ်လုံးထိုး၍ ပေးလိုက်သည်။ ဦးကျော်ဒင်က မသိမသာ ပြုံးလိုက်သည်။

ဦးကျော်ဒင်၏ အက်ကွဲသော အပြုံးသည် မ,ရင်ကို သိမ့်သိမ့် တုန်စေတော့သည်။ ဦးကျော်ဒင် ပြုံးလိုက်သော အပြုံးကား…

'မင်းတို့ ဘယ်လိုပြောပြော ငါ့အကြောင်း ငါသိပါတယ်ကွာ' ဟု စိတ်ထဲမှ ကျိတ်၍ ပြောလိုက်သော အပြုံးမျိုးဖြစ်သည်။

ဦးကျော်ဒင်သည် လေသံသဲ့သဲ့ဖြင့် စကားကို တစ်လုံးချင်း ပြောလိုက်ပြီးလျှင် မျက်လုံးကို ပြန်၍မှိတ်ထားလိုက်တော့သည်။ စကား များကား မပီသတော့ချေ။ စဉ်းစား၍သာ အဓိပ္ပာယ် ကောက်ရတော့ သည်။

မ,သည် ဦးကျော်ဒင် ခေါင်းရင်းမှ ပုဆစ်ဒူးတုပ်ထိုင်ရင်း ဆီ မန်းမန်းသလို ရွတ်နေတော့သည်။

ခဏကြာလျှင် မွန်၏ ဆရာဆိုသော ဒေါက်တာဝင်၍လာသည်။ ဒေါက်တာနှင့်မွန်တို့ ကပ်၍ တိုးတိုး ပြောကြသည်။ ဒေါက်တာက ဦးကျော်ဒင်ကို အနည်းငယ် စမ်းသပ်၍ ကြည့်လိုက်သည်။

စမ်းသပ်ပြီးလျှင် မွန်နှင့် တိုးတိုးပြောကြပြန်သည်။ အတန် ကြာလျှင် မွန့်ကို နှုတ်ဆက်၍ ဒေါက်တာ ပြန်သွားတော့သည်။

မ,က မွန့်မျက်နှာကို အားကိုးအားထားဖြင့် လှမ်း၍ကြည့်လိုက် မိသည်။ မွန်၏မျက်နှာကား သွေးမရှိတော့ချေ။

မွန့်မျက်နှာကိုမြင်လိုက်ရမှ မ,မှာ တစ်အားလျှော့မိသည်။ မွန် သည် ဦးကျော်ဒင်၏လက်တစ်ဖက်ကို တစ်ချက်တစ်ချက်သွေးစမ်းကြည့် ရင်း အပေါ်သို့သာ စိုက်ကြည့်နေသည်။

ထိုအတွင်း မော်၏ ရှိုက်သံမပွင့်တပွင့်ကို ကြားရသည်။ ဒေါ် ခင်မျိုးသန့်က မော့်ကို လှမ်း၍တားလိုက်သည်။ မော်က သူ့ပါးစပ် ကို လက်ကိုင်ပဝါဖြင့် ပိတ်ထားလိုက်သည်။

http://www.cherrythitsar.org



သို့ ပိတ်ထားသော်လည်း ရှိုက်သံများက တစ်ချက်တစ်ချက် ဆောင့်၍ ထွက်လာသည်။

မွန်သည် ခုတင်ဘေးမှထ၍ သွားလိုက်ပြီးလျှင် ပြတင်းပေါက်နားသို့ ခဏမျှရပ်၍ သူ့မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်၏။ ပြီးမှ ပြန်လာသည်။

မွန့်မျက်နှာတစ်ခုလုံးကား နီ၍ နေတော့သည်။ မွန်သည် ဦးကျော်ဒင်၏ လက်ကို အသာဆွဲ၍ စမ်းလိုက်သည်။ သည်တစ်ကြိမ်တွင် အတန်ကြာအောင်ပင် စမ်း၍ နေလိုက်သည်။

သို့ စမ်းနေရင်းမှ မွန်သည် ဦးကျော်ဒင်၏ ခုတင်ဘေးတွင်ဒူးထောက် ထိုင်ချလိုက်သည်။ ပြီးမှ ဦးကျော်ဒင်၏လက်တစ်ဖက်ကို ကိုယ်ပေါ်သို့ အသာတင်လိုက်သည်။

နောက်တစ်ဖက်ကိုလည်း အသာဆွဲတင်လိုက်ပြီးလျှင် လက်ချင်းယှက်၍ထားလိုက်တော့သည်။ နောက်ဆုံး၌ မွန်သည် ဦးကျော်ဒင်၏ ကိုယ်ပေါ်တွင် မှောက်၍ ငိုလိုက်တော့သည်။

မော်သည်နေရာမှထ၍ ဦးကျော်ဒင်၏ ခုတင်ခြေရင်းတွင် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုလိုက်သည်။

ဒေါ်ခင်မျိုးသန့်၏ အော်ဟစ်ငိုလိုက်သောအသံသည် အားလုံးကို လွှမ်းမိုး၍သွားတော့သည်။

မ,သည် မျက်စိရှေ့တွင် မြင်ရသော အရာများအားလုံးကို အိပ်မက် မက်သလို ကြောင်၍ကြည့်နေရာမှ သတိလည်လာသည်နှင့် တစ်ပြိုင်နက် ကိုဘခက်၏ ရင်တွင်းသို့ မျက်နှာအပ်ကာ မဆုံးနိုင်သောငိုခြင်းဖြင့် ငိုလိုက်မိတော့သည်။

မ,အတွက်ကား ပြန်၍ပေါ်လာနိုင်မည်မဟုတ်သော မဟာ ရွှေမြင်းမိုရ်တောင်ကြီး ပြိုကွဲသွားခြင်းပင် မဟုတ်လော။

●

http://www.cherrythitsar.org



# (၂၆)

ကိုဘခက်တို့ ကားကလေးသည် မ,တို့ အိမ်ရှေ့ ဆင်ဝင်အောက်သို့ ထိုးဆိုက်လိုက်သည်။ မ,သည် ဧည့်ခန်းမှ အပြေးထွက်လာပြီးလျှင် သံတံခါးကို ဖွင့်ပေးလိုက်သည်။

ကားတွင်းမှကိုဘခက်နှင့်အတူ အသက်ငါးဆယ်ခန့်တည်ကြည်ခံ့ညားသော လူကြီးတစ်ယောက်ကိုလည်း တွေ့ရသည်။

မ,က ကိုဘခက်ကို ခရီးဦးကြိုပြုရင်း ဧည့်ခန်းတွင်းသို့ ဝင်ခဲ့သည်။

ဧည့်ခန်းတွင်း၌ကား လူစုံ ရှိနေကြသည်။ ဒေါ်ခင်မျိုးသန့်၊ ဇစ်တာ၊ မော်တို့အားလုံးက ကိုဘခက်ကို တအံ့တသြ ကြည့်နေကြသည်။ ကိုဘခက်ကလည်း ဧည့်ခန်းတွင်းမှလူအားလုံးကို တစ်ယောက်စီ မသိမသာ အကဲခတ်လိုက်သည်။

အာလုံး မျက်နှာများမှာ အရင်ကလို မဟုတ်တော့ချေ။ မာန်မာန လျော့ကျနေပြီဟု ထင်ရသည်။

နောင်တတရား ရနေသည်ဟု ထင်ရသည်။ လွန်ပြီးသောအမှားကို နောက်ထား၍ အမှန်ကို မျှော်ကြည့်နေသလို ထင်ရသည်။

မော်၏ မျက်နှာပင်လျှင် သိသိသာသာ ပြောင်းလဲ၍ နေတော့သည်။ နေပူခံပန်းကလေးလို နွမ်း၍ နေသည်။

ကိုဘခက်က အားလုံးနှင့် တစ်ယောက်ချင်း မိတ်ဆက်၍ ပေးလိုက်သည်။

'ဖေဖေ··· ဟောဒါက မ,ရဲ့ မေမေ ဒေါ်ခင်မျိုးသန့်၊ ဟောဒါက မ,ရဲ့ အစ်မအကြီးဆုံး မွန်၊ သူက ဒေါက်တာ၊ သူကတော့ မ,ရဲ့ ခင်ပွန်း အင်ဂျင်နီယာကြီးပေါ့၊ သူက အငယ်ဆုံး မော် ဆိုတာ၊ ဥပစာတန်းမှာပဲ'

http://www.cherrythitsar.org



ကိုဘခက်သည် မ,တို့ တစ်အိမ်သားလုံးနှင့် မိတ်ဆက်၍ပေးလိုက်သောအခါ အားလုံးကပင် ပြုံးရွှင်စွာဖြင့် နှုတ်ဆက်ကြသည်။

ပြီးမှ သူ့ဖခင်နှင့် အားလုံးကို ပြန်၍ မိတ်ဆက်ပေးလိုက်လေသည်။

'ဒေါ်ဒေါ်·· မိုးကုတ်က ကျွန်တော့်ဖခင် ဦးစိန်ခက်ဆိုတာပါပဲ၊ ကျွန်တော်နဲ့ မ,ကို မိုးကုတ် အလည်ခေါ်ရအောင် လိုက်လာတာပါ ခင်ဗျာ'

ဗစ်တာသည် ဦးစိန်ခက်ကို အကဲခတ်သလိုကြည့်လိုက်ရင်း မွှန့်ကို ခပ်တိုးတိုး လှမ်း၍ ပြောလိုက်သည်။

သည်တော့မှလည်း မွှန်မှာ မျက်လုံးကလေးကြောင်တောင်တောင်ဖြင့် ဦးစိန်ခက်ကို ငေး၍ကြည့်နေမိသည်။

သို့ကြည့်နေရင်းမှ အိမ်ရှေ့တွင် ဆိုက်ထားသောကားကိုလှမ်း၍ ခိုးကြည့်လိုက်မိသည်။

ဒေါ်ခင်မျိုးသန့်၏ မျက်နှာကား ပျားရည်ထက်ပင် ချိုမည်ဟု ထင်ရသည်။

'ကြားဖူးပါတယ်ရှင်၊ ထိုင်ပါ··· ထိုင်ပါ၊ ရောက်တာ ကြာပြီလား'

'ငါးရက်လောက်ပဲ ရှိပါသေးတယ်ခင်ဗျာ၊ သူတို့ကို ခေါ်ဖို့ဟာ ဝမ်းနည်းဖို့အကြောင်းနဲ့ လာဆုံနေရတော့ စောင့်နေရတာပေါ့'

ဒေါ်ခင်မျိုးသန့်သည် ကိုဘခက်ကို ရင်းရင်းနှီးနှီးပြုံး၍ ကြည့်လိုက်သည်။

'မောင်ဘခက်ကကွယ်·· တခြားမှာ ဘာလို့အတည်းခံရတာလဲ၊ ဒီမှာပဲတည်းရောပေါ့၊ အားနာစရာမှ မဟုတ်ပဲဟာ'

'ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒီအချိန်မျိုးမှာ ဒီမှာ တည်းဖို့ကလည်း အားနာစရာမို့ တခြားမှာပဲ လွတ်လွတ်လပ်လပ် တည်းပါတယ်ခင်ဗျာ၊ ကဲ···

http://www.cherrythitsar.org



မ,ရေ··· သွားဖို့ပြင်ပေတော့၊ မ,အဝတ်အစားတွေတော့ အားလုံးပါတယ်'

မ,သည် ဒေါ်ခင်မျိုးသန့်အနားသို့ ကိုယ်ကိုညွတ်၍ လျှောက်သွားသည်။

ပြီးမှ ဒေါ်ခင်မျိုးသန့် ရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်လိုက်သည်။

ဒေါ်ခင်မျိုးသန့်က မ,ကို ဆို့နစ်သော မျက်လုံးများဖြင့် တွေတွေကြီး စိုက်ကြည့်နေတော့သည်။

'သမီးပြန်လာမယ့်ရက်ကျတော့ သံကြိုးရိုက်လိုက်နော်၊ မေမေတို့ သမီးအတွက် အိမ်ကြီးကို အားလုံးပြင်ဆင်ထားမယ်'

ဒေါ်ခင်မျိုးသန့်၏ လေသံကား အားနည်းလှသည်။ ကြေကွဲသံလည်း အပြည့်ပါသည်။

မ,သည် နားထောင်ရင်း စိတ်ကိုမထိန်းနိုင်ရှာတော့ချေ။ ပါးပြင်ပေါ်တွင် မျက်ရည်ကြောင်းများက တစ်ကြောင်းပြီး တစ်ကြောင်း ထပ်၍စီးကျလာတော့သည်။

'သမီးပြောပါရစေ မေမေ၊ ဆပ်မကုန်အောင် ကြီးမားလှတဲ့ မိဘတွေဆီက သမီး ပစ္စည်းတို့ ငွေတို့ဆိုတဲ့ အမွေမျိုးကို မလိုလားပါဘူး မေမေ၊ ဒီလို အမွေမျိုးထက် တန်ဖိုးမဖြတ်နိုင်တဲ့ မေတ္တာပဲခံယူပါရစေ၊ ဒီပစ္စည်းတွေရလို့လည်း မိဘရဲ့မေတ္တာနဲ့ ကင်းဝေးရင် သမီးဘဝဟာ မလန်းဆန်းနိုင်ပါဘူး၊ မိဘရဲ့မေတ္တာကိုသာ ခံယူရရင် ဒီပစ္စည်းတွေမရလည်း သမီးဘဝဟာမညှိုးငယ်ပါဘူးမေမေ၊ သမီးမှာအပြစ်ရှိခဲ့ရင် သမီးရဲ့ အပြစ်ဟာ မလိမ္မာလို့ တစ်ခါမိုက်မှားတဲ့ အပြစ်ပါလားဆိုတဲ့အနေနဲ့ ခွင့်လွှတ်ပြီး သမီးအပေါ်မှာ အရင်လိုပဲ မေတ္တာထားမယ်ဆိုရင် သမီး ဝမ်းသာလှပါပြီ မေမေ၊ သမီးကို ခွင့်လွှတ်ပါနော်'

မ,က ရှိုက်သံကလေးဖြင့် တစ်ခွန်းချင်း တောင်းပန်လိုက်ရင်း နဖူးနှင့်ဒေါ်ခင်မျိုးသန့်၏ ခြေအစုံကို ထိအောင် ကန်တော့လိုက်လေသည်။

မ,၏ မျက်ရည်များသည် ဒေါ်ခင်မျိုးသန့် ခြေဖမိုးပေါ်မှ ကြမ်းပြင်ပေါ်သို့ တလိမ့်လိမ့်ဆင်း၍ သွားတော့သည်။

http://www.cherrythitsar.org



သည်တော့မှလည်း ဒေါ်ခင်မျိုးသန့်က မ,ကို ကလေးငယ်တစ်ယောက်လို ပွေ့ထူ၍ တအား ဖက်ထားလိုက်မိတော့သည်။

မ,ကလည်း ဒေါ်ခင်မျိုးသန့်ကို ပြန်၍ ဖက်ထားရင်း ပါးချင်းကပ်ထားလိုက်သည်။

မျက်ရည်များသည် နှစ်ဦးစလုံးပါးပြင်ကို အလူးလူးအလိမ်းလိမ်း ပျံ့၍ သွားတော့သည်။

'သမီးအပြစ်ချည်း မဟုတ်ပါဘူးသမီးရယ်၊ မေမေတို့ အပြစ်လည်း ပါပါတယ်'

ဒေါ်ခင်မျိုးသန့်သည် ယူကျုံးမရသဖြင့် မ,ကိုပင် ပြန်၍နှစ်သိမ့်လိုက်တော့သည်။ သည်တော့မှလည်း မ,မှာ သူ့စိတ်ကို ပြန်၍တင်းလိုက်သည်။

'ဒီအိမ်ကြီးနဲ့ သမီးအတွက် ငွေဟာ မေမေနဲ့ မော်အတွက်ဖြစ်ပါစေ မေမေ၊ ဒီလိုဖြစ်ပြီးနောက် မေမေနဲ့ မော်က ကြည်ဖြူခွင့်လွှတ်မယ်ဆိုရင် သမီးတို့ အရင်တုန်းကလို တစ်စည်းတစ်လုံးတည်း ပြန်ပြီးနေပါရစေ၊ ဖေဖေကြီး ခေါင်းချသွားတဲ့အိမ်မို့ သမီး ဒီအိမ်က ဘယ်မှခွဲပြီး မနေချင်ပါဘူး'

'မေမေ ဝမ်းသာပါတယ်၊ သမီးရဲ့ စေတနာကို မေမေနားလည်ပါပြီ'

ဒေါ်ခင်မျိုးသန့်သည် မ,၏နဖူးပြင်ကို သပ်လိုက်ရင်းမချိတင်ကဲ ပြောလိုက်မိသည်။

မော်က မ,အနားသို့ မရဲတရဲ ကပ်၍လာသည်။

ပြီးမှ မျက်ရည်စမ်းစမ်းဖြင့် မ,ကို တောင်းပန်လိုက်သည်။

'မော့်ကိုလည်း စိတ်မဆိုးပါနဲ့နော်၊ မော့်ကို ခွင့်လွှတ်မယ်မဟုတ်လားဟင်၊ မ,.... မော် တောင်းပန်ပါတယ် မ,ရယ်၊ မော့်ကိုခွင့်လွှတ်ပါနော်'

မော်ကငိုသံဖြင့် တုန်တုန်ယင်ယင် တောင်းပန်နေသည်ကိုပင်မ,မှာ မကြည့်ရက်နိုင်အောင် ရှိတော့သည်။

သည်တော့လည်း မ,မှာ မော်၏ ပါးပြင်ကလေးကို လက်ဖြင့် အသာပွတ်လိုက်မိသည်။

http://www.cherrythitsar.org



'တောင်းပန်စရာမလိုပါဘူး ညီမရယ်၊ လောကမှာ အပြစ်ကင်းတဲ့သူရယ်လို့ မရှိပါဘူး၊ တို့တစ်တွေဟာ ဒီအပြစ်တွေလောက်တော့ တစ်သက်လုံး မပျက်နိုင်တဲ့မေတ္တာနဲ့ ချေဖျက်သွားရမယ့် တစ်အူတုံဆင်း ညီမအရင်းတွေဆိုတာ မင်း ယုံစမ်းပါကွယ်'

မ,က မော်၏ ပါးကလေးကို မနာအောင် အသာဆွဲ၍ညှစ်လိုက်သည်။

သည်တော့မှလည်း မော်မှာ သူ့စိတ်ကို သူ မထိန်းနိုင်တော့ဘဲ မ, ရင်ခွင်တွင်းသို့ သူ့ခေါင်းကလေးဖြင့် တိုးဝှေ့လိုက်ရင်း ကလေးငယ်လေးလို အသံထွက်အောင် ငိုလိုက်တော့သည်။

'မော် မကောင်းဘူး၊ မော့်ကိုယ် မော် သိတယ်၊ မော်တို့က သိပ်ဆိုးနေပြီ၊ မ, ခုလို မော်တို့အပေါ်မှာ စေတနာကောင်း ပြလေ မော်တို့အတွက် ခွင့်လွှတ်ပြလေ မော် ဝမ်းနည်းလေပဲ၊ မော် သိပ်ဝမ်းနည်းတယ်၊ မော့်ကို ခွင့်လွှတ်ပါ မရယ်'

မော်သည် သူ့စိတ်ကို သူ မထိန်းနိုင်တော့ချေ။

မမြင်ရက်မကြည့်ရက်သောအဖြစ်ကို မြင်ရသကဲ့သို့ရပ်တည်နိုင်စွမ်း မရှိတော့ချေ။

'မ,ပြောတာ နားထောင်စမ်း မော်၊ မင်း ကိုယ့်ကို ဒါလောက်တောင် တောင်းပန်စရာ မလိုပါဘူး၊ မင်း ဒီလောက် တောင်းပန်နေတော့ ကိုယ်မခံနိုင်ဘူး··· သိလား၊ ရင်ထဲက ငိုချင်လာတယ်၊ ကိုယ်ဟာ မင်းပြောသလို သူတော်ကောင်းကြီးမလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် မှန်ပြောသလိုပဲ ကိုယ့်မှာ အားနည်းချက်ရှိတယ်၊ ဒီအားနည်းချက်ကတော့ လူတွေကို အတွယ်အတာ ကြီးတတ်တယ်၊ သံယောဇဉ်ကြီးတတ်တယ်၊ အပြစ်တစ်ခုကို ပြိုင်ပြီး ခွင့်လွှတ်စတမ်းဆိုရင် အားနည်းတဲ့သူက အရင်ခွင့်လွှတ်ပြီး ဖြစ်နေလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အားနည်းတဲ့သူဆိုတာ ကိုယ်တွယ်တာ ချစ်ခင်နေသူတွေရဲ့ အမုန်းကိုလည်း မခံနိုင်ဘူး၊ အငြိုးလည်းမခံနိုင်ဘူး၊ သံယောဇဉ်လည်း အပြတ်မခံနိုင်ဘူး၊ ခုဖေဖေ ခွဲဝေတဲ့ပစ္စည်းတွေကို မေမေနဲ့ မင်းကို ပြန်အပ်တာဟာ ဒီ စေတနာ

http://www.cherrythitsar.org



သန့်သန့်နဲ့ ပြန်အပ်တာ၊ မောင့်အရှိန်အဝါကြောင့် မာနထောင်ပြီး ပြန်အပ်တာမျိုး မဟုတ်ဘူး။

'ဒီပစ္စည်းတွေအတွက် လောဘတက်ပြီး အမုန်းခံရမှာကို ကိုယ်မခံနိုင်ဘူး၊ ဒီပစ္စည်းတွေ ရမှာထက် မေမေရဲ့မေတ္တာ, မွန်နဲ့မော်တို့ရဲ့မေတ္တာပျက်မှာ ပိုပြီးကြောက်တယ်၊ တစ်ချိန်တုန်းက အမေ ညီအစ်မတွေရဲ့ သံယောဇဉ်အဖြတ်ခံရတော့ မင်းတို့ပြတ်သလို ကိုယ့်မှာ မပြတ်နိုင်ဘူး'

'ဒီတော့ ဘယ်လောက်တောင် ယူကျုံးမရ ဖြစ်ရတယ် ဆိုတာကိုယ် ပိုပြီးမပြောတတ်ဘူး၊ အခု တို့မှီခိုနေရတဲ့ သစ်ပင်ကြီး လဲသွားပြီ၊ တို့မှာ ခိုလှုံစရာ အရိပ်က ရှားပါးလာပြီ၊ ဒီအမေ, ဒီညီအစ်မတွေရဲ့မေတ္တာရိပ်ကို တစ်ပြန်တလဲ ခိုလှုံပြီး နေကြရမှာပါ ညီမရဲ့၊ ဒါကြောင့်ကိုယ့်ကို တောင်းပန်ဖို့မလိုဘူးလို့ ပြောတာ သိလား၊ တောင်းပန်ချင်းတောင်းပန်ရင် ကိုယ်ကသာ တောင်းပန်ရမှာပါ ညီမရယ်၊ ကိုယ်ကသာတောင်းပန်ရမှာပါကွယ်'

မ,က ပြောပြောဆိုဆို သူ့မျက်နှာကို လက်ဝါးကလေးဖြင့်အုပ်၍တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ငိုလိုက်မိတော့သည်။

မ,ငိုတော့လည်း မော်ကပါ မ,ကို ဖက်၍ ငိုလိုက်မိတော့ သည်။

မွန်က မ,မျက်နှာကလေးကို မေးမှ အသာဆွဲ၍ မော့လိုက်သည်။ မွန့်မျက်လုံးများမှာ မျက်ရည်အပြည့်လျှမ်းနေတော့သည်။

'မင်းမှန်ပါတယ် ညီမရယ်၊ မင်းက အမှန်ဘက်က ရပ်ခဲ့တဲ့သူမို့တို့ မင်းတို့တစ်တွေ တောင်းပန်တာကို မင်း ဝမ်းနည်းစရာမလိုပါဘူး၊ မင်းရဲ့ စေတနာကို တို့နားလည်တဲ့နောက်မှာ တို့တစ်တွေဟာ အရင်လိုချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ တစ်စည်းတစ်လုံးတည်း နေသွားဖို့ပဲရှိတယ် မဟုတ်လား၊ မွန်ပြောတာကို ယုံပါကွယ်နော်'

သည်တော့မှလည်း မ,သည် ကလေးငယ်ကဲ့သို့ ခေါင်းကိုအသာညိတ်လိုက်ရင်း သူ့မျက်ရည်များ သုတ်လိုက်သည်။

ကိုဘခက်သည် မ,တို့အဖြစ်ကို မျက်နှာလွှဲနေရာမှ နာရီကိုကြည့်လိုက်သည်။

http://www.cherrythitsar.org



ရထားချိန်ကား နီးနေလေပြီ။ သည်တော့မှလည်း မ,ကို ခပ်တိုးတိုး သတိပေးလိုက်သည်။

'ရထားထွက်ခါနီးပြီ မ,ရေ'

မွန်က မ,ကို တွဲထူလိုက်သည်။

မော်ကတစ်ဖက်မှ မ,လက်မောင်းကလေးကို ဖက်တွယ်၍လိုက်လာသည်။

ဦးစိန်ခက်က ဣန္ဒြေဖြင့် အားလုံးကို နှုတ်ဆက်လိုက်သည်။

'ကဲ‥ ကျွန်တော်တို့ကို ခွင့်ပြုပါဦး ခင်ဗျာ၊ သမီးအတွက်စိတ်ချပါ၊ မောင်ဘခက်အမေကရော ကျွန်တော်ကပါ သမီးတစ်ယောက်တိုးတယ်လို့ ယူဆပြီး ဝမ်းသာနေကြတာပါ'

'ကျေးဇူးတင်ပါတယ် ရှင်၊ ကဲ‥‥ ငါ့သားနဲ့သမီး ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ'

မ,သည် ရွှင်လန်းသော မျက်နှာကလေးဖြင့် ဒေါ်ခင်မျိုးသန့်ကို တစ်ချက်မျှ ကြည့်လိုက်သည်။

ကိုဘခက်က အသင့်ဖွင့်ထားသောတံခါးမှ မ,ကိုတက်စေပြီး မ, ဘေးမှ ဝင်၍ ထိုင်လိုက်သည်။

ဦးစိန်ခက်က ရှေ့မှ ဝင်၍ ထိုင်လိုက်သည်။

'ကဲ‥‥ အားလုံးပဲ သွားမယ်နော်'

ကိုဘခက်က အားလုံးကို ရွှင်ပြုံးသောမျက်နှာဖြင့် နှုတ်ဆက်လိုက်သည်။

'ဟုတ်ကဲ့‥‥ ဆရာ'

'မြန်မြန်ပြန်ခဲ့ကြနော်၊ ပြန်တော့လည်းသံကြိုးရိုက်ပါ၊ မော်တို့လာကြိုမယ်'

မ,က မျက်ရည်မခြောက်သေးသော မျက်လုံးဝိုင်းကြီးဖြင့် မွန်နှင့်မော့်ကို ပြုံးကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

ကားကလေးသည် အိမ်အတွင်းမှ တဖြည်းဖြည်း ထွက်လာလေသည်။

ဝင်းပေါက်ဝသို့ ရောက်သောအခါ မ,သည် နောက်ပေါက်မှ နေအိမ်ကြီးကို ပြန်လှည့်ကြည့်လိုက်မိသည်။

တစ်ချိန်က မ,တို့နေခဲ့သော အိမ်ကြီးကား မည်းမည်းရိပ်ရိပ်သာ မြင်ရတော့သည်။

ကိုဘခက်က မ,ကိုယ်ကလေးကို သိမ်းဖက်လိုက်သည်။ ကား ရှေ့မှ လမ်းမကြီးကား ကားမီးရောင်ကြောင့် ထိန်ထိန်လင်းလျက် ရှိတော့ သည်။

ကိုဘခက်သည် မ,ကို ခပ်တင်းတင်းကလေး ဖက်လိုက်ပြီးလျှင် လေသံတိုးတိုးကလေးဖြင့်  ကပ်၍ပြောလိုက်သည်။

'မ,ပင်ပန်းလှပါပြီကွယ်၊ ဒီတစ်ခါတော့ ကိုယ်နဲ့ အေးအေးချမ်း ချမ်း အချိန်ယူပြီး အမောဖြေကြဦးစို့နော်'


ကိုဘခက်၏ နှစ်သိမ့်မှုသည် မ,နှလုံးသားကို ရေနှင့်ဖျန်းလိုက်သလို ခဏနှင့် လန်း၍လာတော့သည်။ မ,သည် ကိုဘခက်၏ ရင်ပြင်ပေါ် တွင် ခေါင်းကလေးကို ငှဲ့၍ အသာမေးတင်လိုက်ရင်း တစ်ချက်မျှရှိုက်၍ ညည်းလိုက်ရှာတော့သည်။

'မောင့်ရင်ခွင်မှာသာ မှီနေရရင် မ,တစ်သက်လုံး မမောပါဘူး မောင် . . .'

အောင်လင်း

http://www.cherrythitsar.org






**အောင်လင်း (၁၉၃၂-၁၉၉၄)**

စာရေးဆရာအောင်လင်းအား မကွေးတိုင်း ရေနံချောင်းမြို့၌ ၁၉၃၂-ခုနှစ် မတ်လ (၃၀)ရက်တွင် အဘ ဦးတင်မြိုင် (ရုပ်ရှင်ထုတ်လုပ်သူ)နှင့် အမိဒေါ်ခင်မြိုင်တို့မှ မွေးဖွားသည်။

မွေးမြို့ ဘက်ထရီကျောင်းတွင် ပညာသင်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ဝင်ရောက်သည်။ အင်္ဂလိပ်စာ ဘာသာ ဖြင့်ဘွဲ့ရသည်။ တက္ကသိုလ်အနုပညာအသင်းဥက္ကဋ္ဌ စာပေ ရေးသားချစ်ခြင်းနောက်ပိုင်းတွင် တော်လှန်ရေးကာလ အတွင်းရေးသားခဲ့သော အမည်ရင်း အောင်လင်းကို ကလောင် အမည် အဖြစ်ခံယူခဲ့သည်။

ဂီတပညာရှင် တင်ဦးလည်းဖြစ်၍ ၁၉၅၅-၅၇ ခုနှစ် ရန်ကုန်တက္ကသိုလ် ဂီတချစ်သူ အသင်း ပထမ ဥက္ကဋ္ဌ ဒုတိယ ဥက္ကဋ္ဌ ရှိခဲ့သည်။ ထို့ပြင် ပျော်ရွှင်ဖွယ် ဂန္ထဝင် တေးဂီတများ ရေး၍ တေးကိုကြိုးစားခဲ့သည်။ ကိုယ်တိုင်ဖန်တီးသော ဂီတမှတ်တမ်း တိပ်ခွေ အချို့လည်း ထွက်ရှိခဲ့သည်။

"အရိုင်းစံပယ်" ဝတ္ထုကြီးမှာ သူ၏ ကြီးမားသော မှတ်တိုင်ဖြစ်၍ ၁၉၆၀ ပြည့်နှစ် စာပေဗိမာန် ဆုရရှိခဲ့ပြီး ရုပ်ရှင်ရိုက်ကူးခဲ့သည်။ သူ့ကိုယ်တိုင်လည်း မင်း သားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ စာပေသမားများ၏ သဘောထား အမြင်ကို ရှုမြင်ခဲ့သည်။ စာပေလောကတွင် ထင်ရှားသော စာပေ ပညာရှင်အဖြစ် ရေးသားခဲ့သော စာပေသမိုင်း အောင်လင်း အလေးထား၍ ရေးသားခဲ့သော ဝတ္ထုများ အနက် "အဝေးလမ်းနဲ့ကမ္ဘာ" "ချိုတွင်းမှန်းမရသေး" နှင့် "ဘဝကလေးတစ်ခုရှိသည်" ဝတ္ထုတို့မှာ ထင်ရှားသော လက်ရာများဖြစ်သည်။ ၁၉၉၄ ခုနှစ် ဇန်နဝါရီလ (၂၅)ရက်တွင် ကွယ်လွန်ခဲ့ပြီး သား နှစ်ယောက် သမီး တစ်ယောက် ကျန်ရစ်ခဲ့သည်။ အောင်လင်း၏ စာပေမှတ်တိုင်များ ဂီတ မှတ်တိုင်များကား မေ့မရနိုင်စရာများပင်။ ။